www.burmeseclassic.com

လင်းယုန်မောင်မောင်

# စုံထောက်ဆရာဝန်

ဒုတိယတွဲ



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၁၂၅၅/ ၂၀၀၃ (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၈/ ၂၀၀၄ (၄)

□

ပုံနှိပ်ခြင်း
ဒုတိယ အကြိမ်-ဒီဇင်ဘာလ၊ ၂၀၀၄ခုနှစ်၊
အုပ်ရေ - (၅၀၀)

□

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးစွန့်ကော်ယူ၊ မာကျူရီပုံနှိပ်တိုက်၊
၄၉၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

□

ထုတ်ဝေသူ
ဒေါ်မိုးကေ့ခိုင်၊ ချိုတေးသံစာပေ
[illegible] ပုလဲမြို့ (၃)
[illegible] ရန်ကုန်မြို့။
[illegible]

မျက်နှာဖုံးပန်းချီ
တင်မောင်မျင့်

□

တန်ဖိုး
၁၃၀၀ ကျပ်

မာတိကာ

- မြန်မာပြန်သူ၏အမှာ

- စကားပြောသောမျက်လုံးတစ်လုံး ၁၁
THE EYE -by- Gerald Kersh
(Curtis Publishing House-1958)

- လူသတ်သမား ဆယ့်ငါးယောက်၏
ထူးကဲသောစေတနာ ၃၇
MIRACLE OF FIFTEEN MURDERERS
by-Ben Hecht (Crowell-Collier Publishing Co, 1943)

- ခရီးထွက်ရာမှ အမြတ်ထွက်လာခဲ့သူ ၉၈
A BUS MAN'S HOLIDAY -by- Francis Brett Young
(The Cage Bird and Other Stories, 1933)

- ပုထုဇနော ၁၄၁
THE MEMORIAL HOUR -by- Wade Miller
(Ellery Queen's Magazine, 1960)

- မီးခိုးရောင် အမဲလိုက်အကျီတစ်ထည် ၁၇၇
THE SEVEN GOOD HUNTERS -by- Rufus King
(Red Book Magazine, May - 1941)

- အဖြူရောင်မျက်နှာဖုံးတပ်ထားသော
လူသတ်သမား ၂၀၂
THE MAN IN THE WHITE MASK -by- Alane E Nourse
(Ellery Queen's Magazine - April, 1955)

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာပြန်သူ၏ အမှာ

မကြာမီက ကျွန်တော်သည် 'စုံထောက်ဆရာဝန်' ဟူသောအမည်ဖြင့် မြန်မာပြန်စာအုပ်တစ်အုပ် ရေးသားထုတ်ဝေခဲ့ပါသည်။ ထိုစာအုပ်မှာ GREAT DETECTIVE STORIES ABOUT DOCTORS အမည်ရှိ စာအုပ်တွင် ပါဝင်သော စုံထောက်ဝတ္ထုတို ၁၇ ပုဒ်အနက်မှ ၈ ပုဒ်ကို မြန်မာပြန်ဆိုခဲ့ခြင်း ဖြစ်ပါသည်။ ကျန်ဝတ္ထုများကို 'စုံထောက်ဆရာဝန်(၂)' ဟူသောအမည်ဖြင့် ဆက်လက်ပြန်ဆိုထုတ်ဝေသွားမည်ဖြစ်ကြောင်း ထိုစာအုပ်တွင် ကျွန်တော် အမှာစာရေးခဲ့ပါသည်။

သို့ဖြစ်ရာ ယခု ဤစုံထောက် ဆရာဝန် (၂)သည် အထက်ဖော်ပြပါ အမှာစာအရ မူရင်းစာအုပ်မှ ကျန်ရှိနေသော စုံထောက်ဆရာဝန်ဝတ္ထုတိုများကို ဆက်လက် ပြန်ဆိုထုတ်ဝေလိုက်ခြင်းပင်ဖြစ်ပါသည်။ သို့သော် အဆိုပါ မူရင်းစာအုပ်တွင် ဝတ္ထုတိုပေါင်း ၉-ပုဒ်ကျန်ရှိနေသော်လည်း ယခုစာအုပ်တွင် ၆-ပုဒ်သာလျှင် ပြန်ဆိုဖော်ပြလိုက်ပါသည်။ ဤသည်မှာ ကျန်ရှိနေသော ဝတ္ထု ၃-ပုဒ်သည် မြန်မာစာဖတ်ပရိသတ်များနှင့် မသင့်တော်ဟု ယူဆမိသောကြောင့် ဖြစ်ပါသည်။

ယခု စုံထောက်ဆရာဝန် (၂) တွင်ပါဝင်သည့် ဝတ္ထုများနှင့်ပတ်သက်၍ မြန်မာပြန်သူတစ်ယောက်၏ ထိတွေ့ခံစားချက်များကို ဤအမှာစာတွင် အကျဉ်းချုံး၍ ဖော်ပြလိုက်ပါသည်။

ရှေးဦးစွာ 'စကားပြောသောမျက်လုံးတစ်လုံး' ဝတ္ထုမှာ ယခင်စုံထောက် ဆရာဝန်စာအုပ်တွင် ပါရှိခဲ့သည့် 'စကားပြောသောခေါင်းပြတ်ကြီး' ဝတ္ထုကဲ့သို့ ခန္ဓာဗေဒခွဲစိတ်ကုသမှုကိုအခြေခံကာ အမြင်အာရုံနှင့်စပ်လျဉ်း၍ စဉ်းစားတွေး

www.burmeseclassic.com



တောဖွယ်ရာ ဝတ္ထုတိုတစ်[illegible]ပါသည်။

ဒုတိယ[illegible]ကိုဖြစ်သော လူသတ်သမား ၁၅ယောက်၏ ထူးကဲသော စေတနာ'မှာ အလွန်စိတ်ကူးဆန်း[illegible]သလောက် စိတ်ဝင်စားဖွယ်ရာကောင်းလှသည့်ဝတ္ထုပင်ဖြစ်ပါသည်။ 'မမှားသောရှေ့နေ မသေသောဆေးသမား' ဟူသည့် မြန်မာတို့ဆိုရိုးစကားအရ ဆရာဝန်တိုင်းလိုလို မိမိတို့၏ ခွဲစိတ်ကုသမှုအောက်တွင်အကြောင်းအမျိုးမျိုးကြောင့် ဝေဒနာရှင်လူနာများ မတော်တဆ (အနည်းဆုံးတစ်ယောက်ပင် ဖြစ်စေ) အသက်ဆုံးရှုံးခဲ့ကြရဖူးသည်ဖြစ်ရာ အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့တော်မှ နာမည်ကျော်ဆရာဝန်ကြီး ၁၅ ယောက်တို့၏ ထိုသို့သောအတွေ့အကြုံများကို စုစည်းကာ အသားမည်း နီဂရိုးကလေးတစ်ယောက်၏အသက်ကို ကယ်ဆယ်ခဲ့ကြပုံများမှာ အထူးပင် စိတ်လှုပ်ရှားဖွယ်ရာ ကောင်းလှပါသည်။

ထို့နောက် 'ခရီးထွက်ရာမှ အမြတ်ထွက်လာသူ' ဝတ္ထုတိုကလေးမှာ အလွန်တရာ ရိုးသားလှသည့် အပျိုကြီးညီအစ်မနှစ်ယောက်အား လူလိမ်လူရှုပ်တစ်ယောက်က အကောက်ကြံ၍ အသက်ကိုပင် ရန်ရှာနေစဉ် ဆရာဝန်တစ်ဦးက လိမ္မာပါးနပ်စွာ ဝင်ရောက်ဖြေရှင်းလိုက်ရသည့် ဇာတ်လမ်းဖြစ်ပါသည်။

တစ်ဖန် 'ပုထုဇနော'ဟူ၍ အမည်ပေးထားသော ဝတ္ထုတိုကလေးမှာ လူတစ်ယောက်တွင် သိစိတ်နှင့် မသိစိတ်ဟူ၍ စိတ်နှစ်မျိုး နှစ်စားရှိနေရာမှ မသိစိတ်၏ ဖောက်ပြန်မှုကို အဆန်းတကြယ် ဖန်တီးခြယ်မှုန်းထားသည့် ရသမြောက် ဝတ္ထုဖြစ်သည်။

'မီးခိုးရောင် အမဲလိုက်အကျီတစ်ထည်' မှာ မုဆိုးလောကတွင် မတော်တဆ သေနတ်မှန်၍ သေဆုံးခဲ့ရသည့် ဖြစ်ရပ်များ မကြာခဏ ဖြစ်လေ့ဖြစ်ထရှိခဲ့ရာ ထိုသို့သောဖြစ်ရပ်တစ်ခုကို အကြောင်းပြု၍ ဆရာဝန်တစ်ယောက်က လူသတ်မှုနှင့် လူသတ်တရားခံအား အခိုင်အမာအတိအကျ ဖော်ထုတ်လိုက်သည်များကို၊ စိတ်ဝင်စားဖွယ်ရာ ဇာတ်လမ်းဖွဲ့ထားခြင်း ဖြစ်ပါသည်။

နောက်ဆုံးအနေဖြင့် 'အဖြူရောင်မျက်နှာဖုံးတပ်ထားသော လူသတ်သမား'ဝတ္ထုမှာ ခွဲစိတ်ခန်းမှ ဆရာဝန်များ၊ သူနာပြုများ၏ နေ့စဉ် တာဝန်ဝတ္တရားများနှင့် လုပ်ကိုင်လှုပ်ရှားမှုများကို အခွင့်ကောင်းယူကာ လူသတ်မှုတစ်ခုကို



ပိုင်ပိုင်နိုင်နိုင် ပိပိရိရိ ကျူးလွန်ခဲ့ရာမှ ဆရာဝန်တစ်ဦး၏ စေ့စပ်သေချာမှုနှင့် ဆက်စပ်တွေးခေါ်မှုတို့ကြောင့် မငြင်းသာ မကွယ်သာဘဲ အဖမ်းခံခဲ့ရသည့် လူသတ်သမားတစ်ယောက်၏ တုန်လှုပ်ချောက်ချားအသည်းယားဖွယ်ရာ ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပါသည်။ (ဤဝတ္ထုနှင့် ဇာတ်အိမ်ဇာတ်ကွက်ခြင်း မတူသော်လည်း ဇာတ်လမ်းကြောရိုး ဆင်တူယိုးမှားဖြစ်နေသော ဆရာဒေါက်တာမောင်မောင်ညို၏ ပင်ကိုယ်ရေး 'ခွဲစိတ်မှုကား အောင်မြင်ပါသည်' ဝတ္ထုကို ၁၉၈၂-ခု၊ မေလထုတ် ပေဖူးလွှာမဂ္ဂဇင်းတွင် အမှတ်တရ ဖတ်ရှုလိုက်ရပါသည်။

ဤနေရာတွင် စာဖတ်သူများအား အလေးအနက် အစီရင်ခံလိုသည့်အချက်မှာ မူရင်းစာအုပ်၏အမည်နှင့် အနီးစပ်ဆုံး ခြုံငုံမိစေရန် ဤစာအုပ်ကို စုံထောက်ဆရာဝန် (၂) ဟူ၍ အမည်ပေးလိုက်ရသော်လည်း အမှန်စင်စစ် ဤစာအုပ်သည် ဆရာဝန်များ၏ ရောဂါရှာဖွေကုသရေးနှင့် ကုထုံးကုနည်းဆိုင်ရာ ဆေးပညာပေး စာအုပ်မဟုတ်ကြောင်း ရိုးသားစွာ ဝန်ခံလိုပါသည်။ အထူးသဖြင့် ဤစာအုပ်ပါဝတ္ထုတိုများသည် ဆရာဝန်ဇာတ်ကောင်များပါဝင်နေသည်မှအပ ရှားလော့ဟုမ်း (စုံထောက်မောင်စံရှား)များကဲ့သို့ အကျိုးအကြောင်းဆက်စပ်တွေးခေါ်မှု ယုတ္တိဗေဒကို အလေးထား၍ ရေးသားခဲ့သည့် စုံထောက်ဝတ္ထုများသာလျှင် ဖြစ်ကြောင်း ဖော်ပြလိုက်ပါသည်။

မည်သို့ပင်ဖြစ်စေ ဤစာအုပ်တွင် မရှောင်မလွှဲသာဘဲ ပါဝင်နေသော ဆေးဘက်ဆိုင်ရာ အခေါ်အဝေါ် အသုံးအနှုန်းဝေါဟာရများကို မြန်မာပြန်ဆိုရာ၌ အဘက်ဘက်မှ ကူညီခဲ့ကြသော ဒေါက်တာ မောင်မောင်ညို၊ ဒေါက်တာ အုန်းမောင်၊ ဒေါက်တာ အောင်ခင်ဆင့်၊ ဒေါက်တာတင်ထွန်းဦး စသော ဆရာဝန်များနှင့် တကွ၊ ဤစာအုပ်ကို ဖျာပုံမြို့သို့ သွားရောက်ရေးသားပြုစုခဲ့စဉ်တအစစအရာရာ ကူညီစောင့်ရှောက်ခဲ့ကြသော ဦးကျော်လှ (အောက်ကွင်းကြီးရွာ၊ မြန်မာ့ညွှန့်ဆန်စက်)၊ ဆရာ ဦးမြင့်လှိုင် (အထက ၁ ဖျာပုံ)နှင့် အောက်ကွင်းကြီးကျေးရွာမှ မိတ်ဆွေအပေါင်းအသင်းများအား အထူးကျေးဇူးတင်ရှိပါကြောင်း အမှတ်တရ ဖော်ပြအပ်ပါသည်။

လင်းယုန်မောင်မောင်

(၁၄- ဇူလိုင်၊ ၁၉၈၂)

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံး၌
ကြိုးဒဏ်ချမှတ်ခြင်းခံနေရသော လူဆိုးကြီးဒန်ကင်သည်
သူသေဆုံးပြီးနောက် သူ့မျက်လုံးများကို
ဒေါက်တာဟောလီးဒေးအား ထုတ်ယူခွင့်ပြုကြောင်း
စာတစ်စောင်ရေး၍ လက်မှတ်ထိုးပေးခဲ့လေသည်။
ထိုမျက်လုံးများကို ဒေါက်တာက
သူ၏လူနာမျက်မမြင်ကလေးတစ်ယောက်အား
တပ်ဆင်ပေးရမည်ဖြစ်လေသည်။

# စကားပြောသော မျက်လုံးတစ်လုံး

အချို့သော လူဆိုးသူခိုး ရာဇဝတ်ကောင်များသည် ဘယ်တုန်းကမှ မိမိ၏ကိုယ်ပိုင်မဟုတ်သော ပစ္စည်းတစ်ခုခုကိုသော်လည်းကောင်း၊ မိမိအနေဖြင့် ဆက်လက်၍ ပိုင်ဆိုင်ခွင့်မရှိတော့သည့်ပစ္စည်းတစ်ခုခုကိုသော်လည်းကောင်း၊ တစ်စုံတစ်ယောက်သောသူအား ပေးကမ်းစွန့်ကြဲခဲ့ခြင်းဖြင့် မိမိတို့၏သဘောထားကြီးမှုနှင့် ရက်ရောမှုများကို ပြသတတ်ကြပေသည်။ ဤဖြစ်ရပ်မျိုးကို လူသတ်သမား ဓားပြလူဆိုး ရုရစ်ဒန်ကင်၏ဘဝဇာတ်လမ်းတွင် တွေ့ရှိနိုင်ပေသည်။

ဒန်ကင်သည် တိုတောင်းလှသော သူ့ဘဝသက်တမ်းတွင် သွေးအလိမ်းလိမ်းဖြင့် ကြောက်မက်ဖွယ်ကောင်းလှသော ရာဇဝတ်မှုများကို အကြင်နာကင်းမဲ့စွာ ကျူးလွန်လာခဲ့သည့် ရာဇဝတ်ကောင်လူဆိုးတစ်ဦးပင်ဖြစ်၏။ သို့သော် နောက်ဆုံးလုပ်ဆောင်သွားခဲ့သော သူ၏လုပ်ဆောင်ချက်သည် အလွန်လေးနက်ထိရောက်လှသည်ဖြစ်ရာ တစ်နိုင်ငံလုံးကပင် ထိုလုပ်ဆောင်ချက်အတွက် သူ့အပေါ်တွင် အကြီးအကျယ် ကရုဏာသက်မိကြလေသည်။ အဘယ့်ကြောင့်ဆိုသော် လူသပ်ကောင် ဓားပြလူဆိုးကြီး ဒန်ကင်က သူသေဆုံးပြီးနောက် သူ၏မျက်လုံးကို 'ကြိုက်သလိုသုံးပါ' ဟူ၍ လှူဒါန်းခဲ့သောကြောင့်တည်း။ အကြင်နာစိတ် လုံးဝဆိတ်သုဉ်း၍ အသည်းနှလုံးပင်ရှိဟန်မတူသော သည်လိုရာဇဝတ်ကောင် လူဆိုးတစ်ဦးက မိမိကွယ်လွန်သွားသည့်အခါ မိမိ၏မျက်လုံးများကို



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ထုတ်၍ အခြားလူတစ်ဦးတစ်ယောက်အတွက် အသုံးပြုခွင့်ပေးသွားသည်မှာ ရောမအလှူဒါနကြီးတစ်ခုဟူ၍ပင် ဆိုရမည်ဖြစ်၏။ တစ်နည်းအားဖြင့် ပွင့်ပွင့်လင်းလင်းပြောရလျှင် ဒုစရိုက်အကုသိုလ်များကို အသက်ထက်ဆုံး ကျူးလွန်လာခဲ့ပြီး သေခါနီးဆဲဆဲတွင်မှ ဤကောင်းမှုကုသိုလ်ဒါနတစ်ခုဖြင့် ဘဝကူးကောင်းရန် နောက်ဆုံးကြိုးစားလိုက်ခြင်းပင် ဖြစ်ဟန်တူလေသည်။ "ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿာ"ဟူသည့်ပမာတည်း။

အမှန်စစ်စစ် ထိုသို့သော အဖြစ်အပျက်များကို သတင်းစာများတွင် မကြာခဏတွေ့မြင်ဖတ်ရှုရသဖြင့် ထူးခြားဆန်းကြယ်လှသည်ဟူ၍တော့ မဆိုနိုင်ချေ။ လူတစ်ယောက်သေဆုံးပြီးနောက် မိမိ၏ခန္ဓာကိုယ် ရုပ်အလောင်းကို ဆေးရုံသို့ဖြစ်စေ၊ ဆေးကျောင်းသို့ဖြစ်စေ၊ လှူလေ့လှူထရှိခဲ့ကြရာ၊ မျက်လုံးများကို လိုရာသုံးပါဟူသော ဒန်ကင်၏အလှူမှာ ထိုသို့သောအလှူမျိုးသာလျှင် ဖြစ်ပေသည်။ သို့သော် ဤကိစ္စကို တစ်မျိုးတဖုံတွေးမည်ဆိုပါက ဒန်ကင်အတွက် သေသည်၏အခြားမဲ့၌ သူ့မျက်လုံးများသည် သူ့အတွက် အသုံးမလိုတော့သဖြင့် ဤသို့ ရက်ရက်ရောရောလှူဒါန်းခဲ့ခြင်းဖြစ်သည်ဟု ဆိုနိုင်စရာရှိ၏။ သည့်ထက်ပို၍ အတွေးနက်နက်တွေးမည်ဆိုပါက ဒုစရိုက်လုပ်ငန်းများဖြင့်သာ တစ်သက်လုံး ပျော်မွေ့လာခဲ့သော ဒန်ကင်သည် သေပြီးသည့်တိုင်အောင် မိမိ၏သချိုင်းမြေပုံထဲမှ မိမိ၏မျက်လုံးများကို ပြန်၍ခိုးယူရန် ကြိုးစားခဲ့ခြင်းဖြစ်သည်ဟုလည်း စွပ်စွဲမည်ဆိုက စွပ်စွဲစရာပင် ဖြစ်နေပေသည်။

ကျွန်ုပ်သည် တစ်ခါက ပစ္စည်းဥစ္စာ ကုဋေကုဋာကြွယ်ဝသော သူဌေးကြီးတစ်ယောက်ကိုတွေ့ခဲ့ရဖူး၏။ ထိုသူဌေးကြီးသည် သူ့တစ်သက်တာတစ်လျှောက်လုံး တစ်ပြားတစ်ချပ်မျှမလှူဒါန်းခဲ့ပဲ သူ့ထံသို့ စာတတန်လူတတန် လာသမျှအလှူခံများကို လက်ခါ၍ ခေါင်းရမ်းပြခဲ့သည်သာ ဖြစ်၏။ သို့သော် သူ၏လက်များသည် ကွေးမရဆန့်မဖြစ်တော့ဘဲ သေတော့မည်ဆဲဆဲ အချိန်တွင်မှ သူပိုင်ပစ္စည်းဥစ္စာနေ ကြေးငွေအားလုံးကို မိဘမဲ့ကလေးများအတွက် ပုံ၍လှူခဲ့၏။ တစ်ခါကလည်း ကျွန်ုပ်၏ အသိအကျွမ်းဖြစ်သော အလွန်ရုပ်ရည်ချောမောလှပ၍ ကိုယ်လုံးကိုယ်ထည် တင့်တယ်ပြေပြစ်လှသည့် ပြဇာတ်မင်းသမီးတစ်ယောက်သည် သူမ၏ခန္ဓာကိုယ်ကို သူမကွယ်လွန်သွားသည့်အခါ ခန္ဓာဗေဒ



ဆေးသိပ္ပံအတွက် ကြိုက်သလို အသုံးပြုပါဟူ၍လှူဒါန်းသွားခဲ့သည်။ သူမ၏ကိုယ်ခန္ဓာသည် သိပ္ပံပညာအတွက် မည်မျှ မည်မျှ အသုံးကျမည် မကျမည်ကို ကျွန်ုပ်မသိပါ။

သို့သော် ဒန်ကင်၏အလှူဒါနသည် ဤသို့သော အမျိုးအစားတွင် စာရင်းဝင်သည်မှာ အမှန်ပင်ဖြစ်၏။ စာရင်းမဝင်၍လည်း မဖြစ်။ အဘယ့်ကြောင့်ဆိုသော် ကုဋေကုဋာကြွယ်သည့် သူဌေးကြီးသည် သူပိုင်ဆိုင်သည့်ပစ္စည်းဥစ္စာ မနကြေးငွေအထွေထွေသော အရာဝတ္ထုအစုစုတို့၏ မမြဲသောတရားကို ဆင်ခြင်မိသည်နှင့်တစ်ပြိုင်နက် မိမိနှင့်တစ်ပါတည်းယူဆောင်မသွားနိုင်တော့သော ထိုပစ္စည်းဥစ္စာအားလုံးကို ရက်ရက်ရောရောပေးကမ်းလှူဒါန်းခဲ့ခြင်းဖြစ်၏။ အလားတူပင် ပြဇာတ်မင်းသမီးသည် သူမအတွက် ဆက်လက်၍ အသုံးမဝင်တော့ပြီဖြစ်သော သုံးဆယ့်နှစ်ကောဋ္ဌာသကို ခန္ဓာဗေဒပညာ၏ အကျိုးငှာလှူဒါန်းခဲ့ခြင်းပင် ဖြစ်၏။ အလားတူ ဒန်ကင်သည်လည်း သူ၏မျက်လုံးများကို ဒွန့်ကြဲခဲ့ခြင်း ဖြစ်လေသည်။ ထိုမျက်လုံးမှာ အဝါရောင်သမ်း၍ ထူးခြားဆန်းကြယ်သည့် အပြောက်အပြောက်ကလေးများ ပါရှိလေသည်။ ထူးခြားဆန်းကြယ်သည်ဟုဆိုရာ၌ ဒန်ကင်သည် ထိုမျက်လုံးများကို သူ့သဘောအလျောက် သူကြည့်လိုသမျှ ကြည့်နိုင်စွမ်းရှိ၍ သူ့ဆန္ဒအလျောက် သူမြင်လိုသမျှကို မြင်နိုင်စွမ်းရှိအောင် လေ့ကျင့်ထားခဲ့လေသည်။ ရံဖန်ရံခါ ထိုမျက်လုံးများသည် အခြားတစ်နေရာဆီသို့လှမ်းကြည့်နေသည်ဟုထင်ရပြီး တစ်ချိန်တည်းတွင်ပင် သင်၏လှုပ်ရှားမှုများကို မျက်ခြေမပြတ် စောင့်ကြည့်နေတတ်ပေသည်။

ကျွန်ုပ်တို့သည် ဤဇာတ်လမ်းကို ရှေ့မဆက်မီ ကျွန်ုပ်၏နေကြင့် အများနှင့်မတူ တမူထူးခြားသည့် ဒန်ကင်၏ဘဝအတ္ထုပ္ပတ္တိအကျဉ်းကို ပြောပြထားလျှင် ပို၍ကောင်းမည်ဖြစ်၏။ သူသည် ကျောက်ဆောင်များနှင့် သဲကန္တာရအကြားတွင် မွေးဖွားကြီးပြင်းလာခဲ့ရသူ တစ်ဦးဖြစ်လေသည်။ ကျွန်ုပ်တို့ ခေတ်က သူလိုလူမျိုးကို ဆန်ကုန်မြေလေး လူ့ပေါ်ကြော့ကလေးများဟု ခေါ်ဝေါ်ခဲ့ကြ၍ ယခုအခါတွင်မူ 'ခေတ်ရေစီးကြောင်းတွင် မျောပါနေသူကလေးများ'ဟု၍ ပြောင်းလဲခေါ်ဝေါ်နေကြပေသည်။ ကျွန်ုပ်တို့ခေတ်က ကိုယ်ကာယသန်မာအားကျိုင်းမှုသည် အရေးပါအရာရောက်သောစွမ်းအားတစ်ခုပင် ဖြစ်ခဲ့သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း အချိန်တန်၍ နောက်ဆုံးတစ်နေ့တွင်မူ မိမိတို့အိပ်ရာပေါ်မှာပင် ကွယ်လွန်သွားလေ့ ရှိကြပေသည်။ သို့သော် ယခုခေတ်တွင်မူ သူတို့သည် အရာရာတွင် စိတ်မာတ်အင်အားကို ဦးစားပေးနေကြပေသည်။ ထိုသို့ ဦးစားပေးနေကြသည်မှာလည်း မှန်သည်ဟူ၍ပင် ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယခုခေတ်တွင် မည်သည့်အရာဝတ္ထုမဆို မည်သည့်နေရာတွင်စ၍ မည်သည့်နေရာတွင်ဆုံးမည်ကို မည်သူမျှ အတတ်မပြောနိုင်သောကြောင့်တည်း။

ယခုအခါတွင်မူ ဒန်ကင်ကဲ့သို့ အလွန့်အလွန် ရက်စက်ဆိုးသွမ်းသူများသည် သူတို့၏မိုက်မဲမှုများကို တုန်ခါလှုပ်ရမ်းနေသော လျှပ်စစ်မာတ်ကုလားထိုင်ပေါ်၌ သားရေပတ်ကြိုးကြီးများဖြင့် တုပ်နှောင်ထားမှုများကို ပထမဆုံးနှင့်နောက်ဆုံးအကြိမ် ရှန်းကန်တွန့်လိမ်ရင်း နိဂုံးချုပ်၍ အဆုံးသတ်နေကြရပြီဖြစ်သည်။

အတိုချုပ်အားဖြင့်ပြောရလျှင် ဒန်ကင်သည် ငယ်စဉ်ကပင် ကြက်ကလေး ငှက်ကလေးများကို ပစ်သတ်ခဲ့၏။ သိုးသတ္တဝါများ၏ ခြေထောက်များကို ရိုက်ချိုးခဲ့၏။ နောက်ဆုံး၌ ဆယ့်လေးနှစ်သားအရွယ်တွင် ဆိုးတေလေလွင့်ကာ လမ်းသရဲအုပ်စုတစ်စု၏ခေါင်းဆောင်အဖြစ် ရန်ပွဲရိုက်ပွဲများကို ဦးစီးလာခဲ့လေသည်။ ထိုသို့ လူဆိုးလူရှုပ်လူရမ်းကားကလေးတစ်ယောက်အဖြစ် ကြီးပြင်းလာခဲ့ရာမှ အမေရိကန်ပြည်ထောင်စုတဝန်း ပြည်နယ်ပေါင်း ဆယ့်ကိုးနယ်သို့ လှည့်လည်၍ ရာဇဝတ်မှု ဒုစရိုက်အမျိုးမျိုးကို ကျူးလွန်ရင်း တကယ့်လူဆိုးကြီး၊ တကယ့်လူရမ်းကားကြီးအဖြစ် ထင်ရှားကျော်ကြားလာခဲ့လေသည်။ နောက်လိုက်နောက်ပါ လူဆိုးတပည့်နှစ်ယောက်ဖြင့် ထစ်ခနဲဆိုလျှင် သွေးပူသလောက် လက်မြန်ခြေမြန်ရှိလှသော ဒန်ကင်သည် ပြည်ထောင်စုကြီး၏ ရာဇဝတ်မှုသမိုင်းတွင် ကမ္ဘာကျော်လူဆိုးဗိုလ်ကြီး ဒီလင်ဂျာပြီးသည့်နောက် ကြောက်စရာအကောင်းဆုံး လူသတ်သမားတစ်ဦး ဖြစ်လာခဲ့သည်။

အမှန်စင်စစ် ဒန်ကင်သည် တခြားလူဆိုးများထက် ထံကောင်းသူဟုဆိုရမည်ဖြစ်၏။ အထူးသဖြင့် ကာလံဒေသံခေါ် အချိန်နှင့်နေရာကို ရွေးချယ်ရာ၌ သူမတူအောင် ထူးချွန်ကျွမ်းကျင်သူ ဖြစ်၏။ မည်သည့်ဘဏ်ဓားပြမှုမဆို ဘဏ်ဓားပြတိုက်ရာ၌ သူ့လောက် အချိန်ရွေးပုံနှင့် နေရာရွေးပုံ မှန်ကန်တိကျမှု



မရှိသလောက် ဖြစ်ခဲ့၏။ သို့ဖြစ်၍လည်း အခြားခြားသော ဘဏ်ဓားပြများအတွက် ခက်ခက်ခဲခဲဖြင့် အောင်မြင်စရာ လုံးဝမရှိဟု ထင်ရသော ဘဏ်ဓားပြတိုက်မှုများသည် ဒန်ကင်၏အချိန်နှင့် နေရာရွေးပုံမှန်ကန်မှုကြောင့် အမြဲထာဝစဉ် အောင်ပွဲဆင်ခဲ့သည်သာ ဖြစ်၏။

ထို့ပြင် ဒန်ကင်သည် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုအတတ်ပညာတွင်လည်း ဘယ်သူမျှလိုက်၍မမီအောင် စေ့စပ်သေချာ၍ စနစ်ကျလှသည်ဟုဆို၏။ သတင်းထောက်တစ်ယောက် တင်စားရေးသားခဲ့သည့်အတိုင်း ဒန်ကင်သည် ‘ပိုင်နိုင်သော နည်းဗျူဟာပါရဂူတစ်ဦး’ ပင်ဖြစ်၍ နေရာတကာတွင် ‘အကြော’သိသူဖြစ်နေလေသည်။ လမ်းဆုံလမ်းခွများမှ ဝါ၊ စိမ်း၊ နီအချက်ပြမီးများဖြင့် ကားအသွားအလာပြည့်ကျပ်၍ လမ်းများပိတ်နေသည့်အချိန်မှာပင် သူသည် စက္ကန့်ပိုင်းအတွင်း မြို့လယ်ခေါင်မှ ထွက်ပေါက်ကို မရ,ရအောင်ရှာကြံ၍ မလွတ်လွတ်အောင်ရှောင်တိမ်းနိုင်ခဲ့ပေသည်။ ဤပုံဤနည်းဖြင့် သူသည် မြို့တွင်းရှိ နေရာအနှံ့အပြားမှ ဘဏ်တိုက်များကို တစ်တိုက်ပြီးတစ်တိုက် ဓားပြတိုက်ခဲ့လေသည်။

ဤသို့လျှင် ဘဏ်ဓားပြတိုက်မှုများကို နည်းပရိယာယ်အမျိုးမျိုးသုံး၍ အံဝင်ခွင်ကျချိန်ကိုက်ဖြစ်အောင် လုပ်ဆောင်နိုင်စွမ်းရှိလှသော ဒန်ကင်၏ အရည်အချင်းကို လူအများက ဝေဖန်သုံးသပ်ခဲ့ကြရာ၌ ဤလူသည် ဟန်အမူအရာ ကောင်းလှသည့် ‘ရုပ်ရှင်၊ ပြဇာတ်သရုပ်ဆောင်တစ်ဦး’သော်လည်းကောင်း၊ သို့မဟုတ် အရှောင်အတိမ်းကောင်းလှသည့် ‘လက်ဝှေ့ကျော်တစ်ဦး’သော်လည်းကောင်း ဖြစ်ရမည်ဟူ၍ပင် ငြင်းခုံပြောဆိုခဲ့ကြပေသည်။ သူသည် အရာရာတွင် စေ့စပ်သေချာ၍ နှိုင်းဆချင့်ချိန်မှုတွင်လည်း သူမတူအောင် ထူးချွန်လှသည် ဖြစ်ရာ အကယ်၍သာ နေရာမှန် အချိန်မှန် မွေးဖွားလာခဲ့ပါက သူသည် သတ္တုတွင်းပိုင်ရှင် သူဌေးကြီးတစ်ယောက်သော်လည်းကောင်း၊ သို့မဟုတ် ရေနံဘုရင်ကြီးတစ်ပါးသော်လည်းကောင်း၊ သို့မဟုတ် ဘဏ်လုပ်ငန်းရှင်ကြီးတစ်ဦးသော်လည်းကောင်း မုချဖြစ်လာနိုင်စရာ ရှိပေသည်။ အကယ်၍ စာတတ်မြောက်ခဲ့ပါလျှင်လည်း မုချ စာရေးဆရာ အကျော်အမော်တစ်ဦး ဖြစ်လာမည်မှာ သေချာလှသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့ဘဝမှာ ဒါတွေ ဒါတွေ ဖြစ်မလာခဲ့။ သူသည် မြို့နှင့် အလှမ်းဝေး၍ ချို့ငဲ့နွမ်းပါးလှသည့် လယ်တောတစ်ခုတွင် မွေးဖွားလာခဲ့ပြီး သူ၏ထူးချွန်သော အစွမ်းအစများမှာ သူ၏အနာဂတ်ကာလတွင် တလွဲဆံပင်ကောင်းသလို ဖြစ်လာခဲ့လေသည်။

တစ်ခုခက်နေသည်မှာ ဒန်ကင်၏အသိဉာဏ်ထဲတွင် လက်စားချေခြင်းနှင့် မုန်းတီးခြင်း ဟူသောစိတ်ဓာတ်များ လုံးဝမရှိခြင်းပင် ဖြစ်လေသည်။ သူ့အတွက် ပတ်ဝန်းကျင်လူ့ဘောင်အဖွဲ့အစည်းက ဖန်တီးပေးရမည့် အရာဝတ္ထုတစ်ခုပျောက်ဆုံးနေသလို ဖြစ်ခဲ့ရပေသည်။ ထိုအရာဝတ္ထုကို အသိတရားဟူ၍ဖြစ်စေ၊ အသည်းနှလုံးဟူ၍ဖြစ်စေ၊ သို့မဟုတ် ကြင်နာမှုဟူ၍ပင်ဖြစ်စေ ကြိုက်သလိုခေါ်နိုင်ကြပါ၏။ သို့သော် ဤအရာဝတ္ထုကင်းမဲ့နေသော ဒန်ကင်သည် လူအများနှင့် ရောနှော၍မနေဘဲ တစ်ယောက်တည်း တစ်ကိုယ်တော် သီးသန့်နေလေ့ရှိ၏။ သို့ဖြင့် သူသည် ဘဝ၏နောက်ဆုံးအချိန်အထိ ဧရာမကုလားထိုင်ကြီး တစ်လုံးပေါ်တွင် သူတစ်ယောက်တည်းထိုင်ကာ သူ့ကိုယ်သူ ပတ်ဝန်းကျင်နှင့်အဆက်ဖြတ်၍ သူ၏လျှို့ဝှက်ချက်ကို သူတစ်ယောက်တည်းသာလျှင် အသိပေးသွားခဲ့ပေသည်။ သို့ဖြင့် သူသည် မည်သူမျှ မမြင်နိုင်၊ မတွေ့နိုင်သည့် အလွန်ခေါင်လှ၍ ချောင်ကျသည့်နေရာလေးတစ်နေရာတွင် လျှို့ဝှက်ချက်တစ်ခုကို ဝိပိရိရိဖုံးဖိထားခဲ့လေသည်။

မည်သူ့ကိုမျှ အသိမပေးဘဲ သူတစ်ယောက်တည်းသာလျှင် သိနေခဲ့သော လျှို့ဝှက်ချက်မှာ တခြားမဟုတ်။ တစ်စုံတစ်ခုသော ရတနာသိုက်ရှိရာ အရပ်ပင်ဖြစ်၏။ ကျွန်ုပ်ဆိုလိုသည်မှာ သူကိုယ်တိုင် လုယက်တိုက်ခိုက်၍ ရသမျှတို့ကို မည်သူ့မျှအသိမပေးဘဲ လျှို့ဝှက်စွာသိမ်းဆည်းမြှုပ်နှံထားသည့် ဒေါ်လာ ၂,၆၀၀,၀၀၀ (နှစ်သန်းခြောက်သိန်း)ရှိရာ အရပ်ကိုဆိုလိုပါသတည်း။

ဒန်ကင်သည် မွန်တာနာပြည်နယ်၊ ဘတ်မြို့တွင် အဆိုပါ ငွေများ သယ်ဆောင်လာသော သံချပ်ကာ ထရပ်ကားကြီးများကို စီးနင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်၏။ ထိုစဉ်က ဒန်ကင်၏ အဆိုပါ ဓားပြမှုကြီးကို ဝေါဟာရကြွယ်သော စာရေးဆရာများက 'အလွန်စေ့စပ်သေချာသော ရာဇဝတ်မှုကြီး' ဟူ၍ တင်စားရေးသားခဲ့ကြသည်။ ထိုအမှုနှင့်ပတ်သက်၍ အသေးစိတ်အဖြစ်အပျက် အချက်



အလက်များကို ကမ္ဘာ့သတင်းစာအားလုံးတွင် ဖော်ပြပါရှိခဲ့ပြီး ဖြစ်၏။ ဤအမှုနှင့်ပတ်သက်၍ အတိုချုံးပြောရမည်ဆိုပါက နောက်လိုက်တပည့် လူဆိုးနှစ်ယောက် အပါအဝင် နောင်တွင် 'လူယုတ်မာသုံးဦး' ဟူ၍ ထင်ရှားကျော်ကြားလူသိများလာကြသော ဓားပြသုံးယောက်သည် ဤဓားပြမှုကို စစ်ဆင်ရေးတစ်ခုပမာ အံဝင်ခွင်ကျဖြစ်အောင် စီစဉ်ပြင်ဆင် လုပ်ဆောင်ခဲ့ကြသည်ဟူ၍ ပြောရုံမျှဖြင့် လုံလောက်နေပြီဖြစ်သည်။

သူတို့သုံးယောက်သည် ထိုနေ့က လစာပေးရန် သယ်ယူလာသော ငွေများနှင့်တကွ ဘဏ်တိုက်တွင်ရှိသမျှ ငွေများအားလုံးကို လုယက်တိုက်ခိုက်ခဲ့ကြပြီးနောက် ငွေများတင်လာသည့် ထရပ်ကားနှင့်တကွ အားလုံးတို့ကို အစအနရှာမရအောင် ဖျောက်ဖျက်ပစ်လိုက်ကြပေသည်။ တနင်္ဂနွေနေ့ အထူးထုတ် အချပ်ပိုများတွင် ရာဇဝတ်သုတေသီများက 'အံဝင်ခွင်ကျ. . အံဝင်ခွင်ကျ. . အံဝင်ခွင်ကျ' ဟူသော စကားလုံးကို ထပ်တလဲလဲ မုန်းလောက်အောင် သုံးစွဲခဲ့ကြလေသည်။ အချို့ကလည်း ဒန်ကင်အား စာရေးဆရာကြီး ဂျက်စတာဘန်၏ 'ကိုယ်ပျောက်သည့်လူတစ်ယောက်' ဟူသော စာအုပ်ထဲမှ အဖြစ်အပျက်များကိုပင် ကိုးကားထုတ်နုတ်၍ နှိုင်းယှဉ်ရေးသားခဲ့ကြလေသည်။ ကိုယ်ပျောက်ဆရာသည် သတ်မှတ်ထားသည့်နေရာ၊ သတ်မှတ်ထားသည့်အချိန်တွင် မိမိအား လူအများကမမြင်ရအောင် ရှိန်းဆာယာပိုမောက်သည့် ကိုယ်ပျောက်ဝတ်ရုံကြီးကို ရုံ၍သွားလာလေ့ရှိ၏။

ဤနေရာ၌ အချိန်ကို အံဝင်ခွင်ကျဖြစ်အောင် ရွေးချယ်သူနှင့် စိတ်ပညာအရ စီစဉ်ကြံဆသူပါ နှစ်ဦးစလုံးကို ချီးကျူးရမည်ဖြစ်၏။ ငွေများအပြည့်တင်လာသော ထရပ်ကားကို ရုတ်တရက်မြင်လိုက်ရ၏။ နောက်တစ်ခဏတွင် ပစ္စတိုသေနတ်တကားကားဖြင့် ဘယ်သူ့ကိုချိန်ရမှန်း ဘာကိုချိန်ရမှန်းမသိဘဲ ယောင်ဝါးဝါးဖြစ်နေသော လူသုံးယောက် ပေါ်လာ၏။ လမ်းသုံးခွဆုံတွင် ရှေ့နောက်ပြည့်ကျပ်နေသော ကားများမှာ မီးနီပြထားသဖြင့် အားလုံးရပ်စောင့်နေကြရ၏။ ဒေါ်လာသန်းချီ၍တင်ဆောင်လာသော ထရပ်ကားမှာလည်း ရှေ့မတိုးနိုင်ဘဲ ဖြစ်နေ၏။ ထိုအခိုက်မှာပင် သေနတ်သံတစ်ချက် ရုတ်တရက်ထွက်ပေါ်လာ၏။ ထိုသေနတ်သံမှာ ဘဏ်မှ အစောင့်အကြပ်အဖြစ် လိုက်ပါလာသော

www.burmeseclassic.com

www.burmeseclassic.com



လာကင်ဆိုသူ၏ ပို့ငှ် ၃၈ ပစ္စတိုမှ ထွက်ပေါ်လာခြင်း ဖြစ်၏။ တစ်ခါက ရဲအရာရှိ ဖြစ်ခဲ့ဖူး၍ ယခု အငြိမ်းစားယူခဲ့ပြီးဖြစ်သော လာကင်သည် သေနတ်ကိုင်လူဆိုးတစ်ယောက်အပါအဝင် လူဆိုးသုံးယောက်ကို ရုတ်တရက် မြင်လိုက်ရသဖြင့် သူလက်ထဲမှ ပစ္စတိုသေနတ်ကို ပစ်ဖောက်လိုက်ခြင်း ဖြစ်၏။

နောက်တွင်မှ စုံစမ်းသိရှိသလောက် ထိုအချိန်က လာကင်ပစ်လိုက်သော ပစ္စတိုကျည်ဆံသည် မားပြခေါင်းဆောင် ဒန်ကင်၏ခါးကို ထိမှန်သွားခဲ့သည်ဆို၏။ အမှန်စင်စစ် ဒန်ကင်သည် နောက်ပိုင်း၌ ထိုဒဏ်ရာကြောင့်ပင် အဖမ်းခံခဲ့ရခြင်း ဖြစ်၏။ အကယ်၍သာ ဒန်ကင်ဝှက်ထားသောငွေကို ပြန်လည်တွေ့ရှိကြမည်ဆိုပါက ဘဏ်အစောင့် လာကင်သည် ဒန်ကင်အား ထိုသို့ ဒဏ်ရာရအောင်ပစ်လိုက်နိုင်သည့်အတွက် ဆုငွေထဲမှ အတော်များများ အချိုးကျရရှိရန် ဥပဒေကြောင်းအရ ဘောင်ဝင်နေပြီဖြစ်၏။

ထိုနေ့က ဓားပြများသည် သူတို့၏မူလအစီအစဉ်အတိုင်း မောင်းပြန်သေနတ်များကို ကျည်ဆံမထည့်ဘဲ ထားခဲ့ကြ၏။ ဤသည်မှာလည်း ဒန်ကင်၏ ထူးခြားဆန်းကြယ်သော လုပ်ဆောင်ချက်တစ်ခုပင် ဖြစ်၏။ ဤကိစ္စနှင့် စပ်လျဉ်း၍ ဒန်ကင်သည် သူ့တပည့်များကို မယုံသောကြောင့် ထိုသို့ သေနတ်များတွင် ကျည်ဆံမထည့်ဘဲထားခြင်းဖြစ်သည်ဟု အချို့ကပြောကြ၏။ ဒန်ကင်သည် 'နောက်ကျောမှလာသည့်ကျည်ဆံ' ကို အမြဲသတိထားလေ့ရှိသည်ဟု ဆိုကြသည်။

မည်သို့ပင်ဖြစ်စေ ထိုနေ့က ဒန်ကင်သည် ဘဏ်အစောင့် လာကင်၏ လက်ချက်ဖြင့် ဒဏ်ရာရသွားခဲ့သည့်တိုင်အောင် သူရွေးထားသည့်အချိန်နှင့် သူရွေးချယ်ထားသည့်နေရာ၏ တိကျမှန်ကန်မှုဖြင့် ဒေါ်လာနှစ်သန်းကျော် သယ်ဆောင်လာသည့် ထရပ်ကားကို အပိုင်စီးနိုင်ခဲ့၏။ အချို့က ဒန်ကင်၏ အစွမ်းအစနှင့် ကုသိုလ်ကံ ထောက်မမှုကို အံ့ဩချီးကျူး၍မကုန်အောင် ဖြစ်မိကြ၏။ သို့သော် တကယ်တမ်းအားဖြင့် ဒန်ကင်၏အရည်အချင်းမှာ သည်မျှမက ချီးကျူးစရာကောင်းလှ၏။ အဘယ့်ကြောင့်ဆိုသော် ဤကမ္ဘာမြေပြင်ပေါ်တွင် လူတစ်ယောက်ကို အစအနရှာမရအောင် ဖျောက်ပစ်နိုင်သည့်နည်းတူ မှန်တာပြည်နယ်တွင်လည်း ထရပ်ကားတစ်စီးလုံးကို လက်စလက်နမကျန်ရ



အောင် ဖျောက်ဖျက်ပစ်နိုင်ရုံမျှမက ကန်ဒင်သည် ထိုကားပေါ်ပါသွားသော ဒေါ်လာနှစ်သန်းခွဲကိုပါ လုံးဝခြေရာခံ၍မရအောင် ဖျောက်ပစ်နိုင်ခဲ့သောကြောင့် ဖြစ်၏။

သို့သော် ဒန်ကင်သည် ထရပ်ကားကို လုံးဝခြေရာဖျောက်မပစ်နိုင်ခဲ့ဘဲ မြို့နှင့်အတော်ကလေးလှမ်းသည့်နေရာတစ်နေရာတွင် သည်အတိုင်းထားပစ်ခဲ့၏။ သို့သော်ကားတွင်မူ ဘာတစ်ခုမှမတွေ့ရတော့ဘဲ အခွံချည်းသာကျန်ခဲ့၏။ ကားပေါ်တွင်ပါသွားသော ငွေစက္ကူများနှင့် ငွေဒင်္ဂါးများ ဘယ်ရောက်ကုန်ကြပါသနည်း။ ရိုးရိုးသာမန်စက္ကူများမဟုတ်သော ငွေစက္ကူများသည် အသိမ်းရအဆည်းရခက်သလို ငွေဒင်္ဂါးအိတ်များသည်လည်း အလွန်ပင် အသယ်ရအရွှေ့ရခက်သောပစ္စည်းများ ဖြစ်၏။ အကယ်၍ လူတစ်ယောက်သည် ဒေါ်လာနှစ်သိန်းခွဲမျှတန်ဖိုးရှိသော တစ်ဒေါ်လာတန်၊ ငါးဒေါ်လာလာတန်၊ ဆယ်ဒေါ်လာတန် ငွေစက္ကူအထုပ်များကို ပခုံးပေါ်တွင်ထမ်းကာ တစ်မိုင်ခန့်ဝေးသည့်နေရာသို့ သယ်ဆောင်သွားနိုင်သည်ဆိုပါက ထိုလူသည် အလွန်သန်မာအားကောင်းသူဟု ဆိုရမည်ဖြစ်၏။ ငွေဒင်္ဂါးတစ်အိတ် သို့မဟုတ် နှစ်အိတ်ကို ပခုံးပေါ်ထမ်း၍ ကတ္တရာလမ်းမကြီးပေါ်တွင် မဟုတ်ဘဲ၊ သဲများဖြင့် အတိပြီးသော လမ်းပေါ်တွင် သယ်သွားရန်မှာလည်း အလွန်မလွယ်သော အလုပ်ဖြစ်၏။ မြည်းတိရစ္ဆာန်များပင် မသယ်နိုင်သောအလုပ်ဖြစ်၏။ ယခုသော်မူ ဒေါ်လာနှစ်သိန်းခွဲမျှမက နှစ်သန်းခွဲမျှတန်ဖိုးရှိသော ငွေစက္ကူများနှင့် ငွေဒင်္ဂါးများသည် ကျောက်ဆောင်များနှင့် သဲများဖုံးလွှမ်းနေသော ဤနေရာတဝိုက်တွင် အစရှာမရအောင် ပျောက်ခြင်းမလှ ပျောက်နေခဲ့လေပြီ။

ဇာတ်လမ်းကို ပြန်ကောက်ရမည်ဆိုပါက ဒန်ကင်နှင့်သူ၏ နောက်လိုက်တပည့်များသည် သူတို့အပိုင်စီးလာကြသော ထရပ်ကားကို ဘတ်မြို့အပြင်ဘက် တစ်နေရာတွင် ရပ်လိုက်ကြ၍ကားပေါ်တွင် ပါလာသည့် ဒေါ်လာနှစ်သန်းခွဲတန်ဖိုးရှိသည့် ငွေစက္ကူများနှင့် ငွေဒင်္ဂါးများကို တစ်နေရာတွင် ဝှက်ပြီးသည့်အချိန်လောက်တွင်မှ ပြည်နယ်အာဏာပိုင်များနှင့် ရဲအရာရှိများသည် ထရပ်ကားရှိရာသို့ ရောက်လာခဲ့ကြပေသည်။ ထိုအချိန်တွင် ဘာတစ်ခုမျှ ခြေရာလက်ရာ မတွေ့ရသော်လည်း နောက်တွင်မှ စုံစမ်းသိရှိရသလောက် ဒန်ကင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



သူနောက်လိုက်တပည့်နှစ်ယောက်သည် တစ်ယောက်လျှင်ဒေါ်လာ ၈၀၀၀ စီ လောလောဆယ် သုံးရန် ခွဲယူလိုက်ကြသည်ဆို၏။ ထို့နောက် ထရပ်ကားကို ရှေ့သို့ ၁၅မိုင်ခန့်ဆက်၍ မောင်းသွားခဲ့ကြ၏။ ထိုနေရာတွင် စောစောကပင် ကားတစ်စင်းအသင့် ရှိနေသည်ဖြစ်ရာ ဒန်ကင်သည်ထိုကားပေါ်သို့ ပြောင်းစီးကာ သူ့တပည့်နှစ်ယောက်နှင့် ထိုနေရာတွင် လမ်းခွဲခဲ့ကြသည်ဆို၏။ ထိုသို့ လူချင်းမခွဲကြမီ တစ်နေ့နေ့၊ တချိန်ချိန်၊ တစ်နေရာရာတွင် သူတို့သုံးယောက် ပြန်လည်ဆုံတွေ့ကြရန် ချိန်းဆိုခဲ့ကြ၏။

သို့သော် ဇာတ်လမ်းမှာ နောက်ပိုင်းတွင် တစ်မျိုးတစ်ဖုံ ဖြစ်သွားခဲ့၏။ လူဆိုးသုံးယောက်အနက် ဗိုမိနစ်ဆိုသူသည် ဟဲလီနာမြို့သို့ ရောက်သွားပြီး ကားအဟောင်းတစ်စီးဝယ်ရန် စီစဉ်နေခိုက် သူ့ကိုမှတ်မိသူများနှင့် တွေ့သွားခဲ့ရာမှ နောက်ဆုံးတွင် ပြည်နယ်ရဲအဖွဲ့ဝင်များနှင့် တိုက်ပွဲဖြစ်ကာ သေနတ်မှန်၍ သေဆုံးသွားခဲ့၏။ နောက်တစ်ယောက်ဖြစ်သော ဂျင်နီဆိုသူမှာလည်း ကျောက်ဆောင်ကျောက်တုံးများနှင့် ကျောက်ကမ္ဘားများပေါများလှသည့် မြောက်ပိုင်းဒေသတွင် မျက်စိလည်လမ်းမှားကာ အစာရေစာငတ်ပြတ်နေခိုက် နောက်မှလိုက်လာသည့် ရဲအဖွဲ့ဝင်များနှင့် ပက်ပင်းတိုးခဲ့ရာမှ လက်နက်ချ အညံ့မခံဘဲ အပြန်အလှန်ပစ်ခတ်ကြရင်း မရှုမလှသေဆုံးခဲ့ရပေသည်။ ထို့နောက် ကျန်တစ်ယောက်ဖြစ်သော အဖွဲ့ခေါင်းဆောင် ဒန်ကင်ကိုမူ ဓာတ်ဆီဆိုင်တစ်ဆိုင်တွင် ဓာတ်ဆီဝင်ထည့်နေခိုက် သွေးအထွက်လွန်နေသော သေနတ်ဒဏ်ရာဖြင့် အရှင်လက်ရဖမ်းမိခဲ့သည်။

ဒန်ကင်ကိုဖမ်းမိသည့်အချိန်က သူသည် အလွန်သွေးအားနည်းပြီး သူ့ကျန်းမာရေးမှာ အလွန်ဆိုးဝါးလျက်ရှိရာ ဆေးရုံသို့မရောက်မီ အားပြတ်ကာ သတိမေ့သွားခဲ့သည်။ ရဲအရာရှိများက သူ့အား ဒေါ်လာနှစ်သန်းခွဲ ဝှက်ထားသည့်နေရာကို မေးကြည့်သောအခါ 'ဒီနေရာကိုတော့ ခင်ဗျားတို့ မြေပုံနဲ့ရှာလို့တောင် မလွယ်ဘူး' ဟူ၍ ပြောခဲ့သည်။ ထိုသို့ပြောပြီး ဒန်ကင်သည် သတိမေ့ကာ လဲကျသွားခဲ့သည်။ သူ သတိပြန်ရသောအခါ 'ရတနာသိုက်' ရှိရာကို မေးကြမြန်းကြပြန်သည်။ သို့သော် သူသည် အမှန်အတိုင်းမပြောဘဲ ယောင်ဝါးဝါးဖြင့် မလိမ့်တပတ်လုပ်နေခဲ့သည်။ ထို့နောက် သူ့ကိုရုံးမတင်မီ ဆေးရုံသို့တင်



၍ ဆေးကုပေးခဲ့ရာ ဒန်ကင်အတွက် လူကောင်းသူကောင်းများ၏ သွေးများကို ပုလင်းပေါင်းမြောက်မြားစွာ သွင်းပေးခဲ့ကြရသည်။ နောက်ဆုံး၌ တရားဥပဒေအရ ရုံးတင်စစ်ဆေးခဲ့ကြရာ တရားခံဒန်ကင်အား ဘဏ်မှငွေများကို ဓားပြတိုက်မှုဖြင့် အပြစ်ရှိကြောင်း စီရင်ချမှတ်ခဲ့သည်။

ဤအတောအတွင်း အက်ဖ်ဘီအိုင်အဖွဲ့ကြီးက ဒန်ကင်သည်အခြားအမည်တစ်ခုဖြင့် နယူးယောက်မြို့တွင် လူသတ်မှုကျူးလွန်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် ဝရမ်းပြေးတစ်ဦးဖြစ်သည်ဟု ဆိုလာပြန်သည်။ သို့ဖြင့် ဒန်ကင်အား အစောင့်အရှောက်များ လုံလောက်စွာဖြင့် နယူးယောက်သို့ ခေါ်ဆောင်သွားပြီး လူသတ်မှုဖြင့် ရုံးတင်စစ်ဆေးခဲ့ကြသည်။ နောက်ဆုံးတွင် ဒန်ကင်သည် ထိုလူသတ်မှုကို ကျူးလွန်ခဲ့ကြောင်း ထင်ရှားသည်ဟုဆိုကာ သေဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။ စီရင်ချက်ချသည်နေ့က သူသည် ရုံးတော်တွင် သေဒဏ်အမိန့်ကိုနားထောင်ရင်း 'လူ့ဘဝကို တိုတိုကလေးနဲ့ ပျော်ပျော်ပါးပါးနေသွားရတာ မဆိုးပါဘူး'ဟူ၍ သူ့ကိုယ်သူ မှတ်ချက်ချသွားခဲ့သည်။ တကယ်တော့ သူ့ဘဝတစ်လျှောက်လုံး ပြေးလွှားပုန်းအောင်းနေရခြင်းဖြင့်သာ အချိန်ကုန်ခဲ့ရသည်ဖြစ်ရာ သူပြောသလို ပျော်ပျော်ပါးပါးနေသွားရသည်ဟူ၍ မရှိသလောက်ပင် ဖြစ်သည်။

သို့ဖြင့် ဒန်ကင်သည် ကြိုးတိုက်ထဲတွင် ဖဲကစားနေစဉ် ဂျယ်လူးဆင်အမည်ရှိ ဘုန်းတော်ကြီးတစ်ပါးကြွလာခဲ့သည်။ ဘုန်းတော်ကြီးက မျက်စိခွဲစိတ်ကုသည့် ဆရာဝန်ကြီး ဒေါက်တာဟောလီးဒေးသည် ဒန်ကင်၏မျက်လုံးများကို အလိုရှိကြောင်း ပြောလာခဲ့သည်။ ဤတွင်ကြိုးသမားဒန်ကင်က သဘောအကျကြီးကျကာ အားရပါးရ ရယ်ပါလေတော့သည်။ 'ဒီမယ် ဘုန်းကြီးဘုရား တကယ်လို့ တပည့်တော်သည် ဒေါ်လာနှစ်သန်းခွဲဝှက်ထားတဲ့နေရာကို ဖွင့်ပြောလိုက်ရင် အစိုးရရှေ့နေကြီးက တပည့်တော်အသက်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးမယ်လို့တောင် ပြောပါတယ်။ ဒီကြားထဲက ကြံကြံဖန်ဖန်တပည့်တော်ရဲ့ မျက်လုံးကိုလိုချင်တဲ့သူက ပေါ်လာလိုက်သေးတယ်။ ဟား. . ဟား. . ဟား တပည့်တော်မရှိမသေ မလေးမစားပြောတာမဟုတ်ပါဘူးဘုရား။ ဒါပေမယ့် တပည့်တော်ကိုဒီလိုလာပြီး ကျီစယ်ဖို့မကောင်းပါဘူး။ ဘယ်နှယ့် ဘုရား သေသွားတဲ့ လူတစ်ယောက်ရဲ့မျက်လုံးက ဘယ်လိုလုပ်ပြီး ပြန်မြင်တော့မှာလဲ၊ တပည့်တော်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကြားမကြားဖူးပေါင်ဘုရား"

ဘုန်းတော်ကြီး ဂျယ်လူးဆစ်က ပြောပြန်သည်။

"ဒီမယ်တကာကြီး သေသွားတဲ့မျက်လုံးဟာ ဘာမှပြန်မမြင်နိုင်တော့ဘူးဆိုတာက ရှေ့အဘွားကြီး၊ အဘိုးကြီးတွေပြောခဲ့တဲ့ ဒဏ္ဍာရီတွေပါ။ အခုခေတ်မှာ ကျုပ်သိရသလောက် လူသေတစ်ယောက်ရဲ့မျက်လုံးဟာ ဖလင်ထည့်ထားတဲ့ ကင်မရာနဲ့အတူတူပဲ၊ ဖလင်ထည့်လိုက်ရင် ဓာတ်ပုံရိုက်လို့ရသလို ဒီမျက်လုံးကလည်း ပြန်မြင်နိုင်တယ်ဆိုတာတော့ ကျုပ် ယုံယုံကြည်ကြည် ပြောရဲပါတယ်"

ဒန်ကင်က စကားကို ဆက်ပြောလာသည်။

"တပည့်တော် ဒီမျက်လုံးနဲ့ကြည့်လိုက်တဲ့အခါတိုင်း ဘာတစ်ခုမှမမြင်ရတဲ့အခါရယ်လို့ မရှိဘူး။ တစ်ခါကြည့်လိုက်ရင် တစ်ခုခုတော့ မြင်ရတာချည်းပါပဲ၊ ဒါထက် နေပါဦး၊ သူတို့က တပည့်တော်မျက်လုံးကို ဘာလုပ်ဖို့ လိုချင်ရတာလဲ"

"မျက်လုံးဆိုတာက ဒကာကြီး. ." ဘုန်းတော်ကြီး စိတ်ရှည်လက်ရှည်ရှင်းပြသည်။

"ခန္ဓာကိုယ်အတွက် ဖန်တီးထားတဲ့ သုံးဆယ်နှစ်ကောဋ္ဌာသရုပ်ဝတ္ထုအစုအဝေးတစ်ခုပဲ ဒကာကြီးရဲ့၊ ဒါကိုနားလည်အောင်ဆိုရင် ဒီလိုဥပမာ ပေးရလိမ့်မယ်၊ အခု ဒကာကြီးဟာ ဒကာကြီးပဲ။ ဒန်ကင်ပဲဆိုပါတော့။ ကောင်းပြီ။ အဲဒီထဲက ဒကာကြီးရဲ့ လက်ချောင်းကလေးတွေကို ဖြတ်ပစ်လိုက်တာနဲ့ ဒကာကြီးဟာ ဒန်ကင်မဟုတ်တော့ဘူးလို့ ဆိုနိုင်ပါဦးမလား"

"တပည့်တော် မဟုတ်ရင် ဘယ်သူဖြစ်ဦးမှာလဲဘုရား"

"ဟုတ်ပြီ ဒကာကြီးမှာ ခြေတွေလက်တွေ မရှိတော့ဘူးဆိုရင်ကော ဒကာကြီးဟာ တခြားလူဖြစ်သွားမလား"

"ဒန်ကင်ဟာ ဒန်ကင်ပဲပေါ့ဘုရား"

"ကဲ. . အဲဒီတော့ ဒကာကြီးမှာ အင်မတန် အဖိုးတန်တဲ့ ဓာတ်ပုံရိုက်ကင်မရာတစ်လုံး ရှိတယ်ဆိုပါတော့။ ဒီကင်မရာကို ဒကာကြီးစိတ်တိုင်းကျ အသုံးပြုနိုင်တယ်ဆိုပါတော့၊ တခြားလူတစ်ယောက်ယောက်ကို အဲဒီကင်မရာ



ပေးနိုင်ပါ့မလား"

"ရဲတွေကိုတော့ မပေးနိုင်ဘူးဘုရာ့"

"အင်မတန်ရိုးသားပြီး အပြစ်ကင်းတဲ့ ကလေးတစ်ယောက်ဆို

ကော"

"သူ့ဆိုရင်တော့ တပည့်တော် ပေးကောင်းပေးဖြစ်ပါလိမ့်မယ်"

"အဲဒါပေါ့ ဒကာကြီးရဲ့။ တကယ့်တကယ်ကျတော့ မျက်လုံးဟာ ကင်မရာနဲ့ဘာမှမထူးဘူး။ အတူတူပဲ"

နောက်ဆုံး၌ ကြိုးကျနေသော လူဆိုးကြီးဒန်ကင်သည် သူသေဆုံးပြီး နောက် သူ့မျက်လုံးများကို ဒေါက်တာဟောလီးဒေးအား ထုတ်ယူခွင့်ပြုကြောင်း စာတစ်စောင်ရေး၍ လက်မှတ်ထိုးပေးခဲ့လေသည်။ ထိုမျက်လုံးများကို ဒေါက်တာ က သူ၏လူနာမွေးရာပါ မျက်မမြင်ကလေးများထဲမှ ကလေးတစ်ယောက်အား တပ်ဆင်ပေးရမည် ဖြစ်လေသည်။

"ဒီမျက်လုံးတွေကို မင်းနဲ့အတူ ယူသွားလို့ မရပါဘူးကွာ"

ကြိုးသမား ဒန်ကင်သည် သူ၏လှုပ်ရှားနေသောစိတ်ကို ထိန်းသည့် အနေဖြင့် သူ့ကိုယ်သူ အထက်ပါအတိုင်း အားပေးစကား ပြောကြားခဲ့လေသည် အမှန်စင်စစ် ဒန်ကင်သည် ကမ္ဘာပေါ်တွင် ဤစကားမျိုးကို ပထမဆုံးပြောကြား ခဲ့သူ ဖြစ်သည်ဟု ယူဆနိုင်ပေသည်။ သူနာပြုဆရာမများသည် ဒန်ကင်အား ကရုဏာလွှမ်းသော မျက်လုံးအစုံဖြင့်ကြည့်ကာ အလွန် အဘိဓမ္မာဆန်သော စကားလုံးများကို ရေရွတ်မိကြလေသည်။

"အင်း. . လူတွေအများကြီးအတွက် သူလိုအနစ်နာခံပြီး စွန့်လွှတ်တဲ့ လူတွေ အများကြီးပေါ်လာရင် ကမ္ဘာလောကကြီးဟာ ဘယ်လောက်များ သာယာလိုက်မလဲ"

စသည်. . . စသည်ဖြင့်. . . ။

ဒန်ကင်ကိုယ်တိုင်ကလည်း. . .

"ကျုပ်စိတ်တွေ လုံးလုံးပြောင်းလဲသွားပါပြီ။ အခုဆိုရင် ကျုပ်ဟာ တကယ့်စစ်မှန်တဲ့ ငြိမ်းချမ်းရေးကိုတွေ့ခဲ့ပါပြီ"ဟူ၍ ထုတ်ဖော်ပြောကြားခဲ့လေ သည်။ ဤသို့ဖြင့် လူများစု လူထုကြီးသည် ဘဏ်မှခွေ့သော ထရပ်ကား

www.burmeseclassic.com

www.burmeseclassic.com



လမ်းခွတ်လပ်တွင် ခေါးပြတိုက်ကာ ယနေ့ထက်တိုင် မည်သည့်နေရာတွင် ဝှက်ထားသည်ကို ဒန်ကင်က လုံးဝ ထုတ်ဖော်ပြောခြင်း မပြုဘဲနေခဲ့သည့် ဒေါ်လာ နှစ်သန်းခွဲကို စိတ်ထဲမှလျစ်လျူရှုကာ မေ့ပျောက်သလောက် ဖြစ်သွားခဲ့ကြသည်။ ထိုကိစ္စကို မေ့ပျောက်၍မရနိုင်သူများကလည်း. . .

"အင်း. . ဘာပဲဖြစ်ဖြစ် အစိုးရကတော့ ဒီငွေတွေကို မတွေ့တွေ့အောင်ရှာမှာပဲ၊ ဒီငွေတွေဟာ တစ်နေရာရာမှာရှိတယ်ဆိုတာ သေချာနေတော့ တနည်းနည်းနဲ့သိအောင် စုံစမ်းကြမှာပဲ။ အက်ဖ်ဘီအိုင်ကလည်း ဒီအတိုင်းကြည့်နေမှာ မဟုတ်ဘူး။ ပိုက်စိတ်တိုက်ပြီး လိုက်ရှာမှာပဲ" ဟူ၍သာ တွေးနေမိကြသည်။ သို့သော် ဒိုမိနစ်နှင့် ဂျင်နီတို့ နှစ်ယောက်စလုံး သေဆုံးသွားခဲ့ပြီဖြစ်ရာ လုံးဝ သဲလွန်စရှာမရတော့ဘဲ ထိုငွေများဝှက်ထားသည့်နေရာမှာ လျှို့ဝှက်သည့် ရတနာသိုက်တစ်ခုလို ဖြစ်နေခဲ့သည်။

ဒန်ကင်၏ခေါးပြမှုမဖြစ်ပွားမီ လွန်ခဲ့သည့် နှစ်ပေါင်းများစွာကပင် စတင်၍ ဒေါက်တာဟောလီးဒေးသည် မျက်စိခွဲစိတ်သည့်ပညာကို လေ့လာလိုက်စားခဲ့လေသည်။ လောလောလတ်လတ် သေဆုံးသွားခဲ့သည့် လူတစ်ယောက်၏မျက်လုံးမှ မျက်ကြည်လွှာတစ်ရှုးကိုထုတ်ယူ၍ ကလေးတစ်ယောက်၏ မျက်လုံးများထဲသို့ ပြောင်းလဲတပ်ဆင်ပေးသည့် ပညာသည် ဒေါက်တာဟောလီးဒေးအတွက် လုပ်ရိုးလုပ်စဉ်တစ်ရပ်လို ဖြစ်နေခဲ့သည်။ ဤပညာမှာ အပ်ချုပ်သည်တစ်ယောက်က အင်္ကျီတစ်ထည်တွင် ကော်လာတပ်ပေးသည့်သဘောမျိုးပင် ဖြစ်၍ ချုပ်ရိုးချုပ်သားကောင်းဖို့နှင့် အင်္ကျီလည်ကုတ်နှင့် ကော်လာ အံဝင်ဂွင်ကျဖြစ်ဖို့သာ အရေးကြီးသည်ဟု ဒေါက်တာက ခံယူနားလည်ထားလေသည်။

ထို့ပြင် ဒေါက်တာသည် မာနကြီးသည်။ ချို့ လက်ဆောင်းအင် သည်ကြီးများလို သူ၏လုပ်ဆောင်ချက်နှင့် သူ၏ပညာအစွမ်းအစကို ပူးပင် ဂုဏ်ယူဝင့်ကြွားလေ့ရှိပေသည်။ ကျွန်ုပ်သည် ခါက အပ်ချုပ်သည်တစ်ယောက်ကို တွေ့ခဲ့ရဖူးသည်။ ထိုအပ်ချုပ်သည်သည် သူ့ကိုယ်သူ အခြားသော အပ်ချုပ်သည်များနှင့်မတူဘဲ အများတကာထက်ပို၍ လက်ရာမြောက်သည်ကို ပြောမဆုံးအောင် ဖြစ်နေခဲ့သည်။ သူ့စိတ်တွင် အခြားသော အပ်ချုပ်



သည်များသည် သာမန်ရိုးရိုးအပ်ချုပ်သည် မည်ကာမတ္တမျှသာ ဖြစ်သည်ဟု အမြဲတမ်း အထင်ရောက်နေခဲ့လေသည်။ သူသည် တစ်ခါက ဆဋ္ဌမမြောက်အက်ဒွပ်ဘုရင်ကြီးအား ရှပ်အင်္ကျီလက်တပ်သည့်ကိစ္စနှင့်ပတ်သက်၍ မသိနားမလည်ဘဲ ဝင်စွက်ဖက်ရမည်လားဆိုကာ သူ့ဆိုင်ထဲမှ မောင်းထုတ်ခဲ့ဖူးလေသည်။

ဒေါက်တာဟောလီးဒေးသည် ထိုအပ်ချုပ်သည်လို လူစားမျိုးဖြစ်လေသည်။ သူသည် သူ၏အတတ်ပညာ ကျွမ်းကျင်ပြောင်မြောက်မှုကို ဂုဏ်ယူဝင့်ကြွားသည် မှန်သော်လည်း အခြားတစ်ဘက်တွင် သူ၏အလုပ်နှင့်ပတ်သက်၍ အမြဲတမ်း မကျေမနပ်ဖြစ်ကာ အားမလိုအားမရရှိနေတတ်၏။ သူလုပ်ခဲ့သမျှလုပ်ငန်းများနှင့် ပတ်သက်၍ စိတ်တိုင်းမကျနိုင်ဘဲ အမြဲတမ်းစိတ်တိုကာ အလိုမပြည့်နိုင်အောင် ဖြစ်နေခဲ့လေသည်။ သူသည် သူ့မျက်လုံးနှင့်ပတ်သက်လာလျှင် အလွန့်အလွန် ထူးချွန်ပြောင်မြောက်သည့် လုပ်ဆောင်ချက်များကို လုပ်ကိုင်ခဲ့သည်မှန်သော်လည်း သူ့လုပ်ရပ်များကို သူကိုယ်တိုင်က ဘယ်သောအခါမှ ကြီးကျယ်လှပါသည်ဟူ၍ ပြောရိုးထုံးစံမရှိ။ သာမန်အသေးအဖွဲမျှသာ သဘောထားခဲ့လေသည်။

ဒေါက်တာဟောလီးဒေးသည် သူငယ်အိမ်၏ အပေါ်ဆုံးမျက်ကြည်လွှာကို သေပြီးစလူတစ်ယောက်၏မျက်လုံးမှ အသက်ရှင်နေသော အခြားလူတစ်ယောက်၏မျက်လုံးသို့ ပထမဦးဆုံး ပြောင်းရွှေ့တပ်ဆင်ပေးခဲ့ရာမှ နာမည်ကျော်ကြားလာခဲ့သည်။ သို့သော် သတင်းထောက်များက သူနှင့်လာရောက် တွေ့ဆုံမေးမြန်း၍ အင်တာဗျူးလုပ်ကြသောအခါ သူသည် တစ်ကမ္ဘာလုံးက သူ့အားဝိုင်း၍ ချီးကျူးနေကြသည့်အတွက် အကြီးအကျယ် ဒေါပွလျက် ရှိနေပေသည်။ သူသည် ထိုစဉ်က သူ့မျက်နှာပေါ်မှ ဒေါသ၏အရိပ်အရောင်များနှင့် မကျေနပ်မှု၏ အသွင်လက္ခဏာများကို လုံးဝဟန်ဆောင်ဖုံးကွယ်ခြင်းမပြုနိုင်ဘဲ သတင်းထောက်များအား အဆက်မပြတ် စက်သေနတ်ပစ်သလို စကားကို အမှုင်မပြတ်ပြောခဲ့သည်။ သတင်းထောက်များက ယခုကဲ့သို့ မျက်ကြည်လွှာကို လူတစ်ယောက်၏မျက်လုံးမှ အခြားလူတစ်ယောက်သို့ ပြောင်းရွှေ့တပ်ဆင်ပေးလိုက်ခြင်းသည် လူသားတို့အတွက် ရောမအကျိုးပြုရာရောက်ကြောင်း ပြောကြားခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com



ရာ ဒေါက်တာဟောလီးဒေးက ဤယူဆချက်ကို လက်မခံနိုင်ဘဲ မကျေမနပ်ဖြင့် တုံ့ပြန်ပြောဆိုခဲ့လေသည်။

"တကယ်တော့ ခင်ဗျားတို့ထင်သလောက်မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လူတစ်ယောက်ရဲ့မျက်လုံးနဲ့ သိုးတစ်ကောင်ရဲ့မျက်လုံးတွေဟာ ကျုပ်အတွက်တော့ အားလုံးအတူတူပဲ။ ဘာမှမထူးခြားဘူး။ အဲ. . မျက်လုံးထဲမှာတော့ ယင်ကောင်ရဲ့မျက်လုံးဟာ အထူးခြားဆုံး၊ အဆန်းကြယ်ဆုံးလို့ ဆိုရလိမ့်မယ်။ ခင်ဗျားတို့ကျုပ်တို့ မျက်လုံးတွေဟာ တကယ်တော့ အပေါ်ယံက အင်မတန် နူးညံ့သိမ်မွေ့တဲ့အရာဝတ္ထုတွေနဲ့ဖုံးထားပြီး အလင်းရောင်ကို လက်ခံရယူဖို့အတွက် သေသေသပ်သပ်နဲ့ စနစ်တကျပြုလုပ်ဖန်တီးထားတဲ့ ကိရိယာတစ်ခုပါပဲ။ အလိုအလျောက်ဖွင့်နိုင်ပိတ်နိုင်တဲ့ အဖုံးအပိတ်တစ်ခုတပ်ထားတဲ့ ကင်မရာတစ်ခုနဲ့အတူတူပါပဲ၊ ကင်မရာဆိုတာက တစ်ခါတစ်ခါ ပျက်တတ်တာပဲ။ ကျုပ်ဟာ အခုပျက်နေတဲ့ ကင်မရာတစ်လုံးကို ပြင်ပေးလိုက်တာပါ။ ဘာမှ မဆန်းပါဘူး"

သတင်းထောက်တစ်ယောက်က စောဒက တက်လိုက်သည်။

"ဒါပေမယ့် ဒေါက်တာဟောလီးဒေးခင်ဗျား. . ဒေါက်တာဟာ မမြင်ရတဲ့ မျက်လုံးတွေကိုမြင်ရအောင် ပြန်လုပ်ပေးလိုက်တာလို့ ကျွန်တော်နားလည်ထားပါတယ်။ ဒေါက်တာ ဥပမာပေးခဲ့တဲ့ ကင်မရာဆိုတာက မျက်လုံးမပါဘဲ မမြင်ရပါဘူးခင်ဗျာ"

ဒေါက်တာကလည်း ချက်ချင်းပင် တုံ့ပြန်လိုက်သည်။

"မြင်တယ်ဆိုတာ မျက်လုံးက မြင်ရတာ မဟုတ်ပါဘူး၊ ဒါကို ရှူနေတဲ့လူတွေကလွဲလို့ ကျန်တဲ့လူတွေအားလုံး သိကြပြီးသားပါ"

"ဒါပေမယ့် မျက်လုံးမပါရင် ဘာမှမမြင်ရဘူး မဟုတ်လား ဆရာ"

အခြားသတင်းထောက်တစ်ယောက်က ဝင်ပြောလိုက်သည်။

"မျက်လုံးနဲ့ကြည့်လို့ မြင်ရတာမဟုတ်ဘူး" ဒေါက်တာက လေသံခပ်မာမာဖြင့် ပြန်ပြောလိုက်သည်။

"ဒီနေရာမှာ ကြည့်တာနဲ့ မြင်တာနဲ့ မတူတဲ့သဘောကို ကျုပ်မှာ အချိန်ရလို့ အချိန်ယူပြီးရှင်းပြရင်တောင် ခင်ဗျားတို့မှာ နားလည်နိုင်တဲ့ အရည်အချင်းရှိမှာမဟုတ်ဘူး။ တကယ်လို့ အရည်အချင်းရှိသည့်တိုင်အောင် ခင်ဗျားတို့ရဲ့ စာဖတ်ပရိသတ်ကို နားလည်သဘောပေါက်အောင် ခင်ဗျားတို့ ပြန်ရေးပြနိုင်မှာမဟုတ်ဘူး။ အဲဒီတော့ ခင်ဗျားတို့ကို လွယ်လွယ်နဲ့ အတိုဆုံး အကျဉ်းရုန်းပြီးပြောရမယ်ဆိုရင် အခုလို မျက်ကြည်လွှာတစ်ခု ခွဲထုတ်ပြီး လူတစ်ယောက်မျက်လုံးက အခြားလူတစ်ယောက်မျက်လုံးကို ပြောင်းတပ်ပေးလိုက်တဲ့အလုပ်ဟာ ဒီအလုပ်ကို နားလည်တတ်ကျွမ်းထားတဲ့ ကျုပ်အတွက် ဘာမှ မပြောပလောက်ဘူး။ ဘာမှလည်း ခက်ခဲတဲ့ အလုပ်မဟုတ်ဘူး။ တကယ်တော့ ဒီအလုပ်ဟာ မီးညှိထားတဲ့ စီးကရက်တစ်လိပ်ကို ဘောင်းဘီအိတ်ထဲမှာ ဝှက်ပြတဲ့ ပဥ္စလက်ဆရာတစ်ယောက်ရဲ့မျက်လှည့်လောက် မခက်ပါဘူး။ အဲဒီတော့ ခင်ဗျားတို့ သိထားရမှာက မြင်တဲ့အာရုံဟာ မျက်လုံးရဲ့နောက်မှာပဲရှိတယ်။ အဲဒါကို သဘောပေါက်ထားဖို့ အရေးကြီးတယ်"

ဤတွင် တနင်္ဂနွေနေ့အထူးထုတ် အချပ်ပိုစာစောင်များ၌ ဗိုင်းရပ်စ်ပိုးများအကြောင်းနှင့် နက္ခတ္တဗေဒဆောင်းပါးများ မကြာခဏရေးလေ့ရှိသော သတင်းစာဆရာတစ်ဦးက "အမြင်အာရုံကြောပေါ့ ဆရာ"ဟု ဝင်ထောက်လိုက်ရာ ဒေါက်တာဟောလီးဒေးမှာ သိန်းငှက်တစ်ကောင်၏နှုတ်သီးလို ချွန်ထွက်နေသော သူ၏မေးရိုးကြီးကို ရှေ့သို့တိုး၍ ထိုသတင်းထောက်အား လှမ်းကြည့်လိုက်သည်။

"နေပါဦး၊ ကျုပ်မေးပါရစေ၊ မောင်ရင်က အမြင့်အာရုံကြောအကြောင်းကို ဘယ်လောက်များသိထားလို့တုန်း၊ တကယ်တော့ ကျုပ်လည်း ခေတ်ပေါ်သိပ္ပံပညာရှင်တွေကို လေးစားပါတယ်။ ချီးလည်း ချီးကျူးပါတယ်။ ဘာတဲ့. . အမြင်အာရုံကြောတဲ့။ ဟုတ်လား။ ဒီလိုပဲခေါ်ကြမှာပေါ့. . ဟုတ်တယ် မှုတ်လား၊ ဗိုင်းယာကြိုးဆက်တဲ့အလုပ်လို့ပြောရင်လည်း ရတာပါပဲ မဟုတ်လား၊ ပလပ်ထိုးမယ်၊ ခလုတ်နှိပ်မယ်၊ ပြီးတော့ လက်ကိုင်ဘုကလေးကို ဟိုဟိုဒီဒီ ရွှေ့မယ်။ သဘောကတော့ ဒါပဲမဟုတ်လား။ နောက်ပြီးမှ ကြိုးတစ်ချောင်းကိုဆွဲသလို ဗိုင်ယာကြိုးတွေကို တစ်ခုနဲ့တစ်ခု လိမ်ပြီးပူးထားမယ်၊ ဟုတ်လား။ ဒီမယ်. . . သတင်းစာဆရာကြီးနဲ့ သတင်းထောက်ကြီး ခင်ဗျား ခင်ဗျားတို့ဟာ ခင်ဗျားရဲ့ခန္ဓာကိုယ်ထဲမှာရှိတဲ့ ဘာမှမပြောပလောက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အသေးဆုံး အာရုံကြောကလေးတစ်ခုအကြောင်းကိုတောင် ခင်ဗျားဘာမှ မသိပါဘူး။ ဒီအာရုံကြောကလေးဟာ ဘယ်လိုအလုပ်လုပ်တယ်ဆိုတာကလေးတောင် ခင်ဗျားမသိပါဘူး။ ဒါကို ကျုပ်လည်းမသိဘူး။ တခြားဘယ်သူမှလည်းမသိကြဘူး။ ဒါပေမယ့် နှိုဖြတ်လိုက်တဲ့ကလေးဟာ ကြက်ပေါင်နဲ့လုပ်ထားတဲ့ နှို့သီးခေါင်းကလေးကိုပဲ အမေ့နို့ထင်ပြီး အငမ်းမရစို့သလို၊ ခင်ဗျားကလည်း ခင်ဗျား မတောက်တခေါက်တတ်တားတဲ့ သိပ္ပံစကားလုံးလေးတွေ တစ်လုံးနှစ်လုံးကို မပီကလာ ပီကလာနဲ့ တယ်ပြောချင်တာကိုး။ ခင်ဗျားက ဒီလိုစကားလုံးမျိုးကို ခပ်လွယ်လွယ်ပြောလိုက်တော့ ကျုပ်ကိုစော်ကားသလို ဖြစ်သွားတာပေါ့။ ဘာတဲ့. . . 'အမြင်အာရုံကြော' ဟုတ်လား၊ ခင်ဗျားပြောတဲ့စကားလုံးကို လိုက်ပြီးပြောနေရတာနဲ့ ကျုပ်တောင် သီချင်းတစ်ပုဒ်ကိုသံပြိုင်လိုက်ဆိုရတဲ့ ကောင်မလေးတစ်ယောက်နဲ့ တူနေပြီ။ ကဲ. . ဒီလိုဆိုရင် ခင်ဗျားပြောတဲ့ အမြင်အာရုံကြောနဲ့ပတ်သက်လို့ မျက်လုံးတစ်လုံးထဲမှာရှိတဲ့ အာရုံကြောတစ်ခုရဲ့ အစိတ်အပိုင်းသုံးဆယ်ရဲ့နာမည်တွေကို ခင်ဗျားပြောနိုင်ပါ့မလား။ နာမည်လောက်ပဲပြောပါ၊ ဘယ်နှယ့်လဲ၊ ပြီးတော့ အဲဒီအမြင်အာရုံကြောတွေရဲ့ အင်မတန်နူးညံ့သိမ်မွေ့ပြီး အင်မတန်ခက်ခဲနက်နဲတဲ့ လက္ခဏာတွေဟာ ဘာတွေလဲဆိုတာကော ခင်ဗျားကြားဖူးရဲ့လား။ နောက်ပြီးတော့ မိုက်ကရိုစကုပ်နဲ့မှကြည့်လို့ မြင်နိုင်တဲ့ မျက်လုံးတစ်လုံးရဲ့ကလာပ်စည်းတွေ ဖွဲ့ထားတဲ့တစ်ရှူးတွေနဲ့ သွေးအိတ်ကလေးတွေကိုရော ခင်ဗျားမြင်ဖူးတွေ့ဖူးရဲ့လား"

ဒေါက်တာဟောလီးဒေး၏ အဆက်မပြတ် စက်သေနတ်ပစ်သလို ပြောလိုက်သောစကားများကြောင့် သတင်းထောက်ခမျာ မျက်နှာနီရဲကာ ရှက်ကိုးရှက်ကန်း ဖြစ်သွားခဲ့သည်။

"ကျွန်တော်ဝမ်းနည်းပါတယ်ဆရာ၊ ကျွန်တော် ဆရာ့ကို တောင်းလည်းတောင်းပန်ပါတယ်။ ကျွန်တော်ဆိုလိုတဲ့သဘောက အခုလောလောဆယ်လည်း မဟုတ်ပါဘူးဆရာ၊ နောင်တစ်ချိန်ချိန်မှာ ဆိုပါတော့။ မျက်လုံးတစ်ခုလုံးကိုထုတ်ယူပြီး တခြားလူတစ်ယောက်ရဲ့ ခန္ဓာကိုယ်မှာအစားထိုးပြီးလဲတပ်ပေးရင် ဖြစ်နိုင် မဖြစ်နိုင် သိချင်လို့ပါဆရာ"

သို့သော် ဒေါက်တာသည် သူ့ထုံးစံအတိုင်း အထစ်ထစ် အငေါ်ငေါ်



ဖြစ်နေရှာသော သတင်းထောက်အား အမှတ်မထင် လှောင်ပြောင်သည့် အမူအရာ၊ မကျေနပ်သည့် လေသံဖြင့် ပြန်ပြောပြန်သည်။

"အဲဒါကိုတော့ ဖြစ်လည်းဖြစ်နိုင်တယ်၊ မဖြစ်လည်း မဖြစ်နိုင်ဘူးလို့ ပြောရလိမ့်မယ်၊ တစ်ခုဖြစ်နိုင်စရာရှိတာက ကျုပ်တို့ခေတ်မှာ ခွဲစိတ်တဲ့ အတတ်ပညာဟာဘယ်လောက် စွမ်းဆောင်နိုင်တယ်၊ မစွမ်းဆောင်နိုင်ဘူးဆိုတဲ့ အပေါ်မှာမူတည်ပြီး ဒီကိစ္စဟာ ဖြစ်နိုင်တယ်၊ မဖြစ်နိုင်ဘူးဆိုတာ ကြိုပြောရလိမ့်မယ်၊ ဒါပေမယ့် ခင်ဗျားကိုတော့ ပညာရှိ ပါရဂူအချင်းချင်းအနေနဲ့ ကျုပ်တစ်ခု ပြောချင်တယ်၊ အဲဒါက ဘာလဲဆိုတော့ တကယ်ကြိုးစားပြီး တကယ်ဖြစ်အောင်သာလုပ်မယ်ဆိုရင် မျက်လုံးတင်မကဘူး၊ လူတစ်ယောက်ရဲ့ ဦးခေါင်းကို တခြားလူတစ်ယောက်ရဲ့ခန္ဓာကိုယ်မှာ ပြောင်းပြီး တပ်ပေးရင်တောင် ရနိုင်တယ်။ အရေးကြီးတာက လူတစ်ယောက်ရဲ့မျက်လုံးတစ်လုံးတည်း ဖြစ်စေ၊ ဦးခေါင်းတစ်ခုလုံးပဲ ဖြစ်စေ၊ အခြားလူတစ်ယောက်ရဲ့ခန္ဓာကိုယ်ကို ပြောင်းပြီး တပ်ပေးတဲ့နေရာမှာ အာရုံကြောတွေကို စနစ်တကျနဲ့ ပုံမပျက်ဘဲ အရှိန်မပျက်ဘဲ ပြန်ပြီးလည်ပတ်အောင် လုပ်ပေးနိုင်ဖို့ပဲ၊ အဲဒါဟာ အခက်ခဲဆုံးနဲ့ အသိမ်မွေ့ဆုံးပြဿနာပဲ၊ ဒါပေမယ့် ကင်းလိပ်ချောလို သတ္တဝါမျိုးကျတော့ သူတို့ရဲ့ခန္ဓာကိုယ်ထဲက အာရုံကြောတွေ ဘယ်လိုလည်ပတ်လှုပ်ရှားနေတယ်ဆိုတာ ဒီနေ့အထိ ဘယ်သူမှ မသိကြသေးဘူး"

"ဒါ့ထက် ဆရာ" အမျိုးသမီးသတင်းထောက်တစ်ယောက်က ရုတ်တရက် ထမေးလိုက်သည်။

"အဲဒီကင်းလိပ်ချောဆိုတဲ့ သတ္တဝါတွေဟာ အိမ်မြှောင်လို အကောင်မျိုးပဲ မဟုတ်လားဆရာ၊ သူတို့လည်း မီးထဲမှာ ဖြစ်ဖြစ်၊ အပူထဲမှာဖြစ်ဖြစ် နေနိုင်တဲ့သတ္တဝါရှိတာပဲ မဟုတ်လား"

ဒေါက်တာက မေးခွန်းရှင်အမျိုးသမီးကို တစ်ချက်မော့ကြည့်လိုက်သည်။ သို့သော် သူမ၏မျက်လုံးကျယ်ကြီးများနှင့် မျက်နက်ဝန်းအစွင်းမှ ပကာတိရှိုးသားသည့် အသွင်လက္ခဏာကို မြင်လိုက်ရသဖြင့် ဒေါက်တာသည် အတတ်နိုင်ဆုံး ယဉ်ကျေးအောင် သတိထားပြန်ရှင်းပြလိုက်ရသည်။

"ကင်းလိပ်ချောဆိုတဲ့သတ္တဝါဟာ အိမ်မြှောင်လို၊ ပုတ်သင်ညိုလို

www.burmeseclassic.com

www.burmeseclassic.com



အကောင်မျိုးနဲ့ ခပ်ဆင်ဆင်ပါပဲ၊ ဒါပေမယ့်သူက ရေထဲမှာရော၊ ကုန်းပေါ်မှာရော နေနိုင်တဲ့ သတ္တဝါအမျိုးအစားပဲ။ သူ့အမြီးကလည်း တော်တော်လေးရှည်တယ်။ ခင်ဗျား ကင်းလိပ်ချောကို မမြင်ဖူးဘူးလား၊ ဒါဖြင့် ကျုပ်လိုက်ပြမယ်"

ဒေါက်တာသည် ပြောပြောဆိုဆိုဖြင့် အမျိုးသမီးသတင်းထောက် အပါအဝင် သတင်းစာဆရာအားလုံးကို အအေးဓာတ်ပေးထားသောအခန်း တစ်ခန်းထဲသို့ ခေါ်ဆောင်သွားသည်။ ထိုအခန်းထဲတွင် ဟင်းသီးဟင်းရွက် ပုတ်စော်နံသလိုအနံ့မျိုး ထွက်နေသည်။ အခန်း၏အလယ်တည့်တည့်တွင် အလျားလိုက်ဖောက်ထားသော နှစ်ပေသုံးပေခန့်ကျယ်သည့် ရေမြောင်းတစ်ခုကို ထူးထူးဆန်းဆန်း တွေ့ကြရသည်။ အဆိုပါ ရေမြောင်း၏ဘေးတစ်ဘက်တစ်ချက်တွင် ရွှံ့နွံ့များဖြင့် ဗွက်ပေါက်လျက်ရှိရာ တကယ့် တောကြီးမျက်မည်းထဲမှ ချောင်းတစ်ခုအနီးသို့ရောက်သွားသလို ထင်မှတ်ရသည်။ အဆိုပါ ရွှံ့နွံများထဲတွင် ရှည်မျောမျော မည်းမည်းသတ္တဝါကလေးများကို အထွေးလိုက်အထွေးလိုက် တွေ့မြင်ကြရ၏။

တောင်ပိုင်းမှလာဟန်တူသော သတင်းထောက်တစ်ယောက်က ရုတ်တရက်အလန့်တကြား အော်ပြောလိုက်သည်။ "ဟာ. . . ငါးမြွေထိုးတွေပါလား"

ဒေါက်တာဟောလီးဒေးက ထိုသတင်းထောက်ကို တစ်ချက်လှမ်းကြည့်ပြီး ပြန်ပြောလိုက်သည်။

"ဟုတ်ပါတယ်။ အဲဒီကောင်မျိုးတွေနဲ့ ခပ်ဆင်ဆင်ပါပဲ"

ဤတွင် တနင်္ဂနွေအထူးထုတ်အချပ်ပို ဆောင်းပါးရှင်က ဝင်ပြောလိုက်သည်။

"ဒေါက်တာဟောလီးဒေးခင်ဗျား. . ဒေါက်တာဟာ ကင်းလိပ်ချောတွေရဲ့ ဇီဝရုပ်ဖြစ်ပျက်မှုသဘောတရားကိုလေ့လာပြီး အခြားတစ်နေရာရာမှာ ဒီသဘောတရားကို အသုံးချဖို့. . ."

"မဟုတ်ပါဘူး ခင်ဗျားထင်သလို မဟုတ်ပါဘူး"

အမျိုးသမီးသတင်းထောက်က ကြားဖြတ်ပြောလိုက်သည်။

"ဒီအကောင်မျိုးက တော်တော်ရှားပုံရတယ်ဆရာ၊ ဖြစ်နိုင်ရင် ကျွန်မတစ်ကောင်ယူသွားလို့ မရဘူးလား"



ဒေါက်တာက ဂုဏ်ယူဝင့်ကြွားသည့် အမူအရာဖြင့် အခန်းထဲမှသူ၏လက်ထောက်ဆရာဝန် တစ်ယောက်အား လှမ်းပြောလိုက်သည်။

"အဲဗာရင်တန်၊ ကင်းလိပ်ချောနှစ်ကောင်ကို ဖန်ချိုင့်တစ်ခုနဲ့ ထည့်ပြီး ဒီအမျိုးသမီးကို ပေးလိုက်ပါကွာ"

နောက်တစ်နေ့ထုတ်သတင်းစာများတွင် ကင်းလိပ်ချောတစ်ကောင်၏ဓာတ်ပုံနှင့်တကွ အောက်ပါခေါင်းစည်း စာလုံးမည်းကြီးများဖြင့် သတင်းများ ပါလာခဲ့သည်။

**ဦးခေါင်းကိုပြောင်း၍ တပ်တော့မည်လော**

**ကင်းလိပ်ချောသတ္တဝါများ၏ အံ့ဖွယ်လက္ခဏာများ**

ထို့နေ ထိုရက်မှစ၍ ဒေါက်တာဟောလီးဒေးသည် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ တိုက်များနှင့်ပတ်သက်သည့် ပုဂ္ဂိုလ်မှန်သမျှကို လုံးဝလက်ခံတွေ့ဆုံခြင်းမပြုဘဲနေလာခဲ့သည်။ သို့ဖြင့် ဒေါက်တာ၏အမည်ကိုစာနယ်ဇင်းများတွင် လုံးဝမတွေ့ရတော့ဘဲ အတော်ကြာအောင် မြုပ်နေခဲ့ရာမှ ယခုနောက်ဆုံး လူဆိုးကြီးဒန်ကင်၏ ယာဘက်မျက်လုံးကို ထုတ်၍လေးနှစ်သားကလေးတစ်ယောက်သို့ ပြောင်း၍တပ်ပေးလိုက်တော့မှ သူ့နာမည်ကို သတင်းစာများတွင် ပြူးတူးပြဲတဲဖြင့် ပြန်တွေ့ကြရတော့သည်။ မျက်လုံးလဲ၍ တပ်ပေးခြင်းခံရသည့် လေးနှစ်သားကလေးမှာ ကွန်နယ်တီကယ်ပြည်နယ် ဂရင်းစစ်မြို့ကလေးမှ အိမ်သုတ်ဆေးများ ထုတ်လုပ်ရောင်းချသည့် သူဌေးကြီးရစ်ချပ်အဲလ်ဒပ်စ်၏သား ဒစ်ကီအဲလ်ဒပ်စ်ဆိုသူဖြစ်လေသည်။

❏❏❏

ဒေါက်တာဟောလီးဒေးသည် ဒင်ကင်၏မျက်လုံးကို ခွဲထုတ်ရာ၌ တစ်ကြိမ်တည်းဖြင့်မပြီးဘဲ တနင်္ဂနွေ ခြောက်ပတ်အတွင်း ရှစ်ကြိမ်မျှ အဆင့်ဆင့် ခွဲစိတ်ရလေသည်။ ဤအတောအတွင်း လေးနှစ်သားဒင်ကင်၏မျက်လုံးကိုလည်း ဆေးရည်တစ်မျိုးထဲတွင် တစ်ဝက်ဖော်၍ တစ်ဝက်မြုပ်ကာ ထိမ်းထားခဲ့လေသည်။ အဆိုပါဆေးရည်သည် မည်သည့်ဓာတုဗေဒနည်းဖြင့်ဖော်စပ်ထားသည်ကို ဒေါက်တာက ထုတ်ဖော်ပြောကြားခဲ့ခြင်းမပြုပေ။ တနင်္ဂနွေအထူးထုတ်

www.burmeseclassic.com

www.burmeseclassic.com



စာစောင်မှ ဆောင်းပါးရှင် "စိတ်ကူးယဉ်သမား" ကမူ အဆိုပါဆေးရည်သည် ကျောရိုးပါသည့် သတ္တဝါများထဲတွင် အာရုံကြောဆိုင်ရာ တစ်ရှူးများ ပြန်လည်အလုပ်လုပ်နိုင်သည့် တစ်မျိုးတည်းသော သတ္တဝါဖြစ်သည့် ရေဓာတ်ပိုင်း ကုန်းတစ်ပိုင်း နေတတ်သော ကင်းလိပ်ချောလို အိမ်မြှောင်အမျိုးအစားသတ္တဝါများမှ ထုတ်ယူရရှိထားသည့်ဆေးရည်တစ်မျိုး ဖြစ်ဟန်တူသည်ဟု ထင်ကြေးပေးကာ ရေးသားဖော်ပြခဲ့သည်။ စာရေးသူအနေဖြင့်မူ ဤကိစ္စနှင့်စပ်လျဉ်း၍တစ်စုံတစ်ရာ ထင်မြင်ချက်မပေးလိုပေ။ သို့သော် ဤနေရာတွင် ကျွန်ုပ်တစ်ခု ပြောကြားလိုသည်မှာ စိတ်ကူးယဉ်သမားများ၏ အယူအဆအတွေးအခေါ်များသည် ရံဖန်ရံခါ မှန်တတ်သည်ဟူသော အချက်ပင်ဖြစ်လေသည်။

ကမ္ဘာကျော် စာရေးဆရာကြီး ဂျူလီဗန်းသည် စိတ်ကူးယဉ်သမားတစ်ဦးပင်ဖြစ်၏။ သို့သော် ကျွန်ုပ်တို့သည် လူသားကိုစွမ်းအင်ဖြင့် လကမ္ဘာသို့ စေလွှတ်သည့် ဒုံးပျံများအကြောင်းကို ပြောဆိုဆွေးနွေးနေကြရပြီဖြစ်၏။ အလားတူ ကမ္ဘာကကြည်ညိုလေးစားကြရသော အိပ်၊ ဂျီဝဲလ်သည် စိတ်ကူးယဉ်စာရေးဆရာကြီးပင် ဖြစ်၏။ သို့သော် ယခုအခါ ကျွန်ုပ်တို့သည်ဆရာကြီး အိပ်ဂျီဝဲလ်ကြိုတင်နိမိတ်ဖတ်ခဲ့သည့် အသံထက်မြန်သော လေယာဉ်ပျံကြီးများ၊ အနုမြူဗုံးများနှင့် ရုပ်မြင်သံကြားကရိယာများကို တကယ့်လက်တွေ့ ကိုင်တွယ်အသုံးပြုနေကြပြီ ဖြစ်၏။

သို့ဖြစ်ရာ ကျွန်ုပ်တစ်ယောက်တည်း၏ သဘောအရဆိုပါက တနင်္ဂနွေအထူးထုတ်ဆောင်းပါးရှင် ရော်ရမ်းမှန်းဆ၍ ရေးလိုက်သောအချက်ကို လစ်လျူရှုရန်မသင့်ဟု ယူဆမိပေသည်။ ဒေါက်တာဟောလီးဒေးသည် အာရုံကြောများ ပြန်လည်သက်ဝင်လှုပ်ရှားနိုင်ရန်အတွက် အန္တရာယ်ကင်းသော ကင်းလိပ်ချောသတ္တဝါများ၏ ဟော်မုန်းဓာတ်မှ ထုတ်ယူဖော်စပ်သည့် ဓာတုဗေဒဆေးရည်တစ်မျိုးကို အသုံးပြုခဲ့ဟန်တူသည်ဟု အဆိုပါဆောင်းပါးရှင်က ရေးခဲ့၏။ ဤအချက်ကို မဟုတ်မမှန်ဟု မည်သူငြင်းဆိုနိုင်ပါသနည်း။ အဲလက်ဇန်ဒါဖလက်မင်းသည် ရှောက်သီးအခွံပေါ်တွင် မှိုတက်နေသည်ကို စမ်းသပ်ဖော်စပ်ရာမှ ပင်နီစလင်ကို ရယူတွေ့ရှိခဲ့၏။ ထိုကဲ့သို့ ထူးထူးခြားခြား စမ်းသပ်လေ့လာဖော်ထုတ်မှုများသာမရှိခဲ့ပါက ဆေးပညာသည် စုန်းအတတ်ပညာဖြစ်လာပြီး



ဦးနှောက်ကို ခွဲစိတ်ကုသခြင်းသည် ဦးခေါင်းထဲမှ မကောင်းဆိုးဝါးကောင်ကို ဖော်ထုတ်ပစ်ခြင်းဖြစ်သည်ဟု ယူဆလာကြမည် ဖြစ်ပေသည်။

မည်သို့ပင် ဖြစ်စေ၊ ဒေါက်တာဟောလီးဒေးသည် သေဒဏ်ချမှတ်ကျခံရသော မားပြလူဆိုးကြီးဒန်ကင်၏ ယာဘက်မျက်လုံးကို ခွဲစိတ်ဖောက်ထုတ်ကာ လေးနှစ်သားကလေးဒစ်ကီအဲလ်ဒပ်စ်၏ဦးခေါင်းသို့ အောင်မြင်စွာ ပြောင်းရွှေ့တပ်ဆင်ပေးခဲ့ပြီး ဖြစ်လေသည်။ ဤကိစ္စနှင့် စပ်လျဉ်း၍ ဖခင်ဖြစ်သူ ရစ်ချတ်အဲလဒပ်စ်က ဒေါက်တာဟောလီဒေးအား ခွဲစိတ်ခ ဒေါ်လာတစ်သိန်းပေးခဲ့သည်ဟူ၍ ပြောကြဆိုကြသည်မှာ လုံးဝ မဟုတ်မမှန်ပေ။ မစ္စတာအဲလ်ဒပ်စ်သည် ထိုမျှမကသောငွေကို "ဟောလီးဒေးဖောင်ဒေးရှင်း"ခေါ် ဆေးပညာပြန့်ပွားရေးနှင့် ကျန်းမာရေးဆေးရုံအဆောက်အဦးရန်ပုံငွေအတွက် အလှူငွေထည့်ဝင်ခဲ့သည်မှာ ကျောင်းသားကလေးများပင် အသိဖြစ်ပေသည်။

ဇာတ်လမ်းကို အတိုချုံး၍ပြောရမည်ဆိုပါက မွေးကတည်းက စတွေ့နှစ်ကွင်းအလင်းမရဘဲ ကံနာဝဋ်နာဆိုက်၍ စုံလုံးကန်းလာခဲ့ရှာသော လေးနှစ်သားလေး ဒစ်ကီသည် ဒေါက်တာဟောလီးဒေး၏ ခွဲစိတ်ကုသမှုကို ခံယူပြီးနောက် ပတ်တီးများကို ဖြေလိုက်သောအခါ သူ၏ယာဘက်မျက်လုံးမှာ အကောင်းပကတိဖြစ်ကာ အရာရာကို ပီပီပြင်ပြင် ကြည်ကြည်လင်လင်ကြီး မြင်လာခဲ့သည်။ ဝဲဘက်မျက်လုံးမှာ မမြင်ရဘဲရှိနေသော်လည်း ယာဘက်မျက်လုံးမှ အရာဝတ္ထုများကို ထင်ထင်ရှားရှားမြင်လာခဲ့ရာ အမျိုးသမီးသတင်းထောက်သည် သူမဝတ်ဆင်လာသော ဂါဝန်ကိုပြ၍ အပြာရောင်ဟူသော အရောင်ကွဲခြားမှုကို ပထမဆုံး သင်ကြားပေးခဲ့လေသည်။

မိမိအား လူအများရှေ့တွင် အပြတ်ခဲ့လွှတ်လိုက်သော ဒေါက်တာဟောလီးဒေး၏ရိုင်းပြမှုကို ခိုးလို့ခုလုဖြစ်နေဆဲပင်ရှိသေးသော တနင်္ဂနွေအထူးထုတ်ဆောင်းပါးရှင်သည် ဆောင်းပါးတစ်စောင်ရေးဖြစ်အောင် ရေးလိုက်သေးသည်။ သူက ဆောင်းပါးထဲတွင် အလွန်နူးညံ့ပျော့ပျောင်းသည့် လူ့မျက်လုံးမှ အာရုံကြောတစ်ရှူးများသည် ကြီးမားသော လျှပ်စစ်ဓာတ်၏ ရိုက်ခတ်မှုအရှိန်အဟုန်ကြောင့် ပြင်းထန်စွာတုန်ခါခဲ့ပြီး အာရုံကြောဆိုင်ရာ လှုပ်ရှားမှုတစ်ခုလုံးကို ထိခိုက်ကာ အမြင်အာရုံကို အနည်းနှင့်အများ ထိပါးမှုဖြစ်ပွားဖွယ်ရာရှိသည်

www.burmeseclassic.com

www.burmeseclassic.com



တူ၍ ထည့်သွင်းရေးသားခဲ့လေသည်။

ဒေါက်တာဟောလီးဒေးသည် အစပထမတွင် အကြီးအကျယ်ဒေါ်ပွကာ ဆောင်းပါးရှင်အား ကြိမ်းလားမောင်းလား လုပ်ခဲ့သေးသည်။ သို့သော် နောက်ပိုင်းတွင်မူ တဖြည်းဖြည်း ငြိမ်သွားခဲ့သည်။ ဤအတောအတွင်း ထူးခြားသည်ဟု ဆိုရမည့်အချက်မှာ ဗြိတိန်နိုင်ငံမှ ဦးနှောက်ဘက်ဆိုင်ရာ ပါရဂူကြီး မစ္စတာဒွန်းနှင့် အာရုံကြောဖက်ဆိုင်ရာ သမားတော်ကြီး ဒေါက်တာဖဲလ်ဆင်းတို့သည် ဒေါက်တာဟောလီးဒေးထံ မကြာခဏလာရောက်ဆွေးနွေးခဲ့ကြခြင်းပင် ဖြစ်သည်။ ထို့နောက်တွင်မူ ထုံးစံအတိုင်း မျက်လုံးအသစ်တပ်ထားသော ဒစ်ကီအဲလ်ဒပ်စ်၏သတင်းမှာ သတင်းစာများတွင် တဖြည်းဖြည်းနည်းသွားပြီး နောက်ဆုံး လုံးဝမြုပ်သွားခဲ့သည်။

လူတစ်ယောက်၏မျက်လုံးကို အခြားလူတစ်ယောက်သို့ ပြောင်းလဲတပ်ဆင်ပေးနိုင်ခဲ့သည်မှာ အမှန်ပင် ဖြစ်ပေသည်။ သို့သော် ကျွန်ုပ်တို့၏ ကမ္ဘာကြီးသည် ပြဿနာပေါင်း သောင်းခြောက်ထောင်ဖြင့် များမြောင်ရှုပ်ထွေးလှသည် ဖြစ်ရာ အခြားအခြားသော ပြဿနာဖြစ်ရပ်များသည် ကျွန်ုပ်တို့၏အာရုံတွင် အစားထိုး၍ ပြောင်းလဲဝင်ရောက်လာခဲ့ကြသည်။ ရုရှားနိုင်ငံမှ အဖြစ်အပျက်များ၊ ဟိုက်ထရိုဂျင်ဗုံး၊ ထုတ်လုပ်သည့်သတင်း၊ အစွရေးပြဿနာ၊ နိုင်ငံတကာတင်းမာမှုများ စသည် စသည်ဖြင့် နေ့စဉ်နှင့်အမျှ အသစ်အသစ်ပေါ်ပေါက်နေသည့် ကမ္ဘာ့အရေးအခင်းများကို အသစ်အသစ် အာရုံ စိုက်လာခဲ့ကြရာ၊ တစ်ခါက "ဒစ်ကီအဲလ်ဒပ်စ်၏အံ့ဖွယ်ဖြစ်ရပ်"ဟူသော ခေါင်းစဉ်ဖြင့် လူအများကို ကိုင်လှုပ်ခဲ့သည့်သတင်းမှာ ယခုအခါ တစ်စတစ်စ မေ့လျော့ပျောက်ကွယ်လာခဲ့ပြီဖြစ်သည်။

သို့သော် ဇာတ်လမ်းမှာ ဤနေရာတွင် မဆုံးသေးပဲ ဆက်ရှိန်ရှိနေသေးသည်။ သူဌေးကြီး ရစ်ချပ်အဲလ်ဒပ်စ်နှင့် မိသားစု၏ရင်းနှီးသော မိတ်ဆွေတစ်ယောက်အဖြစ် ကျွန်ုပ်သည် ဤဇာတ်လမ်း၏ နောက်ဆက်တွဲဖြစ်ရပ်များကို ကိုယ်တွေ့မျက်မြင် ကြုံခဲ့ရပေသည်။ မည်သို့ဖြစ်စေ ထိုစဉ်က ထိုဖြစ်ရပ်များသည် ယခုအခါ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိခိုက်နစ်နာဖွယ်ရာ မရှိတော့ရုံမျှမက အားလုံးအတွက် အကျိုးကျေးဇူးရှိရာရှိကြောင်း တွေးတောယူဆမိသည့်အလျောက် ကျွန်ုပ်သည် အများပြည်သူတို့အား အဆိုပါဖြစ်ရပ်အားလုံးကို အောက်ပါအတိုင်း ပြန်လည်ဖောက်သည်ချလိုက်ရပေတော့သည်။



□□□

ရစ်ချပ်အဲလ်ဒပ်စ်သည် မျိုးရိုးစဉ်ဆက်အားဖြင့် သုံးဆက်မြောက်ဆင်းသက်လာသည့် သန်းကြွယ်သူဌေးဖြစ်သည်။ အလွန်ယဉ်ကျေးသိမ်မွေ့၍ စိတ်ကောင်းနှလုံးကောင်း ရှိသူတစ်ဦးဖြစ်သည်။ ရှေးဟောင်းပန်းပုရုပ်များကိုလည်း စုဆောင်းတတ်သူဖြစ်သည်။ သူ့ဇနီးမှာ အီတလီမင်းသမီးတစ်ပါးပင်ဖြစ်၍ လူကာမြို့တွင် တွေ့ကြုံကာ ဖူးစာဆုံခဲ့ကြခြင်းဖြစ်သည်။ သူမသည် မင်းသမီးပီပီ လှပကျော့ရှင်းစွာ ဝတ်စားဆင်ယင်တတ်၍ အလွန်ဇီဇာကြောင်သည့် အမျိုးသမီးတစ်ဦးလည်းဖြစ်သည်။ သူတို့မြို့သို့ ရံဖန်ရံခါ အလည်အပတ်ရောက်ရှိလာကြသည့် ကမ္ဘာလှည့်ခရီးသည်များသည် အလွန်အထက်တန်းကျကျ နေထိုင်ကြီးပြင်းလာခဲ့သည့် အီတလီမင်းမျိုးမင်းနွယ်တစ်ယောက်အား နံ့ချာလှသည့် ဤမြို့ကလေးတွင် မည်သို့မည်ပုံနေထိုင်နိုင်သည်ကို အံ့ဩမဆုံးအောင် ဖြစ်မိကြသည်။ သို့သော် တကယ်တမ်းအားဖြင့်ဆိုလျှင် လူ့လောကကြီးတွင် နေတတ်ထိုင်တတ်သူများသည် ပညာရှိမျောက်သုံးကောင်လို သဘောထားလေ့ရှိကြရာ မည်သည့်ပတ်ဝန်းကျင်ကို မဆိုလစ်လျူရှုတတ်ကြစမြဲပင် ဖြစ်သည်။ မည်သည့် မကောင်းမှုအနိဋ္ဌာရုံကိုမဆို မမြင်လိုမကြားလို မပြောလိုသည့် အဓိပ္ပာယ်ဖြင့် ပါးစပ်ပိတ်၊ မျက်စိပိတ်၊ နားပိတ်၍သာ နေလေ့ရှိကြသည်။ တစ်နည်းပြောရလျှင် လောကကြီးနှင့်အဆက်ဖြတ်သည့် သဘောပင်ဖြစ်သည်။ အလွန့်အလွန် မွှေးကြိုင်သည့် ရေမွှေးနံ့သည် စူးစူးရှရှ ဖြစ်လာသောအခါ ထိုရေမွှေးနံ့ကိုပင် အနံ့မခံနိုင်တော့ဘဲ နှာခေါင်းကို ပိတ်ထားကြရသေးသည်။

သို့ဖြစ်ရာ သားကလေးဒစ်ကီသည် လေးနှစ်ကျော် ငါးနှစ်သားအရွယ်ရောက်လာသည်ထိ မိခင်ဖြစ်သူ၏ လစ်လျူရှုမှုကို ခံလာခဲ့ရသည်။ ဤမျက်မမြင် ဒုက္ခိတကလေးသည် မိမိရင်မှဖြစ်သော သားအရင်းပင် ဖြစ်လင့်ကစား မိခင်ဖြစ်သူ အီတလီမင်းသမီးအတွက် အလွန်အရုပ်ဆိုးသည့် အနိဋ္ဌာရုံတစ်ခုဖြစ်လာခဲ့သည်။ သို့ပါလျက် အဲလ်ဒပ်စ်တို့ မိသားစုအိမ်ကြီးတွင် ရှိနေကြသော

www.burmeseclassic.com

www.burmeseclassic.com



အခိုင်းအစေများသည် လက်ရွေးစင်ခန့်ထားခြင်းခံရသူများဖြစ်ကြသည်။ အစေခံအဖြစ် မခန့်မီကပင် အမျိုးမျိုးအဖုံဖုံ စစ်ဆေးမေးမြန်း၍ စိတ်တိုင်းကျ ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် ဤအစေခံများသည် ဥရောပတိုက်မှ သီးသန့်ခေါ်ယူခဲ့ခြင်းဖြစ်၍ ဤအတွက် ခရီးစရိတ်ကုန်ကျမှုသည် အရေးလုပ်ရာ မဟုတ် အသေးအဖွဲ့မျှသာ ဖြစ်သည်။

ဒစ်ကီ၏အထိန်းတော်သည် အလွန်သဘောကောင်း၍ ပင်ကိုယ်အားဖြင့် ယဉ်ကျေးသိမ်မွေ့သော ဂုဏ်သရေရှိအင်္ဂလိပ်အမျိုးသမီးတစ်ယောက် ဖြစ်သည်။ ဒစ်ကီသည် သူမထံမှ အလွန်ရှေးကျသော ကလေးချော့တေးသီချင်းများကို ကြားရသည်။ သူမ၏အသံမှာ အနည်းငယ်ကြောင်သည်ဟု ဆိုနိုင်သော်လည်း ကရုဏာရသပေါ်လွင်လှသည်ဟုဆိုရမည် ဖြစ်သည်။ ထို့ပြင် ကလေးချော့ပုံပြင်ဟူ၍လည်း မြေစည်းရိုးကို ကျော်မတက်နိုင်၍ ဒုက္ခရောက်ခဲ့ရသော ဝက်တစ်ကောင်၏ ဒဏ္ဍာရီမှတစ်ပါး အခြားပုံပြင်ဟူ၍ ဒစ်ကီမကြားဖူးလောက်အောင် ဖြစ်ခဲ့ရသည်။

အိမ်စေအမျိုးသမီးကြီးမှာ လူကာမြို့မှဖြစ်၍ လွန်ခဲ့သည့်ခြောက်နှစ်ကပင် အိမ်ရှင်သခင်မနှင့်အတူ လိုက်လာခဲ့သူ ဖြစ်သည်။ သူမ၏ယောကျ်ားမှာ စာဖိုမှူးဖြစ်သည်။ သူတို့လင်မယားနှစ်ယောက်စလုံးမှာ အင်္ဂလိပ်စကား တစ်လုံးနှစ်လုံးမျှသာ ပြောတတ်ကြသည်။ မစ္စက်အဲလ်ဒပ်စ်၏အိမ်ဖော်အမျိုးသမီးမှာ အီတလီမကလေး ဘီးထရစ်ဆိုသူဖြစ်၍ အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကား လုံးဝမတတ်သူကလေး ဖြစ်သည်။ သို့သော် သူမသည် အချုပ်အလုပ်နှင့် ဆံကေသာ ဆင်ယင်ထုံးဖွဲ့မှု အတတ်ပညာတွင် ထူးချွန်ပြောင်မြောက်သူ ဖြစ်သည်။ အမှန်စင်စစ် သူမသည် အင်္ဂလိပ်စကားသာလျှင်မဟုတ်၊ အီတလီစကားမှလွဲ၍ အခြားဘာစကားမှ ပြောတတ်သူ တစ်ယောက်မဟုတ်။ သို့သော် သူမသည် သီချင်းဆိုရာ၌ အသံကောင်းသလောက် သာယာနာပျော်ဖွယ်ရှိခဲ့ရာ မျက်မမြင် ဒုက္ခိတကလေးဒစ်ကီသည် ဘီထရစ်သီချင်းဆိုသည်ကို အလွန်သဘောကျတတ်သည်။

မည်သို့ပင်ဖြစ်စေ ဤပတ်ဝန်းကျင်တွင် ဤပုဂ္ဂိုလ်များအကြားတွင် သနားစရာကောင်းလှသော ဒုက္ခိတကလေး ဒစ်ကီ၏ဘဝသည် တစ်စုံတစ်ရာ



အကျင့်စာရိတ္တပျက်ပြားမှုနှင့် စိတ်နေစိတ်ထား ယုတ်ညံ့ဆိုးသွမ်းစရာဟူ၍ မရှိသလောက် ဖြစ်ခဲ့သည်။

သို့ပါလျက် တစ်နေ့သောအခါတွင်မူ ဒေါက်တာဟောလီးဒေး၏ မျက်လုံးခွဲစိတ်ဆင်မှု အောင်မြင်စွာ ပြီးဆုံးခဲ့၍ တစ်လခန့်အကြာ တစ်ခုသော ညတစ်ညတွင်ကလေးထိန်းအင်္ဂလိပ်အမျိုးသမီးသည် အိမ်အပေါ်ထပ်မှဆင်းလာခဲ့ပြီး ဒစ်ကီကလေး အိပ်ပျော်သွားပြီဖြစ်ကြောင်း သူ့မိဘများထံ ထုံးစံအတိုင်း လာရောက်သတင်းပို့ပြီးသည့်တိုင်အောင် ရုတ်တရက်မသွားသေးဘဲ တစ်စုံတစ်ခု ပြောစရာကိစ္စရှိနေသေးသည့် အမူအရာဖြင့် ရှိုးတိုးရှန့်တန့်ဖြစ်နေခဲ့ရာ သူမ၏အမူအရာကို ရိပ်မိသွားဟန်တူသော ဒစ်ကီ၏ဖခင်က ရုတ်တရက် ထမေးလိုက်သည်။

"မစ္စဝီလျံ ဘာပြောစရာရှိလို့လဲ၊ ပြောလေ"

ရေချယ်ဝီလျံအမည်ရှိ အင်္ဂလိပ်ကလေးထိန်းနာနီက အစပထမတွင် ပြောရန်ဝန်လေးသလိုဖြစ်နေပြီး နောက်ဆုံး၌ အရဲစွန့်၍ ဖွင့်ဟပြောလိုက်သည်။ သူမပြောပြသည့်အကြောင်းအရာမှာ ဒစ်ကီကလေးအား တစ်ယောက်ယောက်က ရိုင်းရိုင်းပြပြ စကားလုံးများ သင်ကြားထားဟန်တူကြောင်းနှင့် ထိုစကားများကို မည်သူကသင်ကြားပေးသည်ကို မိမိစဉ်းစားမရအောင် ဖြစ်နေမိကြောင်း ဆိုသည်တို့ဖြစ်သည်။ ထို့နောက် သူမသည် ဒစ်ကီ၏ပါးစပ်မှ ပြောပြခဲ့သော ရိုင်းစိုင်းသည့်စကား တစ်လုံးနှစ်လုံးကို မရွံ့မရဲဖြင့် တစ်ပိုင်းတစ်စရွတ်ပြလိုက်သည်။ သူမ၏ စိုးရွံ့ရှက်ကြောက်သော အမူအရာနှင့် စကားလုံးများကို ကြားရသောအခါ ဖခင်ဖြစ်သူ ရစ်ချပ်အဲလ်ဒပ်စ် အားရပါးရ ရယ်၍ပြောလိုက်သည်။

"ကဲ နေပါဦး ဝီလျံ. . . မစ္စက်အဲလ်ဒပ်စ်ရဲ့ အိမ်ဖော်မိန်းကလေး နာမည် ဘယ်လိုခေါ်သလဲ"

"ဘီးထရစ်လို့ ခေါ်ပါတယ်" မစ္စဝီလျံက နာမည်ကို အီတလီအသံထွက်အောင် ကြိုးစား၍ ပြောပြလိုက်သည်။

"ကောင်းပြီ ဒါဖြင့် အင်မတန်သေးငယ်တဲ့ အရာဝတ္ထုတစ်ခုကို ဘယ်လို ခေါ်သလဲ၊ ပြီးတော့ မစ္စက်အဲလ်ဒပ်စ်က ဘီးထရစ်ကို ဘယ်လိုခေါ်တတ်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘီစီလို့ခေါ်ပါတယ်" ကလေးထိန်း အမျိုးသမီးက ပြန်ဖြေသည်။

"ကဲ. . . ဒါဖြင့် ဒစ်ကီဟာ မျက်စိပြန်မြင်ပြီး အလင်းရောင်ကို ပထမဆုံးမြင်ရတော့ တအံ့တသြဖြစ်နေတုန်း ဒီအလင်းရောင်ဟာဘယ်က လာတယ်လို့ မင်းပြောခဲ့သလဲ"

"ဘာဖြစ်လို့လဲ မစ္စတာအဲလ်ဒပ်စ်၊ နေကလာတယ်လို့ ကျွန်မပြောခဲ့တာပဲ"

"အဲဒီတော့ မင်းဟာမင်းပဲ စဉ်းစားကြည့်ပေါ့ မစ္စဝီလျံ၊ အဲဒီလို ခေါင်းအေးအေးနဲ့စဉ်းစားကြည့်ရင် ရိုင်းတယ်ဆိုတဲ့ စကားလုံးတွေရဲ့ မူလအစတွေဟာ ဘယ်ကလာတယ်ဆိုတာ မင်းသိလာလိမ့်မယ်"

သို့ဖြင့် ကလေးထိန်းနာနီ ညစာစားနေခိုက် မစ္စတာအဲလ်ဒပ်စ်သည် သူ့သားအိပ်ပျော်နေသည့် အခန်းဘက်သို့ ထွက်လာခဲ့သည်။ သို့သော် လမ်းခွတ်လတ် အခန်းတစ်ခန်းကို ဖြတ်လာစဉ် သူ့ဇနီးဖြစ်သူအား ပျာယီးပျာယာဖြင့် တွေ့လိုက်ရသည်။ သူမ၏တစ်ကိုယ်လုံးမှာ တုန်နေပြီး မျက်ရည်များပင် ဝဲနေရှာသည်။ သူမကပင် စပြောလိုက်သည်။

"အိုရစ်ချပ်၊ ကျွန်မတို့သားကလေးတော့ မကောင်းဆိုးဝါးတွေ ဝင်ပူးနေပြီထင်တယ်၊ ကြည့်လုပ်ပါဦး၊ အခုပဲ. . . ကျွန်မသူ့အခန်းထဲက ထွက်လာခဲ့တာ။ ရှင့်ကို ဒီကိစ္စပြောပြမလို့။ စောစောက ကျွန်မသူ့အခန်းရောက်တော့ သားကလေးဟာ အိပ်ပျော်နေရင်းနဲ့ ကယောင်ချောက်ချားတွေ ပြောနေတယ်ရှင့်၊ "ဟော့ကောင် ကမြင်းမသား ငိုမနေနဲ့၊ တိတ်စမ်း၊ မင်းစောက်မျက်ရည်တွေကို သုတ်ပစ်လိုက်စမ်းတဲ့၊ အမယ်လေး ဘုရား ဘုရား၊ ဒီလောက်ရိုင်းတဲ့စကားလုံးမျိုးတွေ သူဘယ်တုန်းကများ ကြားဖူးလို့ပါလိမ့်ရှင်"

မစ္စတာအဲလ်ဒပ်စ်သည် သူ့ဇနီးအား အသာအယာချော့မော့၍ အိပ်ခန်းရှိရာသို့ ခေါ်လာခဲ့သည်။

"မဟုတ်သေးပါဘူးကွာ၊ ဒါ ဘာမှအရေးကြီးတဲ့ ကိစ္စမဟုတ်ပါဘူး၊ ဒစ်ကီလေးဟာ ဖြုန်းခနဲ ဒါလောက် မြန်မြန်ဆန်ဆန်ကြီးနဲ့ ဒါလောက်များပြားတဲ့ အသိဉာဏ်တွေ သူ့ဦးနှောက်ထဲမှာ စုပြုံပြီးရောက်လာလို့ ရုတ်တရက် အသိဉာဏ်နဲ့ ဦးနှောက်နဲ့မမျှ ဖြစ်သွားတဲ့သဘောပါကွာ။ အခုမှ လူ့ဘဝကို



ဖြုန်းခနဲ ရောက်လာသလိုဖြစ်ပြီး အထူးအဆန်းနဲ့ အလန့်တကြားဖြစ်သွားတဲ့သဘောပါ။ ဘာမှ စိတ်မပူပါနဲ့၊ စိတ်အေးအေးထားပါ၊ မကြာခင် နေသားတကျဖြစ်ပြီး ပုံမှန်ပြန်ရောက်သွားမှာပါကွာ"

ထို့နောက် မစ္စတာအဲလ်ဒပ်စ်သည် ဒစ်ကီအိပ်နေသော အခန်းရှိရာသို့သွား၍ အိပ်ရာဘေးတွင် ကုလားထိုင်တစ်လုံးဖြင့်ထိုင်ကာ အကဲခတ်နေခဲ့သည်။

ခဏအကြာတွင် ဒစ်ကီသည် အိပ်မောကျနေရာမှ အနည်းငယ်လူးလွန့်လာပြီး ပါးစပ်မှ စကားပြောသံများ ထွက်လာခဲ့သည်။ သူ့လေသံမှာ လေးနှစ်သားကလေးတစ်ယောက်၏အသံမျိုးမဟုတ်ဘဲ လူဆိုးသူခိုးများ ပေါများလှသည့် အနောက်ပိုင်းဒေသမှ အသံမျိုးဖြစ်နေသည်။ သို့သော် အသံများ ပီပီသသကြားနေရသည်။ "အား. . . လေဖင်ခေါင်းကျယ်မနေနဲ့ဟေ့ ငါဟာ မင်းတို့ထင်သလို ကြွက်စုတ်မဟုတ်ဘူးကွ"

မစ္စတာအဲလ်ဒပ်စ်မှာ ရုတ်တရက် ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားခဲ့သည်။ သူ့နားကိုပင် သူမယုံနိုင်အောင် ဖြစ်မိသည်။

သို့သော် နှစ်နှစ်ခြိုက်ခြိုက်ကြီးအိပ်ပျော်နေသော ဒစ်ကီကလေးမှာ သူ့ပါးစပ်မှ ဘာတွေပြော၍ပြောနေမှန်း သိဟန်မတူဘဲ ပထမတွင် တစ်ပိုင်းချင်းတစ်ပိုင်းချင်း ပြောရာမှ ခဏအကြာတွင် စကားများကို အမျှင်မပြတ်ပြောလာခဲ့သည်။ နောက်ပိုင်းတွင်မူ ဒစ်ကီသည် အိပ်ပျော်နေရာမှ ယောင်ယမ်း၍ ပြောသည့် ပုံစံမျိုးမဟုတ်တော့ဘဲ မျက်လုံးများပိတ်ထားသည်မှအပ မျက်နှာအမူအရာ အသံရော စကားလုံးအလိုက် ပြောင်းလဲကာ စိတ်ပါလက်ပါ ပြောလာသည်ကို တွေ့ရသည်။ ဤနေရာတွင် ကျွန်ုပ်သည် ဒစ်ကီပြောသည့် စကားများကို အနောက်ပိုင်းမှ ပြောလေ့ရှိသည့်လေသံမျိုးဖြင့်မဟုတ်ဘဲ အများနားလည်လွယ်သည့် ရိုးရိုးအသံထွက်များဖြင့်သာ ရေးသားဖော်ပြသွားမည် ဖြစ်ပေသည်။

"ဒီမယ်. . နားထောင် ဒီတစ်ခါတော့ နားကြားမလွဲစေနဲ့၊ ကြားလား ကမြင်းမသား"

ရစ်ချစ်အဲလ်ဒပ်စ်၏စိတ်ထဲတွင် လေးနှစ်ကျော် ငါးနှစ်သားမျှသာရှိသေးသည့်သူ့သားကလေးသည် မျက်လုံးအသစ်လဲ၍ တပ်ခဲ့စဉ်က ဆေးရုံတွင်

www.burmeseclassic.com

www.burmeseclassic.com



တစ်လကျော် နှစ်လနီးပါးမျှ နေခဲ့ရစဉ်အတွင်း ဆရာဝန်၊ သူနာပြုများနှင့် ဆေးရုံအလုပ်သမားများထဲမှ နူတ်ကြမ်းအာကြမ်းသူများ၏ စကားများကို ကြားလာခဲ့လေသလောဟု ရုတ်တရက် စဉ်းစားကြည့်မိသည်။ သို့သော် ယခု မိမိသားဖြစ်သူ၏ စကားများမှာ ဆေးရုံတွင် သုံးနှုန်းလေ့ရှိသည့် စကားလုံးများမဟုတ်ဘဲ ပို့မို့ရိုင်းစိုင်းကြမ်းတမ်းနေရုံမျှမက အိပ်ပျော်နေသည့်ကြားမှ သူ့မျက်နှာ အမူအရာမှာ လေးနှစ်သားအရွယ်နှင့်မလိုက်အောင် ရင့်ရော်မာကြောလာသည်ကို သတိထားမိပြီး စိုးရိမ်စိတ်များပင် ဝင်လာခဲ့သည်။

"ဒွန်း. . . မင်းက ဟို ၄၅ ကြီးကို ကိုင်ကွာ၊ မတ်. . မင်းကတော့ ၃၈ ပြောင်းတိုကိုပဲယူခဲ့။ ဘာဖြစ်လို့လဲသိလား။ မင်းတို့သိအောင် ငါပြောပြမယ်။ ဒိုမိနစ်လို အကောင်သေးသေးအတွက် သေနတ်ကြီးကြီး ကိုင်မှဖြစ်မယ်ကွ။ ငါပြောတာ နားလည်ရဲ့လား။ ပြီးတော့ ပြောင်းတိုသေနတ်က တကယ့်အရေးအကြောင်းပေါ်လာရင် မတ်လိုအကောင်မျိုးနဲ့ အသင့်တော်ဆုံးပဲ။ ဒါမှ မင်းတို့ဂိုက်နဲ့ မင်းတို့ကိုင်ထားတဲ့ သေနတ်ကိုကြည့်ပြီး ဟိုခွေးမသားတွေ ရှိန်မှာကွ သိရဲ့လား။ ငါ့အတွက်လား ငါကတော့ လျှူဂါပဲ ကိုင်မယ်လေ။ ဘာလို့လဲဆိုတော့ လျှူဂါကိုကိုင်တယ်ဆိုတာ အလုပ်သဘောကွ၊ အလုပ်သဘော၊ ခွေးသားတွေက လျှူဂါကိုင်တဲ့လူကိုပဲ ဂရုစိုက်ပြီး ကြည့်တတ်တယ်။ ဒါပေမယ့် ကျည်ဆန်တော့ မထည့်ရဘူးနော်။ သိလား၊ ကျည်ဆန်ထည့်တာကို ငါမလိုချင်ဘူး။ ကဲ. . . ကျည်ကပ်ကို ကြည့်ကြစို့ ဒွန်။ ဟော့ မတ်. . ကျည်ကတ်ဖြုတ်ပြီး ငါ့ကိုပေးစမ်း။ အေးဟုတ်ပြီ၊ ဘာလဲဒွန် မင်းက ငါ့ကို ပြန်ပြောချင်သေးလို့လား။ ဟုတ်လား ကောင်းပြီ။ အိုကေ ဒီလိုဆို ငါကလည်း မင်းကို ပြောချင်တာ ရှိသေးတယ်။ ငါက ဒီမွန်တာနားမှာ ငါ့ကိုယ်ငါ နံပါတ်တစ်ဖြစ်ဖို့ မရည်ရွယ်ပါဘူးကွ။ နံပါတ်တစ်ဖြစ်ပြီးရင် စက်တိုင်တက်ဖို့ပဲ ကျန်တော့တယ် မဟုတ်လား။ အိုကေ. . . အိုကေ ဒါကို သိပ္ပံနည်းမကျဘူးလို့ ပြောချင်လည်း ပြောပေါ့ကွာ။ ဒါပေမယ့် မင်းတို့အားလုံး ငါပြောတဲ့အတိုင်း လုပ်ရလိမ့်မယ် ကြားလား။ ငါ ပြောတာ ယုံစမ်းပါကွာ။ ဒီတစ်ခါ တို့လုပ်ငန်းအောင်ရင် မင်းတို့လက်ခမောင်းခတ်ဖို့သာ ပြင်ပေတော့။ ငါ့ရဲ့အစီကလက်နက်က အချိန်ပဲကွ။ ဟော့ကောင် ခွေးသား ဒိုမီနစ် မင်းလက်ထဲက ၄၅ကြီးကို ငါ့ခဏပေးစမ်း၊ ကျည်ဆန်မပါဘူးဟုတ်လား။ အေး ကောင်းပြီ၊ ဒီလိုမှပေါ့ကွ၊ ကဲ. . . အားလုံး အိုကေ့၊ ငါပြောတာတွေ တစ်ခုမှ မမေ့နဲ့နော်။ အစက အဆုံးအထိ ငါပြောသလိုသာလုပ်ကြတဲ့ လုပ်ငန်းစကြစို့"



ထို့နောက် ဒစ်ကီသည် စကားပြောရပ်သွားသည်။ သူ့မျက်နှာအမူအယာမှာလည်း တဖြည်းဖြည်း နဂိုပုံမှန်အတိုင်း တစ်စတစ်စ တည်တည်ငြိမ်ငြိမ် ဖြစ်သွားရာမှ နောက်ဆုံးတွင် နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျသွားခဲ့သည်။

မစ္စတာအဲလ်ဒပ်စ်သည် အခန်းထဲမှ အသာကလေးပြန်ထွက်လာခဲ့ရာမှ အခန်းဝ လှေကားထိပ်တွင် ကလေးထိန်း မစ္စဝီလျံကို တွေ့လိုက်ရသည်။

"ကျွန်မဖြင့် သေသာသေလိုက်ချင်တာပါပဲရှင်" သူမက ပြောလိုက်သည်။

"ဒါလောက်ရိုင်းတဲ့ စကားလုံးတွေကို ဒစ်ကီလေးဟာ ဘယ်ကများ တတ်လာခဲ့တယ် မသိပါဘူး"

မစ္စတာအဲလ်ဒပ်စ်က သူမစကားကို တစ်စုံတစ်ရာတုံ့ပြန်ခြင်း မပြုဘဲ သူ့စိတ်ကူးဖြင့် သူပြောလိုက်သည်။

"ဒီမယ် မစ္စဝီလျံ၊ ဒစ်ကီရဲ့အခန်းထဲမှာ ငါ နှစ်ညသုံးညလောက် အိပ်ကြည့်ရင် သိပ်ကောင်းမယ်ထင်တယ်"

မစ္စတာအဲလ်ဒပ်စ်သည် သူ့စကားအတိုင်း ဒစ်ကီ၏အခန်းထဲသို့ ပြောင်း၍ နှစ်ည သုံးညအိပ်ခဲ့သည်။ သူသည် ပို၍သေချာစေရန်အတွက် ခါးတိုင်း ကလေးထိန်းနာနီအိပ်သည့် ခုတင်ပေါ်မှာပင် လှဲ၍ တစ်ညလုံးမအိပ်ဘဲ စောင့်ကြည့်ခဲ့သည်။ သူသည် ဒစ်ကီကလေး ပြောသမျှစကားကို တစ်လုံးမကျန် ဂရုစိုက်၍နားထောင်ကာ စာဖြင့် ရေးမှတ်ထားခဲ့သည်။ ဤတွင် ဒစ်ကီ၏စကားများမှာ သူ၏စိတ်အာရုံထဲတွင် ပေါ်ပေါက်ထင်မြင်လာသမျှကို ပြန်ပြောခြင်းဖြစ်ကြောင်း သတိထားမိသည်။ ဤကလေးသည်မွေးရာပါ မျက်မမြင်ဒုက္ခိတကလေးတစ်ဦးဖြစ်ရာ သူ့အနေဖြင့် ဤအဖြစ်မျိုးကို ကြုံဖူးတွေ့ဖူးရန်ဝေးစွ၊ ကြားဖူးနားဝပင် လုံးဝမရှိခဲ့သည်မှာ သေချာသည်။

"အဲဒီကျွန်းပေါ်မှာ မြွေတွေအထွေးလိုက်၊ အထွေးလိုက် တွေ့လိမ့်မယ်။ ဘာလဲ ခင်ဗျား ကျုပ်ပြောတာ မယုံဘူးလား။ ခင်ဗျားကို ကျုပ် အဲဒီမြွေ

www.burmeseclassic.com



တွေ့လိုက်ပြမယ်။ တွေ့ရင်ကျုပ်ကို ဘာပေးမလဲ၊ မြေကြ အင်မတန်ကြီးပြီး အင်မတန်အဆိပ်ပြင်းတဲ့ မြွေမျိုးဗျ။ ပါးစပ်က ဝါဂွမ်းလို ဖြူဖွေးပြီး အစွယ်ကြီးတွေကကို ခင်ဗျားလက်ညှိုးလောက် ရှိတယ်။ ကဲဗျာ ပြောနေကြာတယ်။ ခင်ဗျားမှာ ရှိတာ တစ်ခုခု ကျုပ်ကိုပေး၊ အဲဒီမြွေတွေကို ကျုပ်လိုက်ပြမယ်"

ပြောရင်းဆိုရင်းဖြင့် ခစ်ကီ၏အသံမှာ ပို၍မာရေကြောရေ ဖြစ်လာသည်။

"ဘာပြောတယ်၊ ခင်ဗျားမှာ ပေးစရာဘာမှမရှိဘူး ဟုတ်လား။ ဒါဆိုရင် ခင်ဗျား ကျုပ်ရဲ့အချိန်ကို သက်သက်မဲ့ လာဖြုန်းနေတာပဲ။ ခင်ဗျား အိန္ဒိယလူနီတွေရဲ့ လက်လိမ်ချိုးနည်းမျိုး ချိုးတတ်ရဲ့လား၊ အဲဒါတတ်ထားရင် ခင်ဗျား လူတစ်ယောက်ရဲ့ တံတောင်ဆစ်ကို ကောင်းကောင်းကြီးချိုးနိုင်မယ်။ ကဲ. . ဒီလိုဆို စမ်းလိုက်ကိုယ့်လူ။ ခင်ဗျားကို ကျုပ် အလကားပြမယ်။ ကိုင်း ဘယ်နှယ့်လဲ။ နာသွားသလား။ ဒါတော့ လွန်တာပေါ့။ ဒီထက်ပိုပြီး နည်းနည်းကလေး နှိပ်လိုက်ရင် ခင်ဗျား ဘယ်သက်သာမလဲ၊ ဟော. . ဟောဒီလို. . ဟောဒီလို. . ဘယ့်နှယ့်လဲ။ ကြိုးတွေကို ထုံးပြီးချည်ထားသလို အထွေးလိုက်ကြီးဖြစ်နေတဲ့ မြွေတွေကို ကြည့်ဖို့အတွက် ခင်ဗျားမှာ ဘာမှပေးစရာမရှိသေးဘူးလား ရပါတယ်။ ခင်ဗျားရှာရင် ရနိုင်ပါတယ်။ ခင်ဗျား နည်းနည်းတော့ လိမ္မာလာပြီ။ ဒီလိုဆို ခင်ဗျားကို အိန္ဒိယလူနီတွေရဲ့ လက်လိမ်ချိုးနည်း သင်ပေးတဲ့အတွက် ကျုပ်ကိုခင်ဗျား ပိုက်ဆံပေးစရာ ကြွေးတင်နေပြီပေါ့။ မဟုတ်သေးဘူးလေ။ ခင်ဗျားကို ဒီနေ့တော့ ဒီမြွေတွေလိုက်ပြဖို့ အချိန်မရသေးဘူး။ ကျုပ်မှာ အချိန်တွေ အလကားကုန်နေတာပဲ၊ ဒီလိုဆို ခင်ဗျား ပြားနှစ်ဆယ်ယူခဲ့လေ။ ခင်ဗျားလည်း လူလည်ပဲဗျာ၊ ရပါတယ်။ အဲဒီကျတော့ကျုပ်ခင်ဗျားကို အင်မတန်အကွက်လှတဲ့ စိန်တုံးတွေ လို ကျောမှာ အကွက်အပြောက်တွေနဲ့ မြွေပွေးတွေနေတဲ့ နေရာကိုတောင် လိုက်ပြဦးမယ်။ ဒါပေမယ့် ခင်ဗျား ကျုပ်စကားကို နားမထောင်ရင်တော့ ခေါင်းနဲ့ကိုယ်နဲ့ အိုးစားကွဲပြီသာမှတ်။ ဟုတ်ပါတယ်။ ကျုပ်တို့ခင်ဗျားကို ရိုးရိုးသားသားနဲ့ ဆက်ဆံနေတာပါ။ တကယ်ပါ။ ကျုပ်နဲ့တက်ဒီက ခင်ဗျားအပေါ်မှာ စေတနာထားပါတယ်။ ကျုပ်ပြောတာကို ယုံစမ်းပါ။ အဲဒီတော့ နက်ဖြန်မနက် ရှစ်နာရီမှာ ကျုပ်နဲ့တက်ဒီကို ဝါရှင်တန်လှေဆိပ်မှာ ဆက်ဆက်လာတွေ့ပါ။ ခင်ဗျားနဲ့အတူ



ချာလီကိုလည်း ပါအောင်ခေါ်ခဲ့။ ပြီးတော့ သူ့ကိုလည်း ပြားနှစ်ဆယ်ယူခဲ့ဖို့ ပြောလိုက်ဦး၊ အဲဒါမှ မပါလာရင်တော့. . ."

မစ္စတာအဲလ်ဒပ်စ်သည် ခစ်ကီပြောသမျှ စကားများကို တစ်ခုမကျန် စာဖြင့် ရေးမှတ်ခဲ့သည်။ ထို့နောက် နံနက်သုံးနာရီခန့်တွင် ခစ်ကီ စကားပြောလာပြန်သည်။

"အိုကေ ကိုယ့်လူတို့ ဒီမှာပေါ့. . . ပေးစရာရှိတဲ့ပိုက်ဆံ ပေးလိုက်ရင်ပြီးတာပဲ။ အားလုံး အိုကေပဲပေါ့။ ခဏနေဦး။ ကိုယ်နဲ့တက်ဒီက သရီးဖင်းဂါးရဲ့ လှေကို ငှားလိုက်ဦးမယ်။ ပြီးတော့ မောင်ရင်နဲ့ ချာလီကို မြွေတွေကြည့်ရအောင် လိုက်ပြမယ်။ သွားရမယ့်ခရီးက နီးတာမဟုတ်ဘူး ကိုယ့်လူ။ ရွှံ့တော နွံတောတွေကို ဖြတ်သွားရမှာ။ အဲဒီအတွက် လှေငှားခက အတော်လေးပေးရလိမ့်မယ်။ ဟုတ်တယ် မဟုတ်လား တက်ဒီ။ ဘာလဲ၊ မင်းက ငါနဲ့မလိုက်ချင်ဘူးလား။ ဟုတ်လား။ ငိုမနေစမ်းပါနဲ့ကွာ။ ငါက ငိုသံတွေဘာတွေ ကြားချင်တဲ့ကောင် မဟုတ်ဘူး။ ငိုသံကြားရရင် ငါ အားကြီးစိတ်တိုတယ်။ ငါစိတ်တိုပြီဆိုရင် မင်းအတွက် သက်သာဘူးသာ မှတ်တော့။ အိန္ဒိယလူနီတွေနည်းနဲ့ ခါးကိုလိမ်ချိုးပစ်လိုက်ရုံပဲ။ ဒီလိုဆို မင်း တစ်သက်လုံးလမ်းလျှောက်လို့ရမှာမဟုတ်ဘူး။ ငါပြောတာ ကောင်းကောင်းမှတ်ထား"

ခစ်ကီသည် ထိုညက နောက်ထပ် စကားမပြောတော့ဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့သည်။

နောက်တစ်နေ့ နံနက်ကိုးနာရီခန့်တွင် မစ္စတာအဲလ်ဒပ်စ်သည် စိတ်ပညာပါရဂူ ဒေါက်တာဘက်ရှာနှင့် သွားရောက်တွေ့ဆုံခဲ့သည်။ သူက ဒေါက်တာအား သူ့သား ခစ်ကီ၏ ထူးဆန်းသောအဖြစ်အပျက်ကို အားလုံးတစ်ခုမကျန် ပြောပြခဲ့သည်။ အထူးသဖြင့် သူအိပ်ပျော်နေစဉ် ပြောခဲ့သောစကားများကို စာဖြင့်ရေးမှတ်ထားသည့်အတိုင်း ပြခဲ့သည်။ သို့သော် ဒေါက်တာဘက်ရှာ ရုတ်တရက် ဘယ်လိုမှမပြောတတ်အောင် ဖြစ်နေခဲ့သည်။ အထူးသဖြင့် ခစ်ကီကလေးသည် သူဖြတ်သန်းလာခဲ့ရသည့် ပတ်ဝန်းကျင်အရ သူအိပ်ပျော်နေစဉ် ပြောကြားခဲ့သည့်စကားထဲမှ အဖြစ်အပျက်များနှင့် ဘယ်လိုမှ ဆက်စပ်မရအောင် ဖြစ်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မစ္စတာအဲလ်ဒပ်စ်သည် ကံအားလျော်စွာ စုံထောက်အရာရှိ နီဖွတ်ဆိုသူနှင့် အမှတ်မထင် သွားတွေ့ခဲ့သည်။ အထူးသဖြင့် စုံထောက်နီဖွတ်သည် သေဒဏ်ကျခံသွားခဲ့သည့် ဓားပြလူဆိုးကြီးဒန်ကင်၏အမှုကို ကိုင်ခဲ့သည့် အရာရှိဖြစ်ရာ ပို၍အဆင်ပြေကာ အနီးစပ်ဆုံးအဖြေမှန်ကို ရနိုင်လိမ့်မည်ဟု ယူဆမိသည်။ သို့ဖြင့် မစ္စတာအဲလ်ဒပ်စ်သည် စုံထောက်အရာရှိအား ဒစ်ကီ၏ နောက်ဆုံးအခြေအနေ ဖြစ်ရပ်အားလုံးကို အသေးစိတ်ပြောပြခဲ့သည်။

ဤတွင် စုံထောက်အရာရှိက ပြန်ပြောခဲ့သည်။

"ဒီတိုင်းဆိုရင် အတော်ထူးဆန်းတာပဲ၊ မစ္စတာအဲလ်ဒပ်စ်၊ ဖြစ်နိုင်ရင် ခင်ဗျားသား ဒစ်ကီပြောတာတွေကို ပိုသေချာအောင် တစ်ခါထပ်ပြောပြပါဦး"

"ဒါတွေကို ကျွန်တော် တစ်လုံးချင်း စာနဲ့ရေးမှတ်ထားပါတယ်"

"ဒီလိုဆိုရင်လည်း အဲဒါတွေကို မိတ္တူတစ်ခုလောက် ကျုပ်ကိုပေးရင် ကောင်းမယ်ထင်တယ်၊ ပြီးတော့ ဒီကိစ္စမှာ ဒီလိုရှိတယ် မစ္စတာအဲလ်ဒပ်စ်၊ ကျုပ်မှာလည်း သားသမီးတွေ ကလေးတွေရှိတယ်။ အဲဒီထဲက ကျုပ်သားတစ်ယောက်ဟာ အရိုးပျော့တဲ့ရောဂါနဲ့ မစွမ်းမသန်ဖြစ်နေတယ်။ ဒါကြောင့် ကျုပ်ဟာ ကလေးတွေကို ချော့မော့ပြီး ပြောတတ်တဲ့ ဝါသနာပါနေတယ်။ တကယ်လို့ ဖြစ်နိုင်မယ်ဆိုရင် ကျုပ်ကိုယ်တိုင် ခင်ဗျားသားကို စကားတစ်ခွန်း နှစ်ခွန်းလောက် ပြောကြည့်ချင်တယ်။ အဲဒါ ခင်ဗျား ခွင့်ပြုနိုင်ပါ့မလား။ ဒါဟာ တရားဝင်တော့ မဟုတ်ဘူးပေါ့ဗျာ"

"ဆရာက ဘယ်လိုစိတ်ကူးရလို့လဲ" မစ္စတာအဲလ်ဒပ်စ်က မေးလိုက်သည်။

စုံထောက်နီဖွတ်က. . .

"ဒီမယ် မစ္စတာအဲလ်ဒပ်စ်၊ ဒီကိစ္စနဲ့ပတ်သက်လို့ သဲလွန်စရှာချင်တယ်ဆိုရင် ဒီနည်းနဲ့ ရှာရလိမ့်မယ်။ ဒီကိစ္စဟာ ကျုပ်နားလည်သလောက် အင်မတန်ထူးဆန်းပြီး အင်မတန်စဉ်းစားရကြပ်တဲ့အမှုပဲဗျ။ စဉ်းစားရင်း စဉ်းစားရင်းနဲ့ မျက်စိလည်ပြီး ဘယ်လိုကဘယ်လို ဖြစ်မှန်းမသိအောင် ဖြစ်နေလိမ့်မယ်။ အဲဒီတော့ တစ်ခါတစ်ခါ အဲဒီလို အစဉ်းစားရကြပ်ပြီး မှောင်ထဲမှာ စမ်းတဝါးဝါးနဲ့ ဘာလုပ်ရမှန်း မသိ၊ ဘယ်လိုဖြစ်မှန်းမသိတဲ့ အခါမျိုးကျရင် စိတ်



ကူးနဲ့မှန်းပြီး တစ်ခုခု လုပ်လိုက်ရတာမျိုး ရှိတတ်တယ်။ အခု ဒီအမှုမှာက တော်တော်လေး လျှို့ဝှက်ဆန်းကြယ်တဲ့ သဘောမျိုးရှိနေတော့ ဒီလိုစိတ်ကူးနဲ့ မှန်းပြီး ခန်းကြည့်ရမှာပဲ"

"ကျွန်တော်တော့ ဆရာပြောတဲ့အဓိပ္ပာယ်ကို သဘောမပေါက်နိုင်ဘဲ ဖြစ်နေတယ်ဆရာ"

"ကျုပ်လည်း သဘောပေါက်နားလည်လို့ လုပ်တာမဟုတ်ပါဘူး မစ္စတာအဲလ်ဒပ်စ်၊ ဒါပေမယ့် ခင်ဗျားကို စဉ်းစားစရာ အချက်တစ်ခုနှစ်ခု ပြောပြမယ်။ ခင်ဗျားလက်ခံနိုင်မယ်ဆိုရင်ပေါ့ဗျာ၊ အဲဒါတွေကတော့ (က) ကျုပ်ဟာ သေသွားတဲ့ ဓားပြဗိုလ်ဒန်ကင်နဲ့ပတ်သက်လို့ ဖြစ်ခဲ့ပျက်ခဲ့သမျှ အကုန်သိထားတဲ့ လူတစ်ယောက်ဆိုတာရယ်၊ (ခ) ဒါတွေကို ကျုပ်အနေနဲ့ နောက်ကြောင်းပြန်စရာ မလိုတော့ပေမယ့် မွေးကတည်းက မျက်စိမမြင်တဲ့ ငါးနှစ်သားကလေးအရွယ် ခင်ဗျားသားကို ဒေါက်တာဟောလီးဒေးက ဒန်ကင်ရဲ့ မျက်လုံးတစ်ဖက်တပ်ပေးခဲ့တယ်ဆိုတာရယ်၊ အဲဒီနောက် (ဂ) အခု ကျုပ်အကြမ်းဖျင်း သိရသလောက် အဲဒီ ခင်ဗျားသားကလေးဒစ်ကီဟာ သူမမွေးခင် လွန်ခဲ့တဲ့ ဆယ့်ခြောက်နှစ်လောက်က မိုင်ပေါင်းနှစ်ထောင်လောက်ဝေးတဲ့အရပ်မှာ ဖြစ်ခဲ့တဲ့အဖြစ်အပျက်တွေကို တစ်ခုပြီးတစ်ခု တစ်လုံးပြီးတစ်လုံး အသေးစိတ်ပြန်ပြောနေတာရယ်၊ အဲဒီ အချက်သုံးချက်ကို စဉ်းစားကြည့်စေချင်တယ်"

"အို. . . ဒီလို မဟုတ်ဘူး ဆရာ၊ လုံးဝမဟုတ်ဘူး" မစ္စတာအဲလ်ဒပ်စ်က အလန့်တကြားအော်ပြောလိုက်သည်။

"ဟုတ်ပါတယ်လေ၊ သေချာပေါက် ဟုတ်ပါတယ်" စုံထောက်အရာရှိက ပြန်ပြောလိုက်သည်။

"သူပြောတဲ့ စကားတွေထဲမှာပါတဲ့နေရာတွေနဲ့ နာမည်တွေကြည့်ရင် သိနိုင်ပါတယ်။ ပိုပြီး စိတ်ဝင်စားစရာကောင်းတဲ့အချက်က ခင်ဗျာ့သားဟာ သူမမွေးခင်ကတည်းက သေသွားခဲ့တဲ့လူတွေရဲ့ နာမည်ကို တစ်ခါမှ မကြားဘူးဘဲနဲ့ တိတိကျကျ ပြောနိုင်တာဟာ အတော့်ကို ထူးဆန်းတယ်။ အဲဒီအချက်ကို ခင်ဗျား ဘယ်လိုပြောမလဲ၊ သူပြောတဲ့စကားထဲမှာပါတဲ့ တက်ဒီဆိုတဲ့ လူဆိုးတစ်ယောက်ဟာ လွန်ခဲ့တဲ့ ဆယ်နှစ်ဆယ့်တစ်နှစ်လောက်က ဘုရားရှိခိုးကျောင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ကျောင်းရဲ့ရှေ့မှာ တိုက်ပွဲဖြစ်ပြီး သေနတ်မှန် သေသွားခဲ့တယ်။ တကယ့်လူဆိုးတစ်ယောက်ပဲ။ ဒီအကြောင်းကို ကျုပ် အက်ဖ်ဘီအိုင်မှုခင်းဖိုင်တွဲတွေမှာ တွေ့ဖူးတယ်။ ပြီးတော့ အဲဒီတုန်းက ဝါရှင်တန်လေ့ဆိပ်ဆိုတာလည်း တကယ်ရှိခဲ့ဖူးတယ်။ သရီးဖင်းဂါးဆိုတဲ့လူလည်း ရှိခဲ့ဖူးတယ်။ အဲဒီလူက နောက်တော့ ဘယ်ရောက်သွားမှန်း မသိတော့ဘူး။ ချာလီဆိုတဲ့ လူကတော့ သေသွားတဲ့ သူ့အဖေရဲ့ကုန်စုံဆိုင်ကို ဆက်ပြီးဖွင့်ခဲ့တဲ့လူပဲ။ ပြီးတော့ ပိုပြီးသေချာတာက အဲဒီဝါရှင်တန်လေ့ဆိပ်ကသွားရင် အင်မတန်တောနက်ပြီး မြွေဆိုးတွေပေါတဲ့ ကျွန်းတစ်ကျွန်းရှိခဲ့ဖူးတယ်။ အဲဒီနောက် ခင်ဗျားသားမမွေးခင် အဲဒီအချိန်၊ အဲဒီတုန်းက အခုသေသွားတဲ့ ဓားပြဗိုလ် ဒန်ကင်ဟာ လူတစ်ယောက်ရဲ့လက်ကို လိမ်ချိုးဖူးတယ်ဆိုတာ ကျုပ် သေသေချာချာမှတ်မိတယ် မစ္စတာအဲလ်ဒပ်စ်. . .”

“ဒီလိုဆို ဒီကိစ္စကို ကျွန်တော်တော့ ဘယ်လိုမှမစဉ်းစားတတ်အောင် ဖြစ်နေပြီ”

ရစ်ချပ်အဲလ်ဒပ်စ်က ညီးညီးညူညူ ပြောရှာသည်။

“ကျုပ်လည်း အတိအကျစဉ်းစားလို့ မရသေးပါဘူး။ အဲဒါကြောင့် ကျုပ်ခင်ဗျားသားနဲ့ ခဏတဖြုတ်လောက် တွေ့ကြည့်မလားလို့”

“မဖြစ်ဘူးဆရာ၊ ဒါတော့မဖြစ်ဘူး၊ ဒါပေမယ့် အင်မတန်အဆိပ်ပြင်းတဲ့ မြွေဆိုးတွေအကြောင်းကို သူဘယ်လိုလုပ်ပြီးသိနေသလဲ မပြောတတ်ဘူး။ သူ့အဲဒီမြွေမျိုးကို တစ်ခါမှလည်း မြင်ဖူးတာမဟုတ်ဘူး။ ကျွန်တော့်သားဟာ မြွေဆိုလို့ တစ်ကောင်မှမြင်ဖူးတာ မဟုတ်ဘူးဆရာ။ မှန်တဲ့အတိုင်းပြောရရင် ကျွန်တော်နဲ့ ကျွန်တော်မိန်းမတောင် ဒီလိုမြွေမျိုးကို တစ်ခါမှ မမြင်ဖူးပါဘူး။ အဲဒါကို စဉ်းစားလို့မရအောင် ဖြစ်နေတယ်ဆရာ”

“ဒီလိုဆိုရင် ခင်ဗျာ့သားကို ကျုပ်နဲ့တွေ့ပေးဖို့ ပိုပြီးလိုအပ်လာတယ်ထင်တယ်”

“ကဲပါဆရာရယ်၊ ခုမှတော့ မထူးတော့ပါဘူး၊ ဆရာ့သဘောပါပဲ။ ဆရာကြိုက်သလိုသာ လုပ်ပါတော့”

မစ္စတာအဲလ်ဒပ်စ်က နောက်ဆုံး၌ စုံထောက်နိဖွတ်၏အလိုကို လိုက်လျောခဲ့သည်။



စုံထောက်အရာရှိကလည်း ခွင့်ပြုချက်ရပြီဖြစ်၍ လောလောဆယ်အလုပ်အားရက်ရသည့် တနင်္ဂနွေနှစ်ပတ်လုံးလုံး အပန်းဖြေခရီးမထွက်တော့ဘဲ ဒစ်ကီ၏အိပ်ရာဘေးတွင်ထိုင်ကာ ဒစ်ကီအိပ်ပျော်နေစဉ် စောင့်၍ အကဲခတ်လေ့လာခဲ့သည်။ ဤအတောအတွင်း မစ္စက်အဲလ်ဒပ်စ်မှာ သားဖြစ်သူအတွက် ကြီးအကျယ်စိတ်ထိခိုက်၍ အိပ်ရာထဲတွင်လှဲနေခဲ့ရာ မစ္စတာအဲလ်ဒပ်စ်သည် စုံထောက်အရာရှိထံသို့ အချိန်ပြည့်မလာရောက်နိုင်ဘဲ ရှိနေခဲ့သည်။ သို့သော် သူသည် နောက်ပိုင်းရက်များတွင် စုံထောက်နိဖွတ်နှင့်အတူ သားဖြစ်သူအားလာ၍ စောင့်ကြည့်ခဲ့သည်။ ထိုရက်ပိုင်းတွင် ပို၍အထောက်အထားရစေရန်နှင့် ပို၍ တိကျစေရန် လက်ရေးတိုလက်နှိပ်စက်သမားတစ်ယောက်ကိုပါ ခေါ်ယူ၍ ဒစ်ကီပြောသမျှစကားများကို တစ်လုံးမကျန် စာဖြင့်ရေးမှတ်ခဲ့သည်။ အထူးသဖြင့် အိပ်ပျော်နေစဉ် တောင်တစ်ခွန်း မြောက်တစ်ခွန်း ပြောနေသော ဒစ်ကီ၏စကားများသည် မည်သည့်အချိန်က မည်သို့သောအဖြစ်အပျက်နှင့် ဆက်စပ်မှုရှိသည်ကို လေ့လာစူးစမ်းနိုင်ရန်ဖြစ်သည်။

ဒစ်ကီသည် ထိုသို့ တောင်စဉ်ရေမရစကားများကိုမပြောမီ အိပ်ရာထဲတွင် ဘယ်ညာလူးလိမ့်နေတတ်သည်။ ဤသို့ဖြစ်ရသည်မှာ ဒစ်ကီသည် တစ်စုံတစ်ခုသော ဝေဒနာကို မချိမဆန့် ခံစားနေရသည့် လက္ခဏာပင် ဖြစ်သည်ဟု စုံထောက်အရာရှိက ယူဆခဲ့သည်။ တစ်နည်းပြောရလျှင် သူသည် အလွန်ကြောက်မက်ဖွယ်ကောင်းသည့်အဖြစ်မျိုးနှင့် ရင်ဆိုင်နေရသလို ဖြစ်နေသည်ဟု ယူဆခဲ့သည်။ ထိုအချိန်တွင် သူ၏အပူချိန်မှာ ၁၀၃ ဒီဂရီအထိ တက်လာသည်ကိုတွေ့ရသည်။ ထို့နောက် သူသည် စကားစ,ပြောလာသည်။

“ကဲ. . ကိုယ်လူတို့၊ အစီအစဉ်က ဒီလိုရှိတယ်။ ပင်က စက်ကို အဆင်သင့်နှိုးထား။ စကတည်းက စက်ကိုနှိုးပြီးသား ဖြစ်နေရမယ်ကြားလားဝင်။ ဂျိုးက လူခေါ်ဖို့ နှိပ်တဲ့ခေါင်းလောင်းရဲ့အောက်မှာ သွားကြားထိုးတဲ့ဘလေး ညှပ်ထား၊ အဲဒီအချိန်မှာ အခန်းထဲကို ငါခေါင်းဆောင်ပြီးဝင်မယ်. . ကြားလား၊ ကဲ ဟုတ်ပြီ၊ အိုကေ”

စုံထောက်အရာရှိနိဖွတ်က ဒစ်ကီ၏အထက်ပါစကားကို ချက်ချင်းဘာသာပြန်လည်လိုက်သည်။ သူ့စကားထဲမှ ပင်ဆိုသူမှာ လူဆိုးဂိုဏ်းများက အမြဲ ငှား

www.burmeseclassic.com

www.burmeseclassic.com



ရမ်းလေ့ရှိသည့် ကားမောင်းသမားတစ်ဦး၏အမည်ဖြစ်သည်။ သူ့မျက်နှာမှာ အရုပ်ဆိုးလှသဖြင့် ပင်ဟု အမည်ပေးထားကြခြင်း ဖြစ်သည်။ ဂျိုး ဆိုသူမှာ သေနတ်ကိုင်လူဆိုး ဂျိုးရီကာဒိုဆိုသူဖြစ်၍ ဓားပြမှု၊ လုယက်မှုများ မကြာခဏ ကျူးလွန်ခဲ့သူဖြစ်သည်။ တစ်ခါက ဒန်ကင်သည် ပင်နှင့်ဂျိုးတို့၏ အကူအညီဖြင့် အလုပ်သမား သမဂ္ဂခေါင်းဆောင် အမ်တပ်ဆိုသူအား ပစ်သတ်ခဲ့ဖူးသည်။ ဒန်ကင်သည် ထိုအမှုနှင့်ပတ်သက်၍ အဖမ်းခံခဲ့ရသော်လည်း သက်သေမလုံလောက်သဖြင့် ကွင်းလုံးကျွတ်လွတ်သွားခဲ့ဖူးသည်။ ထိုစဉ်က အမ်တပ်သည် သူ့အိမ်တံခါးဝမှာပင် ပစ်သတ်ခြင်းခံခဲ့ရသည်။ အချင်းဖြစ်ပွားရာ၌ အိမ်နီးနားချင်းများသည် သေနတ်သံကို ကောင်းကောင်းမကြားလိုက်ရဘဲ အမ်တပ်၏ အိမ်မှ လူခေါ်ခေါင်းလောင်း အဆက်မပြတ် မြည်နေသည့်အသံကိုသာ ကြားခဲ့ကြရသည်။ ခေါင်းလောင်းကို ထိုသို့ အဆက်မပြတ်မြည်နေအောင် ခေါင်းလောင်းနှိပ်သည့် လက်ကိုင်ဖုကလေးကြားထဲသို့ သွားကြားထိုးတံကလေးတစ်ခု ညှပ်ထားသည်ကို တွေ့ရသည်။

သို့သော် အထက်ပါလူသတ်မှုမှာ ဒစ်ကီကလေးမမွေးမီ လွန်ခဲ့သည့် ရှစ်နှစ်ခန့်က ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်ပင် ဖြစ်သည်။

❒❒❒

"ကျုပ်တော့ ခုထက်ထိ ရေရေရာရာ စဉ်းစားလို့မရသေးပဲ ဖြစ်နေတယ်ဗျာ" စုံထောက်အရာရှိက ညည်းညည်းညူညူပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ် တစ်ခုခု ထူးထူးခြားခြား ဖြစ်နေတာတော့ အမှန်ပဲ ဆရာ" မစ္စတာအဲလ်ဒပ်စ်က ကောက်ချက်ချလိုက်သည်။

"ဒါပေမယ့် ကျွန်တော့်သားကလေး စိတ်မချမ်းသာစရာမဖြစ်ပျှစေနဲ့လို့ ဆုတောင်းရတာပါပဲ"

"ဒီမယ် မစ္စတာအဲလ်ဒပ်စ် ကျုပ်ခင်ဗျားသားကို စိတ်မချမ်းမသာ ဖြစ်အောင်လုပ်နေတာ မဟုတ်ပါဘူး။ တကယ်တော့ ခင်ဗျားသားက ကျုပ်ကို စိတ်မချမ်းမသာဖြစ်အောင် လုပ်နေတာပါ။ ကျုပ်စိတ်ထဲမှာရှိသလောက် အမှန်အတိုင်းတောင် ဖွင့်မပြောရက်ပါဘူး။ တစ်ပိုင်းတစ်စတောင် ပြောဖို့မရည်ရွယ်ပါ



ဘူး။ အခု ခင်ဗျားသား ပြောသမျှစကားတွေကို လက်ရေးတို လက်နှိပ်စက်နဲ့ အတုန်လိုက်မှတ်ထားတာပါပဲ၊ အခု ကျုပ်တွေ့ရသလောက် ခင်ဗျားသား ပြောခဲ့တဲ့ စကားတွေဟာ အတော်အံ့သြစရာကောင်းနေတယ်။ ခင်ဗျားသားဟာ လွန်ခဲ့တဲ့ ဆယ့်နှစ်နှစ်လောက်က အမ်တပ်ဆိုတဲ့ လူသေနတ်နဲ့ ပစ်အသတ်ခံရတဲ့အဖြစ်အပျက်ကို အသေးစိတ်ပြောပြနေတယ်။ အဲဒါကို ကျုပ်ဘယ်လိုမှ စဉ်းစားလို့မရဘူး။ ဒါထက်နေပါဦး၊ ခင်ဗျားအနေနဲ့ အဲဒီတုန်းကဖြစ်ခဲ့တဲ့အမှုကို အသေးစိတ် မှတ်မိသေးလား"

"ကျွန်တော်ဖြင့် လုံးဝမမှတ်မိပါဘူး ဆရာရယ်"

"ဒါဖြင့် ခင်ဗျားသားက ဒီကိစ္စကို ဘာ့ကြောင့်မှတ်မိနေရတာလဲ"

"ကျွန်တော်အနေနဲ့တော့ ဆရာတို့ကို ဘုရားစူးကျိန်ပြီးပြောရဲပါတယ်။ ကျွန်တော့်သားကလေးဟာ ဆရာတို့ အခုပြောနေတဲ့ အမှုနဲ့ပတ်သက်လို့ ဒီအမှုမှာပါနေတဲ့ လူတွေရဲ့နာမည်ကို လုံးဝတစ်ခါမှ မကြားဖူးပါဘူး"

"ဟုတ်ပါတယ်။ သူ့အနေနဲ့ ဒီနာမည်တွေနဲ့ ဒီအဖြစ်အပျက်တွေကို မကြားဖူးဘူးဆိုတာ ကျွန်တော်နားလည်ပါတယ်။ ပြီးတော့ ဒီအဖြစ်အပျက်တွေကိုလည်း လူတိုင်းမသိကြပါဘူး။ ကျုပ်တောင်မှ လျှို့ဝှက်တဲ့အမှုတွေကို ဖတ်ကြည့်ဖူးလို့ သိနေတာပါ။ ကျုပ်ပြောတဲ့အဓိပ္ပါယ်ကို နားလည်တယ် မဟုတ်လား"

"ကျွန်တော့်အတွက်ကတော့ ဒါဟာ အင်မတန် ထူးဆန်းနေပါတယ် ဆရာ"

"ခင်ဗျား အဲဒီအချက်ကို သတိပြုမိဖို့လိုတာပါပဲ"

မစ္စတာအဲလ်ဒပ်စ်မှာ ရုတ်တရက် မျက်နှာတစ်ချက်ပျက်သွားခဲ့သည်။ သူသည် စုံထောက်အရာရှိ၏ အဓိပ္ပါယ်ပါသော မျက်နှာကို လှမ်းကြည့်လိုက်သည်။

"ဘယ်လိုလဲဆရာ၊ ဆရာ့စိတ်ထဲမှာ ဘယ်လို ယူဆနေလို့လဲ၊ ဆရာဆိုလိုတဲ့သဘောက ကျွန်တော့်သားကလေးရဲ့မျက်လုံးတစ်ဘက်ဟာ ဒန်ကင်ရဲ့မျက်လုံးတစ်ဖက် ဖြစ်နေတယ်။ ဒီမျက်လုံးမှာ ဒန်ကင်ရဲ့အမြင်အာရုံတွေရှိနေတယ်၊ ဒါ့ကြောင့် ကျွန်တော့်သားဟာ ဒန်ကင်တွေ့ခဲ့ မြင်ခဲ့ရတဲ့အဖြစ်အပျက်တွေကို ပြန်ပြီးမြင်နေတယ်လို့ ဆရာဆိုလိုချင်တာလား"

www.burmeseclassic.com

www.burmeseclassic.com



"အခုတော့ ဒီအတိုင်းပဲ ပြောရလိမ့်မယ်ထင်တယ်" စုံထောက်အရာရှိက စိတ်မချမ်းမြေ့သည့် အမူအရာဖြင့် ပြန်ပြောလိုက်သည်။

"ဒါဆိုရင် ဒီကိစ္စဟာ ဘာ့ကြောင့်ဖြစ်ရတာလဲဆရာ"

"ဒါတော့ ကျုပ်ကို မမေးနဲ့လေ၊ ဒီမျက်လုံးလဲပြီး တပ်ပေးခဲ့တဲ့ ဆရာဝန်ကို မေးကြည့်ပေါ့"

သို့ဖြင့် ဒေါက်တာဟောလီးဒေးသည် မစ္စတာအဲလ်ဒပ်စ်၏ မေတ္တာရပ်ခံချက်အရ ဒစ်ကီ၏ ကယောင်ကတမ်းပြောကြားသောစကားများကို သူကိုယ်တိုင်စောင့်၍ နားထောင်ခဲ့ရလေသည်။ ဒစ်ကီသည် ခါတိုင်းကဲ့သို့ပင် အိပ်ပျော်နေရာမှ နံနက် နှစ်နာရီနှင့် သုံးနာရီအကြားတွင် ပြောနေကြအတိုင်း ထူးဆန်းသည့် စကားများကို ပြောလာပြန်သည်။

"ကဲ. . . ဒီမယ် ငါပြောတာနားထောင်။ ဒွန် . . . နားထောင်စမ်း။ မက် မင်းလည်း ဂရုစိုက်ပြီး နားထောင်။ မင်းတို့ကိုအရင်ကလည်း ငါပြောခဲ့ပြီးပြီ။ ဒါပေမယ့် အခုတစ်ခါ ထပ်ပြောရဦးမယ်။ ငါလိုချင်တာက ဒီလို၊ ဒီအတိုင်းဖြစ်အောင် မင်းတို့ကြိုးစားရမယ် ကြားလား။ ဒွန် . . . မင်းက အင်မတန်ပစ်ချင်ခတ်ချင်တဲ့အကောင်။ ဒါပေမယ့် ပထမဆုံး ငါပြောချင်တာက မင်းတို့သေနတ်တွေမှာ ကျည်ဆန်လုံးဝထည့်မထားရဘူး။ မင်းတို့ သေနတ်ပြောင်းတွေဟာ ရေခဲတုံးလို အေးစက်နေရမယ်။ ငါပြောတာ နားမထောင်ရင် မင်းတို့စက်တိုင်တက်ဖို့သာပြင်ပေတော့။ မင်းတို့အားလုံး မွန်တာနာမှာပဲ ကြိုးပေးခံရလိမ့်မယ်။ အဲဒီအချက်ကို မင်းတို့အားလုံး ဘယ်တော့မှမမေ့နဲ့။ နောက် ဒုတိယအချက်က ငါပြောတဲ့အတိုင်း အားလုံး အချိန်ကိုက်ဖြစ်အောင်လုပ်ရမယ်။ တစ်ချက်ကလေးမှ လွဲလို့ မဖြစ်ဘူး။ အားလုံး ပိုင်အောင် လုပ်ရမယ်၊ ပါလာမယ့်ငွေက အားလုံးဒေါ်လာ နှစ်သန်းခွဲတန်တဲ့ငွေစက္ကူတွေ။ အဲဒါ မမေ့ကြနဲ့။ ဘာမဟုတ်တဲ့ အသေးအဖွဲ့ကလေးနဲ့ အသေခံလို့ မဖြစ်ဘူး။ သိတယ်မဟုတ်လား။ ငါ့ဦးလေးဂါဘီဟာ တစ်ခါတုန်းက အဲဒီလိုပဲ ဘာမဟုတ်တာလေးနဲ့ ကိစ္စချောခဲ့ရဖူးတယ်။ အခုဒီတစ်ခါ ပိုပြီးအရေးကြီးတယ်။ တတိယအချက်ကတော့ အဲဒီသံချပ်ကာကားကိုအပိုင်စီးပြီး တစ်နေရာကိုမောင်းသွားရမယ်။ မြို့ပြင်ဘက်ကကျောက်တောင်တွေ ကျောက်ကမ်းပါးတွေရှိတဲ့ဆီ မောင်းပြေးရမယ်။ ဘယ်နေရာ



ဆိုတာ မင်းတို့သိပြီးသားပဲ၊ သိတယ်မဟုတ်လား၊ နောက်တစ်ခု စတုတ္ထအချက်တော့ မြန်မြန်လူစုခွဲပစ်ဖို့ပဲ။ ဒီကြားထဲက တစ်ယောက်ယောက်ထိချင်လည်း ထိသွားလိမ့်မယ်။ အဲဒီတော့ ငါပြောတဲ့အတိုင်း အတိအကျလုပ်ကြ။ ချိန်ကိုက်ဖြစ်အောင်လုပ်ကြ၊ ဘယ်နှယ့်လဲ အိုကေနော်၊ နောက်တစ်ခါ ထပ်ပြောရဦးမလား"

ဤနေရာတွင် မစ္စတာအဲလ်ဒပ်စ်သည် ရုတ်တရက် တစ်စုံတစ်ခုကို သတိရလိုက်သည့်လက္ခဏာဖြင့် မျက်နှာအမူအရာ ရုတ်ချည်းပြောင်းလဲသွားသည်။ ပြီးမှ သူသည် ရုတ်တရက် အော်ပြောလိုက်သည်။

"ကောင်းပြီလေ၊ ဒီငွေတွေနဲ့ပတ်သက်လို့လည်း တိတိကျကျ ပြောဦးမှပေါ့၊ ဒီငွေတွေကို ကျွန်တော်တို့ ဘယ်မှာထားခဲ့သလဲ"

ဒစ်ကီသည် အိပ်ပျော်နေဆဲမှာပင် သူ့မျက်နှာမှာ သရော်သည့်အမူအရာမျိုး ဖြစ်ပေါ်လာသည်။

"နေပါဦး. . . ခင်ဗျားက ဘယ်လိုလုပ်ပြီး ဒီငွေတွေ ဘယ်ထားခဲ့သလဲလို့ ပြောလိုက်ရတာလဲ၊ ငွေကဖြင့် ကျုပ်တို့လက်ထဲတောင် မရောက်သေးဘူး။ ဘယ်နေရာမှလည်း မထားရသေးဘူး။ ပြီးတော့ ကျွန်တော်တို့ဆိုတာက ဘယ်သူတွေကို ပြောတာလဲ၊ ဒီကိစ္စနဲ့ပတ်သက်လို့ ဒွန်နဲ့မက်ကို ကျုပ်ပြောထားပြီးသားပဲ။ သူတို့ကလွဲလို့ ကျွန်တော်တို့ဆိုတာ မရှိပါဘူး။ ဒီလိုဆိုရင် ကျုပ်ကို မိုးရှို့ပြီး အနံ့ခံကြည့်ပေါ့။ ဒီငွေတွေ ဘယ်မှာဆိုတာ ခင်ဗျား အဲဒီနေ့ကျတော့ အနံ့ရလိမ့်မယ်။ ကေနွှ ကျွန်တော်တို့ဆိုတာ သံယောင်လိုက်ပြီးပြောတာပဲ ဖြစ်ရမယ်။ အဲဒီတော့ အကောင်းဆုံးက ခင်ဗျားဟာ ဘာမှမကြားချင်ယောင်ဆောင်နေဖို့ ဆိုလိမ့်မယ်ထင်တယ်။ ခင်ဗျားကြည့်ရတာ ရဲအရာရှိတော့ ဟုတ်ဟန်မတူဘူး။ ကောင်းပြီ၊ အိုကေ၊ ခင်ဗျား ဒီငွေတွေ ဘယ်မှာလဲဆိုတာ သိချင်ရင် ကျုပ်ပြောပြမယ်။ ဒီငွေတွေက အခု မွန်တာနာမှာ ရှိနေတယ်။ သေသေချာချာ စာနဲ့ရေးပြီး မှတ်ထား။ မွန်တာနာမှာရှိတယ်။ အဲဒီငွေတွေကို သံချပ်ကာ ထရပ်ကားနဲ့ တင်ပြီး သယ်လာလိမ့်မယ်။ အဲဒီကနေ ဘယ်ကိုသယ်သွားမလဲဆိုတော့" ဒစ်ကီသည် ဤနေရာတွင် လှောင်ပြောင်သည့် သဘောဖြင့် တစ်ချက်ဟားတိုက်၍ ရယ်လိုက်သည်။ သူ့မျက်နှာမှာ မဲ့မဲ့ရွဲ့ရွဲ့ဖြင့် အကြည့်ရဆိုးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား . . . ဟား ဒီငွေတွေ ဘယ်ကိုသွားမယ်ဆိုတာ ခင်ဗျားကို ကျွပ်ကျကျနန ပြောပြရမှာပေါ့ဗျာ၊ ဟား ဟား ဟား မွန်တာနာပြည်နယ်ထဲက တစ်နေရာကို သယ်သွားမှာဗျ။ အဲဒီတော့ ကျုပ်မရှိတဲ့နောက် ဒီငွေတွေကို မြေလှန်ပြီးရှာပေါ့ဗျာ ဟုတ်လား မစ္စတာဒစ်ကင်"

"ဒီမယ် အခုပြောသွားတဲ့ ဒစ်ကင်ဆိုတာ ဒန်ကင်ကို ငွေတွေဝှက်ထားတဲ့နေရာ ဖွင့်ပြောရင် သေဒဏ်မကျအောင် လုပ်ပေးမယ်လို့ ပြောခဲ့တဲ့ အစိုးရ ရှေ့နေကြီးရဲ့နာမည်မဟုတ်လား မစ္စတာဒစ်ကင်"

မစ္စတာအဲလ်ဒပ်စ်က စုံထောက်အရာရှိအား ခပ်တိုးတိုးမေးလိုက်သည်။

စုံထောက်အရာရှိသည် တစ်စုံတစ်ရာ အံ့ဩသည့် လက္ခဏာမပြဘဲ ပြန်ပြောလိုက်သည်။

"ဟုတ်တယ်လေ၊ သူပဲပေါ့။ ဒါထက်နေပါဦး၊ ခင်ဗျားက သူစကားပြောနေတုန်း ဘာလို့ ဝင်ပြောလိုက်ရတာလဲ။ ခင်ဗျား အဲဒီလိုပြောလိုက်တာနဲ့ ဒေါ်လာနှစ်သန်းခွဲကိစ္စဟာ အဆက်ပြတ်သွားပြီနဲ့တူတယ်။ ကျုပ်ဖြင့် ဒီအခန်းထဲမှာ ဆယ့်ငါးရက်လုံးလုံး ကျောက်တုံးတစ်တုံးလို ငြိမ်ပြီး ခင်ဗျားသား ပြောသမျှ စကားတွေကို အသက်တောင်မရှူဘဲ နားထောင်လိုက်ရတာ။ နောက်ဆုံးကျတော့ ခင်ဗျား ပါးစပ်အငြိမ်မနေနိုင်တာနဲ့ ကျုပ်ကြိုးစားပြီး စိတ်ရှည်လက်ရှည် စောင့်ခဲ့ရတာ အလကားဖြစ်သွားတော့တာပါပဲ"

မစ္စတာအဲလ်ဒပ်စ်မှာ အတော်ပင်စိတ်မကောင်းဖြစ်သွားဟန်ဖြင့် ပြန် ပြောလိုက်သည်။

"ဒီလိုမဟုတ်ပါဘူးဆရာရယ်။ ကျွန်တော့်သားဟာ ကျွန်တော့်အား ကိုကျက်မိနေလို့ ကျွန်တော်မှန်းသိလား မသိလား သေချာအောင် ကြားဖြတ်ပြီး စကားပြောကြည့်တာပါဆရာ"

စုံထောက်အရာရှိသည် မစ္စတာအဲလ်ဒပ်စ်အား အထင်အမြင်သေး သည့်အမူအရာဖြင့် တစ်ချက်လှမ်းကြည့်လိုက်သည်။ ထို့နောက် သူ့ကိုယ်သူ မနည်းထိန်းထားသည့် လေသံဖြင့် ပြောလိုက်သည်။

"ဟုတ်ပါတယ် မစ္စတာအဲလ်ဒပ်စ်၊ ခင်ဗျားသားဟာ ခင်ဗျားအသံကို မှတ်မိနေတယ်ဆိုတာ ဟုတ်ပါတယ်။ ဒါပေမယ့် အခုစကားပြောနေတာ



ခင်ဗျားသား မဟုတ်ဘူး။ အဲဒါ ဒန်ကင်က ပြောနေတာ။ စောစောက ပြောသွားတာတွေဟာ ဘဏ်တိုက်ကငွေတွေကို လမ်းကဖြတ်ပြီး ဓားပြမတိုက်ခင် ဒန်ကင်တ သူ့နောက်လိုက်တပည့် ဒိုမီနစ်နဲ့ ဂျင်နီကို အမိန့်ပေးနေတာ၊ ကျုပ် ခင်ဗျားကို စကားမပြောဘဲ ငြိမ်ငြိမ်ကလေး နားထောင်နေပါလို့ မှာထားခဲ့တယ်။ ဒစ်ကီ တလေးပြောသမျှ စကားတွေကို ဘာမှ ဝင်မစွက်ဘဲ ပါးစပ်ပိတ်နေပါလို့ ကျုပ် အတန်တန်မှာခဲ့တယ်။ ဒီကြားထဲက ခင်ဗျားက ကျုပ်စကားကို နားမထောင်ဘဲ ဒစ်ကီ စကားပြောနေတုန်း ဖြတ်ပြီးပြောခဲ့တယ်။ အဲဒီတော့ ကျုပ်တို့လိုချင်တဲ့ ရည်မှန်းချက် ပျက်သွားတော့တာပေါ့။ တကယ်တော့ ခင်ဗျားအသံကြောင့် ကျုပ် တို့ ခင်ဗျားတို့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတစ်ခု လက်လွှတ်ဆုံးရှုံးခဲ့ရပြီ ခင်ဗျား ပါးစပ်က တစ်ခွန်းဝင်ပြောလိုက်တာနဲ့ ဒေါ်လာနှစ်သန်းခြောက်သိန်းနဲ့ ဆယ် ရာခိုင်နှုန်းကို ကျုပ်တို့ အဆုံးခံလိုက်ရတာပဲ"

သူတို့သည် ဒစ်ကီကလေး၏ ခုတင်ဘေးတွင် အာရုံတက်ချိန်အထိ စောင့်၍ အကဲခတ်နေခဲ့ကြသေးသည်။ သို့သော် ဒစ်ကီမှာ တဖြည်းဖြည်း အဖျား ကျသွားခဲ့ပြီး စကားလုံးဝမပြောတော့ဘဲ နံနက်လင်းလုအချိန်တွင် နှစ်နှစ်ခြိုက် ခြိုက် အိပ်ပျော်သွားခဲ့သည်။

ဒစ်ကီ အိပ်ရာမှနိုးလာသောအခါ ဖခင်ဖြစ်သည့် အဲလ်ဒပ်စ်သည် စိတ်မလျှော့သေးဘဲ သူ့သားထံမှ တစ်စုံတစ်ရာ စကားရလိုရငြား မေးကြည့် သေးသည်။

"သားလေး ဒစ်ကီ ဖေဖေ့ကို မွန်တာနာအကြောင်း ပြောပြပါလား သား. . ."

"ကျွန်တော် မွန်တာနာမှာ အကြိုက်ဆုံးကတော့ အပြာရောင်ပဲ"ဒစ်ကီ ကလေးက ဤမျှသာပြန်ပြောခဲ့သည်။ ထို့နောက် သူသည် သူ မျက်မမြင်ဒုက္ခိတ ဘဝက ကစားခဲ့သော ဝက်ဝံရုပ်ကြီးကို ကိုင်ကြည့်ကာ ဤဝက်ဝံရုပ်ကြီး၏ ပုံ သဏ္ဌာန်နှင့်အရောင်များကို သဘောအကျကြီး ကျနေခဲ့သည်။

ထို့နောက် ထိုနေ့ ထိုရက် ထိုအချိန်မှစ၍ ဒစ်ကီကလေးသည် မွန်တာ နာပြည်နယ်အကြောင်း ဘာတစ်ခွန်းမှမပြောတော့ဘဲ ရှိနေခဲ့သည်။ သူ့မျက်လုံး ကို ခေါက်တာဟောလီးဒေး ခွဲစိတ်ကုသခြင်းမပြုမီကရှိခဲ့သော သူ၏မှတ်ဉာဏ်

www.burmeseclassic.com

www.burmeseclassic.com



များမှာ တဖြည်းဖြည်း ပျောက်မှန်းမသိ ပျောက်သွားခဲ့သည်။ ဤအတောအတွင်း ဤအိမ်သို့ မကြာခဏရောက်လေ့ရှိသော ဒေါက်တာဟောလီးဒေးသည် ဒစ်ကီ၏မျက်လုံးနှင့်ပတ်သက်၍ သူ လေ့လာတွေ့ရှိသမျှ ဖြစ်နိုင်စရာရှိသည့်အချက် တစ်ချက်ကို ထုတ်ဖော်ပြောကြားခဲ့သည်။ ဒေါက်တာက သူကိုယ်တိုင် ရှင်းမပြတတ်သော အဆင့်ဆင့်ဖြစ်ပေါ်မှုများအရ အသစ်တဖန်ပြန်၍ သက်ဝင်လှုပ်ရှားလာသော အမြင်အာရုံကြောများသည် လျှပ်စစ်ဓာတ်၏ ပြင်းထန်သောထိတွေ့ရိုက်ခတ်မှုကြောင့် ယခင်က ဒန်ကင် မြင်ခဲ့တွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြန်လည်မြင်ယောင်လာစေခဲ့သည်။ သို့သော် ဤသို့သော အမြင်အာရုံများ ပြန်လည်ပေါ်ပေါက်လာခြင်းသည် တစ်ရှူးများ တစ်ခုနှင့်တစ်ခု ဆက်သွယ်ပေါင်းစီးနေစဉ် ကာလ၌သာဖြစ်၍၊ ထိုအဆင့်မှ ကျော်လွန်လာသောအခါ အားလုံးပုံမှန် နေသားတကျ ဖြစ်သွားတတ်သည်ဟု ဆိုလေသည်။

သို့သော် မူလပိုင်ရှင် ဒန်ကင်၏အမြင်အာရုံများသည် နောင်တစ်ချိန်အသက်ကြီးလာသောအခါ၌ ပြန်လည်ပေါ်ပေါက်ကောင်းပေါ်ပေါက်လာနိုင်၍ လုံးဝပြန်ပေါ်မလာတော့ဘဲ အပြီးအပိုင် ပျောက်သုဉ်းသွားစရာလည်းရှိသည်ဟု ဒေါက်တာဟောလီးဒေးက ရှင်းပြခဲ့သည်။

မည်သို့ပင်ဖြစ်စေ ဤဇာတ်လမ်းတွင် ပထမဆုံး သဲလွန်စကို ရှာဖွေတွေ့ရှိခဲ့သော စုံထောက်အရာရှိနီဖွတ်သည် မစ္စတာအဲလ်ဒပ်စ်တို့အိမ်သို့ တနင်္ဂနွေနေ့တိုင်းလိုလို အလည်လာခဲ့သည်။ သူသည် ထိုသို့အလည်လာရင်း ဒစ်ကီကလေးနှင့် ကစားလေ့ရှိသည်။ သူကပင် ကျွန်ုပ်အား အောက်ပါအတိုင်း ပြောပြခဲ့ခြင်းဖြစ်သည်။

"တရားဝင်တော့ မဟုတ်ဘူးပေါ့ဗျာ၊ ဒါပေမယ့် ခင်ဗျားကိုတော့ ပြောရမယ့်လူမို့ ပြောရဦးမယ်။ ကျုပ်က အတော်ကလေး အမှတ်အသားကောင်းတဲ့ကောင်ဗျ။ ကျုပ် စစ်ထဲဝင်ခဲ့ပြီး တပ်မတော်ထောက်လှမ်းရေးမှာလုပ်တုန်းက လူတစ်ယောက်ကို အဲဒီလူ လုံးဝမသိအောင် စောင့်ပြီး အကဲခတ်ခဲ့ဖူးတယ်။ ဒါပေမယ့် တစ်ခုထူးဆန်းတာက ဒစ်ကီဆိုတဲ့ကောင်ကလေးဟာ သူ့ကိုတစ်ယောက်ယောက်က စောင့်ကြည့်ခဲ့ပြီး အကဲခတ်နေတာ မသိဘူးလိုလို့နဲ့ သူ့မျက်လုံးက သိနေတယ်ဗျ။ အခုဆိုရင် ဒီကောင်လေးဟာ ခုနစ်နှစ်ထဲ ရောက်နေပြီ။



ခင်ဗျား ကျုပ်ကို ရူးတယ်လို့ပဲပြောပြော ကျုပ်ခေါင်းထဲမှာ စိတ်ကူးထားတာရှိတယ်။ အဲဒါက ဘာလဲဆိုတော့ ဒီကောင်လေးဟာ အရွယ်ရောက်လို့ သူ့ကိုယ်တိုင် သူ့ကိုယ်ပိုင်ကားနဲ့ ဟိုဟိုဒီဒီသွားတတ်လာတတ်တဲ့အရွယ်ကျလို့ရှိရင် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သူတစ်ယောက်တည်း ကားတစ်စီးနဲ့ လျှောက်လည်တဲ့အခါမျိုးရှိလိမ့်မယ်။ အဲဒီအခါမျိုးကျရင်တော့လား ကျုပ်တော့ သူသွားတဲ့နေရာကို အသာကလေး နောက်ယောင်ခံပြီးလိုက်ကြည့်မှာပဲဗျို့"

သို့သော် ဤဇာတ်လမ်းမှာ လောလောဆယ် အခိုက်အတန့်တွင် ဤနေရာ၌ တစ်ခန်းရပ်ခဲ့ပြီး ဖြစ်ပါသတည်း။

□□□

www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ကျွန်တော်ဟာ သေသေသပ်သပ်နဲ့
ရာဇဝတ်မှုတစ်ခုကို ကျူးလွန်ခဲ့တာပါပဲ။
ရဲဘက်က ဒီအမှုကို သိတောင် မသိလိုက်ပါဘူး။
နောက်ဆုံး ကုန်ကုန်ပြောရရင် သေသွားတဲ့
လူငယ်ကလေးကိုယ်တိုင်က ကျွန်တော့်ကို
လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရင်းနဲ့
သေသွားရှာပါတယ်။

# လူသတ်သမား ဆယ့်ငါးယောက်၏ ထူးကဲသော စေတနာ

ဆေးဘက်ဆိုင်ရာပုဂ္ဂိုလ်များ၏ လျှို့ဝှက်သော အစည်းအဝေးများတွင် အမြဲတစေ သည်းထိတ်ရင်ဖို ပြဿနာများကို ထည့်သွင်းဆွေးနွေးတတ်ကြပေသည်။ မိမိတို့လုပ်ဖော်ကိုင်ဘက်အချင်းချင်း ထိုသို့ တွေ့ဆုံဆွေးနွေးကြရာမှ အပြင်လူများအား မည်သည့်အချက်ကို အသိပေး၍ မည်သည့်အချက်ကို အသိမပေးဘဲ လျှို့ဝှက်ထားကြမည်ဟူသော ဆုံးဖြတ်ချက် ချမှတ်ကြသည်မှာ အလွန်စိတ်ပါဝင်စားဖွယ်ရာ ကောင်းလှသည်နှင့်အမျှ ထူးဆန်းအံ့ဩဖွယ်ကောင်းလှသည်။ အဆိုပါ အစည်းအဝေးများ၌ ဓာတုဗေဒပညာအရဖြစ်စေ၊ ဆရာဝန်များအသုံးပြုသည့် ခွဲစိတ်ဓားကြောင့်ဖြစ်စေ ဂါထာမန္တရားကြောင့်ဖြစ်စေ တစ်စုံတစ်ခုသော တန်ခိုးက္ကဒ္ဓိပါဝ်ကြောင့်ဖြစ်စေ ရောဂါတစ်ခုခုကို ဂူရှာဖွေတွေ့ရှိခြင်းထက် ပျောက်ကင်းအောင်ကုသခြင်းနှင့် စပ်လျဉ်းသည့် အတွေ့အကြုံဟူသုတများကို မချွင်းမချန် တစ်ခုမကျန် အိတ်သွန်ဖာမှောက် တင်ပြခဲ့ကြလေသည်။

ထိုသို့ ဆရာဝန်များ၏ လျှို့ဝှက်အစည်းအဝေး ဆွေးနွေးပွဲများအနှုတ်မှတ်မှောက်ခေတ်တွင် စိတ်လှုပ်ရှားစရာအကောင်းဆုံး အစည်းအဝေးများမှာ နယူးယောက်မြို့တော်မှ 'ကြက်ခြေခတ်အသင်း'ဟု ခေါ်တွင်ခဲ့သော နာမည်

www.burmeseclassic.com



တော့် ဆရာဝန်ကြီးများ၏ အစည်းအဝေးများပင် ဖြစ်လေသည်။ သမားတော်ကြီးများသာ ပါဝင်သော အဆိုပါအုပ်စုကလေးသည် အရှေ့မြောက်ဘက်မြစ်ကို အပေါ်မှဆီး၍မြင်ရသော ဝေါလတန်ဟိုတယ်၌ သုံးလတစ်ကြိမ် သုတ်သီးသုတ်ပျာ လာရောက်တွေ့ဆုံ၍ စည်းဝေးဆွေးနွေးခဲ့ကြပေသည်။ သူတို့သည် အဆိုပါဟိုတယ်၏ တစ်ခုသော အခန်းထဲတွင် တံခါးများကို လုံအောင်ပိတ်၍ လူမသိသူမသိ ပြုလုပ်ခဲ့ကြသော မိမိတို့၏စွန့်စားခန်းများကို ဆေးပညာဂျာနယ်များမှ အယ်ဒီတာများ၏မျက်ကွယ်၌ နံနက်အရုဏ်တက်ချိန်အထိ တင်ပြဆွေးနွေးခဲ့တတ်ကြပေသည်။

အဆိုပါ လျှို့ဝှက်အစည်းအဝေးများတွင် မည်သို့သောအကြောင်းခြင်းရာ အနိဋ္ဌာရုံများ တင်ပြဆွေးနွေးခဲ့ကြသည်ကို နှစ်ပေါင်းနှစ်ဆယ်လုံးလုံး မည်သူတစ်ဦးတစ်ယောက်မျှ မသိခဲ့ကြဘဲရှိခဲ့သည်။ အရပ်တကာ နေရာဒေသအသီးသီးတွင် နားမျက်စိများရှိနေကြသော အမေရိကန်ဆေးပညာအသင်းကြီးမှ ပုဂ္ဂိုလ်များသာလျှင်မက လုပ်ဖော်ကိုင်ဘက် အပေါင်းအသင်းများနှင့်တကွ ရောင်းရင်းမိတ်ဆွေများ၊ ဇနီးမယားများနှင့် 'ကြက်ခြေခတ်အသင်း'ဝင်များ၏ မှီခိုသူများပင်လျှင် အဆိုပါလျှို့ဝှက်အစည်းအဝေးမှ ပြောဆိုဆွေးနွေးချက်များကို ဘာတစ်ခုမှမသိရ၊ မကြားရပဲ ရှိခဲ့ကြသည်။ အသင်းဝင်များဖြစ်ကြသော ဆရာဝန်ကြီးများသည် အဆိုပါလျှို့ဝှက်ချက်များကို ထိပ်တန်းကျကျ သိုသိပ်စောင့်ထိန်းလာခဲ့ကြရာ အချို့အချို့သော ကိစ္စရပ်များ၊ ပြဿနာမှုများမှာ ဖွစ်စုံတစ်ရာ လျှို့ဝှက်ထားရန် မလိုအပ်ပါပဲလျက် တစ်နေရာရာသို့ ဖုံးကြရန် လေယာဉ်ဖြင့် ပျံသန်းထွက်ခွာလာသည့် ရှေးခေတ်က လေယာဉ်မှူးများပမာ ၎င်းတို့၏ ပါးစပ်များကို ပိတ်ထားခဲ့ကြပေသည်။

သို့ဖြစ်ပါလျက် ဤရွေ့ဤမျှ သိုသိပ်လျှို့ဝှက်၍ ပြုလုပ်ခဲ့သော အစည်းအဝေးများအကြောင်းကို ကျွန်ုပ်က ဘယ်နည်းဘယ်ပုံသိနေခဲ့ပါသနည်း။ အဖြေမှာ စစ်ကြီးကြောင့်ဟူ၍ပင်ဖြစ်၏။ စစ်ကြီးဖြစ်ပွားလာသောအခါ ၎င်းတို့၏ လျှို့ဝှက်ချက်များသာမက လျှို့ဝှက်မှုအားလုံး ပျက်သုဉ်းပျောက်ကွယ်သွားခဲ့ရပေသည်။ ကမ္ဘာကြီးတစ်ခုလုံးသည် ပျက်သုဉ်းပျောက်ကွယ်သွားခဲ့ရပေသည်။ ကမ္ဘာကြီးတစ်ခုလုံးသည် မိမိ၏အပြုအမူနှင့် မိမိ၏စိတ်ဓာတ်ကို ပြန်လည်စစ်



ဆေးစမ်းသပ်ခဲ့သည်ဖြစ်ရာ ထိုသို့ စမ်းသပ်စစ်ဆေးသည့်စစ်ကြီးအတောအတွင်း သာမန်အသေးအဖွဲ စွန့်စားမှုများမှာ နေရာမရှိ ဝင်ခွင့်မရဘဲဖြစ်ခဲ့ကြပေသည်။ သို့ဖြင့် ကြက်ခြေခတ်အသင်းဝင် ထူးချွန်သော ဆေးပညာရှင်ဆရာဝန်ကြီး ၁၅ ဦးအနက် ၉ ဦးတို့မှာ ရှေ့တန်းစစ်မျက်နှာမှ စစ်မြေပြင်ဆေးရုံများကို အုပ်ချုပ်တွပ်ကဲရန် ယူနီဖောင်းများဝတ်ဆင်၍ ထွက်ခွာသွားခဲ့ကြရလေသည်။ အသက်အရွယ်နှင့်ကျန်းမာရေးအရ ရှေ့တန်းသို့မပါသည့် ဆရာဝန်ကြီးများမှာလည်း စစ်အတွင်းကာလ အလုပ်တာဝန်များဖြင့် မအားအောင် ဝိနေခဲ့ကြပေသည်။

ဤအချက်နှင့်စပ်လျဉ်း၍ တစ်ခုသောညနေခင်းတွင် ကြက်ခြေခတ်အသင်းဝင် ဆရာဝန်ကြီးအဲလက်ဟုမ်းက ကျွန်ုပ်အား ဤသို့ပြောပြခဲ့လေသည်။

စစ်ကြီးဖြစ်လာတော့ ကျုပ်တို့အသင်းဟာ ဖျက်သိမ်းခံလိုက်ရသလို ဖြစ်သွားတယ်ဗျ။ နောက်ထပ်ပြန်ပြီးဆုံကြတွေ့ကြဖို့လည်း မလွယ်တော့တဲ့အတွက် ကျုပ်တို့အသင်းရဲ့ လျှို့ဝှက်ချက်တွေကို ဆက်ပြီးထိမ်းထားစရာမလိုတော့ဘူးလို့ ယူဆမိတယ်။ တကယ်လို့ ခင်ဗျားဟာ ကလေးတစ်ယောက်လို လူငယ်တစ်ယောက်လို စိတ်ကူးယဉ်တတ်တဲ့စိတ်မျိုးရှိနေရင်တော့ အခု ကျုပ်ပြောပြမယ့် အဖြစ်အပျက်တွေဟာ ခင်ဗျားအတွက် အံ့သြစရာ ဖြစ်ကောင်းဖြစ်နေလိမ့်မယ်။ နောက်ပြီးတော့ ခင်ဗျားဟာ ဒီအဖြစ်အပျက်တွေထဲက အင်မတန် အဓိကကျတဲ့ ကျုပ်တို့ 'ကြက်ခြေခတ်အသင်း'ရဲ့ လူသားထုတစ်ရပ်လုံးအတွက် သိပ္ပံနည်းကျကြိုးပမ်းမှုတွေကို ဘေးချိတ်ပြီး ဒီအဖြစ်အပျက်တွေအားလုံးကို မကောင်းဆိုးဝါးဘီလူးရုပ်ပုံပြင်တွေလိုဖြစ်အောင် ရေးချင်ရေးလိမ့်မယ်။ ဒါပေမယ့် ကျုပ်ဟာ တကယ့်အဖြစ်အပျက်တွေကို စိတ်ကူးယဉ်အချက်အလက်နဲ့ ရောမွှေပြီးရေးလေ့ရှိတဲ့ စာရေးနည်းအတတ်ပညာနဲ့ အနုပညာကို ပစ်ပယ်ဖို့ မတိုက်တွန်းချင်ပါဘူး"

ဤသို့ ဤသို့လျှင် သူက စကားပလ္လင်ခံခဲ့၏။ သို့ဖြစ်ရာ အရာရာကို သတိထားလည်နေသော ကျွန်ုပ်မိတ်ဆွေကြီး၏ ကျန်ရှိသည့် နိဒါန်းစကားများကို ကျွန်ုပ်အနေနှင့် ဤနေရာ၌ ချန်လှပ်ထားခြင်းသည် အကောင်းဆုံးဖြစ်လိမ့်မည်ဟု ယူဆမိ၏။ သင်သည် ဒေါက်တာဟုမ်း၏စာအုပ်များကို ဖတ်ဖူးကောင်း ဖတ်ဖူးပေလိမ့်မည်။ သူသည် အထူးသဖြင့် လူတစ်ယောက်၏မသိစိတ်နှင့် ပတ်သက်၍ ကွက်ကွက်ကွင်းကွင်း ပွင့်ပွင့်လင်းလင်း ရေးသားတင်ပြခဲ့သူဖြစ်၏။

www.burmeseclassic.com



သူ့စာအုပ်များကို ဖတ်ဖူးပါက ထိပ်ပြောင်နေသော ဤဆရာဝန်ကြီး၏ စိတ်နေသဘောထားကို ကောင်းစွာနားလည်ပြီး ဖြစ်ပေလိမ့်မည်။ အကယ်၍ သူ့စာအုပ်များကို မဖတ်ဖူးသေးလျှင်လည်း ကျွန်ုပ်၏စကားကို ယုံကြည်စိတ်ချစေလို၏။ သူသည် အမှန်တကယ် ပါရမီရင့်သန်သည့် ပညာရှင်ကြီးတစ်ဦးပင်ဖြစ်၏။

အမှန်စင်စစ် ဤကမ္ဘာလောကကြီး၏ များမြောင်ရှုပ်ထွေးလှသော နိယာမ သဘာဝတရားများကို ကျိုးကြောင်းဆက်စပ်၍ ဆင်ခြင်သုံးသပ်ရာ၌ ဒေါက်တာဟုမ်းလောက် စနစ်တကျ စေ့စပ်သေချာသူဟူ၍ ကျွန်ုပ် တစ်ဦးတစ်ယောက်မျှ မတွေ့ခဲ့ဖူးချေ။ အကယ်၍ သူ၏ ထူးခြားပြောင်မြောက်လှသည့် အရည်အချင်းကို သံသယစိတ်ဖြင့် ဒွိဟဖြစ်နေသည်ဆိုပါက သူ့အပေါ်တွင် ထိုသို့ မထီလေးစား မခိုးမခန့်လုပ်နေကြသူများသည် စစ်ကြီးအတွင်းကမှ ထင်ပေါ်ကျော်ကြားလာသည့် မဟာစိတ်ပညာပါရဂူကြီးများသာလျှင် ဖြစ်ပေလိမ့်မည်။

သူ့မျက်နှာသည် ဝိုင်း၍ သူ့ပါးစပ်မှာ အမြဲတစေ အရာရာကို မယုံကြည်မှုနှင့် ပေါင်းစပ်ကာ အတွန့်အတွန့်ဖြစ်နေပေသည်။ အမှန်စင်စစ် လူတစ်ယောက်၏အာရုံတွင် လောကကြီး၏ စိတ်မချရသော နိယာမတရားနှင့် အရာရာကို လေ့လာစမ်းသပ်လိုသောစိတ်ဓာတ်များ ကိန်းအောင်းနေပါက မည်သူမဆို ဤသို့သော မျက်နှာအမူအရာမျိုး ရှိနေမည်မှာ မလွဲပေ။ အသေးအဖွဲများနှင့် အောက်ခြေသိမ်းအလုပ်များကို အာရုံထူးစိုက်၍ လုပ်ကိုင်လေ့ရှိသော ကျွန်ုပ်၏မိတ်ဆွေကြီးသည် မျက်မှန်အထူကြီးတပ်ထားသော လင်းနို့တစ်ကောင်ကဲ့သို့ အမြဲထမ်း အကန်းသဖွယ် ဖြစ်နေရှာပေသည်။ ထို့ပြင်သူသည် အခြား အခြားသော စိတ်ဓာတ်ပြင်းထန်ကြီးမားသူများထဲတွင် သူ့ခန္ဓာကိုယ်အရပ်အမောင်းမှာ နပိုလီယံလို ပုပုကွကွ ဝဝဖိုင့်ဖိုင့် ဖြစ်နေပေသည်။

□□□

'ကြက်ခြေခတ်အသင်း'၏ စိတ်ဝင်စားဖွယ်ရာ ကောင်းလှသည့် နောက်ဆုံးအစည်းအဝေးကို မတ်လ၏ တစ်ခုသောညတွင် ကျင်းပပြုလုပ်ခဲ့လေသည်။ ထိုညက ရာသီဥတုအတော်ကလေးဆိုးဝါး ပြင်းထန်နေသည့်ကြား



အသင်းဝင်ဆယ့်ငါးဦးစလုံး မပျက်မကွက် တက်ရောက်ခဲ့ကြပေသည်။ ထိုသို့ တက်ရောက်၍လည်းမဖြစ်။ အဘယ့်ကြောင့်ဆိုသော ထိုညတွင် လူသစ်တစ်ယောက်ကို အသင်းဝင်အဖြစ်လက်ခံရန် အစီအစဉ်ရှိနေသည်။

ထိုအစည်းအဝေးတွင် ဒေါက်တာဟုမ်းသည် အသင်းသားသစ်အတွက် လိုအပ်သည့်အစီအစဉ်များကို ဆောင်ရွက်ပေးရန် တာဝန်ကျခဲ့သည်။ သို့ဖြစ်ရာ ထိုသို့လိုအပ်သော အစီအစဉ်များကို ပြင်ဆင်နေဆဲမှာပင် အစည်းအဝေးခန်းထဲသို့ ဒေါက်တာဆယ်မြူဟယ်ဝမ်းနား ဝင်လာခဲ့လေသည်။

အသင်းသားအသစ်ဖြစ်သော ဒေါက်တာဝမ်းနားသည် 'ကြက်ခြေခတ်အသင်း'တွင် အခြားအသင်းဝင်များနှင့်မတူဘဲ အသက်အားဖြင့် ငယ်ရွယ်သူတစ်ဦးဖြစ်နေသည်။ သို့သော် သူသည် ဆေးပညာဘက်တွင် ထူးချွန်သည့်ပါရဂူတစ်ဦးဖြစ်ရာ ဤအရည်အချင်းကြောင့်ပင် 'ကြက်ခြေခတ်အသင်းဝင်' တစ်ယောက် ဖြစ်လာခဲ့ခြင်းဖြစ်သည်။ သို့သော် သူသည် ဒဏ်ရာရနေသော လူနာများနှင့် လူသေအလောင်းများကို ခွဲစိတ်ဖြတ်တောက်ကုသရာ၌အသုံးပြုသည့် ဒီဂရီယာတန်ဆာပလာများကို ကျွမ်းကျင်နိုင်နင်းစွာ ကိုင်တွယ်နိုင်သည်ထက် 'ကြက်ခြေခတ်အသင်း' ဝင်တစ်ယောက်ဖြစ်ရသည်ကို ပို၍ဂုဏ်ယူမိသည်။ အဘယ့်ကြောင့်ဆိုသော် သူ့ထက် အသက်များစွာကြီးနေကြပြီဖြစ်သော ကျန်အသင်းဝင် ဆယ့်လေးဦးစလုံးသည် ဆေးဘက်ဆိုင်ရာဌာနများတွင် သူ့နေရာနှင့်တူ တာဝန်ခံအကြီးအကဲများ အသီးသီးဖြစ်နေကြသောကြောင့်ဖြစ်သည်။ တစ်နည်းပြောရလျှင် သူတို့အားလုံးသည် ဆေးဘက်ဆိုင်ရာ ရှေ့ဆောင်လမ်းပြ ပုဂ္ဂိုလ်ကြီးများပင်တည်း။

သို့ဖြစ်ရာ ဤပုဂ္ဂိုလ်ကြီးများ၏အမည်များကို လမ်းပေါ်မှ သာမန်လူများပင် သိနေကြသည်မှာ အထူးပြောစရာမလို၊ အထူးသဖြင့် ကျန်းမာရေးနှင့် ဆေးဝါးကုသမှုဆိုင်ရာလုပ်ငန်းများတွင် ထူးချွန်သူများသည် တောင်ထိပ်ပေါ်မှာ ရှိသည့်ပန်းများပမာ လူအများ၏မျက်စိရှေ့တွင် အလွန်တစ်ရာ မြင်သာထင်သာ ရှိနေကြပေသည်။ ခိုးကိုးရာမဲ့ စိတ်အားငယ်နေသူများအား ကယ်တင်ရန်နှင့် ဒုက္ခတွေ့နေသူ/ ဘဝမွတ်ခေါင်းပါးသူများအတွက် ကိုယ်ကျိုးစွန့်ရန် မျိုးချစ်စိတ်ပြင်းထန်သည့် ကြေးကြော်သံများဖြင့် ဆူညံဖုံးလွှမ်းနေသော စစ်ကြီးသည် ဆေးဘက်ဆိုင်

www.burmeseclassic.com



ရာ ပညာရှင်ကြီးများ၏ ထင်ပေါ်ကျော်ကြားမှုကို နှောင့်ယှက်ဖျက်ဆီးခြင်းမပြု နိုင်ဘဲရှိခဲ့သည်။ ထိုမျှမက ဤပုဂ္ဂိုလ်ကြီးများသည် သူတို့၏ အသိပညာ အတတ် ပညာများကို ရှေ့တန်းစစ်မျက်နှာများသို့ သယ်ဆောင်ကာ ဒဏ်ရာရနေသည့် စစ်သားများအလယ်တွင် သူတို့၏ပညာများကို အကျယ်ပြန့်ဆုံး အသုံးချခဲ့ကြ ပေသည်။

မည်သို့ဖြစ်စေ ယနေ့ည အစည်းအဝေးသို့ တက်ရောက်လာသော အသင်းသားသစ် ဒေါက်တာဝမ်းနားသည် တည်ကြည်ခဲ့ညား၍ ရုပ်ရည်ချော မောသူတစ်ဦးဖြစ်သည်။ သူ၏နက်မှောင်သော မျက်လုံးအစုံအောက်မှ တလက် လက်တောက်ပသော အကြည်ဓာတ်သည် အလုပ်လုပ်ရာ၌ မလျော့တမ်းဇွဲ ကောင်းသူတစ်ဦးဖြစ်ကြောင်း ဖော်ပြလျက်ရှိသည်။ သူ၏ပါးစပ်မှာ ခပ်ကြီးကြီး ဖြစ်၍ ရယ်စရာရှိလျှင် အားရပါးရ နှစ်နှစ်ခြိုက်ခြိုက် ရယ်တတ်သည်။ များ သောအားဖြင့် ဆရာဝန်များသည် သူတို့အာရုံစိုက်ရသောအလုပ် မထိခိုက်စေဘဲ သူတို့၏ခံစားချက်များကို အခြားတစ်ဘက်တွင် ပွင့်ပွင့်လင်းလင်းဖော်ပြနိုင်ရန် လေ့ကျင့်ထားပြီး ဖြစ်ကြသည်။

ဒေါက်တာဝမ်းနားအား အသင်းဝင်ဆရာဝန်ကြီးများနှင့် တစ်ဦးချင်း မိတ်ဆက်ပေးခဲ့ရာ ဤပုဂ္ဂိုလ်ကြီးများအနက် တစ်ဝက်ခန့်မှာ ဆေးပညာဘက် တွင် မိမိအနေဖြင့် သူရဲကောင်းများအဖြစ် သတ်မှတ်ခဲ့သူများ ဖြစ်နေသည်ကို သူသတိပြုလိုက်မိ၏။ ထို့နောက် ဒေါက်တာဝမ်းနားသည် အခန်းထောင့်စားပွဲ ရာတွင်ထိုင်လိုက်ပြီး အဖျော်ယမကာများကို မသုံးဆောင်ဘဲ ငြိမ်သက်စွာ အာ ခတ်နေခဲ့သည်။ သူ့မျက်နှာမှာ တည်တည်ကြည်ကြည်ရှိလှ၍ ကုလားထိုင်ပေါ် တွင် မလှုပ်မယှက်ဘဲ တောင့်တောင့်ကြီးထိုင်နေသည်မှာ အစည်းအဝေးတက် နေသည်နှင့်မတူဘဲ အပြေးပြိုင်ပွဲတွင် တာထွက်ရန်အသင့်ပြင်ထားသလို ဖြစ်နေ သည်။

သို့ဖြင့် ၉ နာရီထိုးသောအခါ အစားအသောက်ညှော်ခံကျွေးမွေးသည့် ကိစ္စများကို စခန်းသိမ်း၍ ဒေါက်တာဝီလျံတစ်က 'ကြက်ခြေခတ်အသင်း၏ ၅၃ ကြိမ်မြောက် အစည်းအဝေး စတင်ဖွင့်လှစ်ကြောင်း ကြေညာလိုက်သည်။ ရောဂါရှာဖွေရေးဘက်တွင် လုပ်သက်ရင့်လှပြီဖြစ်၍ နာမည်ကျော် ဆရာဝန်ကြီး



တစ်ဦးဖြစ်သော ဒေါက်တာဝီလျံသည် ဟိုတယ်ခန်းမကြီးအတွင်း စားပွဲထိပ်တွင် နေရာယူကာ သူ့ရှေ့တည့်တည့်တွင် အစီအရီထိုင်နေသော အဖွဲ့ဝင်များအား သွမ်းကြည့်လိုက်သည်။

ဒေါက်တာတစ်သည် သူ့အသက် ၇၅ နှစ်အတွင်း ဆေးပညာကို လေ့ လာလိုက်စားခြင်းနှင့် ဆေးကုသမှုကို လက်တွေ့လုပ်ဆောင်ခြင်းတို့ဖြင့် အချိန် ကုန်လွန်ခဲ့သည် ပုဂ္ဂိုလ်ကြီးဖြစ်သည်။ ထောင်ပေါင်းများစွာသော ဆေးကျောင်း သားများသည် သူ၏ထိရောက်ပြင်းထန်သော သင်ကြားပို့ချမှုများကို ခံယူရရှိခဲ့ ကြပြီးဖြစ်သည်။ အရှေ့ပိုင်းဆေးသိပ္ပံတွင် ကိုယ်တွင်းရောဂါဆေးပညာဘက် ဆိုင်ရာ ပါမောက္ခအဖြစ် နှစ်ပေါင်းများစွာ ဆောင်ရွက်လာခဲ့သည်။ အထူးသဖြင့် ဒေါက်တာတစ်သည် ပဋိပက္ခဖြင့် တိုးတက်မှုကို ရှာကြံရမည်ဟူသော သဘော တရားကိုလက်ကိုင်ထား၍ ကျောင်းသားများအား မခံချင်စိတ်ဖြစ်ပေါ်လာအောင် နှိုးဆွလှုံ့ဆော်ပေးသည့်နည်းဖြင့် သင်ကြားပို့ချပေးရာ၌ အထူးနာမည်ကြီးသည့် ပါမောက္ခကြီးဖြစ်သည်။ ယခု ထင်ရှားကျော်ကြားနေကြသော ဆရာဝန်ကြီးများ သည် တစ်ခါက မိမိတို့၏ မတောက်တခေါက် အရည်အချင်းကလေးများကို ထင်သန်ကြီးထွားလာအောင် ခပ်နာနာကလေး ဆုံးမ၍ ခပ်စပ်စပ်ကလေး သင် ကြားခဲ့သော ခါးကိုင်းကိုင်း မေးရိုးကြီးကြီးနှင့် မျက်နှာပေါက်ဆိုးလှသော ဒေါက်တာတစ်အား ပြန်၍မြင်ယောင်မိကြသည်။ ထိုအခါများတွင် သူတို့ဆရာ ကြီး၏ ထူးဆန်းသော ဆေးပညာသင်ကြားပို့ချမှု နည်းနိသဿရည်းများကို တအံ့ တဩဖြင့်ပင် နေ့တိုင်း ပခုံးနှစ်ဖက်ကို တွန့်မိကြသည်။

"မင်းတို့နားလည်ထားရမှာက ဆေးဝါးဆိုတာ စိတ်ကူးယဉ်အိပ်မက်ထဲ က မြတ်နိုးစရာကောင်းတဲ့ အရာဝတ္ထုတစ်ခုမဟုတ်ဘူး။ တကယ်တော့ ဆေးဝါး ဆိုတာ လူသားတွေရဲ့ မှားယွင်းမှုနဲ့ ထုံထိုင်းမှုကို ဖော်ပြတဲ့ ရှေးအကျဆုံး အရာဝတ္ထုတစ်ခုပဲ။ ကောင်းကင်ဘုံရဲ့ လျှို့ဝှက်နက်နဲတဲ့ အကြောင်းခြင်းရာတွေ ကို ရှာဖွေတွေ့ရှိခဲ့ကြတာတွေဟာ လူခန္ဓာကိုယ်ရဲ့ ရှုပ်ထွေးခက်ခဲတဲ့ တည် ဆောက်မှုကို စူးစမ်းလေ့လာရာမှာ မအောင်မြင်ဘဲ ဆုံးရှုံးအနစ်နာခံရတာတွေနဲ့ နှိုင်းယှဉ်လိုက်ရင် ဘာမှမပြောပလောက်ပါဘူး။ အဲဒီတော့ မင်းတို့ကိုယ်မင်းတို့ အကြည့်သိပ္ပံပညာရှင်တွေလို့ သဘောထားမယ်ဆိုရင် ဒီနေ့ မင်းတို့ကို ငါသင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တဲ့ ပညာတွေအားလုံးဟာ နက်ဖြန်အတွက် အင်မတန်ရိုးလွန်းစင်းလွန်းလို့ ဖြေရှင်းမရအောင်ဖြစ်နေတဲ့ ဆေးပညာရဲ့အခြေခံမူလဘူတ အကြောင်းအရာတွေပဲဆိုတာ သဘောပေါက်နားလည်ထားဖို့ လိုလိမ့်မယ်။ ငါတို့တတွေ ဘယ်လောက်ပဲ ကြိုးစားအားထုတ်ခဲ့လို့ ဘယ်လောက်ပဲ တိုးတက်လာပါတယ်ဆိုပေမယ့် ဆေးပညာနဲ့ပတ်သက်တဲ့ တွေ့ရှိချက်တွေဟာ စုန်းတစ္ဆေရုပ်ရှင်ဇာတ်လမ်းမှာအင်မတန်သိမ်မွေ့တဲ့ဇာတ်ကောင်ကို ထည့်ရိုက်သလို ကွာဟနေသေးတယ်"

ဤသို့လျှင် ဒေါက်တာတစ်သည် ဆေးကျောင်းသားများအား ဆေးပညာနှင့်ပတ်သက်သည့် သူ၏ဆန်းကြယ်သော ခံယူချက်အဘိဓမ္မာကို သင်ကြားပို့ချခဲ့ပေသည်။

"နောက်ပြီးတော့ ဆေးပညာကို လက်တွေ့အသုံးချရာမှာ ဖြစ်လာနိုင်တဲ့ ချွတ်ယွင်းချက်နှစ်ခုရှိတယ်"

ဒေါက်တာတစ်က ပါမောက္ခသက်တမ်းနှစ်ပေါင်း လေးဆယ်အတွင်း ထိုသို့ အကြိမ်ကြိမ်အခါခါ အခိုင်အမာသင်ကြားခဲ့သည်။

"ပထမဖြစ်နိုင်တဲ့ချွတ်ယွင်းချက်ကဘာလဲဆိုတော့ ရောဂါရဲ့လက္ခဏာကို လူနာကမရေမရာ မသေမချာနဲ့ အလွဲလွဲအမှားမှား ပြောပြတတ်တဲ့သဘောပဲ။ ဒီလိုဖြစ်ရတာကလည်း ရောဂါတွေရဲ့လက္ခဏာတွေဟာ တစ်ခုနဲ့တစ်ခု ဆင်တူယိုးမှား ထင်ယောင်ထင်မှားဖြစ်တတ်ပြီး လူနာကိုယ်တိုင်ကလည်း ကယောင်ချောက်ချားနဲ့ စိတ်ရဲ့လှုပ်ရှားမှုကြောင့် အမှန်အတိုင်းမပြောနိုင်လို့ နောက် ဒုတိယအချက်ကတော့ လူ့စိတ်ရယ်၊ ဆေးဝါးရယ်၊ တခြားလိုအပ်တဲ့ အရာဝတ္ထုတွေရယ်၊ အဲဒါတွေမပြည့်ဝ မလုံလောက်ဘဲ ချွတ်ယွင်းနေတဲ့အချက်ပဲ။ အထူးသဖြင့် ရောဂါတစ်ခုခုကို စူးစမ်းလေ့လာရာမှာ ဆန္ဒစွဲနဲ့ အယူသည်း မရှိအောင်ကြိုးစားရမယ်။ ကိုယ့်မှာရှိနေတဲ့ အသိဉာဏ်ကို အပင်ပန်းခံပြီး အသုံးမနေဘဲ သိသင့်သိထိုက်တဲ့ အချက်အလက်တွေကို အမှန်အတိုင်း လွယ်လွယ်ကူကူနဲ့သိဖို့ အဲ့ရေးကြီးတယ်။ အဓိကအကျဆုံးကတော့ ကိုယ့်ရဲ့အသိဉာဏ်ကို အချည်းနှီးမဖြစ်အောင် အံဝင်ခွင်ကျဖြစ်အောင် အသုံးချသွားဖို့ပဲ"

ဆရာဝန်အဘိုးကြီး ဒေါက်တာတစ်သည် ကျောင်းစာသင်ခန်းထဲ ကျောင်းသားများ ငြိမ်သွားသည်အထိ စောင့်နေသည့် ဆရာတစ်ယောက်



အစည်းအဝေးခန်းမထဲရှိ 'အဘက်ဘက်မှ မပြည့်စုံသေးသော ပုဂ္ဂိုလ်ကြီးများ' ကို တစ်ဦးချင်းတစ်ယောက်ချင်း အကဲခတ်၍ စောင့်ကြည့်ခဲ့သည်။ အားလုံးငြိမ်သွားတော့မှ သူသည် တည်တည်ခန့်ခန့်နှင့် ရုပ်ရည်သန့်ပြန့်လှသော ဒေါက်တာဝမ်းနားဘက်သို့ လှည့်လိုက်သည်။

"ဒီနေ့ညမှာ ကျုပ်တို့နဲ့အတူ ဆေးဘက်ပညာရှင်တစ်ယောက် အသစ်ရောက်နေပါတယ်"သူက စကားစပြောလိုက်သည်။

"ကျုပ် သူ့ကို ဆေးလောကမှာ နာမည်မကျော်ကြားခင်ကတည်းက သိလာခဲ့ပါတယ်။ လည်ပင်းက သွိုင်းရိုက်အကျိတ်ဟာ လိုအပ်တာထက်ပိုပြီး အလုပ်လုပ်တဲ့ ရောဂါနဲ့ ကျောက်ကပ်ဟာပုံမှန်အတိုင်း အလုပ်မလုပ်တဲ့ ရောဂါတွေကုသရာမှာ ကျော်ကြားခဲ့တဲ့ ပုဂ္ဂိုလ်ကြီးပါပဲ။ သူ့အစွမ်းအစနဲ့ အရည်အချင်းဟာ ဒီနေရာမှာ အထူးပဲ ထင်ရှားခဲ့ပါတယ်။ အဲဒီတော့ ဝမ်းနား၊ တို့အဖွဲ့အစည်းရဲ့ရည်ရွယ်ချက်နဲ့ လုပ်ငန်းစဉ်ကို မင်းနားလည်အောင် ငါ ရှင်းပြပါမယ်"

"ကျွန်တော်လည်း အဲဒီအတွက် အသင့်ပြင်ထားပါတယ်" ဒေါက်တာဟမ်းက ဝင်ပြောလိုက်သည်။

"သေသေချာချာ ရှင်းပြဖို့ စနစ်တကျ ပြင်ထားပါတယ်"

ဒေါက်တာဟမ်းက ရှင်းပြမယ်ဆိုတော့ ဒေါက်တာတစ်က အေးအေးဆေးဆေးပင် ဆက်ပြောလိုက်သည်။

"သူရှင်းပြမယ့် အချက်အလက်တွေထဲမှာ သူရေးတဲ့စာအုပ်တွေအကြောင်းများပါလာရင် နားငြီးဖို့သာပြင်ပေတော့ဟေ့"

"ကျွန်တော် သူ့အကြောင်း ကောင်းကောင်းသိပြီးသားပါ" ဝမ်းနားက ဝင်ပြောလိုက်သည်။

"မင်းပြောတာလည်း မဟုတ်သေးဘူးကွ" ဒေါက်တာတစ်က ဝမ်းနားအား လှမ်းပြောလိုက်သည်။

"မင်းဟာ စိတ်ရောဂါကုသမှုနဲ့ပတ်သက်တဲ့ ပညာကို အမြတ်တနိုး ဆွေးနွေးဆသတောထားချင်တယ်။ အဲဒါကို ငါလည်းအမြတ်တနိုး သတိပေးခဲ့တယ်။ ဒါပေမယ်တော့ စိတ်ရောဂါကုသတဲ့ပညာဟာ ဆေးပညာနဲ့ ဆန့်ကျင်ဘက်ပဲကွ"

ဒေါက်တာဟမ်းက အဘိုးကြီး၏စကားကို မရယ်ချင့်ရယ်ချင်ဖြင့် ရယ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ဘာပဲဖြစ်ဖြစ်ကွာ" ဒေါက်တာတစ်က ဆက်ပြောလိုက်ပြန်သည်။

"ပညာရှိဒေါက်တာဟုမ်းက တို့ကိုဘာတွေပြောမယ်ဆိုတာ နားထောင်ရရင် ကောင်းမယ်ထင်တယ်"

"ဆရာကအချိန်ဖြုန်းချင်တယ် ဆိုရင်တော့ ကျွန်တော့်အနေနဲ့ နားထောင်ရမှာပေါ့ဆရာ. . ." အသင်းသားသစ် ဝမ်းနားက စိတ်ပါလက်ပါဖြင့် ရယ်ရင်း ဝင်ပြောလိုက်သည်။ သူသည် အိတ်ထဲမှ လက်ကိုင်ပဝါတစ်ထည်ကို ထုတ်၍ သူ၏လည်ကုတ်ကို သုတ်လိုက်သည်။

ဝဝဖိုင့်ဖိုင့်ဖြင့် နာမည်ကျော် မီးယပ်ရောဂါအထူးကု ဆရာဝန်ကြီး ဒေါက်တာဖရင့်ရော့ဆွန်သည် မပွင့်တပွင့်ရယ်ရင်း. . .

"ဒေါက်တာတစ်တစ်ယောက် ဒီနေ့ည တော်တော်ရွှင်နေပါလား"ဟု အနားမှ ဒေါက်တာဟုမ်းအား ခပ်တိုးတိုးပြောလိုက်သည်။

"အသက်ကြီးလာတော့ မဟုတ်မဟပ်တွေပြောရရင် စိတ်ချမ်းသာနေတာပေါ့ဗျာ"

ဒေါက်တာဟုမ်းက ပြန်ပြောလိုက်သည်။

သို့သော်ဆရာကြီး ဒေါက်တာတစ်သည် ဟုမ်း၏စကားကို မကြားလိုက်ဘဲ သူပြောစရာရှိသည့်စကားကိုသာ ဆက်ပြောနေသည်။

"ကဲ. . ဒေါက်တာဝမ်းနား၊ တို့ကြက်ခြေခတ်အသင်းဝင်တွေရဲ့အစည်းအဝေးမှာ အစီအစဉ်တစ်ခုပဲရှိတယ်။ အဲဒီအစီအစဉ်ကလည်း စိတ်ဝင်စားစရာကောင်းပါတယ်။ ငါတို့တတွေဟာ သုံးလတစ်ကြိမ် အခုလို မျက်နှာစုံညီ တွေ့ဆုံကြပြီး အရင်တစ်ပတ် အစည်းအဝေးပြီးခဲ့တဲ့ အချိန်ကစပြီး ဒီအတောအတွင်းမှာ ငါတို့ကျူးလွန်ခဲ့ကြတဲ့ လူသတ်မှုတချို့ကိုဖွင့်ပြီး ဝန်ခံကြတာပဲ။

"ဒီနေရာမှာ ငါပြောတဲ့ လူသတ်မှုဆိုတာ ဆေးပညာနဲ့ပတ်သက်တဲ့ လူသတ်မှုကို ဆိုလိုတာပါ။ တကယ်တော့ ငါတို့ရဲ့မိုက်မဲမှုကြောင့် မဟုတ်ဘဲ ဆေးပညာလွန်ကဲမှုနဲ့ စိတ်စောမှုတွေကြောင့် ဖြစ်ခဲ့ရတဲ့ ဒီလူသတ်မှုတွေကို ငါတို့အချင်းချင်း ဖွင့်ပြောကြတာကို ကြားရတာဟာ တစ်နည်းအားဖြင့် စိတ်သက်သာမှုရခဲ့တာ အမှန်ပါပဲ၊ အဲဒီတော့ ဒေါက်တာဝမ်းနား မင်းအနေနဲ့



ကြာခင်က အိမ်ထောင်ရှင် အမျိုးသမီးတစ်ယောက်ကို သတ်ခဲ့မိရင်ဖြစ်စေ ဒါမှမဟုတ် ဦးလေးတစ်ယောက်ယောက်ကို အသက်ဆုံးရှုံးအောင် လုပ်ခဲ့မိရင် ဖြစ်စေ၊ မင့်ရင်ထဲမှာ ရှင်းသွားအောင် တို့ကိုပြောပြစေချင်တယ်။ မင်းပြောတာ တွေကို တို့အားလုံး ဂရုတစိုက်နဲ့ တလေးတစားနားထောင်ကြဖို့ အသင့်ပါပဲ။ ပြီးတော့ မင်းသိအောင် တစ်ခုပြောထားချင်တာက မင်းအခုပြောပြမယ့် အဖြစ်အပျက်တွေအားလုံးကို ရဲနဲ့ အမေရိကန်ဆေးပညာအသင်းက ပုဂ္ဂိုလ်တွေ တစ်ယောက်မှမသိစေရဘူး၊ အဲဒီအတွက် တာဝန်ယူပါတယ်"

ဆရာဝန်ကြီးဒေါက်တာတစ်သည် စောစောကထက် တည်ကြည်လေးနက်သည့် အမူအရာဖြစ်ပေါ်လာသော ဒေါက်တာဝမ်းနား၏မျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်သည်။

"ဒါပေမယ့် တစ်ခုသေချာတာကတော့ မင်းဟာ အခုထက်ထိ မင်းရဲ့ ဆွေမျိုးသားချင်းတွေထဲက တစ်ယောက်မှ မသတ်သေးဘူးလို့ ငါပြောရဲပါတယ်"

ဒေါက်တာတစ်ကပင် စကားဆက်လိုက်ပြန်သည်။

"တကယ်လို့ ဒီလိုသတ်ခဲ့မိတယ်ဆိုရင်လည်း ဒါဟာ အလုပ်တာဝန် နေတဲ့အချိန်မှာ ဖြစ်ခဲ့တာပဲလို့ ငါနားလည်ပါတယ်။ ပြီးတော့ စိတ်ရောဂါ ရဲ့အခြေခံမှုအရ ဖွင့်ဟဝန်ခံမှုဟာ စိတ်ဓာတ်ကို ကြည်လင်သန့်ရှင်းစေ ဆိုတဲ့ ပဏာမခံယူချက်ကို ဒေါက်တာဟုမ်းက ရှင်းပြပြီးပြီလို့ ငါယုံကြည် ။ ဒါပေမယ့် ငါ့အယူအဆကိုပြောရရင် ဒါဟာ အဓိပ္ပါယ်မရှိဘူး။ ဘာဖြစ် ဆိုတော့ ငါတို့အခုဒီနေရာမှာလာပြီး တွေ့ဆုံကြတာဟာ စိတ်သက်သာ ွက် မဟုတ်ဘဲ ငါတို့ရဲ့ စိတ်ဓာတ်တွေ တိုးတက်ကောင်းမွန်လာအောင် ဖို့ပဲ။ ငါတို့ဟာ ငါတို့ရဲ့အမှားတွေကို လူထုပရိသတ်ရှေ့မှာ ဖွင့်ပြီး ဝန်မခံ ။ ပြီးတော့ ငါတို့ဟာ ရိုးရိုးသာမန် မသိနားမလည်တဲ့လူတွေ မဝေဖန်ရဲ အောင် ကြီးကျယ်တဲ့ ပညာရှင်ပါရဂူကြီးတွေ ဖြစ်နေကြတယ်။ ဒါ့အပြင် ဟာ လုံးဝအပြစ်ကင်းတဲ့လူတွေမဟုတ်ဘဲနဲ့ ခြောက်ပစ်ကင်း သဲလဲ တွေအဖြစ်နဲ့ ငါတို့ရဲ့အားနည်းချက်တွေ လူ့သဘာဝတွေကို ဖုံးကွယ်ပြီး ဆောင်နေရတာလည်းမကောင်းဘူး။ ဒါ့ကြောင့် ငါတို့ဟာ ဒီအဖွဲ့ကလေးကို ကြတာပဲ။ အဲဒီတော့ ကိုယ့်အမှားတွေ ကိုယ်ထုတ်ပြောပြီး ဂုဏ်ယူတာဘဲတဲ့

www.burmeseclassic.com



လူတွေဖွဲ့ထားတဲ့ ဆေးပညာအဖွဲ့ရယ်လို့ ကမ္ဘာပေါ်မှာ ဒီအဖွဲ့တစ်ခုပဲရှိတယ်"

"ကဲ . . . အဲဒီတော့" ဒေါက်တာတစ်က အတွေ့အကြုံနုနယ်သူများအား ပညာပေးသည့် ဟန်အမူအရာဖြင့် လေသံအနည်းငယ်မြှင့်လိုက်သည်။

"တကယ် ကိုယ်ထိလက်ရောက် ပညာသားပါပါနဲ့ ဖြစ်ပွားခဲ့တဲ့ လူသတ်မှု တစ်ခုအပေါ်မှာ ငါတို့ဘယ်လို သဘောထားတယ်ဆိုတာ ငါ ဆက်ပြီး ရှင်းပြမယ်၊ အဲဒီ လူသတ်မှုမျိုးဟာ ဆရာဝန်တစ်ယောက်က ကိုယ့်လက်ထဲကို ယုံယုံကြည်ကြည်အပ်ထားတဲ့ လူနာတစ်ယောက်ရဲ့အသက်ကို သတ်လိုက်တဲ့ အမှုပဲ။ ဒီနေရာမှာ တစ်ခုသတိထားဖို့က ဆရာဝန်တစ်ယောက်ရဲ့ လက်ထဲမှာ လူနာတစ်ယောက်သေသွားခဲ့ရင် ဒါကို လူသတ်မှုလို့ မခေါ်နိုင်ဘူး။ ဒါမျိုးဖြစ်လာရင် ငါတို့ဆရာဝန်တွေမှာ တာဝန်ရှိတာက ရောဂါလက္ခဏာသတ်မှတ်ချက်များယွင်းတာရယ်၊ ဒါမှမဟုတ် ဆေးပေးမှားတာရယ်၊ ဒါမှမဟုတ် ခွဲစိတ်ကုသရာမှ တစ်စုံတစ်ခု ချွတ်ယွင်းတာရယ်၊ ဒါတွေပဲ ပြောစရာရှိတယ်။ ဒါပေမယ့် အဲဒီဆရာဝန်မှာ အခုပြောခဲ့တဲ့ အမှားအယွင်းတွေ၊ အားနည်းချက်တွေနဲ့ ချွတ်ယွင်းချက်တွေ မရှိဘူးဆိုရင် ဒီလူနာဟာ အသက်မသေဘဲ မုချ ရှင်နိုင်တယ်၊ ဒါကြောင့် ဆရာဝန်ဟာ ဒီလူနာကို သေစေလိုတဲ့ ဆန္ဒမရှိပေမယ့် သူ့ကြောင့် သေရတယ်။ သူက သတ်ပစ်လိုက်သလို ဖြစ်ခဲ့ရတယ်"

"ကျွန်တော့်ကို ဒေါက်တာဟုမ်းက ဒီအကြောင်းတွေအားလုံး ပြောပြီးပါပြီ"

အသင်းသားသစ် ဒေါက်တာဝမ်းနားက စိတ်မရှည်ဟန်ဖြင့် ဖြတ်ပြောလိုက်သည်။ ထို့နောက်သူသည် အသံကိုအနည်းငယ်မြှင့်၍ ဆက်ပြောလိုက်သည်။

"ကျွန်တော်ဟာ ဒီအစည်းအဝေးကို အခုလို ပထမဆုံးအကြိမ်တက်ရောက်ခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ အထူးသဖြင့် ကျွန်တော်ဟာ အစည်းအဝေးမှာ ကျွန်တော်ကိုယ်တိုင်ကပြောတာထက် ကျွန်တော့် လုပ်ဖော်ကိုင်ဖက်ဆရာကြီးများပြောတာကို နားထောင်ရတာ ပိုပြီး ပညာရပါလိမ့်မယ်လို့ ယူဆတယ်။ သို့သော်လည်း ကျွန်တော့်မှာလည်း အရေးကြီးတဲ့စကားတွေ ပြောစရာရှိနေပါတယ်"



"လူသတ်ခဲ့တဲ့အကြောင်းပဲလား" ဒေါက်တာတစ်က ဖျတ်ခနဲ ကောက်ကာငင်ကာ မေးလိုက်သည်။

"ဟုတ်ပါတယ်" အသင်းသားသစ်က ဖြေလိုက်သည်။

"ဒါဆိုကောင်းတာပေါ့" သူက ဝမ်းသာအားရပြန်ပြောလိုက်သည်။

"မင်းပြောမယ့်အကြောင်းအရာတွေကို ကြားရရင် တို့လည်း စိတ်ဝင်စားကြမှာ သေချာပါတယ်။ ဒါပေမယ့် အခု တရားခွင်မှာ ဖြောင့်ချက်ပေးကြမယ့် လူသတ်သမားတွေ မင်းရှေ့က အများကြီးရှိနေသေးတယ်"

အသင်းသားသစ်သည် ကုလားထိုင်ပေါ်တွင် ဣန္ဒြေရရထိုင်ရင်း တစ်စုံတစ်ရာ ပြန်မဖြေဘဲ ငြိမ်နေသည်။ ဤအချိန်တွင် ဒေါက်တာဟုမ်း အပါအဝင် အခန်းထဲမှ ဆရာဝန်အတော်များများသည် ပရိသတ်ကို ကြောက်နေဟန်တူသော ဒေါက်တာဝမ်းနား၏မျက်နှာအမူအရာကို သတိပြုမိသည်။

ဤတွင် ဆရာဝန်ကလေးသည် တစ်စုံတစ်ရာ ထူးခြားဆန်းကြယ်လှောင်ဆူနေသော သူ့ရင်ထဲမှ ခံစားချက်များဖြင့် ဤ ကြက်ခြေခတ်အသင်းအစည်းအဝေးသို့ ပထမဆုံးအကြိမ် တက်ရောက်လာသည်ကို အကဲခတ်မိကြသည်။

ဦးနှောက်နှင့် အာရုံကြောဌာနမှ ထင်ရှားသည့် ဆရာဝန်ကြီးတစ်ဦးဖြစ်သော ဒေါက်တာဖိလစ်ကာတစ်သည် ဒေါက်တာဝမ်းနား၏ ပခုံးကိုကိုင်၍ ညင်သာစွာ ပြောလိုက်သည်။

"အခု. . . ခင်ဗျား ကျုပ်တို့ကိုပြောမယ့် အကြောင်းအရာတွေနဲ့ ပတ်သက်လို့ ဘာမှစိတ်မကောင်းဖြစ်မနေပါနဲ့၊ ကျုပ်တို့အားလုံးဟာ အင်မတန်တော်တဲ့ ဆေးပညာရှင်တွေပါ။ ဒါပေမယ့် ဘာဖြစ်ဖြစ် ကျုပ်တို့အားလုံး ဆိုးဆိုးဝါးဝါး လုပ်ခဲ့မိကြတဲ့ လူတွေချည်းပါပဲ"

"တဆိတ် ကျေးဇူးပြုပြီး အားလုံးငြိမ်ကြပါခင်ဗျား. . ."

ဒေါက်တာတစ်က အော်ပြောလိုက်သည်။

"အခု ဒီနေရာဟာ ကိုယ့်ကိုယ်မရေမရာနဲ့ လိပ်ပြာမလုံဖြစ်နေကြတဲ့ ဆရာဝန်တွေကို ဆေးကုပေးနေတဲ့ ဆေးရုံမဟုတ်ပါဘူး။ အမှားမှားအယွင်းယွင်း လုပ်ခဲ့ကြတဲ့ လူတွေအတွက် ပြင်ပဆေးခန်းတစ်ခုပါပဲ။ အဲဒီတော့ အစီအစဉ်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း အစည်းအဝေးကို စနစ်တကျကျင်းပသွားဖို့လိုပါတယ်။ သိပ္ပံနည်းကျတဲ့ ပုံစံနဲ့ပေါ့ခင်ဗျာ။ ဒီမယ် ဒေါက်တာကာတစ် ခင်ဗျား ဝမ်းနားရဲ့ပခုံးကို ကိုင်ချင်သပဆိုရင် ကိုင်နိုင်ခွင့်ရှိပါတယ်။ ဒါပေမယ့် စကားမပြောဘဲကိုင်ရင် ပိုကောင်းလိမ့်မယ်"

ထို့နောက် ဒေါက်တာကလစ်သည် ရုတ်တရက် အသင်းသားသစ်ဘက်သို့ မြားဦးလှည့်လိုက်သည်။

"ကျုပ် တစ်ခုတော့ ဝန်ခံပါတယ်၊ သူက ဆက်ပြောလိုက်သည်။ အရာရာမှာ နားလည်တတ်ကျွမ်းတဲ့ ကျုပ်တို့မိတ်ဆွေကလေး ဒေါက်တာဝမ်းနားဟာ သူ့ရဲ့လူနာတစ်ယောက်ကိုသတ်ခဲ့မိတယ်ဆိုတာ ကြားလိုက်ရတော့ တခြားလူတွေလို ကျုပ်လည်း တအံ့တသြဖြစ်သွားမိပါတယ်။ ဒါပေမယ့် အဲဒီအံ့ဩမှုတွေကိုလည်း အသာဘေးဖယ်ထားပြီး ခဏစောင့်ကြစေချင်ပါတယ်။ အရင်တစ်ပတ်က အစည်းအဝေးကို အသင်းဝင် ငါးဦး မတက်နိုင်ခဲ့ကြပါဘူး။ ဒါကြောင့် ရှေးဦးစွာ အစီအစဉ်အရ ဒေါက်တာဂျိမ်းရဲ့ဖွင့်ဟဝန်ခံချက်ကို အဲဒီပုဂ္ဂိုလ်တွေ ကြားရအောင် ဒီအစည်းအဝေးမှာ နောက်တစ်ခါ ထပ်ပြီးတင်ပြရင် ပိုကောင်းပါလိမ့်မယ်"

ဒေါက်တာ ဂျိမ်းဆွီးနေးသည် ထိုင်ရာမှ ရုတ်တရက်ထလိုက်ပြီး စိတ်မချမ်းမြေ့စွာဖြင့် ယခင်တစ်ပတ်က အစည်းအဝေးတွင် ပျက်ကွက်ခဲ့ကြသည့် ပုဂ္ဂိုလ်ငါးဦး၏မျက်နှာများကို တစ်လှည့်စီ ကြည့်လိုက်သည်။

"ကောင်းပါပြီ. . ." သူကကြိုတင်ပြင်ဆင်ထားသည့်လေသံဖြင့် ခပ်ကျယ်ကျယ် ပြောလိုက်သည်။

"ကျွန်တော် ဒီအကြောင်းကို အရင်တစ်ပတ်က အစည်းအဝေးမှာ တင်ပြခဲ့ပြီးပါပြီ၊ ဒါပေမယ့် အခြေအနေက တောင်းဆိုလာတဲ့အတွက် အခုတစ်ခါထပ်ပြီး ပြောပြပါဦးမယ်၊ ကျွန်တော်ဟာ လူနာတစ်ယောက်ကို ဓာတ်ရောင်ခြည်နဲ့ စမ်းသပ်ကြည့်ရှုပြီး ရောဂါကိုရှာဖွေဖို့ ကျွန်တော့်ဓာတ်မှန်ခန်းထဲကို လွှတ်လိုက်ပါတယ်။ ဓာတ်မှန်ခန်းထဲမှာရှိတဲ့ ကျွန်တော့်လက်ထောက်ဆရာဝန်ကလည်း ခါတိုင်းလိုပဲ ဘေရီယမ်ဓာတ်ပါတဲ့ အရည်တိုက်ပြီး သူ့ကို ဓာတ်မှန်ရှေ့မှာ ရပ်ခိုင်းထားပါတယ်။ ကျွန်တော်လည်း ခဏနေတော့ အဲဒီအခန်းထဲကို



လိုက်သွားပြီး ဓာတ်ရောင်ခြည်ပေးထားတဲ့ လူနာကိုကြည့်လိုက်ပါတယ်။ အဲဒီမှာပဲ ကျွန်တော့်ပါးစပ်က ဟာခနဲ အသံထွက်သွားပြီး ကျွန်တော်ရဲ့လက်ထောက် ဒေါက်တာကရော့ကို တစ်ချက်လှမ်းကြည့်လိုက်မိပါတယ်။ ကျွန်တော့် တစ်သက်နဲ့တစ်ကိုယ် ဒါမျိုး တစ်ခါမှမမြင်ဖူးပါဘူး။ ကျွန်တော် အံ့အားသင့်သွားသလို ဒေါက်တာကရော့ဟာလည်း အကြီးအကျယ် အထိတ်တလန့်ဖြစ်သွားပြီး ကျွန်တော့်ကို အခန်းထဲက ထွက်သွားဖို့ ကြိုးစားပါတယ်။ ဒါပေမယ့် ကျွန်တော် အနေနဲ့ ဒီအခန်းထဲက ဘယ်လိုမှ ပြန်ထွက်သွားလို့မဖြစ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဓာတ်မှန်ထဲမှာ ကျွန်တော် မြင်လိုက်ရတာက ကျွန်တော့်လူနာရဲ့ အစာမျိုတဲ့ ပြွန်ကတစ်ဆင့် အောက်ဘက်ကိုဆင်းသွားတဲ့ အစာသွားရာလမ်းကြောင်းတစ်ခုလုံးဟာ ကျောက်တုံးကျောက်ခဲနဲ့ လုပ်ထားသလို အတောင့်လိုက်ဖြစ်နေတာ တွေ့လိုက်ရပါတယ်။ အဲဒီလိုဖြစ်နေတဲ့အခြေအနေကို လေ့လာကြည့်နေတုန်းမှာပဲ ကျွန်တော့် မျက်စိအောက်မှာ မြင်ရတဲ့ အဖြစ်အပျက်ဟာ ပိုပြီးထင်ရှားလာပါတယ်။ ပိုပြီးတော့လည်း မြန်လာပါတယ်။ အဲဒီအချိန်မှာ အဆိုးဆုံးကတော့ လူနာကို ဘယ်လိုမှ ကယ်လို့မရတော့ဘူးဆိုတာ ကျွန်တော်တို့နှစ်ယောက်လုံး ရိပ်မိသွားကြတဲ့အချက်ပါပဲ။ ဒေါက်တာကရော့ဆိုရင် ကယောင်ချောက်ချားနဲ့ အကြီးအကျယ် တုန်လှုပ်နေပါတယ်။ ကျွန်တော်တို့ ကြည့်နေရင်းနဲ့ လူနာဟာ အသက်ထွက်တော့မယ့် လက္ခဏာတွေ ပြလာတာပါပဲ။ နောက်ဆုံးကျတော့ ဘယ်လိုမှမတတ်နိုင်ဘဲ ရောဂါကျွမ်းသည်ထက်ကျွမ်းပြီး လူနာဟာ ဘိုင်းခနဲ ကြမ်းပြင်ပေါ်လဲကျသွားခဲ့ပါတယ်"

"တော်တော်ဆိုးတဲ့အဖြစ်ပဲ"

ယခင်အပတ် အစည်းအဝေးတွင် ပျက်ကွက်ခဲ့သူများထဲမှ အော်သံများ ရုတ်တရက်ပြိုင်တူထွက်လာကြသည်။ ဒေါက်တာကာတစ်ကမေးလိုက်သည်။

"အဲဒါဘယ်လိုဖြစ်သွားတာလဲ"

"ဖြစ်ပုံကတော့ ရိုးရိုးကလေးပါပဲ" ဒေါက်တာဂျိမ်းက ပြန်ပြောလိုက်သည်။

"အဲဒီလူနာကို ဘေရီယမ်ဓာတ်ဖျော်တိုက်တဲ့ဖန်ခွက်ရဲ့အောက်ခြေမှာ အမာခံထုရှိတယ်။ အဲဒါကို သတိမထားလိုက်မိတော့ ဖန်ခွက်ရဲ့အောက်ခြေ

www.burmeseclassic.com

www.burmeseclassic.com



မှာ ဘာတွေ ကပ်နေတယ်ဆိုတာ မသိလိုက်ဘူး။ ဒါနဲ့ ကျွန်တော်တို့ဟာ လူနာကို 'ဝလပ်စတာအော့ဖ်ပဲရစ်' တွေကို အရည်ဖျော်တိုက်လိုက်မိတာပါပဲ။ ချက်ချင်း သွေးတိုးမြန်လာပြီး ဖြုန်းခနဲ အသက်လုံးဝရှူမရတော့ပဲ အသေဆိုးနဲ့ သေသွားရ ရှာတာပါပဲ"

"ဘုရား. . ဘုရား. . ." အသင်းသားသစ်က အထိတ်တလန့် ညည်း လိုက်မိသည်။

"ဒီပလာစတာတွေက ဖန်ခွက်ထဲကို ဘယ်လိုလုပ်ပြီးရောက်နေရတာ လဲဗျာ"

"တကယ်လို့ အခြားရောဂါတစ်ခုခုကြောင့်လို့ ပြောစရာ ဒီလူနာဟာ ခင်ဗျားတို့ဆေးခန်းမရောက်ခင်က တခြားဘာများဖြစ်ခဲ့သလဲ"

ဒေါက်တာကလစ်က မေးခွန်းထုတ်လိုက်သည်။

"အလောင်းကို ခွဲစိတ်ကြည့်တဲ့အခါကျတော့ အစီကတွေ့ရတဲ့ အချက် က အစာသွားတဲ့လမ်းကြောင်းတစ်ခုလုံး ပိတ်ဆို့သွားတာပဲ"

ဒေါက်တာဂျိမ်းက ဖြေကြားလိုက်သည်။

"ဒါပေမယ့် တခြားလက္ခဏာတွေကို ရှာကြည့်တဲ့အခါကျတော့ သူ့မှာ အစာအိမ်နဲ့ အူသိမ်ကြားက ကြွက်သားတွေဟာ ကျုံ့လိုက်ဆန့်လိုက် ဖြစ်ခဲ့ပြီး ခဏခဏ မခံရပ်နိုင်လောက်အောင် လေဆန်တဲ့ရောဂါဖြစ်ခဲ့ဖူးတာ တွေ့ရပါ တယ်။ ဒီရောဂါနဲ့ပတ်သက်လို့ ဒီကိစ္စမဖြစ်ခင်ကပဲ ကျွန်တော့်ကို သူပြောခဲ့ပါ သေးတယ်"

"တကယ် မော်ကွန်းတင်လောက်တဲ့ လူသတ်မှုမျိုးပါပဲ"

အဘိုးကြီး ဒေါက်တာတစ်က မှတ်ချက်ချလိုက်သည်။

ထို့နောက် ပါမောက္ခကြီးသည် ဒေါက်တာ ဝမ်းနားအား တစ်ချက် စိုက်ကြည့်လိုက်ပြန်သည်။

"ကဲ. . . ကဲ ခဏနေကြပါဦး"သူက ပြောလိုက်သည်။ "ကျုပ်တို့ အစီ အစဉ်တွေ ဆက်မသွားခင် ကျုပ်တို့အသင်းနဲ့ပတ်သက်လို့ ဒေါက်တာဝမ်းနား ကို အသင်းရဲ့နာမည် အပြည့်အစုံပြောပြထားဖို့ လိုလိမ့်မယ်ထင်တယ်။ ကျုပ် တို့အသင်းရဲ့ နာမည်အပြည့်အစုံက 'ကြွက်ခြေခတ်အမှတ်ပေးခံရသူများ အသင်း' လို့ ခေါ်ပါတယ်။ ဒါပေမယ့် ပြောတဲ့ဆိုတဲ့နေရာမှာ လွယ်လွယ်ကူကူနဲ့ နားလည်အောင်ဆိုပြီး 'ကြွက်ခြေခတ်အသင်း'လို့ပဲ အတိုကောက်ခေါ်ခဲ့ကြပါ တယ်"

"အဲဒါ ကောင်းပါတယ်" အသင်းသားသစ်က ထောက်ခံလိုက်သည်။ သူ့မျက်နှာမှာ စောစောကထက် ပို၍နီရဲလာသည်ဟု ထင်ရသည်။

"ကဲ. . . အဲဒီတော့"

ဒေါက်တာတစ်က အစည်းအဝေးကို ထပ်မံလှုံ့ဆော်လိုက်ပြန်သည်။ သူက သူ့လက်ထဲတွင်ကိုင်ထားသော စာရွက်ကလေးတစ်ရွက်ကိုကြည့်ရင်း ပြောလိုက်သည်။

"ဒီနေ့ည ပထမဆုံးဖြောင့်ချက်ပေးဖို့ အလှည့်ကျသူကတော့ ဒေါက်တာ ဝင်းဒဲလ်ဒေးဗစ်ဖြစ်ပါတယ်"

အားလုံးငြိမ်သွားပြီးနောက် အရပ်ထောင်ထောင်မောင်းမောင်း ဥပမိ ရှုပ်ကောင်းကောင်းဖြင့် ဝမ်းဗိုက်ရောဂါဘက်ဆိုင်ရာ ပါရဂူကြီးသည် ထိုင်ရာမှ ထလိုက်သည်။ အမှန်စင်စစ် ဒေါက်တာဒေးဗစ်သည် ရောဂါကုသရာတွင် အလေးအနက်ထားသလို သူ၏ပြောဆိုလှုပ်ရှားမှု ဝတ်စားဆင်ယင်မှုများကို သည်း အလေးအနက်ထားတတ်သူဖြစ်သည်။ အရပ်အမောင်းကောင်း သလောက် ကိုယ်လုံးကိုယ်ထည် တောင့်တင်းသန်မာ၍ သူ့ဦးခေါင်းမှဆံပင်ကို သည်း ပုံကျပန်းကျညှပ်ထားပြီး မျက်နှာအမူအရာမှာ တည်တည်ငြိမ်ငြိမ်ဖြင့် ကြန့်ရှိလှသူ ဖြစ်သည်။ ရောဂါဝေဒနာ မည်မျှပြင်းထန်ဆိုးဝါးသည့် လူနာနှင့် တွေ့ရသည်ဖြစ်စေ၊ မည်သည့်အခါမျှ မျက်နှာမပျက်ဘဲ လက်ခံစမ်းသပ် ကုသ ပေးတတ်သူဖြစ်သည်။

"ကျုပ်ဟာ လွန်ခဲ့တဲ့နွေရာသီတုန်းက အလုပ်သမားတစ်ယောက်ရဲ့ အိမ်က လာပင့်လို့ လိုက်သွားရပါတယ်"

သူက ဇာတ်လမ်းစလိုက်သည်။

"အဲဒီအချိန်က အထက်လွှတ်တော်အမတ် ဘဲလ်ဟာ အင်မတန် ခင်းရဲတဲ့ သူ့မဲဆန္ဒနယ်က လူတွေကို ပျော်ပွဲစားပါတီတစ်ခုဖိတ်ပြီး အတွေး အမွှေးနဲ့ ဧည့်ခံခဲ့တဲ့အချိန်ပါပဲ။ အဲဒီပျော်ပွဲစားပါတီမှာ ဟော်ရိုးစ်ဆိုတဲ့ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



သမားတစ်ယောက်ရဲ့ ကလေးသုံးယောက်ဟာ မတည့်တဲ့အစာတွေစားမိပြီး အဆိပ်သင့်သွားပါတယ်။ တကယ်ကတော့ ဒီကလေးတွေဟာ အစားအသောက်တွေ အလွန်အကျွံစားမိရာက စားပိုးနင့်ပြီး အဆိပ်ဖြစ်သွားတဲ့သဘောပါပဲ။ လွှတ်တော်အမတ်ဘဲလ်မှာလည်း သူလုပ်တဲ့ ပျော်ပွဲစားပါတီမှာ ဖြစ်ရတာမို့ သူ့တာဝန်မကင်းဘူးဆိုပြီး ကျွန်တော့်ကို သူကိုယ်တိုင်လာပင့်တဲ့အတွက် ကျွန်တော်ဟာ အဲဒီအဆိပ်သင့်တဲ့ ကလေးတွေရဲ့အိမ်ကို လိုက်သွားရပါတယ်။ ကျွန်တော်ရောက်သွားတော့ ကလေးနှစ်ယောက်ဟာ အတော်ကလေး အဖျားဝင်ပြီး ခဏခဏအန်နေတာ တွေ့ရပါတယ်။ သူတို့နှစ်ယောက်မှာ တစ်ယောက်က ကိုးနှစ်၊ နောက်တစ်ယောက်က ဆယ့်တစ်နှစ်ရှိပါပြီ။ သူတို့အမေက သူ့ကလေးတွေ ပျော်ပွဲစားပါတီမှာစားခဲ့တဲ့ အစားအစာတွေကို မှတ်မိသလောက် စာရင်းလုပ်ပြီး ပြောပြပါတယ်။ ဒါပေမယ့် သူပြောပြတာတွေက သိပ်ပြီးရေရေရာရာ မရှိလှပါဘူး။ ဒါနဲ့ကျုပ်လည်း အဲဒီကလေးနှစ်ယောက်ကို ဝမ်းနှုတ်ဆေး ခပ်များများ ကလေးတိုက်လိုက်ပါတယ်။

"အဲဒီထဲက အသက် ၇ နှစ်ပဲရှိသေးတဲ့ အငယ်ဆုံး တတိယကလေးကတော့ ဟိုကလေးနှစ်ယောက်လောက် အဖျားမရှိပါဘူး။ အဖျားရှိတယ်ဆိုရုံပဲရှိပြီး မျက်နှာကတော့ အတော်ကလေးညှိုးနေပါတယ်။ ဗိုက်ထဲက အော်ဂလီဆန်သလို ဖြစ်နေပါတယ်။ ဒါပေမယ့် အန်တော့မအန်ပါဘူး။ ဘာပဲဖြစ်ဖြစ် သူလည်းပဲ အစာအဆိပ်သင့်သွားတယ်ဆိုတာ သေချာပါတယ်။ ဒါပေမယ့် ဟိုကလေးနှစ်ယောက်လောက် မပြင်းထန်ပါဘူး။ ကျုပ်လည်းပဲ လိုလိုမယ်မယ် ကြိုတင်ကာကွယ်တဲ့သဘောနဲ့ အဲဒီအငယ်ဆုံးကလေးကိုလည်း အကြီးနှစ်ယောက်နဲ့အတူ ဝမ်းနှုတ်ဆေးကို အညီအမျှတိုက်ခဲ့ပါတယ်။

"ဒီလိုနဲ့ ကျုပ်ပြန်လာခဲ့ပြီး ညသန်းခေါင်လောက်ကျတော့ ကလေးတွေအဖေက ဖုန်းလှမ်းဆက်ပါတယ်။ သူပြောပြချက်အရ အကြီးနှစ်ယောက်က အတော်ကလေးကောင်းလာပြီး အငယ်ဆုံးကလေးရဲ့အခြေအနေကတော့ သိပ်မသက်သာဘူးလို့သိရပါတယ်။ ဒါနဲ့ ကျုပ်လည်းသူ့ကို စိုးရိမ်စရာမရှိတဲ့အကြောင်းနဲ့ အငယ်ဆုံးကလေးရဲ့ အဆိပ်သင့်တဲ့လက္ခဏာဟာ ဟိုကလေးနှစ်ယောက်ထက်နောက်ကျပြီးမှပြလာတာမို့ မနက်ကျရင် အဲဒီကလေးလည်း မှ



သက်သာလာပါလိမ့်မယ်လို့ ပြောလိုက်ရပါတယ်။ ဒါနဲ့ ကျုပ်လည်း အိပ်ရာထဲပြန်ဝင်လာခဲ့ပြီး အဲဒီအငယ်ဆုံးကလေးရဲ့အခြေအနေကို စဉ်းစားရင်းနဲ့ ဘာပဲဖြစ်ဖြစ် ဝမ်းနှုတ်ဆေးကြောင့် အတော်ကလေးဝမ်းသွားလိုက်ရင် ဗိုက်ထဲက အဆိပ်သင့်နေတဲ့အစာတွေကုန်သွားပြီး သေချာပေါက်သက်သာလာလိမ့်မယ်လို့ တွေးနေမိပါတယ်။

"ဒါနဲ့ နောက်တစ်နေ့ နေ့လယ်မွန်းတည့်ချိန်လောက် အဲဒီအိမ်ရောက်သွားတဲ့အခါကျတော့ အကြီးကလေးနှစ်ယောက် ရောဂါသက်သာပြီး လုံးဝပျောက်သလောက်ဖြစ်နေတာ တွေ့ရပါတယ်။ ဒါပေမယ့် အငယ်ဆုံးကလေးရဲ့အခြေအနေကတော့ မသက်သာတဲ့အပြင် အတော်ကလေးဆိုးနေပါတယ်။ ကလေးဟာ အရမ်းအဖျားတက်ပြီး အပူချိန် ၁၀၅ ဒီဂရီအထိ ရှိနေပါတယ်။ ကလေးတွေရဲ့အဖေ ဟော်ရိုးစစ်ဟာ ကျုပ်ကို တစ်မနက်ခင်းလုံးလိုက်ရှာနေတယ်လို့ ပြောပါတယ်။ ကလေးရဲ့အခြေအနေကတော့ အားပြတ်ပြီး အသားအရေနီးခြောက်နေပါတယ်။ မျက်တွင်းကျနေပြီး မျက်လုံးတွေ လန်နေပါတယ်။ အသက်ရှူကြပ်ပြီး နှာခေါင်းပေါက်တွေ ကျယ်နေပါတယ်။ နှုတ်ခမ်းတွေလည်း ပြာနှမ်းပြီး တစ်ကိုယ်လုံးအေးစက်နေပါတယ်"

ဒေါက်တာဒေးဗစ်သည် သူ့ဇာတ်လမ်းကို စိတ်ပါလက်ပါ အဆက်မပြတ်ပြောလာခဲ့ရာမှ မောသွားဟန်ဖြင့် ခေတ္တရပ်လိုက်သည်။ ဤအချိန်မှာပင် အဆုတ်ရောဂါဆိုင်ရာသမားတော်ကြီး ဒေါက်တာမစ်လ်တန်မောရစ္စက လှမ်းမေးလိုက်သည်။

"နောက်တော့ အဲဒီကလေးဟာ နာရီပိုင်းအတွင်း သေသွားတာပဲ ဟုတ်လား"

ဒေါက်တာဒေးဗစ်က ခေါင်းညိတ်ပြလိုက်သည်။

"ဒီကိစ္စကတော့ အတော်ကလေးသိသာထင်ရှားပါတယ်" ဒေါက်တာမောရစ္စက မှတ်ချက်ချလိုက်သည်။

"တကယ်တော့ အဲဒီကလေးကို ခင်ဗျားစတွေ့တဲ့အချိန်မှာ ကလေးဟာ အူအတက်ရောင်တဲ့ရောဂါ စဖြစ်နေပြီပဲ။ အဲဒီမှာ ခင်ဗျားက ဝမ်းနှုတ်ဆေးကို တိုက်လိုက်တော့ အဲဒီအူအတက်က ပေါက်သွားတာပေါ့။ နောက်တစ်ခေါက်

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားသွားကြည့်တဲ့အခါကျတော့ ကလေးဟာ ဝမ်းဗိုက်ထဲမှာ အမြွေးရောင်တဲ့ ရောဂါထပ်ဖြစ်နေတဲ့သဘောပဲ"

"ဟုတ်ပါတယ် ခင်ဗျာ"

ဒေါက်တာ ဒေးဗစ်က ခပ်ဖြည်းဖြည်းပြန်ပြောလိုက်သည်။

"အခု ဆရာပြောတဲ့အတိုင်း တစ်ထပ်တည်းဖြစ်ခဲ့တာပါပဲ"

"ဝမ်းနှုတ်ဆီကျွေးပြီးသတ်ခဲ့တဲ့ လူသတ်မှုပဲ" ဒေါက်တာတစ်က အသံ ဩကြီးဖြင့် လှမ်းပြောလိုက်သည်။

"ကဲ ဒေါက်တာ ကဲနက်ဝှကလည်း စာရင်းပေးထားတယ်။ ဒီတစ်ခါ ဒေါက်တာဝှအလှည့်ပဲ"

ခွဲစိတ်ဘက်ဆိုင်ရာ နာမည်ကျော် စကော့လူမျိုး ဆရာဝန်ကြီး ဒေါက် တာဝှသည် ထိုင်ရာမှထလိုက်သည်။ သူသည် ကောလိပ်ကျောင်းသားဘဝ အိုလံပစ်ကစားသမား တစ်ယောက်အဖြစ် ထင်ရှားခဲ့သူဖြစ်၍ ယခုထက်တိုင် ပခုံးကျယ်ကျယ်၊ ရင်အုပ်ကားကားဖြင့် ထွားကြိုင်းသန်မာသည့် ခန္ဓာကိုယ်ရှိ ဆဲပင် ဖြစ်သည်။ ကိုယ်လုံးကိုယ်ပေါက် တုတ်ခိုင်ကြီးမားသလောက် သူ့အသံမှာ သိမ်မွေ့ညင်သာလှသည်။

"ကျွန်တော် အခုပြောပြမယ့်အမှုကိုတော့ ခင်ဗျားတို့ ဘယ်လို လူ သတ်မှုလို့ ခေါ်မယ်မသိဘူး"သူက လုပ်ဖော်ကိုင်ဘက်များအား ပြုံးပြုံးရွှင်ရွှင် ဖြင့် သူ့စကားကို ပလ္လင်ခံလိုက်သည်။

"ခေါ်နေကျအတိုင်း အမဲသတ်သလိုသတ်ခဲ့တဲ့ လူသတ်မှုလို့ ခေါ် လိုက်ရင်ပြီးတာပါပဲ"

ဒေါက်တာလစ်က လှမ်းပြောလိုက်သည်။

"မဟုတ်သေးဘူးဆရာ၊ အဲဒီစကားလုံးကို ကျွန်တော် သိပ်ဘဝင်မကျ ဘူး"

ဒေါက်တာမောရစ္စက ကန့်ကွက်လိုက်သည်။

"ဒေါက်တာဝှလို ကျွမ်းကျင်ပြီးသား ဆရာဝန်တစ်ယောက်ဟာ လူတစ် ယောက်ရဲ့ခြေထောက်ကို မှားပြီးဖြတ်ပစ်ခဲ့လောက်စရာ အကြောင်းမရှိပါဘူး"

"ဒီလိုဆိုရင်လည်း မိုက်မဲမှုကြောင့်ဖြစ်ရတဲ့ လူသတ်မှုလို့ ရိုးရိုးကလေး



ခေါ်လိုက်ကြတာပေါ့ဗျာ"

ဒေါက်တာဝှက အေးဆေးစွာ ပြန်ပြောလိုက်သည်။

ထိုအခိုက် ဒေါက်တာတစ်က ဝင်နှောက်လိုက်သည်။

"ဒီမယ် မင်းဟာ အခုလို နာမည်အတိုကောက်ရွေးရာမှာ ဂရုစိုက်ပြီး စိတ်ရှည်သလို၊ လူနာတွေကို ဂရုစိုက်ပြီး ရောဂါကို စိတ်ရှည်ရှည်ကုမယ်ဆိုရင် အခုလို လူသတ်မှုမျိုးတွေ ဘယ်ဖြစ်တော့မလဲကွာ"

"ဒါပေမယ့်ဆရာ ကျွန်တော်ဟာ သုံးနှစ်အတွင်း ဒီတစ်ခါပဲဖြစ်ခဲ့ပါ သေးတယ်"ဒေါက်တာဝှက ကြုံနွေရရဖြင့် ပြန်ပြောလိုက်သည်။

"ပြီးတော့. . . ကျွန်တော်ဟာ အားလပ်တဲ့ရက်တွေ အပါအဝင် တစ် နေ့နေ့ကို လူနာလေးယောက်ငါးယောက်ကို ပုံမှန်ခွဲစိတ်ပေးခဲ့ရတာပါ ဆရာ"

"ဒီမယ် ဒေါက်တာဝှ. . ."

ဒေါက်တာဟုမ်းက ဝင်ပြောလိုက်သည်။

"ခွဲစိတ်ဆရာဝန်တစ်ယောက်ဟာ သုံးနှစ်တစ်ကြိမ်လောက်တော့ လူ သတ်မိတာချည်းပါပဲ၊ တကယ်တော့ အခြေအနေအရပြောရရင် ဒါဟာ သိသိ သာသာနဲ့ ထင်ထင်ရှားရှားဖြစ်ခဲ့တဲ့ စံချိန်ပဲရှိပါသေးတယ်"

"ကဲ. . မင်း ကျွှလွန်ခဲ့တဲ့ ရာဇဝတ်မှုကို ဆက်ပြောပါဦး"

"ဟုတ်ကဲ့ ကောင်းပါပြီ" သန်မာထွားကြိုင်းလှသော ဒေါက်တာဝှ သည် သူ့မိတ်ဆွေဆရာဝန်ကြီးများအား တစ်ချက်လှမ်းကြည့်လိုက်ပြီးမှ အသင်း သားသစ်ဘက်သို့ မျက်နှာလှည့်လိုက်သည်။

"ဒီမယ် ဒေါက်တာဝမ်းနား၊ သည်းခြေအိတ်မှာဖြစ်တတ်တဲ့ရောဂါ လက္ခဏာတွေကို ခင်ဗျား သိပါတယ်နော်"

ဒေါက်တာဝမ်းနားက အမှတ်မထင် ခေါင်းညိတ်ပြလိုက်သည်။

ဒေါက်တာဝှက ဆက်ပြောသည်။

"လူနာရောက်လာတော့ ညဘက်အတော်ညဉ့်နက်နေပါပြီ၊ နာလွန်း လို့ မခံမရပ်နိုင်အောင်ဖြစ်နေတယ်။ ကျုပ်လည်း အဲဒီလူနာအမျိုးသားကို စမ်းကြည့်တယ်။ ဝမ်းဗိုက်ရဲ့အပေါ်ပိုင်း လက်ျာဘက်တစ်ခြမ်းက နာနေတာကို တွေ့ရတယ်၊ အဲဒီကနာတဲ့ဒဏ်ဟာ လက်ျာဘက်ပခုံးနဲ့ နောက်ကျောထိအောင်

www.burmeseclassic.com

ကူးစက်ပြီး မခံမရပ်နိုင်အောင် ဖြစ်နေတယ်။ အားလုံးကို ခြုံကြည့်လိုက်တော့ ဒါဟာ သည်းခြေအိတ်မှာဖြစ်တဲ့ ရောဂါပဲဆိုတာ သေချာနေတယ်။ ကျုပ်က သူ့ကို အိပ်ဆေးတိုက်ကြည့်တယ်။ ဒါပေမယ့် ခင်ဗျားတို့သိတဲ့အတိုင်း သည်းခြေအိတ်မှာဖြစ်တဲ့ ရောဂါရဲ့လက္ခဏာအရ အိပ်ဆေးတိုက်လို့ ဘာမှ အကြောင်းမထူးဘူး။ အိပ်ဆေးဟာ သည်းခြေအိတ်ကို ဘယ်တော့မှမရောက်ဘူး"

"ဒါတွေက ကျွန်တော်တို့သိပြီးသားတွေပါ" အသင်းသားသစ်က မအောင့်နိုင်သည့်အသံဖြင့် လှမ်းပြောလိုက်သည်။

"ကျွန်တော် တောင်းပန်ပါတယ်" ဒေါက်တာဝုက ပြုံး၍ ပြန်ပြောလိုက်သည်။

"ကျွန်တော်က အဖြစ်အပျက်အားလုံးကို အသေးစိတ်တင်ပြချင်လို့ပါ။ ဒါနဲ့ ကျွန်တော်လည်း နာနေတာကို နည်းနည်းပါးပါးဖြစ်ဖြစ် သက်သာအောင်ဆိုပြီး နိုက်ထရိုဂလေစရင် ပေးကြည့်ပါတယ်။ အဲဒီအချိန်မှာ လူနာအမျိုးသမီးဟာ အပူချိန် ၁၀၁ ရှိနေပါပြီ။ နောက်တစ်နေ့မနက်ကျတော့ ဗိုက်ထဲက မခံမရပ်နိုင်အောင်အပြင်းအထန်နာလာတော့ သည်းခြေအိတ် ပေါက်သွားပြီလို့ သေချာပေါက် ယူဆလိုက်ပါတယ်။ ဒါနဲ့ ကျွန်တော်လည်း ခွဲကုမှ ဖြစ်တော့မယ်ဆိုပြီး ဗိုက်ကိုခွဲပါတယ်။ ဒါပေမယ့် သည်းခြေအိတ်မှာ ဘာမှမဖြစ်ဘူး။ ဘာမှလည်း မတွေ့ရဘူး။ နောက်တစ်နာရီကြာတော့ လူနာလည်း သေသွားရှာတာပါပဲ"

"အလောင်းကို ခွဲပြီးစစ်ကြည့်တော့ ဘာတွေ့ရသလဲ"

ဒေါက်တာဂျိမ်းက ဝင်မေးလိုက်သည်။

"ခဏနေပါဦး" ဒေါက်တာဝုက လက်ကာပြလိုက်သည်။

"ခင်ဗျားတို့စိတ်ထဲမှာ တစ်ခုခုတွေးမိထားတာ ရှိနေပုံရတယ်၊ ဘယ်နှယ်လဲ၊ ကဲ ဒီလိုဆိုရင် ဒီအမျိုးသမီးရဲ့ရောဂါဟာ ဘာဆိုတာ ပြောစမ်းပါ"

"ခင်ဗျားလူနာရဲ့ ဆေးမှတ်တမ်းယူကြည့်သေးသလား" ဒေါက်တာတစ်က ခပ်ဆိုင်းဆိုင်းလုပ်ပြီးမှ မေးလိုက်သည်။

"မယူကြည့်ရဲဘူး" ဒေါက်တာဝုက ချက်ချင်း အဖြေပေးလိုက်သည်။

"အား. . ." ဒေါက်တာတစ်၏ အသံကြီးကို ကြားလိုက်ရသည်။



"အဲ. . . ဒါကြောင့် ငါထင်လိုက်သားပဲ။ အကန်းတစ္ဆေမကြောက်ဆိုသလို လုပ်လိုက်ပြန်တာပေါ့"

"လူနာက အရေးပေါ် လူနာဖြစ်နေတယ်ဆရာ" ဒေါက်တာဝုက မျက်စိဖျက်မျက်နှာပျက်ဖြင့် ပြန်ပြောလိုက်သည်။

"ပြီးတော့ ကျွန်တော် စမ်းသပ်ကြည့်လို့ တွေ့ရသလောက် ရောဂါရဲ့လက္ခဏာက သိပ်ပြီး ထင်ရှားနေပါတယ်။ ဒီလိုရောဂါမျိုးကို ကျွန်တော်ကုခဲ့တာ အခါတစ်ရာမကတော့ပါဘူး"

"ဒါကတော့ ဒီလိုဖြစ်တတ်တာပါပဲ"

ဒေါက်တာတစ်က လေသံပြောင်း၍ ပြောလိုက်သည်။

"အဲဒီတော့ ဒီကိစ္စမှာ ဒီလို ကောက်ချက်ချရလိမ့်မယ်၊ ဒေါက်တာဝုဟာ အမျိုးသမီးလူနာတစ်ယောက် ဗိုက်ထဲကနာတာကို ရောဂါသတ်မှတ်ချက်လွဲပြီး ဒီလူနာကို သတ်ပစ်သလို ဖြစ်ခဲ့တယ်။ အဲဒီတော့ ကျုပ်တို့မှာ ဖြေရှင်းစရာပြဿနာက ရိုးရိုးကလေးပဲရှိတယ်။ အခု ဒေါက်တာဝုပြောသလို ဗိုက်ထဲက ခံမရပ်နိုင်လောက်အောင်နာတဲ့ဝေဒနာဟာ သည်းခြေအိတ်အပြင် အခြား ဘယ်နေရာက ဖြစ်နိုင်သလဲ"

"နှလုံးက ဖြစ်နိုင်တာပေါ့" ဒေါက်တာမောရစ္စက ခပ်သွက်သွက် ဖြေလိုက်သည်။

"ခင်ဗျားပြောတာ မလွဲပါဘူး" ဒေါက်တာဝုက ဝန်ခံလိုက်သည်။

"တကယ်တော့ လူတစ်ယောက်ဟာ ဗိုက်ထဲက မခံမရပ်နိုင်အောင်နာနေတယ်၊ သူ့ဆေးမှတ်တမ်းကိုလည်း မသိရဘူးဆိုရင် နှလုံးကို စမ်းကြည့်တာဟာအကောင်းဆုံးပဲ"

ဒေါက်တာတစ်က ဝင်ထောက်လိုက်သည်။

"ဟုတ်ပါတယ် ဆရာပြောတဲ့အတိုင်းပါပဲ"

ဒေါက်တာဝုက ငြိမ်သက်စွာ ပြန်ပြောလိုက်သည်။

"အလောင်းကို ခွဲစိတ်ကြည့်တဲ့အခါကျတော့ နှလုံးကိုထောက်ပံ့နေတဲ့ သွေးလွှတ်ကြောဘက်က သွေးကြောတွေပိတ်နေတာ တွေ့ရပါတယ်"

"ဒုတိယနှစ် ဆေးကျောင်းသားတစ်ယောက်ကတောင် လွယ်လွယ်နဲ့ လုပ်သင့်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးဒေါက်တာတစ်က မကျေနပ်သည့် လေသံဖြင့် ပြောလိုက်သည်။

"ဒါဟာ ပထမဆုံးနဲ့ နောက်ဆုံးအကြိမ်ပါပဲဆရာ. . "ဒေါက်တာဝုက အေးဆေးစွာ ပြောလိုက်သည်။

"ကျွန်တော်ဆေးရုံမှာ နောက်တစ်ခါ နှလုံးရောဂါနဲ့ပတ်သက်လို့ အမှား အယွင်း မရှိစေရပါဘူး"

"အေး. . ကောင်းတယ်. . . ကောင်းတယ်"

ဒေါက်တာတစ်က ခေါင်းတညိတ်ညိတ်ဖြင့် ပြောလိုက်သည်။

"ကဲ လူကြီးမင်းများခင်ဗျား. . အခုတင်ပြသွားခဲ့ကြရတဲ့ ရာဇဝတ်မှု တွေကတော့ အသေးအဖွဲကလေးတွေ ဖြစ်နေလို့ အထူးတလည် ကြီးကြီးကျယ် ကျယ် ဆွေးနွေးစရာတောင်မလိုဘဲ ဖြစ်နေပါတယ်။ သူတို့ပြောပြသွားတဲ့ အချက် အလက်တွေအရ သိပ္ပံပညာနဲ့ မိုက်မဲမှုဟာ တစ်ခုနဲ့တစ်ခု လက်တွဲခဲ့ကြတယ်ဆို တဲ့ အချက်ကလွဲလို့ တခြားထူးထူးထွေထွေ မှတ်စရာ သားစရာရယ်လို့ ဘာ မပါပါဘူး။ ပြီးတော့ ဒီအချက်ဟာလည်း ကျုပ်တို့အားလုံးသိထားကြပြီးသားပါ ဘာပဲဖြစ်ဖြစ် ဒီနေ့ညမှာတော့ ကျုပ်တို့နဲ့အတူ အသက်အားဖြင့် ငယ်ရွယ်ေ မယ့် ဆေးပညာဘက်မှာ ခွဲစိတ်ဖြတ်တောက်တဲ့လွှကို အင်မတန်နိုင်နင်းကျွမ်း ကျင်စွာ ကိုင်တွယ်အသုံးပြုခဲ့တဲ့ ပုဂ္ဂိုလ်တစ်ယောက် ရှိနေပါတယ်။ ကျုပ်ဟာ ဒီပုဂ္ဂိုလ်နဲ့ နှစ်ပေါင်းများစွာ ခင်မင်ရင်းနှီးလာခဲ့တဲ့အတွက် တကယ်လို့ သူဟာ လူသတ်မှုတစ်ခုကျူးလွန်ခဲ့တယ်ဆိုရင် ကျုပ်တပည့် ဆေးကျောင်းသူတွေက "အင်မတန်ချစ်စရာကောင်းတဲ့ လူသတ်မှုပဲ"လို့ ပြောကြမှာ သေချာပါတယ် သူ့အမှုဟာ ဒီလိုအမှုမျိုးဖြစ်လိမ့်မယ်လို့ ကျုပ်ပြောရဲပါတယ်။ အခုဆိုရင် သူဟာ ဒီအခန်းထဲရောက်နေတာ တစ်နာရီလောက် ကြာသွားပါပြီ၊ အခန်းထဲမှာ ထိုင် စောင့်ရင်းနဲ့ တကယ့်ရာဇဝတ်ကောင်တစ်ယောက်လို ချွေးသီးချွေးပေါက်ေ ကျပြီး ဂနာမငြိမ်နိုင်ပဲ ဖြစ်နေပါတယ်။ ပြီးတော့ သူကျူးလွန်လာခဲ့တဲ့အပြင် တစိမ့်စိမ့်တွေးပြီး သူကြုံခဲ့တွေ့ခဲ့ရသမျှ ကျုပ်တို့ကို ပြန်ပြောပြချင်တဲ့ စိတ်ေ တဖွားဖွား ပေါ်ပေါက်နေပါတယ်။ လူကြီးမင်းများခင်ဗျား ကျုပ်ရဲ့အသင်းသ အသစ်ဖြစ်တဲ့ အငယ်ဆုံးတရားခံ ဒေါက်တာဆင်မြူယယ်ဝမ်းနားကို ထ



ခင်ဗျားတို့နဲ့ မိတ်ဆက်ပေးပါရစေခင်ဗျာ"

ဒေါက်တာဝမ်းနားသည် ဆရာ့ဆရာ ပညာရှိကြီးများဖြစ်ကြသော ကြက်ခြေခတ်အသင်းသား ဆယ့်လေးဦးအား ရှတ်တရက် ကြောက်ရွံ့သည့် အမူ အရာဖြင့် မျက်နှာချင်းဆိုင်လိုက်မိသည်။ မိမိထက် အသက်ကြီးနေကြပြီဖြစ် သော ပညာရှိပုဂ္ဂိုလ်ကြီးများသည် အမျိုးမျိုးသောမျက်နှာအမူအရာများဖြင့် မိမိအား ငြိမ်သက်စွာ အကဲခတ်ကြည့်နေသည်ကို တွေ့ရသည်။ သူတို့သည် ဒေါက်တာဝမ်းနား၏အမူအရာကို ကြည့်ရုံမျှဖြင့် တစ်စုံတစ်ရာ ရှည်ရှည်ဝေးဝေး တွေးမနေရဘဲ ဤဆရာဝန်ကလေးသည် ဆေးပညာဘက်တွင် နုနယ်လှသေး သော သဘောတရားများနှင့် မကျက်တကျက်ဖြစ်နေသော လက်တွေ့များ အများ အပြားရှိနေကြောင်း သတိထားလိုက်မိကြသည်။ သို့သော် တစ်ခါက မိမိတို့ ကိုယ်တိုင်လည်း ဤအဖြစ်မျိုး၊ ဤဘဝမျိုး ဖြတ်သန်းလာခဲ့ရသည် ဖြစ်ရာ ဆရာ့ ဆရာကြီးများသည် ဤဆရာဝန်လေးပြောမည့်စကားကို စိမ်ပြေနပြေ အားရပါးရ နားထောင်ကြရန် စိတ်အားလက်အားထိုင်၍ နားစွင့်နေခဲ့ကြသည်။

အမှန်စင်စစ် အသက်ကြီးလာပြီဖြစ်သော ဆရာဝန်ကြီးများအနေဖြင့် အသက်ငယ်၍ ပညာနုနယ်လှသေးသော ဆရာဝန်ကလေးများ၏အပေါ် ပညာ ဖြင့် ဆုံးမရခြင်းလောက် သဘောကျစရာကောင်းသော အခွင့်အရေးဟူ၍မရှိ သလောက် ဖြစ်သည်။ အဘိုးကြီး ဒေါက်တာတစ်သည် သူ၏အပေါင်းအသင်း ရောင်းရင်းများကို အကဲခတ်ရင်း ခပ်တိုးတိုးအသံထွက်၍ရယ်လိုက်သည်။ သူတို့ အားလုံး၏မျက်နှာများသည် အရေးအကြောင်းပေါ်လာလျှင် သူတို့သင်ကြား အတတ်မြောက်ထားသောအတတ်ပညာများဖြင့် ချက်ကောင်းတွင် ဝင်၍ ပညာပြ ဆိုက်မည်ဟူသော အမူအရာများ အပြည့်ရှိနေကြသည်။

ဒေါက်တာဝမ်းနားသည် စိုရွှဲနေသော လက်ကိုင်ပဝါဖြင့် သူ၏လည် ပင်းကိုသုတ်ရင်း ဆရာ့ဆရာကြီးများ၏ မျက်နှာပေးအမူအရာများကို နားလည် သည့်အနေဖြင့်တစ်ချက် ပြုံးပြလိုက်သည်။ ယခုကဲ့သို့ မိမိအပေါ်တွင် သံသယ စိတ်များဖြင့် အာရုံစိုက်နေကြသည်မှာ ဤပုဂ္ဂိုလ်ကြီးများသည် မိမိတို့ လူနာ တစ်ယောက် သေဆုံးခဲ့ရသည့် လူသတ်မှုဇာတ်လမ်းထက် ရောဂါတစ်ခုခုကို ဖျောက်ကင်းအောင် ထူးဆန်းစွာကုသပေးလိုက်သည့် အဖြစ်အပျက်ကို ကြားသို့

www.burmeseclassic.com



ကြကြောင်း ရိပ်မိလိုက်သည်။

"ကျွန်တော် ဆရာတို့ကို ဒီကိစ္စနဲ့ပတ်သက်ပြီး အသေးစိတ်တင်ပြသွားပါမယ်"

သူက ဤသို့ပင် ပဏာမ စတင်လိုက်သည်။

"ဘာဖြစ်လို့လဲဆိုတော့ အခု ကျွန်တော်ပြောပြမယ့် အကြောင်းအရာတွေဟာ စိတ်ဝင်စားစရာကောင်းပြီး ကုသမှုနဲ့ပတ်သက်တဲ့ ပြဿနာတွေ ပါဝင်နေလို့ပါပဲ"

မီးယပ်ရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာဖရန့်က "အင်း"ဟူ၍ တစ်ချက် အသံထွက်လိုက်သည်။ သို့သော် သူသည်စကားမပြောဘဲ ငြိမ်နေလိုက်သည်။

"ကျွန်တော့်လူနာကတော့ ခပ်ငယ်ငယ်ပဲ ရှိပါသေးတယ်၊ ကောင်လေး တစ်ယောက်လို့ပဲဆိုကြပါစို့"

ဝမ်းနားက စိတ်ပါလက်ပါ ပြောပြသည်။

"သူ့အသက်က ဆယ့်ခုနစ်နှစ်ပဲ ရှိပါသေးတယ်။ ဒါပေမယ့် ဒီသူငယ်လေးဟာ အင်မတန်ဉာဏ်ကောင်းပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော် တွေ့ဖူးသမျှထဲမှာ အတော်ဆုံး၊ အသိဉာဏ်အထူးချွန်ဆုံးလို့တောင် ဆိုနိုင်ပါတယ်။ သူက ကဗျာတွေရေးပါတယ်၊ ဒါကြောင့်မို့လည်း သူနဲ့ကျွန်တော် စပြီး တွေ့ခဲ့ကြတာပါပဲ။ ကျွန်တော်ဟာ မဂ္ဂဇင်းတစ်စောင်ထဲမှာ သူရေးတဲ့ ကဗျာတစ်ပုဒ်ကို ဖတ်လိုက်မိပါတယ်။ အဲဒီကဗျာကို ကျွန်တော်သိပ်ကြိုက်လွန်းလို့ သူ့ဆီကို စာတစ်စောင်ရေးလိုက်ပါတယ်"

ဒေါက်တာကာတစ်က ဆရာဝန်မပီသသည့်အမူအရာဖြင့် မျက်မှောင်တစ်ချက်ကြုတ်လိုက်သည်။

"သူ့ကဗျာက ကာရန်တွေနဲ့လား" ဒေါက်တာ်ဝုက အဘိုးကြီးဒေါက်တာတစ်အား မသိမသာစောင်းငဲ့၍ကြည့်ပြီး လှမ်းမေးလိုက်သည်။

"ဟုတ်ပါတယ်၊ ကာရန်တွေနဲ့ပါ" ဝမ်းနားက ပြန်ဖြေလိုက်သည်။

"ကျွန်တော်ဟာ သူ့လက်ရေးစာမူတွေအားလုံးကို ဖတ်ခဲ့ရပါတယ်။ သူ့ကဗျာတွေက တော်လှန်တဲ့ကဗျာတွေပါပဲ၊ မတရားဖိနှိပ်ချုပ်ချယ်မှုတွေကို



ဆန့်ကျင်တွန်းလှန်ဖို့ လှုံ့ဆော်တဲ့ကြွေးကြော်သံတွေနဲ့ စကားလုံးတွေကလည်း အင်မတန် ပြောင်မြောက်ပြီး ရဲရဲတောက်တွေချည်းပါပဲ"

"ခဏနေပါဦး" ဒေါက်တာဖရန့်က ကြားဖြတ်ပြောလိုက်သည်။

"ကျုပ်တို့ရဲ့ အသင်းသားသစ်ဟာ ကျုပ်တို့ရဲ့လုပ်ငန်းစဉ်ကို တစ်မျိုး အစီပွါယ် ကောက်နေပုံရတယ်။ ဒီမယ် ဝမ်းနား တို့အသင်းဟာ စာပေအဖွဲ့ အစည်းမဟုတ်ဘူးကွ"

"ကျွန်တော် ဒါကို နားလည်ပါတဲ့ယ်"

ဒေါက်တာဝမ်းနားက ခပ်ပြုံးပြုံးဖြင့် ပြောလိုက်သည်။ သို့သော် သူ့မေးကြောကြီးများမှာ ထောင်နေပြီး သူ့အပြုံးမှာ အသက်မပါဘဲ ရှိနေသည်။

"ဒါပေမယ့် ခင်ဗျားပြောမယ့် အကြောင်းအရာကို မစခင် အပိုစကားတွေနဲ့ ကြားတာဝါတာတွေမပါရင် ကောင်းမယ်"

ဒေါက်တာဟုမ်းက ဝင်၍နှောက်လိုက်သည်။

"အပိုစကားတွေ ကြားတာဝါတာတွေက ဆရာဝန်များ နှစ်ပတ်လည် မျက်နှာစုံညီ အစည်းအဝေးကျမှ ပြောပါ"

"လူကြီးမင်းများ ခင်ဗျား"

ဝမ်းနားက ချက်ချင်းပင် တုံ့ပြန်လိုက်သည်။

"ကျွန်တော် ဒီနေရာမှာ အပိုစကားတွေပြောဖို့ လုံးဝမရည်ရွယ်ပါဘူး။ လူသတ်မှုဖြစ်ခဲ့တဲ့ အကြောင်းကိုပဲ အမှန်ကပြောမှာပါ။ ဒါတော့ စိတ်ချပါ။ ဆရာတို့ ကြားဖူးတဲ့ လူသတ်မှုမျိုးလို အင်မတန်ဆိုးဝါးတဲ့ လူသတ်မှုအကြောင်းကိုပဲ ပြောမှာပါ"

"အဲဒါ ကောင်းတယ်"

ဒေါက်တာတစ်က ထောက်ခံလိုက်သည်။

"ဒီလိုဆိုလည်း ဆက်သာပြောပါ၊ မင်းစိတ်ထဲမှာ ဘယ်လိုမှ သဘောမထားပါနဲ့၊ အေးအေးဆေးဆေးပဲ ပြောပါ။ ဒါပေမယ့် ပြတ်တောင်းပြတ်တောင်းတော့ မလုပ်ပါနဲ့"

"ကျွန်တော်က ပြတ်တောင်းပြတ်တောင်း မလုပ်ပါဘူး။ အဲဒီအတွက်တော့ စိတ်မပူပါနဲ့"

www.burmeseclassic.com

ဝမ်းနားက ပြန်ပြောလိုက်သည်။ ပြီးမှ သူ့ဇာတ်လမ်းကို ပြန်ဆက်သည်။

"ဒါနဲ့ ကျွန်တော် ရောက်သွားတဲ့ အချိန်ကျတော့ လူနာဟာ ဖျားနေတာ တနင်္ဂနွေ နှစ်ပါတ်လောက်ရှိသွားပါပြီ"

"ဒီအချိန်မှာ အဲဒီလူနာကောင်လေးနဲ့ ခင်ဗျားနဲ့ ရင်းနှီးနေကြပြီထင်တယ်" ဒေါက်တာ ဖေးဗစ်က ဝင်မေးလိုက်ပြန်သည်။

"ဟုတ်ပါတယ်။ သူနဲ့ကျွန်တော်နဲ့ မိတ်ဆွေဖြစ်နေကြပါပြီ" ဝမ်းနားက ပြန်ပြောလိုက်သည်။

"ဒါပေမယ့် ဒီကောင်လေးဟာ ဆရာဝန်တွေကို လုံးဝအယုံအကြည် မရှိပါဘူး"

"ဆရာဝန်တွေကို မယုံဘူးဟုတ်လား"ဒေါက်တာတစ်က ရုတ်တရက် ထအော်လိုက်သည်။

"တကယ်တော်တဲ့ ကောင်လေးပဲဟေ့"

"မှန်ပါတယ်၊ ဆရာပြောသလို ဒီသူငယ်လေးဟာ တကယ်တော် တယ်"

ဝမ်းနားက စိတ်အားထက်သန်စွာဖြင့် ပြန်ပြောလိုက်သည်။

"ကျွန်တော်သူ့ကို သွားတွေတော့ အကြီးအကျယ်ဖျားနေတာ မြင်လိုက် ရတဲ့အတွက် စိတ်မကောင်း ဖြစ်သွားပါတယ်။ ဒါနဲ့ သူ့ကို ချက်ချင်းပဲ ဆေး တင်လိုက်ပါတယ်"

"ဪ ဒီကဗျာဆရာကျတော့ ပိုက်ဆံချမ်းသာသားပဲ"

ဒေါက်တာဂျိမ်းက ဝင်ပြောလိုက်ပြန်သည်။

"မဟုတ်ပါဘူး၊ မချမ်းသာရှာပါဘူး" ဝမ်းနားက ပြန်ပြောလိုက်သည်

"ဆေးရုံတင်ဖို့အတွက် ကုန်ကျတဲ့ စရိတ်တွေအားလုံး ကျွန်တော်ထ စိုက်ထုတ်ပေးခဲ့တာပါ။ ဒါနဲ့ ကျွန်တော်လည်း သူနဲ့ဆေးရုံမှာ နေနိုင်သလော အချိန်ရသလောက် နေခဲ့ပါတယ်။ သူဖျားတာက ဗိုက်ရဲ့လက်ဝဲဘက်မှာ အော ရာနာရာကစပြီး အဖျားဝင်လာတာပါပဲ။ သူဟာ ရောဂါစဖြစ်ဖြစ်ချင်း ကျွန်တော ကို ခေါ်ဖို့ပါပဲ။ ဒါပေမယ့် ဗိုက်ထဲက နာတာအောင့်တာဟာ သက်သာသလို



ပြီး သုံးရက်လောက်နေတော့ လုံးဝပျောက်သလို ဖြစ်သွားတာနဲ့ ကျွန်တော့် ကို မခေါ်ဘဲနေခဲ့တယ်လို့ သိရပါတယ်။ ဒါပေမယ့် နောက်နှစ်ရက်လောက် နေတော့ ဗိုက်ပြန်နာလာပြီး အဖျားဝင်လာတာပါပဲ။ အဲဒီအချိန်မှာ ဝမ်းလည်း သွားလာပါတယ်။ သွေးခုန်နှုန်းကို စမ်းကြည့်ပြီး သွေးစစ်ကြည့်တော့ ဘာရောဂါ မှ မတွေ့ရပါဘူး။ အဲဒီအချိန်မှာ ကျွန်တော်ရောက်သွားတာပါပဲ၊ နောက်တော့ ရောဂါဗေဒဌာနရဲ့ စစ်ဆေးတွေ့ရှိချက်အရ အူမှာအနာပေါက်ပြီး အူမကြီး ရောင်နေတယ်လို့ သိရပါတယ်။ ဒါပေမယ့် ဝမ်းဗိုက်ရဲ့ လက်ဝဲဘက်ကနာထ ဆိုတော့ အူအတက်ရောင်တာမဖြစ်နိုင်ဘူးလို့ အတိအကျပြောနိုင်ပါတယ်။ ဒါနဲ့ ကျွန်တော်လည်း လူနာကို ဝမ်းပိတ်ဆေးတိုက်ပြီး အသည်းဆေး ထိုးပေးခဲ့ပါ တယ်။ နောက်ပြီးတော့မှ ပရိုတိန်းဓာတ်ပါတဲ့အစာကို ကျွေးခဲ့ပါတယ်။ အဓိက တွေ့တာကတော့ နွားနို့ပါပဲ။ ဒါပေမယ့် အဲဒီလို ကုနေတဲ့ကြားထဲက ဂရုတစိုက် နဲ့ စောင့်ကြည့်နေကဲ့ကြားကက လူနာရဲ့အခြေအနေဟာ တစ်နေ့တစ်ခြား ဆိုး လာပါတယ်။ အထူးသဖြင့် သူ့ဗိုက်ထဲက နာတာလုံးဝပျောက်မသွားဘဲ သက်သာ သလိုလိုနဲ့ ပြန်ပြန်ပြီး နာနေပါတယ်။ အဲဒီနေရာမှာ ဝမ်းဗိုက်ရဲ့ရှေ့ပိုင်း လက်ဝဲ ဘက်က ကြွက်သားမျှင်တွေဟာ တင်းနေပြီး မာမာတောင့်တောင့်ကြီး ဖြစ်လာ ပါတယ်။ ဒီလိုနဲ့ ဂရုတစိုက်ကုနေရင်းက နှစ်ပတ်လောက်ကြာတော့ သေသွား ရှာတာပါပဲ"

"ဒါနဲ့အလောင်းကို ခွဲစိတ်ကြည့်တော့ ခင်ဗျားကုခဲ့တာ မှားနေတယ် ဆို ဟုတ်လား"

ဒေါက်တာဝုက စ၍မေးလိုက်သည်။

"ကျွန်တော် အလောင်းကို ခွဲမကြည့်ပါဘူး" ဝမ်းနားက ပြောလိုက် သည်။

"ဒီသူငယ်လေးရဲ့ မိဘတွေက ကျွန်တော်ကို လုံးဝယုံကြည်ကြပါ တယ်။ သူကိုယ်တိုင်ကလည်း ယုံကြည်ပါတယ်။ သူတို့မိသားစုအားလုံးက ကျွန် တော်ဟာ ဒီသူငယ်လေးရဲ့အသက်ကို အတတ်နိုင်ဆုံး ကြိုးစားပြီး ကုခဲ့တယ်ဆို တာ နားလည်သဘောပေါက်ခဲ့ကြပါတယ်"

"ဒါဖြင့် ခင်ဗျားအနေနဲ့ ရောဂါသတ်မှတ်ခဲ့တာ မှားတယ်လို့ ဘယ်လို

www.burmeseclassic.com



လုပ်ပြီး သိရတာလဲ"

ဒေါက်တာဟုမ်းက ဝင်မေးလိုက်သည်။

"သိခဲ့ရတဲ့အကြောင်းကတော့ နိုးနိုးကလေးပါပဲ" ဝမ်းနားက ရှတ်တရက်ချက်ချင်းပင် ပြန်ဖြေလိုက်သည်။

"အကြောင်းကတော့ လူနာဟာ ရောဂါမသက်သာတဲ့အပြင် သေသွားတယ်ဆိုတော့ ကျွန်တော့်ရဲ့ ရောဂါအမျိုးအစား သတ်မှတ်ချက်ဟာ မှားနေတယ်ဆိုတာ ထင်ရှားနေပါတယ်။ အဲဒီလို ရောဂါအမျိုးအစားကို မှန်မှန်ကန်ကန် မခွဲခြားတတ်တဲ့အတွက် ကျွန်တော်ဟာ သူ့ကို သတ်ပစ်လိုက်သလို ဖြစ်ခဲ့ရတာပါပဲ"

"ခင်ဗျားရဲ့ ဖောက်ချက်ဟာ ကျိုးကြောင်းဆီလျော်ပြီး ယုတ္တိဗေဒနဲ့ ကိုက်ညီပါတယ်"

ဒေါက်တာဂျိမ်းက ဝင်ပြောလိုက်သည်။

"ဒါပေမယ့် ဦးတည်ချက်မရှိတဲ့ ကုသမှုဟာ ခွင့်လွှတ်ဖို့ မသင့်ပါဘူး"

"ကဲ လူကြီးမင်းများခင်ဗျား..." ဒေါက်တာတစ်က ထုံးစံအတိုင်း စားပွဲထိပ်မှနေ၍ အစည်းအဝေးကို ထိန်းလိုက်သည်။

"ကျုပ်တို့ရဲ့ အတွေ့အကြုံရင့်ကျက်တဲ့ အသင်းသားဟာ သူ့အင်မတန် ရင်းနှီးပြီး အင်မတန်ပြောင်မြောက်တဲ့ ကဗျာဆရာတစ်ယောက်ကို ဇီဝိန်ချုပ်လိုက်ပါပြီ။ အဲဒီတော့ သူ့ရဲ့ ရောဂါခွဲခြားသတ်မှတ်မှု မှားယွင်းချက်ကို အင်အစဉ်အတိုင်း တစ်ယောက်ချင်း ထောက်ပြကြဖို့ လိုပါတယ်"

သို့သော် တစ်ယောက်မျှမထဘဲ ရှိနေကြသည်။ ဆရာ့ဆရာကြီးများ၏ စိတ်ထဲ၌ ဒေါက်တာဝမ်းနား၏ စကားများထဲတွင် မပါဝင်ဘဲ သူတို့မမြင်မကြားရသေးသည့် အကြောင်းချင်းရာများ ကျန်နေခဲ့သည်ဟု ယူဆနေကြဟန် တူသည်။ သူတို့ ဆယ့်လေးယောက်စလုံးသည် ဒေါက်တာဝမ်းနားအား စိုက်ကြည့်နေကြရင်း မိမိတို့အား ဝမ်းနားက ဖွင့်မပြောဘဲ ချန်ထားသည့် လျှို့ဝှက်ချက်တစ်ခုခုရှိနေသည်ဟု တညီတညာတည်း ခံစားနေမိကြသည်။ သူ၏တင်းမာသော မျက်နှာထား၊ ဝင့်ဝါသော စကားအသုံးအနှုန်းနှင့် သရော်သည့်လေသံကို ထောက်ရှုခြင်းအားဖြင့် သေဆုံးသွားသည့် ကဗျာဆရာလေးနှင့် ပတ်သက်၍



သူ့ဇာတ်လမ်းထဲတွင် မပါဘဲကျန်နေသည့် အဖြစ်အပျက်များ ရှိနေလိမ့်ဦးမည်ဟု တစ်ထစ်ချ ယုံကြည်မိကြသည်။ သို့ဖြစ်ရာ သူတို့သည် ဤပြဿနာကို သတိထား၍ ချဉ်းကပ်ခဲ့ကြသည်။

"အဲဒီလူနာဆုံးတာ ဘယ်လောက်ကြာသွားပြီလဲ"ဒေါက်တာဖရန့်က ၍ မေးလိုက်သည်။

"လွန်ခဲ့တဲ့ ဗုဒ္ဓဟူးနေ့ကပါ" ဝမ်းနားက ဖြေလိုက်သည်။ ပြီးမှ သူက ပြန်မေးလိုက်သည်။

"ဘာဖြစ်လို့လဲ"

"ဘယ်ဆေးရုံမှာ ဆုံးတာလဲ" ကြားဖြတ်၍ ဒေါက်တာဒေးဗစ်က ဝင်မေးလိုက်ပြန်သည်။

"စိန့်မိုက်ကယ်ဆေးရုံမှာပါ"ဝမ်းနားက ဖြေသည်။

"ခင်ဗျားပြောသွားတဲ့အထဲမှာ သူ့မိဘတွေက ခင်ဗျားအပေါ်မှာ ယုံကြည်စိတ်ချတယ်လို့ ကြားလိုက်ရတယ်"

ဒေါက်တာတစ်က ဝင်ပြောလိုက်ပြန်သည်။

"အခုအထိလည်း ယုံကြည်စိတ်ချတုန်းပဲလို့ သိရတယ်။ ဒါပေမယ့် အခု ခင်ဗျားကို ကြည့်ရတာတော့ ခင်ဗျားဟာ တစ်ခုခုကိုစိုးရိမ်ထိတ်လန့်နေတဲ့ ပုံမျိုးဖြစ်နေတယ်။ နေပါဦး။ ဒီအမှုကို ရဲဘက်က စုံစမ်းမေးမြန်းတာများ ရှိနေလို့လား"

"မရှိပါဘူး" ဝမ်းနားချက်ချင်း ပြန်ဖြေလိုက်သည်။

"တကယ်တော့ ကျွန်တော်ဟာ သေသေသပ်သပ်နဲ့ ရာဇဝတ်မှုတစ်ခုကို ကျူးလွန်ခဲ့တာပါပဲ၊ ရဲဘက်က ဒီအမှုကို သိတောင် မသိလိုက်ကြပါဘူး။ နောက်ဆုံး ကုန်ကုန်ပြောရမယ်ဆိုရင် သေသွားတဲ့ လူငယ်လေးကိုယ်တိုင်က ကျွန်တော့်ကိုလှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရင်းနဲ့ သေသွားခဲ့ရှာပါတယ်"

ဝမ်းနားသည် အခန်းတစ်ခုလုံးကို တစ်ချက်ဝေ့၍ကြည့်လိုက်သည်။

"ဒီမယ် တဆိတ်နားထောင်ကြပါ"

သူ့အသံမှာ ဝို၍ကျယ်လာသည်။

"ဒီတိုင်းမှာ ဆရာတို့တတွေတောင် ကျွန်တော့်ရဲ့ ရောဂါအမျိုးအစည်

www.burmeseclassic.com

www.burmeseclassic.com



ခွဲခြားပုံကို မမှန်ဘူးလို့ ထောက်မပြနိုင်အောင် ဖြစ်နေကြတယ် မဟုတ်လား"

ဤတွင်မှ ဒေါက်တာဝမ်းနား၏ 'အသားလွတ်ချဲ'လိုက်သော စကားကြောင့် ဆရာ့ဆရာကြီးများမှာ အားလုံး လှုပ်လှုပ်ရှားရှားဖြင့် ဒေါပွကာ ခေါင်းထောင်လာခဲ့ကြသည်။

"မင်းရဲ့ရောဂါအမျိုးအစား ခွဲခြားမှု မှားယွင်းခဲ့တာကို ထောက်ပြဖို့က သိပ်ပြီး မခဲယဉ်းပါဘူး"

ဒေါက်တာ မောရစ္စက မခံချင်စိတ်ဖြင့် ရှေ့ဦးစွာတုံ့ပြန်လိုက်သည်။

"ဒီအမှုမှာ ဖမ်းထားတဲ့အချက်တစ်ချက် ရှိနေတယ်"

ဒေါက်တာဝမ်းနား၏ မျက်နှာကို စိုက်ကြည့်ရင်း ဖြည်းညင်းစွာ ပြောလိုက်သည်။

"ဟုတ်ပါတယ်။ ဆရာတို့ကို အမိဖမ်းထားတဲ့ အချက်တစ်ချက် ရှိပါတယ်"

ဝမ်းနားက ချက်ချင်းပင် ပြန်ပြောလိုက်သည်။

"အဲဒါက ဘာလဲဆိုတော့ ရောဂါရဲ့လက္ခဏာ ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေတာပါပဲ။ ဒါပေမယ့် ဆရာတို့ဟာ အခု ဒီနေ့ညစောစောက ကျွန်တော်ကြားခဲ့ရတဲ့ ရိုးရိုးစင်းစင်း ကျူးလွန်ခဲ့ကြတဲ့ ရာဇဝတ်မှုမျိုးတွေကိုပဲ ပိုပြီး သဘောကျနေကြတယ်ဆိုတာ ကျွန်တော်သိပါတယ်"

အားလုံး ခေတ္တငြိမ်သွားကြသည်။ ပြီးမှ ဒေါက်တာဒေးဗစ်က ဖြည်းညင်းစွာ တစ်လုံးချင်း ပြောလိုက်သည်။

"မင်းပြောသွားတဲ့ အထဲမှာ ဒီလူနာဟာ ဝမ်းမလျှောခင်က တစ်ချိန်လုံးတလျှောက်လုံး ဗိုက်ထဲကအောင့်ပြီး နာနေတယ်လို့ဆိုတယ်၊ ဟုတ်ကဲ့လား"

"ဟုတ်ပါတယ်" ဝမ်းနားက ပြန်ဖြေလိုက်သည်။

"ဒီလိုဆိုရင်. . ." ဒေါက်တာဒေးဗစ်က ခပ်အေးအေးဆက်၍ ပြောလိုက်သည်။

"ဗိုက်ထဲက နာတဲ့အောင့်တဲ့ ဝေဒနာဟာ ယာယီပဲသက်သာပြီး တစ်ရက်နှစ်ရက်အတွင်း မခံမရပ်နိုင်လောက်အောင် ပြန်နာလာတယ်ဆိုတော့တစ်နေရာရာမှာ ပြည်တည်နေတဲ့ အနာတစ်ခုရှိနေပြီဆိုတာကလွဲလို့ တခြားဘာမှ



ဖြစ်နိုင်ဘူး"

"ဒီအချက်ကို ကျုပ်လက်မခံနိုင်ဘူး" ဒေါက်တာဂျိမ်းက ရုတ်တရက် ပြောလိုက်သည်။

"တကယ်တော့ ဒေါက်တာဝမ်းနားရဲ့ ရောဂါလက္ခဏာ သတ်မှတ်ပုံသတ်မှတ်နည်းဟာ အမှားမှားအယွင်းယွင်းနဲ့ အင်မတန်မိုက်မဲတဲ့ လုပ်ဆောင်ချက်တစ်ခုလို့ ဆိုရပါလိမ့်မယ်။ သူ ပြောပြသွားတဲ့ လူနာရဲ့ ဝေဒနာခံစားချက်တွေဟာ အူမကြီးမှာ အနာပေါက်ပြီး ရောင်တာနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး။ ဒါဟာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"

ဝမ်းနားမှာ မျက်နှာတစ်ခုလုံး နီရဲသွားပြီး မေးကြောကြီးများ ထောင်လာသည်အထိ ဒေါပွသွားခဲ့သည်။

"ဒီလိုဆိုရင် ဆရာအခု ကျွန်တော့်ကို စော်စော်ကားကား ပြောလိုက်တဲ့ အချက်နဲ့ပတ်သက်လို့ သိပ္ပံနည်းကျ အထောက်အထားတစ်ခုခု ပြနိုင်ပါ့မလား" ဝမ်းနားက မေးလိုက်သည်။

"လွယ်လွယ်ကလေးနဲ့ ပြနိုင်ပါတယ်"

ဒေါက်တာဂျိမ်းက ခပ်အေးအေး ပြန်ဖြေလိုက်သည်။

"မင်းပြောတဲ့အတိုင်း ဝမ်းလျှောပြီး အဖျားဝင်လာတယ်ဆိုတဲ့ လက္ခဏာဟာ အူမကြီးမှာ အနာပေါက်ပြီး ရောင်တဲ့ရောဂါမျိုး တစ်ရာမှာ ကိုးဆယ့်ကိုး မဖြစ်နိုင်ဘူး၊ ဒေါက်တာတစ် ကျွန်တော်ပြောတာ ဘယ်လိုလဲ"

"ဟုတ်ပါတယ်၊ ဒါဟာ အနာပေါက်ပြီးရောင်တာ မဟုတ်ပါဘူး"

ဒေါက်တာတစ်က ဝမ်းနား၏မျက်နှာကို အကဲခတ်ရင်း ပြန်ဖြေလိုက်သည်။

"ခင်ဗျားပြောတဲ့အတိုင်းဆိုရင် နောက်ဆုံးအချိန်မှာ လူနာရဲ့ ဝမ်းဗိုက်ဟာ အတော်ကလေး ပျော့သွားတယ်လို့ သိရတယ်"

ဒေါက်တာဒေးဗစ်က ချိုချိုသာသာဖြင့် ဝင်ပြောလိုက်သည်။

"ဟုတ်ပါတယ် ဒီအတိုင်းပါပဲ" ဝမ်းနားက ပြန်ပြောလိုက်သည်။

"ဒီလိုဆိုရင် ခင်ဗျားပြောတဲ့အတိုင်းသာ တကယ်အမှန်ဖြစ်ခဲ့တာ သေချာရင်တော့ . . ."

www.burmeseclassic.com

www.burmeseclassic.com



ဒေးဝစ်က ဆက်ပြောလိုက်သည်။

"တစ်ခုပဲ ဖြစ်နိုင်စရာရှိတယ်။ အဲဒါ ဘာလဲဆိုတော့ ဝမ်းဗိုက်ထဲ
အမြွှေးရောင်နေလို့ပဲ ဖြစ်ရမယ်"

"အူလိမ်သွားတာကော မဖြစ်နိုင်ဘူးလား" ဒေါက်တာဝုက ဝင်မေး
လိုက်သည်။

"အဲဒီဆိုလိုရင်လည်း သူပြောတဲ့ လက္ခဏာတွေ ဖြစ်နိုင်တာပဲ"

"မဖြစ်နိုင်ပါဘူး"

ဒေါက်တာဖရန့်က ပြန်ပြောလိုက်သည်။

အူလိမ်တယ် အူခေါက်တယ်ဆိုတာ အနာပုပ်သွားမှ ဖြစ်တတ်တယ်
အဲဒီလိုဖြစ်ရင် လူနာဟာ သုံးရက်အတွင်းသေတာပါပဲ၊ အခုဝမ်းနားပြောခဲ့သ
ဆိုရင် လူနာဟာရောဂါစဖြစ်လို့ တနင်္ဂနွေနှစ်ပတ်လောက်ကြာမှ သူ့ကိုပင့်တယ်
သူနဲ့တွေ့ပြီး နောက်ထပ်နှစ်ပတ်လောက် ခံသေးတယ်လို့ သိရတယ်။ အဲ
လောက်ကြာအောင် ဖျားနေတယ်ဆိုကတည်းက အူခေါက်တာတို့ အူလိမ်တာ
အူမှာကင်ဆာဖြစ်တာတို့ လုံးဝမဟုတ်တော့ဘူး"

"ဒါပေမယ့် နောက်တစ်ခု ဖြစ်နိုင်စရာ ရှိသေးတယ်" ဒေါက်တာ
မောရစ္စက ဝင်ပြောလိုက်သည်။

"လက်ဝဲဘက်က အူမကြီးပေါက်နေတာကော မဖြစ်နိုင်ဘူးလား"

"ဒါလည်း မဖြစ်နိုင်ဘူး"ဒေါက်တာဝုက ချက်ချင်းပင် အဖြေပေးလိုက်
သည်။

"ပထမဆုံး ဝမ်းနားတွေ့ရတဲ့ လူနာရဲ့ အခြေအနေအရ ဗိုက်ထဲ
မခံမရပ်နိုင်အောင် နာနေတဲ့ လက္ခဏာအရ ဝဲဘက်ကအူမကြီးပေါက်တာ မဖြစ်
နိုင်ဘူး"

"ဒီလိုဆိုရင် ကျုပ်တို့အနေနဲ့ ဆုံးဖြတ်ချက်ချစရာ တစ်ခုပဲကျန်သေး
တယ်"

ဒေါက်တာဂျိမ်းက ဝင်ပြောလိုက်သည်။

"အဲဒါက ဘာလဲဆိုတော့ အူမှာအနာပေါက်တာထက် တစ်ခုခု
နေတဲ့သဘောပဲ၊ အဲဒါကို ကျုပ်တို့ဘာကြောင့် မစဉ်းစားမိကြတာလဲ"



"ဟုတ်တာပေါ့" ဒေါက်တာမောရစ္စက ထောက်ခံလိုက်သည်။

"ရောဂါဝေဒနာရဲ့ လက္ခဏာအဆင့်ဆင့် ဖြစ်ပေါ်လာပုံအရ အူမှာ
အနာပေါက်ပြီး ရောင်တာတော့ လုံးဝမဖြစ်နိုင်ပါဘူး။ အဲဒီတော့ အူထဲမှာ တစ်
ခုခု ဆူးဝင်နေတယ်ဆိုတာ သေချာပါတယ်"

"ဒါပေမယ့် နောက်တစ်ချက်စဉ်းစားစရာ ရှိနေပါသေးတယ်"

ဒေါက်တာတစ်က ကြေညာလိုက်သည်။

"အဲဒီ စူးနေတဲ့အရာဝတ္ထုက ဘာဖြစ်နိုင်မလဲ"

ဒေါက်တာဝမ်းနားသည် သူ့မျက်နှာကို ရွှဲရွှဲစိုနေသော လက်ကိုင်ပဝါ
ဖြင့် သုတ်လိုက်ပြီး တိုးတိုးညင်သာ ပြောလိုက်သည်။

"ကျွန်တော်ဖြင့် အူမှာတစ်ခုခု စူးနေလိမ့်မယ်လို့ လုံးဝမစဉ်းစားမိဘူး"

"အဲဒါကို ထည့်စဉ်းစားဖို့ ကောင်းတာပေါ့"ဒေါက်တာကာတစ်က
ပြုံး၍ ပြောလိုက်သည်။

"ကဲ. . . ကဲ" ဒေါက်တာတစ်က ဆော်ဩလိုက်ပြန်သည်။

"ဘေးရောက်မသွားကြစေနဲ့. . အူမှာစူးနေကာ ဘာလဲဆိုတာ စဉ်း
စားကြဦး"

"လူနာရဲ့အသက် ဆယ့်ခုနစ်နှစ်ရှိပြီဆိုတော့ ပင်အပ်တို့ တွယ်ချိတ်တို့
မျိုတာတော့ မဖြစ်နိုင်ဘူးထင်တယ်"

ဒေါက်တာကာတစ်က စ၍ ထင်မြင်ချက်ပေးလိုက်သည်။

"ဒါလည်း မပြောနိုင်ဘူးလေ" ဒေါက်တာဟုမ်းက ဝင်ပြောသည်။

"သူကိုယ်တိုင်က မျိုချင်မျိုလိုက်မှာပေါ့. . ဒါ့ထက် ဒီသူငယ်ဟာ
အာဝကို စိတ်နာနေသလား ဝမ်းနား"

"ကျွန်တော်သိရသလောက် သူဟာ တခြားလူတွေထက်တောင် လူ့
ဘဝကို ခုံမင်ပါတယ်"

ဝမ်းနားက စိတ်မချမ်းသာသည့်အသံဖြင့် ပြောလိုက်သည်။

"လူပြည်မှာ အသက်ရှည်ရှည်နေချင်တဲ့ သူငယ်လေးပါ"

"ဟုတ်ပါတယ်။ ဒီကိစ္စမှာ ကိုယ့်ကိုယ်ကို သတ်သေတယ်ဆိုတဲ့ အယူ
အဆကို ဘေးချိတ်ထားလိုက်ကြပါ"ဒေါက်တာ ကာတစ်က ဆက်ပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ "အခုကိစ္စမှာ သေချာနေတာက အူမှာတစ်ခုခု စူးနေတယ်ဆိုတာ မငြ ပါဘူး၊ ဒါဟာလည်း တမင်မဟုတ်ဘဲ မတော်တဆဖြစ်ခဲ့ဟန်တူပါတယ်"

"ကဲ. . . ဝမ်းနား မင်းတွေ့တယ် မဟုတ်လား"ဒေါက်တာကာတစ်က မှတ်ချက်ချလိုက်သည်။

"တို့ဟာ တဖြည်းဖြည်းနဲ့အဖြေမှန် တွေ့ခါနီးနေပြီ၊ မင်းပြောသလို လူနာရဲ့ ဝမ်းဗိုက်တစ်ခုလုံးပျော့နေတယ်ဆိုတာဟာ မေ့ဂါပိုးတွေ ပြန့်ပြီးဝင်လာ တဲ့သဘောပဲ။ ပြီးတော့ ရောဂါရဲ့အဆင့်ဆင့် ဖြစ်လာတဲ့ လက္ခဏာက အူမှာ အနာပေါက်ပြီး ရောင်နေတာထက် ကစ်ခုခု စူးဝင်နေတယ်ဆိုတာ ပိုပြီး ဖြစ်နိုင် တယ်။ အဲဒီလို တစ်ခုခုစူးဝင်နေတယ်ဆိုတာလည်း ဗိုက်ထဲကို တစ်ခုခု မျိုလိုက် လို့ ဖြစ်မယ်။ အဲဒီထဲက ပင်အပ်တို့ တွယ်ချိတ်တို့၊ ပြီးတော့ ကြက်ရိုးတို့ဆိုတာ တွေလည်းမဖြစ်နိုင်ဘူး။ အဲဒီတော့ ဖြစ်နိုးဖြစ်စဉ်ဖရ စဉ်းစားစရာ ဖြစ်နိုင်တာ တစ်ခုပဲရှိတယ်"

"ငါးရိုးပဲဖြစ်ရမယ်" ဒေါက်တာဂျိမ်းက ကောက်ကာငင်ကာ ပြော လိုက်သည်။

"သိပ်ဟုတ်တာပေါ့"ဒေါက်တာတစ်က ချက်ချင်းပြန်ပြောလိုက်သည်

ဝမ်းနားသည် ရုတ်တရက် ထိုင်ရာမှ ထမပိုက်မိသည်။ သူသည် ဒေါ် တာတစ်နှင့် ဒေါက်တာဂျိမ်းတို့၏ ပြောကြားချက်များကို အားလုံးသဘော လက်ခံကာ တစ်ယောက်တစ်ပေါက် ပြောကြားနေကြသည့် ဆရာ့ဆရာကြီးမျာ ၏အသံများကို နားထောင်နေမိသည်။ နောက်ဆုံး၌ ဒေါက်တာတစ်ကပင် အဆုံ အဖြတ်ပေး၍ စီရင်ချက်ချလိုက်သည်။

"အဲဒီတော့ ဒေါက်တာဝမ်းနားဟာ ဗိုက်ထဲမှာ စူးဝင်နေတဲ့ငါးရိုး ခွဲထုတ်ပစ်လိုက်ရုံနဲ့ အသက်ရှင်နိုင်တဲ့ လူနာတစ်ယောက်ကို အူမှာအနာပေါ ပြီးရောင်တဲ့ရောဂါအဖြစ်နဲ့ကုရင်း ဒီလူနာကို သတ်ပစ်ခဲ့တယ်လို့ ကျုပ်တို့အား လုံး သဘောတူဆုံးဖြတ်ကြဖို့ပဲရှိတယ်"

ဒေါက်တာတစ်၏စကား ဆုံးလျှင်ဆုံးခြင်း ဒေါက်တာဝမ်းနားသည် အခန်း၏အလယ်မှဖြတ်ကာ သူ၏ဦးထုပ်နှင့်အင်္ကျီချိတ်ထားသည့်နေရာသို့ ခ မြန်မြန် လျှောက်သွားခဲ့သည်။



"မင်းက ဘယ်သွားမလို့လဲ" ဒေါက်တာဝုက ရုတ်တရက်လှမ်းမေး လိုက်သည်။

"ဆွေးနွေးပွဲက အခုမှ အစရှိသေးတယ်"

ဝမ်းနားသည် ကုတ်အင်္ကျီကိုဝတ်ရင်း အခိပ္ပါယ်ပါသော အပြုံးဖြင့် ပြုံးလိုက်သည်။

"ကျွန်တော့်မှာ အချိန်သိပ်မရှိတော့လို့ပါ"သူက တောင်းပန်စကား ပြောလိုက်သည်။

"ဒါပေမယ့် အခုလိုရောဂါအမျိုးအမည် ခွဲခြားပေးလိုက်တဲ့အတွက် ဆရာတို့အားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီရောဂါနဲ့ပတ်သက်လို့ ဆရာ တို့ကိုအမိဖမ်းထားတဲ့ အချက်တစ်ချက် ရှိတယ်ဆိုတာ မှန်ပါတယ်။ အဲဒီ အမိ ဖမ်းထားတဲ့အချက်က ဘာလဲဆိုတော့ ကျွန်တော့်လူနာဟာ မသေသေးပါဘူး။ အခုအချိန်အထိ အသက်ရှင်နေပါသေးတယ်။ ကျွန်တော်ဟာ သူ့ကို အူမှာအနာ ပေါက်ပြီး အူရောင်တဲ့လူနာတစ်ယောက်အနေနဲ့ ကုလာခဲ့တာ တန့်ခွေနှစ်ပတ် ရှိခဲ့ပါပြီ။ ဒါပေမယ့် သူ့ရောဂါနဲ့ပတ်သက်လို့ ကျွန်တော်ရဲ့သတ်မှတ်ချက်ဟာ မှားနေတယ်ဆိုတာ ဒီနေ့ညနေမှ ကျွန်တော် သိခဲ့ရပါတယ်။ ပြီးတော့ သူ့မှာ ဘာတယ်ဖြစ်နေတဲ့ရောဂါကို အမှန်အတိုင်းမသိရရင် သူဟာ နှစ်ဆယ့်လေးနာရီ အတွင်း မုချသေပါတော့မယ်"

ဝမ်းနားသည် အခန်းတံခါးသို့ ရောက်သွားပြီဖြစ်သည်။ သူ့မျက်လုံး မှာ အရောင်တဖျတ်ဖျတ် တောက်နေကြသည်။

"ကဲ လူကြီးမင်းများခင်ဗျား၊ အခုလို အပြန်အလှန်ဆွေးနွေးပြီး ကျွန် တော့်အတွက် ရောဂါအမျိုးအမည် ခွဲခြားပေးလိုက်တာကို အထူးကျေးဇူးတင် ကြောင်း ထပ်မံပြောကြားခဲ့ပါတယ်"

သူက နှုတ်ဆက်စကား ပြောလိုက်သည်။

"ကျွန်တော့်လူနာရဲ့ အသက်ကိုကယ်ဖို့ အချိန်ရလိမ့်ဦးမယ်လို့ ကျွန် တော်ထင်ပါတယ်"

□□□

နောက်နာရီဝက်ခန့်ကြာသောအခါ ကြက်ခြေခတ်အသင်းဝင် ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီးများအား စိန်မိုက်ကယ်ဆေးရုံမှ ခွဲစိတ်ခန်းထဲတွင် တွေ့မြင်ကြရသည်။ သို့သော် သူတို့၏မျက်နှာများမှာ ဝေါလ်တန်ဟိုတယ်မှ ခန်းမဆောင်တစ်ခုထဲ တွင် ကြက်ခြေခတ်အသင်းအစည်းအဝေး၌ တွေ့ခဲ့ရစဉ်ကနှင့် လုံးဝမတူတော့ ဘဲ အားလုံးတစ်မျိုးတစ်ဖုံ ပြောင်းလဲနေကြသည်။ မှန်သည်။ ဆရာဝန်များ သည် ရောဂါဝေဒနာများနှင့် ရင်ဆိုင်ရသည့်အခါတိုင်း သူတို့၏မျက်နှာအမူ အရာများသည် အပြောင်းလဲကြီးပြောင်းလဲသွားတတ်ကြသည်။ သည်အထဲတွင် အသက်အကြီးဆုံးနှင့် အနွမ်းလျဆုံးဖြစ်သော ဒေါက်တာတစ်သည် အခက်အခဲ အကြပ်အတည်းတစ်ခုကို အားမာန်အပြည့်ဖြင့် ရင်ဆိုင်မည့် အမူအရာများ ဖြစ်ပေါ်နေခဲ့သည်။ သူတို့အားလုံး၏ မျက်နှာများပေါ်တွင် ပေါ့ဆဆရွှတ်နောက် နောက်အမူအရာများ လုံးဝမတွေ့ရတော့ဘဲ တကယ့် ဆေးဘက်ဆိုင်ရာချန်ပီယံ သူရဲကောင်းကြီးများအဖြစ် ခွဲစိတ်ခန်းထဲသို့ ပြန်လည်ရောက်ရှိနေကြသည်။ သေမင်းနှင့်နပန်းလုံး၍ အသက်တစ်ချောင်းကို လုနေရသည့် သေရေးရှင်ရေး တိုက်ပွဲကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေကြသည်။ သူတို့၏ ပင်ပန်းနွမ်း နယ်၍ နီရဲနေကြသော မျက်လုံးများမှာ ကြီးကျယ်မြင့်မြတ်မှုနှင့်တကွ အလှကို စီ ရှိနေကြသည်။

ခွဲစိတ်ခန်းအတွင်းမှ စားပွဲပေါ်တွင်မူ နီဂရိုးလူငယ်ကလေးတစ် ယောက်၏ ခန္ဓာကိုယ်ကို အဝတ်မဲ့ မြင်တွေ့ကြရသည်။ ခွဲစိတ်ရာတွင် ဝတ် ရှိသော ဝတ်ရုံဖြူကြီး ဝတ်ဆင်ထားသော ဒေါက်တာဝမ်းနားသည် နီဂရိုး ငယ်ကလေး၏ ခန္ဓာကိုယ်ပေါ်မှမိုး၍ ရပ်စောင့်နေခဲ့သည်။ နောက်ဆုံး၌သူ ခေါင်းတစ်ချက်ညိတ်၍ အချက်ပြလိုက်သည်။ စားပွဲပေါ်တွင် မလှုပ်မယှ ငြိမ်သက်စွာ လဲလျောင်းနေသော နီဂရိုးကလေး၏ မည်းနက်သောအရေ များ တခဏချင်း ဖွေးခနဲ ဖွေးခနဲ ဖြစ်သွားကြသည်။ ကြက်ခြေခတ်အသ ဝင် ဆရာကြီး ဆယ့်လေးယောက်တို့သည် ဒေါက်တာဝမ်းနား ခွဲစိတ်နေသ ကို စောင့်ကြည့်နေခဲ့ကြသည်။ ဝမ်းနား၏ သွက်လက်ဖျတ်လတ်သော လှုပ် မှုများကို ဒေါက်တာဝုက ခေါင်းတညိတ်ညိတ်ဖြင့် အားရကျေနပ်လျက်ရှိသ ဒေါက်တာဖရန့်က တစ်စုံတစ်ရာပြောကြားရန် ရည်ရွယ်၍ ချောင်းတစ် ဟန့်လိုက်သေးသည်။ သို့သော် လျင်မြန်ဖျတ်လတ်သော ဝမ်းနား၏လက်မ



သူတို့အသံမထွက်အောင် ဟန့်တားလိုက်သလို ဖြစ်သွားသည်။ တစ်ယောက် မျှ စကားမပြောဘဲ ငြိမ်နေကြသည်။ အချိန်သည် တစ်မိနစ်ပြီးတစ်မိနစ် ရွေ့ သွားလျက် ရှိသည်။ သူနာပြုများသည် ဝမ်းနား၏လက်ထဲသို့ ခွဲစိတ်ကိရိယာ များကို တစ်ခုပြီးတစ်ခု အဆက်မပြတ် လှမ်းပေးနေကြသည်။ သူတို့လက်များ မှာ သွေးများလိမ်းကျံထားသလို ဖြစ်နေကြသည်။

သို့ဖြင့် နာမည်ကျော် ဆေးပညာရှင်ပါရဂူကြီးများသည် ငါးမိုးတစ်ခု မျှမိ၍ စားပွဲပေါ်တွင် မလှုပ်မယှက် ငြိမ်သက်စွာ သတိမေ့လျော့နေသော နီဂရိုး ကလေး၏ မျက်နှာကို မျှော်လင့်ချက်ကြီးမားစွာဖြင့် စိုက်ကြည့်လျက်ရှိသည်။ ညီသည့် ရှင်ဘုရင်နှင့် မည်သည့် ပုပ်ရဟန်းမင်းကြီးသော်မျှ ယခုထက် အရေး ကြွက်များသော သမားတော်ကြီးများ ဝိုင်းရံ၍ အသက်မရှူနိုင်ကြဘဲ စောင့် ကြည့်နေကြသည့် အဖြစ်မျိုးနှင့် ကြုံဖူးတွေ့ဖူးကြမည် မဟုတ်ချေ။

ထိုအခိုက်မှာပင် စိတ်အားထက်သန်စွာဖြင့် အဆက်မပြတ် လှုပ်ရှား နေသော ခွဲစိတ်ဆရာဝန် ဝမ်းနားသည် လက်အိတ်စွတ်ထားသော သူ၏လက် ချောင်းများဖြင့် တစ်စုံတစ်ခုသောအရာကို ကိုင်၍ မြှောက်ကြည့်လိုက်သည်ကို တွေ့ရသည်။

"ဒါလေးကို ရေဆေးလိုက်"သူက သူနာပြုဆရာမတစ်ယောက်အား တိုးတိုးပြောလိုက်သည်။

"ပြီးတော့ ဟိုဆရာကြီးတွေကို ပြလိုက်ပါ"

ထို့နောက် သူသည် အနာပြည်တည်နေသည့်နေရာကို ဆေးရည်များ ဖြင့် ဖျန်းပြီးနောက် ရောဂါပိုးများသေစေရန်အတွက် ဆာလ်ဖာနီလာမိုက် ဆေး မှုန့်များကို ဟက်တက်ခွဲထားသော ဝမ်းဗိုက်ထဲသို့ ဖြူးပေးလိုက်သည်။

အဘိုးကြီး ဒေါက်တာတစ်သည် ရှေ့သို့လှမ်းလိုက်ပြီး သူနာပြုဆရာမ လက်ထဲမှ အရာဝတ္ထုကို ယူလိုက်သည်။

"ငါးရိုးပါပဲ"သူက ပြောလိုက်သည်။

ကြက်ခြေခတ်အသင်းဝင်များသည် ဒေါက်တာတစ်၏လက်ထဲရှိ ငါးရိုး ကလေးကို ဝိုင်းအုံစုပြုံ၍ ကြည့်နေမိကြသည်။ ဤငါးရိုးကလေးသည် သူတို့ အတွက် တန်ဖိုးမဖြတ်နိုင်သည့် ကျောက်မျက်ရတနာတစ်ခုလို ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ဒေါက်တာတစ်က အသံပြကြီးဖြင့် ကောက်ချက်ချလိုက်သည်။

"ဒီပစ္စည်းကလေးကို ခွဲထုတ်လိုက်နိုင်တဲ့အတွက် ဒီလူနာကလေးဟာ တို့ကမ္ဘာလောကကြီးရဲ့ လောဘ၊ ဒေါသ၊ မောဟတွေကို ရှုတ်ချတဲ့ ကဗျာတွေ ဆက်ပြီး ရေးသွားနိုင်ပါလိမ့်မယ်"

□□□

ဤသည်တို့မှာ ဒေါက်တာဟုမ်းက ကျွန်ုပ်အားပြောပြခဲ့သည့် ဇာတ်လမ်းမှတ်တမ်းပင် ဖြစ်ပါသည်။ ထို့နောက် တနင်္ဂနွေသုံးပတ်ခန့်ကြာသောအခါ နီဂရိုး ကဗျာဆရာလေးရောဂါ လုံးဝပျောက်ကင်းသွားကြောင်း နောက်ဆက်တွဲ စကားကို နိဂုံးချုပ် ကြားသိခဲ့ရပါသည်။

ကျွန်ုပ်တို့၏ အချိန်ကာလကြာညောင်းလှသည့် ညစာစားပွဲကို ရုပ်သိမ်းခဲ့ကြပြီးနောက် နယူးယောက်မြို့တွင်းရှိ စစ်ရိပ်စစ်ငွေ့များဖြင့် မှောင်မည်းနေသောလမ်းများပေါ်သို့ ရောက်သွားကြသောအခါ အတော်ပင် ညဉ့်နက်နေပြီ ဖြစ်သည်။ စာနယ်ဇင်းရောင်းသည့် ဆိုင်ကလေးများမှ သတင်းစာကြော်ငြာဆိုင်းဘုတ်များတွင် ခေါင်းစီးသတင်းများမှာ စာလုံးအရွယ်အစားများသာ အကြီးအသေးကွဲပြားနေကြပြီး လူအများ သေဆုံးသည့် တိုက်ပွဲသတင်းကို ပို၍ကြီးမားသည့်စာလုံးများဖြင့် တခမ်းတနား ဂုဏ်ပြုဖော်ပြထားသည်ကို တွေ့ရသည်။

ဤသတင်းခေါင်းစီးများကို တွေ့မြင်ရခြင်းဖြင့် စစ်မြေပြင်များတွင် အမြောက်အမြား သေဆုံးနေကြသည့် အနိဋ္ဌာရုံများကို ဆင်ခြင်သုံးသပ်စရာ ဖြစ်လာသည်။ သို့သော် တစ်ချိန်တည်းတွင် ကျွန်ုပ်၏မျက်စိထဲ၌ တစ်စုံတစ်ခုသော ရုပ်ပုံကားချပ်ကို မြင်ယောင်လာသည်။ ထိုရုပ်ပုံကားချပ်ထဲတွင် ယခုထက် ပိုမိုသာယာဝပြောသည့် လူ့လောကကြီးသို့ မျှော်မှန်းချက်များ ပါရှိနေသည်။ ထိုကားချပ်မှာ အခြားမဟုတ်၊ ငါးရိုးစူးနေသော နီဂရိုးလူငယ်ကလေး တစ်ယောက်၏ အသက်ရှင်ရေးအတွက် ဆေးရုံတစ်ရုံမှ ခွဲစိတ်ခန်းထဲတွင် စုပေါင်း၍ တိုက်ပွဲဝင်နေကြသော သူ့ရဲကောင်းဆရာဝန်ကြီး ဆယ့်ငါး ယောက်၏ ရုပ်ပုံလွှာပင် ဖြစ်ပါသတည်း။

□□□

ဒေါက်တာမယ်လ်ကွန် ကြိုတင်ယူဆထားသည့်အတိုင်း
မစ္စအင်္ဂါသာအား ခေတ္တခဏ
အပေါ်ယံစမ်းသပ်ကြည့်ရှုမှုဖြင့်
ရောဂါ၏အခြေအမြစ်ကို သိလိုက်ရသည်။
လူနှင့်မတည့်သည့်အဆိပ်များ ခန္ဓာကိုယ်တွင်းသို့
တစိမ့်စိမ့်ဝင်နေသည့် လက္ခဏာပင်ဖြစ်သည်။
တစ်နည်းပြောရလျှင် တဖြည်းဖြည်း
အဆိပ်သင့်မှန်းမသိသင့်နေသည့်ရောဂါလက္ခဏာပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com

# ခရီးထွက်ရာမှ အမြတ်ထွက်လာခဲ့သူ

ဒေါက်တာမယ်လ်ကွန်သည် အားလပ်ရက်များတွင် ခရီးထွက်ရ အလွန်ဝန်လေးသူ တစ်ဦးဖြစ်၏။ ဝန်လေးသည်ထက် ကြောက်သည်ဟုဆိုလျ ပို၍မှန်မည် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အလွန်များပြားလှသည့် အလု တာဝန်များကို ခေတ္တခဏမျှ ကျောခိုင်း၍ ကိုယ်ရောစိတ်ပါ အနားယူအပန်းဖြ ရန်အတွက် ခရီးထွက်လာကာမှ လမ်းခရီးတွင် ကိုယ်ရောစိတ်ပါ ပင်ပန်းစရာ နောက်ကျိစရာများကို မကြာခဏ တွေ့ရတတ်သောကြောင့် ဖြစ်လေသည်။

ရံဖန်ရံခါ အားလပ်ရက်များတွင် အပန်းဖြေခရီးထွက်လာခဲ့ရာ၌ မိမိ ဘေးမှ ထိုင်၍လိုက်ပါလာသူသည် ရှေ့နေတစ်ယောက်သော်လည်းကောင်း၊ သို မဟုတ် အရောင်းအဝယ် ကုန်သည်ပွဲစားတစ်ယောက်သော်လည်းကောင်း ဖြ နေသည် ဆိုကြပါစို့၊ ထိုပုဂ္ဂိုလ်၊ အကြွင်ပုဂ္ဂိုလ်သည် မိမိ၏လက်ဆွဲအိတ် သို မဟုတ် သားရေသေတ္တာပေါ်မှ မိမိ၏အမည်နှင့် အလုပ်အကိုင်ဖော်ပြထားသည် ကတ်ပြားကို ဖတ်ရှုပြီးနောက် မိမိအား စကားမရှိစကားရှာ၍ ယဉ်ကျေးစွာ မိတ်ဆွေဖွဲ့လာလိမ့်မည် ဖြစ်သည်။ ထိုမှတစ်ဆင့် သူ တွေ့ဖူးကြုံဖူးသော အမှ တစ်ခုခုကို ဖြစ်စေ၊ သူလုပ်ဖူး ကိုင်ဖူးသည့် အရောင်းအဝယ် ကိစ္စတစ်ခုခုကို ဖြစ်စေ၊ စကားအမျှင်မပြတ်အောင် ပြောလာလိမ့်မည် ဖြစ်၏။ ထိုမှတစ်ဆင့် မိမိက စိတ်ဝင်စားသည်၊ မဝင်စားသည်ကို လုံးဝဂရုမစိုက်တော့ဘဲ တို



အကြောင်း၊ သည်အကြောင်း တွေ့ကရာရှစ်သောင်းကို ပါးစပ်မှ အမြှုပ်ထွက် သတ် ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်လာလိမ့်မည် ဖြစ်၏။ ဤသို့ဖြင့် အားလပ်ရက်တွင် နာရီနှင့်အမျှ မိနစ်နှင့်အမျှ အပန်းဖြေအနားယူလိုက်မည်ဟူ သော မိမိ၏ရည်ရွယ်ချက်မှာ စကားကြောရှည်လှသော ထိုရှေ့နေ သို့မဟုတ် ပွဲစားကြောင့် ငါးပါးမှောက်ကာ ပျက်စီးခြင်းမလှ ပျက်စီးသည့်ဘဝသို့ ရောက် သွားလေတော့၏။

အမှန်စစ်စစ် ရှေ့နေတစ်ယောက်၏စကားနှင့် ပွဲစားတစ်ယောက်၏ အပြောသည် လောကကြီးတွင် သေရေးရှင်ရေးကိစ္စရပ်များ မဟုတ်ပါပေ။ ထို့ ပြင် သူတို့နှစ်ဦးစလုံးတွင် လူ့လောကအတွက် တစ်စုံတစ်ရာကြီးလေးသော တာဝန် များရှိသည်ဟူ၍လည်း မဆိုနိုင်ပေ။ သို့ဖြစ်၍လည်း သူတို့သည် ပြောလိုသမျှ စကားများကို လွတ်လပ်စွာ ပြောချင်သလို ပြောနိုင်ကြပေသည်။

သို့သော် ဆရာဝန်တစ်ယောက်အနေဖြင့် ထိုသို့သော သဘောထား၍ ရပေ။ သူ၏ အတတ်ပညာအရသော်လည်းကောင်း၊ သူ၏သိက္ခာနှင့်သမာဓိ အရသော်လည်းကောင်း သူသည် လူအများရှေ့တွင် စကားပြောရာ၌ အထူးပင် သတိထားနေရပေသည်။ ထိုမှတစ်ပါး သူသည် ခရီးသွားနေခိုက် သူတစ်ပါး၏ စကားများကို နားထောင်ရာ၌ပင်လျှင် အထူးသတိပြုဆင်ခြင်ရသည့် အနေ အထားတွင် ရှိနေပေသည်။ သို့ဖြစ်၍လည်း ဒေါက်တာမယ်လ်ကွန်သည် သူ၏ နွေရာသီအားလပ်ရက်တွင် သူကိုယ်သူ အတတ်နိုင်ဆုံး ခရီးသည်၊ အသွားအလာ ထင်းရှင်းသည့် လမ်းမှ အတတ်နိုင်ဆုံး သိုသိပ်စွာ ထွက်ခွာလာခဲ့ပြီး၊ အတတ်နိုင် ဆုံး လူသူကင်းဝေးသည့် ဝေလနယ်ခြားဒေသမှ ဖယ်လင်ဒါမြို့ကလေးအနီးရှိ ထင်မရှားသော တောရွာကလေးတစ်ရွာသို့ တိတ်တဆိတ် အပန်းဖြေအနားယူ ရန် ရောက်ရှိလာခဲ့ခြင်း ဖြစ်ပေသည်။ သို့သော်. . .

သို့သော် ဤရွေ့ဤမျှ ချောင်ကျ၍ ခေါင်လှသည့် တောရွာကလေးသို့ ရောက်နေသည့်တိုင်အောင် ဒေါက်တာမယ်လ်ကွန်သည် ကြုံကြုံဖန်ဖန် တိုက် တိုက်ဆိုင်ဆိုင်၊ ရှားရှားပါးပါး အဖြစ်အပျက်တစ်ခုနှင့် ဘွားခနဲ ရင်ဆိုင်ခဲ့ရပေ သည်။ သို့ဖြင့် တစ်ခုသောနေ့ရက်တွင် နံနက်စာ စားအပြီး၌ အိမ်ရှင်ဖြစ်သူ ဒေါက်တာမယ်လ်ကွန်အား အိမ်ရှင်ဖြစ်သူက ညှိသည်အမျိုးသမီးတစ်ယောက်

www.burmeseclassic.com



ရောက်နေကြောင်း သတင်းလာပို့လေသည်။

"မစွမော်ဂင်ဆိုတဲ့ အမျိုးသမီးတစ်ယောက် ဆရာ့ကိုတွေ့ချင်လို့ ဆရာ၊ သူက ဆရာနဲ့ သိတယ်လို့ ပြောပါတယ်"အိမ်ရှင်ဖြစ်သူက ဤသို့ပြော လာသည်။

"မစွမော်ဂင်ဟုတ်လား၊ ကျွန်တော်တော့ ဒီနာမည်ကို တစ်ခါမှ မကြား ဖူးပါဘူး။ သူက ဘာကိစ္စ တွေ့ချင်တာတဲ့လဲ"

"သူက ဆရာနဲ့တွေ့ချင်တယ်လို့ပဲ ပြောပါတယ်။ ဘာကိစ္စ တွေ့ချင် တယ်ဆိုတာတော့ မပြောဘူးဆရာ"

"ကဲ. . . ကဲ ဒီလိုဆိုလည်း ခေါ်ခဲ့ပေါ့ဗျာ"ဒေါက်တာက လက်ပြော အရှုံးပေးသည့်လေသံဖြင့် ပြောလိုက်သည်။

"အင်း . . . ကံဆိုးမသွားလေရာ မိုးလိုက်လို့ရွာဆိုတာ ဒါမျိုးပဲလား သိပါဘူး"သူသည် ညည်းညည်းညူညူဖြင့် ဘယ်သူဘယ်ဝါမှန်း မသိရသေးသော ဧည့်သည်ကို လက်ခံတွေ့ဆုံရန် အဝတ်အစားများ လဲလိုက်ရသည်။

မစွမော်ဂင် သည်နာမည်ကို ဘယ်လိုမှ အစဖော်မရအောင် ဖြစ်နေ သည်။ တစ်ခုခက်သည်မှာ မိမိလိုအထိုက်လျောက် နာမည်ရနေပြီး လုပ်ငန်းအ အတော်အတန် အောင်မြင်နေသော ဆရာဝန်တစ်ယောက်အတွက် မိမိထံ ရောက်ကုသဖူးသော လူနာများ၏နာမည်ကို အားလုံးတစ်ယောက်မကျန် မှ မိဖို့ဆိုသည်မှာ လုံးဝမဖြစ်နိုင်။ အထူးသဖြင့် ယခုလို အလွန်တရာ ခေါင်လှ ချောင်ကျသည့် တောရွာကလေးတစ်ရွာတွင် မိမိနှင့်သိကျွမ်းဖူးသော မိတ်ဆွေ ရောင်းရင်းတစ်ယောက် သို့မဟုတ် မိမိကုသခဲ့ဖူးသော လူနာတစ်ယောက်နှ တွေ့ဖို့ဆိုသည်မှာ လုံးဝမျှော်လင့်မထားသည့် ကိစ္စဖြစ်သည်။ အထူးသဖြ ဘယ်သူနှင့်မျှ မတွေ့အောင် တမင်ရှောင်၍ ဘယ်သူမျှမသိအောင် တိတ်တိ ကလေးရောက်နေခဲ့သည့် ဤရွာကလေးတွင် မိမိရောက်လာသည်မှာ သုံးလေ ရက်မျှသာ ရှိသေးသည်။ သို့ပါလျက် ဘယ်လိုကဘယ်လို သတင်းပေါက်ကြား ဘယ်သူဘယ်ဝါမှန်းမသိ မိမိနှင့်တွေ့ချင်ပါသည်ဟု ဆိုလာသောအခါ ဦးနှော နှင့် အာရုံကြောဘက်ဆိုင်ရာဆရာဝန်တစ်ဦးဖြစ်သော ဒေါက်တာမဲယ်လ်ကွန် ဦးနှောက်ခြောက်၍ အာရုံကြောများ ထိခိုက်သွားခဲ့ရသည်။ အေးချမ်းတိတ်ဆိ



လှသည့် တောရွာကလေးမှ နံနက်ခင်း၏ သာယာသော သဘာဝအလှသည် ရုတ်ချည်းပျောက်ဆုံးသွားခဲ့ရသည်။

"မစွမော်ဂင် ရောက်လာပါပြီဆရာ" အိမ်ရှင်က လှမ်းပြောလိုက်သည်။

မစွမော်ဂင်ဆိုသည့် အမျိုးသမီးသည် ဧည့်ခန်းထဲသို့ ဝင်လာသည့် သူမ၏မျက်နှာပေါ်တွင် အားယူ၍ပြုံးထားသည့် အသွင်သဏ္ဍာန်ကို မြင်ရ သည်။ ခပ်ပုပု အသက်ငါးဆယ်ပတ်ဝန်းကျင်ရှိပြီဟု ခန့်မှန်းရသည်။ အဝတ် အစားများမှာ လွန်ခဲ့သည့် အနှစ်နှစ်ဆယ်က ဖက်ရှင်မျိုးဖြစ်သည်။ သို့သော် သူမ၏ မျက်နှာနှင့် သူမ၏အပြုံးကို တစ်နေရာရာတွင် ရင်းရင်းနှီးနှီး မြင်ဖူးတွေ့ ဖူးသည်ဟု မယ်လ်ကွန်၏ စိတ်ထဲတွင် ထင်မိသည်။ လွန်ခဲ့သည့် အတိတ်က ဖြစ်ရပ်များကို ကြိုးစား၍ ပြန်စဉ်းစားနေမိသည်။ ဘယ်မှာတွေ့ဖူးတာပါလိမ့်။ ဘယ်တုန်းက သိဖူးတာပါလိမ့်။

သူမကပင်စ၍ စကားပြောသည်။ သူမ၏စကားနှင့်အသံမှာ တကယ့် ဝုဏ်သရေရှိ အမျိုးသမီးတစ်ယောက်နှင့်မခြား ဖြစ်သည်။

"ဒေါက်တာ ကျွန်မကို မှတ်မိချင်မှ မှတ်မိမှာပါ"

ဤသို့ အစချီလိုက်သည်။

"မှတ်မိဖို့လည်း ဘယ်လွယ်မလဲဆရာ။ ကွဲသွားကြတာက နှစ်ပေါင်း သုံးဆယ်တောင် ကျော်သွားပြီထင်တယ်။ ဆရာနဲ့ ကျွန်မတို့နဲ့ လူချင်းကွဲသွားကြ တုန်းက ကျွန်မမှတ်မိသလောက် ဆရာကကျောင်းသားပေါက်စပဲ ရှိသေးတာ။ ဒါပေမယ့် ကျွန်မရော ကျွန်မအစ်မ ဂါသာရော ဆရာ့ကို အမြဲသတိရပြီး ဆရာ့ အကြောင်းကို ပြောနေမိကြတာပါပဲ။ ဆရာ ဆေးကျောင်းကအောင်ပြီး ဆရာဝန် ဖြစ်သွားတယ်ဆိုတာ ကြားရတော့ ဆရာ့အတွက် ဂုဏ်ယူလို့ မဆုံးကြပါဘူး။ ဆရာဝန်တစ်ယောက်အနေနဲ့ နာမည်ကျော်ကြားနေတယ်ဆိုတာ သိရလို့ သိပ် ဝမ်းသာမိကြပါတယ်။ ဒါနဲ့ ဒီရွာကလေးကို ဆရာ ရောက်နေတယ်ဆိုတာ မနေ့ညက ကြားလည်းကြားလိုက်ရော ကျွန်မဖြင့် ဆရာရယ် ဝမ်းသာလိုက်တဲ့ တော့ ပြောမပြနိုင်အောင်ပါပဲ။ တကယ်ပါ။ ဆရာနဲ့ ကျွန်မတို့နဲ့ ဘုရားသခင်ရဲ့ အလိုတော်အရ ပြန်တွေ့ကြရတော့မယ်လို့ စိတ်ထဲက အောက်မေ့လိုက်မိပါ တယ်ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းက သူမ၏ မျက်လုံးအိမ်ထဲတွင် မျက်ရည်စများ ဝဲလာသည်ကို မယ်လ်ကွန် သတိထားလိုက်မိသည်။

"ဒါပေမယ့် ဆရာ ကျွန်မကိုမှတ်မှ မှတ်မိပါ့မလားလို့ တွေးပူရတာလည်း အမှောပါပဲ"

သူနာမည်က မစ္စမော်ဂင်။ သူ့အစ်မက မစ္စအဂါသာမော်ဂင်တဲ့၊ လွန်ခဲ့တဲ့နှစ်ပေါင်း သုံးဆယ်ကျော်က ကွဲသွားကြတယ်ဟုတ်လား။ ဩော် . . ဟုတ်ပြီ ဟုတ်ပြီ။ နောက်ဆုံးတော့ ဒေါက်တာမယ်လ်ကွန်သည် ကောင်းကောင်းကြီး မှတ်မိသွားသည်။ ဟုတ်သည်။ ဟိုတုန်းက တစ်လမ်းတည်း အတူနေခဲ့ကြဖူးသော မော်ဂင်တို့ ညီအစ်မအပျိုကြီးများကို သူ သေသေချာချာ မှတ်မိသွားသည်။ သူတို့နေသောအိမ်မှာ သေးသေးကလေး။ သေးသေးကလေးမှ တကယ့်သေးသေးတလေး ဖြစ်သည်။ ဟိုတုန်းက မယ်လ်ကွန်၏ စိတ်ထဲတွင် ထိုအိမ်ကလေးကို ငှက်ကလေးတစ်ကောင်နေသည့် အသိုက်ကလေးဟူ၍ပင် ထင်ခဲ့မိသည်။

ထိုစဉ်က…မ်းထိပ်တွင်ရှိသော ထိုအိမ်ကလေးသည် မယ်လ်ကွန် ငယ်ငယ်က အမြဲကစားခဲ့သော၊ ဆော့ခဲ့သော နေရာဖြစ်သည်။ မော်ဂင်တို့ ညီအစ်မ၏ဖခင်မှာ အငြိမ်းစားဗိုလ်မှူးကြီး ဖြစ်သည်။ သူသည် ကရိမီယန်စစ်ပွဲမှ စစ်ပြန်ရဲဘော်ဟောင်းကြီးဖြစ်သည်။ ညနေတိုင်းညနေတိုင်း မော်ဂင်တို့အဖေ စစ်ပြန်ကြီးသည် ပါးစပ်တွင် ဆေးပြင်းလိပ်ကြီးခဲကာ ဝီစကီရောင်ပေါက်နေသော မျက်နှာကြီးဖြင့် မိမိတို့ကျောင်းရှေ့မှ စစ်ဗိုလ်ဟောင်းတစ်ယောက်ပီပီ ဖိနပ်သံတဂေါက်ဂေါက်ဖြင့် လျှောက်သွားလေ့ရှိသည်ကို မက်လ်ကွန် မြင်ယောင်လာမိသည်။

မယ်လ်ကွန်သည် စဉ်းစားရင်းဖြင့် တဖြည်းဖြည်းပို၍ မှတ်မိလာသည်။ ထိုစဉ်က မစ္စမော်ဂင်တို့ ညီအစ်မ၏ အခန်းထဲမှ ပေါင်ဒါနံ့လိုလို၊ ရေမွှေးနံ့လိုလို၊ ချွေးနံ့လိုလို၊ ကိုယ်နံ့လိုလို ထူးဆန်းသောအနံ့တစ်မျိုးကိုပင် ပြန်၍သတိရမိသည်။ သူတို့ ညီအစ်မ၏အခန်းမှာ သင်္ဘောသားတစ်ယောက်၏ အခန်းလို သေးသေးကျဉ်းကျဉ်းကလေးဖြစ်သည်။ သို့သော် ပစ္စည်းများမှာ သူ့နေရာနှင့်သူ နေသားတကျရှိသည်။ ထိုအခန်းကလေးထဲမှ အမျိုးမျိုးသော ဇရိဘောဂပစ္စည်းများ အနက် အနီရောင်ပန်းများနှင့် ရွှေရောင်ကွပ်ထားသော လက်ဖက်ရည်ပန်းကန်



ခွက်ကို မယ်လ်ကွန်ကောင်းကောင်းမှတ်မိသည်။ သည်အခန်းထဲမှာပင် မစ္စအဂါသာ ကိုယ်တိုင်ဖုတ်ကျွေးသော ကိတ်မုန့်ချိုချို မွှေးမွှေးကို အားရပါးရ လွေးခဲ့ရဖူးသည်။ ထိုမှတစ်ဖန် အိမ်ရှေ့ခန်းထဲ၌ ကရိမီယန်တိုက်ပွဲတွင် ဗိုလ်မှူးကြီးဘဝဖြင့် မော်ဂင်တို့အဖေကြီး ကိုင်စွဲလာခဲ့သော ဓားရှည်ကြီးကိုလည်း မြေးမြင်လိုက်မိသည်။ နှစ်ပေါင်းသုံးဆယ်ကျော်က အသိနှင့်အမြင်များသည် ချက်ချင်းပင် မယ်လ်ကွန်စိတ်အာရုံတွင် ထင်ဟပ်လာကြသည်။

"ဟာ . . ဟုတ်တာပေါ့။ ကျွန်တော်ကောင်းကောင်းမှတ်မိတာပေါ့"

မယ်လ်ကွန်က တကယ်ပင် ဝမ်းသာအားရ ပြောလိုက်သည်။

"ဒီလိုဆို အစ်မကြီးက မစ္စဆူစန်မဟုတ်လား"

သူမ၏မျက်နှာမှာ ဝင်းခနဲလက်သွားသည်။ စောစောကထက်ပို၍ အသက်ပါသော ချစ်စရာကောင်းသည့် အပြုံးကလေးဖြင့် ဖုံးလွှမ်းသွားသည်။

"အမယ်လေး တော်လိုက်တာ ဆရာရယ်၊ သတိကောင်းလိုက်တာ ကျွန်မနာမည်ကိုတောင် မှတ်မိသေးတာပဲ"

"ဒါ့ထက် အဲဒါတွေ ထားလိုက်ပါဦး၊ အစ်မကြီးက အခုဖယ်လင်ဒါကို ဘယ်လိုလုပ်ပြီး ရောက်နေတာလဲ"

မယ်လ်ကွန်က ကြားဖြတ်၍ မေးလိုက်သည်။

"ကဲ . . . ကျွန်တော့်ကို အကျိုးအကြောင်း ပြောပြပါဦး၊ ပြီးတော့ မစ္စအဂါသာကော နေကောင်းရဲ့လား"

"သူ့နာမည်က မစ္စအဂါသာမဟုတ်တော့ဘူး ဆရာရဲ့၊ သူ အိမ်ထောင်ကျပြီးပြီ။ သူ့နာမည်လည်း မစ္စက်ပီတာဖြစ်သွားပြီ။ ပြီးတော့ သူက ကောင်းကောင်းလည်း မမာဘူး၊ ဒါနဲ့ကျွန်မလည်း ဆရာ့ဆီကို အားကိုးတကြီးနဲ့ လာခဲ့တာပါ"

"အားကိုးရပါတယ်လေ"

မယ်လ်ကွန်က သူမအား စိတ်ပါလက်ပါ ပြောလိုက်သည်။

"ကဲ . . ကဲ အစ်မကြီး အေးအေးဆေးဆေးထိုင်ပြီး နားပါဦး၊ ကျွန်တော်လည်း လန်ဒန်ကို အဆက်ပြတ်သလို ဖြစ်သွားတာပါပဲ။ အခုအစ်မကြီးဆီရင် ကျွန်တော် ဒီရောက်နေတာသိရက်နဲ့ အစ်မကြီး ကျွန်တော့်ကို လာမတွေ့ဘူးဆို

www.burmeseclassic.com



ရင် ကျွန်တော်စိတ်ကောင်းမှာ မဟုတ်ဘူး။ အစ်မကြီးအခုလို လာတွေ့တာ ဝမ်းလည်းသာတယ်၊ ကျေးဇူးလည်းတင်တယ်။ အဲဒီတော့ ကျွန်တော်နဲ့အစ်မကြီး တို့နဲ့ ကွဲသွားကြပြီးတဲ့နောက် ဘယ်ရောက်လို့ ဘာတွေဖြစ်ခဲ့တယ်။ အခု ဘယ် လိုနေကြထိုင်ကြတယ်ဆိုတာ ကျွန်တော့်ကိုအစအဆုံး ပြောပြပါဦး၊ ဒါမှပဲ သိရ မှာ"

မစွမော်ဂင်သည် ကုလားထိုင်တစ်လုံးပေါ်တွင် ကျနေ့ရရ ဝင်ထိုင် လိုက်သည်။

"ပြောရမယ်ဆိုရင်တော့ ဇာတ်လမ်းကအရှည်ကြီးပဲ ဆရာရေ" သူမ က စကားကိုအစချီလိုက်သည်။

"အဲဒီတုန်းကသာ ဆရာ့အမေက ကျွန်မတို့ကို မကူညီ မစောင့်ရှောက် ခဲ့ဘူးဆိုရင် ကျွန်မတို့ ညီအစ်မနှစ်ယောက်စလုံး"

မစွမော်ဂင်သည် စကားကို ရုတ်တရက် လက်စမသပ်နိုင်ဘဲ ဖြစ်နေ သည်။

ဒေါက်တာမယ်လ်ကွန်က ခေါင်းကို ဖြည်းညင်းစွာ ဘယ်ညာရမ်းလိုက် သည်။ သူ့မျက်စိအောက်မှ မစွမော်ဂင်၏ အမူအရာမှာ ရုတ်တရက် သိမ်ငယ် သလို ဖြစ်သွားသည်ကို သတိပြုလိုက်မိသည်။

"ကဲပါလေ. . . ဒါတွေအသာထားပါဦး၊ အစ်မကြီး ပြောမယ့် အကြောင်းတွေသာ ပြည့်ပြည့်စုံစုံ ပြောစမ်းပါ။ ပထမဆုံး ကျွန်တော်သိချင်တာ က ဒီရွာကို အစ်မကြီးတို့ ဘယ်လိုလုပ်ပြီး ဘယ်တုန်းကရောက်လာကြတာလဲ"

"ဟုတ်ပါတယ်ဆရာ၊ ဒါတွေကို ပြောရမယ်ဆိုရင်လည်း အစက ပြန် ပြောမှ ကောင်းမှာပါ"

မစွမော်ဂင်သည် ကုလားထိုင်တစ်လုံးပေါ်တွင် သူမ၏ကိုယ်ကိုမတ်၍ ခါးကိုစန့်လိုက်သည်။ ထို့နောက် သူမ၏သေးသွယ်ရှည်လျားသော လက်ချောင်း ကလေးများကိုဖြန့်၍ လက်နှစ်ဖက်ကို ပေါင်ပေါ်သို့ ယှက်တင်လိုက်သည်။ သို့ သော် ထိုလက်ချောင်းကလေးများ မသိမသာလှုပ်ရှားနေသည်ကို မမှတ်မထင် မြင်လိုက်ရခြင်းအားဖြင့် သူမသည် သူမ၏ဘဝဇာတ်ကြောင်းကို ပြန်ပြောရန် အားယူနေသည်ကို မယ်လ်ကွန် သိလိုက်ရသည်။



"ဆရာနဲ့ ကျွန်မတို့ ကွဲသွားကြပြီး ဆရာတို့မိသားစု လန်ဒန်ကို ပြောင်း သွားတဲ့အချိန်၊ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်ကပေါ့ဆရာ" သူမက ဇာတ်လမ်း ကို စလိုက်သည်။

"အဲဒီအချိန်မှာပဲ ကျွန်မတို့အဖေကြီး ဆုံးသွားခဲ့ပါတယ်။ ဆရာသိတဲ့ တိုင်း ဖေဖေဟာ အင်မတန် အံ့ဩစရာကောင်းတဲ့ ပုဂ္ဂိုလ်ကြီးပါ။ လူကြီးလူ ကောင်းပီသပြီး တကယ့်စစ်သားကောင်းကြီးတစ်ယောက်ပါ၊ ပြီးတော့ကျွန်မတို့ အဖေမို့ ပြောတာမဟုတ်ပါဘူး။ အင်မတန် သဘောကောင်းပြီး မိသားစုအပေါ် မှာကြင်နာတတ်တဲ့အဖေကြီးတစ်ယောက်ပါ။ အမေမရှိတော့တဲ့ ကျွန်မတို့ ညီ အစ်မကို ရတဲ့ဝင်ငွေကလေးနဲ့ လုံလုံလောက်လောက် ကျနေ့ရရ စားနိုင် သောက် နိုင်အောင် ဒီအဖေကြီးကပဲ စီမံခန့်ခွဲခဲ့ပါတယ်။ ဒါပေမယ့် အဖေကြီးလည်း ဆုံးသွားရော စစ်တပ်က လစဉ်ရနေတဲ့ပင်စင်လည်း အဖြတ်ခံရတော့တာပါပဲ ဆရာ။ ငယ်ငယ်ကလေးတည်းက အမေမရှိဘဲ အဖေတစ်ခု သမီးတစ်ခု နေ လာခဲ့ကြရတဲ့ ကျွန်မတို့ ညီအစ်မဟာ အခုလို အဖေကြီးဆုံးသွားတော့ ဘယ် လောက်ယူကြုံးမရ ဖြစ်ရတယ်ဆိုတာ ဆရာစဉ်းစားကြည့်ရင် သိပါလိမ့်မယ်။ ဒီထဲမှာ ကျွန်မတို့ရဲ့ တစ်ခုတည်းသောဝင်ငွေလို့ဆိုရမယ့် ပင်စင်က လုံးဝမရ တော့ဘူးဆိုတော့ အခြေအနေ သိပ်ဆိုးသွားတာပေါ့ ဆရာရယ်။ ဒါပေမယ့် အဖေကြီးရှိတုန်းက စနစ်ဇယားနဲ့ စည်းကမ်းရှိရှိ သုံးစွဲလာခဲ့တဲ့ကျေးဇူးကြောင့် အဖေကြီးမရှိတဲ့နောက် ကျွန်မတို့ ညီအစ်မနှစ်ယောက်ဟာ အများထင်သလို ရုပ်ပျက်ဆင်းပျက်နဲ့ အငတ်ငတ်အပြတ်ပြတ် မဖြစ်ခဲ့ပါဘူးဆရာ"

မစွမော်ဂင်သည် အတိတ်မှဖြစ်ရပ်များကို ပြန်တွေးမိသည့်ဟန်ဖြင့် ခေတ္တမျှ စကားပြတ်သွားသည်။

"အဲဒီထုန်းက မစွအဂါသာကလည်း တော်ရှာပါတယ်ဆရာ၊ သူကိုယ် တိုင်က အိမ်မှုကိစ္စတွေကို အဖေကြီးရှိတုန်းကထက် ပိုပြီး ချွေချွေတာတာ ခြစ် ခြစ်ကုတ်ကုတ်နဲ့ ဂရုတစိုက် ထိန်းသိမ်းသုံးစွဲလာခဲ့တဲ့အတွက် ကျွန်မတို့ ညီအစ် မနှစ်ယောက်ဟာ အဖေကြီးရှိတုန်းကလို ကျနေ့မပျက် နေလာနိုင်ခဲ့ကြပါတယ်။ ဒါပေမယ့် အဲဒီတုန်းက အဲဒီလို နေလာခဲ့ရတာ လွယ်တော့မလွယ်ဘူးပေါ့ ဆရာ"

မစွမော်ဂင်သည် သူမ၏ ဦးခေါင်းကို ဖြည်းညင်းစွာ ရမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ဆိုလိုသည့် အဓိပ္ပါယ်ကို မယ်လ်ကွန် ကောင်းကောင်းကြီး နားလည်လိုက်သည်။ သူတို့ညီအစ်မနေထိုင်သည့် အခန်းကလေးမှာ ကျဉ်းကျဉ်းကလေးဖြစ်သည်။ ဆောင်းရာသီတွင် မီးလင်းဖို၌ ကျောက်မီးသွေးအခက်အခဲရှိပေလိမ့်မည်။ အစားအသောက်မှာလည်း နေ့ဖို့ညစာ အလျှင်မီရုံသာ ရှိပေလိမ့်မည်။ ပေါင်မုန့်နှင့် ထောပတ်ကိုမှ မှန်မှန်စားရပါလေစ၊ သည်လိုနေ၊ သည်လိုထိုင်၍ သည်လိုစား၊ သည်လိုသောက်ကာ သူတို့အပျိုကြီး ညီအစ်မနှစ်ယောက်သည် ဘဝကို ရှုန်းကန်ရင်း ကွယ်လွန်သူအဖေကြီး၏ ဂုဏ်သိက္ခာကို မပျက်အောင် ထိန်းသိမ်းလာခဲ့ကြခြင်း ဖြစ်ပေမည်။

"ဘာပဲဖြစ်ဖြစ်၊ ဒီလိုရုန်းရင်းကန်ရင်းနဲ့ပဲ ကျွန်မတို့ဘဝကို ရပ်တည်လာခဲ့ကြရတာပါပဲ ဆရာ"

မစ္စမော်ဂင် အနည်းငယ်စိတ်အား တက်ကြွသည့်အမူအရာဖြင့် စကားဆက်လိုက်သည်။

"ဒါပေမယ့် ဒီကြားထဲမှာပဲ ကျွန်မတို့အိမ်က ဗိရိုစားပွဲစတဲ့ အိမ်ထောင်ပရိဘောဂပစ္စည်းတွေ တစ်ခုပြီးတစ်ခု ချရောင်းခဲ့ကြရပါတယ်။ အဲဒီကတစ်ဆင့် နောက်ဆုံးအိမ်ထောင်ပရိဘောဂ ပစ္စည်းတွေကုန်သွားတော့ အဖေကြီး အိန္ဒိယမှာ စစ်မှုထမ်းခဲ့တုန်းက အမှတ်တရ ဝယ်လာခဲ့တဲ့ပစ္စည်းလေးတွေ ချရောင်းရတာပါပဲဆရာ။ တကယ်တော့ ဒီအမှတ်တရပစ္စည်းတွေကို စားစရာမရှိလို့ ချရောင်းရတယ်ဆိုတာ အင်မတန်မှရှက်စရာကောင်းသလို ဝမ်းနည်းစရာလည်းကောင်းပါတယ်။ ဒါပေမယ့် ကျွန်မတို့မှာ ဒီလိုမှမလုပ်ရင် ဘယ်လိုလုပ်မလဲ ဆရာ၊ အဲဒီတုန်းက ကျွန်မသဘောနဲ့ ကျွန်မသာဆိုရင် အိမ်တစ်အိမ်မှာ ကလေးထိန်းဖြစ်ဖြစ်၊ အိမ်ဖော်ဖြစ်ဖြစ်၊ ရရာအလုပ်ကို လုပ်မိမှာပဲ။ ဒါပေမယ့် ဒါကို အဂါသာက လုံးဝလက်မခံဘူးဆရာ။ ဒီအလုပ်မျိုးကို လုံးဝမလုပ်ရဘူးဆိုပြီး ပြင်းပြင်းထန်ထန် ကန့်ကွက်ပါတယ်။ "ဒီမယ် ဆူဆန် တို့ဘဝဟာ ဆင်းရဲချင်ဆင်းရဲမယ်၊ မာနတော့ တစ်ပြားဖိုးမှ မလျှော့နိုင်ဘူး၊ တို့မိသားစုထဲမှာ ဒီလိုအောက်ကျနောက်ကျ အလုပ်မျိုးကို ဘယ်သူမှမလုပ်ခဲ့ဖူးဘူး။ အခုဆူစန်တဒါမျိုးကို လုပ်မယ်ဆိုတော့ အဖေသာကြားရင် သေရွာကတောင် ရှက်လို့ဆုံးမှာမဟုတ်ဘူး။ တို့ညီအစ်မတွေဟာ ဂုဏ်သရေရှိ အမျိုးသမီးတွေဆိုတာ မမေ့စမ်း



ဝါနဲ့ ဆူစန်ရယ်"ဆိုပြီး အဂါသာက ကျွန်မကို ကန့်ကွက်ပါတယ်။ ထကယ်ပါပဲ ဆရာရယ်၊ ဒီနေရာမှာတော့ အဂါသာဟာ ကျွန်မထက်ပိုပြီး စိတ်ဓာတ်ပြင်းထန်တာ အမှန်ပါပဲ။ ဒီလိုနဲ့ ကျွန်မ စောစောကပြောခဲ့သလို ရှိတာကလေးနဲ့ဖြစ်သလိုခြိုးခြံချွေတာပြီး နေလာခဲ့ကြရတာ အဂါသာတစ်ယောက် အမွေရတဲ့အထိပါပဲ"

"အမွေဟုတ်လား" မယ်လ်ကွန်က ရုတ်တရက် တအံ့တဩဖြင့် မေးလိုက်မိသည်။

"ဒီလိုဆို နေရာကျသွားတာပေါ့"

သူသည်မစ္စမော်ဂင်တို့ ညီအစ်မကိုယ်စား အတော်ကလေး စိတ်လက်ပေါ့ပါးသွားမိသည်။ မူလကပင် သူ့စိတ်ထဲတွင် သူတို့ညီအစ်မ၏ ဆင်းရဲဒုက္ခမှာ ကြာရှည်လိမ့်မည်ဟု မထင်ခဲ့ချေ။ အမှန်ပင်ဖြစ်သည်။

"ဟုတ်ပါတယ်ဆရာ. . . ကံကောင်းချင်တော့ ကြုံဖန်ပြီး ဖြစ်လာတာပါပဲ"

မစ္စဆူစန်က စကားကို ပြန်ဆက်လိုက်သည်။

"ပြီးတော့ ဒီလိုဖြစ်လာလိမ့်မယ်လို့လည်း လုံးဝမမျှော်လင့်ဘူး ဆရာရဲ့၊ တကယ်တော့ ကျွန်မတို့အမျိုးဟာ တော်တော်လေးရှေးကျတဲ့ ဆွေစဉ်မျိုးဆက်တစ်စုက ဆင်းသက်လာခဲ့တာပါ။ ဖယ်လင်ဒါနယ်တဝိုက်မှာ ကျွန်မတို့ရဲ့ဘိုးဘွားဖြစ်ခဲ့ကြတဲ့ မော်ဂင်မျိုးရိုးဟာ မြေရှင်နယ်ရှင်အဖြစ်နဲ့ နေလာခဲ့တာနှစ်ပေါင်း တစ်ရာနှစ်ရာမကတော့ပါဘူး။ တကယ်လို့ အခု ဆရာဒီမှာရှိတုန်း ထနင်္ဂနွေနေ့ကျတော့ ဘုရားရှိခိုးကျောင်း သွားကြည့်ရင် ကျွန်မတို့ဘိုးဘွားအဆက်အဆက်တွေရဲ့ အထိမ်းအမှတ်အုတ်ဂူတွေနဲ့ ကျောက်တိုင်တွေ တွေ့ရပါလိမ့်မယ်"

"အင်း. . သွားကြည့်ရကောင်းမလားဘဲ" မယ်လ်ကွန်၏ စိတ်ထဲတွင် အမှတ်မထင် မရေမရာ တွေးနေမိသည်။

"အခုလို သိရပြီးမှတော့ မသွားလို့ မကောင်းဘူးထင်တယ်။ ဒါပေမယ့် အခု ငါလာတာက အားလပ်ရက်မှာ အပန်းဖြေဖို့ဆိုတာလည်း မမေ့ဖို့လိုတယ်"

မယ်လ်ကွန်တစ်ယောက် ဟိုရောက်သည်ရောက် တွေးနေစဉ် မစ္စဆူစန်က သူမ၏ဇာတ်လမ်းကို ပြန်ဆက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ အဖေကြီး ဆုံးခဲ့ပြီးတဲ့နောက် ဆွေစဉ်မျိုးဆက် လွှဲပြောင်းယူလာခဲ့ကြတဲ့ မြေကွက်ကို အဖေကြီးရဲ့ ညီဝမ်းကွဲဖြစ်တဲ့ ဟောင်းဝဲမော်ဂင်က ဆက်ခံရပါတယ်။ သူကလည်း ဒီလိုဆက်ခံရတာကို တော်တော်လေး မြတ်နိုးပြီး ဂုဏ်ယူတော့ ဒီမြေကွက်ဟာ ကျန်ရစ်တဲ့ ကျွန်မတို့ ဆွေမျိုးထဲက အသက်အကြီးဆုံးဖြစ်တဲ့ မစ္စအဂါသာလက်ထဲ ရောက်လာတာပါပဲ။ ဒီလိုရောက်လာတာလည်း အင်မတန် နည်းလမ်းကျပါတယ်။ တကယ်တော့ ဒီမြေကွက်ကို အမွေရလိုက်တာဟာ ကျွန်မတို့အတွက် တကယ့်ကို တအံ့တဩ ဖြစ်သွားတာပါပဲ၊ အဲဒီတုန်းကများ ကျွန်မနည်းနဲ့ ကျွန်မတစ်ယောက်ထဲ သဘောသာဆိုရင် တကယ်လို့ ဒီမြေကွက်ကိုကျွန်မသာအမွေရလို့ ကျွန်မလက်ထဲ ရောက်လာမယ်ဆိုရင်ပေါ့ဆရာရယ်၊ အဲဒါကို ရောင်းချပြီးရတဲ့ငွေနဲ့ အိမ်ကြီးကြီးတစ်လုံး ဆောက်နေမယ်လို့တောင် စဉ်းစားမိပါတယ်။ ဒါပေမယ့် အဂါသာကတော့ ဒီလိုလုပ်ဖို့ လုံးဝစိတ်မကူးဘူးဆရာ။ ဒီမြေကွက်ကို မျိုးရိုးအစဉ်အလာမပျက်အောင် စောင့်ထိန်းသွားမယ်ဆိုတာ စိတ်ထဲက အခိုင်အမာ ဆုံးဖြတ်ထားပါတယ်။ သူက ကျွန်မကို ပြောပါတယ်။ ကျွန်မတို့ဟာ သေသွားတဲ့အဖေကြီးရဲ့ ဂုဏ်သိက္ခာကို စောင့်သိရိုသေသောအားဖြင့် မိသားစုမျိုးရိုးအစဉ်အဆက်ရဲ့ ထုံးတမ်းဓလေ့ကို လိုက်နာစောင့်ထိန်းရမယ်တဲ့။ တို့ဟာ အခြေအနေဘယ်လောက်ပဲဆိုးဆိုး မိသားစုရဲ့ ဂုဏ်သိက္ခာကို ပျက်အောင် လုံးဝမလုပ်ရဘူးလို့ အဂါသာက ပြောပါတယ်"

"အဲဒီမြေကွက် ဒီရွာနဲ့ နီးသလား"

"ဖယ်လင်ဒါနဲ့ သုံးမိုင်လောက်ပဲ ဝေးပါတယ်။ တောထဲမှာ သီးသန့်ရှင်းထားတဲ့ မြေကွက်ပါပဲ။ ဘူတာရုံနဲ့ဆိုရင် ဆယ်မိုင်ကျော်ကျော် ဝေးပါတယ်ဆရာ။ ဒါပေမယ့် ဆရာ့ကိုတော့ ကျွန်မ ပွင့်ပွင့်လင်းလင်းပြောရဦးမယ်။ တကယ်တော့ အဲဒီမြေကွက်က သိပ်အဖိုးမတန်လှပါဘူး။ ကျွန်မတို့ရဲ့ ဦးလေးဟောင်း ဝဲမော်ဂင်ကလည်း အဲဒီမြေကွက်ရဲ့ တစ်ဝက်ကျော်ကျော်ကို ဖဲ့ရောင်းပစ်ခဲ့ပါတယ်။ အဲဒီမြေပေါ်မှာ အိမ်တစ်လုံးနဲ့ လယ်ကွက်နှစ်ကွက်ပဲ ရှိပါတော့တယ်။ အခု အဲဒီမြေကွက်ကို အဂါသာက အမွေရလိုက်တော့ လယ်ကွက်ထဲမှာ စာရင်းငှားတွေက သီးတွေကျောင်းနေကြပါတယ်။ ကျွန်မအစ်မ အဂါသာက ဘယ်လောက်များ သတ္တိကောင်းလိုက်သလဲဆိုတော့ အဲဒီမြေကွက်ပေါ်မှာ သူ



ကိုယ်တိုင်စိုက်ပျိုးရေး လုပ်မယ်တကဲကဲ ဖြစ်နေပါတယ်။ ဒါပေမယ့် ဆရာသိတဲ့အတိုင်း ကျွန်မတို့က တစ်သက်လုံးမြို့ပေါ်မှာ ကြီးပြင်းလာခဲ့ကြတာဆိုတော့ ဘယ်ထဲယာထဲ ကိုယ်တိုင်ဆင်းဖို့ဆိုတာ ဘယ်ဖြစ်နိုင်ပါ့မလဲ ဆရာရယ်၊ ပြီးတော့ ဒီတနေပြီး အဲဒီလယ်ထဲယာထဲကို ပြောင်းဖို့ရွှေ့ဖို့ ကုန်ကျမယ့်စရိတ်နဲ့ အခွန်အတောက် ပေးရမှာနဲ့ဆိုတော့ လယ်လုပ်ဖို့ယာလုပ်ဖို့ အရင်းအနှီးဘယ်ကျန်တော့မလဲဆရာရယ်။ ဒါနဲ့ ကျွန်မတို့ ရှေ့နေကလည်း စဉ်းစားတတ်တဲ့ ပုဂ္ဂိုလ်ဆိုတော့ အဂါသာကို အဲဒီမပြောင်းအောင် အမျိုးမျိုးဖျောင်းဖျပြီး နားချပါတယ်။ ဒါပေမယ့် အဂါသာက အင်မတန်ခေါင်းမာတဲ့အမျိုးအစားထဲကဆိုတော့ အဲဒီကို မပြောင်းအောင် ဘယ်သူမှပြောမရဘဲ ဖြစ်နေပါတယ်"

"ဒါနဲ့ခင်ဗျား အဲဒီကိစ္စအတွက် ဦးနှောက်ခြောက်ပြီးဒီကိုတစ်ယောက်တည်း ထွက်လာခဲ့တာပေါ့ ဟုတ်လား"

မယ်လ်ကွန်က မေးလိုက်သည်။ စောစောက သူတို့ညီအစ်မ အမွေရလိုက်သည်ဟု ကြားရသည့်အတွက် ဝမ်းသာမိသော စိတ်များမှာ တဖြည်းဖြည်း ပျောက်ကွယ်စပြုလာခဲ့ကြပြီ ဖြစ်သည်။

"ဒါကြောင့်ရယ်လို့တော့ မဟုတ်ပါဘူးဆရာ" မစ္စဆူစန်က မသိမသာ ညှန်လှုပ်ရှားဖြင့် ပြန်ဖြေလိုက်သည်။ သူမသည် မယ်လ်ကွန်၏အမေးကို ဖြေရင်း နောက်သို့ ရုတ်တရက် စောင်းငဲ့၍ ကြည့်လိုက်သည်။ သူမ၏အမူအရာမှာ တစ်စုံတစ်ယောက်က သူမ၏နောက်မှနေ၍ သူမ၏စကားကို ချောင်းနားထောင်နေသည်ဟု မသင်္ကာသည့်ဟန်မျိုးဖြစ်နေသည်။ ပြီးမှ သူမစကားကို ခပ်တိုးတိုး ပြောလိုက်သည်။

"ဒါကြောင့်ရယ်လို့ မဟုတ်ပါဘူးဆရာ၊ ဖြစ်ပုံက ဒီလိုပါ။ ကျွန်မတို့ ရှေ့နေက အင်မတန်စဉ်းစားဉာဏ်ရှိပြီး အစစအရာရာ ဆင်ခြင်တတ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ။ ကျွန်မဒီကိစ္စနဲ့ပတ်သက်လို့ သူ့ကိုအပြစ်တင်တာမဟုတ်ပါဘူး။ သူက ကျွန်မတို့ညီအစ်မနှစ်ယောက်တည်း နေဖို့မသင့်ဘူးဆိုပြီး အမြဲပြောလေ့ရှိပါတယ်။ ပထမတော့ အဂါသာဟာ ရှေ့နေကြီးရဲ့စကားကိုကြားတော့ ရယ်မောင် ရယ်နေပါသေးတယ်။ သူက ကျွန်မနဲ့မတူဘူးဆရာရဲ့၊ တကယ့်စိုလ်တစ်ယောက် စစ်သားတစ်ယောက်ရဲ့သမီး ပီသတယ်။ ဘယ်နေရာမဆိုဖြစ် သတ္တိ

www.burmeseclassic.com



ရှိတယ်၊ ပြောရဲဆိုရဲတယ်။ ဒါပေမယ့် တစ်ခါတစ်ခါတော့ ဘာပဲဖြစ်ဖြစ် ရွှေနေ
ကြီးပြောတဲ့စကားဟာ မှန်တယ်ဆိုတာ သူမငြင်းနိုင်ဘူးဆရာ၊ ရွှေနေကြီးပြော
တဲ့ စကားဟာ မှန်တယ်ဆိုတာ သူမငြင်းနိုင်ဘူးဆရာ၊ ရွှေနေကြီးက "ခင်ဗျားတို့
ရဲ့ ဘဝဟာ ခင်ဗျားတို့ ညီအစ်မနှစ်ယောက်တည်းနဲ့ ရွှေလျှောက်ဒီအတိုင်းနေ
သွားလို့မဖြစ်ဘူး၊ အစစအရာရာ ရွှေဆောင်သွားမယ့် ယောကျ်ားတစ်ယောက်
မှဖြစ်မယ်"လို့ ပြောပါတယ်။ ဒါပေမယ့် ယောကျ်ားတစ်ယောက်ရှိမှ ဖြစ်မယ်
ဆိုတဲ့ စကားနဲ့ပတ်သက်လို့ အဂါသာက သိပ်လက်မခံချင်ဘူး။ ဒီ အသက်
အရွယ်အထိ နှစ်ပေါင်းလေးဆယ်အထိ ချစ်ရေကြိုက်ရေးဆေးလို့ ဘယ်ယောကျ်ား
နဲ့မှ ရောထွေးယှက်တင်နေလာခဲ့တာမျိုး မရှိတော့ အဂါသာဟာ ယောကျ်ားတစ်
ယောက် မရှိရင်မဖြစ်ဘူးဆိုတဲ့ စကားကို သဘောတရားအရ လက်ခံသလို
ရှိပေမယ့် လက်တွေ့ကျတော့ ဘယ်လိုမှမနီးစပ်ဘဲ ဖြစ်နေပါတယ်။ သူဟာ
ယောကျ်ားတွေကို အမြဲအထင်သေးတတ်ပြီး ကျွန်မနဲ့ လူကြီးလူကောင်းအချင်း
မိတ်ဆွေအဖြစ်နဲ့ ဆက်ဆံတာကိုတောင် သဘောမကျဘဲ ဖြစ်နေပါတယ်။ အဲ
နဲ့ပတ်သက်တဲ့ ယောကျ်ားမိတ်ဆွေတွေကလွဲလို့ တခြားဘယ်သူနဲ့မှ မိတ်ဆွေဖွဲ့
စရာမလိုဘူးလို့တောင် ကျွန်မကို သူပြောဖူးပါတယ်"

"အဘွားကြီးတွေဟာ အတော်ခေတ်နောက်ကျတာပဲ"

မစ္စဆူစန်၏ စကားကိုဆက်၍နားထောင်ရင်း မယ်လ်ကွန်က စိတ်ထဲ
တွေးမိလိုက်သည်။

"ဒီလိုနဲ့ ပထမတော့ ရွှေနေကြီးရဲ့စကားကို သူက မျက်စိမှိတ်ပြီး
ငြင်းပါသေးတယ်။ ဒီကြားထဲမှာ ဆရာသိတဲ့အတိုင်း ကျွန်မက စိတ်ဓာတ်
ပျော့ညံ့တဲ့ မိန်းကလေးတစ်ယောက်ဆိုတော့ သူဟာ ကျွန်မအတွက် စိတ်လည်း
ပူတယ်။ ကျွန်မကို အထင်လည်းသေးပါတယ်။ ဒါပေမယ့် လောကကြီးအလယ်
မှာ ကျွန်မတို့ ညီအစ်မနှစ်ယောက်တည်း မျက်နှာငယ်ငယ်နဲ့ ရုန်းကန်သွားရမှာ
ကို ကျွန်မ တကယ်ပဲ ရင်လေးမိပါတယ်။ ကျွန်မစိတ်ထဲမှာ ဒီလိုသဘောထား
ရှိနေတယ်ဆိုတာလည်း သူ့ကို ဖွင့်မပြောရဲအောင်ဖြစ်မိနေတာ အမှန်ပါပဲ။ ဒါ
နောက်ဆုံးကျတော့ ကျွန်မတို့အနေနဲ့ အများမျက်စိမှာ မြင်လို့တင့်တယ်အောင်
ပုဂ်လည်းရှိအောင် ဘဏ္ဍာစိုးတစ်ယောက်ငှားဖို့ သူ့ကို အကြံပေးကြည့်ပါတယ်



ဘဏ္ဍာစိုးဆိုတာလည်း ရိုးရိုးဘဏ္ဍာစိုးမျိုးမဟုတ်ဘဲ အိမ်မှုကိစ္စအဝဝတွေကို ဒိုင်ခံ
လုပ်နိုင်ပြီး ယုတ်စွအဆုံး အိမ်နီးနားချင်းတွေ လာလည်တဲ့အခါမျိုးမှာ တံခါး
ဖွင့်ပြီးကြိုဖို့ နေရာထိုင်ခင်းပေးဖို့ကအစ အောက်ခြေသိမ်းလုပ်နိုင်မယ့်လူ တစ်
ယောက်ယောက် ရှိရင်ကောင်းမယ်လို့ သူ့ကို ပြောကြည့်ပါတယ်"

"ဒါတော့ အစ်မကြီးပြောတဲ့စကားဟာ သဘာဝအကျဆုံးနဲ့ အကောင်း
ဆုံး အကြံဉာဏ်ပဲ" မယ်လ်ကွန်ကဝင်၍ ထောက်ခံလိုက်သည်။

"ဟုတ်ပါတယ်။ မှုအားဖြင့်တော့ ကျွန်မတင်ပြတဲ့အကြံဉာဏ်ဟာ မှန်
ပါတယ်။ ကောင်းပါတယ်၊ ဒါပေမယ့်. . ."

သူမသည် ဦးခေါင်းကို ဖြည်းညင်းစွာ ရမ်းပြလိုက်ပြန်သည်။

"ဒါပေမယ့် ဒါကိုလည်း အဂါသာက ရုတ်တရက်လက်မခံဘဲ ဖြစ်နေပါ
တယ်။ သူက ဒီအိမ်မှာဘဏ္ဍာစိုးလုပ်နိုင်မယ့် အရည်အချင်းရှိတဲ့လူတစ်ယောက်
မှ မမြင်ဘူးလို့ပြောပါတယ်။ ဒါနဲ့ နောက်ဆုံးကျတော့ ကျွန်မက နှစ်ခါသုံးခါ
ထပ်ပြီးပြောတော့ ဒီလိုဆိုရင် ဒီကိစ္စကို သူ့စိတ်တိုင်းကျ စီစဉ်မယ်ဆိုပြီး သတင်း
စာထဲကို ကြော်ငြာထည့်တော့တာပါပဲ။ ပြီးတော့ အဲဒီကြော်ငြာအလုပ်လျှောက်
တဲ့ လူတွေအားလုံးကို သူကိုယ်တိုင်လူချင်းတွေ့ပြီး အရည်အချင်းစစ်ဆေးပါ
တယ်။ အဲဒီထဲက မစ္စတာပီတာဆိုတဲ့လူကို ဘဏ္ဍာစိုးခန့်ဖို့ ရွေးလိုက်ပါတယ်။
အဂါသာဟာ မစ္စတာပီတာကို မြင်မြင်ချင်းသဘောကျပြီး ဆုံးဖြတ်လိုက်ပုံရပါ
တယ်။ အလုပ်လည်း ချက်ချင်းဆိုသလို ခန့်လိုက်တာပါပဲ"

"တကယ်တော့ ကျွန်မကိုယ်တိုင် မှန်တဲ့အတိုင်း ဝန်ခံရမယ်ဆိုရင်. ."

မစ္စဆူစန်က လေးနက်သည့်အသံဖြင့် ပြောလိုက်သည်။

ကျွန်မကိုယ်တိုင်လည်း အဂါသာက ပီတာကို ဘဏ္ဍာစိုးခန့်လိုက်တာ
လုံးဝထောက်ခံပါတယ်။ ဒါနဲ့ပတ်သက်လို့ ပြောရမယ်ဆိုရင် ပီတာဟာ အင်
မတန် ဥပဓိရုပ်ကောင်းပြီး ယောကျ်ားပီသတဲ့ ယောကျ်ားပါ။ ဘယ်အချိန်မှာ
ဖြစ်ဖြစ် သူရှိတဲ့အိမ်တိုင်းဟာ ကျက်သရေရှိတယ်ဆိုတဲ့ရုပ်ရည်မျိုးကို ပိုင်ဆိုင်တဲ့
လူတစ်ယောက်ပါပဲ။ ပြီးတော့ သူ့ကို တွေ့လိုက်မြင်လိုက်တာနဲ့ တပြိုင်နက် ဒီ
လူဟာ အင်မတန်အလိုက်သိတတ်တဲ့ လူပဲလို့ လူတိုင်းက လက်ခံသွားရလောက်
အောင်တော်တဲ့လူပါ။ သူဟာ ကျွန်မတို့ရှေ့မှာ ခြေစုံရပ်ပြီး ကျွန်မတို့ကို မခမ်

www.burmeseclassic.com

www.burmeseclassic.com



လို့ ခေါ်လိုက်တာဟာ အင်မတန်သဘောကျစရာကောင်းပါတယ်။ အဲဒီတုန်းက သူနဲ့ပတ်သက်ပြီး ဒီလူဟာ ဆွေကြီးမျိုးကြီးထဲကလာတဲ့ လူ ဖြစ်ရမယ်လို့ အင သာက ပြောဖူးပါသေးတယ်။ ဟုတ်လည်းဟုတ်ပါတယ်။ သူ့ကိုကြည့်ရတာ အင ခံရုပ်မျိုး လုံးဝမရှိပါဘူး"

"ဒါပေမယ့် တစ်ခုရှိတာက ပီတာဟာ ဘဏ္ဍာစိုးအလုပ်ကို အရင်တုန်း က လုပ်ခဲ့ဖူးပေမယ့် နှစ်ရှည်လများ မလုပ်ခဲ့ဖူးပါဘူး။ ဒါကြောင့် သူ့မှာ ဘဏ္ဍာစိုး အလုပ်နဲ့ပတ်သက်လို့ ဘာထောက်ခံစာ ဘာအထောက်အထားတစ်ခုမှ ပါမလာ ဘဲဖြစ်နေပါတယ်။ သူဟာ စစ်ကြီးအတွင်းက စက်ဘီးဆိုင်တစ်ဆိုင်ဖွင့်ခဲ့ဖူးတယ် လို့သိရပါတယ်။ အဲဒါအပြင် သူက ကျွန်မတို့အဖေရဲ့တပ်မှာ အမှုထမ်းခဲ့ တယ်လို့ ပြောပြတော့ အင်မတန်ဆန်းကြယ်တဲ့ တိုက်ဆိုင်မှုတစ်ခုပဲဆိုပြီး ကျွန် တို့စိတ်ထဲက ကျေနပ်မိပါသေးတယ်။ သူဟာ ကျွန်မတို့ဆီ အလုပ် လာလျှော တဲ့နေ့ကဆိုရင် စက်ဘီးစီးရာမှာဝတ်လေ့ရှိတဲ့ ခြေအိတ်ရှည်ကြီးကိုတောင် ဖွ လာပါသေးတယ်။ သူ့ ခြေသလုံးသားတွေဟာ အတော်လှတယ်လို့တောင် အဂါသ ကပြောပါတယ်။ ပြီးတော့ သူဟာ မကြာသေးခင်ကပဲ သူ့ဇနီးဆုံးသွားတယ်ဆို ကျွန်မတို့မှာ စိတ်မကောင်းဖြစ်ကြရပါသေးတယ်"

"အဲဒါတွေအပြင် ပီတာနဲ့ပတ်သက်လို့ သူပြောပြသလောက် ကျွန် တို့သိရတာက သူဟာ တောရွာတစ်ရွာမှာ မွေးဖွားခဲ့ပြီး ငယ်ငယ်ကတည်းက လက်မှုပညာနဲ့ လက်သမားအတတ်ကို တတ်ခဲ့တယ်လို့ ဆိုပါတယ်။ ကြက် တွေ ဘာတွေလည်း ကောင်းကောင်းဆောက်တတ်တယ်လို့ သိရပါတယ်။ သူ သူမွေးထားတဲ့ ကြက်တွေကို ကျွန်မတို့အိမ်ကို ယူလာမယ်လို့ ပြောလိုက်တော ကျွန်မတို့ဖြင့် ဝမ်းသာလိုက်တာဆရာရယ် မပြောပါနဲ့တော့။ ကျွန်မတို့ တ သက်လုံး အိမ်မှာကြက်မွေးခဲ့ဖူးတာမှ မဟုတ်ဘဲ။ ပြီးတော့ အဂါသာက ပြေ သေးတယ်၊ ဒီအတိုင်းသာဆိုရင် မနက်စာကို ကြက်ဥလတ်လတ်ဆတ်ဆတ် စားရဦးတော့မယ်တဲ့"

မစ္စဆူစန်သည် ပြောရင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။ သူ ၏ မျက်လုံးအိမ်ထဲတွင် မျက်ရည်များ ဝဲလာပြန်သည်။ သူမသည် လက်ကိုင် ပဝါဖြင့် မျက်လုံးများကို မသိမသာ တို့လိုက်သည်။



"ဒါလောက်ဆိုရင် ကျွန်တော် ရိပ်မိပါပြီ"

ဒေါက်တာမယ်လ်ကွန်က စိတ်အားထက်သန်စွာဖြင့် ပြောလိုက်သည်။

"ဒီ ပီတာဆိုတဲ့လူဟာ လူရုပ်လူလိမ်တစ်ယောက်မဟုတ်လား"

သို့သော် မစ္စဆူစန်က ချက်ချင်းပင် ခေါင်းခါပြလိုက်သည်။

"ကျွန်မအနေနဲ့ သူ့ကို ဒါလောက်ထိအောင် မတော်မတရား ပြောလို့ လည်း မဖြစ်သေးဘူးဆရာရဲ့။ မှန်တဲ့အတိုင်းဝန်ခံရရင် သူ့ကို ကျွန်မတို့ရဲ့ ဘဏ္ဍာစိုးအဖြစ်နဲ့ အဂါသာက ရွေးလိုက်တာမှန်ပေမယ့် သူ့ကို ကျွန်မတို့အိမ် ရောက်လာအောင် လုပ်ခဲ့ရာမှာ ကျွန်မတာဝန်မကင်းဘူးမဟုတ်လား။ ပြီးတော့ ကျွန်မစိတ်ထဲက ဒီလူဟာ တကယ့် လူတော်တစ်ယောက်ပဲလို့ ယူဆထားမိပါ တယ်။ အဲဒါအပြင် ရုပ်ချောသလောက် ယောကျ်ားပီသပြီး တကယ်လည်း အား ကောင်းတဲ့ လူပါဆရာ၊ ကျွန်မတို့အိမ်က ပရိဘောဂပစ္စည်းတွေကို ရွှေ့တာက အစ အလုပ်ကြမ်းတွေမှန်သမျှ လုပ်လိုက်တာများ ကလေးကစားတာ ကျနေ တာပဲ။ နောက်ပြီးတော့လည်း သူဟာ တောမှာမွေးပြီး တောမှာပဲ ကြီးပြင်းလာတဲ့ လူဆိုတော့ လယ်နဲ့ယာနဲ့ ပတ်သက်တဲ့ထွန်ယက်စိုက်ပျိုးရေးအလုပ်တွေကို ကျွန်မတို့ထက် အဆပေါင်းများစွာ ပိုပြီးတတ်ကျွမ်းနေတာပေါ့ဆရာရယ်"

"ဒါ့ထက် စကားစပ်မိလို့ ကျွန်မစိတ်ထဲရှိသလောက် ပွင့်ပွင့်လင်းလင်း ပြောလိုက်ရဦးမယ်။ တစ်ခါတစ်ခါ မစ္စတာပီတာက သီချင်းကလေး တအေးအေး နဲ့ လေကလေးတချွန်ချွန်လုပ်နေတာများ ကြားလိုက်ရရင် ကျွန်မဖြင့်စိတ်ထဲက သဘောကို ကျနေတာပါပဲ။ သူဆိုတဲ့ သီချင်းတွေက တစ်ခါတလေ သိပ်ပြီး တသားတော့ မကောင်းလှဘူးပေါ့ ဆရာရယ်။ ပြီးတော့လည်း သူဟာ အိမ်တစ် အိမ်ကို ဘယ်လိုထိန်းသိမ်းစောင့်ရှောက်သွားရမယ်၊ ဒီအိမ်မှာ ဘယ်လိုသာယာ မှုရှိအောင် လုပ်သွားရမယ်ဆိုတာ ကောင်းကောင်းကြီး နားလည်တဲ့အပြင် အစေခံ တွေအားလုံးကို ဘယ်လို အုပ်ချုပ်ကွပ်ကဲ သွားရမယ်ဆိုတာလည်း သေသေချာ ချာ သဘောပေါက်ထားတဲ့ လူတစ်ယောက်ပါ"

"ဟုတ်ပါတယ်ဆရာ. . တကယ်တော့ ကျွန်မဖြင့် သူသာရောက်မလာရင် ကျွန်မတို့ဘဝဟာ ဘယ်လိုများနေမလဲလို့တောင် စဉ်းစားမိပါတယ်။ ကျွန်မ စောစောက ဆရာ့ကို ပြောခဲ့သလို သူဟာ ဒီလိုအောက်တန်းကျတဲ့ အလုပ်မျိုး

www.burmeseclassic.com



နဲ့ မပတ်သက်တဲ့ ဆွေကြီးမျိုးကြီးထဲက ဆင်းသက်လာတဲ့ လူတစ်ယောက်ဖြစ်ရမယ်လို့ ထင်မိပါတယ်။ သူ့ကိုကြည့်ရတာ ဘဏ္ဍာစိုးတစ်ယောက်နဲ့မတူဘဲ ရွှေဖတ်စာရေးကြီးတစ်ယောက်ရဲ့ ပုံစံမျိုးပေါက်နေပါတယ်။ သူဟာ သူရင်းငှားတွေ ခိုင်းတဲ့နေရာမှာရော၊ သီးစားခတွေ ကောက်တဲ့နေရာမှာရော အင်မတန်တိကျသေချာပြီး လက်ရေးလက်သားကလည်း လှလှပပနဲ့ သိပ်ကောင်းပါတယ်"

"ဟာ ဒီလိုဆိုရင် ကျွန်တော် စဉ်းစားမိပြီ"

မယ်လ်ကွန်က ယခုမှ သဘောပေါက်သွားသည့် အမူအရာမျိုးဖြင့် ပြောလိုက်သည်။

"မဟုတ်သေးဘူးဆရာ၊ ဆရာထင်သလိုမဟုတ်သေးဘူး"မစ္စဆူစန်က အလောသုံးဆယ် ကြားဖြတ်၍ ပြောလိုက်သည်။

"ငွေနဲ့ကြေးနဲ့ပတ်သက်လို့ ပီတာဟာ မှဲ့တစ်ပေါက် မစွန်းခဲ့ပါဘူးဆရာ။ အခုဖြစ်ရတာက ကျွန်မတို့ညီအစ်မက တဖြည်းဖြည်းနဲ့ သူ့အပေါ်မှာ မှီခိုအားထားလာခဲ့ရာက သူဟာ ကျွန်မတို့အပေါ်မှာ အခွင့်အရေး တစ်စတစ်စ ပိုပြီးယူလာလို့ ဖြစ်လာတာပါ"

"အစ်မကြီး ပြောသလိုဆိုရင်တော့ သူ့ အမူအရာတွေ တဖြည်းဖြည်း ပြောင်းလဲလာတဲ့သဘောပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဆရာ၊ ကျွန်မစိတ်ထဲတော့ ဒီလိုပဲ ယူဆမိပါတယ်"

"ပထမဆုံး ကျွန်မသတိထားမိတာကတော့ သူဟာ ကျွန်မအပေါ်မှာ မကျေနပ်တဲ့အမူအရာတွေ၊ သဘောမကျတဲ့ အပြုအမူတွေ ပြလာခဲ့တာပါပဲ။ သူဟာ ကျွန်မအကြောင်း မကောင်းတဲ့ စကားတွေကို ကျွန်မကွယ်ရာမှာ တော်တော်လေး ဆိုးဆိုးဝါးဝါး ပြောလာပါတယ်။ ဒါကိုလည်း အခြားအစေခံတွေဆီက တစ်ဆင့် ကျွန်မ အတိအကျ ပြန်ကြားလို့ သိခဲ့ရပါတယ်"

"ဒါဖြင့် ဒီကိစ္စကို အစ်မကြီးက အဂါသာကို ပြော့မပြဘူးလား"

"ပြောတာပေါ့ဆရာ. . ဘယ်နေ့လိမ့်မလဲ။ ဒါပေမယ့် ဒီလိုပြောလိုက်တဲ့အတွက် အခြေအနေဆိုးသွားတာပါပဲ"

မစ္စဆူစန်သည် ဤနေရာတွင် အသံအနည်းငယ် တုန်တုန်ရင်ရင် ဖြစ်လာခဲ့သည်။



"အဲဒီအချိန်မတိုင်မီအထိ ကျွန်မနဲ့ အဂါသာတို့ဟာ တစ်ယောက်နဲ့တစ်ယောက် ဆိုးတိုင်ပင်ကောင်းတိုင်ပင် နှစ်ယောက်သား ချစ်ချစ်ခင်ခင် ရှိခဲ့ကြပါတယ်။ ဒါပေမယ့် ပီတာက ကျွန်မအပေါ်မှာ မတော်မတရား စော်ကားမော်ကားပြောနေတဲ့အကြောင်းကို အဂါသာကိုလည်း ဖွင့်ပြောလိုက်ရော ဆရာရယ် အံ့ဩလို့ မဆုံးပါဘူး။ အဂါသာကိုယ်တိုင်က ပီတာဘက်ကလိုက်ပြီး ကျွန်မကို မကျေနပ်တဲ့စကားတွေ ပြောလာတော့တာပါပဲ။ ကျွန်မအပေါ်မှာ တစ်ခါမှ မပြောဖူးတဲ့ စကားလုံးတွေနဲ့ ရစရာမရှိအောင် ပြောတော့တာပါပဲ ဆရာရယ်"

"လက်စသပ်တော့ ဒီလိုကိုး" မယ်လ်ကွန်က စိတ်ထဲတွင် တွေးလိုက်မိသည်။ 'ဒါဆိုရင် အဘွားကြီးစိတ်တွေ ဖောက်ပြန်လာတဲ့သဘောပဲ'

"ဒါပေမယ့် ကျွန်မမှာ ခက်နေတာက အဂါသာကို ဘယ်လိုမှ အတိုက်အခံ ဆန့်ကျင်ဘက်ပြောလို့ မဖြစ်ဘူးဆရာရဲ့"

မစ္စဆူစန်က သနားစဖွယ် ပြောနေပြန်သည်။

"သူက ကျွန်မထက် အသက်လည်းကြီးတယ်၊ စိတ်လည်းကြီးတယ်၊ သတ္တိလည်းရှိတယ်။ ကျွန်မက အဘက်ဘက်မှာ စိတ်ဓာတ်ပျော့ညံ့တယ်။ သတ္တိလည်းမရှိဘူး။ အဲဒီတော့ အဲဒီကိစ္စလည်းပြောပြီးရော ကျွန်မဟာအိမ်မှာ အထီးကျန်ဘဝကို လုံးလုံးကြီးရောက်သွားတော့တာပါပဲ။ မစ္စတာပီတာနဲ့ အဂါသာက တစ်ဘက်၊ ကျွန်မကတစ်ဘက် ဖြစ်သွားပါတယ်။ တကယ်ပါဆရာရယ်။ အဲဒီအချိန်တုန်းက ကျွန်မလက်ထဲမှာ ငွေကလေးနည်းနည်းပါးပါးသာရှိမယ် ဆိုရင် ကျွန်မဟာအဲဒီအိမ်က ရောက်ရာပေါက်ရာ တစ်ခါတည်း ထွက်သွားမိမှာပါပဲ။ ဒါပေမယ့် အဲဒီအချိန်က ကျွန်မမှာ ပြေးစရာလည်းမြေမရှိ၊ ပေးစရာလည်း ငွေမရှိ ဆိုတဲ့ဘဝမျိုး ရောက်နေရပါတယ်။ အဲဒီလို အထီးကျန်ဘဝနဲ့ နေလာခဲ့ရာက မကြာခင်မှာပဲ. . . ."

မစ္စဆူစန်၏ အသံမှာ ဤနေရာတွင် အနည်းငယ် ထူးဆန်းသလို ဖြစ်လာသည်ကို မယ်လ်ကွန် သတိထားလိုက်မိသည်။

"မကြာခင်မှာပဲ အဂါသာဟာ မစ္စတာပီတာဘက်က ဘာ့ကြောင့် ရပ်တည်တယ်ဆိုတာ ကျွန်မ သဘောပေါက်လာခဲ့ပါတယ်. . ."

"ဘာကို သဘောပေါက်လာတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါဆရာ. . . ကျွန်မ အစအဆုံးဆရာနားလည်အောင် ပြောပါရစေ။ မနှစ်က ဆောင်းဦးပေါက်မှာ ကျွန်မတို့ ညီအစ်မနှစ်ယောက်စလုံး တုပ်ကွေးမိပြီးဖျားကြပါတယ်။ အဲဒီမှာ ကျွန်မဟာ အပေါ်ယံကြည့်လိုက်တော့ အားပျော့တယ် ထင်ရပေမယ့် တုပ်ကွေးရောဂါကို ကျွန်မအစ်မအဂါသာထက် ခံနိုင်ရည်ရှိပါတယ်။ ဒါကြောင့် မကြာခင် ကျွန်မအနေနဲ့ အဖျားပျောက်ပြီး နေကောင်းသွားပေမယ့် အဂါသာကတော့ အတော်ကလေးအလူးအလဲခံလိုက်ရပြီး ရောဂါတော်တော်နှင့် မပျောက်အောင် ဖြစ်နေပါတယ်။ ပြီးတော့ ဆရာသိတဲ့အတိုင်း ဒီအရပ်က မိုးသိပ်ကောင်းတယ်မဟုတ်လား။ ကျွန်မတို့နေတဲ့ အိမ်ကလည်း အတော်ကလေး ဟောင်းနေပြီ၊ ပိုက်ဆံမရှိလို့ မပြင်နိုင်ဘဲ ပစ်ထားရတော့ မိုးရွာပြီဆိုရင် တစ်အိမ်လုံး ရွှဲရွှဲစိုနေတော့တာပါပဲ။ ဒါနဲ့ တစ်ညတော့ မိုးအေးအေးနဲ့ အိပ်ပျော်နေတုန်း ရုတ်တရက် အိပ်ရာကလန့်နိုးပြီး အဂါသာရဲ့ စကားပြောသံကို ကြားလိုက်ရသလိုလို စိတ်ထဲက ထင်လိုက်မိပါတယ်။ ဒါနဲ့ ကျွန်မလည်း ဖယောင်းတိုင်တစ်တိုင် ထွန်းပြီး အခန်းထဲက ထွက်ကြည့်လိုက်ပါတယ်။ အဲဒီမှာ ကျွန်မမြင်လိုက်ရတာကတော့ အို. . . ဆရာရယ် ကျွန်မဖြင့် ဆရာ့ကိုတောင် ဘယ်လိုလုပ်ပြောရမှန်း မသိတော့ပါဘူး"

မစ္စဆူစန်သည် ရုတ်တရက် လက်ဝါးနှစ်ဖက်ဖြင့် မျက်နှာကို အုပ်လိုက်သည်။

"မစ္စတာပီတာဟာ အဂါသာရဲ့ အခန်းထဲက ထွက်လာတာကို ကျွန်မမျက်စိနဲ့ တပ်အပ် မြင်လိုက်ရတာပါပဲဆရာရယ်"

"အဲဒီညကဆိုရင် ကျွန်မဖြင့် တမေ့းမှ အိပ်လို့မရတော့ပါဘူး ဆရာရယ်၊ ဒါနဲ့ နောက်တစ်နေ့ မနက်ကျတော့ မနက်စာ စားတဲ့ စားပွဲမှာ အဂါသာနဲ့ မျက်နှာချင်းဆိုင် တွေ့ရတော့ ကျွန်မဖြင့် ရှက်လည်းရှက်၊ အံ့လည်း အံ့ဩသွားပါတယ်။ ညကဖြစ်ခဲ့တဲ့အဖြစ်ကို ပြန်စဉ်းစားမိပြီး သူ့မျက်နှာကို ကြည့်တောင်မကြည့်ရဲပါဘူး။ အဂါသာကလည်း မနက်စာ စားနေကြတုန်း စကားတစ်လုံးမှ မပြောဘဲ နေခဲ့ပါတယ်။ မနက်စာလည်း စားပြီးကြရော ဖြုန်းခနဲ ထပြီး လက်သုတ်ပဝါကို ခေါက်နေရာက အင်မတန်ကြောက်စရာကောင်းတဲ့ လေသံနဲ့ ကျွန်မကို လှမ်းပြောလိုက်ပါတယ်။



"ဆူစန် ညည်းကိုငါ စကားတစ်ခွန်း ပြောစရာရှိတယ်။ ငါ မစ္စတာပီတာကို လက်ထပ်တော့မယ်"တဲ့။

"ဒီလိုတော့လည်း အဂါသာမဆိုးပါဘူး"ဒေါက်တာမယ်လ်တန်က စိတ်ထဲတွေးလိုက်ပြီး မစ္စဆူစန်အား ရုတ်တရက်လှမ်းမေးလိုက်သည်။

"အဲဒီတော့ အစ်မကြီးက ဘာပြန်ပြောလိုက်သလဲ"

"ဘာပြန်ပြောရမှာလဲဆရာ၊ ကျွန်မက အပြင်းအထန် ကန့်ကွက်တာပေါ့၊ ဒီကိစ္စဟာ လုံးဝမဖြစ်နိုင်ဘူး။ အဖေသာရှိရင် ဒီစကားကို ကြားတာနဲ့ ရှက်ပြီး နောက်တစ်ခါလဲသေသွားနိုင်မယ်လို့ ပြောလိုက်တော့ အဂါသာဟာ အကြီးအကျယ် ဒေါပွသွားတာပါပဲ။ သူက ဘယ်ဘဝရောက်ရောက်၊ ဘယ်လိုဖြစ်ဖြစ် ပီတာကိုလက်ထပ်မယ်။ ကျွန်မ မကျေနပ်လည်း မတတ်နိုင်ဘူးဆိုပြီး ပြောလာတော့ ကျွန်မတို့နှစ်ယောက် ခွန်းကြီးခွန်းငယ် အော်ကြီးဟစ်ကျယ် ဖြစ်ကြတော့တာပါပဲ။ ဒါပေမယ့် နောက်ဆုံး အခန်းထဲကို ပီတာဝင်လာတော့မှ နှစ်ယောက်စလုံး ကိုယ်ရှိန်သတ်ပြီး ပြောလက်စ စကားတွေကို ရပ်လိုက်ကြပါတယ်"

"အဂါသာဟာ သူပြောတဲ့အတိုင်း တကယ်လုပ်တာပဲလား"

"တကယ်ပဲပေါ့ ဆရာရယ်။ နောက်တနင်္ဂနွေ သုံးပတ်လောက်ကြာတော့ သူတို့နှစ်ယောက် လက်ထပ်လိုက်ကြတာပါပဲ။ ကျွန်မဘဝဟာလည်း အဲဒီနေ့ကစပြီး တစ်ကောင်ကြွက် ဖြစ်ခဲ့တာပါပဲ။ကျွန်မတို့ ညီအစ်မအဖြစ်ကတော့ ပြောလို့တောင် မကောင်းပါဘူးဆရာရယ်။ အဂါသာဟာ အရင်က ဦးနှောက်ကောင်းပြီး နေရာတကာမှာ သွက်လက်ထက်မြက်သလောက် လက်ထပ်ပြီးတဲ့နေ့ကစပြီး ပီတာရဲ့လက်အောက်ခံ ဖြစ်သွားတော့တာပါပဲ။ ဒီကြားထဲမှာ ပီတာရဲ့ ဇာတိကလည်း တဖြည်းဖြည်း ရုပ်လုံးပေါ်လာပါတယ်။ စောစောက မင်းသားခေါင်းဆောင်းထားတဲ့ ပီတာရဲ့ ဘီလူးရုပ်ဟာ အမှန်အတိုင်း ဘွားဘွားကြီး ပေါ်လာတော့တာပါပဲ။ အရင်က အင်မတန်သိမ်မွေ့ပြီး အင်မတန် အလိုက်သိတတ်တဲ့ ပီတာဟာ စကားပြောရာကအစ ကြမ်းတမ်းရုန့်ရင်းပြီး မကြားဝံ့မနာသာတွေ ပြောလာပါတယ်"

"တစ်ခုတော့ ရှိတယ်ဆရာရဲ့။ ပီတာဟာ ဘဏ္ဍာမိုးဘဝနဲ့ လုပ်ခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



အိမ်မှုကိစ္စတွေ၊ အိမ်ထောင်ပရိဘောဂ ထိမ်းသိမ်းတဲ့ အလုပ်တွေကိုတော့ အရင်လိုပဲ လုပ်တာပါပဲ။ ဒါပေမယ့် အဲဒီလို လုပ်ပြီးလို့ မနက်စာညစာ စားတဲ့ စားပွဲလည်းရောက်ရော သူ့ဘဝမှန်ဟာ ပေါ်လာတော့တာပါပဲ။ စားလိုက် သောက်လိုက်တာကလည်း တကယ့်ဝံပုလွေကြီးတစ်ကောင် ကျနေတာပါပဲ၊ ပလုတ်ပလောင်းနဲ့ မဆန့်မပြဲ စားလိုက်တာတစ်ခါတလေ စားပိုးနင့်သွားမလား တောင် အောက်မေ့ရတယ်။ ဘာပဲဖြစ်ဖြစ် နောက်ဆုံးကျတော့ ကျွန်မဟာ အဂါ သာကို သနားမိတာပါပဲ။ သူဟာ ပီတာလုပ်သမျှကိုင်သမျှ ဘာတစ်ခုမှ ဝင် မပြောရဲတော့ပဲ ပီတာကမကျေမနပ်နဲ့အော်တာ ငေါက်တာကိုတောင် ပြန် မပြောရဲအောင် ဖြစ်လာပါတယ်။ ပြီးတော့ ကျွန်မဟာ ပီတာကို သတိထားပြီး မစွတာပီတာလို့ ယဉ်ယဉ်ကျေးကျေး ခေါ်ခဲ့ပေမယ့် သူက ကျွန်မကို ဆူလို့ ရင်းနှီး တဲ့ အသုံးအနှုန်းနဲ့ ခေါ်လာပါတယ်။ အဂါသာကိုလည်း သူက အဂ္ဂီလို့ ချစ်စနိုး ခေါ်ပါတယ်။ ဒါပေမယ့် တစ်သက်လုံး ဒီလို ကလေးကလားခေါ်တာမျိုးကို မကြားဖူး မကြုံဖူးတော့ ကျွန်မအနေနဲ့ နားရှက်တာပေါ့ ဆရာရယ်"

"ဒါတင်မကသေးဘူးဆရာရဲ့၊ ကျွန်မဟာ သူတို့လင်မယားနှစ်ယောက် ရှေ့မှာနေရတာ မျက်စိနောက်တာနဲ့ အိမ်ပေါ်ကို ညတိုင်း ခပ်စောစောတက်ပြီး တစ်ယောက်တည်း နေတတ်ပါတယ်။ အဲဒီကျတော့ ပီတာဟာ အိမ်ပေါ်မှာ မီးလင်းဖိုမထားရဘူးလို့ ကန့်ကွက်လာပါတယ်။ 'ကျောက်မီးသွေးက ဈေးကြီးတယ်' လို့ သူက ပြောလာတယ်။ ပြီးတော့ အိမ်ပေါ်မှာ ကျောက်မီးသွေးမသုံးရဘူး ဆိုတော့ 'ခင်ဗျားအတွက် ကျုပ်က ထင်းခွဲပေးလိမ့်မယ်လို့များ ထင်နေသလား အဲဒီလိုထင်ရင်တော့ ခင်ဗျားအတွက် အမှားကြီးမှားတာပဲ'လို့ သူက ကျွန်မကို အခြောက်တိုက်လာပြီး ရန်စကား ပြောလိုက်ပါသေးတယ်"

"အင်း လောကကြီးမှာ ဒီလိုလူမျိုးလည်း ရှိသေးတယ်နော်"

မယ်လ်ကွန်က ညည်းညည်းညူညူဖြင့် ပြောလိုက်မိသည်။

"ရှိတာပေါ့ဆရာ၊ သိပ်ရှိတာပေါ့။ ဒါဟာ ကျွန်မကိုယ်တိုင် လောလော ဆယ် တွေ့နေရတာပါပဲ။ ကျွန်မလည်း အစကဒါမျိုးတွေ ရှိလိမ့်မယ်လို့ မထင်ခဲ့ ပါဘူး။ ဪ. . . ဒါထက် ကျွန်မစကားတောင် ဘယ်ရောက်သွားပါလိမ့်၊ အိမ်ပေါ်ထပ်မှာ မီးလင်းဖို မထားရဘူးဆိုတာ ထင်ပါရဲ့။ ဟုတ်ပါတယ်။ အဲဒီ



သူစိတ်ထားကို တစိတ်တဒေသ ဖော်ပြလိုက်တာပါပဲ။ တကယ်တော့သူဟာ အင်မတန်နှမြောတတ်တဲ့လူ၊ အင်မတန် ကပ်စေးနဲတဲ့လူပါဆရာ"

"ဒါနဲ့ပတ်သက်လို့ ဆရာ့ကို ပြောရဦးမယ်၊ အဂါသာနဲ့ လက်ထပ်ပြီး တစ်ပတ်လောက်လည်းကြာရော၊ အိမ်မှာရှိတဲ့ အခြားအိမ်ဖော်တွေ အစေခံတွေ အားလုံးကို အလုပ်က ဖြုတ်ပစ်လိုက်တယ်ဆရာ။ ပြီးတော့ သူက ပြောသေး တယ်။ ဒီအိမ်မှာ ကျန်းကျန်းမာမာနဲ့ ကိုယ့်ခြေကိုယ့်လက်ကို သယ်နိုင်တဲ့ မိန်းမကြီးနှစ်ယောက် (သူက ကျွန်မတို့ ညီအစ်မကိုဘယ်တော့မှ အမျိုးသမီးလို့ မခေါ်ဘူးဆရာ) မိန်းမကြီးတွေ ရှိနေပါလျက်နဲ့ အိမ်ဖော်တွေ အစေခံတွေ ထားတာဟာ သက်သက်မဲ့ အကုန်အကျများအောင် လုပ်နေတာပဲလို့ ပြောပါ တယ်။ ဒါနဲ့ ဆရာရယ် အိမ်ဖော်တွေ အစေခံတွေ မရှိတော့ အဂါသာက မီးဖို ချောင်ဝင်ရပြီး၊ ကျွန်မကတော့ အခြားအိမ်ကိစ္စတာရီရတွေ လုပ်ရတော့တာပါပဲ။ ကျွန်မတို့မှာ တစ်သက်လုံး ခြေမွေးမီးမလောင် လက်မွေးမီးမလောင် ဆိုသလို နေလာခဲ့ရာက အခု ကြီးကောင်ကြီးမားကျမှ ပန်းကန်ဆေး၊ အဝတ်လျှော်၊ ကြမ်း တိုက်ဆိုတဲ့ အလုပ်တွေလုပ်လာရတော့ ကျွန်မလက်တွေကိုသာ ကြည့်ပါတော့ ဆရာရယ်"

သူမသည် သူမ၏ သွယ်လျှားပျော့ပျောင်း၍ အကြောများ အမြောင်း လိုက် ပေါ်နေသော လက်ချောင်းများကို မော့က်ချေလှန်ချေဖြင့် ဒေါက်တာ မယ်လ်ကွန်အား ပြနေရှာသည်။

"အခုတော့ ဆရာရယ်. . . အဂါသာတစ်ယောက် အိပ်ရာထဲတောင် လဲနေရှာပါပြီ"

မစ္စဆူစန်က စိတ်မချမ်းသာသည့်အသံဖြင့် သူမ၏ဇာတ်လမ်းကို ဆက်လိုက်ပြန်သည်။

"သူ အိပ်ရာထဲက မထနိုင်ဘူးဆိုတော့ တစ်အိမ်လုံး ကျွန်မတစ် ယောက်တည်း ကုန်းရုန်းလုပ်ရတော့တာပေါ့။ တကယ့် ငွေဝယ်ကျွန် အစေခံမ ကြီးတစ်ယောက် ကျနေတာပါပဲ။ အလုပ်နဲ့လက်နဲ့ကို မပြတ်တော့ပါဘူး၊ ဒါတွေ ထားလိုက်ပါတော့ ဆရာရယ်။ အခုလောလောဆယ် အရေးအကြီးဆုံးက ကျွန်မ အစ်မ အဂါသာရဲ့ရောဂါ အမြန်ဆုံးပျောက်အောင် ကုဖို့ပါပဲ၊ သူဟာ ပီတာနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ပြီး ကျွန်မအပေါ်မှာ ဘယ်လောက်ပဲ ဆိုးခဲ့ဆိုးခဲ့၊ ကျွန်မအစ်မဟာ ကျွန်မအစ်မပါပဲ။ ဟုတ်တယ် မဟုတ်လားဆရာ။ ပြီးတော့ ကျွန်မတို့ညီအစ်မ အပေါ်မှာ နေရာတကာဗိုလ်ကျပြီး အနိုင်ကျင့်ရာက အဂါသာတစ်ယောက် သူ နှိပ်စက်တာနဲ့ ရေစုန်မျှောမခံနိုင်ဘူးဆရာ။ ဒါကြောင့် မနေ့ညက ဆရာဒီရောက် နေတယ်လို့လည်းကြားရော အခု မနက်စောစောကြီးထပြီး သူတို့ကိုတောင် ဘာမှ မပြောခဲ့ဘဲ ဆရာ့ဆီအပြေးလာခဲ့တာပါပဲ"

မစွဆူစန်မှာ တောက်လျှောက်ပြောလာခဲ့ရာ စကားကို လက်စမသတ် သေးဘဲ ပြောမိအောင် ဆက်ပြောလိုက်သေးသည်။

"ဆရာဟာ ကျွန်မတို့အဖေကြီး ရှိကတည်းက ရင်းရင်းနှီးနှီး နေလာခဲ့ ကြတဲ့ မိတ်ဆွေဟောင်းကြီးဆိုပြီး အားကိုးတကြီးနဲ့ အခုလို လာခဲ့တာပါပဲဆရာ။ ကျွန်မနဲ့လိုက်ပြီး အဂါသာကို ကြည့်ပေးပါဦးဆရာရယ်"

"ဟာ. . လိုက်ကြည့်ရမှာပေါ့" မယ်လ်ကွန်က လိုလိုလားလားဖြင့် ပြန်ပြောလိုက်သည်။

"ဒါပေမယ့် အစ်မကြီးတို့ အရပ်ကဆရာဝန်နဲ့ အရင်တွေ့ဦးမှဖြစ် မယ်။ သူက အဂါသာရဲ့ ရောဂါအခြေအနေကို ဘယ်လိုပြောထားသလဲ"

မစွဆူစန်က ခေါင်းကို ခပ်သွက်သွက်ကလေး ရမ်းလိုက်သည်။

"မဟုတ်ဘူးဆရာ၊ သူတို့က ဆရာဝန်မခေါ်ပါနဲ့ ပြောထားလို့ ဒီနေ့ အထိ ဘယ်ဆရာဝန်မှ မခေါ်ရဘူး။ ကျွန်မတို့နဲ့ အနီးဆုံးရှိတဲ့ ဆရာဝန် မဲရီး ဒစ်ဆိုတာကလည်း ဆယ်မိုင်လောက် ဝေးပါတယ်။ သူ့ကိုပင့်ရင်ခြေကြွခနဲ့ ဆေး ဖိုးနဲ့ အကုန်အကျသိပ်များလိမ့်မယ်ဆိုပြီး မစ္စတာပီတာက ခွင့်မပြုတဲ့အတွက် အဂါသာကလည်း မပင့်ဘဲထားပါတယ်။ ပြီးတော့. . ပီတာက သူနာပြုအလုပ် ကို သူလုပ်ဖူးပါတယ်။ သူလုပ်တတ်ပါတယ်လို့လည်း ပြောပါတယ်။ ကျွန်မ သူ့ဘက်က လိုက်ပြီးပြောတာတော့ မဟုတ်ပါဘူး။ တကယ်တော့ သူဟာ သူနာ ပြုအတတ်ကို ကောင်းကောင်းကြီး တတ်ထားပုံရပါတယ်။ ပြုလည်းပြုစုပါတယ်။ အဂါသာစားဖို့ အစားအစာဆိုရင်လည်း သူကိုယ်တိုင် ချက်ပြုတ်ကြော်လှော် ပြီး ကျွေးပါတယ်။ ပြီးတော့ ရေပတ်တိုက်ပေးတာတို့၊ အိပ်ရာပြင်ပေးတာတို့ ကအစ အောက်ခြေသိမ်းလုပ်ပေးပါတယ်။ တကယ့် သူနာပြုအစစ်နဲ့ မခြား



ပါဘူး။ အဂါသာကလည်း သူ့ကိုပီတာက အခုလို ဂရုတစိုက်နဲ့ ယုယုယယပြုစု တာကို သဘောအကျကြီး ကျနေပါတယ်။ ဒါပေမယ့် ဆရာရယ် တကယ်တော့ ပီတာဟာ ဆရာဝန်လည်းမဟုတ်တော့ ရောဂါအခြေအနေ အတက်အကျနဲ့ ကိုက်ညီအပ်တဲ့ ဆေးပေးဖို့ကျတော့ သူ ဘာနားလည်မှာလဲဆရာ။ အဲဒီတော့ ဘယ် နည်းနဲ့ဖြစ်ဖြစ် ဆရာကိုယ်တိုင်. . .

"စိတ်ချပါလေ. . . ကျွန်တော်လိုက်ခဲ့ပါမယ်"

ဒေါက်တာမယ်လ်ကွန်က ရင်းရင်းနှီးနှီးပင် ပြောလိုက်သည်။

"ကျွန်တော် ဒီနေ့ညနေ ဆက်ဆက်လာခဲ့ပါမယ်။ အေးအေးဆေးဆေး သိမ်းလျှောက်ပြီး လာခဲ့မယ်။ အစ်မကြီး သူတို့ကိုသာ ကြိုကြိုတင်တင် ပြောထား နှင့်ပေါ့"

"အို ကျွန်မ သူတို့ကို ကြိုပြီး ပြောထားလို့တော့ မဖြစ်ဘူးထင်တယ် ဆရာ၊ ကျွန်မ ပြောလည်းမပြောရဲဘူး" မစ္စဆူစန်က ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ပြောလိုက်သည်။ မယ်လ်ကွန်သည် မိမိကိုယ်မိမိ ဟန်မဆောင်နိုင်လောက် အောင် ဖြစ်နေရှာသော မစ္စဆူစန်အားကြည့်ရင်း သနားလာမိသည်။

□□□

မော်ဂင်တို့ ညီအစ်မ နေထိုင်ရာ 'ကရင်ဘိုင်ရီယင်' အိမ်ကြီးသို့ သွား လမ်းခရီးမှာ မဝေးလှသော်လည်း အနည်းငယ် လမ်းကြမ်းလှသည်ဟု ဆိုရ ပေမည်ဖြစ်သည်။ ဘေးတစ်ဖက်တစ်ချက်မှ မတ်စောက်သော တောင်ကမ်းပါးယံ များနှင့် ရံဖန်ရံခါ အတော်ကလေးမြင့်သည့် တောင်ကုန်းများကို ဖြတ်ကျော်၍ သွားရသည်ဖြစ်ရာ ဒေါက်တာမယ်လ်ကွန်သည် လမ်းခွတ်လတ်တွင် နှစ်ကြိမ် သုံးကြိမ်မျှ နား၍ အမောဖြေခဲ့ရသည်။ အတန်ငယ်လျှောက်မိသောအခါ မြူ ဆိုင်းနေသော ကောင်းကင်၏ ဟိုမှာဘက် မိုးကုပ်စက်ဝိုင်းတွင် တောင်နံရံများ တစ်ဘက်တစ်ချက် ခြံရံထားသည့် ကုန်းမြင့်တစ်ခုပေါ်မှ အဆောက်အဦတစ်ခု ကို ရုတ်တရက် လှမ်းမြင်လိုက်ရသည်။ ဤအဆောက်အဦသည် နှစ်ပေါင်းများစွာ က နေထိုင်လာခဲ့သော မော်ဂင်မိသားစု၏ 'ကရင်ဘိုင်ရီယင်'အိမ်ကြီးပင်ဖြစ်သည်။

တဖြည်းဖြည်း နီးလာသည်နှင့်အမျှ အိမ်ကြီးမှာ အတော်မြင့်မားတာ

www.burmeseclassic.com



အမိုးများမှာ ခပ်ကုပ်ကုပ် ခပ်အုပ်အုပ် ရှိနေသည်ကို တွေ့ရသည်။ ရှေးကျ၍ အရုပ်ဆိုးလှသည့် ပုံစံဖြင့် အချိုးအစား မညီမျှဘဲ ဖြစ်နေသည့်ပြင် ခန်းဆီးများ မတပ်ဘဲထားသည့်အတွက် ပြတင်းပေါက်များမှာ ကျက်သရေ ကင်းမဲ့လှသည် ဟု မယ်လ်ကွန်၏ စိတ်ထဲတွင် ထင်မှတ်မိသည်။ သူသည် အရိုးပြိုင်းပြိုင်းဖြစ် နေသည့် သစ်ပင်အိုကြီးများ စီတန်းနေသော လမ်းကလေးအတိုင်း အိမ်ကြီးရှိ ရာသို့ ချဉ်းကပ်လာခဲ့ရာ အိမ်ကြီး၏ မျက်နှာစာ ဆင်ဝင်အုတ်တိုင်ကြီးများမှ အင်္ဂတေများ ကွာကျနေသည်မှာ အမာရွတ်ကြီးများပမာ ထင်မှတ်ရသည်။ အပြင်ပန်းမှ ကြည့်လိုက်လျှင် ရုတ်တရက်အားဖြင့် ဤအိမ်ကြီးတွင် လောလော ဆယ် လူသူနေထိုင်ခြင်းမရှိဟူ၍ပင် ယူဆရသည်။ မယ်လ်ကွန်သည် အိမ်ရှေ့ မှ လူခေါ်ခေါင်းလောင်းကြိုးကို ဆွဲလိုက်ရာ၊ အိမ်အတွင်းမှ ခေါင်းလောင်းသံမှာ အက်သံများ ပါနေသည်ကို ကြားလိုက်ရသည်။

ဒေါက်တာမယ်လ်ကွန်သည် အိမ်ထဲမှတစ်စုံတစ်ရာ ဘာသံမျှမကြား ရဘဲ အတန်ကြာအောင်ရပ်၍ စောင့်နေခဲ့ရသည်။ ထို့နောက်တွင်မှ မင်းတုပ် ဖွင့်သံနှင့်အတူ ဟောင်းနွမ်းဆွေးမြည့်နေပြီဖြစ်သော သစ်သားတံခါးကြီးနှစ်ဖက် သည် ကြောက်မက်ဖွယ်ရာ တကျိကျိမြည်သံနှင့်အတူ ဟာလာဟင်းလင်း ပွင့် သွားခဲ့သည်။ ပွင့်သွားသော တံခါးရွက်များအကြားမှ လူတစ်ယောက်၏ ဦး ခေါင်းတစ်ခု ပြူ၍ ထွက်ပေါ်လာခဲ့ရာ မသက်သာသည့် အမူအရာ၊ ရန်လိုသည့် မျက်လုံးများကို မြင်လိုက်ရခြင်းဖြင့် ထိုသူသည် မုချ မစ္စတာပီတာပင်ဖြစ် ကြောင်း မယ်လ်ကွန်သိလိုက်ရသည်။

မယ်လ်ကွန်သည် မစ္စတာပီတာအား မြင်လိုက်သည့် ခဏချင်းမှာပင် မနှစ်မြို့နိုင်အောင် ဖြစ်သွားခဲ့ရသည်။ ပီတာသည် မစ္စဆူစန်ပြောခဲ့သည့်အတိုင်း ရုပ်ရည်ရူပကာအားဖြင့် သော်လည်းကောင်း၊ ကိုယ်လုံးကိုယ်ပေါက် အရွယ် အဆက်အားဖြင့်သော်လည်းကောင်း၊ အလွန် ကြည့်ပျော် ရှုပျော်ရှိသည့် လူချော လူဖြောင့်တစ်ဦးဖြစ်သည်မှာ မှန်သည်။ သို့သော် ခန္ဓာဗေဒကို လေ့လာလိုက် စားခဲ့သော ဆရာဝန်တစ်ယောက်၏ မျက်စိထဲတွင် ထို့ထက်မက မြင်တွေ့နေ ပေသည်။ ခန္ဓာကိုယ် ကြံ့ခိုင်တောင့်တင်းနေသော်လည်း အစားကြီး၊ အအိပ်ကြီး ၍ အပျင်းကြီးသည့် လူတစ်ယောက်၏ပုံသဏ္ဍာန်သည် မယ်လ်ကွန်မျက်လုံးထဲ



ထဲတွင် အထင်းသားပေါ်နေခဲ့၏။ ထိုမျှမက အသေးစိတ်အနီးကပ် လေ့လာ ကြည့်ရခြင်းအားဖြင့် မျက်လုံးအိမ်ထဲတွင်လည်းကောင်း၊ ပါးပြင်တွင်လည်း ကောင်း၊ အနီရောင်နှင့် ကြက်သွေးရောင်သွေးကြောများ သန်းနေသည်မှာ ကျန်း မာရေးမကောင်းသည့် လက္ခဏာများပင် ဖြစ်မည်ဟု မယ်လ်ကွန်က တစ်ထစ် ချ သတ်မှတ်လိုက်သည်။ ဤအသွင်လက္ခဏာသည် အရက်ကိုအလွန်အကျွံ သောက်ထားသည့် လူတစ်ယောက်၏ ရုပ်လက္ခဏာများပင် ဖြစ်သည်ကို မပြော ပဲနှင့် သိနေရသည်။ သူ့ခန္ဓာကိုယ်အချိုးအစားနှင့် အရုပ်အမောင်းကိုကြည့်၍ သတ္တိကောင်းသည်ဟု ထင်ရသော်လည်း သူငယ်အိမ်အတွင်းမှ ဂနာမငြိမ်ဘဲ အမြဲတမ်းလှုပ်ရှားနေသည့် မျက်လုံးများကို မြင်ရခြင်းအားဖြင့် အလွန်ကြောက် တတ်သူတစ်ယောက်ဖြစ်ကြောင်း မယ်လ်ကွန် ကောင်းကောင်းကြီး သိလိုက် သည်။

'တကယ့် တကယ်တော့ ဒီလူဟာ သရဲဘောကြောင်တဲ့လူစားမျိုးပဲ' ဟူ၍ မယ်လ်ကွန်က ရုတ်တရက်ကောက်ချက်ချလိုက်သည်။

"ခင်ဗျားဘာကိစ္စရှိလို့လဲ" မစ္စတာပီတာက မယ်လ်ကွန်အား တုံးတိကြီး မေးလိုက်သည်။ သူသည် တံခါးဝတွင်ပိတ်၍ရပ်နေခဲ့ရာ မယ်လ်ကွန်အား အိမ် ထဲသို့ မဝင်နိုင်အောင် ကာဆီးထားသလို ဖြစ်နေသည်။ စင်စစ်အားဖြင့်လည်း သူသည် မယ်လ်ကွန်အား အိမ်ထဲသို့ ဖိတ်ခေါ်ခြင်းမပြုဘဲ ရိုင်းပြသည့် အမူ အရာဖြင့် ဆက်ဆံနေခြင်းဖြစ်သည်။

"မစ္စတာပီတာဆိုတာ ခင်ဗျားပဲလား"မယ်လ်ကွန်က ပြန်မေးလိုက် သည်။

"ဟုတ်ပါတယ်၊ ကျုပ်နာမည် ပီတာပါ။ ဘာကိစ္စရှိလို့လဲ"

"ကျွန်တော် ခင်ဗျားဇနီးနဲ့ တွေ့ချင်လို့ပါ။ ကျွန်တော့်နာမည်ကတော့ မယ်လ်ကွန်လို့ ခေါ်ပါတယ်။ ကျွန်တော် ခင်ဗျားဇနီးကို မစ္စမော်ဂင်ဘဝနဲ့ အိမ် ထောင်မကျခင်ကတည်းက သိခဲ့တာပါ"

"ဒါပေမယ့် ခင်ဗျားသူနဲ့တွေ့လို့ မဖြစ်ဘူး"ပီတာက ခပ်ပြတ်ပြတ်ပင် ပြောလိုက်သည်။

"သူနေမကောင်းလို့ အိပ်ရာထဲမှာ လဲနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကြားရတာ စိတ်မကောင်းပါဘူးဗျာ" မယ်လ်ကွန်က ယဉ်ယဉ်ကျေး ကျေးဖြင့် တမင်ပြောလိုက်သည်။

"ဒါပေမယ့် ကျွန်တော့်အနေနဲ့ အခုလိုအချိန်အခါမျိုးမှာလာမိတဲ့ အတွက် ဝမ်းသာမိပါတယ်။ ကျွန်တော်ဟာ ဆရာဝန်တစ်ယောက်ပါ"

"ဆရာဝန် ဟုတ်လား" ပီတာကအလန့်တကြား လွှတ်ခနဲ အော် လိုက်သည်။

'ငါထင်တဲ့အတိုင်း ဒီလူဟာလူကြောက်ပဲ'ဟု မယ်လ်ကွန် စိတ်ထဲက တွေးမိလိုက်သည်။

"ဒါပေမယ့် ခင်ဗျားဒီလိုပြောလိုက်လို့ ဘာမှအကြောင်းမထူးဘူး"

ပီတာက ရုတ်တရက် သူ့ကိုယ်သူထိန်းလိုက်ပြီး ဆက်ပြောသည်။

"ဖြစ်နေတဲ့ ရောဂါကလည်း ဘာမှမကြီးကျယ်ပါဘူး။ ကျွန်တော် ကိုယ်တိုင် သူနာပြုလုပ်ပြီး ပြုစုစောင့်ရှောက်နေပါတယ်"

သူက သူ့မျက်နှာပေါ်မှ အကျည်းတန်သည့် အမူအရာကို ဖုံးကွယ် သည့်အနေဖြင့် မသိမသာ ပြုံးပြလိုက်သည်။ ပြီးမှ ဆက်၍ပြောလိုက်ပြန်သည်။

"နောက်ပြီးတော့ မစ္စစ်ပီတာဟာ ဆရာဝန်တွေကို သိပ်သဘောမကျ ဘူး။ ကျွန်တော်ကိုယ်တိုင် သူ့ကို ဆရာဝန်နဲ့တွေ့ဖို့ နှစ်ကြိမ်သုံးကြိမ် တိုက် တွန်းတာတောင် လက်မခံဘူး။ ပြီးတော့ အခုလောလောဆယ် သူ အိပ်ပျော် သွားတာ မကြာသေးဘူး။ သူ့အတွက် အိပ်ရေးကောင်းကောင်းဝဖို့ လိုနေတယ်။ အိပ်မှလည်း အားရှိမယ်။ အဲဒီတော့ ခင်ဗျားပဲဖြစ်ဖြစ် တခြားဘယ်သူကိုပဲ ဖြစ်ဖြစ် သူနဲ့တွေ့ဖို့ ကျုပ် ခွင့်မပေးနိုင်ဘူး" ပီတာက သူ့စကားကိုပိတ်ပြောလိုက် သည်။

"နေပါဦးလေ. . . ကျွန်တော်နဲ့ မတွေ့လိုက်ရဘူးဆိုရင် သူ့အတွက် စိတ်မကောင်းစရာ ဖြစ်သွားလိမ့်မယ်ဆိုတာ ခင်ဗျား မစဉ်းစားမိဘူးလား"

မယ်လ်ကွန်က တစ်ဖက်လှည့်ဖြင့် သွေးတိုးစမ်းကြည့်လိုက်သည်။

"ဒီမယ် ကျွန်တော်ဟာ သူတို့မိသားစုနဲ့ အင်မတန်ရင်းနှီးခဲ့တဲ့ မိတ် ဆွေဟောင်း တစ်ယောက်ပါ။ ကျွန်တော်နဲ့ သူ့အဖေ ဗိုလ်မှူးကြီး မော်ဂင်က သိပ်ခင်တဲ့ အိမ်နီးနားချင်းတွေပါ။ ကျွန်တော်နက်ဖြန် ဒီကနေ မြို့ကို ပြန်



တော့မှာမို့ နှုတ်ဆက်သွားချင်လို့ပါ။ ကျွန်တော် ဒီရောက်လာပြီးမှ သူနဲ့ သူ့ညီမ စွေဆူစန်တို့ကို မတွေ့ဘဲ ပြန်သွားတယ်ဆိုရင် သူတို့နှစ်ယောက်စလုံး စိတ် ဆောင်းကြမှာ မဟုတ်ပါဘူး"

"မစ္စဆူစန် ဘယ်သွားနေတယ်ဆိုတာ ကျုပ်လည်းမသိဘူး"

ပီတာက ခေါင်းမာစွာဖြင့် ပြန်ပြောလိုက်သည်။

"ကျုပ်မိန်းမနဲ့ ပတ်သက်လို့ကတော့ သူ့ကို ခွင့်မပေးနိုင်ဘူးဆိုတာ ခင်ဗျားကို ကျုပ်ပြောပြီးပြီ"

"ဒီလိုဆိုရင် ကျွန်တော်ကလည်း ခင်ဗျားမိန်းမနဲ့တွေ့မှဖြစ်မယ်ဆိုတာ ထပ်ပြီး ပြောချင်ပါတယ်"

သည်တစ်ချီတော့ မယ်လ်ကွန်က လေသံမာမာဖြင့် ပြောလိုက်သည်။

"ဒီမယ် ကိုယ့်လူ၊ ခင်ဗျား တစ်ခုသိထားရမှာက ဒီအိမ်ဟာ ကျုပ်အိမ် ။"

ပီတာက ပြန်၍ဟောက်လိုက်သည်။

"ဒီအိမ်ဟာ ခင်ဗျားအိမ်မဟုတ်ပါဘူး။ ခင်ဗျားအိမ်မဟုတ်သေးပါဘူး။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ သူနဲ့တွေ့မှကို ဖြစ်မယ်။ မတွေ့ရရင်မဖြစ်ဘူး။ ဒါပဲ"

ပီတာ၏မျက်နှာမှာ ရဲခနဲဖြစ်သွားသည်။ တစ်ချိန်တည်းတွင် သူ့ပခုံး နှစ်ဘက်သည် နောက်သို့အနည်းငယ် ယို့သွားသည်ဟု ထင်လိုက်ရသည်။ ရုတ် တရက် ပထမတွင် သူ့အမူအရာမှာ တစ်စုံတစ်ခု အကြမ်းဖက်တော့မည်ဟု ထင်မှတ်ရသည်။ သို့သော် ရုတ်ချည်းပင် ဝက်တစ်ကောင်၏ မျက်လုံးပမာ မျက် ခေါက်ကျဉ်းကျဉ်းထဲမှ သူ့မျက်လုံးနှစ်လုံးသည် ငြိမ်ကျသွားပြီး သူ့နှုတ်ခမ်းပေါ် တွင်လည်း မလွဲမရှောင်သာသည့် မချိပြုံး ပြုံးလိုက်သည်ကို တွေ့လိုက်ရသည်။ ခဏစောစောက မောက်မာရိုင်းပြသည့် အမူအရာများ လုံးဝပျောက်ကွယ်သွားခဲ့ ပြီး တခဏချင်းမှာပင် ကျိုးနွံရှိသေသည့် လက္ခဏာများ ပေါ်ပေါက်လာခဲ့သည်။ ထို့နောက် သူသည် အလွန်ရင့်ကျက်သည့် ဘဏ္ဍာစိုးတစ်ယောက်၏ အမူအရာ ဖြင့် တံခါးဝမှဘေးသို့ အနည်းငယ် နေရာဖယ်လိုက်ပြီး ခါးကိုညွတ်ကာ မယ်လ်ကွန် အား အိမ်ထဲဝင်ရန် လက်တစ်ဖက်ဖြင့် ရိုသေစွာညွှန်ပြ ဖိတ်ခေါ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ခင်ဗျာ၊ ခင်ဗျားပြောတာ မှန်ပါတယ်"

သူက အသံကိုနှိမ့်၍ ပြောလိုက်သည်။

"မစ္စက်ပီတာဟာ မိတ်ဟောင်းဆွေဟောင်းတွေကို ပြန်ပြီး တွေ့ချင်ရှာပါလိမ့်မယ်"

သူက ဝန်ခံစကားကို ပထမဆုံးအကြိမ် ပြောလိုက်သည်။

"ပြီးတော့ မှန်တဲ့အတိုင်းပြောရရင် ကျွန်တော်ဟာ သူ့ရောဂါနဲ့ပတ်သက်ပြီး တော်တော်ကလေး စိုးရိမ်နေပါတယ်။ အဲဒီတော့ ကျေးဇူးပြုပြီး ဒီနေရာကနေ ခဏစောင့်ပါခင်ဗျာ"

ပီတာသည် မယ်လ်ကွန်အား စွတ်စိုထိုင်းမှိုင်းသည့် ဧည့်ခန်းထဲတွင် နေရာပေးလိုက်သည်။ ဧည့်ခန်းထဲတွင် ကွယ်လွန်သူ ဗိုလ်ကြီးမော်ဂင်၏ အမှတ်တရပစ္စည်းအချို့ကို မယ်လ်ကွန်သတိထား၍ ကြည့်လိုက်မိသည်။ ရောမ ကြေးထွေးခံကြီးတစ်လုံး၊ နွားသားရေဖြင့် ပတ်ထားသော ပြောင်းရှည်ဆေးတန် ပိုက်ဟောင်းကြီးတစ်ခု၊ ရဲကြေးမုံမဂ္ဂဇင်းတစ်စောင်နှင့် ၁၈ ရာစုနှစ်က ဘီယာသောက်ရာတွင် ငှိမ်ယူ၍ ထိုင်လေ့ရှိသော ထိုင်ခုံတစ်လုံး စသည်ဖြင့်. . .။

မိနစ်အနည်းငယ်အတွင်းမှာပင် ပီတာသည် ခြေလှမ်းကျဲကြီးများဖြင့် အခန်းထဲသို့ ပြန်ဝင်လာသည်။

"သူနိုးနေပါပြီ ခင်ဗျာ"ပီတာက မယ်လ်ကွန်အား ရိုသေစွာ ပြောလိုက်သည်။

"ခင်ဗျားနဲ့လည်း သိပ်တွေ့ချင်တယ်လို့ ပြောပါတယ်။ ဒါပေမယ့် မစ္စက်ပီတာနဲ့ ပတ်သက်လို့ အစစအရာရာအားလုံး သိထားတဲ့ လူတစ်ယောက်အနေနဲ့ ခင်ဗျားကိုတစ်ခု ကြိုတင်ပြီး မေတ္တာရပ်ခံထားချင်တာကတော့ သူ့ရှေ့မှာ သူ့ရောဂါနဲ့ ပတ်သက်လို့ ဘာတစ်ခွန်းမှ မပြောစေချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလို ပြောလိုက်ရင် သူ့အတွက် စိတ်ထိခိုက်ပြီး ရောဂါတိုးလာမှာစိုးလို့ပါ။ ကျွန်တော်တို့အပေါ်မှာ သက်ညှာတဲ့အနေနဲ့ အဲဒါတစ်ခုတော့ အနူးအညွတ်တောင်းပန်ချင်ပါတယ်"

ပီတာက တကယ်လေးနက်သည့် အမူအရာဖြင့် ပြောနေသည်။ သူ့အသံမှာ ယခုလိုဆိုတော့ တကယ် ယဉ်ကျေးသိမ်မွေ့သည့် လူကြီးလူကောင်



တစ်ယောက်နှင့်မခြား ဖြစ်နေပြန်သည်။ သူကဆက်၍ ပြောလိုက်ပြန်သည်။

"တကယ်လို့ ခင်ဗျားဟာ သူ့ကို ဆရာဝန်တစ်ယောက်ရဲ့ မျက်စိနဲ့ကြည့်လိုက်လို့ တစ်စုံတစ်ခု မြင်တယ်တွေ့တယ်၊ သံသယရှိတယ်ဆိုရင် နောက်မှ ခင်ဗျားနဲ့ကျွန်တော်နဲ့ နှစ်ယောက်ချင်း တွေ့တဲ့အခါကျတော့မှ အဲဒီအချက်အလက်တွေကို ပြောပြစေချင်ပါတယ်။ ဒါပေမယ့် သူ့ရောဂါဟာ ဘာမှစိုးရိမ်စရာမရှိပါဘူး။ ဒါကိုတော့ ခင်ဗျားသိထားစေချင်ပါတယ်"

"ဟုတ်ပါတယ် . . ဒါကို ကျွန်တော်သဘောပေါက်ပါတယ်" မယ်လ်ကွန်က သူ့စကားကို သံယောင်လိုက်၍ ပြောလိုက်သည်။

"ဒါပေမယ့် ကျွန်တော့်အနေနဲ့ သူနဲ့မတွေ့ခင် သူ့ရောဂါရဲ့ လက္ခဏာအခြေအနေကို ခင်ဗျားသိသလောက် ကျွန်တော့်ကို ပြောပြထားရင် ကောင်းမယ်ထင်တယ်"

"ဟုတ်ပါတယ်. . . ခင်ဗျားပြောတာ မှန်ပါတယ်"

ပီတာက မယ်လ်ကွန်အား ရင်းနှီးသည့်လေသံဖြင့် ပြောလာသည်။

"သူ့ရောဂါက ဘာမှမဟုတ်ပါဘူး။ အစာမကြေတာပါပဲ။ သူ့မှာ အစာမကြေတဲ့ရောဂါ ဖြစ်နေတာ လပေါင်းအတော်ကြာသွားပါပြီ။ ကျွန်တော် ထင်တာကတော့ အစာအိမ်မှာအက်ဆစ်ဓာတ်တွေများပြီး အချဉ်ပေါက်နေတဲ့သဘောပါပဲ။ စားတဲ့အခါမှာလည်း ငှက်စာကြွက်စာလောက်ပဲ နည်းနည်းလေး စားနိုင်ပါတယ်။ အဲဒီတော့ လူလည်းတဖြည်းဖြည်းနဲ့ အသားအရေချုံးပြီးလာပါတယ်။ ကျွန်တော်လည်း သူ့ရောဂါအခြေအနေကြည့်ပြီး အရမ်း မလုပ်ပါဘူး။ အားရှိအောင် အစာကြေအောင်ဆိုပြီး နွားနို့ပဲတိုက်ပါတယ်။ တခြားအစားအသောက်တွေဆိုရင်လည်း ကျွန်တော်ကိုယ်တိုင်ချက်ပြုတ်တဲ့ အစားအစာမှပဲ ကျွေးပါတယ်။ မတော်တဆ မတည့်တဲ့အစာများ စားမိသလားလို့ စိုးရိမ်တွေးပူနေရပါတယ်။ ဒီလိုဂရုစိုက်နေတဲ့ကြားက သူ့မှာကိုယ်တွေလက်တွေ နာပြီး အကြောအောင့်တဲ့ရောဂါ ပေါ်လာပြန်ပါတယ်။ ဒါပေမယ့် ဒါကတော့ အိပ်ရာထဲမှာ အကြာကြီးနေရလို့ ဖြစ်တာပဲလို့ ကျွန်တော် ထင်ပါတယ်။ အဲဒါပဲ အကြောင်းစုံ တစ်ခုတော့ ကျွန်တော်ပြောရဲပါတယ်။ ကျွန်တော်ဟာ ကျွန်တော့် သားသမီးနဲ့မခြား သူ့ကို ဂရုတစိုက်နဲ့ ပြုစုစောင့်ရှောက်ခဲ့ပါတယ်။ သူ့ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



တလည်း ခင်ဗျားကို ဒီအတိုင်းပြောပါလိမ့်မယ်"

"ဒါကတော့ သူဟာ ခင်ဗျားဇနီးပဲ မဟုတ်လား။ ဘယ့်နှယ်လဲ ကျွန်တော်ပြောတာ မဟုတ်လား"

မယ်လ်ကွန်က သူ့စကားကို ထောက်ခံသည့်အနေဖြင့် ပြောလိုက်သည်။

ထို့နောက် မစ္စတာပီတာသည် မယ်လ်ကွန်အား အိမ်ပေါ်ထပ်သို့ ခေါ်ဆောင်၍ ခေါ်သွားခဲ့သည်။ အိမ်ပေါ်ထပ်သို့ တက်သည့်လှေကားမှာလည်း အိမ်ကြီးနှင့် ထပ်တူထပ်မျှ သက်တမ်းကြာလှပြီဖြစ်ရာ လှေကားထစ်များမှာ နင်းလိုက်တိုင်း တကျွိကျွိမြည်လျက်ရှိသည်။ ဒေါက်တာ မယ်လ်ကွန်သည် ဟောင်းနွမ်းဆွေးမြည့်၍ စိုစွတ်ထိုင်းမှိုင်းလှသည့် ဤအိမ်ကြီးကို လာရသည်မှာ စောစောကထက်ပို၍ စိတ်မချမ်းမြေ့သလို ဖြစ်လာမိသည်။ ပုံသဏ္ဌာန်နှင့် အနေအထားအားဖြင့် စိတ်မချမ်းမြေ့ဖွယ်ရာ ကောင်းလှသည့် ဤအိမ်ကြီးတွင် အိမ်တွင်းရေးရှုပ်ထွေးမှုများအကြား၌ မစ္စဆူဇန်တစ်ယောက် အဘယ်မျှလောက် စိတ်ဆင်းရဲရှာမည်ကိုတွေး၍ ကိုယ်ချင်းစာစိတ်များ တဖွားဖွားပေါ်ပေါက်လာမိသည်။

မစ္စတာပီတာသည် အိပ်ခန်းတံခါးဝတွင် စုံရပ်ကာ တံခါးကို ဟန်ပါပါဖြင့် ခေါက်လိုက်သည်။ ထို့နောက် သူတို့နှစ်ယောက်သည် အခန်းထဲသို့ ရှေ့ဆင့်နောက်ဆင့် ဝင်သွားကြသည်။

"အချစ်ရေ... ဒီမှာ ဒေါက်တာမယ်လ်ကွန်လေ"

ပီတာက သိမ်မွေ့သောအသံဖြင့် ပြောလိုက်သည်။

"တွေ့ရတာ ဝမ်းသာလိုက်တာရှင်"

အိပ်ရာပေါ်မှ အမျိုးသမီးကြီး၏အသံသည် ခပ်သဲ့သဲ့ ထွက်ပေါ်လာသည်။ လူမမာအမျိုးမျိုးကို မြင်နေကျ တွေ့နေကျ ဒေါက်တာမယ်လ်ကွန်ကဲ့သို့ ဆရာဝန်တစ်ယောက်သည်ပင်လျှင် အိပ်ရာပေါ်မှ အမျိုးသမီးကို မြင်လိုက်ရသောအခါ ရုတ်တရက် အထိတ်တလန့် ဖြစ်သွားခဲ့သည်။ ခုတင်ပေါ်တွင် ပက်လက်လဲလျောင်းနေသော အမျိုးသမီးမှာ သူ့စိတ်ထဲတွင် မှတ်မိနေသော လုံးကြီးပေါက်လှ တောင့်တင်းဖြောင့်စင်း၍ ချောမောလှသည့် မစ္စအဂါသာ၏ ရုပ်မျိုး လုံးဝမရှိတော့ဘဲ၊ ဆံပင်များ ကျိုးတိုးကျဲတဲဖြင့် တစ်ခေါင်းလုံးဖွေးနေပြီး



ကိုယ်လုံး အရိုးပေါ် အရေတင်ကာကမ္မဋ္ဌာန်းရုပ်ပေါက်နေသည့် အမျိုးသမီးတစ်ယောက် ဖြစ်နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

မယ်လ်ကွန်သည် ခုတင်ဘေးတွင် အသင့်ရှိနေသော ကုလားထိုင်တစ်လုံးပေါ်တွင် ဝင်ထိုင်လိုက်ပြီး မစ္စက်ပီတာ၏ လက်ကိုဖြည်းညင်းစွာ ဆွဲယူ၍ နှုတ်ဆက်သည့်သဘောဖြင့် ခပ်ဖွဖွကလေး ညှစ်လိုက်သည်။

"အမယ်လေး... နာလိုက်တာ"

မစ္စက်ပီတာက ရုတ်တရက် အလန့်တကြားအော်လိုက်သည်။

"ကျွန်မလက်တွေက သိပ်ပြီးနူနေတော့ ဘာနဲ့မှ အထိမခံနိုင်အောင်ဖြစ်နေတယ်။ ထိလိုက်ရုံနဲ့ နာတာပဲ"

ပြောရင်းက သူမသည် ပီတာဘက်သို့ တစ်ချက် လှမ်းကြည့်လိုက်သည်။ ပြီးမှ...

"ပီတာဟာ ကျွန်မအပေါ်မှာ အမြဲကြင်နာရှာပါတယ်။ ဆရာနဲ့ သူနဲ့တွေ့လိုက်တာ ကျွန်မဖြင့် ဝမ်းသာလို့မဆုံးပါဘူး"

မယ်လ်ကွန်သည် မစ္စက်ပီတာက သူမ၏ယောက်ျားအား လှမ်းကြည့်လိုက်သည့် အကြည့်ကို ရုတ်တရက် မြင်လိုက်ရသောအခါ တအံ့တသြ ဖြစ်သွားမိသည်။ သူမ၏အကြည့်မှာ အလိုက်သင့်လိုက် ချစ်ခင်ကြင်နာသော အကြည့်၊ လေးစားတင်၍မဆုံးနိုင်သော အကြည့်မျိုးအပြင်၊ မိမိ၏လင်ယောက်ျားအား တစ်စိမ်းဆန်သည်တစ်ယောက်က အဘက်ဘက်မှ လူကောင်းတစ်ယောက်အဖြစ် မြင်သွားစေလိုသော အကြည့်မျိုးဖြစ်နေသည်။ ယောက်ျားတစ်ယောက်အပေါ် မျက်စိကိုစုံမှိတ်၍ ဘဝတစ်ခုလုံးပုံအပ်သည့် အချစ်မျိုးဖြင့် ချစ်နေသည့် မိန်းမတစ်ယောက်၏ မျက်လုံးမျိုးပင် ဖြစ်လိမ့်မည်ဟု မယ်လ်ကွန် နားလည်လိုက်သည်။

ထိုအချိန်တွင် ပီတာကိုယ်တိုင်ကလည်း ခပ်စောစောက အမူအရာမျိုး လုံးဝမရှိတော့ဘဲ တကယ်ကြင်နာသည့်နှလုံးသားဖြင့် မိမိဇနီးအား ချစ်ခင်ပေးသသည့် လူတစ်ယောက်ဖြစ်နေသည်ကို ထူးဆန်းစွာတွေ့နေရသည်။ [illegible]ဖြစ်ရာ မယ်လ်ကွန်ကိုယ်တိုင် ခပ်စောစောက ပီတာ့အပေါ်ထားခဲ့သည့် သဘောထားများ ထင်မြင်ချက်များပင် မှားများ မှားနေပြီလောဟူ၍ တွေးလာမိသည်။ သို့

www.burmeseclassic.com

www.burmeseclassic.com



သော် ပီတာ၏ ကြင်နာသည့်နှလုံးသားသည် ဟန်ဆောင်မှုများဖြင့် ဖုံးထားလေသလော။ မယ်လ်ကွန်သည် မစ္စက်ပီတာ၏လက်ကို ခပ်ဖွဖွခပ်ရွရွကလေး ကိုင်ထားရင်း သူ၏ဆေးအတတ် ဆေးပညာဖြင့် တစ်စုံတစ်ရာကို စဉ်းစားနေမိသည်။

သို့ဖြင့် ဒေါက်တာမယ်လ်ကွန်သည် မစ္စအဂါသာနှင့် ရှေးဟောင်းနှောင်းဖြစ်များကို ပြန်ပြောင်းပြောနေခဲ့ကြသည်။ မိမိတို့ငယ်စဉ်ဘဝ၊ ဗိုလ်မှူးကြီးမော်ဂင်၏ နောက်ဆုံးနေ့ရက်များ စသည်ဖြင့် အတိတ်မှဖြစ်ရပ်များကို ပြောနေကြရင်း မယ်လ်ကွန်သည် သူ့စိတ်ကို အနားမပေးဘဲ တစ်စုံတစ်ရာ စဉ်းစားနေသလို၊ မစ္စအဂါသာအား ဆရာဝန်မျက်စိဖြင့် အဆက်မပြတ် ကြည့်နေမိသည်။ မစ္စအဂါသာကလည်း သူ့ဘဝ သူ့အဖြစ်ကိုအိပ်မက် မက်နေသည့်အလားဟိုတစ်ခွန်းသည်တစ်ခွန်းပြောရင်းက သူမ၏ယောက်ျား မစ္စတာပီတာအကြောင်းကို မသိမသာ ထည့်သွင်းပြောကြားလာခဲ့သည်။ သူ့အသံနှင့် သူ့ ဆိုလိုချက်အရ မစ္စတာပီတာသည် သူ့အပေါ်တွင် ကလေးငယ်တစ်ယောက်ပမာ ကြင်နာယုယစွာ ပြုစုစောင့်ရှောက်နေပုံကို ပေါ်လွင်စေလိုသည့်ဆန္ဒများ အပြည့်အဝ ပါရှိနေသည်ကို မယ်လ်ကွန် ကောင်းကောင်းကြီး သတိထားလိုက်မိသည်။ သို့သော် သိမ်မွေ့ညင်သာစွာဖြင့် ပြောနေသော မစ္စအဂါသာ၏ အသံသည် ရုတ်တရက် အမှတ်မထင် ညီမဖြစ်သူ မစ္စဆူစန်အကြောင်း ရောက်သွားသောအခါ သိသိသာသာကြီး အသံမာလာသည်ကို တွေ့လိုက်ရသည်။

"ကျွန်မ ဆရာ့ကို ဖွင့်ပြောလို့မကောင်းဘူးဆိုတာ သိပါတယ်"

အဂါသာက စကားပလ္လင်ခံလိုက်သည်။

"ဒါပေမယ့် ဆူစန်ဟာ စိတ်သဘောထားမမှန်ဘူး၊ စိတ်ထားမကောင်းဘူးဆိုတာတော့ ပြောရမှာပဲဆရာ၊ သူဟာ ကျွန်မနဲ့ ပီတာနဲ့လက်ထပ်ဖို့ စီစဉ်တုန်းကလည်း အပြင်းအထန် ကန့်ကွက်ခဲ့တယ်။ တကယ်တော့ ဒီကိစ္စဟာ သူ့အနေနဲ့ သဘာဝမကျဘူး၊ မလုပ်သင့်ဘူးဆိုတာ ဆရာလည်း စဉ်းစားကြည့်ရင် သိပါလိမ့်မယ်"

သူမသည် စကားပြောရင်းက ပီတာအား ချစ်ခင်ကြင်နာသည့် မျက်လုံးများဖြင့် တစ်ချက်လှမ်း၍ ကြည့်လိုက်သည်။ ပီတာကလည်း အားရကျေနပ်သည့် အမူအရာဖြင့် ပြန်ပြုံးပြရင်းက ခေါင်းတစ်ချက်ညိတ်လိုက်သည်။



မယ်လ်ကွန်သည် မစ္စက်ပီတာ၏ အဆမတန် နူးညံ့ပျော့ပျောင်းနေ၍ အားနည်းလွန်းလှသော လက်ချောင်းများကို သတိပြုနေမိသည်။ တစ်ချိန်တည်းတွင် ခပ်စောစောက အိမ်ရှေ့ဧည့်ခန်းထဲတွင် ရှိခဲ့စဉ် ပီတာပြောခဲ့သည့် စကားအရ မစ္စက်ပီတာတွင် အစာမကြေ လေပွသည့်ရောဂါကို သင်္ကာရနေမိသည်။ ထိုမှတစ်ဖန် မစ္စက်ပီတာ၏ အရေပြားပေါ်၌ ညိုမည်းနေသော အရောင်များကို ဟိုနေရာ၊ သည်နေရာတွင် စွဲထင်နေသည်ကို သတိပြုမိသည်။

မယ်လ်ကွန်သည် မစ္စအဂါသာ၏ စကားများကို စိတ်ပါဝင်စားစွာ နားထောင်၍ အလိုက်သင့် ပြန်ပြောနေရာမှ သူမ၏ ရောဂါအကြောင်း မသိမသာ စကားစပ်၍ တစ်လုံးစ၊ နှစ်လုံးစ ပြောကြည့်သည်။ သို့သော် အကင်းပါးလှသော မစ္စတာပီတာက ရိပ်မိသည့်ဟန်ဖြင့် အတိအလင်း ဝင်၍ကန့်ကွက်သည်။

"ဒီအကြောင်းကို မပြောဘဲနေရင် ကောင်းမယ်ထင်တယ်၊ ကျွန်တော့်မိန်းမဟာ ဒါတွေကြားရရင် စိတ်မကောင်းဖြစ်မှာ စိုးရပါတယ်"

သို့သော် မစ္စအဂါသာကိုယ်တိုင်က ပထမဆုံးအကြိမ် မစ္စတာပီတာနှင့် ဆန့်ကျင်ဘက်စကားကို ပြောလာခဲ့သည်။

"ဆရာဝန် တစ်ယောက်လုံးနဲ့ တွေ့မှတော့ ပြောသင့်သလောက် ပြောမှ ကောင်းမယ်ထင်တယ်"

သို့ဖြင့် မစ္စအဂါသာက သူမ၏ရောဂါအခြေအနေကို သူမကိုယ်တိုင် ပြောပြလာခဲ့သည်။ မှန်သည်။ သူမသည် အစာမကြေသည့်ရောဂါ ဖြစ်လာခဲ့သည်မှာအတော်ကြာခဲ့ပြီ ဖြစ်သည်။ ထိုမှတစ်ဆင့် ခြေဖျားလက်ဖျားများတွင် အထိမခံနိုင်လောက်အောင် ရောဂါတစ်မျိုး ဖြစ်လာသည်။ ခြေချောင်း လက်ချောင်းများမှာ မလှုပ်ချင် မရှားချင်လောက်အောင် ဖြစ်လာပြီး အလွန်နူးညံ့ပျော့ပျောင်းလာခဲ့ရာမှ အထိမခံ၊ အကိုင်မခံနိုင်လောက်အောင် ဖြစ်လာခဲ့သည်။ သို့ဖြင့် မစ္စအဂါသာသည် အစစအရာရာ ပီတာကိုသာ အားကိုးသမှု ပြုလာရတော့သည်။ ကလေးငယ်တစ်ယောက်လို မိမိအား ချီပွေ့ထားမတတ် စောင့်ရှောက်လာခဲ့သော ပီတာ၏ ကြင်နာမှုများကြောင့် ပီတာမရှိလျှင်မဖြစ်သလောက် စိတ်ထဲက အထင်ရောက်လာခဲ့သည်။ သူမ၏ ရောဂါအခြေအနေ ဆိုးလာသည့်

www.burmeseclassic.com

www.burmeseclassic.com



အခါမျိုး၌ မစ္စဆူစန်မှာ လုံးဝအသုံးမကျ ဖြစ်နေခဲ့သည်။ နေရာတကာ ပီတာသာလျှင် အားကိုးစရာဖြစ်လာခဲ့သည်။ ပီတာသည် လူမမာအတွက် အစားအသောက်များ စီမံချက်ပြုတ် လုပ်ကိုင်ပေးရာ၌ အလွန်တော်သည့် လူတစ်ယောက်ဖြစ်လာသည်။ အရသာရှိရှိ ပေါ့ပေါ့ပါးပါး လွယ်လွယ်ကူကူဖြင့် စား၍ကောင်းသည့် အစားအသောက်များကို သူကိုယ်တိုင် စီမံချက်ပြုတ် လုပ်ကိုင်ပေးတတ်သည်။

တကယ်တော့ မစ္စက်ပီတာ အစာမကြေသည့် ရောဂါမှတစ်ပါး အခြားဘာရောဂါမှ ကြီးကြီးကျယ်ကျယ်မရှိဟု ထင်ရသည်။ ပြောစရာဆို၍ တစ်ခုပဲရှိသည်။ သူမ၏လက်ချောင်းကလေးများမှာ နူးညံ့လွန်းလှ၍ တစ်စုံ တစ်ယောက်က လက်ဆွဲနှုတ်ဆက်လျှင်ပင် မခံမရပ်နိုင်အောင် နာကျင်တတ်သည်။ လက်ချောင်းလက်ဖျားများသာမက လက်မောင်းများတွင်လည်း သည် လိုဝေဒနာမျိုးရှိနေသည်။ ခြေဖျား ခြေချောင်းကလေးများတွင်လည်း သည်အတိုင်း ဖြစ်နေသည်။ ယခုဆိုလျှင် အိပ်ရာခင်းများနှင့် ထိမိလျှင်ပင် နေရာအစိတ်အပိုင်းများက နာချင်လာသည်။ နာလာတတ်သည်။ သို့သော်သည် ဝေဒနာ၊ သည်ရောဂါမှာ ပြောပလောက်အောင် ကြီးကျယ်ခြင်း မရှိဟုဆိုပါက ဆိုနိုင်စရာရှိသည်။

"ကျွန်တော် အစ်မကြီးကို တဆိတ်လောက် စမ်းသပ်ကြည့်ချင်ပါတယ်"

မယ်လ်ကွန်က အဂါသာ ပြောပြသော ရောဂါအခြေအနေကို စိတ်ရှည်လက်ရှည် နားထောင်၍ အဆုံးတွင် ပြောလိုက်သည်။

"မစ္စတာပီတာ ကျွန်တော်အတတ်နိုင်ဆုံး အစ်မကြီးကို မနာမကျင်အောင် စမ်းသပ်ပေးပါမယ် စိတ်ချပါ"

ဤတွင် ပီတာက ရုတ်တရက် ဝင်ပြောလိုက်သည်။

"အချစ်ရဲ့စိတ်ထဲ အနှောင့်အယှက် ဖြစ်မယ်ဆိုရင်တော့ အစမ်းသပ်မခံနဲ့ပေါ့"

သူ့အသံမှာ ကြင်နာသည့် သဘောပါသော်လည်း အနည်းငယ် မာကျောကျော ဖြစ်နေသည်ကို မယ်လ်ကွန် သတိထားလိုက်မိသည်။

"ဒါပေမယ့် စမ်းသပ်ကြည့်တော့ မမှားဘူးပေါ့ ပီတာရယ်"



မစ္စအဂါသာသည် ပီတာ၏အလိုနှင့် ဒုတိယအကြိမ် ဆန့်ကျင်ပြောကြားလိုက်ပြန်သည်။ မည်သို့ဖြစ်စေ ဒေါက်တာမယ်လ်ကွန်၏ စိတ်ထဲတွင် မစ္စအဂါသာက ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ တစ်နည်းနည်းဖြင့် ဖြစ်ဖြစ်အောင် စမ်းသပ်ကြည့်မည်ဟု စိတ်ပိုင်းဖြတ်ထားပြီး ဖြစ်သည်။

မယ်လ်ကွန်ကြိုတင်ယူဆထားသည့်အတိုင်း မစ္စအဂါသာအား ခေတ္တခဏအပေါ်ယံ စမ်းသပ်ကြည့်ရုံမျှဖြင့် ရောဂါ၏အခြေအမြစ်ကို သိလိုက်ရသည်။ ရောဂါမှာ ခြေဖျားလက်ဖျားတွင် ထုံနာကျင်နာ စွဲကပ်နေခြင်း ဖြစ်သည်။ ရောဂါဖြစ်ရသည့် အခြေခံအကြောင်းရင်းမှာ သုံးခုသာရှိသည်။ ရံဖန်ရံခါ အရက်အလွန်အကျွံသောက်သူများတွင်လည်း ဤရောဂါမျိုး ဖြစ်တတ်သည်။ သို့သော် မစ္စအဂါသာမှာ အရက်သေစာ လုံးဝသောက်ခဲ့ခြင်းမရှိသဖြင့် ဤအကြောင်းအချက်ကို ဖယ်ရှားလိုက်ပါက ဖြစ်နိုင်သည့် အကြောင်းရင်းနှစ်ခုသာရှိနေသည်။ ခဲ သို့မဟုတ် ခနောက်စိမ်းသော်လည်းကောင်း၊ သို့မဟုတ် စိန်သော်လည်းကောင်း လူနှင့်မတည့်သည့် အဆိပ်များ ခန္ဓာကိုယ်တွင်းသို့ တစိမ့်စိမ့်ဝင်နေသည့် လက္ခဏာပင်ဖြစ်သည်။ တစ်နည်းပြောရလျှင် တဖြည်းဖြည်း အဆိပ်သင့်မှန်း မသိသင့်နေသည့် ရောဂါလက္ခဏာပင်တည်း။

သည်အတိုင်းဆိုလျှင် မစ္စအဂါသာမှာ သည်ရောဂါကို ဘယ်လိုဘယ်လို စွဲကပ်လာခဲ့ပါသနည်း။ ဘာ့ကြောင့် စွဲကပ်ခဲ့ရသနည်း။ သည်မေးခွန်းများ၏အဖြေသည် ဒေါက်တာမယ်လ်ကွန်အတွက် အတော်ကလေး ရှင်းနေပြီဖြစ်သည်။

"အခြေအနေ သိပ်မစိုးရိမ်ရဘူး မဟုတ်လားဆရာ" အဂါသာက မယ်လ်ကွန်၏ မျက်နှာကို အကဲခတ်ရင်း မေးလိုက်သည်။

"အခြေအနေ မဆိုးဘူးဆိုတာကြားရရင် ကျွန်မယောက်ျားတော့ အတော့်ကို စိတ်ချမ်းသာသွားမှာပါပဲ"

ဒေါက်တာမယ်လ်ကွန်က ပြန်၍ပြုံးလိုက်သည်။

"လုံးဝမစိုးရိမ်ရပါဘူး၊ ကျွန်တော်ပြောတဲ့အတိုင်း အတိအကျ ဆေးသောက်လိုက်နာမယ်ဆိုရင် အစ်မကြီးရောဂါဟာ တစ်လအတွင်း ပျောက်ကင်းသွားမှာ ကျွန်တော့်စကားကိုသာ နားထောင်မယ်ဆိုရင် အစ်မကြီးရောဂါ လုံးဝ

www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားဖို့ ကျွန်တော် တာဝန်ယူပါတယ်"

"ဒါတော့ စိတ်ချပါ. . ကျွန်တော်တို့ ဆရာပြောတဲ့အတိုင်း လိုက်နာပါမယ်"

ပီတာက ဝင်ပြောလိုက်သည်။ မယ်လ်ကွန်အား ပထမဆုံးအကြိမ် ဆရာခေါ်လိုက်သလို သူ့အသံမှာ နှိမ့်ချသည့်အသံမျိုး ပေါက်နေသည်။

"ကျွန်တော်တို့ နှစ်ယောက်စလုံး ဆရာ့ကျေးဇူးကို မမေ့ပါဘူးဆရာ၊ အခုပြောပြတာနဲ့ပဲ အတော်ကလေး စိတ်ချမ်းသာသွားရပါပြီ"

"ကဲ. . . ဒီလိုဆိုရင် ကျွန်တော် အောက်ထပ်ကျမှပဲ ခင်ဗျားကို ပြောပြတော့မယ်၊ အစ်မကြီးလည်း စကားပြောရတာ မောလှရော့မယ်"

မယ်လ်ကွန်က စကားကို လက်စသတ်လိုက်သည်။

မယ်လ်ကွန်၏အဆုံးအဖြတ်ကြောင့် စိတ်သက်သာ သွားရသည်ဆိုသော မစ္စတာပီတာ၏ စကားမှာ အမှန်တကယ်ဟု၍ပင် ယူဆရသည်။ အဘယ်ကြောင့်ဆိုသော် သူသည် အောက်ထပ်သို့ ဆင်းလာခဲ့ကြရာ၌ မယ်လ်ကွန်၏ နောက်မှခပ်ယို့ယို့ ခပ်ကုပ်ကုပ်ဖြင့် လူငယ်ကလေးတစ်ယောက်ပမာ ရိုကျိုးစွာ လိုက်လာခဲ့ရုံမျှမက အောက်ထပ်ဧည့်ခန်းသို့ ရောက်သောအခါ သူသည် မယ်လ်ကွန်အား ဘီယာတစ်ခွက်ဖြင့် လေးလေးစားစား ဧည့်ခံနေသောကြောင့် ဖြစ်သည်။

"ဆရာပြောလိုက်တာနဲ့ ကျွန်တော်တော့ စိတ်ထဲက အတော့်ကို ပေါ့သွားတာပဲ၊ တကယ်ပါဆရာ"

ပီတာက ဘီယာခွက်ကို မယ်လ်ကွန်အား လှမ်းပေးရင်း ပြောလိုက်သည်။

"အဲဒီတော့ ကျွန်တော်တို့ ဘယ်လိုလုပ်ရမလဲ ဆရာ။ ကျွန်တော် ဒီနေ့ညနေပဲ မြို့ထဲသွားပြီး ဆရာညွှန်းတဲ့ဆေးတွေ သွားဝယ်ပါမယ်"

ပီတာသည် တကယ်ပင် ယုံယုံကြည်ကြည်ဖြင့် သိသသာကင်းရှင်းစွာ ပြောနေသည့် ဟန်မျိုးပေါက်နေသည်။ စောစောက သူ့မျက်လုံးထဲမှ ကြောက်စိတ် ကြောက်ရိပ်များသည် ပျောက်ကွယ်သွားကြပြီ ဖြစ်သည်။ သူ့ကို ကြည့်ရသည်မှာ တကယ့်လူရိုး လူကောင်းတစ်ယောက်၊ တကယ့် အိမ်ရှင်ယောက်ျား



တစ်ယောက်နှင့်မခြား ဖြစ်နေသည်။

ဒေါက်တာမယ်လ်ကွန်သည် ပီတာကို တစ်ချက်စိုက်ကြည့်လိုက်ပြီး စကားလုံးကို ရွေး၍ ပြောလိုက်သည်။

"ဒီမယ် မစ္စတာပီတာ အိမ်ပေါ်မှာတုန်းက မစ္စအဂါသာရဲ့ရောဂါဟာ ခိုးရိမ်ရပါဘူးလို့ ကျွန်တော်ပြောခဲ့တာ အမှန်အတိုင်း ပြောခဲ့တာမဟုတ်ဘူး။ တကယ်တော့ ဒီရောဂါဟာ အတော့်ကို စိုးရိမ်ရတဲ့ရောဂါပဲ။ တကယ်လို့ ကျွန်တော်ပြောတဲ့ စကားကို နားမထောင်ရင် အခြေအနေဆိုးဆိုးဝါးဝါး ဖြစ်သွားနိုင်တယ်သိရဲ့လား၊ အဲဒီတော့ မစ္စအဂါသာရဲ့ ရောဂါနဲ့ပတ်သက်ပြီး အခုက ကျွန်တော်ပြောရမှာက မစ္စအဂါသာကို မဟုတ်ဘူး၊ ခင်ဗျားကိုပဲ ပြောရမှာ"

"အို မဟုတ်ဘူးလေ ဆရာရဲ့၊ ဒီလိုဆို ဆရာထင်တာမှားနေပြီ၊ ကျွန်တော့်တစ်သက်မှာ ဒီတစ်ခါလောက် ကျန်းမာရေးကောင်းတာမျိုး တစ်ခါမှ မရှိခဲ့ဘူးဆရာ"

"အား. . . အဲဒါကြောင့် ပြောတာပေါ့။ ခင်ဗျား အဲဒီလိုပြောတာကို က မှားနေတာပဲ။ ကျွန်တော်က ဆရာဝန်တစ်ယောက်အနေနဲ့ ခင်ဗျားထက် ပိုသိတာပေါ့၊ အမှန်အတိုင်း ပွင့်ပွင့်လင်းလင်း ပြောရရင် ခင်ဗျားမှာ အသက် အန္တရာယ်တောင် ဖြစ်နိုင်တဲ့အခြေအနေမျိုး ရှိနေတယ်။ ခဏနေပါဦး၊ ကျွန်တော့်စကားဆုံးအောင် ပြောပါရစေဦး၊ ခင်ဗျားဟာ ခင်ဗျားမိန်းမရဲ့ ရောဂါအတွက် သိပ်စိုးရိမ်နေတယ်၊ ဒါကြောင့် သူ့အိပ်ရာဘေးမှာ အမြဲစောင့်ကြည့်နေတယ်၊ သူ့ကိုအမြဲပြုစုစောင့်ရှောက်နေတယ်၊ ပြီးတော့ သူ့အတွက် စားဖို့အစားအစာတွေကို ခင်ဗျားကိုယ်တိုင်စီမံပြီး ခင်ဗျားလက်နဲ့ ချက်ပြုတ်ပြီးကျွေးတယ်၊ ဒီလိုဂရုတစိုက်နဲ့ ပြုစုစောင့်ရှောက်နေတဲ့ကြားထဲက ခင်ဗျားမိန်းမရဲ့ ရောဂါဟာ တစ်နေ့တခြား လုံးပါးပါးလာတယ်၊ အဲဒါဘာကြောင့်လဲ။ တကယ်တော့ ဒီလိုတစ်နေ့တစ်ခြား လုံးပါးပါးလာတာဟာ ဘယ်သူ့ကြောင့်လဲ၊ ဘာကြောင့်လဲ၊ တကယ်တော့ ခင်ဗျားဟာ ခင်ဗျားမိန်းမအပေါ်မှာ အတွင်းသဘော ဘယ်လိုရှိတယ်ဆိုတာ ခင်ဗျားအသိဆုံးပဲ၊ ဒါပေမယ့် ခင်ဗျားသိသလို ကျွန်တော်လည်း ဒီရောက်တော့ ခင်ဗျားမိန်းမရဲ့ ရောဂါလက္ခဏာကိုကြည့်ပြီး ခင်ဗျားရဲ့ အတွင်းသဘောကို သိလိုက်ရပြီ၊ အဲဒီတော့ ခင်ဗျား ဘာမှ ဆင်ခြေပေးမနေနဲ့

www.burmeseclassic.com

www.burmeseclassic.com



တော့။ ဘယ်လိုမှလည်း ရှင်းပြမနေနဲ့တော့။ အချိန်လည်း သိပ်မရှိတော့ဘူး။ ဒါကြောင့် ခင်ဗျားဒီအိမ်က ဒီညပဲ ထွက်သွားဖို့ စီစဉ်ပေတော့။ ခင်ဗျားမိန်းမရဲ့ ရောဂါ လုံးဝပျောက်ဖို့အတွက် ကျွန်တော့်ညွှန်ကြားချက်ကတော့ ဒါပဲ။ ခင်ဗျား ဒီနေ့ညပဲ ဒီအိမ်က ထွက်သွားပါ"

"မ . . မဟုတ်သေးပါဘူးဆရာ" မစ္စတာပီတာ၏ မျက်နှာမှာ လုံးဝ သွေးမရှိတော့ဘဲ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ သွေးကြောခမ်းထူကြီးများမှာလည်း တဆတ်ဆတ်တုန်နေသည်။

"ဟုတ်ပါတယ်၊ ခင်ဗျားမိန်းမက ခင်ဗျားကိုလွမ်းပြီး ကျန်ရစ်လိမ့်မယ် လို့ဆိုတာ ကျွန်တော်နားလည်ပါတယ်"

မယ်လ်ကွန်က ပီတာအား စကားပြောခွင့်မပေးဘဲ တောက်လျှောက် ဆက်ပြောလိုက်သည်။

"ဒါပေမယ့် ဒီကိစ္စမှာ အလေးအနက်စဉ်းစားရမှာက ခင်ဗျားပဲ မစ္စတာပီတာ၊ ခင်ဗျားပဲ။ ဘာပဲဖြစ်ဖြစ် ဒီအိမ်က ခင်ဗျားဒီညထွက်သွားမှ ဖြစ်မယ်။ ခင်ဗျားထွက်သွားပြီး ပြန်မလာတော့ဘူးဆိုရင် ခင်ဗျားမိန်းမဟာ ကျွန်တော်ပြောသလို တစ်လအတွင်း နေကောင်းသွားလိမ့်မယ်။ ခင်ဗျားမိန်းမ အတွက် စားစရာသောက်စရာတွေကို မစ္စဆူစန်က တာဝန်ယူပြီး ချက်ပြုတ် ကျွေးမွေးသွားလိမ့်မယ်။ သူဟာ သူ့အစ်မအတွက် ဘယ်လိုအစားအသောက် နဲ့တည့်တယ်။ ဘာနဲ့ မတည့်ဘူးဆိုတာ ကောင်းကောင်းသိပါတယ်။ ဒါအတွက် ခင်ဗျား ပူပန်နေစရာမလိုပါဘူး။ အဲဒီတော့ ခင်ဗျားကို ကျွန်တော် ထပ်ပြီးတော့ သတိပေးလိုက်မယ်"

မယ်လ်ကွန်၏အသံမှာ ပို၍မာလာသည်ဟု ထင်ရသည်။

"ဘာပဲဖြစ်ဖြစ် ခင်ဗျားဒီအိမ်က ဒီနေ့ည ဆက်ဆက်ထွက်သွားမှ ဖြစ်မယ်။ ပြီးတော့ ခင်ဗျားဘယ်သွားမယ်၊ ဘယ်အချိန်သွားမယ် ဆိုတာကိုလည်း ဘယ်သူ့ကိုမှ ကြိုတင်ပြီး ပြောမထားရဘူး။ နောက်ပြီးတော့ ခင်ဗျားအတွက် ဒီအိမ်ကို လုံးဝပြန်မလာရင်ကောင်းမယ်။ ဒါ ခင်ဗျားအတွက် ပြောတာနော်။ တကယ်လို့ ပြန်လာရင် ခင်ဗျား ဒုက္ခရောက်ပြီသာမှတ်ပေတော့။ တကယ်လို့ ခင်ဗျား ပြန်လာတယ် ဆိုရင်လည်း ကျွန်တော် ချက်ချင်းသိမှာပါ၊ ဒါတော့



ခင်ဗျား သေသေချာချာမှတ်ထား။ အဲဒီတော့ ခင်ဗျားကို နောက်ဆုံးပြောချင်တာ က ခင်ဗျားဒီအိမ်က ဒီညထွက်သွားဖို့ဟာ ခင်ဗျားအတွက် သေရေးရှင်ရေးပဲဆို တာ ခင်ဗျားနားလည်ပါ။ ကျွန်တော်ပြောတာ ရှင်းရဲ့လား"

အထိတ်ထိတ် အလန့်လန့်ဖြင့် ဂနာမငြိမ်ပဲဖြစ်နေသော ပီတာ၏ မျက်လုံးများကို မြင်ရခြင်းအားဖြင့် မိမိစကားကို သူ ကောင်းကောင်းကြီး နား လည် သဘောပေါက်ကြောင်း မယ်လ်ကွန် ရိပ်မိလိုက်သည်။

ထို့နောက် ဒေါက်တာမယ်လ်ကွန်သည် ထူးခြားဆန်းကျယ်စိတ်လှုပ် ရှားဖွယ်ကောင်းလှသည့် 'ကရင်ဇိုင်ရီယင်'အိမ်ကြီးမှ ချက်ချင်းပင် ထွက်ခွာ လာခဲ့သည်။ လမ်းခွတ်လတ် တောလမ်းကလေးတစ်နေရာတွင် ပျာယီးပျာယာ ဖြစ်နေရှာသော မစ္စဆူစန်နှင့် တွေ့ခဲ့ရသည်။ မစ္စဆူစန်သည် တောင်ကုန်း ကလေးတစ်ခုပေါ်မှ အပြေးအလွှား ဆင်းလာခဲ့သည်။

"ဆရာ သူနဲ့တွေ့ခဲ့ပြီပေါ့ ဟုတ်လား၊ အစ်မကြီးကော တွေ့ခဲ့တယ် ဟုတ်လား"

သူမက အလောသုံးဆယ် မေးရှာသည်။

"အခြေအနေ ဘယ်လိုလဲဟင် . . . ဘာများဖြစ်ခဲ့သေးလဲ ဆရာ"

"ဘာမှမဖြစ်ပါဘူး၊ အားလုံး ကောင်းကောင်းမွန်မွန်ပါပဲ"

မယ်လ်ကွန်က ပြန်ပြောလိုက်သည်။

"ဒါပေမယ့် အစ်မကြီးတော့ အိမ်ပြန်ရောက်ရင် အလုပ်များလိမ့်ဦး မယ်၊ ခင်ဗျားခဲအို မစ္စပီတာဟာ ခရီးထွက်မလို့တဲ့"

"ခရီးထွက်မလို့ ဟုတ်လား၊ သူဘယ်ကို ထွက်မှာလဲဆရာ"

"ဒါတော့ ကျွန်တော်လည်း မပြောတတ်ဘူး၊ ခရီးထွက်မှာကတော့ သေချာတယ်။ သူ့အတွက် မသွားရင်မဖြစ်တဲ့ကိစ္စရှိနေလို့ နေမှာပေါ့။ ဒါထက် အစ်မကြီးဆူစန် ကျွန်တော့်ကို တစ်ခုဆောင်ရွက်ပေးစေချင်တယ်"

မယ်လ်ကွန်က ဣန္ဒြေရရပင် ပြောလိုက်သည်။

"ကျွန်တော် မနက်ဖြန်စောစောရထားနဲ့ လန်ဒန်ကိုပြန်တော့မယ်၊ အစ်မကြီးနဲ့ နောက်ထပ်တွေ့ဖို့မလွယ်တော့ဘူး။ အဲဒီတော့ တကယ်လို့ မစ္စတာ ပီတာဟာ အစ်မကြီးတို့အိမ်က ထွက်မသွားသေးဘူးဆိုရင် ဒါမှမဟုတ် သူထွက်

www.burmeseclassic.com

www.burmeseclassic.com



သွားပြီးမှ ပြန်လာရင် ကျွန်တော့်ဆီကို ကြေးနန်းရိုက်ပြီး အကြောင်း ကြားစေချင်တယ်။ ဒါပေမယ့် သူပြန်လာမယ်တော့ ကျွန်တော်မထင်ပါဘူး။ ပြီးတော့ အစ်မကြီးတို့ အိမ်မှာ တစ်ခုခုထူးထူးခြားခြားဖြစ်လို့ ကျွန်တော်သိသင့် သိထိုက်တယ်ဆိုရင်လည်း ကျွန်တော့်ဆီ ကြေးနန်းရိုက်စေချင်တယ်။ ကျွန်တော်ကတော့ ကျွန်တော်ပြန်သွားပြီး ဒီမှာဘာပဲဖြစ်ဖြစ်၊ ဖြစ်သမျှကိစ္စတွေကို သိချင်ပါတယ်။ အဲဒီတော့ ကျွန်တော့်ဆီကို ကြေးနန်းရိုက်ပြီး ဆက်ဆက်အကြောင်းကြားပေးပါ။ ကျွန်တော့်လိပ်စာက 'ဟာလေလမ်း၊ အိမ်အမှတ် ၄၇'ဆိုရင် ရောက်ပါတယ်။ အစ်မကြီး အဲဒါတစ်ခုတော့ ကျွန်တော့်ကို ကတိပေးစေချင်တယ်။ အိမ်နံပါတ်က ၄၇ နော် မှတ်မိတယ် မဟုတ်လား"

"ဟုတ်ကဲ့ မှတ်မိပါတယ်"

မစ္စဆူစန်က စိတ်အားထက်သန်စွာဖြင့် ပြန်ပြောလိုက်သည်။

"ဒါထက် နေပါဦးဆရာ. . . အဂါသာတစ်ယောက်"

"အို. . အာဂါသာလား သူ နေကောင်းသွားမှာပါ။ နောက်တစ်လလောက်ဆိုရင် သူ့ရောဂါ လုံးဝပျောက်သွားမှာပါ၊ စိတ်ချပါ"

"အို ကျေးဇူးတင်လိုက်တာဆရာရယ်" သူမက ဝမ်းသာအားရ အော်ပြောလိုက်သည်။

"မလိုပါဘူး အစ်မကြီးရယ်၊ ကျွန်တော့်ကို ကျေးဇူးတင်ဖို့ မလိုပါဘူး"

သူက ရယ်ရယ်မောမောဖြင့် ပြန်ပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကျွန်တော် မှာခဲ့တဲ့ကိစ္စကိုတော့ မမေ့နဲ့နော်၊ ကဲ အိမ်ကိုသာ ခပ်သုတ်သုတ် ပြန်ပေတော့။ ခင်ဗျားအစ်မက မျှော်လှရော့မယ်"

□□□

နောက်တစ်နေ့ ညနေဘက်တွင် လန်ဒန်မြို့ ဟာလေလမ်းရှိ နေအိမ်တွင် ဒေါက်တာမယ်လ်ကွန်သည် အလုပ်မှ ပြန်လာ၍ အိမ်ခန်းထဲသို့ ဝင်လိုက်သောအခါ ကြေးနန်းတစ်စောင် ရောက်လာနေသည်ကို တွေ့လိုက်ရသည်။ သူသည် ကြေးနန်းစာထဲတွင် မည်သည့်အကြောင်းအရာများ ပါလိမ့်မည်ဟု ခန့်မှန်းထားပြီး ဖြစ်သော်လည်း စာအိတ်ကို အလောသုံးဆယ်ဖောက်ကာ ကြေးနန်းစာကို ထုတ်၍ဖတ်လိုက်မိသည်။ ကြေးနန်းစာမှာ ယမန်နေ့က နေ့စွဲတပ်ထားသည်ကို တွေ့ရသည်။



**"ဆိုးဆိုးဝါးဝါး မတော်တဆ ဖြစ်ပွားခဲ့သည်။ ယနေ့ညဦးပိုင်းက ပီတာသည် သေနတ်တစ်လက်ကို တိုက်ချွတ်နေရာမှ မတော်တဆ ကျည်ဆန်ထိမှန်၍ ချက်ချင်း သေဆုံးသွားသည်"**

ဆူစန်မော်ဂင်

မယ်လ်ကွန်၏မျက်နှာပေါ်တွင် အားရကျေနပ်သည့် အမူအရာများ ပေါ်လာပြီး သူသည် ကြေးနန်းစာကို အစိတ်စိတ်အမွှာမွှာဆုတ်၍ ဘေးနားမှ အမှိုက်ခြင်းထဲသို့ ထည့်လိုက်သည်။ မှန်သည် အားလပ်ရက် ခရီးထွက်ရာမှ နောက်ဆုံးရက်သည် သူ့အတွက် အမြတ်ထွက်ခဲ့ပြီ ဖြစ်သည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

တစ်ခုသော နံနက်တွင်
ကျွန်ုပ်၏သူနာပြုဆရာမကလေး လင်ဒါသည်
အမှတ်မထင် ထိုပစ္စည်းများကို တွေ့သွားပါတော့သည်။
အခန်းထဲသို့ ကျွန်ုပ်ဝင်သွားသောအခါ လင်ဒါသည်
ဘာရာစီယာများ အပြည့်ထည့်ထားသည့်
အိတ်ကိုကိုင်ရင်း ပါးစပ်အဟောင်းသား
ဖြစ်နေရှာပါသည်။
'ဆရာ... ဒါတွေက ဘာတွေလဲဆရာ။
ဘယ်ကနေ ဘယ်လိုရောက်လာတာလဲ...'

# ပုလုဇနော

တစ်ခုသော ကြာသပတေးနေ့ မွန်းလွဲပိုင်းသုံးနာရီအချိန်လောက်တွင် ချက်ကီဆိုသူသည် ကျွန်ုပ်၏ဆေးခန်းသို့ ရောက်ရှိလာခဲ့ခြင်းဖြင့် ကျွန်ုပ်အား ပထမဆုံးအကြိမ် စတင်၍ အနှောင့်အယှက် ပေးခဲ့လေသည်။

ကျွန်ုပ်၏ဇနီး ဟယ်လင်သည် လွန်ခဲ့သည့်နှစ်က ထိုနေ့ ထိုအချိန်မှာပင် မော်တော်ကားမှောက်၍ ကွယ်လွန်အနိစ္စရောက်သွားခဲ့ရရှာသည်ဖြစ်ရာ ကျွန်ုပ်သည် ထိုနေ့ ထိုအချိန်ကို အမှတ်တရ မမေ့နိုင်သောအားဖြင့် ဆေးခန်းတစ်ခန်းကို တစ်ပတ်လျှင် တစ်ကြိမ် ကြာသပတေးနေ့တိုင်း ညနေသုံးနာရီတွင် အချိန်မှန် ဖွင့်လှစ်လာခဲ့ပေသည်။ ကျွန်ုပ်ဆေးခန်း၌ လူနာလက်ခံသော သူနာပြု အမျိုးသမီးကလေးသည်ပင်လျှင် ကျွန်ုပ်သည် ထိုနေ့ ထိုရက် ထိုအချိန်ကို ဘာမင်ရွေးချယ်၍ အမှတ်တရ ဆေးခန်းဖွင့်လှစ်ခဲ့သည့်အကြောင်းကို မသိခဲ့ပဲ ရှိနေခဲ့သည်။ သာမန် အပျင်းပြေအချိန်ဖြုန်းသည့်အနေဖြင့် ဤနေ့ ဤရက် ဤအချိန်တွင် ဤဆေးခန်းကို ဖွင့်လှစ်ထားခြင်း ဖြစ်သည်ဟု သူမ၏စိတ်ထဲတွင် ထင်မှတ်နေခဲ့ရာ ကျွန်ုပ်ကလည်း မည်သို့မျှရှင်းမပြဘဲ ထားခဲ့ပေသည်။

တစ်နည်းအားဖြင့် စိတ်ရောဂါကု ဆရာဝန်တစ်ဦးဖြစ်သော ကျွန်ုပ်သည် မိမိ၏စိတ်ရောဂါကို အခိုက်အတန့်အားဖြင့် သက်သာရာ သက်သာကြောင်း ရရှိစိမ့်သောငှာ အခြားတစ်ပါးသူများ၏ စိတ်ရောဂါဆိုင်ရာ ပြဿနာ

www.burmeseclassic.com

www.burmeseclassic.com



များထဲတွင် မိမိစိတ်ကို မြှုပ်နှံထားခြင်း ဖြစ်သည်ဟု ယူဆမည်ဆိုပါက ယူဆနိုင်ကြပေသည်။ မည်သို့ဖြစ်စေ ကျွန်ုပ်သည် ဇနီးဖြစ်သူ ဟယ်လင် သေဆုံးခဲ့ပြီးသည့်နောက် အလုပ်ကိုအထူးကြိုးစား၍ လုပ်ကိုင်လာခဲ့ရာ ကျွန်ုပ်၏ စိတ်မချမ်းမြေ့မှုကို အလုပ်ထဲတွင် မြှုပ်ထားခဲ့သည်ဟု ဆိုလျှင်လည်း ဆိုနိုင်ဖွယ်ရာ ရှိပေသည်။

ယခုသော်မူ တိုက်တိုက်ဆိုင်ဆိုင် ကျွန်ုပ်အတွက် အမှတ်တရ ရှိလှသော ထိုနေ့ ထိုရက် ထိုအချိန်မှာပင် လူနာအသစ်တစ်ယောက်ကို လက်ခံတွေ့ဆုံရန်အကြောင်း ဖြစ်ပေါ်လာနေပေသည်။ လူနာလက်ခံသည့် အမျိုးသမီး သူနာပြုမကလေး လင်ဒါသည် ထိုလူနာကို ထိုအချိန်တွင် ချိန်းဆိုထားခဲ့သည်ဖြစ်ရာ ကျွန်ုပ်အနေဖြင့် လက်ခံတွေ့ဆုံရန်မှတစ်ပါး အခြားရွေးစရာလမ်းမရှိတော့ဘဲ ဖြစ်ခဲ့ရပေသည်။

ကျွန်ုပ်၏လူနာသစ်မှာကျန်းမာတောင့်တင်းသည့် လူရွယ်တစ်ယောက်ပင်ဖြစ်၏။ သူသည် 'စိတ်ရောဂါကုဆရာဝန်' ဟူသော ကျွန်ုပ်၏အလုပ်ကို အကဲစမ်းသည့်အနေဖြင့် ကျွန်ုပ်၏အခန်းထဲသို့ ဝင်လာချိန်မှစ၍ ကျွန်ုပ်အား သူကပင် စတင်ကာ အကဲခတ်နေခဲ့ပေသည်။ သူသည် အခန်းထဲတွင် ရုတ်တရက် မထိုင်သေးဘဲ ကျွန်ုပ်အား အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ ကျွန်ုပ်၏ စားပွဲရှေ့တည့်တည့်ရှိ ကုလားထိုင်ကြီးပေါ်တွင် ခပ်တည်တည် ဝင်ထိုင်လိုက်သည်။ ထို့နောက် သူသည် သူနှင့်မျက်နှာချင်းဆိုင်ရှိနေသော ကျွန်ုပ်၏ ခေါင်းပေါ်မှ နံရံတွင်ချိတ်ထားသည့် ဆိုင်းဘုတ်ကို အသံထွက်၍ ဖတ်နေပါတော့သည်။ သို့သော် ရိုးရိုးဖတ်နေခြင်းမဟုတ်ဘဲ လှောင်ပြောင်သရော်သည့် လေသံဖြင့် ဖတ်နေခြင်း ဖြစ်လေသည်။

"ဂွန်ကားမစ် ကိုနီဗာသည် သတ်မှတ်ပြဋ္ဌာန်းထားသည့် ပညာရပ်များကို ဆုံးခန်းတိုင်အောင် သင်ကြားတတ်မြောက်ခဲ့ပြီဖြစ်ရာ ဤ သက်သေခံလက်မှတ်သည် ဩော်. . လက်စသတ်တော့ ဒီလက်မှတ်ဟာ ခင်ဗျားအတွက် ဘုရားပေးတဲ့ဆေးလို အင်မတန် တန်ခိုးရှိနေတာပေါ့ ဟုတ်လား၊ ဒေါက်တာကိုနီဗာ"

"ဒီလိုလည်း မဟုတ်ပါဘူး"

ကျွန်ုပ်သည် ဤလူနာသစ်အား တစ်စုံတစ်ရာအတိုက်အခံ ဆန့်ကျင်



ဘက်လုပ်၍မဖြစ်ပါချေ။ များသောအားဖြင့် စိတ်ဖောက်ပြန်နေသူများသည် သူတို့အား ကုသမည့် ဆရာဝန်များအား ဤသို့လျှင် ထော်လော်ကန့်လန့် လုပ်တတ်ကြစမြဲပင် မဟုတ်ပါလား။

"အဲဒီ ဒီပလိုမာလက်မှတ်က ကျွန်တော်ဟာ ပညာရပ်ကို ခုနစ်နှစ်တိတိ အထူးလေ့လာသင်ကြားခဲ့တယ်ဆိုတဲ့ သဘောလောက်ပါပဲ။ ဒါကလွဲလို့တော့ ကျွန်တော်ဟာ ခင်ဗျားတို့လို သူလိုကိုယ်လိုအတူတူပါပဲ"

"ဒါတော့ မဖြစ်နိုင်ဘူး" သူက ချက်ချင်းပင် တုံ့ပြန်လိုက်ပါသည်။ သူ့အသံမှာ တစ်စုံတစ်ရာ ထိတ်လန့်နေသလို ဖြစ်နေပါသည်။

"ဒါမဖြစ်နိုင်ဘူး။ ခင်ဗျားနဲ့ ကျွန်တော်နဲ့ အားလုံးအတူတူပဲဆိုတာ လုံးဝ မဖြစ်နိုင်ဘူး"

သူ့အသံမှာ မာရေကျောရေ ရှိလှသည်ဟု ထင်ရသော်လည်း သူ့မျက်နှာ သူ့အမူအရာကို ကြည့်ရခြင်းအားဖြင့် ရိုးသားစွာပြောနေကြောင်း သိသာထင်ရှားနေပါသည်။ သူ့မျက်နှာမှာ သန့်ရှင်းဖြူစင်၍ ပကတိအပြစ်ကင်းသည့် မျက်နှာမျိုး ဖြစ်နေပါသည်။ ကျန်းမာခြင်းနှင့် နုပျိုခြင်း၏အသွင်ကိုလည်း အပြည့်ဆောင်နေပါသည်။ သူ ဝတ်စားဆင်ယင်ထားသည့် အဝတ်အစားများသည်လည်း တကယ့်အဖိုးတန်များပင် ဖြစ်ပါသည်။ သူနှင့်စာလိုက်လျှင် ကျွန်ုပ်မှာ ရှုံးပါသည်။ ကျွန်ုပ်၏အသက်သည် ငါးဆယ့်သုံးနှစ်ပင် ရှိခဲ့ပြီဖြစ်သည်။ ဇရာ၏ သဘောနှင့် ခေတ်နောက်ကျသည့် အသွင်အပြင်လက္ခဏာများသည် ကျွန်ုပ်၏ တစ်ကိုယ်လုံးတွင် အထင်းသားပေါ်နေပြီဖြစ်၍ ကျွန်ုပ်၏ဆံပင်များမှာလည်း ကျွန်ုပ်၏ရုံးခန်းမှ အုတ်နံရံများကဲ့သို့ ဖွေးဖွေးဖြူနေပြီဖြစ်သည်။

"ကဲ ကျွန်တော်တို့ ပထမဆုံး ခင်ဗျားရဲ့ နာမည်ကိုသိရရင် ကောင်းမယ်ထင်တယ်"

ကျွန်ုပ်က ဤသို့ပင် စတင်လိုက်ပါသည်။

သူ့အမူအရာမှာ အေးအေးဆေးဆေးဖြင့် ပုံမှန်အနေအထားမျိုး ပြန်ရောက်သွားပါသည်။

"ကျွန်တော့်နာမည် ဂျက်ကီနယူးမင်းလေ၊ သိတယ်မဟုတ်လား"

သူက ပြုံးစစဖြင့် ကျွန်ုပ်အား ပြန်မေးလိုက်ပါသည်။ ကျွန်ုပ်သည်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ရောဂါလူနာများနှင့် တွေ့ခဲ့ဖူးပေါင်း များလှပြီဖြစ်ရာ သည်မေးခွန်းမျိုးနှင့် သည်အဖြစ်မျိုးမှာ ကျွန်ုပ်အတွက် မဆန်းတော့ပါ။

"ကျွန်တော့်ကို ဂျက်ကီလို့ခေါ်နိုင်ပါတယ်။ နောင်လည်း ကျွန်တော်တို့ ခင်ဗျားတို့ဟာ မကြာခဏ တွေ့ကြရဦးမယ် မဟုတ်လား"

"ဒါပေါ့ ဂျက်ကီဒါပေါ့၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်ဟာ ခင်ဗျားကို ကူညီနိုင်လိမ့်မယ်ထင်ပါတယ်။ တကယ်ပြောရမယ် ဆိုရင်တော့. . ."

"ဒီမယ် ခဏနေပါဦး၊ ဟောဒီအုတ်နံရံမှာ ချိတ်ထားတဲ့ ဆိုင်းဘုတ်အရ ခင်ဗျားဟာ စိတ်ရောဂါကု ဆရာဝန်တစ်ယောက်လို့ ကျွန်တော် သိရတယ်၊ အဲဒီတော့ ခင်ဗျားဟာလူတွေ အားလုံးရဲ့ ပြဿနာတွေကို ဖြေရှင်းပေးနိုင်တဲ့ လူတစ်ယောက်ပေါ့ ဟုတ်လား"

"ဒီလိုလည်း မဟုတ်ပါဘူး၊ တကယ်တော့ လူတိုင်းလူတိုင်းဟာ ကိုယ့်ပြဿနာ ကိုယ့်ဟာသာဖြေရှင်းမှ ဖြစ်တာပါ။ ဒီနေရာမှာ ကျွန်တော့်အလုပ်က ခင်ဗျားတို့မှာ ဘာပြဿနာတွေ ရှိနေတယ်၊ ဒီပြဿနာတွေဟာ တကယ့် အစစ်အမှန်တွေ ဟုတ်သလား၊ မဟုတ်သလားဆိုတာ နားလည်အောင်လုပ်ဖို့နဲ့ တွေ့အောင်ရှာတဲ့နေရာမှာ ကူညီဖို့ပါပဲ။ ဒီပြဿနာတွေကို တကယ်တွေ့ပြီဆိုတော့မှ ဘယ်လို ဖြေရှင်းသင့်တယ်ဆိုတာ နည်းလမ်းရှာပေးဖို့ပါပဲ"

"တကယ်ကောင်းတဲ့အလုပ်ပဲ" ဂျက်ကီက အံ့ဩသည့်အသံဖြင့် လွှတ်ခနဲ အော်ပြောလိုက်သည်။

"ဒါဖြင့် ကျွန်တော့်ပြဿနာကို ကျွန်တော့်ဟာသာ ဖြေရှင်းပြီး ခင်ဗျားကို ဖြေရှင်းခပေးရမယ်ပေါ့ ဟုတ်လား"

"ဒါကတော့ ခင်ဗျားတို့ဘက်ကကြည့်ရင် ဒီလိုပဲ တွေးကောင်း တွေးကြမှာပါ။ ခင်ဗျားစိတ်ထဲမှာ ငါဟာအမြဲတမ်း လူလိမ်ခံနေရတယ်လို့ ထင်မနေဘူးလား"

သူသည် ကျွန်ုပ်အား ဒေါသဖြင့် စိုက်ကြည့်နေပါသည်။ သို့သော် ဘာမျှအဖြေမပေးပါ။

"ဒီမယ် ကျွန်တော် တစ်ခုပြောမယ်၊ ဒီပြဿနာတစ်ခုကို တစ်ခြားပြဿနာတွေနဲ့မရောမထွေးဘဲ ကင်းကင်းရှင်းရှင်း မြင်အောင် ကြည့်တတ်တဲ့



လူတစ်ယောက်အနေနဲ့ ကျွန်တော်ဟာ လူနာတွေရဲ့စိတ်ထဲမှာ ဘယ်လိုပဋိပက္ခတွေ ဝင်နေတယ်ဆိုတာအမြဲလေ့လာခဲ့ပါတယ်။ ဒီလူနာဟာ သူ့ကိုယ်သူ ဘယ်ပဋိပက္ခတွေဝင်နေပြီး ဘယ်လိုအစွဲမျိုးနဲ့ မြင်နေတယ်ဆိုတာ ကျွန်တော် ခွဲခြားပြီးပြောနိုင်ပါတယ်၊ အဲဒီလို ပြောနိုင်တဲ့အတွက် လူနာတွေကို ကူညီနိုင်တာပါပဲ"

ဂျက်ကီသည် ခေါင်းငိုက်စိုက် ကျသွားပါသည်။

"ဒါပေမယ့် ကျွန်တော့်ကိုတော့ ခင်ဗျား မကူညီနိုင်ပါဘူး" သူက တိုးတိုးကလေး ညည်းလိုက်ပါသည်။

"ခင်ဗျားတင်မဟုတ်ပါဘူး၊ ကျွန်တော့်ကို ဘယ်သူမှ မကူညီနိုင်ပါဘူး။ ကျွန်တော့်မှာ ဘာဖြစ်နေတယ်ဆိုတာ ကျွန်တော်ပဲသိပါတယ်"

"ဒီလိုဆိုရင်လည်း ခင်ဗျားသိသလောက် ကျွန်တော့်ကို ပြောပြလို့ ဖြစ်ဘူးလား"

"အဲဒီလိုလည်း ကျွန်တော် ဖွင့်မပြောရဲဘူးဗျ"ဟု ရိုးရိုးသားသားပင် ပြန်ပြောပါသည်။ သူ့မျက်နှာမှာ စောစောကလို တင်းမာခက်ထန်သည့် အမူအရာများ လုံးဝမရှိတော့ဘဲ သိမ်မွေ့နူးညံ့၍ အပြစ်ကင်းစင်သည့် ကလေးငယ်တစ်ယောက်ပမာ ဖြစ်သွားပါသည်။

"ဒါပေမယ့် ကျွန်တော့်ကို တစ်ယောက်ယောက်က တစ်နည်းနည်းနဲ့ အချိန်မီမတားနိုင်ရင်တော့ ကျွန်တော်ဟာ တစ်ခုခုကို ဆိုးဆိုးဝါးဝါး လုပ်မိကိုင်မိမှာ သေချာတယ်"

"ဆိုးဆိုးဝါးဝါးဆိုတာက ဘာကိုဆိုလိုတာလဲ"

"ဒီမယ်. . ." သူသည် သူ၏ယာဘက်လက်ကို မသိမသာမြှောက်၍ လက်ချောင်းများကို ကွေးချည်ဆန့်ချည်ဖြင့် တစ်စုံတစ်ခုကို ကုပ်တော့မလို ဖဲ့တော့မလို လုပ်ပြလိုက်ပြီး. . . .

"တစ်ခုခု အကြမ်းဖက်ပြီး လုပ်ချင်တယ်ဗျာ၊ တစ်ယောက်ယောက်ကို ထိုးချင်ကြိတ်ချင်တယ်"

ဤနေရာတွင် ကျွန်ုပ်က အကြမ်းဖက်လိုသော စိတ်ဓာတ်နှင့် တစ်ပါးသူအား နာကျင်အောင် လုပ်လိုသောဆန္ဒသည် ကျွန်ုပ်တို့အားလုံး၌ လူတိုင်းလူတိုင်းတွင်ရှိတတ်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းပြလိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အရေးကြီးသည်မှာ လူနာသည် သူ့ကိုယ်သူ အခြားလူများနှင့်မတူဘဲ ထူးခြားနေသည်ဟု မထင်မိစေရန် ဖြစ်ပါသည်။

"အဲဒီတော့ ခင်ဗျား တစ်ယောက်ယောက်ကို ဒဏ်ရာအနာတရဖြစ်အောင် လုပ်ခဲ့ပြီးပြီလား ဂျက်ကီ"

"ဟင့်အင်း. . . ဒီလိုလည်း ကျွန်တော် မလုပ်ရသေးပါဘူး။ မလုပ်ဖူးသေးပါဘူး။ ဒါပေမယ့်. . ဒါပေမယ့်. . . အခုနောက်ဆုံး ကျွန်တော့်အနေနဲ့ ဟိုကပစ္စည်းဆွဲလာ၊ ဒီကပစ္စည်းယူလာနဲ့ နည်းနည်းပါးပါး ခိုးတတ်နေပြီ"

"နေပါဦး ဘာပစ္စည်းတွေ ခိုးလာခဲ့တာလဲ"

သူသည် ရုတ်တရက် သူ၏လက်မောင်းနှစ်ဖက်ကို ပိုက်၍သူ့ရင်ဘတ်တွင် ကပ်ထားလိုက်ပါသည်။ သူ့ရင်ဘတ်ထဲမှ ပစ္စည်းတစ်ခုခုကို တစ်ယောက်ယောက်က လုယူမသွားနိုင်အောင် ကာကွယ်ထားသည့် အမူအရာမျိုး ဖြစ်နေသည်။

"အို. . ဒါ ကျွန်တော့်ပစ္စည်းတွေပါ" သူသည် ထိုသို့ပြောလိုက်ပြီး စားပွဲပေါ်မှ မင်အိုးနှင့်ကလောင်တံများကို စိုက်ကြည့်နေပြန်ပါသည်။ ပြီးမှ. .

"တကယ်တော့ ဒီပစ္စည်းတွေဟာ ကျွန်တော့်အတွက် အသုံးမဝင်ပါဘူး။ ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာ ဒါတွေကို မြင်လိုက်ရရင် မယူဘဲမနေနိုင်ဘူး။ ဒီပစ္စည်းတွေကို တွေ့တဲ့နေရာ မြင်တဲ့နေရာမှာ ယူချင်တဲ့စိတ်တွေ တားမရအောင် ဖြစ်လာနေတယ်"

ကျွန်ုပ်သည် ဂျက်ကီ၏ အတွင်းသဘောကို အနီးကပ်ဆုံး သိနိုင်ရန် အတတ်နိုင်ဆုံး နိုက်ကြည့်ခဲ့သည်။ သို့သော် သူ၏ဖွင့်ဟဝန်ခံချက်များမှတပါး လောလောဆယ် အနိုက်အတန့်တွင် တစ်စုံတစ်ရာ ထူးထူးခြားခြား အကဲခတ်၍ မရသေးဘဲ ရှိနေခဲ့သည်။ အထူးသဖြင့် သူသည် ပစ္စည်းများကို အဘယ့်ကြောင့် ခိုးချင်စိတ် ပေါက်လာရပါသနည်း။ ထိုပစ္စည်းများကို ခိုးယူနေစဉ်အတွင်း သူ့စိတ်ထဲတွင် မည်သို့သောခံစားမှုများ ရှိနေပါသနည်း။ ဤနေရာတွင် သူမခိုးဘဲ မနေနိုင်သည့်အတွက် တွေ့ရာမြင်ရာမှ ခိုးလာခဲ့ပါသည်ဆိုသော ပစ္စည်းများသည် မည်သည့်ပစ္စည်းများ ဖြစ်နေပါသနည်း။ အကယ်၍ ထိုပစ္စည်းများကို မြင်ရ တွေ့ရပါက သူ၏အတွင်းစိတ်ခေတ်ကို တစ်နည်းတစ်လမ်းအားဖြင့် အကဲခတ်နိုင်မည်ဟု ယူဆရသည်။ သို့သော် တစ်ခုခက်နေသည်မှာ ဂျက်ကီသည် သူ ခိုးလာသည့်ပစ္စည်းများကို လုံးဝမပြဘဲ လျှို့ဝှက်ထားခြင်းပင် ဖြစ်သည်။



"ဒါပေမယ့် ကျွန်တော့်အနေနဲ့ ပစ္စည်းတွေ ခိုးတဲ့ကိစ္စကို ဘယ်လိုမှ အရေးကြီးတယ်လို့ မထင်ပါဘူး"

နောက်ဆုံး၌ သူသည် မအောင့်နိုင်တော့ဘဲ ပေါက်ကွဲကာ ဖော်ပြောလိုက်ပါသည်။

"အရေးကြီးတာက ခင်ဗျားကို စောစောက ပြောခဲ့တဲ့အတိုင်း တစ်ခုခု ကြမ်းကြမ်းတမ်းတမ်း လုပ်ချင်တယ်။ တစ်ယောက်ယောက်ကို နာအောင်ကျင်အောင် တဆုံးတစ လုပ်ပစ်လိုက်ချင်တယ် အဲဒါပဲ"

"ဒီလိုဆိုတော့ အခု ခင်ဗျား ဟိုပစ္စည်း၊ ဒီပစ္စည်းတွေ ခိုးလာတတ်တာ ဒါ့ထက်ပိုပြီး တစ်ခုခု ဆိုးဆိုးဝါးဝါးလုပ်ဖို့ အစပျိုးလာတာပဲလို့ ဆိုချင်တာပေါ့ ဟုတ်လား"

"ဒါကတော့ ဒီလိုရှိတယ်၊ ကျွန်တော့်စိတ်ထဲမှာ တစ်ခုခုလုပ်ဖို့ တစ်ယောက်ယောက်က တိုက်တွန်းနေသလို ခံစားနေရတယ်။ အခုလို ပစ္စည်းတွေ လိုက်ခိုးနေရုံနဲ့ မလုံလောက်သေးဘူး။ မပြီးသေးဘူးဆိုတဲ့ သဘောပဲ။ ဒါ့ထက်ပိုပြီး လုပ်နိုင်သေးတယ်ဆိုတဲ့ သဘောပဲ"

"ဒါနဲ့ပတ်သက်လို့ ဥပမာတစ်ခုခု ပြောမပြနိုင်ဘူးလား"

သို့သော် သူက အဓိပ္ပါယ်ပါသော အပြုံးဖြင့်သာ ပြုံးပြပါသည်။ လောလောဆယ် သူ့စိတ်ထဲတွင် ဖြစ်ပေါ်နေသော ခံစားချက်များသည် အိပ်မက်ပမာ အယောင်ချောက်ချားများသာ ဖြစ်သည်ဟု ကျွန်ုပ်က ထင်မှတ်နေသည့် အဓိပ္ပါယ်မျိုး ဖြစ်နေပါသည်။ အမှန်စင်စစ် စိတ်ရောဂါကုသမှုသည် ဆေးပညာတစ်ရပ်လုံး၏ အကိုင်းအခက်တစ်ခုမျှသာဖြစ်၍ စိတ်ရောဂါသည် ဝေဒနာရှင်များသည် သူတို့၏ ရောဂါလက္ခဏာများနှင့် ပတ်သက်၍အခြားသူများကိုသာမက သူတို့ကိုယ်ကိုပါ ဖုံးကွယ်ထားတတ်ကြပါသည်။ မည်သို့ပင်ဖြစ်စေ ဂျက်ကီသည် သူ့ရောဂါကို ယခုကဲ့သို့ ကျွန်ုပ်ထံ လာရောက် ပြသရကောင်းမှန်းသိသည့် အချက်သည်ပင်လျှင် ကျွန်ုပ်အတွက် အားတက်စရာ ဖြစ်နေခဲ့သည်။ သို့ဖြစ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် စိတ်မလျှော့ဘဲ ထပ်မံကြိုးစားကြည့်ခဲ့ပြန်သည်။

"ကဲ . . ဒီလိုဆိုရင် တခြားနည်းနဲ့ စမ်းကြည့်ရအောင်၊ ခင်ဗျား အကြောင်းကို ပြောပြပါလား"

ဂျက်ကီသည် သူ့ဘဝဖြစ်စဉ်ကို ဂုဏ်ယူသည့်ဟန်အမူအရာဖြင့် စိတ်ပါလက်ပါ ပြောပြပါသည်။ သို့သော် သူပြောပြသည့် သူ့အတ္ထုပ္ပတ္တိမှာ နား ထောင်ရင်း နားထောင်ရင်းဖြင့် တကယ့်အဖြစ်များမဟုတ်ဘဲ သူဖြစ်ချင်ရာများ ကို စိတ်ကူးပေါက်သလို လျှောက်ပြောနေမှန်း တဖြည်းဖြည်း သိသာလာပါသည်။ သူက ယခုလောလောဆယ် သူသည် ဤကမ္ဘာလောကကြီးတွင် ဆွေမရှိ မျိုး မရှိ တစ်ကောင်ကြွက် ဖြစ်နေသော်လည်း သူ၏ မိဘမျိုးရိုးမှာ အလွန်ချမ်းသာ သည့် မိသားစုမှ ဆင်းသက်လာခဲ့၍ သူကိုယ်တိုင် စစ်ထဲဝင်ခဲ့ပြီး၊ သူရဲကောင်း ဘွဲ့ကို နှစ်ကြိမ်တိတိ ရရှိခဲ့ကြောင်း စသည်ဖြင့် ပြောလာပါသည်။ ထိုမှတစ်ဖန် ယုတ္တိမရှိသည့် ဖြစ်ရပ်များကို တောင်တစ်ခွန်း မြောက်တစ်ခွန်း ပြောနေပြန်ရာ သည်အထဲတွင် သူသည် မော်တော်ကားအမောင်းပြိုင်ပွဲတွင် ပထမရရှိခဲ့ကြောင်း နှင့် ယူရေနီယံ သတ္တုတွင်းပိုင်ရှင်ဘဝသို့ မကြာမီရောက်တော့မည် ဖြစ်ကြောင်း စသည်တို့ပါဝင်ပါသည်။ မည်သို့ပင်ဖြစ်စေ သူ့အသက်အရွယ်နှင့် သူ့အတ္ထုပ္ပတ္တိ မှာ စိတ်ခတ်တက်ကြွဖွယ် ကောင်းသည်ကတော့ အမှန်ဖြစ်ပါသည်။

သူသည် သူ့စကားကို ကျွန်ုပ်က မယုံမကြည် ဖြစ်နေကြောင်း ရိပ်မိ သွားသည့်အနေဖြင့် ရုတ်တရက် စကားဖြတ်လိုက်ပါသည်။

"ဘယ်နှယ်လဲ အခု ပြောပြတာကို သဘောကျရဲ့လား"ဟု မေးလိုက် ပြီးမှ "ခင်ဗျားစိတ်ထဲမှာ ကျွန်တော့်ကို မနာလိုစိတ်တွေ ပေါ်နေတယ် မဟုတ် လား"ဟု ထပ်မံမေးလိုက်ပြန်ပါသည်။

"ဒီလိုတော့ မဟုတ်ပါဘူး။ ခင်ဗျားပြောတာတွေ ကြားရတော့ ကျွန် တော့်စိတ်ထဲမှာ ခင်ဗျားကို မေးစရာမေးခွန်းတွေ ပေါ်လာတယ်"

"ဒီလိုတော့ ဘယ်ရမလဲ၊ ဒီမေးခွန်းတွေကို အခုဖြေလို့ မဖြစ်သေး ဘူး၊ စောင့်ရဦးမယ်"သူက ခပ်ပြတ်ပြတ်ပြောကာ ထိုင်ရာမှ ရုတ်တရက် ထ လိုက်ပါသည်။

"ကဲ . . . ကျွန်တော်သွားမယ်။ နောက်တစ်ပါတ်ကျရင် ကျွန်တော်



လာချင်လာမယ်၊ မလာချင်မလာဘူး။ ကျွန်တော်က ဒီလိုကောင်းစားမျိုးဗျ"

ပြောပြောဆိုဆိုဖြင့် သူသည် အခန်းထဲမှ ဖြုန်းခနဲ ထွက်သွားပါတော့ သည်။

ကျွန်ုပ်သည် ဂျက်ကီထွက်သွားပြီး အတော်ကလေးကြာသည်အထိ သူ့အား သည်အချိန်မျိုးတွင် ကျွန်ုပ်ထံမလာရန် ပြောလိုက်ဖို့ လုံးဝသတိမရဘဲ ဖြစ်နေပါသည်။ သူနှင့်တွေ့ခဲ့ရသည့် အချိန်အတောအတွင်း ကျွန်ုပ်၏ အပြု အမူ အပြောအဆိုများသည် သူ့အတွက် အခြေအနေ ပိုမဆိုးပါစေနှင့်ဟု ဆု တောင်းမိပါသည်။ ဘာပဲဖြစ်ဖြစ် ကျွန်ုပ်သည် ဂျက်ကီကို ပြန်လာစေချင်စိတ် ရှိနေပါသည်။ သူ၏စကားအသုံးအနှုန်းနှင့် အမူအရာသည် ရိုင်းပျလှသည် မှန် သော်လည်း သူ့ရောဂါ၏လက္ခဏာနှင့် ဆန်းကြယ်သောအဖြစ်အပျက်များသည် ကျွန်ုပ်စိတ်ကို ဖမ်းစားထားသလို ဖြစ်နေခဲ့သည်။

ထိုအခိုက် ကျွန်ုပ်၏ လူနာလက်ခံသည့် သူနာပြုဆရာမကလေး လင် ဒါသည် အခန်းထဲသို့ ဝင်လာသည်။

"ဆရာ . . ဒီနေ့ညနေလေးနာရီချိန်းထားတဲ့ မစ္စက်ဂရီယာက သူ လာနိုင်တော့ဘူးတဲ့ဆရာ၊ ရုတ်တရက် မမျှော်လင့်ဘဲ အရေးကြီးတဲ့ကိစ္စတစ် ခု ပေါ်လာလို့ပါတဲ့၊ အဲဒါ ဆရာ့ကို တောင်းပန်ပေးပါလို့ ပြောပါတယ်"

"ကိစ္စမရှိပါဘူး . . . မလာတာလည်း ခပ်ကောင်းကောင်းပါပဲ" ကျွန်ုပ် က ပြန်ပြောလိုက်ပါသည်။

"အခု နောက်ဆုံးလာသွားတဲ့ လူနာဟာ ဆရာ့ကို အတော်ခေါင်း ကိုက်အောင် လုပ်သွားတာပဲ"

"ဒီလိုဆိုရင် ဆရာ့အတွက် ကျွန်မ အက်စပရင် ယူပေးမယ်ဆရာ"

သူမက ပျာပျာသလဲ ပြောလိုက်ပါသည်။ ကျွန်ုပ်သည် လင်ဒါတစ် ယောက် ဘယ်ပုံဘယ်နည်းဖြင့် စိတ်ရောဂါကုဆရာဝန်တစ်ဦးထံ သူနာပြု အလုပ်လုပ်နေသည်ကို စဉ်းစားမရအောင် ဖြစ်နေမိသည်။ သူမသည် ဤမြေ ပြင်တွင် ရိုးလွန်းအလွန်းသော မိန်းကလေးတစ်ယောက်ဖြစ်သည်။ စင်စစ် လင်ဒါသည် ရုပ်ရည်သနားကမားရှိသူကလေးပင် ဖြစ်သည်။ အထူးသဖြင့် သူမ ၏ ရှည်သန်းဆန်းသော အလှနှင့် ကျန်းမာတောင့်တင်းသော ခန္ဓာကိုယ်သည်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ လူနာများနှင့် စိတ်ရောဂါဝေဒနာရှင်များအကြားတွင် အလုပ်များနေသော ကျွန်ုပ်အတွက် သူမအား လူသေကောင်များအလယ်တွင် မကြောက်မရွံ့ သွားလာလှုပ်ရှားနေသည့် မိန်းမပျိုကလေးတစ်ယောက်အသွင် မြင်ယောင်နေမိသည်။

တကယ်တော့ လင်ဒါသည် သူနာပြုသင်တန်း အောင်မြင်လာခဲ့သူမဟုတ်သော်လည်း တကယ့် သူနာပြုမကလေးများနှင့်မခြား လုပ်ကိုင်တတ်သူဖြစ်သည်။

"ဒါ့ထက်ဆရာ. . ဒီနေ့ နောက်ထပ်ချိန်းထားတဲ့လူနာ မရှိတော့ဘူးဆိုရင် ကျွန်မ စောစောပြန်ခွင့်ရမလား မသိဘူး၊ ဒီနေ့ ကျွန်မအက်ဒွပ်နဲ့ လက်ထပ်တာ တစ်နှစ်ပြည့်တဲ့နေမို့ ကျွန်မတို့နှစ်ယောက် မြို့ထဲသွားပြီး ညစာစားကြမလို့ စီစဉ်ထားလို့ပါဆရာ၊ ညစာစားပြီး အချိန်ရရင် ရုပ်ရှင်ကြည့်ကြမလို့တောင် စိတ်ကူးထားပါတယ်"

"တစ်နှစ်ပြည့်တဲ့နေ့ ဟုတ်လား၊ ဟုတ်ရဲ့လား၊ မင်းတို့လက်ထပ်တာ တစ်နှစ်တောင် ရှိသွားပြီလား"

"မရှိသေးပါဘူးဆရာ၊ ခြောက်လပဲ ရှိပါသေးတယ်"

လင်ဒါက ရှက်ပြုံးကလေးပြုံးရင်း ပြန်ပြောပါသည်။

"ဆရာ့နားထဲမှာ ကြားရတာ ကိုးရိုးကားရား ဖြစ်နေမလား မပြောတတ်ဘူး၊ ကျွန်မတို့ စိတ်ထဲမှာတော့ ကျွန်မတို့လက်ထပ်ခဲ့တာကို အမြဲတမ်း သတိရပြီး အမြဲတမ်းအမှတ်တရ ဖြစ်နေတာပါပဲ၊ ဒီလို ပြောလိုက်တာကို ဆရာဘယ်လိုမှ မအောင်းမေ့ပါနဲ့နော်. . . ဆရာ"

"ကိစ္စမရှိပါဘူးကွာ" ကျွန်ုပ်က အလိုက်သင့် ပြန်ပြောလိုက်ရပါသည်။

"အိမ်ထောင်ရေးနဲ့ပတ်သက်လို့ ပျော်ပျော်ရွှင်ရွှင်ရှိနေတာကို တောင်းပန်စရာမလိုပါဘူး။ ဒီလို ပျော်ပျော်ရွှင်ရွှင်ရှိတဲ့ အိမ်ထောင်မျိုးကလည်း အရှားသားပဲ"

□□□

ကျွန်ုပ်သည် ဂျက်ကီနှင့် နောက်ထပ်တွေ့မည် မတွေ့မည်ကို အသေ



အချာမပြောနိုင်သော်လည်း၊ နောက်တစ်ပတ်လုံးလုံး သူ့အကြောင်းကိုပင် စဉ်းစားနေမိသည်။ မည်သို့ပင်ဖြစ်စေ၊ နောက်တစ်ပတ် ကြာသပတေးနေ့တွင် သတ်မှတ်ထားသည့်အတိုင်း ဂျက်ကီသည် ကျွန်ုပ်ထံ ရောက်လာခဲ့ပြန်သည်။ ယခုတစ်ခေါက်တွင်မူ သူသည် အတော်ကလေး စကားနည်းသွားပြီး၊ သူ့ အနေဖြင့် ဒီးမှုများကို ဆက်လက်ကျူးလွန်နေဆဲပင်ဖြစ်ကြောင်းကိုသာ ပြောပြခဲ့သည်။

သူ့ကိုကြည့်ရသည်မှာ အတော်ပင် စိတ်ဓာတ်ကျနေဟန်ရှိပြီး ယခင်တစ်ခေါက်က သူကိုယ်တိုင် ပြောပြခဲ့သည့် သူ့ဘဝဖြစ်စဉ် အတ္ထုပ္ပတ္တိကိုပင် ကောင်းကောင်းမမှတ်မိတော့ဘဲ ဖြစ်နေပေသည်။ အဘယ့်ကြောင့်ဆိုသော် ယခုတစ်ခေါက်တွင် သူ့အကြောင်းကို အနည်းအကျဉ်းပြောပြရာ၌ ယခင်တစ်ခေါက်က ပြောခဲ့သည်များနှင့် အတော်ကလေး ကွဲပြားနေသောကြောင့်ပင် ဖြစ်သည်။ သို့သော် သူပြောပြခဲ့သည့် သူ့ဘဝအတ္ထုပ္ပတ္တိတွင် ကျွန်ုပ်မှတ်မှတ်ရရ သတိထားမိသလောက် သူသည် ကျွန်ုပ် ပညာသင်ကြားခဲ့သည့် တက္ကသိုလ်မှာပင် ပညာဆည်းပူးခဲ့ကြောင်း သိရသည်။ သို့သော် ကျွန်ုပ်သည် ထိုအချက်ကိုအကြောင်းပြု၍ သူ့ရောဂါလက္ခဏာကို လေ့လာရန် အမြတ်မထုတ်နိုင်ဘဲ ရှိနေခဲ့သည်။

သူသည် ကျောင်းပညာတွင် စိတ်ပါဝင်စားခြင်းမရှိသဖြင့် ကျောင်းမှထွက်ခဲ့သည်ဟု ဆိုသည်။ ကျောင်းနေစဉ်က ကောင်မလေးတချို့နှင့် ဘာဘာညာညာ ဖြစ်ခဲ့သည့်ကိစ္စများကိုလည်း ပြောပြခဲ့သည်။ သို့သော် ကျွန်ုပ်သည် ထိုအကြောင်းကို အမှတ်တမဲ့ပင်နေလိုက်ရာ သူကလည်း နောက်ထပ် ထိုအကြောင်းကို မပြောတော့ဘဲ နေခဲ့သည်။ သို့ရာတွင် သူပြောပြသည့် အကြောင်းအရာများထဲတွင် ကောင်မလေးတွေဝတ်သည့် ဆွယ်တာအကျႌများနှင့် ကောင်မလေးတွေ၏ ခြေသလုံးသားများအကြောင်း တစ်စွန်းတစ်စ ပါလာခဲ့ရာ၊ ကေ့သူသည် ဆန့်ကျင်ဘက်လိင်များနှင့်ပတ်သက်သည့် စိတ်ဖောက်ပြန်မှု ရှိနေတန်ရာသည်ဟု ကျွန်ုပ်တောက်ချက်ချလိုက်မိသည်။ ထိုအကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်က တစ်ခွန်းနှစ်ခွန်း မသိမသာ မေးခွန်းထုတ်ကြည့်ခဲ့ရာ သူက လုံးဝငြင်းနေခဲ့သည်။ ထို့မျှမက သူ ကျောင်းမှထွက်ပြီး ခုနစ်နှစ်လုံးလုံး ဘာတွေလုပ်ခဲ့သည်များကို မေးကြည့်ရာတွင်လည်း သူက ဘာတစ်ခုမှ အဖြေမပေးဘဲ နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအကြောင်းတွေ ပြန်ပြောစရာမလိုပါဘူးဗျာ၊ အားလုံးပြီးတာတွေ ပြီးခဲ့ပြီပဲ" ဤသို့ပင် သူက ပြန်ပြောတတ်ပါသည်။ ဒါမှမဟုတ် သူသုံးနေကျ စကားလုံးအတိုင်း 'ဒါတွေအရေးမကြီးပါဘူးဗျာ' ဟူ၍ ဆိုပါသည်။

သူနှင့်တွေ့၍ သူ့ရောဂါကို လေ့လာအကဲခတ်ရသည်မှာ စိတ်ပျက်စရာ ကောင်းလှပါသည်။ ဤသည်မှာ သူ၏ မရေရာသောဖြစ်ရပ်များနှင့် စိတ်မချမ်းမြေ့ဖွယ်ရာ အပြုအမူများသည် ကျွန်ုပ်ကိုပင် ကူးစက်လာသည့်သဘော ဖြစ်ဟန်တူပါသည်။ ထို့ပြင် ကျွန်ုပ်ကိုယ်တိုင်လည်း သူ့အကြောင်းကို မတွေးဘဲမနေနိုင်သည့် သဘောလည်း ပါဝင်ပါသည်။

သို့ဖြင့် နောက်တစ်ပတ်တွင် ဂျက်ကီသည် ထုံးစံအတိုင်း အချိန်မှန် ရောက်လာခဲ့ပြီး သူခိုးလာခဲ့သည့် ပစ္စည်းများကို အိတ်တစ်အိတ်ဖြင့် ထည့်၍ယူလာခဲ့ရာ ကျွန်ုပ်မှာတအံ့တဩပင် ဖြစ်သွားခဲ့ရပါသည်။ အထူးသဖြင့် ထိုအိတ်ထဲမှ သူ ခိုးယူလာခဲ့သည့် ပစ္စည်းများကို တွေ့လိုက်ရသောအခါ အကြီးအကျယ် အံ့အားသင့်၍ အထိတ်တလန့်ပင် ဖြစ်သွားမိပါသည်။ ထိုပစ္စည်းများကို မြင်လိုက်ရခြင်းအားဖြင့် သူ၏ စိတ်ရောဂါအခြေအမြစ်ကို ပထမဆုံး သဲလွန်စ ရရှိခဲ့ပါသည်။ ထိုပစ္စည်းများမှာ တစ်ခြားမဟုတ်၊ အမျိုးသမီး အသုံးအဆောင် ဖြစ်သော အတွင်းခံဘရာစီယာများပင်တည်း။

ဂျက်ကီယူလာသည့် ဘရာစီယာများမှာ များသောအားဖြင့် လှလှပ ချုပ်လုပ်ထားပြီး အချို့မှာ ဇာအနားများပင်တပ်ထား၍ အချို့မှာလည်း တောက် တောက်ပြောင်ပြောင် အရောင်များဖြင့် ဖြစ်ပါသည်။ ထိုပစ္စည်းများ၏ အနေ အထားကို ကြည့်ရခြင်းအားဖြင့် သူသည် မည်သည့်နေရာမှ မည်ပုံရယူခဲ့သည် မှာသိသာလှပါသည်။ အဘယ့်ကြောင့်ဆိုသော် အချို့သော ဘရာစီယာများမှာ နေအိမ်များတွင် လျှော်ဖွတ်၍လှမ်းထားစဉ် အလစ်သုတ်လာခဲ့ခြင်းဖြစ်ဟန် တူ သော်လည်း အများစုမှာ အသစ်ကျပ်ချွတ်များဖြစ်၍ ဈေးနှုန်းကတ်ပြားကလေး များပင် တွဲလျက်သားပါလာသည်ကို တွေ့နေရပါသည်။

"ခင်ဗျား ဒီလိုပစ္စည်းတွေကိုမှ ရွေးပြီးခိုးတတ်တယ်ဆိုတာ အရင်က မပြောဘဲနဲ့ ဘာလို့အခုမှ ဖွင့်ပြောရတာလဲ"ကျွန်ုပ်က လေသံခပ်မာမာဖြင့် မေး လိုက်မိပါသည်။



"ဒါကတော့ ကျွန်တော့်အတွက် အခုမှပဲ ကိစ္စပြတ်သွားလို့ပါ"

ဂျက်ကီသည် သူ့ကိုယ်သူ ကျေနပ်သောအသံမျိုးဖြင့် ပြန်ပြောလိုက် ပါသည်။ သူသည် ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်မှ လူနာကုလားထိုင်တွင် ငြိမ်ငြိမ် မထိုင်ဘဲ တလှုပ်လှုပ်တရွရွ ဖြစ်နေပါသည်။

"ကျွန်တော် အခု အဲဒါတွေကို လုံးဝမခိုးတော့ဘူးလေ။ ကျွန်တော့် ကိုယ်ကျွန်တော် ဘယ်လောက် စိတ်ထိန်းနိုင်တယ်ဆိုတာ စမ်းကြည့်တဲ့အနေနဲ့ ဘာပစ္စည်းမှ နောက်ကိုမခိုးတော့ဘူး"

"ဘာပဲဖြစ်ဖြစ် အခု ခင်ဗျားကျူးလွန်ခဲ့တဲ့ ခိုးမှုတွေဟာ အသေးအဖွဲ ဖြစ်မှုလေးတွေလို့ ထင်ရပေမယ့် အဲဒါကလေးတွေကိုပဲ ခင်ဗျား မကျူးလွန်မိ အောင် အတတ်နိုင်ဆုံး ထိန်းဖို့လိုလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီဖြစ်မှုကလေး တွေရဲ့နောက်ကွယ်မှာ ခင်ဗျားကိုယ်ခင်ဗျား လှည့်စားပြီးဖုံးကွယ်ထားတဲ့ တကယ့် အရေးကြီးတဲ့အချက်တွေ ရှိနေမှာစိုးရတယ်"

သူသည် အလွန်တရာ စိတ်မချမ်းမြေ့သည် အမူအရာဖြင့် ကျွန်ုပ် အား ခေတ္တမျှ စိုက်ကြည့်နေရှာပါသည်။

"ဒီလိုဆိုတော့ ကျွန်တော့်ရောဂါပျောက်ပြီလို့ ခင်ဗျား မယူဆသေးဘူး ပေါ့ ဟုတ်လား"

"ဒါတော့ ပျောက်ကောင်းပျောက်နေပါလိမ့်မယ်။ ဒါပေမယ့် ဒီကြားထဲ မှာ တစ်ခုခုပြန်ဖြစ်ဖို့ဆိုတာ သိပ်လွယ်တယ် ဂျက်ကီ"

"ဒါတော့ စိတ်ချပါ" သူက ငါးနှစ်သားအရွယ် ကလေးတစ်ယောက် မှာ စိတ်အားထက်သန်စွာ ကတိပေးလိုက်ပါသည်။

"ဒါကြောင့် ကျွန်တော့်ဒီပစ္စည်းတွေကို သက်ဆိုင်ရာကာယကံရှင်တွေ ပြန်ပေးရအောင်ဆိုပြီး ခင်ဗျားဆီ ယူလာတာပါပဲ"

သူ့စကားမှာ အတော်ကလေး ကိုးရိုးကားရားနိုင်လှသော်လည်း ကျွန်ုပ် က လက်ခံသဘောတူလိုက်ပါသည်။ အမှန်စင်စစ် သူ ခိုးလာခဲ့သည့် ဘရာစီယာ များကို မူလပိုင်ရှင်များထံ စုံစမ်း၍ ပြန်ပေးရန်မှာ လက်တွေ့တွင် မလွယ်ကူသော ကိစ္စပင်ဖြစ်ပါသည်။ သည်ပစ္စည်းများ၏ ပိုင်ရှင်အစစ်ကို စုံစမ်းမေးမြန်းရန် ကိစ္စမှာ အခိုးခံရသူများအား နောက်တစ်ကြိမ် ထပ်၍ စော်ကားသလို ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



မည်မှာ သေချာပါသည်။ သို့ဖြစ်ရာ ခိုးရာပါဘရာစီယာများ ထည့်လာသော အိတ်ကိုကျွန်ုပ်၏ ညှော်ခန်းအတွင်းရှိ စားပွဲအောက်ဆုံး အံဆွဲထဲသို့ ထိုးထည့်ထားလိုက်ပါသည်။ တစ်နေ့နေ့ လူရှင်းသည့်အချိန် တစ်ချိန်ချိန်တွင် ထိုပစ္စည်းများကို တစ်နည်းနည်းဖြင့် ဖျောက်ဖျက်ပစ်မည်ဟု စိတ်ထဲက ကြံရွယ်ထားပါသည်။

သို့သော် ထိုကိစ္စကို ဆောင်ရွက်ရန် သတိမေ့နေခဲ့ရာမှ တစ်ခုသောနံနက်တွင် ကျွန်ုပ်၏သူနာပြုဆရာမကလေး လင်ဒါသည် အမှတ်မထင် ထိုပစ္စည်းများကို တွေ့သွားပါတော့သည်။ ထိုနေ့က အခန်းထဲသို့ ကျွန်ုပ်ဝင်သွားသောအခါ လင်ဒါသည် ဘရာစီယာများ အပြည့်ထည့်ထားသောအိတ်ကို ကိုင်ရင်းဖါးစပ်အဟောင်းသား ဖြစ်နေရှာသည်ကို တွေ့ရပါသည်။

"ဆရာ. . . ဒါတွေက ဘာတွေလဲဆရာ. . . ဘယ်ကနေ ဘယ်လိုရောက်လာတာလဲ"

ဤတွင် ကျွန်ုပ်က စိတ်ရောဂါဝေဒနာရှင်တစ်ဦး၏ ပစ္စည်းများဖြစ်ကြောင်းနှင့် အဖြစ်အပျက်ကို အတိုချုံး၍ ပြောပြလိုက်ပါသည်။ သို့သော် လူနာ၏အမည်ကိုမူ ဖွင့်မပြောဘဲ ထားပါသည်။ လင်ဒါသည် သဘောကျလှသဖြင့် ခပ်သောသောကလေး ရယ်လိုက်ပါသည်။

"ဖြစ်မှ ဖြစ်ရလေဆရာရယ်. . ဒီပစ္စည်းတွေကိုမှ တမင်ရွေးပြီး ခိုးရတယ်လို့"

"ဒါက မင့်အတွက်တော့ ရယ်စရာ ဖြစ်နေမှာပေါ့" ကျွန်ုပ်မှာ စိတ်အနှောင့်အယှက်ဖြစ်သွားကာ အနည်းငယ် မကျေနပ်သည့်လေသံဖြင့် ပြန်ပြောလိုက်မိပါသည်။

"ဒါပေမယ့် အဲဒီ ကာယကံရှင် လူနာအတွက်တော့ အင်မတန်အရေးကြီးတဲ့ ကိစ္စပဲ။ သူ့ရဲ့ အတွင်းစိတ်ထဲမှာ နက်နက်ရှိုင်းရှိုင်း အန္တရာယ်တစ်ခုခုဝင်နေတဲ့ သဘောမျိုး ဖြစ်နေတယ်။ အဲဒါ မင်းနားမလည်သေးပါဘူး"

□□□

နောက်တစ်ကြိမ် ဂျက်ကီနှင့်တွေ့သောအခါ သူသည် ဘရာစီယာ



များအကြောင်းကို လုံးဝမပြောတော့ဘဲ ရှိခဲ့ပါသည်။ ကျွန်ုပ်သိရသလောက် သူသည် ထိုပစ္စည်းများ ခိုးသည့်အလုပ်ကိုလည်း လုံးဝမလုပ်တော့ဟု ယူဆမိပါသည်။ သူက သူ့ကိုယ်သူ စိတ်ထိန်းနိုင်သည့်အတွက် ဂုဏ်ယူသည့်အသွင်များဆောင်နေပါသည်။ သို့သော် ကျွန်ုပ်အနေဖြင့်မူ သူသည် အခြားပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အာရုံပြောင်း၍ ကြံစည်နေသလားဟု တွေးတောကာ စိုးရိမ်စိတ်များ ဝင်နေမိပါသည်။ အထူးသဖြင့် ယခုတစ်ကြိမ် သူကျူးလွန်မည့်အမှုမှာ ဘရာစီယာများ ခိုးယူသည့်အမှုထက် အဆပေါင်းများစွာကြီးမား၍ အန္တရာယ်များလိမ့်မည်ဟု ကျွန်ုပ်စိတ်ထဲက ထင်နေမိပါသည်။

ထိုသို့တွေးထင်မိသည်မှာ အကြောင်းရှိပါသည်။ သူသည် သူ့ဘဝဇာတ်လမ်းကို ပြောပြစဉ်က ခုနစ်နှစ်လုံးလုံး သူ ဘယ်ရောက်၍ ဘာလုပ်ခဲ့သည်ကို မပြောဘဲ ဖုံးကွယ်ချန်လှပ်ခဲ့ရာမှ၊ ယခုဆိုလျှင် သူသည် သူ တွေ့ဖူးကြုံဖူးသော သူနှင့် သိဖူးကျွမ်းဖူးသော အမျိုးသမီးများအကြောင်းကို အတော်များများ ပြောလာသောကြောင့် ဖြစ်ပါသည်။ သူပြောပြသလောက် ထိုအမျိုးသမီးများသည် အစစအရာရာ သူ့စိတ်ကြိုက်ကို လိုက်လျောခဲ့၍ သူ့ထံမှ မျက်နှာသာရရန် အမျိုးမျိုး ချဉ်းကပ်ခဲ့ကြသည်ဟု ဆိုပါသည်။

တစ်စတစ်စဖြင့် ဂျက်ကီသည် အမျိုးသမီးများနှင့် သူနှင့် တွေ့ခဲ့ကြုံခဲ့ဖြစ်ခဲ့ပျက်ခဲ့သည့် အကြောင်းအရာများကို ထပ်ခါတလဲလဲ ပြောရင်းက နားငြီးစရာကောင်းလောက်အောင် အပ်ကြောင်းထပ်လာခဲ့ပါသည်။ သို့ဖြင့် ကျွန်ုပ်က ဤအဖြစ်အပျက်များတွင် သာယာမနေရန်သတိပေးလိုက်ရပါသည်။

ကျွန်ုပ်၏ စကားကိုဂျက်ကီက သဘောကျသည့်ဟန်ဖြင့် အားရပါးရရယ်လိုက်ပါသည်။

"ကျွန်တော်ထင်သားပဲ၊ ဒီအကြောင်းတွေကြားရရင် ခင်ဗျားကျွန်တော့်ကို မနာလိုဖြစ်လိမ့်မယ်ဆိုတာ သိပါတယ်။ အခု ကျွန်တော်ပြောပြနေတာတွေဟာလည်း ကျွန်တော် တွေ့ခဲ့ကြုံခဲ့တဲ့ အတွေ့အကြုံကို ခင်ဗျားသိရုံသက်သက်ပါပဲ။ အခုတော့ ဒါတွေကြားရတာနဲ့ ခင်ဗျားဟာ ကျွန်တော့်ရောဂါကို ကူးစက်သလိုလိုနဲ့ ခင်ဗျားစိတ်ကိုတောင် ခင်ဗျားမထိန်းနိုင်အောင် ဖြစ်နေတာပဲ"

ကျွန်ုပ်က ခပ်အေးအေးပင် ပြန်ပြောလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကတော့ ယုံချင်မှယုံမယ်။ ဒါပေမယ့် ကျွန်တော်လည်း တစ်ခါတုန်းက အသက်ငယ်ငယ်နဲ့ ဒီလိုနေလာခဲ့ဖူးပါတယ်"

"ဒါတော့ မဖြစ်နိုင်ဘူးထင်တယ်။ ခင်ဗျားနဲ့ အလောင်းအစား လုပ်မလား။ ခင်ဗျားဟာ တစ်သက်လုံး စာအုပ်နဲ့ပဲ ခင်ဗျားဘဝကို အချိန်ဖြုန်းလာခဲ့တဲ့ လူတစ်ယောက်ဆိုတာ ကျွန်တော် လောင်းရဲပါတယ်။ ဒါပေမယ့် ကျွန်တော်တတော့ ခင်ဗျားလို မဟုတ်ဘူး။ ခင်ဗျားနဲ့ မတူဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ကောလိပ်က ထွက်လာပြီးတဲ့နောက်. ."

သို့ဖြင့် သူသည် အရင်တစ်ခါများကလို သူ့ဘဝအကြောင်းကို တောင်တစ်ခွန်းမြောက်တစ်ခွန်းဖြင့် ဟိုရောက် သည်ရောက်ပြောချင်ရာ လျှောက်ပြောလာပြန်ပါသည်။ သို့သော် သူပြောသည့် အကြောင်းအရာများထဲတွင် တစ်စိတ်တစ်ဒေသ အဖြစ်မှန်များလည်း ပါဝင်ဟန်တူပါသည်။ အထူးသဖြင့် သူသည် ရုပ်ရည်သနားကမားဖြင့် လူချောလူဖြောင့်တစ်ဦးဖြစ်သလို ရက်စက်ကြမ်းကြုတ်၍ ရိုင်းစိုင်းသည့် လူတစ်ယောက်ဖြစ်ကြောင်း သူ့စကားထဲတွင် တစ်စွန်းတစ်စပါလာသည်ကို တွေ့ရပါသည်။ ထိုသို့ ဆန်ကျင်ဘက်နှစ်ခု ပေါင်းစပ်ထားသည့်အတွက် ကျွန်ုပ်အနေဖြင့် ဘယ်သူဘယ်ဝါက ဂျက်ကီအစစ်ဖြစ်သည်ကို မခွဲခြားတတ်အောင် ဖြစ်နေမိပါသည်။

သူ၏ ကပေါက်ချိကပေါက်ချာ ပြောနေသော အတိတ်ဇာတ်ကြောင်းများထဲမှ တကယ့်ဂျက်ကီကို ရှာ၍မလွယ်သလို ယခုလောလောဆယ် ကျွန်ုပ်၏မျက်စိအောက်မှ အပြုအမူအပြောအဆိုများကို ကြည့်၍လည်း ဂျက်ကီ၏တကယ့်အတွင်းစိတ်ကို ဖမ်းယူရန်ခဲယဉ်းနေပါသည်။

ဤအတောအတွင်း များမကြာမီ ဂျက်ကီသည် မှန်ပြောင်းတစ်ခုကိုယူလာပြီး ကျွန်ုပ်၏ရုံးခန်းနှင့် မလှမ်းမကမ်းရှိ ပန်းခြံထဲတွင် တစ်နေကုန်ထိုင်ကာ မှန်ပြောင်းဖြင့် ဟိုဟိုသည်သည် ကြည့်နေသည်ကို တွေ့ရပါသည်။ သူသည် လူအများသွားလာလှုပ်ရှားနေကြသည်ကိုလည်းကောင်း၊ အနီးအနားမှ အဆောက်အအုံများနှင့် တိုက်ခန်းများကိုလည်းကောင်း အချိန်ယူ၍ ကြည့်နေတတ်ပြီး ဤသို့ဖြင့်သူသည် လူတွေကို လေ့လာနေသည်ဟု ပြောလာပါသည်။

ဤအပြုအမူနှင့် စပ်လျဉ်း၍ သူ့ကိုအတိအလင်းမေးကြည့်သောအခါ



"ဒါကအပြစ်မရှိပါဘူး"ဟု ပြန်ပြောပါသည်။

"ကျွန်တော်ဟာ ကျွန်တော့်ဘဝကို ကျွန်တော်တိုးချဲ့နေတာပါ။ ကမ္ဘာပေါ်မှာ ကျွန်တော်နဲ့ဘဝတူ လူသားတွေအားလုံးနဲ့ ရင်းနှီးအောင် သူတို့နဲ့ နီးစပ်အောင် လုပ်နေတာပါ"

ထို့နောက် သူသည် ကျွန်ုပ်အား မရိုးသားမလုံလဲသောအပြုံးဖြင့် တစ်ချက်လှမ်းကြည့်လိုက်သည်။ 'မနေ့ကဆိုရင် ခင်ဗျားရဲ့ သူနာပြုဆရာမလေးလင်ဒါကို ကျွန်တော်မှန်ပြောင်းနဲ့ လှမ်းကြည့်လိုက်သေးတယ်။ သူက မြက်ခင်းပေါ်မှာထိုင်ပြီး စက္ကူအိတ်ထဲက နေ့လယ်စာ စားစရာတွေ ထုတ်စားနေတာပေါ့။ သူ့ခြေထောက်နှစ်ချောင်းကိုဆန့်ပြီး နေပူစာလှုံနေတာ သိပ်ကြည့်လို့ကောင်းတာပဲ။ ဘာပဲဖြစ်ဖြစ် ဒီလို မိန်းမပျို ချောချောကလေးတစ်ယောက် ခင်ဗျားရုံးခန်းမှာ တစ်နေကုန်ရှိနေတာဟာ ခင်ဗျားအတွက် ကံကောင်းတာပေါ့ဗျာ"

ကျွန်ုပ်သည် သူ့အား စိတ်ရောဂါရှင် လူနာတစ်ယောက်အဖြစ် ကိုယ်ချင်းစာစိတ်ဖြင့် ကုသပေးရန် ကြိုးစားနေခြင်းဖြစ်သော်လည်း ထိုစကားများကိုကြားလိုက်ရသောအခါ သည်းမခံနိုင်ဘဲ ဒေါင်းခနဲ ဒေါသထွက်သွားမိ ပါသည်။

"ဒီမယ် လင်ဒါဟာ အင်မတန်ရိုးသားပြီး စိတ်ရင်းကောင်းတဲ့ မိန်းကလေးတစ်ယောက်ပါ။ သူ့ချစ်သူနဲ့ ပျော်ပျော်ရွှင်ရွှင် လက်ထပ်ထားတာလည်းမကြာသေးပါဘူး။ အဲဒီတော့ ခင်ဗျား လင်ဒါ့အကြောင်း ထည့်မပြောရင် ကောင်းမယ်ထင်တယ်"

ဂျက်ကီက မချိပြုံး ပြုံးလိုက်ပါသည်။ ကျွန်ုပ်စိတ်ဆိုးသွားသည့်အတွက် အနေရခက်သွားဟန်ရှိသော်လည်း သူ့အမူအရာမှာ ကျွန်ုပ်အား သရော်သလိုလိုဖြစ်နေပါသည်။ အခိုက်အတန့်အားဖြင့် သူနှင့် ကျွန်ုပ်၏ဆက်ဆံရေးမှာ တစ်မျိုးတစ်ဖုံဖြစ်သွားခဲ့ပါသည်။ နောက်ဆုံး၌ ကျွန်ုပ်က မှန်ပြောင်းကို ကျွန်ုပ်အားပေးရန် တောင်းဆိုလိုက်သောအခါ သူက အတိအလင်း ငြင်းပါသည်။ သို့သော်ကျွန်ုပ်သည် ထိုပြဿနာကို ဆက်၍မပြောတော့ဘဲ မှန်ပြောင်းကို ထပ်မတောင်းဘဲ နေလိုက်ရာ သူ ထပြန်သွားသောအခါ မှန်ပြောင်းကို ကျွန်ုပ်၏စားပွဲပေါ်တွင်ထားပစ်ခဲ့သည်ကို တွေ့ခဲ့ရပါသည်။ ကျွန်ုပ်သည် ထိုမှန်ပြောင်းကို သခင်တာသူ ခိုးလာသည့် ဘရာစီယာများနှင့်အတူ လူနာမှတ်တမ်းဗိုင်များထားသည့်

www.burmeseclassic.com

www.burmeseclassic.com



အံဆွဲထဲသို့ ထည့်ထားလိုက်ပါသည်။

နောက် တနင်္ဂနွေ နှစ်ပတ်သုံးပတ်အတွင်း ဂျက်ကီ၏ လှုပ်ရှားမှုများမှာ တစ်မျိုးတစ်ဖုံ အဆန်းတကြယ် ဖြစ်လာပြန်ပါသည်။ သူသည် အဆောက်အအုံပုံစံများ၊ မြေပုံများနှင့် လမ်းများကို စာရွက်များပေါ်တွင် ရေးဆွဲလာခဲ့ပါသည်။ သူက ရေးဆွဲလာသည့် မြေပုံများထဲမှ အိမ်များ၊ အဆောက်အအုံများနှင့် အခန်းများမှာ တစ်နေ့နေ့တွင် လိုအပ်ပါက အလွယ်တကူဖောက်ထွင်း ဝင်နိုင်ရန် ဖြစ်သည်ဟု ပြောလာပါသည်။ သူပြောသည့် စကားများမှာ ယုတ္တိမရှိ၍ မဖြစ်နိုင်ဟု ယူဆရသော်လည်း သူ့စိတ်ခေတ်မှာ အမှန်တကယ် ဖောက်ပြန်နေပြီး တစ်စုံတစ်ခု အကြမ်းဖက်လိုသည့်အသွင်များ ဆောင်နေသည်မှာ ထင်ရှားပါသည်။ သည်ကြားထဲက ရံဖန်ရံခါ အမျိုးသမီးများအကြောင်းကို ပြောလာပြန်ရာ တစ်နေ့နေ့တွင် အမျိုးသမီးတစ်ယောက်အား မတော်မတရား အကြမ်းဖက်၍ ဗလက္ကာရ ပြုလေမလားဟူ၍ပင် ကျွန်ုပ်စိတ်တွင် စိုးရိမ်လာမိပါသည်။ သို့သော် လက်တွေ့ သူ ပြောဆိုလုပ်ကိုင်နေသည်များနှင့် သူ၏ တကယ့်အတွင်းသဘော အကြံအစည်ကို မည်သို့မျှ ခွဲခြားခန့်မှန်း၍ မရနိုင်အောင် ရှိနေပါသည်။

မကြာမီ သူသည် အချို့သောအိမ်များမှ ပြတင်းပေါက်မှန်များကို ရိုက်ခွဲခဲ့ကြောင်း ကျွန်ုပ်အား ဖွင့်ဟပြောကြားလာပါသည်။ ထိုမှတစ်ဆင့်သူသည် လူသူမရှိသေးဘဲ ဆောက်လုပ်ပြုပြင်နေဆဲဖြစ်သော အဆောက်အအုံများထဲသို့ တိတ်တဆိတ်ဝင်ရောက်ခဲ့သည်များကို ဝန်ခံပြောကြားလာပါသည်။ နောက်ဆုံး၌ မြို့အစွန်အဖျားမှ အမျိုးသမီးများသာ နေထိုင်လျက်ရှိကြသည့် နေအိမ်အဆောက်အအုံများထဲသို့ တိတ်တဆိတ်ဝင်ရောက်မှုများ ပြုလုပ်လာခဲ့သည်ဟု သိရှိရပါသည်။ ထိုသို့ ပိုင်နက်ကျူးလွန်ဝင်ရောက်သည့်အမှုများကို သူသည် များသောအားဖြင့် နံနက်စောစောတွင် ကျူးလွန်လေ့ရှိ၍ သူ၏ဖွင့်ဟဝန်ခံချက်အရ သူသည် အမျိုးသမီးများ၏အခန်းထဲသို့ တိတ်တဆိတ်ဝင်ရောက်ကာ အိပ်ရာပေါ်တွင် အိပ်မောကျနေသော အမျိုးသမီးများအား ခေတ္တကြည့်ပြီး တစ်စုံတစ်ရာ အနှောင့်အယှက်မပေးဘဲ တိတ်တဆိတ်ပြန်ထွက်လာခဲ့သည်ဟု ဆိုပါသည်။

"ခင်ဗျား အဲဒီအချိန်မှာ အိမ်ရှင်တွေက လန့်နိုးပြီး အဖမ်းခံရမှာ မကြောက်ဘူးလား"ကျွန်ုပ်က သူ့ကိုမေးကြည့်ခဲ့ပါသည်။



"ကျွန်တော့်အနေနဲ့ ဘာမှမကြောက်ဘူး"ဟု သူကခပ်တည်တည် ပြန်ဖြေပါသည်။ မှန်ပါသည်။ သူသည် ပတ်ဝန်းကျင်ကိုဂရုမစိုက်သည့် စိတ်ခေတ်များရှိနေပါသည်။ အထူးသဖြင့် ရဲအရာရှိများအပါအဝင် အာဏာပိုင်များတို့ မထီမဲ့မြင် ပြုလုပ်ချင်သည့်သဘောများ ရှိနေပါသည်။ ဤအထဲတွင် သူ့ရောဂါကို ကုသပေးရန်ကြိုးစားနေသည့် ကျွန်ုပ်ကိုလည်း သူက အာဏာပိုင်တစ်ယောက်အဖြစ် ယူဆကာ မထီလေးစားသဘောထားလျက် ရှိနေပါသည်။ သို့သော် ရံဖန်ရံခါ ဂျက်ကီသည် သူ၏ဖောက်ပြန်သောအပြုအမူများကို ပြန်၍သတိရလာတတ်ပြီး နောင်တရကာ ရှက်၍မဆုံးအောင် ဖြစ်နေတတ်ပါသည်။ ထိုအချိန်အခါမျိုးတွင် သူသည် သူ၏ကိုယ့်ကျင့်တရားများကို အတတ်နိုင်ဆုံး စင်ကြယ်သန့်ရှင်းအောင် ထိန်းသွားမည်ဟု သံန္နိဋ္ဌာန်ချလိုက်ပြီး မကြာမီ ထိုသံန္နိဋ္ဌာန်နှင့် ဆုံးဖြတ်ချက်များမှာ အလဟဿအချည်းအနှီး ဖြစ်ခဲ့ပြန်ပါသည်။

□□□

ကျွန်ုပ်သည် ဂျက်ကီ၏ အပြုအမူများနှင့် သူကျူးလွန်နေသည့် ဖြစ်မှုများအတွက် တစ်နေ့နေ့တွင် သတင်းစာများ၌ ကျော်မကောင်း ကြားမကောင်း အုတ်အော်သောင်းတင်း သတင်းအဖြစ် ပါလာလေမလားဟူ၍ သတင်းစာများကို နေ့စဉ်စောင့်ဖတ်လာခဲ့ပါသည်။ သို့သော် သတင်းစာများတွင် သူနှင့်ပတ်သက်၍ ဘာသတင်းမျှ မတွေ့ရပါ။ ပြတင်းပေါက်များမှကျော်၍ ဖောက်ထွင်းဝင်ရောက်မှုများနှင့် တစ်ခါက သူ့ပြောပြချက်အရ လမ်းပေါ်တွင် မိန်းကလေးတစ်ယောက်အား လက်သီးဖြင့်ထိုးခဲ့သည့်အမှုမျိုး အပါအဝင် အလားတူသတင်းများမှာ သတင်းစာထဲတွင် ဖော်ပြရလောက်အောင် ကြီးကျယ်သည့်သတင်းများ မဟုတ်ဘဲ ဖြစ်နေပါသည်။

သို့သော် တစ်နေ့တွင် ကျွန်ုပ်သည် သတင်းစာထဲမှ သတင်းတစ်ပုဒ်ကြောင့် ရုတ်တရက် အထိတ်တလန့် ဖြစ်သွားခဲ့ရပါသည်။ ထိုသတင်းအရ သင်ယောက်ျားနှင့် ကွဲနေသော မိန်းကလေးတစ်ယောက်သည် တစ်ညတွင် အိမ်သို့ ညဉ့်နက်မှ ပြန်ရောက်လာခဲ့ရာ သူမ၏အိပ်ရာတွင် လူတစ်ယောက်ဝင်အိပ်နေသည်ကို တွေ့ရသည်ဟု ဆိုပါသည်။ ထိုအမျိုးသမီးနှင့် လူဆိုးတို့ အကြန်

www.burmeseclassic.com



အလုန် လုံးထွေးသတ်ပုတ်ကြရာမှ လူဆိုးက ပါလာသည့် သားလိုးဓားဖြင့် ထိုး လိုက်ရာ အမျိုးသမီးပခုံးတွင် ဒဏ်ရာရသွားခဲ့ပြီး အမျိုးသမီးက အော်ဟစ်အကူ အညီတောင်းလိုက်သဖြင့် နောက်ဆုံး၌ ထိုလူဆိုးသည် ထွက်ပြေးလွတ်မြောက် သွားသည်ဟု သိရပါသည်။

ကျွန်ုပ်သည် ထိုသတင်းကို ဖတ်လိုက်ရသည်နှင့်တပြိုင်နက် အဆိုး လူဆိုးမှာ မုချ ဂျက်ကီဖြစ်ရမည်ဟု တွေးလိုက်မိပြီး ကျောထဲမှစိမ့်ခနဲ ဖြစ်သွား ခဲ့ပါသည်။ မူလကပင် ကျွန်ုပ်တွေးထင်ခဲ့သည့်အတိုင်း ဂျက်ကီသည် အသေး အဖွဲ ပြစ်မှုကလေးများကို ကျူးလွန်ခဲ့ရာမှ လက်ရဲဇက်ရဲ ဖြစ်လာပြီး ယခုတဲ့ ကြောက်မက်ဖွယ်ရာ ရာဇဝတ်မှုများကို ကျူးလွန်လာသည့်အဆင့်အထိ ရော လာခြင်းဖြစ်သည်ဟု တစ်ထစ်ချတွက်လိုက်မိပါသည်။ ထို့အပြင် ဤအဖြ အပျက်ကို အကြောင်းပြု၍ ကျွန်ုပ်သည် ဂျက်ကီ၏ စိတ်ရောဂါကို သက်သာ လာအောင် ကုသပေးနိုင်ခြင်း မရှိခဲ့ရုံမျှမက သူ့ရောဂါ၏ အခြေခံဇာစ်မြစ်ကို ရှာမတွေ့အောင်ဖြစ်ခဲ့ရသဖြင့် အကြီးအကျယ် စိတ်ထိခိုက်သွားခဲ့ပါသည်။

ကျွန်ုပ်၏ထင်မြင်ချက်မှာ သွေးထွက်အောင် မှန်နေပါသည်။ အဘ ကြောင့်ဆိုသော် နောက်တစ်ပတ် ကြာသပတေးနေ့တွင် သူသည် ကျွန်ုပ်ထံ ရောက်လာပြီး သတင်းစာထဲတွင် ပါလာသောအမှုကို ကျူးလွန်ခဲ့သူမှာ သူ ဖြစ်ကြောင်း ဖွင့်ပြောခဲ့သောကြောင့် ဖြစ်ပါသည်။ ယခုတစ်ကြိမ်တွင် သူ့ နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်နေပြီး သူကျူးလွန်ခဲ့သည့် အမှုအတွက် တုန် ယင်ယင် ဖြစ်နေသည်ကို တွေ့ရပါသည်။ ထို့နောက် သူသည် ပြစ်မှုကျူး ရာတွင် သူ အသုံးပြုခဲ့သည့် သားလိုးဓားကို ကျွန်ုပ်အား လှမ်းပေးလိုက်ရာ သူ့ လက်မှာ အကြီးအကျယ် တုန်လှုပ်နေသည်ကို တွေ့ရပါသည်။

ယခုအခါ ကျွန်ုပ်မှာ ကျွန်ုပ်၏ဘဝတစ်သက်တာတွင် အဆိုး သော အခြေအနေမျိုးနှင့် ရင်ဆိုင်နေရပြီကို သိလိုက်ရပြီဖြစ်၏။ တစ်ဘက် ဂျက်ကီသည် တစ်စတစ်စဖြင့် လူ့အဖွဲ့အစည်းနှင့် ပတ်ဝန်းကျင်ကို အန္တရာ ပြုလာသည့် လူတစ်ယောက်ဖြစ်လာခဲ့ရာ ကျွန်ုပ်၏တာဝန်မှာ သူ့ကို သက် ရာ ရဲအရာရှိများထံ သတင်းပို့ အပ်နှံရုံသာ ရှိတော့၏။ အခြားတစ်ဘက် လောလောဆယ် ကျွန်ုပ်၏မျက်စိအောက်၌ ရဲအရာရှိအာဏာပိုင်များ၏



လမ်းဖြင့် မည်သို့မျှ ကုသပေးနိုင်စွမ်းမရှိသည့် သနားစရာ လူနာတစ်ယောက် ရှိနေပေသည်။ ထိုမှတစ်ပါး ဂျက်ကီသည် သူကျူးလွန်ခဲ့သော ပြစ်မှုများနှင့် ပတ်သက်သည့် သတင်းကို သတင်းစာတွင် ကျွန်ုပ်ဖတ်လိုက်ရသလို သူလည်း ဖတ်လိုက်ရမည်ဖြစ်ရာ သူ့ကိုယ်သူ အန္တရာယ်ရှိနေပြီကို သူ ရိပ်စားမိလောက် ပြီဟု ယူဆရပေသည်။ မည်သို့ပင်ဖြစ်စေ သူ့ကိုယ်သူ ဘာဖြစ်၍ ဘာလုပ်နေ သည်ကို မသိနိုင်အောင် ရှိနေသော စိတ်ဝေဒနာရှင်တစ်ယောက်အား တကယ့် အဖြစ်မှန်ကိုအသိမပေးဘဲ ဖုံးကွယ်ထားသော ကျွန်ုပ်သည် ဤကိစ္စ ဤ ပြဿနာတွင် တာဝန်အရှိဆုံး၊ အပြစ်အကြီးဆုံး လူတစ်ယောက်ဖြစ်နေပေသည်။

ကျွန်ုပ် အကြီးအကျယ် စိတ်ဆင်းရဲနေသည့်အဖြစ်ကို ရိပ်မိဟန်တူ သော လင်ဒါက ကျွန်ုပ်အား ပကတိရိုးသားစွာဖြင့် အကြံများပေးခဲ့ပါသည်။

"ဆရာ. . ဆရာ့ကြည့်ရတာ အလုပ်သိပ်ပင်ပန်းပြီး လူရောစိတ်ပါ အားကုန်သလို ဖြစ်နေတယ်။ ခဏတဖြုတ် အလုပ်က အနားယူလိုက်ပါလား ဆရာ။ အနားယူပြီး အပန်းဖြေတစ်နေရာရာကို ခရီးသွားလိုက်ရင် ကောင်းမယ် ထင်တယ်"

"ငါလည်း အနားယူချင်တာပေါ့ လင်ဒါ။ ဒါပေမယ့် ဒီအချိန်မျိုးမှာ အနားယူလို့ မဖြစ်သေးဘူးကွ။ ဒါဆိုရင် ငါကိုယ့်ကိုယ်ကိုယ် အရှုံးပေးပြီး ထွက် ပြေးသလို ဖြစ်သွားမှာစိုးရတယ်။ ငါ့မှာ အရေးကြီးတဲ့ လူနာတစ်ယောက်ကို ကုသပေးဖို့ ရှိနေသေးတယ် မဟုတ်လား"

"ဒါပေမယ့် ဆရာရယ်၊ တနင်္ဂနွေတစ်ပတ်လောက် အနားယူမယ်ဆို ရင် ဖြစ်ပါတယ်။ ဆရာ့လူနာက ဒါလောက်နဲ့တော့ ဘာမှမဖြစ်နိုင်ပါဘူး"

"မဟုတ်သေးဘူးကွ။ ငါပြောတဲ့လူနာက အဲဒီလူနာမဟုတ်ဘူး။ ဒီလူ သူ့စိတ်ကို သူ အစိုးမရလို့ ဖြစ်နေတဲ့ စိတ်ရောဂါဆိုတာ ငါသိပြီးပါပြီ။ သူ့ စိတ်ထဲက လှုပ်ရှားမှုတွေနဲ့ ပြင်ပကဖြစ်ရပ်တွေဟာ ဆက်စပ်လို့မရအောင် ပြတ်တွဖြစ်ပြီး သူ့ကိုယ်သူ ဘယ်သူဘယ်ဝါမှန်း မသိအောင် ဖြစ်နေတာပဲ ဒါပေမယ့် လောလောဆယ် ငါကိုယ်တိုင်က တကယ့်လူနာအစစ်ကို မဖော်ထုတ် နိုင်သေးဘဲ ဖြစ်နေတယ်ကွ"

မည်သို့ပင်ဖြစ်စေ၊ ကျွန်ုပ်သည် ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ်

www.burmeseclassic.com

www.burmeseclassic.com



ချမှတ်လိုက်ပါသည်။ ဂျက်ကီကျူးလွန်သမျှ ပြစ်မှုများမှာ ကျွန်ုပ်၏တာဝန်ပင် ဖြစ်နေပါသည်။ ကျွန်ုပ်သည် ကျွန်ုပ်၏လူနာအပေါ်တွင် အလွန်အကျွံ အာရုံ စိုက်နေခြင်းအားဖြင့် ကျွန်ုပ်၏အဓိက ကုသရေးတာဝန်လစ်ဟင်းအောင် လုပ် ပစ်ထားသလို ဖြစ်နေပါသည်။ သူ့အကြောင်းကို အမြဲတစေစဉ်းစား၍ စိတ်ပူနေ မည့်အစား လောလောဆယ် အရှိကိုအရှိတိုင်း အမြင်ကိုအမြင်အတိုင်း ကုသ သွားရန် လိုနေပါသည်။ ယခုသော်မူ ကျွန်ုပ်သည် သူ့အပေါ်တွင် ဖခင်တစ် ယောက်ပမာ ကြင်နာမှုများကို လိုအပ်သည်ထက် ပို၍ပြနေမိသည်ဟု သဘော ပေါက်လာမိပါသည်။

အထူးသဖြင့် လောလောဆယ် ကျွန်ုပ်အတွက်ရော ဂျက်ကီအတွက် ပါ အန္တရာယ်ကြီးကြီးမားမား ဖြစ်လာနိုင်စရာတွေ့နေရပေသည်။ ၎င်းမှာ အခြား မဟုတ်။ ဂျက်ကီသည် သူ့ကိုယ်သူ ဘဝင်မြင့်ကာစိတ်ဖောက်ပြန်လာရာမှ ယခု အတိုင်း 'နေမြင့်လေ အရှူးရင့်လေ' ဖြစ်သွားပြီး နောက်ဆုံး၌ လူသတ်မှုတစ်ခု ကို ကျူးလွန်နိုင်ဖွယ်ရာ ရှိနေခြင်းပင် ဖြစ်သည်။ ယခုပင်လျှင် သူကကျွန်တော့် အတွက် အသက်အန္တရာယ် ရှိနေပြီဟုဆိုကာ လက်နက်ကိုင်မည်တကဲကဲ ဖြစ် နေပါသည်။ သို့သော် ယခုအထိ သူ့လက်ထဲတွင် လူသတ်လက်နက်တစ်ခုခု ကိုင်စွဲထားခြင်းမရှိသေးသည်ကို ကျွန်ုပ်သိပြီး ဖြစ်ပါသည်။ သို့သော် သူက ညစဉ် ညတိုင်း သူမက်သည့် အိပ်မက်များကို ပြောပြလာပါသည်။ သူ့အိပ်မက်များမှာ သူ့ကိုယ်သူ လူသတ်ကောင်တရားခံအဖြစ် မြင်မက်နေသည်ဟု သိရပါသည်။ တစ်ခါတရံ စပိုင်လုပ်ငန်းများနှင့် လျှို့ဝှက်ထောက်လှမ်းရေးတာဝန်များကို ထမ်း ဆောင်နေရာမှ အိပ်မက်ထဲတွင် ကားအနက်ကြီးကိုစီးကာ ထွက်ပြေးရသည် ဟူ၍ မြင်မက်သည်ဟုသိရပါသည်။

သို့ဖြင့် သူသည် ကျွန်ုပ်နှင့် ယခင်ကလို မကြာခဏ လာမတွေ့တော့ ဘဲ ကျွန်ုပ်ကုထုံးကုနည်းများကိုပင် မယုံမကြည် သံသယဖြစ်လာသည့် သဘော များ ပါဝင်လာပါသည်။ သူ့စိတ်ထဲတွင် ကျွန်ုပ်နှင့်မတွေ့လျှင် မဖြစ်သည့် အချိန် အခါမျိုးတွင် လာရောက်တွေ့ဆုံမည်ဟူသော သဘောမျိုး ဖြစ်နေပါသည်။ သို့ ဖြင့် ကျွန်ုပ်က သူ၏ရောဂါဇာစ်မြစ်ကို ရှာဖွေရာ၌ ကျွန်ုပ်တို့နှစ်ယောက်စလုံး အတွက် အထောက်အကူဖြစ်စေရန် လျှပ်စစ်ကိရိယာဖြင့် စိတ်ကို စမ်းသပ်မေး



မြန်းသည့် နည်းကို အသုံးပြုဖို့ အကြံပေးသောအခါ သူက ခါးခါးသည်းသည်း ပင် ငြင်းခဲ့ပါသည်။

ကျွန်ုပ်က ဘာ့ကြောင့် ထိုကိစ္စကို ငြင်းရသည့်အကြောင်း မေးကြည့် သောအခါ သူသည် မျက်နှာပုတ်သိုးသိုးဖြင့် ပြန်ပြောပါသည်။

"ဘာကြောင့်လဲဆိုတာ ခင်ဗျားလည်းသိသားပဲ"

"ဒါပေမယ့် . . . ဒီနည်းကိုသုံးမှ ဖြစ်မယ်ဆိုရင် သုံးသင့်တာပေါ့။ ဒီနည်းဟာ လူတိုင်း ကိုယ့်အဖြစ်ကိုယ် မသိမသာဖုံးကွယ်တတ်တဲ့စိတ်ကို ဖော် ထုတ်ကြည့်တာပါပဲ။ ဒါကြောင့် တစ်ချို့က ဒါကို 'အမှန်တရားရဲ့ အတွင်း သဘော' လို့တောင် ခေါ်ကြတာပဲ"

ကျွန်ုပ်က လူတစ်ယောက်၏ အတွင်းစိတ်ကို လျှပ်စစ်ကိရိယာဖြင့် စမ်းသပ်ဖော်ထုတ်မေးမြန်းသည့် သဘောကို ရှင်းပြပါသည်။

"တကယ်တော့ ကျွန်တော်တို့တတွေဟာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ပုံစံ တစ်မျိုး ကိုယ့်အဖြစ်ကိုယ် ဖွင့်ပြီး ဝန်ခံတတ်တဲ့ သဘာဝလူတိုင်းမှာ ရှိနေကြ တာပဲ။ ကလေးတစ်ယောက်ဟာ သူ့အမေရှေ့မှာ သူ့အပြစ်ကို ဝန်ခံတတ်တယ်။ လင်နဲ့မယားဟာ တစ်ယောက်အပြစ်တစ်ယောက် အပြန်အလှန် ဝန်ခံတတ် တယ်။ ကျွန်တော်ကိုယ်တိုင် ကျွန်တော့်မိန်းမ မသေခင်တုန်းက ကျွန်တော့်စိတ် ထဲမှာ အပြစ်တစ်ခုခု ရှိနေတယ်လို့ သံသယဝင်နေရင် ကျွန်တော့်မိန်းမကို ဖွင့် ပြောပြီး ဝန်ခံလိုက်တာပဲ"

ဤတွင်ဂျက်ကီသည် ယခင်က သူပြောနေကျ အသုံးအနှုန်းမျိုးဖြင့် ကျွန်ုပ်အား ထော်လော်ကန့်လန့် ပြောလာပါသည်။

"လူတွေဟာ ကိုယ့်အပြစ်ကိုယ် ဝန်ခံတတ်တယ်ဆိုတာ ကြောက်လို့ မဟုတ်လား"

"ဒါကတော့ သိပ်ပြီးယေဘုယျဆန်တဲ့ သုံးသပ်ချက်ပါ"

"ဒါဖြင့် . . . မိန်းမကို ညတိုင်း ခင်ဗျားအားလုံးဖွင့်ပြောခဲ့တာဟာ ကြောက်လို့ပဲဆိုတာ ခင်ဗျားဘာလို့ ဝန်မခံသလဲ"

"ဒါကတော့ ကြောက်လို့မှ မဟုတ်ဘဲ"

"ဒီမယ် . . လူတိုင်းလူတိုင်းဟာ ကိုယ့်အပြစ်ကိုယ် မသိစိတ်နဲ့ တာ

www.burmeseclassic.com

www.burmeseclassic.com



တွယ်ပြီး ပြောကြတာချည်းပဲဗျ"

ဂျက်ကီက ကျွန်ုပ်အား ခပ်လျော့လျော့ ပြောလိုက်ပါသည်။

"တကယ်တော့ အမှန်တရားရဲ့ အတွင်းသဘောကို သိအောင်လုပ်ဖို့ လိုနေတာက ဒေါက်တာပဲ၊ ခင်ဗျားဟာ အမှန်တရားကို တွေ့ထားပါရက်နဲ့ အမှန်အတိုင်း ဖွင့်ပြီး ဝန်မခံချင်ဘူး။ ဒီနေရာမှာ အမှန်အတိုင်း တိတိလင်းလင်း ပြောရရင် အခု ကျွန်တော်ခင်ဗျားနဲ့လာတွေ့တာဟာ ခင်ဗျားအတွက် ခင်ဗျား မိန်းမ သေပြီးတဲ့နောက် လွတ်လွတ်လပ်လပ် ကြိုက်သလိုလုပ်လို့ရတဲ့ အောင်ပွဲ လိုဖြစ်နေတယ်"

"နေပါဦး လွတ်လွတ်လပ်လပ် လုပ်လို့ရတယ်ဆိုတာ ဘာကိုပြော တာလဲ"

ကျွန်ုပ်က စိတ်မချမ်းမြေ့စွာဖြင့် မေးခွန်းထုတ်လိုက်မိပါသည်။ ယခု တလော ကျွန်ုပ်မှာ ထစ်ခနဲဆိုလျှင် ချက်ချင်း ခေါင်းကိုက်ရောဂါ ပေါ်လာတတ် ပါသည်။

"ဥပမာတစ်ခုပြောရရင် ခင်ဗျားအနေနဲ့ သူနာပြုမ ချောချောလှလှ လေးကို အလုပ်ခန့်နိုင်တယ်ဗျာ၊ ခင်ဗျားမိန်းမရှိတုန်းကဆိုရင် ဒါမျိုးကို ခင်ဗျား ဘယ်လိုလုပ်လို့ ရမှာလဲ၊ ဟုတ်တယ် မဟုတ်လား"

ဂျက်ကီ့စကားမှာ ကျွန်ုပ်အား ချက်ကောင်းကိုထိသွားသလို အတော် ကလေး အောင့်သွားပါသည်။ စပ်ဖြဲဖြဲနှင့် ရှုံ့မဲ့နေသော သူ့မျက်နှာမှာ ကြာလေ တဲ့ကျက်သရေမဲ့လေ ဖြစ်နေပါသည်။ ဒီကြားထဲ ပြောလိုက်ပါသေးသည်။

"ကျွန်တော်လည်း လူတွေကို လေ့လာနေတာပါ ဒေါက်တာ။ ဘယ်သူ တွေ ဘာဖြစ်နေတယ်ဆိုတာ ကျွန်တော်သိပါတယ် ဟဲ ဟဲ"

လင်ဒါ။ ယခုတလော ဂျက်ကီသည် လင်ဒါအကြောင်းကို တစ်နည်း မဟုတ်တစ်နည်း ပြောစရာအကြောင်းမရှိ အကြောင်းရှာ၍ ပြောလာသည်ကို တွေ့ရသည်။ ကျွန်ုပ်၏ သူနာပြုမကလေးအပေါ် သူ၏စိတ်ဝင်စားမှုမှာ ရောဂါ တက်နေသော လူနာတစ်ယောက်၏ အပူချိန်ကတ်ပြားထဲက မျဉ်းကြောင်းလို တဖြည်းဖြည်း မြင့်တက်လာနေပါသည်။

ပထမတွင် သူသည် လင်ဒါအကြောင်းကို မသိမသာ တစ်ခွန်းစ



နှစ်ခွန်းစ ပြောလာခဲ့ရာမှ တဖြည်းဖြည်း ပြောင်အဘိအလင်းဆွေးနွေးသည့် အဆင့်သို့ ရောက်လာခဲ့ရာ ထိုအကြောင်းအရာကို ကျွန်ုပ်အနေဖြင့် ဘယ်သို့မှ ပိတ်ပင်တားဆီး၍ မရအောင်ဖြစ်လာခဲ့ပါသည်။ ထို့နောက် လင်ဒါထံ စာများ ရေးလာသည်အထိ တစ်ဆင့်တက်လာပါသည်။ သူ့စာများမှာ ရိုးရိုးရှည်းစားစာ များပင် ဖြစ်သော်လည်း ရှည်လျား၍ မဆုံးနိုင်အောင် ဖြစ်နေပါသည်။ သို့သော် ထိုစာအားလုံးကို သူသည် လင်ဒါထံ ကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ သော်လည်းကောင်း၊ တစ်စောင်မျှပေးပို့ခြင်း မပြုဘဲ ကျွန်ုပ်ထံသို့သာ ရှေးဦးစွာ ပေးလေ့ရှိပါသည်။ ကျွန်ုပ်က ထိုစာများကို ဂျက်ကီ၏ လူနာမှတ်တမ်းဖိုင်ထဲသို့ ထည့်ထားခဲ့ရာ အဆိုပါဖိုင်တွဲမှာ ယခုအခါ စာရွက်စာတမ်း အတော်ပင် များနေ ပြီဖြစ်ပါသည်။ သို့သော်ဂျက်ကီသည် လင်ဒါအား ယနေ့အထိ ကိုယ်တိုင် ကိုယ် ကျ အနားသို့ချဉ်းကပ်ခြင်း အလျဉ်းမလုပ်ပဲနေခဲ့ရာ ဤသည်မှာ ကျွန်ုပ်က ပြင်း ပြင်းထန်ထန် သတိပေးဟန့်တားထားသောကြောင့် ဟူ၍ပင် ယူဆရပါသည်။

ကျွန်ုပ်သည် လင်ဒါကိုလည်း တစ်ဘက်လှည့်ဖြင့် သတိပေးထားရပါ သည်။ သို့သော် သတိပေးရာတွင် ပရိယာယ်ဖြင့် အလိမ္မာသုံးခဲ့ရပါသည်။ ကျွန်ုပ် က ယခုခေတ်တွင်မိန်းမသားတစ်ဦးတည်းနေထိုင်လျှင် စော်ကားမော်ကားလုပ် ရန် အလစ်ချောင်းနေသည့် မသမာသူများ အလွန်ပေါများကြောင်း စကားစ လိုက်ပြီးမှ မသိမသာ ဆက်ပြောရပါသည်။

"ဒါပေမယ့် မင်းယောက်ျား အက်ဒ်ဝပ်ကတော့ မင်းကို ဘယ်တော့မှ တစ်ယောက်တည်း ပစ်မထားတတ်ဘူးထင်ပါတယ် ဟုတ်လားလင်ဒါ"

လင်ဒါကအသံကလေးထွက်အောင်ပင် ရယ်လိုက်ပါသည်။

"ကျွန်မကို တစ်ယောက်တည်း ဘယ်တော့မှ ထားမသွားတတ်ပါဘူး။ ပြီးတော့ သူက ညနေတိုင်းအိမ်ကို စောစောပြန်လာတတ်ပါတယ်။ ကျွန်မတော လည်း သူ့ကို ပြောပြရတာပေါ့ဆရာရယ်။ လက်ထပ်ခဲ့တာဟာ တစ်ယောက်တည်း နေဖို့မဟုတ်ဘူးလို့ ပြောရတာပေါ့"

ကျွန်ုပ်မှာ အတော်ကလေး စိတ်သက်သာရာ ရသွားပါသည်။ သူ့ ယောက်ျားကအိမ်တွင် အမြဲကာကွယ်စောင့်ရှောက်နေပြီး ရုံးခန်းအတွင်းတွင် လည်း ကျွန်ုပ်၏ မျက်စိအောက်မှာပင် အမြဲတစေ ရှိနေမည်ဖြစ်ရာ အထယ်၍

www.burmeseclassic.com

www.burmeseclassic.com



ဂျက်ကီက အကြမ်းဖက်ရန် ကြိုးစားသည့်တိုင်အောင် လင်ဒါမှာ အန္တရာယ်ဆိုးဆိုးဝါးဝါးမရှိနိုင်ဟု ကျွန်ုပ်တစ်ထစ်ချ ယုံကြည်မိပါသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်၏ လေ့လာသုံးသပ်ချက်အရ ဂျက်ကီသည် စိတ်ကူးယဉ်စိတ္တဇရောဂါစွဲကပ်နေသူဖြစ်၍ သူ၏တစ်ခုသောဘဝသည် ကြီးကျယ်ခမ်းနားသော အိပ်မက်များနှင့် ယုတ္တိကင်းမဲ့သော မုသားများဖြင့် ဖုံးလွှမ်းနေသည်ဟု ယုံကြည်ယူဆမိပါသည်။

ထို့နောက် အခိုက်အတန့်အားဖြင့် အခြေအနေမှာ အတော်ကလေးကောင်းမွန်လာခဲ့ပါသည်။ ဂျက်ကီသည် ပထမဆုံးအကြိမ် သူ့ရောဂါအတွက် အကူအညီရယူလိုသည့် ဆန္ဒများ ဖြစ်ပေါ်လာပါသည်။ သူသည်စိတ်ပျက်လက်ပျက်ဖြင့် စကားမပြောဘဲ ငြိမ်နေသော်လည်း ကျွန်ုပ်ပြောသမျှ စကားများကို ယခင်ကထက် အာရုံစိုက်ကာ နားထောင်လာတတ်ပါသည်။ သူ့ကိုယ်သူ ထိန်းထိန်းသိမ်းသိမ်း နေသွားမည်ဟူ၍ ယခင်ကလို ဆုံးဖြတ်ချက် ချရုံမျှသာချပြီး မလိုက်နာဘဲ ရှိနေသေးသော်လည်း၊ ယခင်ကထက် အနေအထိုင် အပြောအဆို တည်တည်တန့်တန့် ဖြစ်လာသည်ကို တွေ့ရပါသည်။ သူသည် ညဘက်များ၌ မြို့ထဲသို့ ယခင်ကလို လူခြေတိတ်ချိန်များ၌ ဟိုဟိုသည်သည် သွားလာနေသေးသော်လည်း တစ်စုံတစ်ရာ မတော်မတရားပြုမှုများကို ကျူးလွန်ခြင်းမရှိတော့ပါ။ အထူးသဖြင့် သူ့စိတ်ထဲတွင် ယခင်ကလို စိတ်မိုက်စိတ်ရိုင်းများက ဖြစ်မှုများကို ကျူးလွန်ရန် လှုံ့ဆော်နေဆဲပင်ဖြစ်သော်လည်း သူ့ကိုယ်သူ အတတ်နိုင်ဆုံး ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း သူက ဂုဏ်ယူသည့်လေသံဖြင့် ဖွင့်ဟ ပြောကြားခဲ့ပါသည်။ ဤအချက်နှင့် စပ်လျဉ်း၍အထင်ရှားဆုံးမှာ သူသည် ယခုအခါ လင်ဒါအကြောင်းကို ယခင်ကလို တဖွဖွ မပြောတော့ရုံမျှမက လိုလိုလားလား ရည်းစားစာများလည်း လုံးဝမရေးတော့ဘဲ ဖြစ်သွားပါသည်။

သို့ဖြင့် ဤတိုက်ပွဲတွင် အခြေအနေတစ်မျိုး ပြောင်းသွားပြီဟု ကျွန်ုပ် စိတ်ထဲက ပထမဆုံးအကြိမ် ယူဆလိုက်မိပါသည်။ ဂျက်ကီသည် မကြာမီ ကိုယ့်ကိုယ်သူ လုံးဝထိန်းသိမ်းနိုင်ပြီး သူ့ဘဝအစစ်အမှန်ကို သိလာတော့မည် ဖြစ်သည်။

□□□



တစ်ခုသော ကြာသပတေးနေ့ မွန်းလွဲပိုင်းတွင်ဂျက်ကီတစ်ယောက် မမျှော်လင့်ဘဲ ရောက်လာပါသည်။ သူ့ကိုကြည့်ရသည်မှာ အတော်ကလေး စိတ်လှုပ်ရှားနေပုံရပါသည်။ သို့သော် သူသည် လူနာထိုင်သည့် ကုလားထိုင်ကြီးပေါ်တွင် နာရီဝက်ခန့်ထိုင်ကာ စကားလည်းမပြော၊ ကျွန်ုပ်ကိုလည်း လုံးဝမကြည့်ပဲ ဖြစ်နေပါသည်။ နောက်ဆုံးတွင်မှ သူက ရုတ်တရက် စကားစပြောလိုက်ပါသည်။

"အလကားကောင်မလေးပါ။ ကိုယ့်သိက္ခာမှ ကိုယ်မရှိသေးဘူး"

ဘယ်သူ့ကိုရည်ရွယ်၍ ပြောနေသည်ကို ကျွန်ုပ်သိလိုက်ပါသည်။ သို့သော် ဝို၍သေချာအောင် မေးကြည့်လိုက်ပါသည်။

"ဘယ်သူလဲ လင်ဒါလား"

"ဒါပေါ့ဗျ။ ကျွန်တော့်မျက်စိနဲ့ တပ်အပ်မြင်ခဲ့တာ။ မနေ့ညကပေါ့။ သူတို့နေတဲ့အခန်းပြတင်းပေါက်ကို လှမ်းကြည့်လိုက်တော့ သူနဲ့သူ့ယောကျ်ားတို့ခွေးကောင်ဟာ တစ်ယောက်ကိုတစ်ယောက် ပွေ့လိုက်ကြ ဖက်လိုက်နမ်းနေလိုက်တာများဗျာ နှစ်ယောက်စလုံး အရှက်ကိုမရှိဘူး။ တကယ်ဆို ပြတင်းပေါက်လိုက်ကာကိုတော့ ချထားဖို့ ကောင်းပါတယ်"

"ဂျက်ကီ ခင်ဗျား ကျွန်တော့်ကို ကတိပေးထားတယ် မဟုတ်လား"

"ဘာလဲ. . ခင်ဗျားကိုယ်တိုင်က ဒါတွေကြားရလို့ စိတ်မကောင်း ဖြစ်နေသလား"

သူသည် လက်နှစ်ဖက်ကို ကွေးချည်ဆန့်ချည်ဖြင့် ဒေါသ အကြီးအကျယ် ထွက်နေပုံရပါသည်။

"ပြီးတော့ ဝတ်ထားတဲ့ အဝတ်အစားကလည်း မလုံမလဲနဲ့၊ အတွင်းခံအကျႌပဲရှိတယ်။ အကျႌက အနီရောင်ကလေးဗျ"

သူက စိတ်ပါလက်ပါ ပြောနေခဲ့သည်။

"ညစာစားဖို့ ထမင်းပွဲကလည်း အသင့်ပြင်ထားတယ်"

ကျွန်ုပ်က ဂျက်ကီပြောသမျှကို စိတ်မဝင်စားသလို၊ မကြားသလို နေလိုက်ပါသည်။ သူကမူ လင်ဒါနှင့်သူ့ယောကျ်ားတို့၏ အပြုအမူများကို သူမြင်ခဲ့တွေ့ခဲ့ရသလောက် အသေးစိတ် ပြောပြနေပါသည်။ သူသည် တစ်ချိန်လုံး ပြတင်းပေါက်မှ ချောင်းကြည့်နေခဲ့ဟန် တူပါသည်။ နောက်ဆုံးတွင် ကျွန်ုပ်

www.burmeseclassic.com



သည် သည်းမခံနိုင်တော့ဘဲ. . .

"ဂျက်ကီ ဆက်မပြောနဲ့တော့ တော်တော့"ဟု အတိအလင်း တား လိုက်ရပါသည်။

သို့သော် သူသည် ကျွန်ုပ်၏စကားကို မကြားသလို ဆက်ပြောမြဲ ပြော နေပါသည်။

"သူဝတ်ထားတဲ့ အတွင်းခံအင်္ကျီကလေးရဲ့ ဘယ်ဘက်က ရင်ဘား ပေါ်မှာ အသည်းပုံလေးတစ်ခု ကပ်ထားတယ်ဗျ။ အဲဒီအသည်းပုံကလေး အတော့်ကို လှတယ်။ ဘယ်လောက်များ လှသလဲဆိုတော့ ခင်ဗျားသာ မြင်ရ အဲဒီအသည်းပုံကလေးကို တစ်ခါတည်း ဆွဲဆုပ်မိမှာပဲ"

"ဂျက်ကီ ခင်ဗျားကျွန်တော်ပြောတာ နားထောင်စမ်းပါ၊ ဒီလော ဆိုရင် တော်လောက်ပြီ"

သူသည် ရှိုးတိုးရှန့်တန့် ဖြစ်သွားပါသည်။

"ကျွန်တော် ဘာမှမလုပ်ခဲ့ပါဘူး။ ကြည့်ရုံသာ ကြည့်ခဲ့တာပါ၊ ဒါနဲ့ ခင်ဗျားက ဘာဖြစ်လို့ ဒေါပွနေရတာလဲ"

မှန်ပါသည်။ ကျွန်ုပ်သည် အကြီးအကျယ် ဒေါပွနေပါသည်။

"ဒီမယ်ဂျက်ကီ ခင်ဗျား အခုလုပ်ခဲ့တာကိုပဲ လွန်လှပြီ"

ကျွန်ုပ်သည် ပြောရင်းဆိုရင်းဖြင့် ဒေါသကို တဖြည်းဖြည်း ထိန်း ပါသည်။

"တကယ်တော့ ခင်ဗျားဟာ အသိဉာဏ်ရှိတဲ့ ပညာတတ်တစ်ယော ပါ။ အခု ခင်ဗျားရဲ့အပြုအမူနဲ့ပတ်သက်လို့ ခင်ဗျားဘဝဟာ ဘယ်အခြေ ရောက်သွားနိုင်တယ်ဆိုတာ ခင်ဗျား စဉ်းစားကြည့်ရင် သိနိုင်ပါတယ်။ ခင်ဗျားရဲ့ပြဿနာကို ကျွန်တော်နဲ့ခင်ဗျားနဲ့ နှစ်ယောက်တည်း ဖြေရှင်းရင် မယ်လို့ ကျွန်တော် တစ်ထစ်ချ ယုံကြည်နေတယ်။ ဒါပေမယ့် အခုခင်ဗျား တဲ့ အပြုအမူမျိုးကို ခင်ဗျား နောက်တစ်ကြိမ်ကျူးလွန်မိရင်တော့ ကျွန် ဟာ အပြင်အပက အကူအညီကိုရယူလိမ့်မယ်"

သူသည် ထိုင်နေရာမှ ဖြုန်းခနဲထလိုက်ပြီး ကျွန်ုပ်အပေါ်မှိုး ကာ ကျွန်ုပ်၏မျက်နှာကို မထီမဲ့မြင်အကြည့်မျိုးဖြင့် စိုက်ကြည့်လိုက်



ပြီးမှ. . .

"ဒီမယ် ဒေါက်တာ၊ ခင်ဗျားဟာ တကယ်တော့ ကျွန်တော့်ရောဂါတို ပျောက်အောင်ကုပေးချင်တာ မဟုတ်ပါဘူး။ ကျွန်တော့်ဘဝကိုကြည့်ပြီး ခင်ဗျား သာယာနေတာပါ"

ထို့နောက် ဂျက်ကီသည် အခန်းထဲမှ ထွက်သွားခဲ့သည်။

သူထွက်သွားပြီးနောက် ကျွန်ုပ်သည် တစ်ချိန်လုံး ကျွန်ုပ်၏စားပွဲပေါ် မှ တယ်လီဖုန်းကိုသာ စိုက်ကြည့်နေခဲ့မိပါသည်။ ဂျက်ကီနှင့်ပတ်သတ်သည့် ပြဿနာအားလုံးကို ရဲဘက်သို့ တယ်လီဖုန်းဆက်၍ အကြောင်းကြားလိုက်ခြင်း ဖြင့် အပြီးသတ်ဖြေရှင်းလိုက်ရလျှင် ကောင်းလေမလားဟု စဉ်းစားနေမိပါသည်။ သို့သော် ကျွန်ုပ်မှာ တယ်လီဖုန်းစကားပြောခွက်ကိုပင် ကောက်၍ ကိုင်နိုင်စွမ်း မရှိတော့ပါ။ ဂျက်ကီနှင့် နောက်တစ်ကြိမ်တွေ့ဦးမည်ဟု စိတ်ပိုင်းဖြတ်လိုက်ပါ သည်။ ထိုသို့ နောက်တစ်ကြိမ် တွေ့ပြီးမှ ရှေ့ဆက်၍ ဘာလုပ်ရမည်ကို ဆုံးဖြတ် မည်ဟု စိတ်စဉ်လိုက်ပါသည်။ ဘာပဲဖြစ်ဖြစ် ဂျက်ကီသည် ကျွန်ုပ်ထံ နောက်တစ် ကြိမ် မုချလာဦးမည်ဟု တစ်ထစ်ချ ယူဆထားပါသည်။

ကျွန်ုပ် ယူဆထားသည့်အတိုင်း နောက်တစ်ပတ်တွင် သူရောက်လာ ခြန်ပါသည်။ သူ့ကိုကြည့်ရသည်မှာ သူ့ကိုယ်သူ ယုံကြည်မှုရှိသည့် အမူအရာမျိုး အပြည့်အဝ မြင်တွေ့နေရပါသည်။ ကျွန်ုပ်မှာ ကျွန်ုပ်စိတ်ထဲက ဖြစ်ပေါ်နေ သည့် လှုပ်ရှားမှုများကို မနည်းဖုံးထားရပါသည်။ ကျွန်ုပ်ကပင်စတင်၍ ပြောကြား လိုက်ပါသည်။

"ဂျက်ကီ ခင်ဗျားနဲ့ အရင်တစ်ခေါက်တုန်းက ပြောခဲ့ဆိုခဲ့တဲ့ ကိစ္စတွေ မှတ်မိသေးရဲ့လား"

သူသည် ကျွန်ုပ်၏စားပွဲသို့ လျှောက်လာပြီး ကျွန်ုပ်အား အပေါ်မှဆီး ၍ ကြည့်ရင်း ပြန်ပြောလိုက်ပါသည်။

"ဪ မှတ်မိတာပေါ့၊ ကောင်းကောင်းကြီး မှတ်မိပါတယ်"

"ဒီလိုဆိုရင် ခင်ဗျားအနေနဲ့ ဆုံးဖြတ်ချက်တစ်ခုခု ချပြီးပြီပေါ့"

"ဟုတ်ပါတယ်၊ ဆုံးဖြတ်ချက် ချပြီးပါပြီ။ ကျွန်တော့်ကိုယ်ကျွန်တော် နောက်ဆုံးလုပ်စရာရှိတာ လုပ်ပြီးသွားရင် အားလုံးကောင်းအောင် ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



ဝါတော့မယ်"

"နောက်ဆုံးလုပ်စရာရှိတာ လုပ်ပြီးသွားရင် ဟုတ်လား"

ကျွန်ုပ်သည် ရုတ်တရက် သူ့မျက်နှာကို မော့ကြည့်လိုက်မိပါသည်။

"အဲဒါက ဘာပြောတာလဲ"

"ဩော် ကျွန်တော် လင်ဒါကို တတ်နိုင်သလောက် ပြုစုစောင့်ရှောက် သွားပြီးရင် ပြောတာပါ။ ဒါမှလည်း ကျွန်တော့်စိတ်ထဲမှာရှိနေတဲ့ မကောင်းမှု ကျူးလွန်ချင်တဲ့စိတ်တွေ တစ်ခါတည်း ပျောက်သွားပါလိမ့်မယ်။ အဲဒီကျတော့ ကျွန်တော်ဟာ တစ်သက်လုံး လူကောင်းသူကောင်းဘဝကို ပြန်ရောက်သွားမှာ ပါပဲ"

သူ့အသံမှာ ရွှင်ရွှင်ပြပြဖြင့် တကယ့်လူငယ်တစ်ယောက်လို တက်ကြ နေပါသည်။

"ကျွန်တော့်ရောဂါဟာ ဒီနည်းနဲ့မှ ပျောက်တော့မှာပဲ"

ကျွန်ုပ်မှာ ဂျက်ကီ၏သဘာဝမကျ၊ မဖြစ်နိုင်သောစိတ်ကူးယဉ်မှု မယုံနိုင်လောက်အောင် တအံ့တသြဖြင့် ဖြစ်သွားမိပါသည်။

"ဂျက်ကီ. . ."ကျွန်ုပ်က ခပ်တိုးတိုး လှမ်းပြောလိုက်သည်။

"အဲဒါ မဖြစ်နိုင်ဘူးထင်တယ်၊ ဒီအတိုင်းဆိုရင် အားလုံးအမှားမှား အယွင်းယွင်းတွေ ဖြစ်ကုန်လိမ့်မယ်။ ခင်ဗျားအနေနဲ့ ဒီလိုစိတ်ကူးမျိုးကိုမှား စဉ်းစားမိတာ ကျွန်တော်ဖြင့်. . ."

"ဒါတော့ နောက်ဆုံးကျူးလွန်တဲ့ ပြစ်မှုတစ်ခုလို့ပဲ သဘောထားလိုက် ပေါ့ဗျာ"

သူ၏နှုတ်ခမ်းထောင့်စွန်းတစ်နေရာမှ မဲ့ပြုံးပြုံးလိုက်သည်ကို ကျွန် တော် မြင်လိုက်မိပါသည်။

"အဲဒါ ပြီးတဲ့နောက်တော့ အားလုံး ကိစ္စရှင်းသွားမှာပါ။ ကျွန်တော့် အနေနဲ့ ဒီလိုလုပ်မှ ဖြစ်မယ်ဆိုတာ ခင်ဗျားအသိဆုံးပါ ဒေါက်တာ။ အဲဒီတော့ ဒါတွေထားလိုက်ပါတော့။ လောလောဆယ် လင်ဒါ့ကိုသာ အခန်းထဲခေါ်လိုက် ပါ။ သူရောက်လာတော့ ကျွန်တော်ရှင်းပြပါ့မယ်"

သူသည် ပြောရင်းဆိုရင်း အင်္ကျီလက်မောင်းနှစ်ဘက်ကို မသိမသာ



ဝင့်လိုက်ပါသည်။

"မခေါ်နိုင်ဘူး လင်ဒါ့ကို ခေါ်မပေးနိုင်ဘူး"

ကျွန်ုပ်က အော်ပြောလိုက်မိပါသည်။

"ခင်ဗျား. . အခုလိုပြောတာတောင် လွန်လှပြီ။ အဲဒီတော့ ခင်ဗျား အေးအေးဆေးဆေးထိုင်ပြီး စဉ်းစားပါဦး။ ခင်ဗျားပြောတာ လုံးဝမဖြစ်နိုင်ဘူးဆို တာ ခင်ဗျားစဉ်းစားကြည့်ရင် သိပါလိမ့်မယ်"

"ဒီလောက်လည်း ဒီကိစ္စက ခင်ဗျားထင်သလောက် မခဲယဉ်းပါဘူး။ လွယ်လွယ်လေးပါ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်ဟာ ခင်ဗျားထက်ပိုပြီး အားကောင်း ပါတယ်။ တကယ့်တကယ်ကျတော့ ခင်ဗျားဟာ ကျွန်တော့်ကို မနိုင်ပါဘူး။ ပြီးတော့. . . အခု ဒီအခန်းထဲမှာက ခင်ဗျားနဲ့ကျွန်တော် နှစ်ယောက်တည်း ရှိ နေတာပဲ"

ဂျက်ကီ၏ စကားမှာအမှန်ပင်ဖြစ်နေပါသည်။ လောလောဆယ် အခိုက်အတန့်တွင် သူသည် ကျွန်ုပ်အား အဘက်ဘက်မှအနိုင်ရနေသူဖြစ်ပါ သည်။ သို့သော် နောက်ဆုံး အသနားခံသည့်အနေဖြင့် တောင်းပန်ကြည့်ရဦး မည်ဖြစ်ပါသည်။

"ဂျက်ကီ ဘာပဲဖြစ်ဖြစ် ခင်ဗျားကိုယ်ခင်ဗျား ဘာလုပ်နေတယ်ဆိုတာ စဉ်းစားကြည့်ပါဦး၊ ခင်ဗျားအခုလို လုပ်လိုက်ရင် နောက်ထပ် ဘာတွေဖြစ်လာ နိုင်တယ်ဆိုတာလည်း ထည့်တွက်ပါဦး၊ ခင်ဗျားကို တခြားလူတွေက ဘယ်လို မြင်ကြမယ်၊ ဘယ်လိုလုပ်ကြမယ်ဆိုတာလည်း စဉ်းစားဦးမှပေါ့ ဂျက်ကီ"

"ဒါတွေ ကျွန်တော် စဉ်းစားပြီးပါပြီ၊ ကျွန်တော့်အနေနဲ့ လောလော ဆယ်လိုချင်တာက ငြိမ်းချမ်းရေးရဖို့ပဲ"

သူက တည်တည်ငြိမ်ငြိမ်ပင် ပြန်ပြောပါသည်။

"ဒါနဲ့ပတ်သက်လို့ ကျွန်တော် သူတို့ကိုရှင်းပြရင် နားလည်သွားကြမှာ ပါ။ ဒါ့ထက်နေပါဦး။ ခင်ဗျားကို ကျွန်တော်ပေးထားတဲ့ ဓားကလေးတော ဘယ် မှာ သိမ်းထားသလဲ"

ကျွန်ုပ်မှာ ရုတ်တရက် မလှုပ်နိုင်အောင် ဖြစ်သွားပါသည်။ ရုတ် ချောင်မခတ်ဘဲ ခပ်တွေတွေ စိုက်ကြည့်နေဆဲမှာပင် ဂျက်ကီသည် ကျွန်ုပ် ဓား

www.burmeseclassic.com



ပွဲနှင့်ဗီရိုအံဆွဲများကို ဆွဲဖွင့်နေပါသည်။ သူ့စိတ်ထဲတွင် ဘာဖြစ်နေ၍ သူ ဘာလုပ်တော့မည်ကို သိနေပါလျက် ကျွန်ုပ်မှာ ဘာမှမတတ်နိုင်ဘဲ ဖြစ်နေပါသည်။ ဘယ်လိုမှ မတားနိုင် မဆီးနိုင်အောင် ဖြစ်နေခဲ့ပါသည်။ တုန်လှုပ်ချောက်ချား စရာကောင်းသည့် အခြေအနေတွင် ကျွန်ုပ်မှာ အိပ်မက်မက်သလို ဖြစ်တာ ကျွန်ုပ်ကိုယ်ကျွန်ုပ် မပိုင်နိုင်အောင် ဖြစ်နေပါသည်။အစစအရာရာ ဂျက်ကီက သာ လွှမ်းမိုးနေပါသည်။ နောက်ဆုံး၌ ဂျက်ကီသည် စားပွဲပေါ်မှ လူခေါ်သည့် ခလုတ်ကလေးကိုနှိပ်၍ လင်ဒါအားခေါ်လိုက်ရာ ကျွန်ုပ်မှာ တစ်စုံတစ်ရာ ထိတ်လန့်တုန်လှုပ်ဖွယ် ဖြစ်လာမည့်အချိန်ကို စောင့်နေခဲ့ရပါသည်။

ခဏအကြာတွင် အခန်းတံခါးပွင့်လာပြီး လင်ဒါဝင်လာပါသည်။ သူမသည် ခါတိုင်းကဲ့သို့ပင် ပြုံးပြုံးကလေးဝင်လာခဲ့ရာ အဖြူရောင်ဝတ်စုံဖြင့် သူမကိုယ်လုံးကလေးမှာ အလွန်ပန်းရ၍ ကျက်သရေ ရှိလှပါသည်။

"ဟုတ်ကဲ့ဆရာ. . ."

"လာပါလေ ဝင်ခဲ့ပါ"

ဂျက်ကီက အသံခပ်အက်အက်ဖြင့် လှမ်းခေါ်လိုက်ပါသည်။

"ခင်ဗျားကို ကျွန်တော်စောင့်နေရတာ ကြာပါပြီ"

လင်ဒါသည် အခန်းထဲသို့ တစ်လှမ်းချင်းဝင်လာခဲ့ရာမှ ဂျက်ကီ၏ ရုတ်တရက်ထိုင်ရာမှထ၍ သူမထံသို့တိုးလာခဲ့ရာ သူမမှာ မျက်လုံးကလေးများ ပြူးသွားပြီး အထိတ်တလန့် ဖြစ်သွားရှာပါသည်။

"ဟင်. . ဒါက ဘယ်လိုဖြစ်တာလဲ"

သူမသည် အလန့်တကြားဖြင့် နောက်သို့ဆုတ်လိုက်ပါသည်။

"လက်ထဲမှာလည်း ဓားနဲ့ပါလား၊ ဘာလုပ်မလို့လဲ"

ထိုအခိုက် ဂျက်ကီသည် လင်ဒါအား လှမ်း၍ခုန်အုပ်လိုက်ရာ လင်ဒါမှာ ကြောက်အားလန့်အားဖြင့် စူးစူးဝါးဝါး တစ်ချက်အော်လိုက်ပါသည်။ ဂျက်ကီသည် လင်ဒါအား ပခုံးနှစ်ဘက်ကို ချုပ်ကိုင်ထားရာမှ ရုတ်တရက် သူမ၏လည်ပင်းမှ အင်္ကျီစကို ဆွဲဆုတ်ပစ်လိုက်ပါသည်။ သို့သော် လင်ဒါသည် ဂျက်ကီထက် အားကောင်းနေသူဖြစ်ရာ အပြင်းအထန်ပြန်၍ခုခံရင်း ဂျက်ကီ၏ လက်နှစ်ဖက်ကို ဖမ်း၍ချုပ်ထားခဲ့ပါသည်။ ဂျက်ကီမှာ သွေးရူးသွေးတမ်း



နေပြီး လင်ဒါ၏မျက်နှာကို လှမ်း၍ကုတ်ဖဲ့ရင်း သူမ၏အင်္ကျီကို မရအရ ဆွဲဆုတ်လျက်ရှိနေပါသည်။ ဤအတောအတွင်း ကျွန်ုပ်မှာ အိပ်မွေ့ချခံထားရသည့် လူတစ်ယောက်ပမာ တစ်ကိုယ်လုံးမလှုပ်မရှားနိုင်ဘဲ မျက်စိအောက်မှ ထိတ်လန့်ကြောက်မက်ဖွယ်ရာ မြင်ကွင်းကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေမိပါသည်။ လင်ဒါသည် ဂျက်ကီ၏လက်ထဲမှ ရုန်းရင်းကန်ရင်း ကြမ်းပြင်ပေါ်သို့ လဲကျသွားပြီး ဂျက်ကီ၏ ခြေရင်းတွင်တွန့်လိမ့်ကောက်ကွေးလျက် ရှိနေရှာပါသည်။ ထိုအခိုက်မှာပင် ဂျက်ကီသည် ကျားဟိန်းသံလို တစ်ချက်ကြုံး၍ အော်လိုက်ပြီး သားလှီးဓားကိုင်ထားသော လက်ကိုမြှောက်၍ လင်ဒါအား ချက်ကောင်းကို ထိုးရန် ရွယ်လိုက်ပါသည်။ လင်ဒါသည် ငယ်သံပါအောင် အော်ရင်းက ဂျက်ကီ၏ နာမည်ကိုခေါ်ရင်း ချမ်းသာပေးရန်တောင်းပန်လိုက်ပါသည်။

သို့သော် လင်ဒါခေါ်လိုက်သည့်အသံမှာ ဂျက်ကီ၏အမည်မဟုတ်ဘဲ ကျွန်ုပ်နာမည် ဖြစ်နေပါသည်။

"ဒေါက်တာကိုနီတာ. . ဆရာ. . . ဆရာ ကျွန်မကို မသတ်ပါနဲ့ ဆရာ၊ ကျွန်မကိုချမ်းသာပေးပါ ဒေါက်တာကိုနီတာ"

ရုတ်တရက် ကျွန်ုပ်၏ဦးခေါင်းထဲသို့ အလွန်တရာ စူးရှချွန်ထက်သည့် အရာဝတ္ထုတစ်ခုနှင့် ထိုးသွင်းခြင်း ခံလိုက်ရသလို မြက်ခနဲ ဖြစ်သွားပါသည်။ ချက်ချင်းပင် ပတ်ဝန်းကျင်ကို သတိထား၍ ကြည့်လိုက်သောအခါ ကျွန်ုပ်သည် စောစောကလို လူသတ်မှုတစ်ခုဖြစ်အံ့ဆဲဆဲ ဘေးမှရပ်ကြည့်နေသူ မဟုတ်တော့ဘဲ ကျွန်ုပ်ကိုယ်တိုင်က လူသတ်ရန် ကြိုးစားနေသည့် လူတစ်ယောက်ဖြစ်နေသည်ကို တွေ့လိုက်ရပါသည်။ ကျွန်ုပ်သည် ကျွန်ုပ်၏လက်ထဲမှ သားလှီးဓားကိုလည်းကောင်း၊ ကျွန်ုပ်ခြေရင်းတွင် ခွေခွေကလေးဖြစ်နေသော လင်ဒါကိုလည်းကောင်း တအံ့တသြကြည့်နေမိပါသည်။ မှန်ပါသည်။ လင်ဒါကိုသတ်ရန် ကြိုးစားနေသော ဂျက်ကီနယူးမင်းမှာ ကျွန်ုပ် ဒေါက်တာဂျွန်ကားမစ်တိုနီတာပင် ဖြစ်နေသည်ကို တွေ့လိုက်ရသည်။ နောက်ဆုံး၌ ကျွန်ုပ်သည်ပင် ဂျက်ကီဖြစ်နေခဲ့သည်တကား။

အမှန်စင်စစ် ဂျက်ကီ၏စိတ်ရောဂါသည် ကျွန်ုပ်၏ရောဂါပင် ဖြစ်ပါသည်။ သို့ဖြစ်၍လည်း ကျွန်ုပ်သည် ဂျက်ကီ၏ရောဂါကို ဤမျှလေ့လာသုံးသပ်

www.burmeseclassic.com



နေမိခြင်း ဖြစ်သည်။ ကျွန်ုပ်ကိုယ်တိုင် ခံစားနေရသော စိတ်ဝေဒနာကို တခြားလူတစ်ယောက် ခံစားနေရသကဲ့သို့ တွေးတောမိရာမှ လူသစ်တစ်ယောက် ဖြစ်သော ဂျက်ကီကို ကျွန်ုပ်စိတ်ထဲ ဖန်ဆင်းခဲ့မိခြင်း ဖြစ်ပါသည်။ ကျွန်ုပ်၏စိတ်ထဲတွင် ဖြစ်ချင်သမျှ ခံစားချင်သမျှကို ကျွန်ုပ်ကိုယ်ပွားဖြစ်သော ဂျက်ကီအနေဖြင့် ဖြစ်ခဲ့ ခံစားခဲ့ခြင်းဖြစ်ပါသည်။ တကယ်တော့ ကျွန်ုပ်ဘဝတွင် မဖြစ်နိုင်သမျှကို ဂျက်ကီဘဝတွင် ဖြစ်စေခဲ့ပါသည်။ ဤသို့ဖြင့် ကျွန်ုပ်၏ဘဝဖြစ်စဉ်တွင် နာကျည်းခဲ့ရသော အောင့်အီးခဲ့ရသမျှ စိတ်ဝေဒနာရရှိခဲ့ခြင်း ဖြစ်ပါသည်။ အထူးသဖြင့် ဆေးကောလိပ်တွင် ပညာသင်နေစဉ် အိမ်ထောင်ကျခဲ့ရာမှ ကျွန်ုပ်သည် ဆေးကျောင်းသားဘဝဖြင့် ခုနစ်နှစ်လုံးလုံး ကျွန်ုပ်၏ဇနီး ဟယ်လင်၏ လွှမ်းမိုးချယ်လှယ်မှုကို ခံခဲ့ရပါသည်။ ကျွန်ုပ်သည် ဟယ်လင့်အား ထိုအကြောင်းကြောင့်ပင် အမုန်းကြီးမုန်းခဲ့၏။ သူသေဆုံးသွားသည်ကိုပင် ဝမ်းမနည်းဘဲဝမ်းသာခဲ့၏။ သို့သော် ဟယ်လင်သေဆုံးသည့်အခါ ကျွန်ုပ်ဘဝကို အသစ်တဖန်ပြောင်းလဲပစ်ရန် အချိန်မရှိတော့ဘဲ အချိန်နှောင်းခဲ့ပြီ ဖြစ်လေသည်။ ကျွန်ုပ်၏ဘဝတွင် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ရမည့်အသက်အရွယ်မှ ကျော်လွန်လာခဲ့ပြီ ဖြစ်၏။ အမှန်တရားကို ကြောက်ရွံ့၍ သတ္တိကြောင်လှသော ကျွန်ုပ်သည် အမှန်တရားကို မကြောက်ဘဲ သတ္တိရှိလှသည့် ဂျက်ကီကို ကိုယ်ပွားအဖြစ် စိတ်ထဲကမှန်း၍ ဖန်ဆင်းကြည့်ခဲ့ခြင်း ဖြစ်၏။ သို့တိုင်အောင် ဂျက်ကီသည် ကျွန်ုပ်ခံစားခဲ့ရသော နာကျည်းချက်များကို အချို့နေရာများ၌ ဖုံးကွယ်ထားခဲ့သေး၏။ ယခုသော် ဂျက်ကီသည် ကျွန်ုပ်ပင်ဖြစ်ကြောင်း ကျွန်ုပ်သိလိုက်ရပေပြီ၊

သို့ဖြင့် ကျွန်ုပ်၏ နာကျည်းဖွယ်ရာအဖြစ်ကို လျှပ်တစ်ပြက်စဉ်းစားနေဆဲမှာပင် လင်ဒါသည် ကျွန်ုပ်၏ခြေရင်းမှ ကျွန်ုပ်၏ဖမ်းဆီးချုပ်နှောင်ထားခြင်းကို ရှုန်းတန်ကား လှစ်ခနဲ ပြေးထွက်သွားပါတော့သည်။ ထို့နောက် ဘာမျှ မကြာလိုက်ပဲ အနီးအနားမှ လူပေါင်းတစ်ဒါဇင်ခန့်နှင့်အတူ လင်ဒါပြန်ရောက်လာခဲ့သည်။ သူတို့တတွေသည် ကျွန်ုပ်အနီးသို့ အထူးသတိထား၍ ချဉ်းကပ်လာကြသည်။ သို့သော်သူတို့အတွက် ဘာမျှ ကြောက်စရာမလိုတော့ပါ။ ကျွန်ုပ်သည် လက်ထဲမှ သားလှီးဓားတိုပစ်ချလိုက်ပြီး သူတို့၏ရှေ့တွင် ဒူးထောက်လျက်သား ဖြစ်နေခဲ့ပါသည်။



ယခုဆိုလျှင် ကျွန်ုပ်သည် အုတ်နံရံနှင့် သံတိုင်များကာရံ၍ ရောမသော့ခလောက်ကြီးများ ခတ်ထားသည့် ဤအခန်းကျဉ်းကလေးတွင် တစ်ယောက်တည်းထိုင်ရင်း ဆယ်ကြိမ်မြောက် သို့မဟုတ် အကြိမ်တစ်ရာမြောက် ဖြစ်နေမည်လားမသိ။ ကျွန်ုပ်ထံ လာရောက်၍ ကျွန်ုပ်၏ဖြစ်ပျက်ခဲ့သမျှ အကြောင်းချင်းရာများကို အသေးစိတ် မေးမြန်းစုံစမ်းကြမည့် လူသုံးယောက်ကို စောင့်မျှော်နေရသည့်ဘဝသို့ ရောက်ရှိနေခဲ့ပေပြီ။ ကျွန်ုပ်သည် သူတို့တတွေ မေးကြမြန်းကြပြောကြဆိုကြမည့် စကားလုံးများကို အားလုံးတစ်ခုမကျန်သိပြီး ဖြစ်နေပေသည်။ စိတ်ကူးယဉ် စိတ္တဇရောဂါ၊ မသိစိတ်ဖြင့် ကိုယ့်အပြစ်ကိုယ် ဖုံးကွယ်ခြင်း၊ စိတ်လှုပ်ရှားရာမှ ပဋိပက္ခစိတ်ကို ဖန်တီးခြင်း စသည်ဖြင့်. . . .။

သို့သော် ဤစကားလုံးများသည် ယခုအခါ အရာမရောက်တော့ပါ။ အဘယ်ကြောင့်ဆိုသော် ဂျက်ကီသည် ဘယ်တော့မှ ပြန်လာတော့မည် မဟုတ်သောကြောင့်တည်း။

မှန်သည်၊ ကျွန်ုပ်သည်လည်း ပြန်လာတော့မည် မဟုတ်တော့ပါ။

□□□

www.burmeseclassic.com

www.burmeseclassic.com

'ဒီနေရာမှာ သူဟာ ခင်ဗျားတို့နဲ့အတူ အမဲလိုက်ဖို့
တောထဲကိုထွက်လာတဲ့အချိန်မှာ
ဘယ်လောက်ဝေးတဲ့နေရာကကြည့်ကြည့်
သူနဲ့ခင်ဗျားတို့အားလုံးနဲ့
ကွဲကွဲပြားပြား ခြားနားနေတဲ့အချက်ကတော့
သူဝတ်ထားတဲ့ မီးခိုးရောင်အမဲလိုက်အင်္ကျီပါပဲ'

## မီးခိုးရောင် အမဲလိုက်အင်္ကျီတစ်ထည်

နံနက်ခင်းအရုဏ်၏ နီလာရောင် ပတ္တမြားရောင်များသည် ကန်၏ရေပြင်ပေါ်သို့ ယှက်ဖြာကျဆင်းလျက်ရှိသည်။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ အလွန်အေးချမ်းလှသည့် နံနက်ခင်းဖြစ်သည်။ ကန်စောင်းတလျှောက်တွင် အချွန်အတက်ကလေးများဖြင့် ပုံစံအမျိုးမျိုးဖြစ်နေကြသော ရေခဲတုံး အစအနကလေးများသည် မကြာမီရေကန်ထဲသို့ အရေပျော်၍ ဆင်းတာ ယခုနှစ်အတွက် ပထမဆုံးလျှောင်ရေအဖြစ် ရောက်ရှိသွားကြတော့မည်ဖြစ်သည်။

ထိုအခိုက်မှာပင် နိုင်ဖယ်သေနတ်သံတစ်ချက် အနောက်ဘက်တောတန်းဆီမှ ထွက်ပေါ်လာသည်ကို ပီပီသသကြီး ကြားလိုက်ရသည်။

ဂါထရုအင်းဖို့သည် အိပ်ရာမှလန့်နိုးသွားသည်။ အိပ်မှုံစုံမွှားပင် ဖြစ်သော်လည်း သေနတ်သံမှန်း ကောင်းကောင်းကြီး သိလိုက်သည်။ တစ်ချိန်တည်းမှာပင် ယခု သူမရောက်နေသည့်နေရာကိုလည်း ကောင်းကောင်းကြီးသိလိုက်သည်။ ယနေ့ ဘာနေ့ဖြစ်၍ ယခု ဘယ်အချိန်ရှိနေသည်ကိုပါ သူမအနေဖြင့် ကောင်းကောင်းကြီး သိနေသည်။ ယခု သူမ အိပ်ရာက နိုးလာသည်တိုင်ပင် သေနတ်သံကြောင့် ဟုတ်မှဟုတ်ပါလေစဟု သံသယဖြစ်လိုက်မိသည်။

ဂါထရုသည် ပိန်ပိန်ပါးပါး သွယ်သွယ်လျလျဖြင့် သွက်လက်ချက်ချာ

www.burmeseclassic.com



သည့် အမျိုးသမီးတစ်ယောက် ဖြစ်သည်။ ယောကျ်ားတစ်ယောက်လို အနေ အထိုင်အသွားအလာ ကြမ်းတမ်းသည်။ နေရာတကာ အာသွက်လျှာသွက်၊ ခြေ သွက်လက်သွက် အစားထဲကဖြစ်သည်။ ဘာမဆို ပြတ်ပြတ်သားသား တိတိ ကျ လုပ်တတ်ကိုင်တတ်သည်။ စကားပြောရာတွင် ဘယ်တော့မှ တိုးတိုးမပြေ တတ်၊ အသံကျယ်သလောက် ဘူးဆိုလျှင် ဘယ်တော့မှ ဖရုံမသီးသည့် မိန်းမစား မျိုးဖြစ်သည်။ အသက်ကလည်း လေးဆယ့်ခုနစ်နှစ်ပင် ရှိပြီဖြစ်သည်။ ယ အထိ ဆံပင်အရှည်ထားဆဲဖြစ်၍ သူမ၏ဆံပင်များကို ကျကျနနဆင်ယင်ထုံ ဖွဲ့ထားလေ့ရှိသည်။ ဆံပင်အရောင်မှာ ပင်ကိုယ်သဘာဝအတိုင်း နီကြန်ကြန်ဖြ ကြည့်ရသည်မှာ ကျက်သရေရှိလှသည်။ ပြီးတော့ သူမသည် အလွန်ချမ်းသာ ဖြစ်သည်။

ယခု သူမရောက်ရှိ တည်းခိုနေသည့်အိမ်ကြီးမှာ တော်ရုံတန်ရုံ ငွေ ကြေးချမ်းသာသူများပင် မနေနိုင်သည့် အဆောက်အအုံဖြစ်သည်။ ဤအိမ်ကြ မှာ ဂျာရီနှင့် ဘာရာတို့ဇနီးမောင်နှံပိုင်သည့် အိမ်ကြီးဖြစ်သည်။ အေဒီရွှန်းဒ တောင်တန်းများ၏အလယ်မှ ကေလေးရာကျယ်ဝန်းသည့် မြေကွက်ကြီး၏ တ ချက်မတွင် ဆောက်လုပ်ထားခြင်း ဖြစ်သည်။ ကိုယ်ပိုင်တူးထားသည့် ကန်ကြ တစ်ကန်ရှိ၍ မြောက်ပိုင်းဒေသတွင် အမဲလိုက်၍ အကောင်းဆုံးသော နေရာဖြ သည်။

ဂါထရသည် စိတ်မြန်ကိုယ်မြန် ဖြစ်သည်။ မိုးမလင်းသေးဘဲ အစော ကလေး စောနေသေးသော်လည်း အိပ်ရာမှထရန် ဆုံးဖြတ်လိုက်သည်။ အိ ရေးလည်း ကောင်းကောင်းဝ၍ စိတ်လက်ကြည်လင် ရွှင်ပြနေသောကြော လည်းဖြစ်သည်။ သူမသည် အဝတ်အစားများလဲလိုက်သည်။ ပြီးနောက် မှန် တွင် တစ်ချက်နှစ်ချက် လှမ်းကြည့်လိုက်သည်။ သူမ၏မျက်နှာမှာ မြင်နေ အတိုင်း အပြောင်းအလဲမရှိဟု ယူဆလိုက်သည်။ မျက်နှာတွင် ဘာမှခြယ် လိမ်းကျံထားခြင်းမရှိ၊ သို့သော် အရွယ်တင်သည်ဟု ဆိုနိုင်သည်။ ရိုးသားရွှင် စက်နေသောမျက်လုံးကြီးများနှင့် သဘာဝအလျောက် နီရဲနေသော နှုတ်ခမ်း တို့မှာ စိတ်ဝင်စားဖွယ် ကောင်းလှသည်။

သူမသည် သူမ၏ အခန်းထဲမှထွက်၍ အလယ်ခန်းမကြီးထဲ



လျှောက်လာခဲ့သည်။ အပြင်ဘက်တွင် အမှောင်ထုကြီးစိုးနေဆဲဖြစ်၍ အလယ် ခန်းမကြီးသို့ သွားသည့်အဆောင်မှာ မှောင်နှင့်မည်းမည်း ဖြစ်နေသည်။ ထိုမှတစ် ဆင့် အောက်ထပ်သို့လှေကားအတိုင်း ဆင်းလာခဲ့ရာ အောက်ထပ်ဧည့်ခန်းမှ အရောင်းတိုင်မီးများ ပြာထွက်နေသည်ကို လှမ်းမြင်ရသည်။ ထို့နောက် ဧည့်ခန်း ထဲသို့ ရောက်သွားလျှင်သွားချင်း ရဲရဲတောက်နေသော မီးလင်းဖို၏ အလင်း ရောင်အောက်တွင် သူစိမ်းတစ်ယောက် မတ်မတ်ကြီးရပ်နေသည်ကို ဘွားခနဲ မြင်လိုက်ရသည်။

သူမက ပြောလိုက်သည်။ "ကျွန်မနာမည် ဂါထရုအင်းဖို့ပါ၊ ရှင်ဘယ် လိုလုပ်ပြီး ဒီရောက်လာတာလဲ"

"ကျွန်တော် မနက်ရထားနဲ့လိုက်လာတာပါ၊ အခု လေးနာရီခွဲကပဲ ရထားဆိုက်ပါတယ်။ ကျွန်တော်က ကိုးလင်းစတားပါ"

"ဪ. . . ဟုတ်လား၊ ရှင်လာလိမ့်မယ်လို့တော့ သူတို့ပြောနေကြပါ တယ်။ ဒါပေမယ့် နောက်တစ်ပတ်မှလာမလားလို့"

"ဒါပေမယ့် ကျွန်တော့်အနေနဲ့တော့ အဆင်ပြေတုန်း ထွက်လာခဲ့ရ တာပါပဲ"

"ဟုတ်ပါတယ်၊ တစ်ခါတစ်ခါတော့ ဒီလိုပါပဲ"

ဂါထရသည် ကိုးလင်းအား စူးစူးစိုက်စိုက်ဖြင့် အကဲခတ်ကြည့်လိုက် သည်။ အရပ်ရှည်သလောက် ဂလန်ဂလားနိုင်လှသော်လည်း သူ့မျက်နှာမှာ နှစ် လိုဖွယ်ကောင်းသည့် မျက်နှာမျိုးဖြစ်သည်။ အသက်လေးဆယ်ကျော်ပြီဟု ခန့် မှန်းရ၍ ကျန်းမာရေးကောင်းပုံရသည်။ အားလုံးကို မြို့လိုက်လျှင်သဘောကောင်း တန်ရှိ၍ လူရိုးလူဖြောင့်တစ်ဦးဖြစ်မည်ဟု ဂါထရက ကောက်ချက်ချလိုက်သည်။ သို့သော် လောလောဆယ် သူမအတွက် အဓိကလိုအပ်ချက်မှာ အိပ်ရာထစ တော်ဖီခါးခါးနှစ်ခွက်လောက် သောက်လိုက်ချင်သည်။

□□□

နေရာတကာတွင် သွက်လက်ချက်ချာလှသော ဂါထရသည် ကြောခိ အတွင်း ကိုးလင်းခေါ် ဒေါက်တာကိုးလင်းစတား၏ နောက်ကြောင်းရာဇဝင်ကို

www.burmeseclassic.com

www.burmeseclassic.com



စပ်စုခဲ့ပြီး ဖြစ်သွားသည်။ ဒေါက်တာ ကိုးလင်းသည် အမေရိကန်ပြည်ထောင်စု တွင် အသန့်ရှင်းဆုံးနှင့် ဆေးဘက်ဆိုင်ရာပညာရှင်များ အများဆုံးထွက်သော အိုဟိုင်းယိုးပြည်နယ်တွင် ဇာတိချက်မြုပ်ဖြစ်သည်။ သူသည် အိုဟိုင်းယိုးပြည် နယ်ကိုပင် ကျော်လွန်ကာ ထင်ပေါ်ကျော်ကြားခဲ့သည့် ဆရာဝန်တစ်ယောက် ဖြစ်၍ သူ၏ဆေးပညာနှင့် ဥပဒေပညာပေါင်းစပ် သုံးသပ်မှုများသည် ပြည်သူ များအတွင်း အထူးပင် ပြန့်နှံ့ခဲ့ပေသည်။ အထူးသဖြင့် သူ၏စွမ်းဆောင်ကြိုး ပမ်းထုတ်ဖော်မှုကြောင့် လူသတ်မှုဟူ၍ ရုံးတော်သို့ရောက်ခဲ့ရသော အမှုတော် တော်များများမှာ လူသတ်မှုဘဝမှ သာမန်သွေးမိုးသားရိုး သေဆုံးခဲ့ရသည့် အမှု များအဖြစ် ရောက်ရှိသွားခဲ့ရသည်။

"ဒေါက်တာ အရင်တုန်းကလည်း ဒီနေရာကို ရောက်ဖူးပါတယ်နော်"

"ဟုတ်ကဲ့ ခဏခဏ ရောက်ဖူးပါတယ်။ ကျွန်တော်ကလည်း စိတ်ထူး ပေါက်လျှင် ထလာလိုက်တာပါပဲ။ ပြီးတော့ ဂျက်ကလင်ဂျယ်ရီတို့လင်မယား ကလည်း မိတ်ဆွေရင်းချာတွေမဟုတ်လား"

ဒေါက်တာကိုးလင်းသည် ပြောရင်းက ဂါထရု၏စပ်စုမှုနှင့် သွက်လက် မှုကို စဉ်းစားလိုက်မိသည်။ ပြီး သူမ၏ခြေထောက်မှ ဖိနပ်များကို သတိပြု သည်။

"ခင်ဗျား ဒီနေ့မနက် အပြင်မထွက်တော့ဘူးလား"

"ကျွန်မ အမဲမလိုက်တတ်ပါဘူး။ ကျွန်မ ဒီကို ကျွန်မမောင်လေးဂျက်နဲ့ အတူလိုက်လာတာပါ။ သူနဲ့ သူ့သူငယ်ချင်းတစ်ယောက် မေဆင်ဟော်ဒေး တာလည်း ပါသေးတယ်။ ကျွန်မမောင်ကလည်း အမဲလိုက် အင်မတန်ဝါသနာ ပါတယ်။ သူ့အတွက်ကတော့ အမဲလိုက်တာဟာ အလုပ်တစ်ခုပဲ။ ဒါထက် ဒေါက်တာ လူတစ်ယောက်မှာ တစ်ခုခု ဝါသနာပါတာဟာ လူမှာအမျိုး ကြား မှာအရိုးဆိုတာလို မျိုးရိုးနဲ့ဆိုင်သလားဆရာ"

"ဒါကတော့ ကိုယ့်ဝါသနာနဲ့ ကိုယ်ပါပဲ။ အရေးကြီးတာက ကျန်း ရေနဲ့ ညီညွတ်တဲ့ဝါသနာဆိုရင် ကောင်းတာပါပဲ"

"ဟုတ်ပါတယ်ဆရာ၊ ကျန်းမာရေးနဲ့ညီညွတ်ရင် အကောင်းဆုံး"

ရုတ်တရက် တံခါးမကြီး ပွင့်သွားပြီး အမဲလိုက်သမားများအား ထမ်း



ဖြစ်ဖြစ် ဆောင်ရွက်ပေးသည့် ဘီလ်ဝင်လာသည်။ အသက်အရွယ် ငယ်ငယ်ပင် ရှိသေးသည်။ တစ်ကိုယ်လုံး သားရေဘောင်းဘီ အကျီများ ဝတ်ထားသည်။ သူ့မျက်လုံးများမှာ အပြာရောင်လွှမ်းနေသည်။ အပြေးအလွှားလာခဲ့ရဟန်တူ သည်။ အသက်ပင် ကောင်းကောင်း မရှူနိုင်ဘဲ ဖြစ်နေသည်။

သူက ဂါထရုကို ပြောလိုက်သည်။

"မစ္စတာဂျင်ကလင် ဘယ်မှာလဲ ဂါထရူ။ မစ္စတာဆင်မန်း သေနတ် မှန်သွားတယ်။ အခြေအနေ တော်တော်ဆိုးတယ်"

ဂါထရုသည် ရုတ်တရက် ကုလားထိုင်လက်ရမ်းကိုဖမ်းကိုင်၍အားပြု လိုက်ရသည်။ ဒေါက်တာကိုးလင်းက သူမအား သတိထား၍ ကြည့်လိုက်မိသည်။ သူမမှာ ဟန်မဆောင်နိုင်လောက်အောင် တုန်လှုပ်ခြောက်ချားနေပြီး ကုလား ထိုင်ပေါ်မှ သတိမေ့ပြီး လဲကျသွားတော့မလိုပင် ဖြစ်နေသည်ကို တွေ့လိုက်ရ သည်။

"မစ္စတာဆင်မန်း ဟုတ်လား၊ မစ္စတာဆင်မန်း သေပြီလား"

ဂါထရုက ပျာပျာသလဲ မေးလိုက်သည်။

"မသေသေးပါဘူး။ ဒါပေမယ့် သိပ်တော့ မျှော်လင့်ချက်မရှိတော့ဘူး ထင်တယ်။ သူတို့ အခု သူ့ကိုသယ်လာကြပါပြီ။ ကျွန်တော် မစ္စတာဂျင်ကလင် နဲ့ တွေ့မှဖြစ်မယ်။ ပြီးတော့ ဆရာဝန်တစ်ယောက်လည်း ခေါ်ချင်တယ်"

"ကျုပ်က ဆရာဝန်ပါ"

ဘီလ်သည် ဒေါက်တာကိုးလင်းကို ရုတ်တရက် မော့ကြည့်လိုက်သည်။ သူ့မျက်နှာပေါ်တွင် သက်သာမှု အရိပ်အယောင်များ သန်းသွားသည်။

"ဒီလိုဆိုရင်ဆရာ တဆိတ်လောက် ကြည့်ပေးပါဦး ဆရာရယ်"

"ရပါတယ် ကြည့်ပေးပါမယ်"

သို့သော် ဒေါက်တာကိုးလင်းအနေဖြင့် ထူးထူးထွေထွေ ကြည့်နေစရာ မလိုတော့။ ကြည့်၍လည်း အကြောင်းမထူးတော့။ ဆင်မန်းအား သယ်လာခဲ့ကြ ပြီး အိပ်ရာပေါ်တွင် ချလိုက်စဉ်ကပင် အခြေအနေကို ဒေါက်တာကိုးလင်း သိ လိုက်ပြီ ဖြစ်သည်။ ဆင်မန်းသည် အရပ်မနိမ့်မမြင့် အသက်ခပ်ငယ်ငယ်ပင် ရှိသေးသည်။ ဘွတ်ဖိနပ်အရှည်ကြီးကိုစီးထား၍ အမဲလိုက်အကျီဝတ်ကာ ဦးထုပ်

www.burmeseclassic.com

www.burmeseclassic.com



အနီတလေး ဆောင်းလျက် ရှိနေသည်။ သေနတ်ဒဏ်ရာမှာနောက်ကျောမှ ထိမှန်ခဲ့ခြင်း ဖြစ်သည်။ သို့သော် သူဝတ်ထားသည့် မီးခိုးရောင် အမဲလိုက်အကျႌတွင် သွေးစသွေးန သိပ်မတွေ့ရဘဲ ဖြစ်နေသည်။ ရုတ်တရက်စမ်းကြည့်ရုံမျှဖြင့် ခန္ဓာကိုယ်ထဲတွင် သွေးလွန်နေပြီဟု ဒေါက်တာကိုးလင်း သိလိုက်သည်။ နောက် မိနစ်အနည်းငယ် သို့မဟုတ် အများဆုံး နာရီပိုင်းအတွင်း သေဆုံးတော့မည် ဖြစ်သည်။

ဆင်မန်း၏မျက်လုံးများမှာ ရိုးရိုးလူကောင်းများနှင့်မတူဘဲ မှုန်ဝါးဝါး ဖြစ်နေပြီး မျက်ဖြူလန်သလို ဖြစ်နေသည်။ သို့သော် သူ့မျက်နှာတွင် အပြစ်ကင်းစင်၍ စိတ်ရင်းကောင်းသည့် လက္ခဏာများ တွေ့နေဆဲပင်ရှိသေးသည်။

"တကယ်တော့ ကျွန်တော်ဟာ အမဲလိုက်အကျႌအနီကို ဝတ်လာခဲ့ရင် ကောင်းတယ်။ ဒီမီးခိုးရောင်ကို ဝတ်လာခဲ့တာ မှားတာပဲ၊ ဦးထုပ်အနီဆောင်းရုံနဲ့တော့ မလုံလောက်ဘူး"

သူ့စကားကို ရုတ်တရက် နားမလည်နိုင်အောင် ဖြစ်သွားသော ဒေါက်တာကိုးလင်းက ဆင်မန်းသည် ကယောင်ချောက်ချား ပြောနေသည်ဟု ထင်လိုက်မိသည်။

"အခုမှတော့ အကြောင်းမထူးပါဘူး၊ စကားပြောလို့ အားကုန်ရင်လည်း ကုန်ပါစေတော့။ အရေးကြီးတာက ဝေဒနာမခံစားရရင် ပြီးတာပဲ။ ပြောချင်တာပြောရင်း ဝေဒနာကိုမေ့နေတာပဲ ကောင်းပါတယ်။ ငါလည်း ဘာမှ ထင်နိုင်တာမှ မဟုတ်ဘဲ" ဒေါက်တာကိုးလင်း စိတ်ထဲတွင်တွေးနေမိသည်။

"မစ္စတာဆင်မန်း ခင်ဗျားကို ဘယ်သူပစ်လိုက်တာလဲ"

"ဒါတော့ ကျွန်တော်လည်း မသိဘူး"

"ဒါဖြင့် ခင်ဗျားကို ဘယ်သူက ပစ်မှန်းမသိဘဲ ခင်ဗျားတစ်ယောက်တည်း သေနတ်မှန်ပြီး လဲနေတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်။ သိပ်ကြောက်စရာကောင်းတာပါပဲ။ နောက်မှ လူနှစ်ယောက် ရောက်လာပြီးကျွန်တော့်ကို သယ်လာကြတာပဲ"

ဆင်းမန်းသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး မှုန်ဝါးနေသော မျက်လုံးအစုံကို ဖြည်းညင်းစွာ မှိတ်လိုက်သည်။



"ကျွန်တော့်ကို ဒရယ်လို့ထင်ပြီး ပစ်လိုက်တဲ့သူတွေကို ကျွန်တော်ဖြင့် အပြစ်လို့ မဆိုးပါဘူးဗျာ"

"ဒါထက် ခင်ဗျား သေနတ်မှန်တော့ ချုံဖုတ်ထဲမှာလား၊ လူသွားလမ်းပေါ်မှာလား"

"လူသွားလမ်းပေါ်မှာပါ ဆရာ"

"လမ်းက အဲဒီနေရာမှာ ဖြောင့်နေသလား၊ ကွေ့ကောက်နေသလား"

"တဖြောင့်တည်းပါဆရာ၊ အဲဒီနေရာမှာ ကိုက်တစ်ရာလောက်နီးနီး လမ်းဟာ ဖြောင့်နေပါတယ်။ ဒါပေမယ့် ဒရယ်လို့ ထင်မယ်ဆိုရင် ထင်နိုင်ပါတယ်ဆရာ"

"ဒီမယ်ဆင်မန်း ကျွန်တော်ပြောမယ်၊ ခင်ဗျားကိုမှန်တဲ့ သေနတ်ဒဏ်ရာဟာ နောက်ကျောကနေ တဖြောင့်တည်း တည့်တည့်ပစ်လိုက်တဲ့ ဒဏ်ရာပဲ၊ ခင်ဗျားကိုပစ်တဲ့သူဟာ ဘယ်သူပဲဖြစ်ဖြစ် ခင်ဗျားကို ထင်ထင်ရှားရှားကြီး မြင်နိုင်တဲ့နေရာပဲ။ အဲဒီတော့ကျွန်တော် တစ်ခုမေးချင်တာက . . ."

"ကျွန်တော်သိပ်မောနေပြီဆရာ"

"ခင်ဗျား မောနေပြီဆိုတာ သိပါတယ်။ ဒါပေမယ့် ကျွန်တော်မေးချင်တာက လွယ်လွယ်လေးပါ။ အဲဒီအချိန်က အဲဒီနားတစ်ဝိုက်မှာ အမဲလိုက်တဲ့သူတွေနဲ့ တခြားလူတွေ ဘယ်သူတွေရှိနေသလဲ၊ ဒီနေ့မနက် အမဲလိုက်ဖို့ ထွက်သွားတဲ့လူတွေက ဘယ်သူတွေလဲ။ အဲဒီထဲမှာ ခင်ဗျားနဲ့ ရန်ငြိုးရှိတဲ့လူတွေ ဘယ်သူပါသလဲ။ အဲဒါတွေ သိချင်တာပါပဲ"

"ကျွန်တော်နဲ့ မတည့်တဲ့သူလား အဲဒါတော့ ကျိန်ပြောရဲပါတယ်ဆရာ။ တစ်ယောက်မှမရှိဘူး။ ကျွန်တော်မှာ ရန်သူဆိုလို့ ကျွန်တော့်ကိုယ် ကျွန်တော်ပဲ ရှိပါတယ်" ဆင်မန်းသည် သေနတ်ဒဏ်ရာကိုမေ့လျော့ကာ ပြုံး၍ပြောလိုက်သည်။

"ဒါနဲ့ပတ်သက်လို့တော့ ဆရာ့ခေါင်းထဲမှာ လုံးဝမစဉ်းစားစေချင်ဘူး"

"ဒါဖြင့် အဲဒီအချိန်က ခင်ဗျားသွားတဲ့လမ်းအတိုင်း တစ်လမ်းတည်း အမဲလိုက်ထွက်လာတဲ့လူ ဘယ်သူရှိသလဲ"

"မရှိပါဘူးဆရာ၊ အဲဒီဘက်မရောက်ခင် မေဆင်ပါတောလ်ဒေးနဲ့

www.burmeseclassic.com

www.burmeseclassic.com



လမ်းခွဲကလေးမှာ ခဏတဖြုတ် တွေ့လိုက်ပါသေးတယ်။ ဒါပေမယ့် သူက ဘယ်ဘက်လမ်းအတိုင်း တောတန်းကလေးဘက်ကို ခွဲထွက်သွားပါတယ်။ အဲဒီဟောလ်ဝေးဆိုတာက ဂျက်အင်းဖို့ရဲ့ သူငယ်ချင်းပါ။ ဂျက်ရဲ့ အစ်မတစ်ယောက်လည်း ရှိပါသေးတယ်။ အင်မတန် သဘောကောင်းပါတယ်။ သူ အခု ဒီမှာ ရောက်နေပါတယ်။ ဆရာနဲ့ တွေ့ရပါလိမ့်မယ်"

"ကျွန်တော် တွေ့ပြီးပါပြီ။ ဒါထက် ခင်ဗျား သေနတ်မမှန်ခင် တွေ့လိုက်ရတာ ဟောလ်ဝေးတစ်ယောက်တည်းနော်"

"ဟုတ်ပါတယ်ဆရာ. . သူတစ်ယောက်တည်းပါ။ ဒါပေမယ့် သူကတော့ ကျွန်တော့်ကို မတော်တဆ မှားပြီးပစ်နိုင်စရာ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ဒီဘက်ကိုသွားတယ်ဆိုတာ သူသိနေတာပဲ။ ကျွန်တော်ကိုက ကံဆိုးချင်လို့ပါဆရာ"

"အေးပေါ့ဗျာ ကံဆိုးချင်တော့ ဒီလိုပဲပေါ့"

မှန်သည်။ ဆင်မန်းသည် ကံဆိုးသူဖြစ်သည်။ သူသည် ခဏအကြာတွင် သေနတ်ဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။

ဒေါက်တာကိုးလင်းသည် ရဲအရာရှိကို သူတို့တတွေ စောင့်နေကြစဉ် အိမ်ရှင် ဂျာရီဂျင်ကလင်၏ဇနီး ဆာရာနှင့် စကားပြောနေခဲ့သည်။ ဆံပင်များဟိုနေရာတစ်ကွက်၊ သည်နေရာတစ်ကွက် ဖြူစပြုနေပြီဖြစ်သော ဆာရာသည် မျက်လုံးအကြောင်သားဖြင့် ထိတ်လန့်တကြား ဖြစ်နေသည်။

ဆာရာ၏ပြောပြချက်အရ ထိုနေ့မနက် အမဲလိုက်ထွက်သွားကြသူများမှာ ယခုသေဆုံးသူ ဆင်မန်းအပါအဝင် ခုနစ်ယောက်ရှိသည်ဟု သိရသည်။ ယခုအချိန်အထိ မည်သူမျှ ပြန်မရောက်လာကြသေးဘဲ ရှိနေကြသည်။ သည်အထဲတွင် ဆင်မန်းနှင့် လမ်းခွဲကလေးတွင် တွေ့လိုက်ရသည်ဆိုသော ဟောလ်ဝေးသည်လည်း ပြန်မရောက်လာသေးဘဲ ဖြစ်နေသည်။ ထို့ပြင် ထိုနေ့နံနက်က အမဲပစ်ထွက်သွားကြရာ၌ အုပ်စုဖွဲ့၍သွားခြင်းမဟုတ်ဘဲ တစ်ဦးချင်း တစ်ယောက်ချင်း မိမိစိတ်ကြိုက် သွားလိုရာသွားခဲ့ကြခြင်း ဖြစ်သည်။ ယခုဆိုလျှင် သူတို့ကို ဤအိမ်သို့ ပြန်ခေါ်လာရန် လမ်းပြများ ထွက်သွားကြပြီ ဖြစ်သည်။

"ဆာရာ. . ကျွန်တော့်ကို ဆင်မန်းနဲ့ ပတ်သက်ပြီးပြောပြစမ်းပါဦး"



"ပြောစရာသိပ်မရှိပါဘူး ကိုးလင်းရယ်။ သူကမုဆိုးဖို။ ဒါပေမယ့် သားသမီးမရှိဘူး။ သူ့မိန်းမနာမည်က အဲလစ်တဲ့။ အဲလစ်နဲ့ကျွန်မနဲ့က ကျောင်းနေဘက် သူငယ်ချင်းလေ။ အခုသေသွားတဲ့ အာသာဆင်မန်းနဲ့လည်း ကျောင်းမှာ တွေ့ခဲ့ကြတာပါပဲ"

"သူက ဘာလုပ်သလဲ"

"အာသာလား။ ဘာမှမလုပ်ဘူး။ သူ့မှာ ပုံမှန်ဝင်ငွေ ကောင်းကောင်းရနေတာပဲ။ ဒီငွေနဲ့လည်းသုံးလို့ မကုန်ပါဘူး။ နယူးယောက်မှာ ကုန်တိုက်ကြီးတစ်ခုပိုင်ထားတယ်လေ။ ဒီကုန်တိုက်ကြီးက ဖွင့်ထားတာလည်း ကြာပါပြီ။ သက်တမ်းကြာသလောက် နာမည်ရပြီး ဝင်ငွေကောင်းနေတဲ့ ကုန်တိုက်ကြီးပေါ့။ အာသာဆင်မန်းဟာ မိုင်ယာမီကမ်းခြေမှာတောင် အိမ်တစ်လုံးဝယ်ထားတာ ရှိသေးတယ်" ဆာရာက စကားပြောရင်း ဒေါက်တာကိုးလင်း၏မျက်နှာကို အလေးအနက်စိုက်ကြည့်သည်။

"တကယ်တော့ ဆင်မန်းဟာ အားလုံးနဲ့ ခင်မင်လိုက်လျောတတ်တဲ့ လူတစ်ယောက်ပါ။ သူ့အပေါ်မှာ ရန်ညိုးထားတဲ့ လူရယ်လို့ မရှိနိုင်ပါဘူး"

"ဆာရာလည်း ဦးနှောက်ခြောက်နေပြီထင်တယ်"

"ဟုတ်တယ် ကျွန်မ အတော် ဦးနှောက်ခြောက်နေတယ်။ အခု သူ သေနတ်မှန်တဲ့နေရာကို ကျွန်မကောင်းကောင်းသိတယ်။ အဲဒီနေရာက နောက်ကိုကြည့်လိုက်ရင် ဘာမှအကာအကွယ်မရှိဘူး။ ရှင်းနေတာပဲ။ တမျှော်တခေါ်ကြီး ထင်းနေအောင်မြင်ရတယ်။ ပြီးတော့ အခုဒီနေ့မနက် အမဲ လိုက်သွားတဲ့ လူတွေအားလုံးဟာ အတွေ့အကြုံရှိပြီးသားလူတွေချည်းပဲ။ ဘာမှ အမှားအယွင်းဖြစ်စရာမရှိဘူး။ လူတစ်ယောက်လုံးကို ဒရယ်တစ်ကောင်နဲ့ မှား ပစ်မိတယ်ဆိုတာ ကျွန်မဖြင့် မယုံနိုင်အောင် ဖြစ်မိတာပါပဲရှင်"

"မေဆင်ဟောလ်ဝေးဆိုတဲ့လူကော ဘယ်လိုလူစားလဲ"

"ကျွန်မသူ့အကြောင်း သိပ်မသိသေးဘူး။ ဒါပေမယ့် ကြည့်ရတာ လူချောင်းတစ်ယောက်ပါ။ ကျွန်မ သူ့ကို သဘောကျပါတယ်။ ပြီးတော့ . . သူက ဒီတိုဒီတစ်ခေါက် အခုမှ ပထမဆုံးရောက်ဖူးတာပဲ၊ ဂါထရုအင်းဖို့တို့ မောင်နှမနဲ့ ပါလာတာလေ။ သူတို့မောင်နှမနဲ့တော့ သိတာကြာပါပြီ။ ကျွန်မသိရသလောက်

www.burmeseclassic.com

www.burmeseclassic.com



ဂျက်အင်းဖို့ဟာ ဟောလ်ဝေးကို မနှစ်ကမှ စပြီးတွေ့တယ်လို့ ပြောတာပဲ၊ အဲ တုန်းက သူတို့နှစ်ယောက်စလုံး တပ်မတော်အရံတပ်ရင်းမှာ အလုပ်လျှောက် တုန်းကပေါ့။ ဒါပေမယ့် နှစ်ယောက်စလုံး အကြောင်းတစ်ခုနဲ့ အပယ်ခံရတယ် အဲဒီအကြောင်းကလည်း အာမခံစာချုပ် ချုပ်ဆိုရမယ်ဆိုတာနဲ့ ပတ်သက် ထင်တာပါပဲ။ အဲဒီကစပြီး သူတို့နှစ်ယောက် ရင်းနှီးလာခဲ့ကြတာပါပဲ"

"ဟောလ်ဝေးနဲ့ ဆင်းမန်းနဲ့ကော သိကြသလား"

"ကျွန်မနားလည်သလောက် သူတို့နှစ်ယောက်တစတော့ ဒီရောက် လွန်ခဲ့တဲ့သုံးရက်လောက်ကမှ စသိကြတာပါပဲ"

ဒေါက်တာကိုးလင်းသည် ခပ်စောစောက ဆင်မန်း သေနတ်ပစ် သည့်သတင်းကို လမ်းပြတစ်ယောက် သတင်းလာပို့ခဲ့စဉ် ဂါထရှမှာ အ အမင်း တုန်လှုပ်ခြောက်ချားကာ ကုလားထိုင်လက်ရမ်းများအား တအား ကိုင်ထားခဲ့သည့်အဖြစ်ကို မျက်စိထဲတွင် မြင်ယောင်နေမိသည်။ သူသတိ မိသလောက် ဆင်မန်းသေနတ်မှန်သည့် သတင်းသည် တုန်လှုပ်ချောက် ဖွယ်ရာ ဖြစ်သည်မှန်သော်လည်း ဂါထရှအနေဖြင့် ဤမျှလောက် ပုံပျက်ပန်း မဖြစ်သင့်ဟု ယူဆမိသည်။ ထိုနေရာတွင် ဂါထရှသည် ဟောလ်ဝေးနှင့် သက်၍သော်လည်းကောင်း၊ သို့မဟုတ် ဂျက်နှင့်ပတ်သက်၍သော်လည်းကော သေဆုံးသူ ဆင်မန်းနှင့် တစ်စုံတစ်ရာ ပတ်သက်မှုတစ်ခုခု ရှိနေလိမ့်မည် တွေးမိသည်။

"ဒါ့ထက် ဂျက်အင်းဖို့အကြောင်း ပြောစမ်းပါဦး၊ ကျွန်တော် သူ ဂါထရှနဲ့တော့ တွေ့ပြီးပါပြီ"

ဆာရာသည် ခေတ္တစဉ်းစားရင်း သူမ၏နက်မှောင်သောမျက်လုံး များဖြင့် ဒေါက်တာကိုးလင်းအား စိုက်၍ကြည့်နေမိသည်။

"ဂျက်ကတော့ မဆိုးပါဘူး"

"မဆိုးပါဘူးဆိုတော့ ကောင်းတယ်လို့လည်း မပြောနိုင်ဘူးပေါ့"

"ဒီလိုအမိပ္ပါယ်ကောက်ရင်လည်း ရတာပါပဲ၊ ဘာဖြစ်လို့လဲဆို ဂျက်နဲ့ပတ်သက်လို့ စကားတွေ အမျိုးမျိုးပြောနေကြတာပဲ။ ဒါပေမယ့် တိ ကျ ခိုင်ခိုင်လုံလုံတော့ မရှိပါဘူး။ ကျွန်မသူ့အတွက် စိတ်မကောင်းဘူး။ ဘာ



လို့လဲဆိုတော့ ဒါမျိုးအပြောခံရတဲ့ လူတစ်ယောက်ရဲ့ဘဝကို ကိုယ်ချင်းစာမိလို့ ပါ။ ပြီးတော့ ဒါမျိုးဟာ ခွဲတတ်ကားတတ်ကြတယ် မဟုတ်လား။ တကယ်တော့ ဂျက်ဟာ အခြောက်တိုက် အပြောခံရတာပါ"

"သူ့သတင်းတွေက မကောင်းသတင်းတွေလား"

"မကောင်းသတင်းတွေလည်း ပါတာပေါ့"

"အကျင့်စာရိတ္တနဲ့ ပတ်သက်လို့လား၊ လူမှုရေးနဲ့ ပတ်သက်လို့လား။ ငွေရေးကြေးရေးနဲ့ ပတ်သက်လို့လား"

"အို . . ပြောကြတာကတော့ စုံလို့ပါပဲ။ တချို့ကလည်း မနာလိုလို့ ပြောတာလည်း ရှိတာပေါ့။ တချို့ကတော့ စကားမရှိ စကားရှာပြောကြတာပါ။ ဒါပေမယ့် များသောအားဖြင့် ရှေ့တင်တော့ မပြောကြပါဘူး။ ကွယ်ရာမှာသာ ပြောကြတာပါ"

"ဒီထဲမှာ ဆင်းမန်းလည်း ပါမှာပေါ့"

"မပါပါဘူး။ ကျွန်မ ဒါတော့ပြောရဲပါတယ်။ ဂျက်နဲ့ဂါထရှတို့ မောင်နှမလည်း အာသာဆင်းမန်းကို လွန်ခဲ့တဲ့သုံးရက်လောက်မှ တွေ့ကြသိ ကြတာပါပဲ"

"ဘာပဲဖြစ်ဖြစ် ကျွန်တော့်စိတ်ထဲမှာ သေသွားတဲ့ဆင်မန်းနဲ့ ဂါထရှ တို့ဟာ တစ်နည်းနည်းနဲ့ အဆက်အသွယ် ရှိလိမ့်မယ်လို့ ထင်နေတယ်။ ဘာဖြစ် လို့လဲဆိုတော့ ဆင်မန်းသတင်းကို ပထမဆုံး ကြားလိုက်ရတုန်းက ဂါထရှရဲ့ အမူအရာဟာ သိပ်သိသာလွန်းတယ်လို့ ထင်လိုက်မိတယ်။

ဆာရာက ရှေ့သို့အနည်းငယ်ကုန်းလိုက်ပြီး စိတ်အားထက်သန်စွာဖြင့် ပြောလိုက်သည်။

"ဒီမယ်ကိုးလင်း အာသာဆင်မန်းဟာ သူ့တစ်သက်မှာ ဘယ်သူ့ကိုမှ ထိခိုက်နစ်နာအောင် မလုပ်ခဲ့ဖူးဘူး။ ပြီးတော့ အခုကိစ္စမှာလည်း သူ သေသွား တဲ့အတွက် ဘယ်သူမှအကျိုးရှိမှာ မဟုတ်ဘူးဆိုတာ ကျွန်မပြောရဲပါတယ်။ မနှစ်က ကျွန်မကို သူပြောဖူးတယ်၊ သူသေသွားရင် ကျန်ခဲ့တဲ့ သူ့ပစ္စည်းတွေ အားလုံးကို လှူပစ်လိုက်မယ်တဲ့။ အဲဒီတော့ ဂျက်နဲ့ပတ်သက်ပြီး ပြောရရင်"

ဆာရာသည် ရုတ်တရက်စကားကိုဖြတ်လိုက်ပြီး နှုတ်ခမ်းကို တိုက်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ပြောလေ ဆရာ"

"ကျွန်မလည်း ဂျက်နဲ့ပတ်သက်လို့ စောစောက ပြောခဲ့တဲ့ လူတွေလို သူ့အကြောင်း မကောင်းပြောတဲ့အထဲ ပါနေပြန်ပြီ။ ဒီမယ် ဒီနေ့မနက် အမဲပစ် ထွက်သွားကြတဲ့ လူတွေထဲမှာ ဂျက်ဟာ အာသာဆင်မန်းနဲ့ မဆင်ဟောလ်ဒေ ကလွဲလို့ ကျန်တဲ့လူတွေနဲ့ ကောင်းကောင်းကြီးသိပါတယ်။ အဲဒီလူတွေကလည်း သူ့အကြောင်းကို သိကြပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် သူတို့အားလုံး ဂျက်ကို သိပ်သဘောမကျပါဘူး။ ဒီထက်ပိုပြီး ပွင့်ပွင့်လင်းလင်းပြောရရင် အဲဒီ လူတွေက တစ်ယောက်ချင်းအနေနဲ့ ဂျက်ကို မနာလို ဖြစ်နေကြတယ်လို့တောင် ဆိုနိုင်တယ်"

"ဒီလိုဆိုရင် မတော်တဆဖြစ်သလိုလိုနဲ့ သူ့ကို ပစ်သတ်လောက် အောင် ဖြစ်နေကြတယ်ပေါ့ဟုတ်လား"

ဆရာသည် ရုတ်တရက် ပြန်မပြောနိုင်ဘဲ ဖြစ်သွားခဲ့သည်။

"ဒါတော့ ဘယ်သူက ဘယ်လိုလုပ်ပြီး သေချာပေါက် ပြောလို့ဖြစ်မေ ပြီးတော့ ဒီနေ့ အပစ်ခံရတာက ဂျက်မဟုတ်ဘူးရှင့်။ အာသာဆင်မန်းက အပစ် ခံရတာ"

"ဒါထက်နေပါဦး။ ဒီနေ့မနက် သူတို့ အမဲပစ်ထွက်သွားတာ ခင်ဗျား တွေ့လိုက်သေးသလား"

"တွေ့လိုက်ပါတယ်။ ဘာဖြစ်လို့လဲ"

"အဲဒီတုန်းက ဂျက်အင်းဖို့ဟာ အမဲလိုက်အကျႌ ဘယ်လိုအရောင် ဝတ်သွားသလဲ"

"သူခါတိုင်းဝတ်နေကျ အနီရောင်အကျႌဝတ်သွားတာပဲ"

"ဒီလိုဆိုတော့လည်း ကျွန်တော်ထင်ထားတာ လွဲပြန်ပြီ။ ဘာကြောင့် လဲဆိုတော့ ဆင်မန်းဝတ်ထားတာက မီးခိုးရောင်ပဲ"

သူတို့နှစ်ယောက်သည် ဆရာ၏အခန်းထဲတွင် ထိုင်နေကြခြင်း သည်။ အခန်းမှာ ထင်းရှူးသားသစ်တုံးများဖြင့် ကာရံထားပြီး ပြတင်းပေါက် တစ်ဆင့် ထွက်ပြူစနေရောင်နှင့်အတူ လှမ်းမြင်နေရသော တောင်ကြား



တလေးမှာ ပန်းချီကားထဲမှ ရှုမျှော်ခင်းတစ်ခုလို ဖြစ်နေသည်။ ထိုအခိုက် အစေ ခံမလေးတစ်ယောက်သည် တံခါးမခေါက်ဘဲ အခန်းထဲသို့ ဝင်လာခဲ့သည်။

"မမ. . . မစ္စဂါထရူအင်းဖို့ရဲ့ အခြေအနေ တော်တော်ကလေး ဆိုးနေ ပါတယ်။ ကျွန်မအထင်တော့ သိပ်အကြောက်လွန်ပြီး ကယောင်ချောက်ချား ဖြစ်နေပုံရတယ်မမ၊ အရမ်းအော်ဟစ်နေတာပဲ"

ဆရာနှင့် ဒေါက်တာကိုးလင်းသည် ဂါထရူအခန်းဆီသို့ ထလာခဲ့ကြ သည်။ မှန်သည်။ ဂါထရူမှာ အတော်ကလေး ရူပ်ပျက်ဆင်းပျက်ဖြစ်နေသည်။ အကြီးအကျယ် တုန်လှုပ်ချောက်ချားကာ သတိလက်လွတ်ဖြင့် အော်ဟစ်လျက် ရှိနေသည်။ ကိုးလင်းသည် ဘယ်လိုမှမတတ်နိုင်သည့်အဆုံး အိပ်ဆေးတစ်လုံး ထိုးပေးလိုက်ရသည်။ သူသည် ဤမျှလောက် ပုံပျက်ပန်းပျက် ကယောင်ချောက် ချားမဖြစ်သင့်ဘဲ ဖြစ်နေသော ဂါထရူကိုကြည့်ကာ တစ်စုံတစ်ရာ စဉ်းစားနေမိ သည်။ ဤမျှလောက် ဆိုးဆိုးဝါးဝါး ထိန်းမနိုင်သိမ်းမရ ဖြစ်နေသည်ကို ထောက် ၍ ဂါထရူသည် နောက်နောက်ကအဖြစ်အပျက်များကို ပြန်၍စဉ်းစားမိရာမှ အထိတ်တလန့်ဖြစ်ကာ ကယောင်ချောက်ချားဖြင့် အော်လားဟစ်လား ဖြစ်နေ သည်ဟု တွေးမိသည်။

မည်သို့ပင်ဖြစ်စေ ဒေါက်တာကိုးလင်းသည် မိမိ၏မျက်စိအောက်မှ ဂါထရူ၏ အခြေအနေနှင့် လောလောဆယ်ကြုံတွေ့နေရသော အနိဋ္ဌာရုံများ ကြောင့် အတော်ကလေးစိတ်ညစ်နေမိသည်။ သူ့စိတ်ထဲက အဖြစ်နိုင်ဆုံး အချက်များကိုလည်း တွေးနေမိသည်။ "အင်း. . ဒီကိစ္စမှာ ဂါထရူက ဆင်မန်း သေရတာဟာ လူသတ်မှုပဲလို့ သိနေပုံရတယ်။ သူ့စိတ်ထဲမှာ ဒါဟာ သူ့မောင် ဂျက်နဲ့ ပတ်သက်နေတယ်လို့ တွေးမိဟန်တူတယ်။ ဆင်းမန်းကို သူ့မောင်မှတ်ပြီး ပစ်သတ်လိုက်တာပဲလို့ ထင်နေပုံရတယ်။ ဆရာကလည်း ဒီအတိုင်းပဲ ထင်နေ တာပဲ"

ဒေါက်တာကိုးလင်းသည် ဂါထရူငြိမ်ကျသွားပြီး အိပ်ပျော်သွားသည် ကို စောင့်ကြည့်နေခဲ့သည်။ ထို့နောက် အခန်းထဲသို့ လူတစ်ယောက် ပြေးညွှန်း ၍ ဝင်လာသည်ကို တွေ့လိုက်ရသည်။ သူ့မျက်နှာမှာ သွေးမရှိတော့သလို ဖြူ ဖျော့ဖြူရော် ဖြစ်နေသည်။ ကိုယ်ခန္ဓာကြီးမားတုတ်ခိုင်သလောက် သူတို့ကြည့်ရ

www.burmeseclassic.com

www.burmeseclassic.com



သည်မှာ အလွန်တရာအားနည်းနေသည့် လူမမာတစ်ယောက်လို ဖြစ်နေသည်။

သူက ကိုးလင်းကို တစ်ချက်လှမ်းကြည့်ပြီး ပြောလိုက်သည်။

"ဪ. . . ဒီမှာ ဆရာဝန်ဆိုတာ ခင်ဗျားလား၊ ဟုတ်လား"

"ဟုတ်ပါတယ်"

"ကျွန်တော်ဟာ သူ့မောင် ဂျက်အင်းဖို့ပါ။ သူ အခုဘယ့်နှဲနေသေးလဲ"

"အကြောက်လွန်ပြီး သွေးလန့်သွားတာပါ"

"ဟုတ်ကဲ့ပါဆရာ၊ ကျွန်တော်နားလည်ပါတယ်။ ဒါထက် စိုးရိမ်စရာတော့ မရှိပါဘူးနော်"

"မရှိပါဘူး၊ ခဏနေရင် ပြန်ကောင်းလာမှာပါ"

ဂျက်သည် နဖူးပေါ်မှ ချွေးသီးချွေးပေါက်များကို ပျာယီးပျာယာ သုတ်ပစ်လိုက်သည်။

"အဖြစ်ကတော့ တော်တော်ဆိုးတာပဲဗျာ။ အာသာဆင်မန်းအတွက်လည်း စိတ်မကောင်းစရာပါပဲ"

"ဟုတ်ပါတယ်၊ စိတ်မကောင်းစရာပါပဲ"

"ဒါဖြင့် ခင်ဗျား သူနဲ့အတူ ရှိနေတာပေါ့ ဟုတ်လား။ ကျွန်တော်ပြောတာက သူသေတဲ့အချိန်မှာ ခင်ဗျားရှိနေသလားလို့ မေးတာပါ"

"ရှိပါတယ်"

"ဒီလိုဆို သူဘာများ ပြောသွားသေးသလဲ"

"သူပြောသွားတာကတော့ သူ သေနတ်နဲ့ အပစ်မခံရခင်ကလေးမှာ ခင်ဗျားမိတ်ဆွေ မစ္စတာဟောလ်ဝေးနဲ့ လမ်းမှာတွေ့လိုက်သေးတယ်လို့ ဆိုပါတယ်။ ဒီတစ်ယောက်ပဲ တွေ့တယ်လို့ ပြောပါတယ်"

"ဟုတ်လား၊ အဲဒါ ဘယ်လိုသဘောနဲ့ ပြောသွားတာလဲ။ ကျွန်တော်ဆိုလိုတာက မေဆင်ဟောလ်ဝေးအပေါ်မှာ မသင်္ကာတဲ့သဘောလား"

"ဒီလို မဟုတ်ပါဘူး။ သူ့စိတ်ထဲမှာ ဒီလိုမရှိပါဘူး။ သူပြောပြချက်အရ ဒီကိစ္စမှာ မစ္စတာဟောလ်ဝေး လုံးဝမဟုတ်နိုင်ဘူးလို့ အတိအလင်း ယူဆထားပါတယ်"

"ဒါပေမယ့် ကျွန်တော် တစ်ခုအံ့ဩနေတာက ဆင်မန်းကို ဘယ်သူ



ပစ်တယ်ဆိုတာ ထားပါတော့။ သူ သေနတ်မှန်ပြီးတဲ့နောက် ဘယ်သူမှ သူ့အနား ကို ချက်ချင်းအကူအညီရောက်မလာတာကို စဉ်းစားလို့ မရဘူး။ ကျွန်တော်ထင်တော့ လူတွေက ရုတ်တရက် ဘာလုပ်ရမှန်း မသိအောင် ဖြစ်သွားပုံရတယ်"

"ကျွန်တော်လည်း ဒီလို ထင်မိတာပါပဲ"

"ဒါပေမယ့် မကောင်းဘူးပေါ့ဗျာ"

"ဘာလို့ မကောင်းတာလဲ မစ္စတာအင်ဖို့"

"ကျွန်တော်တို့ အားလုံးအတွက် မကောင်းတာပေါ့ဗျာ၊ အားလုံးစိတ်ထိခိုက်စရာ ဖြစ်ရတာပေါ့"

"ဟုတ်ပါတယ်၊ ခင်ဗျားအစ်မကိုယ်တိုင် တော်တော်စိတ်ထိခိုက်သွားပုံရပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်ဘယ်လို ပြောရမယ်တော့ မသိဘူး။ ဒါပေမယ့် ကျွန်တော်စိတ်ထဲ တွေးမိသလောက်တော့ ခင်ဗျားအစ်မဟာ ဒီကိစ္စနဲ့ ပတ်သက်လို့ တစ်ခုခုသေချာပေါက် စဉ်းစားမိတာ ရှိနေပုံရတယ်"

"ဟုတ်လား"

သူတို့နှစ်ယောက်စလုံး အိပ်ရာပေါ်တွင် လဲလျောင်းနေသော ဂါထရူကို ငြိုင်တွေကြည့်လိုက်မိကြသည်။ ဂါထရူသည် အိပ်ဆေးတန်ခိုးဖြင့် အိပ်ပျော်နေပြီဖြစ်ရာ ဖြူဖွေးသောသွားကလေးများပေါ်လျက် နှုတ်ခမ်းများ မသိမသာ ဘာတာ အသက်မှန်မှန် ရှူနေသည်ကို တွေ့ရသည်။

"ဒါထက် ခင်ဗျားအစ်မနဲ့ ပတ်သက်လို့ ပြောရဦးမယ်၊ ကျွန်တော်သိရသလောက် အခုဖြစ်တဲ့ကိစ္စဟာ မတော်တဆမဟုတ်ဘဲ လူသတ်မှုလို့ သူ့စိတ်ထဲမှာ ယူဆနေပုံရတယ်။ ပြီးတော့ သတ်တဲ့လူဟာ ဆင်းမန်းကို ရည်ရွယ်ပြီး ပစ်သတ်တာမဟုတ်ဘူး။ လူမှားပြီးပစ်မိတာလို့ ခင်ဗျားအစ်မက တထစ်ချယူဆနေပုံရတယ်"

"ဂါထရူက ဒီလိုထင်နေသလား။ ဒီအတိုင်းပဲ ပြောသလား"

"ဒီလိုတော့ သူ့ပါးစပ်က တိတိကျကျ ဖွင့်မပြောပါဘူး။ ဒါပေမယ့် သူအခုလို အလွန်ကြောက်ပြီး ကယောက်ချောက်ချား ဖြစ်နေတာကိုကြည့်ပြီး ကျွန်တော် ဒီလိုပဲထင်လို့ပါ"

"ဒီမယ်ဒေါက်တာ ဒါကတော့ ဒီလိုပဲ ဖြစ်ရိုးထုံးစံပါ။ တစ်ခုခု ကြောက်

www.burmeseclassic.com

www.burmeseclassic.com



စရာ ၊ လန့်စရာ၊ စိတ်ထိခိုက်စရာ တွေ့လိုက်ရင် ဒီလိုဖြစ်တတ်ကြတာချည်းပါပဲ။ အခု ဖြစ်တာလည်း ဒါမျိုးပါပဲ။ ကျွန်တော် ဂါထရုအကြောင်း ကောင်းကောင်းသိပါတယ်။ သူက ဒီလိုပဲ ဖြစ်တတ်တယ်။ ဘာမဟုတ်တာလေးနဲ့တောင် တစ်ခါတလေ စိတ်ထိခိုက်ပြီး သတိမေ့ချင် မေ့သွားတတ်သေးတာပဲ" ဂျက်ကပြောရင်း နဖူးမှ ချွေးသီးချွေးပေါက်များကို လက်ဝါးဖြင့် သပ်၍ သပ်၍ချနေသည်။

"ဒါကတော့ ဂါထရုတစ်ယောက်တည်း မဟုတ်ပါဘူး။ ကျွန်တော်တို့ မိသားစုအားလုံး အဲဒီလို ဖြစ်တတ်ကြပါတယ်။ ကျွန်တော်ကိုယ်တိုင်တောင် တစ်ခါတစ်ခါ ဖြစ်တတ်ပါသယ်။ စိတ်ကြီးတဲ့ သဘောပါပဲ"

"ဒါဖြင့် မနေ့က ခင်ဗျားတပ်ထဲဝင်ဖို့ လျှောက်လွှာတင်တုန်းက ဒီ ချွတ်ယွင်းချက်ကြောင့် အပယ်ခံရတာလား"

"ဒါတော့ မဟုတ်ပါဘူး၊ ဒါနဲ့ဘာမှ မပတ်သက်ပါဘူး"

ဂျက်ကပြုံး၍ ပြန်ဖြေလိုက်သည်။ သူ့အပြုံး၏ နောက်ကွယ်တွင် လျှို့ဝှက်ချက် တစ်ခုခုရှိနေသည်ဟု ထင်ရသည်။ သူ့အပြုံးမှာ လျှို့ဝှက်သောအပြုံးပင်ဖြစ်သည်။

"အဲဒီတုန်းက တပ်ထဲဝင်ခွင့်မရတာကတော့ လောလောဆယ် ကျန်းမာရေးနဲ့ မညီညွတ်လို့ပါ"

"ဒါထက် နေပါဦး၊ ကျွန်တော်သိရသလောက် အဲဒီတုန်းက ခင်ဗျား တစ်ချိန်တည်းမှာပဲ မစ္စတာဟောလ်ဒေးလည်း တပ်ထဲဝင်ခွင့်မရဘဲ အပယ်ခံခဲ့ရ တယ် မဟုတ်လား။ သူ့ကို တပ်က လက်မခံတာလည်း ခင်ဗျားလို အကြောင်း ပြချက်နဲ့ပဲလား"

ဂျက်သည် ရုတ်တရက် စိတ်အနှောင့်အယှက် ဖြစ်သွားဟန်တူသည်။

"နေပါဦး၊ ခင်ဗျားက မစ္စတာဟောလ်ဒေးကို ဘာဖြစ်လို့ စကားထည့်ပြောချင်ရတာလဲ။ သေသွားတဲ့ ဆင်းမန်းကိုယ်တိုင်က သူနဲ့မပတ်သက်ဘူး၊ သံသယလုံးဝမရှိပါဘူးလို့ ခင်ဗျားပဲပြောခဲ့တယ် မဟုတ်လား။ ဒါနဲ့တောင် ခင်ဗျား စိတ်ထဲက မနိုင်လုံသေးဘူး ထင်နေလို့လား၊ ဟုတ်လား"

"ဒီလိုဆို ကျွန်တော်ဝမ်းနည်းပါတယ် မစ္စတာအင်းဖို့"

"ကိစ္စမရှိပါဘူး၊ ရပါတယ်။ ကျွန်တော်လည်း အခုလို ပြောမိတာ မ



မကောင်းပါဘူး။ ကျွန်တော် စောစောက ပြောခဲ့သလို ကျွန်တော်တို့ မောင်နှမ မိသားစုတွေက ဒီလိုပါပဲ။ ကဲပါခေါက်တာ ဒါတွေကို မေ့ပစ်လိုက်ကြပါစို့"

□□□

ခန်းမကြီးထဲတွင် လူလေးယောက် ထိုင်နေကြသည်။

ဘော့စ်တွန်မြို့မှ ဘဏ်လုပ်ငန်းရှင်ဝဲလ်ဖို့သည် အားလုံးထက် ပို၍ ထင်ပေါ်သလို ဖြစ်နေသည်။ ငွေရောင်တောက်နေသော ဆံပင်များနှင့် ဝိနိဝိနိ ပဲ့ပဲ့၊ နားရွက်ကားကား၊ နှုတ်ခမ်းစူစူ၊ နှာခေါင်းချွန်ချွန်ဖြင့် သူသည် အရပ် အရှည်ဆုံးဖြစ်သည်။ ကျန်လူအားလုံးကလည်း သူ့ကို ဆရာတင်ထားသည့်ပုံမျိုး ဖြစ်သည်။ သူကလည်း အစစအရာရာ အကင်းပါးသူ ဖြစ်သည်။ နေရာမှန်ကို သိသူဖြစ်သည်။ လုပ်ငန်းနှင့်ပတ်သက်လာလျှင် စနစ်တကျ စည်းကမ်းရှိရှိ လုပ် တတ်ကိုင်တတ်သလို ဗိမ်ခံသည့်နေရာတွင်လည်း ကျကျနန ခံစားစံစား တတ်သူ ဖြစ်သည်။ အနောက်တိုင်း ဝက်စတင်းဝတ္ထုများကို အမြဲဖတ်ပြီး ဂျင်အရက်ကို ရေခဲမထည့်ဘဲ ရော၍သောက်တတ်သူဖြစ်သည်။

သူသည် အခန်းထဲသို့ လူစိမ်းတစ်ယောက်နှင့် အတူဝင်လာသော ဖျက်အင်းဖို့အား လှမ်းကြည့်လိုက်သည်။ သို့သော် ဂျက်အင်းဖို့ကိုသာ ဂရုစိုက်၍ နေခဲ့ရာ အတူပါလာသော သူစိမ်း၏မျက်နှာကို သဲသဲကွဲကွဲ သတိမထားလိုက်မိ ဘဲ ဖြစ်နေသည်။ သူနှင့်အင်းဖို့တို့ တစ်ယောက်နှင့်တစ်ယောက် အမှတ်မထင် ကြည့်လိုက်ကြသည့် အကြည့်များမှာ ခပ်တင်းတင်းခပ်မာမာ ဖြစ်နေသည်ကို နှစ်ယောက်စလုံး သတိပြုမိကြသည်။ ဝဲလ်ဖို့၏စိတ်ထဲက 'မင်းတော့ နေနှင့်ဦး ပေါက္ကာ'ဟူ၍ ကြုံးဝါးနေမိသည်။

ဝဲလ်ဖို့၏ဘေးနားတွင် ရပ်နေသူမှာ ဘာကဲလ်ဖြစ်သည်။ ဒင်းဝုတာ တဲလ်သည် စာရေးဆရာတစ်ယောက်ဖြစ်သည်။ သူ့အရေးအသားများမှာ ခပ်စင်း စင်း ခပ်ရိုးရိုးဖြစ်၍ ဘယ်တော့မှမရိုးနိုင်သဖြင့် သူ့ဝတ္ထုများသည် နာမည်ကြီး စာရင်းဝင်များ ဖြစ်နေကြသည်။ အရပ်ငါးပေနှစ်လက်မသာသာမျှရှိ၍ ဝတုတ် သေးလှသော်လည်း အားကစားလိုက်စားခဲ့ဖူးသဖြင့် ကျန်းမာရေးကောင်းနေသူ ဖြစ်သည်။

www.burmeseclassic.com



ဝဲလ်ဖို့၏ အခြားတစ်ဘက်တွင်ရှိနေသော ဖော်တက်စကျူသည် စီးပွားရေးကော်ပိုရေးရှင်း လုပ်ငန်းကြီးတစ်ခုမှ အဖွဲ့ဝင်တစ်ဦးဖြစ်၍ တောင်ပိုင်းဒေသမှလာသူတစ်ဦးဖြစ်သည်။ ပုပုကွကွ ဝဝတုတ်တုတ် ကိုယ်ခန္ဓာဖြင့် မျက်ပေါက်ကျဉ်းသလောက် မျက်လုံးမှေးမှေးဖြစ်သည်။ သို့သော် သူ့ပါးစပ်မှာ အများတကာထက်ပို၍ အနည်းငယ်ပြဲသည်ဟု ထင်ရသည်။ ၎င်းပါးစပ်ကို မြင်ရုံမျှဖြင့် ဖော်တက်စကျူသည် ပျော်ပျော်ပါးပါး နေတတ်သူဖြစ်ကြောင်း ခန့်မှန်းနိုင်သည်။ သို့သော် သူသည် အခန်းထဲသို့ ဝင်လာသော ဂျက်အင်းဖို့အား ပြုံးရုံသာ ပြုံး၍ နှုတ်ဆက်လိုက်သည်။

စတုတ္ထလူမှာ ဟောလ်ဝေးပင်ဖြစ်သည်။ သူ့ကိုကြည့်ရသည်မှာ အနည်းငယ်မာနကြီးပုံရသည်။ သို့သော် သူ့မျက်လုံးများက သူ၏စိတ်ရင်းကောင်းမှုနှင့် ကြင်နာမှုကို မသိမသာဖော်ပြနေကြသည်။ သူ့ကို အကဲခတ်ကြည့်နေသော ဒေါက်တာကိုးလင်းသည် သူနှင့်လက်ဆွဲနှုတ်ဆက်ခဲ့ရာမှ တစ်ဖက်သားအား လေးစားတတ်သော သူ၏လိုက်လျောပြုမူမှုကို သူ၏လက်ဖဝါးတွင် စမ်းသပ်တွေ့ခဲ့သည်။

သူတို့လေးယောက်စလုံးသည် ယနေ့နံနက် အမဲပစ်ထွက်သွားရာတွင် ပါဝင်ခဲ့ကြသည်ဖြစ်ရာ ဒေါက်တာကိုးလင်းသည် လေးယောက်စလုံးကို ဂရုစိုက်၍ အကဲခတ်ကြည့်ခဲ့သည်။ သို့သော် သူတို့၏ရိုးသားဖြောင့်မတ်သော ဟန်အမူအရာများနှင့် သူတို့ပါးစပ်မှ ထွက်လာကြသော စကားလုံးများကို ကြားရုံမျှဖြင့် မဝေခွဲတတ်အောင် ဖြစ်ခဲ့မိသည်။

"ကြားရတာ စိတ်မကောင်းစရာကြီးပါဗျာ"

"ကျွန်တော်ဖြင့် ကြားကြားချင်း လန့်သွားတာပဲ။ ယုံတောင်မယုံနိုင်ဘူး"

"ဆင်းမန်းဆိုတဲ့လူဟာ ကြည့်ရတာ သဘောကောင်းပုံပါပဲ"

"ဘယ်လိုဖြစ်သွားတယ်ဆိုတာ ကျုပ်ဖြင့် စဉ်းစားလို့ကို မရပါဘူးဗျာ"

"ဒရယ်တစ်ကောင်နဲ့ မှားပြီး အပစ်ခံရတာဆိုရင်တော့ ကျွန်တော်တို့အဖွဲ့ထဲက မဖြစ်နိုင်ဘူးဗျ။ ကျွန်တော်တို့လူတွေက ဒါလောက် အတွေ့အကြုံနုတဲ့ လူတွေမဟုတ်ပါဘူး"

ဒေါက်တာကိုးလင်းသည် တစ်စုံတစ်ရာ အကြောင်းထူးသဖြင့် ...



မကြီးထဲမှ ထွက်လာခဲ့ပြီး ဂျာရီဂျင်ကလင်၏ အခန်းထဲသို့ ဝင်လာခဲ့သည်။

ဆာရာ၏ ယောက်ျားဖြစ်သူ ဂျာရီဂျင်ကလင်သည် ရုတ်တရက်ကြည့်လိုက်လျှင် မထုံတက်တေး ခပ်အေးအေး နေတတ်သည်ဟု ထင်ရသော်လည်း တကယ် အနီးကပ်ပေါင်းကြည့်သောအခါ အလွန်သွက်လက်ဖျတ်လတ်သူ ဖြစ်သည်။ သို့သော် သူသည် အရေးအကြောင်းရှိမှသာ လှုပ်လှုပ်ရှားရှား ဖြစ်တတ်၍ ကျန်အချိန်များတွင်မူ လေးတိလေးကန်ဖြင့် ခပ်မှန်မှန်နေတတ်သည်။

သူက ဒေါက်တာကိုးလင်းအား လှမ်းပြောလိုက်သည်။

"ခင်ဗျား မက္ကဒပ်နဲ့ မတွေ့ရသေးဘူးထင်တယ်"

"နောက်ဆုံး ကျန်နေတဲ့လူလား"

"ဟုတ်တယ်။ သူပါနဲ့ဆိုရင် အမဲလိုက်သမား ခုနစ်ယောက်စုံပါပြီ။ သူလည်း မကြာခင် ရောက်လာတော့မှာပါ"

"ဒီကိစ္စနဲ့ ပတ်သက်လို့ ခင်ဗျားဘယ်လိုသဘောရသလဲ"

ဂျာရီသည် ဒေါက်တာကိုးလင်း၏စကားကို မကြားသလိုကြားသလိုဖြင့် ချက်ချင်း ပြန်မပြောသေးဘဲ စီးကရက်ဘူးကိုထုတ်၍ ကိုးလင်းအား တစ်လိပ်လှမ်းပေးလိုက်သည်။ ပြီးမှ သူကိုယ်တိုင် တစ်လိပ်ထုတ်၍ မီးညှိလိုက်သည်။

"သိပ်တော့ မနိပ်ဘူးဗျ။ အခုဟာက လူသတ်မှုဆိုတာ သေချာတယ်။ ဒါပေမယ့် တစ်ခုစဉ်းစားဖို့ရှိတာက အခုသေသွားတဲ့ ဆင်းမန်းဟာ တကယ်ပဲ သူ့ကို သတ်ဖို့ရည်ရွယ်လို့ သေသွားတာလား၊ ဒါမှမဟုတ် လူမှားပြီး အသတ်ခံရတာလား။ အဲဒါအတွေးရခက်နေတယ်။ ပြီးတော့ အမဲလိုက်သွားတဲ့လူ ခုနစ်ယောက်မှာ သူတစ်ယောက်ပဲ မီးခိုးရောင်အင်္ကျီဝတ်သွားတာရှိတယ်။ ဒါကိုလည်း သူတို့အားလုံး အတူတူ တစ်ချိန်တည်းထွက်သွားကြတာမို့ အားလုံးက သိနေကြတယ်။ ခင်ဗျား ဆာရာနဲ့ တွေ့ပြီးပြီဆိုတော့ သူ့ဆီက ဘာတွေကြားခဲ့ရတယ်ဆိုတာ ကျွန်တော်သိပြီးပါပြီ။ ဒါပေမယ့် အခုဒီမှာ ရှိနေကြတဲ့သူတွေထဲ ဆင်းမန်းကို သတ်ပစ်လောက်အောင် ဘယ်သူမှ ရန်ညှိုးရှိကြတာ မဟုတ်ပါဘူး။ ဒါပေမယ့် တစ်ယောက်ယောက်ကသတ်လိုက်လို့ သေတဲ့လူကတော့ သေသွားပြီ။ အဲဒါ ဘယ်လိုအစရှာရမှန်းမသိအောင် ဖြစ်နေတာပဲ"

"မစ္စဂါထရုအင်းဖို့တစ်ယောက် ကယောင်ချောက်ချား ဖြစ်သွားတာကို ...

www.burmeseclassic.com

www.burmeseclassic.com



တော့ ထည့်မစဉ်းစားမိဘူးလား"

"ဟုတ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ဆာ့ရာက ကျွန်တော့်ကို ပြောပြပြီးပါပြီ။ ဒီတိုင်းဆိုရင်တော့ ဂျက်အပေါ်မှာ မသက်ာစရာပဲဗျ။ ဒါပေမယ့် မစ္စဂါထရုက သူ့မောင်နဲ့ပတ်သက်လို့ တစ်ဘက်သတ်မြင်နေတာ ခက်တယ်။ ဒီနေရာမှာ ဆင်မန်းဟာ လူမှားအသတ်ခံရတယ်လို့ ပြောမယ်ဆိုရင် ပြောစရာအချက်တွေ ရှိနေတယ်။ အဲဒီလိုလူမှားအသတ်ခံရအောင်ကလည်း ဘယ်သူကဘယ်သူနဲ့မှားပြီး သတ်သလဲဆိုတာကျတော့ ပြောဖို့မလွယ်ပြန်ဘူးဗျ"

"ဂါထရုကတော့ အသက်ကြီးပါပြီဗျ"

"ဟုတ်ပါတယ်။ ဒီအသက်အရွယ်အထိ သူ့မောင် ဂျက်ကို သူပဲစောင့်ရှောက်လာခဲ့တာပဲ"

"ငယ်ငယ်လေးထဲကလား"

"ဆိုပါတော့ဗျာ. . . သူတို့အဖေအမေတွေ သေတော့ ဂျက်က တစ်ဆယ့်တစ်နှစ်သားပဲရှိသေးတယ်။ အဲဒီတော့ ဂါထရုက ဆယ့်ကိုးနှစ်သမီးလောက်ရှိနေပြီ။ သူပဲအစစအရာရာ အိမ်ထောင်တစ်ခုလုံး စီးပွားရေးလုပ်ငန်းတွေပါဦးစီးလာခဲ့ရတာပဲ"

ဂျာရီကပြောရင်း တံခါးဝကို လှမ်းကြည့်လိုက်သည်။

"ဟော. . . ဟိုမှာမက္ကာဒပ်ပြန်လာပြီ. . . ဟေး. . မက္ကာဒပ်"

မက္ကာဒပ်အခန်းထဲသို့ ဝင်လာသည်။ အရပ်ထောင်ထောင်မောင်းမောင်း၊ ခန္ဓာကိုယ်တုတ်တုတ်ခိုင်ခိုင်ဖြင့် အသားနီကြင်ကြင်၊ နှာခေါင်းနီနီဖြင့်သူ့ကိုကြည့်ရသည်မှာ စကော့လူမျိုးပီသလှသည်ဟု ဒေါက်တာကိုးလင်းက တွေးနေမိသည်။ သူသည် အခန်းထဲသို့ ကျွန်နေရရ ခြေလှမ်းမှန်မှန်ဖြင့် ဝင်လာခဲ့ပြီးကိုးလင်းအား လက်ဆွဲနှုတ်ဆက်လိုက်သည်။ ပြီးမှ ကုလားထိုင်တစ်လုံးပေါ်တွင်အားရပါးရ ထိုင်ချလိုက်သည်။

"ကျုပ်ဖြင့် တစ်ညလုံး မအိပ်ရပါဘူးဗျာ"

သူသည် အမဲလိုက်အင်္ကျီအနီရောင်ကို ဝတ်ထားရာ သူ့မျက်လုံးမှာမှာ အင်္ကျီအရောင်နှင့်မခြား နီရဲနေကြသည်။

"ခင်ဗျားက ဆရာဝန်လား၊ ဆင်းမန်းအသက်ကို မကယ်လိုက်နိုင်တာ



တော့ ဆိုးတယ်ဗျာ"

"အချိန်က သိပ်နောက်ကျနေပါပြီ"

မက္ကာဒပ်က ဂျာရီဘက်သို့ လှည့်လိုက်သည်။

"ဒရယ်နဲ့မှားပြီး ပစ်တဲ့အကောင်က ဘယ်သူလဲဗျ"

"ဒါတော့ သူပြောပါလိမ့်မယ်"

မက္ကာဒပ်က ဒေါက်တားကိုးလင်းအား လက်ညှိုးထိုးပြလိုက်သည်။

"ဆရာသိပါတယ်။ အပြစ်ရှိတဲ့လူဟာ ဘယ်တော့မှ လိပ်ပြာမသန့်ပါဘူး"

"ဒီမယ် မက္ကာဒပ်၊ ဒီစကားကို သူတို့အားလုံး နားလည်ထားကြပြီးသားပါ။ ဒါပေမယ့် အမှန်တရားဟာ တစ်ခါတလေကျတော့ ကာယကံရှင်က ဖုံးကွယ်ထားလို့ ဘေးက အတင်းအဓမ္မဖော်ထုတ်ပေးရတာတွေ ရှိတတ်ပါတယ်"

ဒေါက်တာကိုးလင်း ကြေးနန်းတစ်စောင် အမြန်ရိုက်လိုက်သည်။ ထိုကြေးနန်းစာမှာ ဂျက်နှင့်ဟောလ်ဝေးတို့ လျှောက်လွှာတင်ခဲ့ကြသည့် အဲရန်တပ်ရင်းဌာနချုပ်သို့ ရိုက်လိုက်ခြင်း ဖြစ်သည်။ သူတို့နှစ်ယောက်၏ လျှောက်လွှာများကို မည်သည့်အကြောင်းကြောင့် ပယ်လိုက်သည်ကို သိလိုသောကြောင့် ဖြစ်သည်။ ထို့ပြင် အဆိုပါတပ်ရင်းတွင် အာသာဆင်မန်းအမည်ဖြင့် တပ်သားတစ်ယောက်ရှိမရှိ စုံစမ်းကြည့်လိုက်သည်။

ဒေါက်တာကိုးလင်းသည် မတော်တဆ မှန်လိုမှန်ငြား လေထဲသို့ရမ်း၍ပစ်လိုက်ခြင်းဖြစ်သည်။ သို့သော် ဤအမှုတွင် ဂျက်အင်းဖို့သည် အဓိကမဏ္ဍိုင်ဖြစ်သည်ကိုမူ သူ့စိတ်ထဲက ဖျောက်ဖျက်မရအောင် ရှိနေသည်။ ထို့ပြင် ဆင်းမန်းသည် သေနတ်ဖြင့် အပစ်မခံရမီကလေးတွင် တောလမ်းတစ်နေရာ၌ မေဆင်ဟောလ်ဝေးနှင့် တွေ့ခဲ့ရသည်ဟူသောအချက်ကလည်း ရှိနေပြန်သေးသည်။ သို့ဖြစ်ရာ ဂျက်အင်းဖို့နှင့် ဆင်းမန်းသာမက မေဆင်ဟောလ်ဝေးနှင့် ပတ်သက်သမျှ ရနိုင်သည့် သတင်းအစအနများကို ရှာဖွေစုဆောင်းရမည်ဟု သူ့စိတ်ထဲက ပိုင်းဖြတ်ထားခဲ့သည်။

□□□

www.burmeseclassic.com

www.burmeseclassic.com



ရဲအရာရှိရောက်လာပြီဖြစ်၍ ညှိုခန်းမကြီးထဲတွင် အားလုံးနှင့်တွေ့ရန် စီစဉ်ထားသည်။ သည်အထဲတွင် ဒေါက်တာကိုးလင်းကိုလည်း ဖိတ်ခေါ်၍ ရဲအရာရှိနှင့် မိတ်ဆက်ပေးခဲ့သည်။

ဒေါက်တာသည် ရဲအရာရှိ၏စကားပြောရာတွင် ပြတ်သားပုံနှင့်လိုရင်းကို တိုတိုရှင်းရှင်းပြောတတ်ပုံများကို သဘောကျနေခဲ့သည်။ ထို့ပြင် ယခုဤနေရာသို့ ရောက်ရှိနေကြသူများသည် အထိုက်အလျောက် ငွေကြေးအရှိန်အဝါအားဖြင့်သော်လည်းကောင်း၊ နိုင်ငံရေးဩဇာအားဖြင့်သော်လည်းကောင်း၊ အတော်အတန် ရှိနေကြသူများဖြစ်ရာ ဤပုဂ္ဂိုလ်များကို ပရိယာယ်ကြွယ်ဝစွာဖြင့် ကိုင်တွယ်သွားနိုင်စွမ်းရှိသော ရဲအရာရှိ၏အရည်အချင်းကို အထူးလေးစားသွားမိသည်။ သို့ဖြင့် သူသည် ရဲအရာရှိ၏ မေးရိုးမေးစဉ်ပင် ဖြစ်သော်လည်း အံဝင်ခွင်ကျရှိလှသည့် မေးခွန်းများကို အထူးဂရုစိုက်၍ နားထောင်မိသည်။

ရဲအရာရှိက တစ်ဦးချင်းကို မေးခွန်းများ အသီးသီးမေးပြီးနောက် နိဂုံးချုပ်အနေဖြင့် သူ့အာဘော်ကို ထုတ်ဖော်ပြောကြားခဲ့သည်။

"ကဲ. . လူကြီးမင်းများခင်ဗျား. . ." ရဲအရာရှိအသံမှာ ဩဇာ အပြည့်ရှိကြောင်း ဒေါက်တာသတိထားလိုက်မိသည်။

"ဒီအမှုကတော့ လူသတ်မှုလို့ပဲ ကျွန်တော်ယူဆပါတယ်။ ဒါလည်း လူကြီးမင်းများကိုယ်တိုင် ကျွန်တော်နဲ့ သဘောတူလိမ့်မယ်လို့ ယူဆပါတယ်။ ဒါပေမယ့် အချင်းဖြစ်ပွားပုံကို ကြည့်ရခြင်းအားဖြင့် မစ္စတာဆင်းမန်းဟာ လူမှားပြီး အသတ်ခံရတယ်လို့ ယူဆရပါတယ်။ ဒီနေရာမှာ သူဟာ ခင်ဗျားတို့နဲ့အတူ အမဲလိုက်ဖို့ တောထဲကို ထွက်လာခဲ့ရာက ဘယ်လောက်ဝေးတဲ့နေရာကကြည့်ကြည့် သူနဲ့ခင်ဗျားတို့အားလုံးနဲ့ ကွဲကွဲပြားပြား ခြားနားနေတဲ့အချက်ကတော့ သူဝတ်ထားတဲ့ မီးခိုးရောင်အမဲလိုက်အင်္ကျီပါပဲ။ သူကလွဲလို့ ကျန်တဲ့ ခင်ဗျားတို့အားလုံးဟာ အနီရောင်အမျိုးမျိုးကို ဝတ်ထားကြပြီး သူတစ်ယောက်တည်း မီးခိုးရောင်ဝတ်ထားခဲ့ပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်သိဖို့လိုတာက မစ္စတာဆင်းမန်းဝတ်ထားတဲ့ အင်္ကျီဟာ သူ့ကိုယ်ပိုင်အင်္ကျီဟုတ်ရဲ့လား။ သူဟာ ဒီအင်္ကျီကို အမြဲဝတ်နေကျလား၊ ဒါမှမဟုတ် သူဟာ ဒီအင်္ကျီကို တစ်ယောက်ယောက်ဆီက ငှားဝတ်ခဲ့တာလား၊ အဲဒါတွေကို စုံစမ်းဖို့လိုပါတယ်"



မက္ကဒပ်က ရုတ်တရက် မတ်တတ်ရပ်လိုက်သည်။

"အဲဒီမီးခိုးရောင်အင်္ကျီဟာ ကျွန်တော့်အင်္ကျီပါ။ ဒီနေ့မနက် ကျွန်တော်နဲ့တွေ့တော့ သူ့အင်္ကျီလက်မောင်းတစ်ဘက် မနေ့က စုတ်သွားလို့ ဒီတအိမ်ဖေမလေးတွေကို ချုပ်ခိုင်းနေတာတွေ့ရပါတယ်။ ဒါနဲ့ ကျွန်တော်က အဲဒီစုတ်နေတဲ့အင်္ကျီကိုထားခဲ့ပြီး ကျွန်တော့်မီးခိုးရောင်အင်္ကျီကို ဝတ်သွားဖို့ ငှားလိုက်ပါတယ်။ လူကြီးမင်းများခင်ဗျား၊ အခုအတိုင်းဆိုတော့ ကျွန်တော့်ကြောင့် သူသေရသလို ဖြစ်နေပါပြီ"

"ဒီလိုလည်း မဆိုလိုပါဘူး မက္ကဒပ်။ ဒီနေရာမှာ တစ်ခုမေးစရာ ပေါ်လာပြန်တာက ခင်ဗျားဟာ ဒီအင်္ကျီကို တစ်ခါတစ်ရံမှာဝတ်သလား၊ ဒါမှမဟုတ် အရင်က အမြဲဝတ်ခဲ့သလား"

"ကျွန်တော် အမြဲဝတ်ပါတယ်။ ပြီးခဲ့တဲ့ တနင်္ဂနွေတစ်ပတ်လုံး ဒီမီးခိုးရောင်အင်္ကျီပဲ နေ့တိုင်းဝတ်ခဲ့ပါတယ်။ ဒီအတောအတွင်း ကျွန်တော်မှာထားတဲ့ အနီရောင်အင်္ကျီက မနေ့ညကပဲ ရောက်လာလို့ မီးခိုးရောင်အင်္ကျီအဟောင်းကို ငှားလိုက်တာပါ"

ရဲအရာရှိက မက္ကဒပ်၏ စကားကို သဘောကျသွားသည်။

"ဒီအတိုင်းဆိုရင်တော့ ကျွန်တော်တို့အနေနဲ့ သိပ်ပြီးခဲခဲယဉ်းယဉ်း စဉ်းစားစရာမလိုတော့ဘူး ထင်ပါတယ်"

မက္ကဒပ်မှာ ရဲအရာရှိ၏ စကားကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့သည်။

"ခင်ဗျား. . ခင်ဗျားဆိုလိုတာက သတ်တဲ့လူဟာ သူ့ကိုကျွန်တော်မှတ်ပြီး ပစ်သတ်လိုက်တယ်ဆိုတဲ့ သဘောပေါ့ ဟုတ်လား"

"ဒီမယ် မက္ကဒပ်၊ ဘာပဲဖြစ်ဖြစ် ပစ်တဲ့လူက ဒီစခန်းမှာ မီးခိုးရောင်အင်္ကျီဝတ်တဲ့လူကိုပဲ ရွေးပစ်တာ သေချာတယ်"

ဒေါက်တာကိုးလင်းသည် ဤနေရာ၌ ရဲအရာရှိနှင့် သဘောမတူနိုင်ဘဲရှိနေခဲ့သည်။ ရဲအရာရှိ၏သုံးသပ်ချက်မှာ ဘေးချော်သွားပြီဟု ထင်လိုက်သည်။ သူတို့အားလုံးသည် ထိုနေ့နံနက်က တစ်ချိန်တည်းတပြိုင်တည်း စခန်းမှအတူတူထွက်သွားခဲ့ကြသည်ဖြစ်ရာ မက္ကဒပ်၏ မီးခိုးရောင် အမဲလိုက်အင်္ကျီကို ဝတ်

www.burmeseclassic.com



ခွဲသွားသူမှာ မကွာခပ်မဟုတ်ဘဲ ဆင်းမန်းဖြစ်ကြောင်း သိသွားခဲ့ကြပြီး ဖြစ်သည်။ ထို့ကြောင့် မီးခိုးရောင်အကျႌဝတ်ထားသော ဆင်းမန်းအား ဘယ်နည်းနှင့်မျှ မကွာခပ်နှင့် သူမှားစရာမရှိဟု ဒေါက်တာကိုးလင်းက ယူဆလိုက်သည်။

၁၁

ဒေါက်တာကိုးလင်း ရိုက်လိုက်သောကြေးနန်း၏ အကြောင်းပြန်ကြေး ချက်သည် ညနေ မှောင်စပျိုးချိန်တွင် ရောက်လာသည်။

ကြေးနန်းစာအရ အရန်တပ်ရင်းတွင် အာသာဆင်းမန်းအမည်ဖြင့် တပ်သားတစ်ယောက်မျှ မရှိခဲ့ဖူးကြောင်း သိရသည်။ ထို့ပြင် မေဆင်ဟောလ် ဝေးအား ထိုစဉ်က စိတ်ရောဂါနှင့်ပတ်သက်သည့် လက္ခဏာများ တစွန်းတစ တွေ့ရသဖြင့် တပ်မတော်မှ လက်မခံဘဲ ပယ်ခဲ့ပြီး၊ ဂျက်အင်းဖို့မှာမူ မျက်စိအား နည်းသည့် ရောဂါအရိပ်နိမိတ်များ တွေ့ရှိရသဖြင့် လျှောက်လွှာကို ပယ်ချခဲ့ သည်ဟု သိရသည်။

ဒေါက်တာကိုးလင်းသည် ကြေးနန်းစာကိုဖတ်ပြီး အတန်ကြာအောင် စဉ်းစားနေမိသည်။ "အော်. . . ဝီလိုကိုး"ဟု တွေးမိသည်။

ထို့နောက် သူသည် ကြေးနန်းစာကိုခေါက်၍ အိတ်ထဲသို့ ထည့်လိုက် ပြီး ရဲအရာရှိကို မော့ကြည့်လိုက်သည်။ ပြီးနောက် ထိုနေ့နံနက်က သေနတ် ထားသော ဆင်းမန်းကို ပထမဆုံးတွေ့ခဲ့သည့် လမ်းပြဘီလ်အား တစ်ချက်လှမ်း ကြည့်လိုက်သည်။ ဘီလ်သည် ရဲအရာရှိ၏ မေတ္တာရပ်ခံချက်အရ သေဆုံး ဆင်းမန်း အမဲပစ်ထွက်သွားခဲ့သည့် တောလမ်းနှင့် သူ့အားဒဏ်ရာဖြင့် တွေ့ခဲ့ သည့်နေရာကို လိုက်ပြရန် ရောက်ရှိနေခြင်းဖြစ်သည်။ ဒေါက်တာကိုးလင်း ရဲအရာရှိနှင့်အတူ ထိုနေရာသို့ မိမိလိုက်ကြည့်လိုကြောင်း ပြောလိုက်ရာ ရဲအရာ ရှိက. . .

"ဟာ ဒေါက်တာလိုက်ဖို့ လိုတာပေါ့၊ ဒေါက်တာက မပြောလည်း ကျွန် တော်က ခေါ်ဖို့ စိစဉ်ထားပြီးသားပါ"ဟု စိတ်အားထက်သန်စွာ ပြန်ပြောခဲ့သည်။

သူတို့သုံးယောက် ထွက်လာကြသောအခါ နေလုံးကြီးသည် အနောက် ဘက်တောင်စွယ်သို့ မေးတင်နေပြီဖြစ်သည်။ ထင်းရှူးပင်နှင့် ဒန်းပင်များအ



လူသွားလမ်းကလေးပေါ်မှ သစ်ရွက်များသည် သူတို့အတွက် ကော်ဇောခင်းပေး ထားသလို ဖြစ်နေသည်။ ဒေါက်တာကိုးလင်းသည် ရဲအရာရှိနှင့် စကားပြောရင်း လိုက်လာခဲ့သည်။

ဒေါက်တာက မိမိတာသက်တာတွင် ကြုံဖူးသည့် ဦးနှောက်ခြောက် စရာအကောင်းဆုံး အမှုတစ်မှုဖြစ်ကြောင်း ပြောပြနေသည်။ သူက အမှုနှင့်ပတ် သက်သည့် အစီကပုဂ္ဂိုလ်ငါးဦးအကြောင်းကို သူမြင်သိလေသမျှ အကျဉ်းချုံး၍ တင်ပြခဲ့သည်။ သေဆုံးသူဆင်းမန်းသည် စိတ်ရင်းကောင်းသည်ဟု အများက နားလည်ထားကြသည်။ နောက်တစ်ယောက်မှာ ကြံကြံဖန်ဖန် တိုက်တိုက် ဆိုင် ဆိုင် ထိုနေ့နံနက်တွင်မှ မိမိ၏မီးခိုးရောင်အမဲလိုက်အကျႌကို စေတနာဖြင့် ငှား လိုက်မိသည့် မကွာခပ်ဖြစ်သည်။ တတိယလူမှာ သူတို့အားလုံးကပင် ရူးသား ဖြောင့်မတ်သည်ဟူ၍ တညီတညွတ်တည်း လက်ခံထားကြသည့် မေဆင် ဟောလ်ဝေးဖြစ်သည်။ စတုတ္ထနှင့်ပဉ္စမပုဂ္ဂိုလ်များမှာ ဂါထရုနှင့် ဂျက်တို့မောင်နှမ ဝင်ဖြစ်သည်။ ဂျက်သည် ဟိုလူသည်လူက အမျိုးမျိုးအပြောခံခဲ့ရဖူး၍ သူ့၏ အားနည်းချက်များကြောင့် အစ်မဖြစ်သူ ဂါထရုက ကာကွယ်စောင့်ရှောက်လာခဲ့ ရသူ ဖြစ်သည်။ သို့သော် ဂါထရုကိုယ်တိုင်က ရဲဖန်ရံခါ သူ့ကိုယ်သူ မထိန်းနိုင်ဘဲ စိတ်နောက်ကိုကိုယ်ပါ ကယောင်ချောက်ချား ဖြစ်တတ်သည်။

မကြာမီ ရဲအရာရှိနှင့် ဒေါက်တာကိုးလင်းတို့အဖွဲ့သည် သေဆုံးသူ ဆင်းမန်းနှင့်ဟောလ်ဝေးတို့ နောက်ဆုံးတွေ့လိုက်သည့် လမ်းခွဲကလေးသို့ရောက် လာကြသည်။ ထိုနေရာတွင် လက်ဝဲဘက်သို့သွားသော လမ်းခွဲကလေးတစ်ခုကို ဖုံနေအောင်တွေ့ရသည်။ သေဆုံး ဆင်းမန်းသည် ဤနေရာတလျှောက်မှာပင် ဟောလ်ဝေးနှင့်တွေ့ပြီး ခေတ္တစကားပြောခဲ့သည်။ ကိုးလင်းသည် လမ်းခွဲကလေး တွင်ရပ်၍ ထိုနေ့နံနက်က မည်သို့မည်ပုံ ဖြစ်နိုင်သည်များကို ရဲအရာရှိအား ထင်မြင်ချက်များ ပြောပြနေခဲ့သည်။ သူတို့လာခဲ့သော နောက်ကြောင်းကို ပြန် ကြည့်လိုက်သောအခါ ထိုလမ်းခွဲကလေးသို့ မရောက်မီ ဆယ်ကိုက်ခန့်အကွာ တွင် လမ်းကလေးမှာ ကွေ့၍ဝိုက်လာသည်ကို တွေ့ကြရသည်။ ထို့ကြောင့် ထိုနေရာမှ ဟောလ်ဝေး ထွက်ခွာသွားသည့် လမ်းခွဲကလေးကို ကြည့်လိုက်ပြန် သောအခါ ထိုလမ်းကလေးမှာလည်း အကွေ့အကောက်တွေဖြင့်

www.burmeseclassic.com



မှ ခပ်လှမ်းလှမ်းအထိသာ လှမ်းမြင်ကြရသည်။

ထို့နောက် သူတို့သည် ဆင်းမန်းသွားသော လမ်းကလေးကို လှေ့လာကြည့်ကြပြန်သည်။ ထိုလမ်းကလေးမှာမူ အကွေ့အကောက်လုံးဝမရှိဘဲတဖြောင့်တည်းဖြစ်နေသည်ကို တွေ့ကြရသည်။ ထိုနေရာမှ ကိုက်တစ်ရာခန့်အထိလမ်းမှာ ဖြောင့်ဖြူးနေပြီး တောက်လျှောက်လှမ်း၍ မြင်နိုင်သည်။ ဤတွင် ဒေါက်တာကိုးလင်းက ဤအမှုနှင့်ပတ်သက်၍ အဖြေမှာ ဤနေရာတွင် ရှိလိမ့်မည်ဟု ထင်မြင်ချက်ပေးခဲ့သည်။

ထို့နောက် သူတို့သည် စခန်းသို့ ပြန်လာခဲ့ကြရာ၊ ဒေါက်တာကိုးလင်းက ရဲအရာရှိများအား မည်သို့ဆောင်ရွက်သင့်သည်ကို တစ်လမ်းလုံး အကြံဉာဏ်များပေးလာခဲ့သည်။ ဟောလ်ဝေကို ထပ်မံတွေ့ဆုံ၍ စစ်ဆေးရန်လည်းကောင်း အမဲလိုက်အကျီခုနစ်ထည်ကို ခေတ္တငှားရမ်းကြည့်ရှုရန်လည်းကောင်း အကြံဉာဏ်များပေးလာခဲ့သည်။

□□□

ဂါထရှသည် ခေါင်းပေါ်တွင် ခြစ်မံးရောင်ပိုက်ကလေးတို့အုပ်ရန် ဆုံးဖြတ်လိုက်သည်။ သူမ၏မျက်နှာအနေအထားနှင့် ခေါင်းပေါ်မှပိုက်ကို အနေအထားကျအောင် အလှပြင်ရသည်။ ယခုဆိုလျှင် အနေတော်ပင်ဖြစ်သည်။

သူတို့အားလုံးသည် နက်ဖြန်မနက်ရထားဖြင့် အားလုံးပြန်ကြတော့မည်ဖြစ်သည်။ အကယ်၍ မျက်နှာကြီးဖြူအစ်နေသော ရဲအရာရှိက မတားခဲ့ပါက သည်စခန်းမှ အမြန်ဆုံးထွက်သွားကြပြီ ဖြစ်သည်။ တကယ်တော့ ရဲအရာရှိသည် သဘောကောင်းသည်ဟု ဆိုနိုင်သည်။ ဤအမှုနှင့်ပတ်သက်၍ သူ စမ်းစစ်ဆေးလာခဲ့သည်မှာ ယနေ့အထိ သိမ်သိမ်မွေ့မွေ့ ယဉ်ယဉ်ကျေးကျေးဖြစ်သည်။ အာဏာသံဖြင့်ခြိမ်းခြောက်ခြင်း၊ ဟိန်းဟောက်ခြင်းများ လုံးဝ မပြုလုပ်ဘဲရှိခဲ့သည်။ ဂါထရှကိုယ်တိုင် ရဲအရာရှိ ဆက်ဆံရေးပြေပြစ်ပုံကို သဘောကျနေသည်။ သို့သော် သည်စခန်းတွင် နေရသည့်တစ်ချိန်လုံး ကျိန်စာသင့်သလို ခံစားနေရသည်ဟု သူမ ထင်မှတ်မိသည်။ အထူးသဖြင့် ဖျက်သည် နေရာထားတွင် မအူမလည်ဖြင့် ဤအမှုတွင် ဓားစုတ်ရာလက်ဝင်လျှိုသလို ဖြစ်မှာစိုးသည်။



သူမသည် ဖျက်အတွက် တစ်နေ့လုံးစိတ်ပူ၍ စိုးရိမ်နေခဲ့ရာ ယနေ့ညအားပုံးနှုတ်ဆက်သည့် ညစာစားပွဲတွင် အလှပြင်ဖို့ပင် မေ့ကျော်ကြီးစားခဲ့ရသည်။ နောက်ဆုံး၌ သူမသည် ကျောက်စိမ်းခွဲကြိုးကလေးကို လည်ပင်းတွင် ခပ်အိုက်အိုက်ကလေးဆွဲလိုက်ပြီး အောက်ထပ်သို့ဆင်းလာခဲ့သည်။

"မစ္စအင်းဖို့ ကြွပါခင်ဗျာ၊ ကျွန်တော် ခင်ဗျားကို အခုထဲ ရှာနေမိပါသေးတယ်"

ဒေါက်တာကိုးလင်းက ယဉ်ကျေးစွာ နှုတ်ခွန်းဆက်၍ သူ့အားနားမှုလားထိုင်တို့ ထိုးပေးလိုက်သည်။

"ဟုတ်တယ် ဒေါက်တာ၊ ကျွန်မလည်း ဒီနေ့ည ဆရာ့ကိုမတွေ့မိဘူး။ မနက်က ဆရာ ကျွန်မကို ပြုစုစောင့်ရှောက်လိုက်တာကို ကျေးဇူးတင်လို့ မဆုံးပါဘူးဆရာ"

"မလိုပါဘူးခင်ဗျာ၊ ဒါဟာ ကျွန်တော့်ရဲ့ အထတ်ပညာအရ လုပ်ဆောင်ရမယ့် တာဝန်ဝတ္တရားတစ်ခုပါပဲ"

"ကျွန်မတော့ဒီလိုပဲ တစ်ခါတစ်ခါ ဖြစ်တတ်ပါတယ်ဆရာ။ တစ်ခါတလေများ အမြင်ဘတ်တလမ်းပေါ်မှာ တစ်ခုခုမတော်တဆ တားတိုက်တာတို့ ရန်ဖြစ်တာတို့တောင်မှ ကျွန်မတအိမ်ထဲမှာ အလန့်တကြားဖြစ်တတ်ပါတယ်"

"ဒါနဲ့ပတ်သက်လို့ ဘာမှမလုပ်ဘူးလား"

"လုပ်တာပေါ့ ဆရာရယ်၊ ကျွန်မတို့မြို့က စိတ်ရောဂါကုဆရာဝန်တွေ အားလုံးလိုလိုကို ပြကြည့်ပြီးပါပြီ၊ ဒါပေမယ့် သိပ်အကြောင်းမထူးလှပါဘူး ဆရာ၊ မနက်ကဆိုရင် ဆရာမြင်တဲ့အတိုင်းပါပဲ"

အခန်းထဲတွင် သူတို့နှစ်ယောက်သာ ရှိနေသေးသည်။ ဂါထရှသည် ပြောစရာစကားစရှာလိုက်သည်။

"ဪ. . ဒါထက်ဆရာ၊ ဆရာနဲ့ရဲအရာရှိနဲ့ တွေ့ပြီးပြီလို့သိရတယ်။ ဘာများ ထူးသေးသလဲဆရာ"

"ဆင်းမန်းနဲ့ ပတ်သက်လို့လား"

"ဟုတ်ပါတယ်။ သူ့အသတ်ခံရတဲ့အမှုနဲ့ ပတ်သက်လို့ ဘာများအကြောင်းထူးသေးသလဲလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာကိုးလင်းမှာ အနေရအထိုင်ရ ကြပ်သွားသည်။

"အမှုကတော့ သူ့လက်ထဲမှာဆိုတော့ သူမှပဲ သိပါလိမ့်မယ်"

"ဪ အမှုတောင်ဖွင့်ပြီးပြီကိုး"

"ဟုတ်ကဲ့ ကျွန်တော်တော့ အဲဒီလိုပဲ နားလည်ထားပါတယ်။ သူက အခုဒီညတောင် လူစုံတုန်း လက်တွေ့စမ်းသပ်မှုကလေးတစ်ခု လုပ်ဖို့ စီစဉ်ထားတယ်လို့ ပြောပါတယ်"

"ဟုတ်လား၊ လက်တွေ့စမ်းသပ်မှုဆိုတာ ဘာလဲဆရာ။ ဘာစမ်းသပ်မှာလဲ"

"ကျွန်တော်သိရသလောက်တော့ အမဲလိုက်အင်္ကျီတွေယူလာပြီး ဝတ်ကြည့်မယ်လို့ ပြောတာပဲ"

"အဲဒါက သိပ်အရေးကြီးလို့လား ဆရာ"

"ဟာ. . အရေးကြီးတာပေါ့ မစ္စအင်းဖို့ရယ်"

ဂါထရုသည် စကားဆက်ရန်ဝန်လေးနေသဖြင့် တံခါးဝသို့ မျှော်လှမ်း၍ လှည့်ကြည့်လိုက်မိသည်။ ကံအားလျော်စွာ အခန်းထဲသို့ဝင်လာကြသူများကို လှမ်းမြင်လိုက်ရသဖြင့် ဝမ်းသာသွားသည်။

ရဲအရာရှိသည် ရှေ့ဆုံးမှဝင်လာရာ ဒေါက်တာပြောသည့်အတိုင်း သူ့လက်ထဲတွင် အမဲလိုက်အင်္ကျီများ တစ်ထပ်ကြီးပွေ့လာသည်ကို တွေ့လိုက်ရသည်။ သူ့နောက်မှ လူခြောက်ယောက် တန်းစီ၍ဝင်လာကြရာ အားလုံးမှာ နံနက်ခင်းက အမဲလိုက်ထွက်သွားခဲ့သူများပင် ဖြစ်သည်။ သူတို့အားလုံးသည် ခပ်ကြောင်ကြောင်ဖြင့် မီးလင်းဖိုနားမှ ကုလားထိုင်တွင် တစ်စုတစ်ဝေးတည်း ဝင်ထိုင်လိုက်ကြသည်။ နောက်ဆုံးတွင်မှ အိမ်ရှင်ဂျင်ကလင်ဝင်လာပြီး တံခါးအနီး ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

ဂါထရုသည် စိတ်ထဲတွင် သူမ၏မျက်စိအောက်မှ လူများကို ကြည့်ကာ ရုပ်သေးပြဇာတ်ထဲမှ ဇာတ်ကောင်များဟူ၍ ယူဆနေမိသည်။ သည်လူများထဲတွင် ဂျက်၏အမှုအရာမှာ အနည်းငယ်ချောက်ချားနေသလို ဖြစ်နေရာ သူ့ဘက်သို့ လှည့်ကြည့်လျှင် မျက်နှာရိပ်မျက်နှာကဲဖြင့် လှမ်း၍အားပေးလိုက်မည်ဟု စိတ်ကူးထားလိုက်သည်။ ဟောလ်ဝေးကို ကြည့်လိုက်ပြန်တော့လည်း ဂျ



ထက်ပင်ပို၍ မျက်စိမျက်နှာ ပျက်နေသည်ကို တွေ့ရသည်။ ဂါထရု၏ ကြောခိုး ထဲတွင် စိမ့်ခနဲဖြစ်သွားသည်။ ဟောလ်ဝေးသည် ရဲအရာရှိနှင့်တွေ့ပြီး ဘာတွေ ပြောထားသည်ကို သိချင်လှသည်။ ဘာပဲဖြစ်ဖြစ် ဂျက်တစ်ယောက် ဒုက္ခရောက်ရာ လက်ဝင်မလျှိုမိဖို့ အရေးကြီးဆုံးဖြစ်သည်။

ရဲအရာရှိသည် အမဲလိုက်အင်္ကျီကို တစ်ထည်ချင်းခေါက်ကာ ခုံတန်းရှည်တစ်ခုပေါ်တွင် တစ်ခုစီယှဉ်၍ တင်ထားလိုက်သည်။ အားလုံး အင်္ကျီခုနစ်ထည်ရှိသည့်အနက် ခြောက်ထည်မှာ အနီရောင်၊ ကြက်သွေးရောင်၊ အနီရင့်ရောင်၊ ငါးရှဉ့်သွေးရောင်စသည်ဖြင့် အရောင်ခပ်ဆင်ဆင် ဖြစ်ကြသည်။ ကျန်တစ်ထည်မှာမူ မီးခိုးရောင်ဖြစ်၍ အခြားအင်္ကျီများနှင့် သိသိသာသာကြီး အရောင်ကွဲနေသည်။

ထို့နောက် ရဲအရာရှိက စကားစ၍ပြောသည်။ ဂါထရုသည် ရဲအရာရှိ၏စကားကို နားထောင်ရင်း လိုရာမရောက်သဖြင့် သည်းမခံနိုင်အောင် ဖြစ်လာခဲ့သည်။ ထို့ပြင် ဟောလ်ဝေး၏ မျက်နှာမှာလည်း သိသိသာသာကြီး ပျက်နေသဖြင့် ရဲအရာရှိကများ ခြိမ်းခြောက်ထားလေသလားဟူ၍ပင် တွေးကြည့်မိသည်။ သူမ၏ထင်မြင်ချက်မှာ သွေးထွက်အောင်မှန်နေခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ရဲအရာရှိသည် ဣန္ဒြေရရ စကားလုံးလှလှဖြင့် အားလုံးကို ဖွင့် ချလိုက်သောကြောင့် ဖြစ်သည်။

"ဒီအမှုရဲ့အစကတော့ 'ကတုံးပေါ်ထိပ်ကွက်'ဆိုတဲ့ စကားနဲ့ပဲ စရပါလိမ့်မယ်" ရဲအရာရှိက ဘယ်သူ့ကိုမှမကြည့်ဘဲ ပြောလိုက်သည်။

"ဖြစ်ပုံက. . မစ္စတာဂျက်အင်းဖို့ဟာ ကုမ္ပဏီတစ်ခုက ဒေါ်လာနှစ်သိန်းနီးပါးကို ကာယကံရှင်တွေမသိအောင် ပိပိရိရိနဲ့ခိုးခဲ့ပါတယ်။ ဒီလို ပိပိရိရိ ခိုးနိုင်ဖို့အတွက် အဘက်ဘက်က ကူညီခဲ့ရတဲ့လူကတော့ မစ္စတာမေဆင် ဟောလ်ဝေးပါပဲ။ ဒီငွေနဲ့ပတ်သက်လို့ မစ္စတာအင်းဖို့နဲ့ မစ္စတာဟောလ်ဝေးတို့ဟာ မူလသဘောတူညီချက်အရ အချိုးအစားအလိုက် ခွဲယူကြဖို့ပါပဲ။ ဒါပေမဲ့ ဒီနေရာမှာ ကတုံးပေါ်ထိပ်ကွက်ဆိုတဲ့စကားလို မစ္စတာအင်းဖို့က တလွဲချပြီး ဒီငွေကိုတစ်ဖက်လှည့်နဲ့ မစ္စတာဟော်ဝေးမသိအောင် သုံးပစ်ခဲ့ပါတယ်။ မစ္စတာ ဟောလ်ဝေးကလည်း သူ့အပေါ်မှာ ဒီလိုကလိမ်ကျပြီး ကတုံးပေါ် ထိပ်ထွက်သွား

www.burmeseclassic.com

www.burmeseclassic.com



တာကို ခံချင်စိတ်နဲ့ ဒီတိုစ္စကို ရဲစခန်းမှာ တိုင်ချက်ဖွင့်ပြီး ဖော်ကောင်လုပ်ဖို့ စီစဉ်ခဲ့ပါတယ်။ ဒီလို ရဲစခန်းမှာ တိုင်ချက်ဖွင့်လိုက်ရင် သူကိုယ်တိုင် ကြံရာပါ ဖြစ်နေလို့ သူပါအစစ်ခံရချင် ခံရပါစေ၊ သူ့အပေါ်မှာ နားလည်ပြီး ပါးရိုက်သွားတာကို လုံးဝခံနိုင်ဘဲ ဖြစ်နေပါတယ်"

အခန်းထဲရှိ လူအားလုံးမှာ ရဲအရာရှိ၏စကားကို အလွန်စိတ်ဝင်စားရကောင်းသည့် ပုံပြင်တစ်ခုကို နားထောင်နေရသည့် ကလေးငယ်များပမာ မလှုပ်မယှက်ဘဲ ငြိမ်၍နားထောင်နေမိကြသည်။ မစ္စတာအင်းဖို့ကိုယ်တိုင် ပါးစပ်အဟောင်းသားဖြင့် ကြက်သေ သေနေမိသည်။

ရဲအရာရှိက သူ့ပုံပြင်ကို ဆောက်လျှောက်ပင် ပြောပြခဲ့သည်။

"ဒီနေရာမှာ ဒီအမှုနဲ့ ပတ်သက်လို့ သွယ်ဝိုက်ပြီးအရေးတကြီး သိထားရမယ့် အချက်တစ်ချက် ရှိပါတယ်။ အဲဒါက ဘာလဲဆိုတော့ ဒေါ်လာနှစ်သိန်းကိုနိုးပြီး အပျောက်ရိုက်ခဲ့တဲ့ မစ္စတာအင်းဖို့နဲ့ သူ့အစ်မရဲ့ ဆက်ဆံရေးပါပဲ။ တကယ်တော့ မစ္စတာအင်းဖို့ဟာ သူ့အစ်မ မစ္စဝါတရုအင်းဖို့ရဲ့ ဩဇာအာဏာကို ငယ်ငယ်လေးကတည်းကခံယူလိုက်နာခဲ့ရပါတယ်။ မစ္စအင်းဖို့ကလည်း မစ္စတာအင်းဖို့ကို မိဘနှစ်ပါးကွယ်လွန်သွားခဲ့တဲ့ အချိန်ကစပြီး အုပ်ထိန်းစောင့်ရှောက် လာခဲ့ရတာ အင်မတန်သံယောဇဉ်ကြီးခဲ့ပါတယ်။ ဒါကြောင့် ဒီကိစ္စကို မြေမဖေသ တုတ်မကျိုးဖြစ်အောင် သူ့မောင်နဲ့မစ္စတာဟောလ်ဝေတို့ နားလည်မှုရအောင် ဆွေးနွေးဖို့ ဟောလ်ဝေးဒီ အခဲပစ်စခန်းကို ခေါ်လာခဲ့ပါတယ်။ ဒီလိုခေါ်လာခဲ့တာဟာ မစ္စတာအင်းဖို့ကို လူသတ်မှုကျူးလွန်ဖို့ ဖန်တီးပေးလိုက်သလို ဖြစ်ခဲ့ရပါတယ်"

"ဒီလိုနဲ့ သူတို့မောင်နှမတာ မစ္စတာဟောလ်ဝေကို ဟောဒီအခဲပစ်စခန်းကို ခေါ်လာခဲ့ကြပါတယ်။ ဒီစခန်းတဲမှာ ဒီကိစ္စကို ပြေလည်အောင်ဆွေးနွေးကြတာပေါ့ဆိုတဲ့စကားနဲ့ မစ္စတာဟောလ်ဝေကလည်း သူတို့မောင်နှမကို ယုံကြည်စိတ်ချပြီး လိုက်လာခဲ့ပါတယ်။ တကယ်တော့ မစ္စအင်းဖို့ဟာ သူ့မောင် မစ္စတာအင်းဖို့ကို နာခည်ပျက်မှာ၊ သိက္ခာကျပြီး အရှက်တကွဲအကျိုးနည်း ဖြစ်မှာ အင်မတန် စိုးရိမ်နေပါတယ်၊ သူ့မောင် နာခည်ပျက်ရင် သူလည်း စုက္ခရောက်မယ်ဆိုတာ ကောင်းကောင်းကြီးနားလည်ပါတယ်။ ဒါကြောင့် ဒီ ဒေါ်လာနှစ်သိန်းကို နှစ်ဦးနှစ်ဝ ကျေကျေနပ်နပ်နဲ့ ပြေလည်အောင်ပြေရှင်းဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် ကာယကံရှင်ဖြစ်တဲ့ သူ့မောင်မစ္စတာအင်းဖို့ကတော့ ဒေါ်လာနှစ်သိန်းကို အပျောက်ရိုက်ခဲ့သလို မစ္စတာဟောလ်ဝေကိုလည်း အပျောက်ရှင်းပစ်ဖို့ ကြိတ်ပြီး ကြံစည်ခဲ့ပါတယ်။ ဒီလိုကြံစည်ပြီး လက်တွေ့အကောင်အထည်ဖော်ရာမှာ ကံဆိုးချင်တော့ မစ္စတာဆင်းမန်းဟာ မတော်တဆလူမှားပြီး သေသွားခဲ့ရတာပဲ။ ဒီနေရာမှာ မစ္စတာဆင်းမန်းဟာ ဘယ်လို လူမှားပြီး အသတ်ခံရတယ်ဆိုတာတော့ ဟောဒီက ကျွန်တော့်မိတ်ဆွေကြီး ဒေါက်တာကိုးလင်းစကားက ဆက်ပြီးရှင်းပြပါလိမ့်မယ်"

ဒေါက်တာကိုးလင်းသည် ထိုင်ရာမှ ကျွန်ရရ ထလိုက်သည်၊ တကယ်တော့သူသည် တစ်စုံတစ်ရာ ဝင်ရောက်စွက်ဖက်ရန် လုံးဝရည်ရွယ်ခဲ့သည် မဟုတ်။ သို့သော် ရဲအရာရှိကိုယ်တိုင်က မစ္စတာဆင်းမန်း အသတ်ခံရသည်မှာ မိမိဦးရောင်အကျီဝတ်သွားမိသဖြင့် လူမှား၍အသတ်ခံရသည်ဟု တစ်ထစ်ချ စွပ်စွဲနေခဲ့ရာမှ ထိုသို့မဖြစ်နိုင်ကြောင်း မိမိကအထောက်အထားခိုင်လုံစွာဖြင့် ရှင်းပြခဲ့ရသည်။ ဤလူသတ်မှုတွင် လူမှား၍ အသတ်ခံရသည်ဆိုသော အချက်မှာ မှန်ကန်နေသော်လည်း မှားပုံမှားနည်းမှာ ရဲအရာရှိ ထင်မြင်ယူဆသလို မဟုတ်ကြောင်း မိမိတစ်ဦးတည်းသာလျှင် သိထားခဲ့သည်၊ တဖန် မိမိ၏ကောက်ချက်ချပုံကို ရဲအရာရှိကိုယ်တိုင်က ဓလေ့ဓဝါဖြစ်နေခဲ့ရာ လူသတ်မှုတရားခံ အစစ်ကို ဖော်ထုတ်ရာ၌ မိမိကိုယ်တိုင် ရှင်းလင်းတင်ပြမှ ပိုမိုခိုင်လုံမည်ဖြစ်၍ ရဲအရာရှိနှင့်မိမိတို့ လက်ဝါးရိုက်ထားခဲ့ကြခြင်း ဖြစ်သည်။

သို့သော် ဤအခန်းထဲတွင် မိမိသတိပြုရမည့်ပုဂ္ဂိုလ်မှာ မစ္စတာ အင်းဖို့ အစ်မဖြစ်ကြောင်း ဒေါက်တာကိုးလင်း ကောင်းကောင်းကြီး နားလည်ထားသည်။ အကယ်၍ မိမိတင်ပြချက်အား မခိုင်လုံပါက မစ္စဝါတရုအင်းဖို့သည် တစ်ရှုတ်တည်းရှုတ်ဖြစ်တာ ပို၍စိတ်ထိခိုက်စရာ ဖြစ်လာမည်ဖြစ်သည်။ ယခုပင်လျှင် သူမသည် ရဲအရာရှိ၏စကားများကို ပါးစပ်အဟောင်းသားဖြင့် နားထောင်ရင်း သူ့မောင် မစ္စတာအင်းဖို့နှင့် မစ္စတာဟောလ်ဝေတို့ကို တစ်လှည့်စီကြည့်ကာ ခေါင်းကြီးအချည် မျက်စိမျက်နှာ ပျက်နေရှာမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒေါက်တာကိုးလင်းသည် အခန်းထဲမှ အခြားလူများကို လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



ဂရုမစိုက်တော့ဘဲ မစ္စဂါထရုအင်းဖို့၏မျက်နှာကိုသာကြည့်၍ ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်ရတော့သည်။

"ဒီမယ် မစ္စအင်းဖို့၊ ကျွန်တော် အခုပြောတာတွေကို ဂရုစိုက်ပြီး နားထောင်စေချင်ပါတယ်။ အမှန်တရားဟာ ခါးသီးတယ်ဆိုပေမယ့် အမှန်တရားကိုတော့ အမှန်အတိုင်း လက်ခံရပါလိမ့်မယ်။ ကျွန်တော်သိရသလောက် ခင်ဗျားရဲ့မောင် ဂျက်အင်းဖို့ဟာ ဒီနေ့မနက်မှာ မစ္စတာဟောလ်ဝေးထွက်သွားတဲ့နောက်ကို နောက်ယောင်ခံပြီး လိုက်သွားခဲ့ပါတယ်။ မစ္စတာဟောလ်ဝေးဟာ အဲဒီအချိန်မှာ သူ့နောက်မလှမ်းမကမ်းက မစ္စတာအင်းဖို့ နောက်ယောင်ခံလိုက်လာတာကို လုံးဝမသိပါဘူး။ ဒီလိုနဲ့ လမ်းခွဲကလေးကို ရောက်တဲ့အခါ မစ္စတာဟောလ်ဝေးဟာ အခုသေသွားတဲ့ မစ္စတာဆင်းမန်းနဲ့ တွေ့ပြီး ခဏစကားတစ်ခွန်းနှစ်ခွန်း ပြောပါတယ်။ နောက်ယောက်ခံပြီးလိုက်လာတဲ့ မစ္စတာအင်းဖို့ဟာ အဲဒီအချိန်က အဲဒီနေရာမှာ လမ်းကအကွေ့အကောက်ရှိပြီး ကွယ်နေတဲ့အတွက် မစ္စတာဟောလ်ဝေးနဲ့ မစ္စတာအင်းဖို့တွေ့တာကို မမြင်လိုက်ရပါဘူး။ အဲဒီလမ်းခွဲကလေးကို သူရောက်သွားတဲ့အချိန်ကျတော့ မစ္စတာဟော်ဝေးဟာ မစ္စတာဆင်းမန်းနဲ့ စကားပြောပြီး ဘယ်ဘက်လမ်းကလေးအတိုင်း ရှေ့ဆက်ပြီး ထွက်သွားပါပြီ။ ဒါပေမယ့် အဲဒီဘယ်ဘက်ကို ခွဲထွက်သွားတဲ့ လမ်းကလေးကလည်း ဆယ်ကိုက်လောက်အကွာမှာ ကမူလေးတစ်ခုကို ကွေ့သွားတဲ့အတွက် မစ္စတာအင်းဖို့ဟာ မစ္စတာဟောလ်ဝေးကို မမြင်လိုက်ရတော့ပါဘူး။ ဒါပေမယ့် ညာဘက်လမ်းကလေးအတိုင်းသွားနေတဲ့ မစ္စတာဆင်းမန်းကိုတော့ သူ လှမ်းပြီး မြင်နေပါတယ်။ အဲဒီ ညာဘက်လမ်းခွဲကလေးကလည်း ကိုက်တစ်ရာလောက်အထိ ဘာမှ အကာအကွယ်မရှိဘဲ ဖြောင့်တန်းနေတော့ မစ္စတာအင်းဖို့ဟာ မစ္စတာဆင်းမန်းကို သေသေချာချာလှမ်းမြင်ရပါတယ်။ အဲဒီမှာ မစ္စတာအင်းဖို့ဟာ မစ္စတာဆင်းမန်းကိုပဲ မစ္စတာဟောလ်ဝေးလို့ထင်ပြီး သေနတ်နဲ့ နောက်ကျောတဲ့တဲ့က လှမ်းပစ်လိုက်တာပါပဲ၊ ဒီနေရာမှာ မစ္စတာဟောလ်ဝေးနဲ့ ဆင်းမန်းတို့ဟာလည်း ကိုယ်လုံးကိုယ်ပေါက် အရပ်အမောင်းချင်း မတိမ်းမယိမ်း ဖြစ်နေလို့ လူမှားတာလည်း ပါပါတယ်"

ဂါထရုမှာ ရုတ်တရက် ငယ်ထိပ်ကို မြွေပေါက်ခံလိုက်ရသလို ဖြစ်သွား



သည်။ သူမမျက်စိထဲတွင် ဟောလ်ဝေးနှင့် ဆင်းမန်းတို့ ကိုယ်လုံးကိုယ်ပေါက် ဆင်ဆင်ရှိသည်ကို ချက်ချင်းပြေးမြင်လိုက်သည်။ မှန်သည် သူတို့နှစ်ယောက်သည် ယခုအမဲပစ်အဖွဲ့ထဲတွင် ကိုယ်ခန္ဓာအချိုးအစားချင်း မတိမ်းမယိမ်း တူသည့် လူနှစ်ယောက်ဖြစ်သည်။ ကျန်အမဲလိုက်သမား ငါးယောက်တို့မှာ ပိန်သူ ဝသူဝ၊ အရပ်ရှည်သူရှည်၊ ပုသူပု စသည်ဖြင့် သိသိသာသာကြီး ကွဲပြားနေကြသည်။ သည်အချက်မှာတော့ ဒေါက်တာကိုးလင်း၏စကားမှာ ယုတ္တိရှိသလို ဖြစ်နေသည်။ ယခုလောလောဆယ် မိမိမျက်စိအောက်မှာပင် ဂျက်သည် ဂနာငြိမ်ပဲ လှုပ်လှုပ်ရွရွဖြစ်နေသည်ကို လှမ်းမြင်နေရသည်။ သူသည် အလွန်တရာ အားငယ်တတ်သူ၊ အကြီးအကျယ်ကြောက်ရွံ့တတ်သူ ဖြစ်သည်။ ဤသည်မှာ မိမိ၏ အမြင်ပင်ဖြစ်သည်။ သူ့ကို သတ္တိမရှိအောင် ကြောက်တတ်အောင် မိမိက အလေ့အကျင့်လုပ်ပေးခဲ့သလို ဖြစ်နေသည်။ နေရာတကာ မိမိက ရှေ့မှဝင်၍ ရင်ဆိုင်ရပ်တည်ပေးခဲ့သဖြင့် သူ့ခမျာ ပြဿနာမှန်သမျှ ရင်မဆိုင်ရဲအောင် ဖြစ်နေရှာခဲ့သည်။ ဂါထရုသည် သူ့မောင်ဂျက်ကို အကဲခတ်ကြည့်နေခဲ့ရာမှ ရုတ်တရက် အမှတ်မထင် ခုံတန်းပေါ်မှ အမဲလိုက်အကျႌများကို လှမ်းမြင်လိုက်ရသည်။ ဤတွင်ပင် သူမ၏မျက်နှာ ဝင်းခနဲ တစ်ချက်လက်သွားသည်။

ဂါထရုက မဆိုင်းမတွပင် ပြောချလိုက်သည်။ "ဒီမယ်ဆရာ အခု ဆရာပြောသလိုဆိုရင် ဆရာထင်တာ မှားနေပြီ၊ ဘာလို့လဲဆိုတော့ အဲဒီအချိန်က မစ္စတာဟောလ်ဝေးဟာ အကျႌအနီရောင်ဝတ်ထားပြီး၊ မစ္စတာဆင်းမန်းက မီးခိုးရောင်ဝတ်ထားတာပဲဆရာ၊ အဲဒီတော့ ဘယ်လောက်ပဲ ခပ်ဝေးဝေးကကြည့်ကြည့် သူတို့နှစ်ယောက် ကိုယ်လုံးကိုယ်ပေါက်ချင်း ဘယ်လောက်ပဲတူတူ ဂျက်ဟာ မီးခိုးရောင်အကျႌကို မြင်လိုက်တာနဲ့ ဟောလ်ဝေးမဟုတ်ဘူးဆိုတာ သိနိုင်တာပဲ"

ဒေါက်တာကိုးလင်းသည် တစ်စုံတစ်ခုကို စိတ်ပိုင်းဖြတ်လိုက်သည်။

"ကဲ မစ္စတာအင်းဖို့ ဟောဟိုခုံတန်းပေါ်မှာ အမဲလိုက်အကျႌတွေ တင်ထားတယ်၊ အဲဒီထဲမှာ အကျႌခြောက်ထည်က အနီရောင် ဆင်တူရိုးမှားတွေပဲ၊ ကျန်တဲ့အထည်ကတော့ မီးခိုးရောင်ပဲ။ အဲဒီတော့ အဲဒီထဲက မီးခိုးရောင်အကျႌဟာ ဘယ်ဟာလဲဆိုတာ ခင်ဗျား ဒီနေရာကလှမ်းပြီး ပြောနိုင်ပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ၏စကားအဆုံးတွင် ဂျက်အင်းဖွိ၏မျက်နှာမှာ မသိမသာ ချွေးများစို့လာခဲ့သည်။ သူ၏နှုတ်ခမ်းမှာလည်း တလှုပ်လှုပ်တရွရွ ဖြစ်နေသည်။ သူသည် တစ်စုံတစ်ခုကို ပြောလိုက်တော့မလိုဖြင့် ရုတ်တရက် လွှတ်ခနဲ မအော်လိုက်မိစေရန် စိတ်ကို အစမွှထိန်းချုပ်ထားလိုက်ရသည်။ သူ့အခွင့်အရေးမှာ လောင်းကစားသမားဝေါဟာရဖြင့် ပြောရလျှင် ခုနစ်လေးတစ်လေးဖြစ်သည်။ အကျွံခုနစ်ထည်ရှိသည့်အနက် မီးခိုးရောင်အကျွံကို ရွေးပြောရမည်ဖြစ်သည်။ သူသည် အတတ်နိုင်ဆုံးကြိုးစား၍ ခုံတန်းဆီသို့ လှမ်းကြည့်လိုက်သည်။ တစ်ချိန်တည်း၌ တောလမ်းကလေးပေါ်တွင် မိမိရှေ့မှ စိုက်စိုက် စိုက်စိုက်ဖြင့် သွားနေသော လူတစ်ယောက်၏ပုံသဏ္ဌာန်ကို လှမ်း၍မြင်ယောင်နေမိသည်။

နောက်ဆုံး၌ဂျက်သည် လက်ဝဲဘက်အစွန်းသို့ လက်ညှိုးထိုးပြလိုက်သည်။

"အဲဒါ မီးခိုးရောင်ပဲ"

ဂါထရုသည် ရုတ်တရက်အသက်ရှူရပ်သွားသလို ခံစားလိုက်ရသည်။ ချက်ချင်းပင် စိတ်ကိုမထိန်းနိုင်တော့ဘဲ သံကုန်အော်ပြောလိုက်မိသည်။

"ဂျက် အဲဒါမဟုတ်ဘူး၊ အဲဒါက အနီရောင်ပဲ"

ဒေါက်တာသည် ဂါထရု၏ ပခုံးနှစ်ဖက်ကို ကြင်နာယုယစွာဖြင့် ခပ်နာနာကလေး ဖြိုင်တူဆုပ်ကိုင်လိုက်သည်။

"မစ္စအင်းဖွိ . . . ခင်ဗျားမောင်ဟာ အနီနဲ့မီးခိုးရောင်ကို မခွဲခြားတတ်ဘူး၊ ဒီကိစ္စနဲ့ပတ်သက်လို့ ခင်ဗျားကိုလည်း သူတစ်ခါမှ ဖွင့်မပြောခဲ့ဘူး မဟုတ်လား။ အမှန်တော့ ခင်ဗျားမောင်ဟာ အနီရောင်လည်းမသိဘူး၊ မီးခိုးရောင်လည်း မသိဘူး။ ဘာအရောင်မှမသိဘူး။ သူ့မျက်စိက အရောင်ကန်းပြီး ကာလာဘလိုင်းဖြစ်နေတာကြာပြီဗျ"

□□□

'ဒီနေရာမှာ သူဟာ ခင်ဗျားတို့နဲ့အတူ အမဲလိုက်ဖို့
တောထဲကိုထွက်လာတဲ့အချိန်မှာ
ဘယ်လောက်ဝေးတဲ့နေရာကကြည့်ကြည့်
သူနဲ့ခင်ဗျားတို့အားလုံးနဲ့ ကွဲကွဲပြားပြား
ခြားနားနေတဲ့အချက်ကတော့ သူဝတ်ထားတဲ့
မီးခိုးရောင်အမဲလိုက်အကျႌပါပဲ'

www.burmeseclassic.com

www.burmeseclassic.com

# အဖြူရောင်မျက်နှာဖုံးတပ်ထားသော လူသတ်သမား

ဆေးရုံကြီး၏ စင်္ကြံလမ်းအတိုင်း ပင်မဓာတ်လှေကားရှိရာသို့ သူ လျှောက်လာသောအခါ နံရံမှ တိုင်ကပ်နာရီသည် ၈ နာရီ ၁၅ မိနစ် ရှိနေပြီ ဖြစ်သည်။ သို့သော် သူသည် နာရီကိုမော့မကြည့်။ ကြည့်စရာလည်း မလို။ အဘယ့်ကြောင့်ဆိုသော် သူ့လုပ်ငန်းမစမီကပင် အချိန်ကို ကြည့်ခဲ့ သိခဲ့ပြီး ဖြစ်သည်။ ယခု ဘယ်နှစ်နာရီထိုးပြီကို သူ အတိအကျသိထားပြီး ဖြစ်သည်။

သူသည် ဓာတ်လှေကားရှေ့တွင် ရပ်၍စောင့်ရင်း စိတ်မရှည်နိုင်အောင်ဖြစ်လာသဖြင့် သူ့ချိုင်းတွင် ညှပ်လာခဲ့သောအထုပ်ကို မသိမသာ အနေအထားပြင်လိုက်သည်။ ဓာတ်လှေကားမှ အချက်ပြမြားနီကလေးသည် အပေါ်သို့ထောင်လျက်ရှိနေသည်။ ခဏအကြာတွင် ဓာတ်လှေကားမှ တံခါးရွက်နှစ်ခု ပွင့်လာသည်။

သူက အစောင့်ကို ခေါင်းညိတ်ပြလိုက်သည်။ ဓာတ်လှေကားအိမ်ကလေးထဲတွင် သူသည် ရှေ့ဘက်သို့မျက်နှာမူရင်း ဘေးမှလက်ရမ်းသံလုံးတိုတအားဆုပ်ကိုင်လိုက်ရာ သူ့လက်ချောင်းများကြားမှ အရေပြားမှာ အဖြူရောင်သမ်းလာသည်။

“ပဉ္စမထပ်ကို. . . .”သူက ပြောလိုက်သည်။



သူသည် ဓာတ်လှေကားအိမ်ကလေးထဲမှလူများကို ယခုမှ သတိထားကြည့်လိုက်မိသည်။ ချိုင်းထောက်နှစ်ခုနှင့် အသက်ကြီးလှပြီဖြစ်သော မိန်းမကြီးတစ်ယောက်၊ အဖြူရောင်ကုတ်အင်္ကျီ၊ အနက်ရောင်လက်ဆွဲအိတ် တိုယ်စီဖြင့် တိုးတိုးသက်သာ စကားပြောလာကြသည့် ဆေးကောလိပ်ကျောင်းသားကြီးနှစ်ယောက်၊ အသက်ကြီးလှပြီဖြစ်သော ဆေးရုံအမှုထမ်း အဘိုးကြီးတစ်ယောက်နှင့် သူနာပြုဆရာမတစ်ယောက်။

သူတို့အားလုံးက သူ့ကို လုံးဝ လှည့်မကြည့်ကြ။

သူက ဓာတ်လှေကားတံခါးမှ တစ်ထပ်ပြီးတစ်ထပ် အချက်ပြလာသော နံပါတ်ကလေးများကို စိုက်ကြည့်လာခဲ့သည်။ မကြာမီ တံခါးရွက်နှစ်ခု ပွင့်လာခဲ့ရာ သူသည် ခွဲစိတ်ခန်းရှိရာ အပြင်စင်္ကြံဘက်သို့ လှမ်းထွက်လိုက်သည်။

စင်္ကြံလမ်းအတိုင်း သူ လျှောက်လာစဉ် အပြာရောင်ခေါင်းဆောင်းသူနာပြု ဆရာမလေးနှစ်ယောက် သူ့ရှေ့မှဖြတ်၍ ခပ်သုတ်သုတ် လျှောက်သွားကြသည်။ စင်္ကြံလမ်းအလယ်ရှိ စားပွဲတွင် လူတစ်ယောက် အသံကျယ်ကျယ်ဖြင့် တယ်လီဖုန်းပြောနေသည်။ သူသည် ခပ်မှန်မှန် ဣန္ဒြေရရ လျှောက်လာခဲ့ရာ သူ့ဖိနပ်မှ ခွာသံသည် စင်္ကြံသံမံတလင်းပေါ်တွင် တဒေါက်ဒေါက်ဖြင့် စီးဝါးတွေ့ကျ ထွက်ပေါ်လျှက်ရှိသည်။ သူသည် စားပွဲ၏နောက်ကျောနံရံတွင် အနက်ရောင် သင်ပုန်းကြီးရှိရာသို့ ရောက်သွားသောအခါ ခေတ္တရပ်လိုက်ပြီး သင်ပုန်းကြီးပေါ်မှ စာကိုအလျင်အမြန် ဖတ်လိုက်သည်။

"ရင်ခေါင်းကိုဖွင့်၍ အစာအိမ်အာရုံကြောဖြတ်ခြင်း ၈း၀၀ နာရီ၊ အခန်း (စီ)။ ရင်သားအကျိတ် ခွဲထုတ်ခြင်း ၇း၄၅ နာရီ၊ အခန်း (အေ) နှာခေါင်းကို ခွဲစိတ်၍ ပလပ်စတစ်ဖြင့် ပြုပြင်ပေးခြင်း ၈း၀၀ နာရီ။ အခန်း (အက်ဖ်)။

သူသည် ချက်ချင်းပင် တံခါးရွက်အရှင်ကို တွန်းဖွင့်၍ ဆရာဝန်များ အဝတ်လဲခန်းသို့ ဝင်လိုက်သည်။ သူ၏ လက်ဖဝါးနှစ်ဘက်စလုံးမှာ ချွေးထွက်၍ စိုစွတ်နေသည်။

ခွဲစိတ်ဆရာဝန်သုံးယောက်သည် ကော်ဖီစားပွဲတွင် ခြေပစ်လက်ပစ်ထိုင်နေကြသည်။ သူတို့၏မျက်နှာဖုံးစွပ်များမှာ သူတို့၏လည်ပင်းများတွင် တွဲ

www.burmeseclassic.com

www.burmeseclassic.com



လောင်းကျနေကြပြီး ခေါင်းစွပ်များမှာလည်း ပုံပျက်ပန်းပျက် ဖြစ်နေကြသည်။ သူသည် အဝတ်ထည့်သည့် ဗီရိုရှိရာသို့ ဖြတ်လျှောက်သွားရာ ဆရာဝန် သုံးယောက်က သူ့အား အမှတ်မထင် ခေါင်းညိတ်၍နှုတ်ဆက်လိုက်ကြသည်။ သူသည် အဝတ်ဗီရိုထဲမှ ခွဲစိတ်ဝတ်စုံအပေါ်ပိုင်း အောက်ပိုင်းတစ်စုံနှင့် ခေါင်းစွပ်တစ်ခုကို ဆွဲထုတ်လိုက်သည်။ ပြီးမှ မျက်နှာဖုံးစွပ်တစ်ခုကို လှမ်းနှိုက်လိုက်သည်။

သို့သော် မျက်နှာဖုံးစွပ်ထည့်သည့် ခွက်ထဲတွင် ဘာတစ်ခုမှ မရှိဘဲ ဟာလာဟင်းလင်း ဖြစ်နေသည်။

သူ့ ရင်ခုန်သံမှာ တဒုတ်ဒုတ်မြည်လာသည်။ သူသည် ခွက်ကို မှာလီမှာလာ ဆွဲယူ၍ကြည့်လိုက်ပြီး မယုံနိုင်လောက်အောင် ဖြစ်နေမိသည်။ ဟုတ်သည်။ ခွက်ထဲတွင် ဟာလာဟင်းလင်း ပေါ်တျင်နေသည်။ ဘာတစ်ခုမှမရှိ။ သူသည် ခွဲစိတ်ဝတ်စုံကို တအားဆုပ်ကိုင်ထားရင်း သူ့လက်များကို တုန်တုန်ယင်ယင်မဖြစ်အောင် ထိန်းထားရသည်။

သူသည် အဝတ်ထည့်သည့် အံဆွဲများရှိရာသို့ ခပ်မြန်မြန်လျှောက် လာခဲ့သည်။

ပထမအံဆွဲထဲတွင် ဘာမျှမတွေ့ရ။

ဒုတိယအံဆွဲမှာလည်း ထိုအတိုင်း ဖြစ်နေသည်။

တတိယအံဆွဲတွင် စမ်းချောင်းပုံကျနေသော ခွဲစိတ်ဝတ်စုံတစ်ခု တွေ့လိုက်ရသည်။ သူသည် ထိုဝတ်စုံကို မှာလီမှာလာ လှမ်းယူလိုက်သည်။ မျက်နှာဖုံးစွပ်တစ်ခုသည် သူ့ခြေထောက်ပေါ်သို့ ကျသွားသည်။ ဤတွင်မှသူသည် ရင်ခုန်သံမှန်သွားပြီး အဝတ်အစားများကို ဖောင်၍လဲလှယ်ရတော့သည်။ သို့တိုင်အောင် သူ့လက်များမှာ တုန်တုန်ယင်ယင် ဖြစ်နေဆဲ။

ရုတ်တရက် အခန်းတံခါးပွင့်သွားပြီး အပြာဝတ်နှစ်ယောက် ပြုံးခနဲ ဝင်လာကြသည်။

"ကိုယ်က အခုဒီ အူတျနေတဲ့လူနာကို မနေ့ညက မြင်လိုက်တာနဲ့ အတော်ကလေး ထူးဆန်းပါတယ်လို့ အောက်မေ့နေတာ၊ ဒါနဲ့ ခေါ်တာကို ကောင် ပြောမိသေးတယ်။ ဆရာတကာတ ဘောချာရဲ့တာလို့"



စကားပြောသံများသည် သူ့နားထဲသို့ လာ၍ရိုက်ခတ်နေကြသည်။ သို့သော် သူသည် ထိုစကားများကို မကြားဘဲ ဖြစ်နေသည်။ သူသည် လက်မှနာရီကို တစ်ချက်ငုံ့ကြည့်လိုက်သည်။ သူ့လက်များသည် သူ၏ရှူးဖိနပ်များကိုချွတ်ရာ၌ အယောင်ယောင်အမှားမှား ဖြစ်နေလိုက်သေးသည်။ ပြီးမှ သူသည်ဖိနပ်နှစ်ဘက်ကို ခုံတန်းလျားအောက်သို့ ထိုးသွင်းလိုက်သည်။ ထို့နောက် ခပ်စောစောက ချိုင်းကြားထဲတွင် ညှပ်၍ စက္ကူဖြင့်ထုပ်ယူလာခဲ့သော ခွဲစိတ်ခန်းသုံး ဖိနပ်ဖြူတစ်ရံကို ထုတ်စီးလိုက်သည်။ တဖန် ပုံပန်းမကျသည့်ဘောင်းဘီကို ကောက်စွပ်လိုက်ပြီး အပြာရောင်ဝတ်စုံကို ဝတ်လိုက်သည်။ အရေးထဲတွင် ဦးထုပ်မှ ကြိုးတစ်ချောင်းသည် တိုနေပြန်သည်။ သူသည် ဦးထုပ်မှ ကြိုးစနှစ်ခုကို ခဲခဲယဉ်းယဉ်းဖြင့်ချည်ရင်း စိတ်မှကြိတ်၍ ကျိန်ဆဲနေမိသည်။ ပြီးမှ မျက်နှာဖုံးစွပ်ကို ၍ သူ့နှာခေါင်းကို ဖုံးမိအောင် အုပ်လိုက်သည်။

သူသည် စင်္ကြံဘက်သို့ တဖန်ပြန်ထွက်လာခဲ့သည်။ ခန်းမဆောင်ကြီးထဲမှ တံခါးရွက်အရှင်များသည် လက်ဆေးခန်းထဲသို့ အရှိန်မသတ်နိုင်ဘဲ လှုပ်ခါမ်းလျက် ရှိနေကြသည်။ သူသည် အခန်းထဲသို့ ဝင်လိုက်သည်။ အခန်းထဲတွင် ည်သူမှမရှိ။

သူသည် ရေပိုက်ဖွင့်သည့် ခြေနင်းခလုပ်ကို နင်းလိုက်သည်။ ရေနွေးပူများကြောင့် သူ့လက်နှစ်ဘက်မှာ အပ်များဖြင့် ထိုးလိုက်သလို ခံစားလိုက်ရသည်။ သူသည် စက္ကန့်အနည်းငယ်မျှ လက်ဆေးလိုက်သည်။ ထို့နောက် သူ့လက်ခောင်းနှစ်ဖက်မှ ရေများကို စင်အောင်သုတ်သင်လိုက်ပြီး လက်အိတ်ကို စွပ်ကာ စင်္ကြံဘက်သို့ ပြန်ထွက်လာခဲ့သည်။

အချိန်မှာ ၈ နာရီ ၃၁ မိနစ်ရှိနေပြီ ဖြစ်သည်။

ရုတ်တရက် ခွဲစိတ်ခန်းတံခါးသည် ဝုန်းခနဲ ပွင့်လာပြီး တဆက်တည်းမှာပင် ဘီးတပ်လူနာ လက်တွန်းလှည်းကလေးသည် 'သတိရလူနာများအခန်း' ဟု၍ တံခါးရွက်တွင် စာတန်းရေးထားသည့် အခန်းထဲသို့ တန်းဝင်သွားသည်။ သူသည် လူနာတင်လှည်းကလေးကို မျက်စိတဆုံး လိုက်ကြည့်နေမိသည်။ မေ့ဆေးပါရဂူနှင့် သူနာပြုကျောင်းသူတစ်ဦး အခန်းထဲသို့ လိုက်သွားသည်ကို တွေ့လိုက်ရသည်။ ခဏအကြာတွင် မေ့ဆေးပါရဂူသည် အခန်းထဲမှထွက်လာပြီး

www.burmeseclassic.com

www.burmeseclassic.com



စကြံအတိုင်းလျှောက်သွားရင်း ပျောက်ကွယ်သွားသည်။ ဟနေသော တံခါးရွက်များအကြားမှတစ်ဆင့် အခန်းထဲမှလူနာကို သူ တစ်ချက်လှမ်းကြည့်လိုက်သည်။ လူနာသည် ပက်လက်လဲလျောင်းနေပြီး ဂလူးကို့စ်သွင်းသည့် ပုလင်းသည် သူမ၏ ခေါင်းရင်းဘက်ရှိ တိုင်ပေါ်တွင် တွဲရရွဲကျနေသည်။ သူနာပြုကျောင်းသူသည် လူနာအမျိုးသမီး၏ လက်ကောက်ဝတ်ကိုစမ်းလိုက်ပြီး မှတ်တမ်းစာရွက်ပေါ်တွင် ကမန်းကတန်း ရေးမှတ်လျက်ရှိသည်။

သူသည် ရုတ်တရက် မျက်နှာချင်းဆိုင်မှ ဆေးခန်းထဲသို့ အမှတ်မထင် ဖြုန်းခနဲ ဝင်လိုက်သည်။ အခန်း၏လက်ျာဘက် အံဆွဲထဲတွင် အပ်သေးသေးကလေးတစ်ချောင်း အသင့်တပ်ထားသည့် ဆေးထိုးပြွန်တစ်ခုကို အသင့်တွေ့ရသည်။ ထို့နောက် သူသည် ရာဘာလက်အိတ်စွပ်ထား၍ ကိုးရိုးကားရားဖြစ်နေသော လက်တစ်ဖက်ဖြင့် ရာဘာအဖုံးတတ်ထားသော ပုလင်းကလေးတစ်လုံးကို သူ့အိတ်ထဲမှ နှိုက်ယူလိုက်သည်။

သူသည် 'သတိရလူနာများအခန်း'ထဲသို့ ဝင်သွားသည်။

သူနာပြုဆရာမကလေးက မော့ကြည့်လိုက်သည်။ "လူနာအခြေအနေ မဆိုးပါဘူး ဒေါက်တာ"

သူကခေါင်းညိတ်လိုက်သည်။ "ကောင်းတာပေါ့ကွာ"

သူသည် ဂလူးကို့စ်ပုလင်းကို လှမ်းကြည့်လိုက်ပြီး လူနာ၏လက်မောင်းတွင် တပ်ထားသည့် ရာဘာပိုက်ကို လက်ဖြင့်ကိုင်၍ ဖျစ်ကြည့်လိုက်သည်။

"သွေးအသွားအလာ မှန်ရဲ့လား"

"မှန်ပါတယ်ဆရာ"

သူသည် လူနာကို ငုံ့ကြည့်လိုက်သည်။ မျက်နှာမှာ ဖြူဖွေးနေသည်။ ဆံပင်ကို အဝတ်တစ်ခုဖြင့် အုပ်ပေါင်းပေါင်းသလို ပေါင်းထားသည်ကို တွေ့ရသည်။ နှုတ်ခမ်းများမှာ ပြာလဲ့လဲ့ဖြစ်နေပြီး အသက်ရှူတိုင်း ထွက်သက်နှင့်အတူ အမြှုပ်ကလေးများ မသိမသာ ထွက်လာသည်။ အောက်သိုးသိုး စိမ်းရွှေရွှေ ဓာတ်ဆေးနံ့မှာ သူမအနီးတွင် ပျံ့နှံ့နေသည်။

"ကဲ. . . မရွှေချော၊ ခဏတော့ သည်းခံလိုက်ဦးပေါ့ကွာ၊ နည်းနည်း



ကလေးမှ မနာစေရပါဘူး"

သူသည် စိတ်ထဲမှ ကြိတ်၍ပြောလိုက်ရင်း ဆေးထိုးအပ်ကို ခြောက်၍ ပြွန်ထဲမှလေကို ထုတ်လိုက်သည်။ ထို့နောက်သူသည် ဂလူးကို့စ်များ တစ်စက်စက် ကျနေသောပိုက်ထဲကို အပ်ကိုစိုက်လိုက်ပြီး ဆေးထိုးပြွန်ထဲမှ ဆေးရည်များကို ထိုးသွင်းလိုက်သည်။

"စိတ်တော့မကောင်းဘူး မရွှေချောရေ၊ ဒါပေမယ့် မင်းက ဒီလိုဖြစ်စေချင်တော့ ဒီလိုပဲ လုပ်လိုက်ရတာပေါ့"

သူသည် အသံမထွက်ဘဲ စိတ်ထဲမှ ပြောလိုက်သည်။ တကယ်တော့ အမဲသတ်သမား၏ ဓားမြှောင်ဖြင့် သူမ၏ရင်အုံကို တစ်ချက်တည်း အားရပါးရ ထိုးလိုက်ရလျှင် ပိုကောင်းမည်ဟု တွေးမိသည်။ သို့သော် ယခုလောက်ဆိုလျှင်လည်း ကျေနပ်စရာကောင်းလှပြီဖြစ်သည်။ သူသည် အခန်းထဲမှလှည့်ထွက်လိုက်သည်။

"ဆရာ"

သူ့တစ်ကိုယ်လုံး အေးစက်သွားသည်။ သူနာပြုဆရာမလေးသည် သူနာမှတ်တမ်းကတ်ပြားကို သူ့အား လှမ်းပေးနေသည်။

"ဆရာပေးတဲ့ဆေးကို ရေးခဲ့ဦးလေ"

သူ့ရင်ခုန်သံမှာ တဒိတ်ဒိတ်မြန်လာသည်။ သနာပြုဆရာမကလေးက ဘောင်တိန်ကိုပါ လှမ်းပေးနေသည်။ သူသည် လူနာမှတ်တမ်းစာရွက်ပေါ်တွင် ကမန်းကတန်းကောက်၍ ခြစ်လိုက်သည်။ ပြီးလျှင် မှတ်တမ်းကတ်ပြားကို သူမ လက်ထဲသို့ ထည့်လိုက်ပြီး စင်္ကြံဘက်သို့ ခပ်သွက်သွက် ထွက်လာခဲ့သည်။

သူသည် ပါးစပ်မှ ဟစ်အော်ကြွေးကြော်ချင်စိတ် ပေါ်လာသည်။ မျက်နှာဖုံးစွပ်ကိုလည်း ဆွဲ၍ချွတ်ပစ်လိုက်ချင်လှသည်။ လူနာတင် လက်တွန်းလှည်းကလေးကို လှန်ချလိုက်ပြီး အားရပါးရအော်ဟစ်၍ ရယ်ပစ်လိုက်ချင်သည်။ ထို့နောက် စင်္ကြံလမ်းမှ အပြင်သို့ တအားစွတ်ပြေးလိုက်ချင်သည်။ သို့သော် သူသည် ဒါတွေကို တစ်ခုမှမလုပ်ဘဲ ဆရာဝန်များ အဝတ်လဲခန်းထဲသို့ ပြန်လည်လာခဲ့သည်။

□□□

www.burmeseclassic.com



ပတ်ထရစ်ရှာဝါရင်းသည် လူနာ၏ ခြေထောက်အောက်ပိုင်းတွင် ငြိထားသောစောင်ကို သေသေသပ်သပ် ဖြစ်အောင် ပြန်၍ပြုပြင်ပေးရင်း လူနာအား လက်တွန်းလှည်းပေါ်တွင် အလယ်တည့်တည့်ဖြစ်အောင် အနေအထားကို အနည်းငယ်ရွှေ့ပေးလိုက်သည်။

ဤနေရာသည် သူမအတွက် အတော်ကလေး စိတ်ဝင်စားစရာ၊ စိတ်လှုပ်ရှားစရာ ကောင်းနေသည်။ တွေ့သမျှလူတိုင်းမှာ ကျွမ်းကျင်ဖျတ်လတ်၍ မြင်သမျှအရာရာတိုင်းမှာ အထူးအဆန်း ဖြစ်နေသည်။ သူမသည် သူနာပြုကျောင်းသူ ဦးထုပ်ကလေးကို နေသားတကျဖြစ်အောင် မသိမသာ ပြင်ဆောင်းလိုက်သည်၊ မှန်သည်၊ သူမအတွက် အစစအရာရာ အားလုံးအံ့ဩစရာချည်း ဖြစ်နေသည်။ ယခုလောလောဆယ် မေ့ဆေးပြယ်လာမည့် လူနာကို စောင့်ကြည့်နေရသည်ကပင် စိတ်ဝင်စားစရာ ကောင်းနေသည်။ မေ့ဆေးနှံ့သည် ဘာကြောင့် အောက်သိုးသိုး စိမ်းရွှေရွှေ ဖြစ်နေရသလဲ။ ပြီးတော့ ဂလူးကို့စ်အများကြီး သွင်းနေသည့်ကြားထဲက အချို့လူနာများမှာ ဘာဖြစ်မကျဘဲ ဖြစ်နေတတ်သေးသည်။ ဘာပဲဖြစ်ဖြစ် တစ်နေ့နေ့တစ်ချိန်ချိန်တွင် မိမိသည် ခွဲစိတ်ခန်းထဲတွင် သူနာပြုဆရာမကြီး ဖြစ်မလာဟု မည်သူပြောနိုင်ပါမည်လဲ။

"ဘယ်လိုလဲ. . . ဒီအမျိုးသမီး အသက်ရှူမှ ရှူသေးရဲ့လား"

အလုပ်သင်ဆရာဝန်၏အသံသည် ပတ်ထရစ်ရှာ၏အတွေးကို ဖြန်းခနဲ ဖြတ်ပစ်လိုက်သည်။ သူမသည် လက်တွန်းလှည်းပေါ်မှ လူနာကိုလှမ်းကြည့်လိုက်ရင်း ရုတ်တရက် ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့သည်။ လူနာအမျိုးသမီး၏မျက်နှာတစ်ခုလုံးမှာ ပြာနှမ်းနေသည်။ သူမ၏နှုတ်ခမ်းပေါ်တွင် စိုစွတ်နေသော အမြှုပ်ကလေးများသည် မလှုပ်မရှား ပူဖောင်းကလေးများလို ဖြစ်နေသည်။

ဂလူးကို့စ်ပုလင်းထဲမှ ဂလူးကို့စ်အရည်များမှာလည်း စောစောကပိုက်ထဲသို့မကျတော့ဘဲ လုံးဝရပ်နေပြီဖြစ်သည်။

အလုပ်သင်ဆရာဝန်သည် သူနာပြုဆရာမလေးအား ဘေးသို့ဖယ်ပစ်လိုက်ပြီး လူနာကို အလန့်တကြား ငုံ့ကြည့်လိုက်သည်။

"ဘုရားရေ. . . ဟဲ့ကောင်မလေး ရပ်ကြည့်မနေနဲ့ အောက်ဆီဂျင်ဘူးနဲ့ အောက်ဆီဂျင်ပေးတဲ့ ကိရိယာတွေ အမြန်သွားယူစမ်း"



ပက်ထရစ်ရှာသည် အလန့်တကြားဖြင့် စူးစူးဝါးဝါး အော်လိုက်မိသည်။

သည့်နောက်ပိုင်း ဖြစ်ပျက်သမျှကိုမူ သူမ ကောင်းကောင်းမမှတ်မိတော့။ မှတ်မိသလောက် ဦးထုပ်ပြာဖြင့် သူနာပြုဆရာမတစ်ယောက် သတိရလူနာများအခန်းထဲသို့ ဖြန်းခနဲ ဝင်လာသည်။ နောက်တစ်ယောက် ထပ်ဝင်လာသည်။ အခြားတစ်ယောက်က အောက်ဆီဂျင်ဘူးနှင့် ကိရိယာတန်ဆာပလာများကို သုတ်သီးသုတ်ပြာ ဆွဲသွင်းလာသည်။

"ဒေါက်တာအာနီးကို မြန်မြန်ခေါ်စမ်း။ ပြီးတော့ လည်ချောင်းပြွန်ကိုကြည့်တဲ့ ကိရိယာလည်း အမြန်ယူခဲ့"

အခန်းများထဲမှ လူအများ စုပြုံထွက်လာကြသည်။ ပထမတွင် လူတစ်ဆယ်နှစ်ဆယ်မှ တစ်ရာနှစ်ရာအထိ ဖြစ်လာသည်။ အောက်ဆီဂျင်ဗူးကို ဖွင့်ကြသည်။ အလုပ်သင်ဆရာဝန်သည် အောက်ဆီဂျင်သွင်းသည့် ကိရိယာကို ပြာနှမ်းနေသော လူနာ၏မျက်နှာပေါ်တွင် တပ်ပေးလိုက်သည်။ ထို့နောက်သူသည် အောက်ဆီဂျင်ဓာတ်ငွေ့ကို တအားသွင်းသည်။ တဖြည်းဖြည်း လူအုပ်မှာ များသည်ထက် များလာသည်။ ထိုအခိုက် လူတစ်ယောက် တိုးဝှေ့၍ဝင်လာသည်။

"ဘယ်လိုဖြစ်တာလဲဟေ့" ဒေါက်တာအာနီးက လူနာကို ငုံ့ကြည့်ရင်း မေးလိုက်သည်။

"မသိဘူးဆရာ" အလုပ်သင်ဆရာဝန်က ပြန်ဖြေသည်။

"လေပေါက်ပိတ်သွားတယ် ထင်တာပဲ။ သူနာပြုကလည်း ဘယ်လောက်အသုံးမကျသလဲဆိုတော့ ရပ်ကြည့်ပြီး အော်ဖို့ပဲတတ်တယ်"

ခွဲစိတ်ဆရာဝန်က အလုပ်သင်ဆရာဝန်အား မသက်သာသည့် မျက်နှာဖြင့် စိုက်ကြည့်လိုက်သည်။

"ဒါပေမယ့် အခုတော့လည်း လေပေါက်က ပွင့်နေပါလား"

"ဟာ. . ဟုတ်တယ်ဆရာ။ ဒီလိုဆိုရင် အတော်ထူးဆန်းတာပဲ။ ကို သူနာပြုဆရာမက ဘယ်မလဲ။ ကဲ ပြောပါဦး ဘယ်လိုဖြစ်တာလဲ"

ပက်ထရစ်ရှာသည် လူအုပ်ကြီး၏ရှေ့သို့ ရောက်လာသည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



သူမသည် မငိုဘဲ မျက်လုံးအပြူးသားနှင့် ထစ်တီးထစ်ငေါ့ဖြင့် ဖြစ်နေသည်။

"ကျွန်မ. . . ကျွန်မ. . . မ. . . မသိဘူးဆရာ၊ စောစောကလေးတင် လူနာအခြေအနေ ကောင်းနေတာပဲ. . . ဒေါက်တာတစ်ယောက်တောင် ဝင်လာပြီး ဆေးသွင်းပေးခဲ့သေးတာပဲ. . . အဲဒီနောက်"

အလုပ်သင်ဆရာဝန် မျက်လုံးတစ်ချက် ပြူးသွားသည်။

"ဘာပြောတယ်. . . ဆေးသွင်းပေးသွားတယ် ဟုတ်လား"

သူနာပြုဆရာမကလေးက လူနာမှတ်တမ်းကတ်ပြားကို ဆွဲယူလိုက်သည်။ အလုပ်သင်ဆရာဝန်သည် မှတ်တမ်းစာရွက်ကို အငမ်းမရ ကြည့်လိုက်သည်။ ပြီးမှ သူသည် ဒေါက်တာအာနီးကို မော့ကြည့်လိုက်သည်။

"ဆရာ. . ဒီမှာရေးထားတာ ဖတ်ကြည့်ပါဦး။ ကျွန်တော်တော့ ဘာရေးထားမှန်း မသိဘူး"

ခွဲစိတ်ဆရာဝန်ကလည်း မှတ်တမ်းစာရွက်ကို သေသေချာချာ ကြည့်ရင်း ခေါင်းကိုရမ်းလိုက်သည်။

"ဒါ ဘယ်သူရေးပေးသွားတာလဲ" သူ့မျက်လုံးအစုံသည် သူနာပြုဆရာမလေး ပက်ထရစ်ရှာထံ ရောက်သွားပြန်သည်။

"ဒေါက်တာတစ်ယောက်ပဲဆရာ" သူမက ပြန်ပြောသည်။

"ခွဲစိတ်ဝတ်စုံနဲ့ မျက်နှာဖုံးတပ်ထားတာပဲ။ ကျွန်မအနေနဲ့ကတော့ ဘယ်သူဆိုတာ. . ."

အလုပ်သင်ဆရာဝန်သည် လူနာအမျိုးသမီး၏ မျက်နှာပေါ်မှ အောက်စီဂျင်သွင်းသည့်ကိရိယာကို မ,ယူလိုက်ပြီး အသက်ရှူသံကို ငုံ့၍နားထောင်ကြည့်လိုက်သည်။ ထို့နောက် သူသည် သူ့လက်ထဲမှ ကိရိယာကို ကြမ်းပေါ်သို့ ပစ်ချလိုက်သည်။

"ကဲ. . . အရေးကြီးတာက အဲဒီဆရာဝန် ဘယ်သူလဲဆိုတာကို သိအောင် စုံစမ်းဖို့ပဲ"

"အတော်ဆိုးဝါးတဲ့ ကိစ္စပဲ" ဒေါက်တာအာနီး၏မျက်နှာမှာ မြေဖြူလို ဖြစ်နေသည်။

အလုပ်သင်ဆရာဝန်က ခေါင်းကိုခါလိုက်သည်။



ခွဲစိတ်ဆရာဝန်က အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်သည်။

"ငါတော့ အောက်ထပ်သွားပြီး သူ့ယောက်ျားကို သတင်းပို့မှ ကောင်းမယ်ထင်တယ်"

"ဒါပေမယ့် ပထမဆုံးလုပ်ရမယ့် အလုပ်က ရဲကိုအကြောင်းကြားဖို့ အရေးကြီးတယ်ဆရာ" အလုပ်သင်ဆရာဝန်က ပြန်ပြောလိုက်သည်။

□□□

"ကျုပ်ကတော့ တစ်ခုခုဖြစ်တော့မယ်ဆိုတာတော့ သေချာပေါက် သိနေပါတယ်"

ဝေါ်လ်တာဒီလန်စီက ပြောလိုက်သည်။

"သေချာသမှု အခု ကျုပ်ဒီနေရာမှာ ထိုင်နေတယ်ဆိုတာ သေချာသလို သေချာတာပါပဲ"

စုံထောက်အရာရှိ ရော်ဂျာမတ်သည် သူ့ရှေ့စားပွဲပေါ်ရှိ အဆိပ်ဗေဒပါရဂူ၏ အစီရင်ခံစာကို စိတ်ပျက်လက်ပျက်ဖြင့် တစ်ရွက်ချင်းလှန်ကြည့်နေသည်။ နေရာမှာ စိန့်ခရစ္စတိုဖာဆေးရုံကြီး၏ ခေတ်မီအသုံးအဆောင်ပစ္စည်းကိရိယာများဖြင့် ပြင်ဆင်မွမ်းမံထားသည့် ရုံးခန်းတစ်ခုအတွင်း ဖြစ်သည်။ စုံထောက်ရော်ဂျာသည် အစီရင်ခံစာကို နေသားတကျ ပြန်ထားလိုက်ပြီး သူ့ရှေ့မှ ဝတ်စုံအနက်ဖြင့် ပိန်ပိန်ပါးပါးလူကို လှမ်းကြည့်လိုက်သည်။

"နေပါဦး၊ ခင်ဗျားမိန်းမ အသတ်ခံရတယ်ဆိုတာ ခင်ဗျားက ဘယ်လိုလုပ်ပြီး သေချာပေါက် ပြောနိုင်တာလဲ"

ဝေါ်လ်တာသည် သူ့ပါးစပ်မှဆေးတန်ကို စိတ်ဆိုးမာန်ဆိုးဖြင့် ချွတ်ဆိုက်သည်။

"ဒါကတော့. . . ကတ်သက်ရင်းဟာ အင်မတန်ကျန်းမာရေးကောင်းတဲ့ အမျိုးသမီးတစ်ယောက်ပဲ" သူက ချက်ချင်းပင် တုန့်ပြန်လိုက်သည်။

"အဲသလို အင်မတန် ကျန်းမာသန်စွမ်းတဲ့ အမျိုးသမီးတစ်ယောက်ဟာ မေ့ဆေးလွန်ပြီး သေရတယ်ဆိုတာ မဖြစ်နိုင်ဘူး။ ဒီခေတ်ထဲမှာ ဒါမျိုးလုံးဝ မဖြစ်နိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ခွဲစိတ်ကုသရတဲ့ အချိန်ကာလက. . ."

"ဒါလည်း အဓိပ္ပာယ်မရှိပါဘူး။ ဒါအတွက် မစိုးရိမ်ရလို့ သူ နှာခေါင်းကို ခွဲစိတ်ဖို့ဆုံးဖြတ်တာပေါ့။ ပြီးတော့ ဒီလိုခွဲစိတ်တာမျိုးဟာ အလွယ်ဆုံးနဲ့ အရိုးဆုံးပဲ။ ကျုပ်ဟာ ဆရာဝန်မဟုတ်ပါဘူး။ ဒါပေမယ့် ဒီကိစ္စမှာ သူသေရတာဟာ တခြားဘာအကြောင်းကြောင့်မှ မဖြစ်နိုင်ဘူး"

သူက နောက်တစ်ကြိမ် ထပ်ပြောလိုက်ပြန်သည်။ "သူ အသတ်ခံရတာပါ"

"ပြီးတော့ . . . ခင်ဗျားစောစောက ပြောခဲ့တဲ့အထဲမှာ ဒီလို ဖြစ်လိမ့်မယ်ဆိုတာ ကြိုပြီးသိနေတယ်လို့ ကြားလိုက်ပါတယ်"

"ကျုပ်ပြောတာ တစ်ခုခုဖြစ်လိမ့်မယ်လို့ ပြောတာပါ။ ဒါပေမယ့် မှန်တာပြောရရင် ဒါလောက်ထိအောင် ဖြစ်လိမ့်မယ်လို့တော့ ကျုပ် မထင်ခဲ့ဘူး။ တကယ်တော့ သူကိုယ်တိုင်က မိုက်လို့ ဒီလိုဖြစ်ရတာပါဗျာ။ ကျုပ်မိန်းမဟာ အမြော်အမြင် အင်မတန်နည်းပါတယ်"

စုံထောက်အရာရှိ ရော်ဂျာသည် ကုလားထိုင်နောက်ကျောကို မှီလိုက်သည်။

"ဒါ့ထက်. . . အခုလို ခွဲစိတ်တဲ့ ကိစ္စဟာ ခင်ဗျားမိန်းမရဲ့ သဘောနဲ့ပဲလား"

ဝေါလ်တာ၏ မျက်နှာမှာ စောစောကထက်ပို၍ ဖြူဖတ်ဖြူရော် ဖြစ်သွားသည်ဟု ထင်လိုက်ရသည်။

"ဟုတ်ပါတယ်။ သူ့ဆန္ဒနဲ့ သူ့သဘောအတိုင်း ခွဲစိတ်ကုသတာပါပဲ။ ဒါပေမယ့် တကယ်တော့ သူဟာ ဒီလိုခွဲတာစိတ်တာ လုပ်ချင်လှလို့ မဟုတ်ပါဘူး။ ဆေးရုံတက်ချင်လို့ပါ။ တခြားဘာမှ ရည်ရွယ်ချက် မရှိပါဘူး"

"သူက ဆေးရုံကို သဘောကျလို့လား"

"ဆေးရုံကို သဘောကျတာထက် ဆရာဝန်တွေကို သဘောကျတယ်လို့ပြောရင် ပိုပြီးမှန်ပါလိမ့်မယ်"

"ဒေါက်တာအာနိုးကို သဘောကျတယ်လို့ ပြောချင်တာလား"

ဝေါလ်တာက ခေါင်းညိတ်ပြလိုက်သည်။ ဟုတ်ပါတယ်။ သူက



ဒေါက်တာအာနိုးနဲ့ စကားပြောချင်တယ်။ ဒါပေမယ့် ဒေါက်တာအာနိုးက သူ့ကို အတွေ့မခံဘဲဖြစ်နေပါတယ်။ အခုလို ခွဲစိတ်ကုသဖို့ကိစ္စကို အရင်ကတည်းက သူတို့ဆွေးနွေးဖူးပါတယ်။ အဲဒီတော့ သူ့စိတ်ထဲမှာ တကယ်လို့သာ ခွဲစိတ်ကုသဖို့အတွက် ဆေးရုံတက်ရရင် ဒေါက်တာအာနိုးဟာ သူ့ကို မုချလာကြည့်လိမ့်မယ်လို့ ယူဆထားပါတယ်။ သူ မျှော်လင့်ထားသလို ဒေါက်တာအာနိုးနဲ့ သူတို့နှစ်ယောက် မနေ့ကတောင် တွေ့ကြသေးသလားမပြောတတ်ဘူး၊ ဒါတော့ ကျုပ်လည်းမသိဘူး"

"ဒါ့ထက်. . . မစ္စတာဝေါလ်တာ၊ ဒေါက်တာအာနိုးနဲ့ သူနဲ့ ဆက်ဆံရေးက ဘယ်လိုရှိပါသလဲ"

ဝေါလ်တာ၏မျက်နှာမှာ အတော်ကလေး ညှိုးကျသွားသည်။

"သူ့စိတ်ထဲမှာ ဒေါက်တာအာနိုးဟာ သူ့ကို လက်ထပ်လိမ့်မယ်လို့ ထင်နေတယ်။ ဒါ့ကြောင့် ကျုပ်နဲ့ကွာရှင်းဖို့ ရုံးမှာလျှောက်လွှာတင်ထားတာပေါ့"

စုံထောက်ရော်ဂျာသည် နောက်သို့ မှီချလိုက်သည်။ သူ့ တျာမိုးထဲတွင် ကိုက်သလိုခဲသလို ဖြစ်လာသည်။

"ဒါ့ထက်နေပါဦး၊ သူနဲ့ ဒေါက်တာအာနိုးနဲ့ စပြီးတွေ့ကြတာ ဘယ်လောက်ကြာပြီလဲ" သူက မေးလိုက်သည်။

"လတွေ နှစ်တွေချီပြီး ကြာပြီထင်တာပါပဲ၊ ဒါတော့ ကျုပ်လည်း အတိအကျမသိရပါဘူး"

ဝေါလ်တာသည် ရုတ်တရက် သူ့ဆေးတံကို သူ့ဖိနပ်ခွာဖြင့် သုံးလေးချက် ဆင့်၍ခေါက်လိုက်ပြီး ဆေးကြွင်းဆေးကျန်များကို ခါထုတ်လိုက်သည်။

"တဖြည်းဖြည်းနဲ့ ကျုပ် သဘောပေါက်လာတာကတော့"

"ခင်ဗျားမိန်းမနဲ့ တခြားဘယ်သူများ အဆက်အသွယ်ရှိသေးသလဲ"

ဝေါလ်တာသည် ထိုင်နေရာမှ တစ်ဝက်တစ်ပျက် ထလိုက်မိသည်။ "ခင်ဗျားဆိုလိုတဲ့အဓိပ္ပါယ်က ဘယ်လိုလဲ"

"ဒီမယ် မစ္စတာဝေါလ်တာ ခင်ဗျားမိန်းမကို တစ်ယောက်ယောက်က သတ်သွားခဲ့ရိုးမှန်ရင် ကျွန်တော်တို့အနေနဲ့ ဘယ်သူကပဲသတ်သတ် ဘာ့ကြောင့် သတ်တယ်ဆိုတဲ့ အကြောင်းရင်းကို သိအောင်လုပ်ဖို့ လိုပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝေါ်လ်တာသည် ကုလားထိုင်ပေါ်တွင် ပုံကျသွားသည်။ "ကျုပ်မိန်းမ တာ အင်မတန်လှတဲ့ မိန်းမတစ်ယောက်ပါ"

သူက မသက်မသာဖြင့် ပြောလိုက်သည်။

"သူ့ကို သဘောကျတဲ့လူတွေ တပုံကြီးရှိပါတယ်။ ဒါပေမယ့် ဘယ်သူ ဘယ်ဝါဆိုတာတော့ ကျုပ်အကုန်မသိဘူးပေါ့လေ၊ ဒီကြားထဲက ကျုပ်နဲ့ ကွာရှင်း ပြတ်စဲဖို့ ပြောလာတဲ့အခါမတော့ ဒေါက်တာအာနိုးနဲ့ ဖြစ်နေတယ်ဆိုတာ သိလာ ရတာပါပဲ"

သူက လက်နှစ်ဖက်ကိုဆန့်၍ ဆက်ပြောလိုက်ပြန်သည်။

"သူတို့နှစ်ယောက် လက်ထပ်ဖို့စီစဉ်ထားတယ်ဆိုတာကို ဒေါက်တာ အာနိုးကတော့ မဟုတ်ဘူးလို့ ငြင်းပါတယ်။ ဒါပေမယ့် ငြင်းတာက ငြင်းတာပါပဲ။ သူ့အနေနဲ့ စဉ်းစားစရာ တခြားအကြောင်းအချက်တွေလည်း ရှိမှာပါ။ ဆရာဝန် တစ်ယောက်ရဲ့ဇနီး၊ နာမည်ကျော် ခွဲစိတ်ဆရာဝန်ကြီးတစ်ယောက်ရဲ့ဇနီးဟာ သူများမယားပဲ ဆိုတာမျိုးလည်းဖြစ်ချင်ပုံ မရပါဘူး။ ဒါကြောင့်လည်း ဒေါက်တာ အာနိုးဟာ အတွေ့မခံဘဲ ရှောင်နေတာဖြစ်ပါလိမ့်မယ်"

"အဲဒီတော့ ခင်ဗျားမိန်းမရဲ့ သဘောက ဘယ်လိုလဲ"

"သူကတော့ အကြီးကကျယ် ဒေါပွတာပေါ့။ ဒါနဲ့ ဒေါက်တာအာနိုးနဲ့ တွေ့ဖို့ သူကြိုးစားတယ်။ ဒါပေမယ့် ဒေါက်တာက အပြင်သွားနေလို့ မတွေ့ခဲ့ရ ဘူး။ နောက်ဆုံး ဒေါက်တာအာနိုးရဲ့ လက်ထောက်ဆရာဝန်နဲ့ သွားတွေ့ပြီး အခုလို ခွဲစိတ်ကုသဖို့ စီစဉ်တာပါပဲ။ သူ့စိတ်ထဲမှာ ဒေါက်တာဟာ သူ့ကိုတွေ့ လိုက်ရရင် စိတ်ပြောင်းသွားလိမ့်မယ်လို့ တစ်ထစ်ချယူဆထားဟန် တူပါတယ်"

ဝေါ်လ်တာသည် သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်သည်။

"ကျုပ်ကတော့ သူ့ကို ဆေးရုံမတက်ပါနဲ့လို့ အတန်တန် တောင်းပန် ပါတယ်။ ပြီးတော့ ဒေါက်တာအာနိုးဟာ ဒီလိုနောက်က တုန်းတန်းစွဲလိုက်လို့ရ မယ့်ပုဂ္ဂိုလ်မျိုး မဟုတ်တဲ့အကြောင်း သူ့ကိုပြောပြတော့ သူက ကျုပ်မျက်နှာကို စေ့စေ့ကြည့်ပြီးဟားတိုက်ရယ်ပါတယ်။ ဒီလိုနဲ့ နောက်တစ်ပတ်ကျတော့ ဆေးရုံ တက်တော့တာပါပဲ။ ဘာပဲဖြစ်ဖြစ် သူ့ကို ဘယ်လိုလုပ်ပြီး သတ်လိုက်တယ် ဆိုတာတော့ ကျုပ်သိချင်ပါသေးတယ်"



စုံထောက်ရော်ဂျာသည် စာရွက်များကို ဖိုင်တွဲထဲသို့ ထိုးထည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်သည်။

"အစီရင်ခံစာအရတော့ ခန္ဓာကိုယ်ထဲမှာ ဆိုဒီယမ်စီယမ်နိုက် အဆိပ် တွေ့တယ်လို့ ဆိုတာပဲ"

□□□.

"အဖြစ်ကတော့ အတော့်ကိုဆိုးတာပါပဲ"ဒေါက်တာအာနိုးက ခြောက် တပ်ကပ်အသံဖြင့် ပြောလိုက်သည်။

"ကျွန်တော့်အတွက်ရော ဆေးရုံအတွက်ပါ ထိခိုက်နစ်နာဖို့ ဖြစ်လာ တာပါပဲ။ ပြီးတော့ တော်တော်လေးလည်း ထိတ်လန့်စရာကောင်းပါတယ်"

သူသည် စုံထောက်ရော်ဂျာအား လှမ်း၍ကြည့်လိုက်သည်။ ထို့နောက် အလုပ်သင်ဆရာဝန်၊ ထိုမှတဖန် ဆံပင်နီကျင်ကျင်ဖြင့် ခွဲစိတ်ဝတ်စုံဝတ်ထား သည့် လူတစ်ယောက်ကိုပါ လှည့်၍ ကြည့်လိုက်သည်။

"ကျွန်တော်နဲ့တစ်လျှောက်လုံး ယုံယုံကြည်ကြည် လက်တွဲပြီး လုပ်လာ ခဲ့တဲ့ ကျွန်တော့်အဖွဲ့ဝင် တစ်ယောက်ယောက်က ဒီလိုမှားမှားယွင်းယွင်းအဖြစ်မျိုး ဖြစ်လိမ့်မယ်ဆိုတာ ကျွန်တော်ဖြင့် ယုံတောင်မယုံနိုင်ဘူး"

"ဒါပေမယ့် လူနာအမျိုးသမီး သေသွားပြီဆိုတာတော့ ဒေါက်တာ ယုံ ပါတယ်နော်"

စုံထောက်ရော်ဂျာကဝင်ပြောလိုက်သည်။

ဒေါက်တာသည် မျက်လွှာကိုချလိုက်သည်။ "ဒါတော့ မယုံမဖြစ်တဲ့ အခြေအနေမှာ ယုံရတော့တာပေါ့ဗျာ"

"ကဲ. . . အဲဒါ အသာထားလိုက်ပါတော့။ ဒီလိုဆိုရင် အခုဖြစ်ခဲ့တဲ့ ကိစ္စကို ဘယ်သူအရင်စသိတာလဲ၊ ခင်ဗျားလား" သူက ဒေါက်တာသော်မဆင် ကို လက်ညှိုးဖြင့် တည့်တည့်ကြီးထိုး၍ မေးလိုက်သည်။

အလုပ်သင်ဆရာဝန်က ခေါင်းညိတ်သည်။ "အဲဒီအချိန်မှာ ဒေါက်တာ အာနိုးက သည်းခြေအိတ်ခွဲရမယ့်လူနာကို ကိုင်ပြီးလို့ ၇ နာရီ ၄၅ မိနစ်သာသာ လေးပဲရှိပါသေးတယ်။ ကျွန်တော်လည်း ကော်ဖီသောက်ပြီးလို့ [illegible] .

www.burmeseclassic.com

www.burmeseclassic.com



'သတိရလူနာခန်း'ထဲက မစ္စတာဝေါ်လ်တာရဲ့ဇနီး အခြေအနေဘယ်လိုလဲလို့ ခဏဝင်ကြည့်ပါတယ်။ သူဟာ အခန်းထဲမှာရှိနေတုန်းပါပဲ။ ဒါပေမယ့် အသက်မရှူတော့ဘဲ ဖြစ်နေတဲ့အတွက် အလန့်တကြားနဲ့သူနာပြုကို အော်လိုက် ငေါက်လိုက်တာပါပဲ"

"သူ့ကိုခွဲတာက ဘယ်သူလဲ"

ဆံပင်နီကျင်ကျင်နှင့် ခွဲစိတ်ဆရာဝန်ကလေးက မော့ကြည့်လိုက်သည်။

"ကျွန်တော်ပါ"

စုံထောက်ရော်ဂျာက ခေါင်းညိတ်လိုက်သည်။

"ဒါဖြင့် ခင်ဗျားသူ့ကို သတိရလူနာခန်းထဲ ဘယ်အချိန် ပြန်ပို့ခဲ့သလဲ။ ဒေါက်တာဟဲလ်ဘော့ ကျွန်တော်ပြောတာက ခွဲစိတ်ပြီးတဲ့နောက်ကို ဆိုလိုတာပါ"

"၈ နာရီ မိနစ် ၃၀ မှာပါ။ ဒါ့ထက်နောက်ကျရင် တစ်မိနစ်နှစ်မိနစ်ပါပဲ"

"ခွဲစိတ်တဲ့နေရာမှာ အားလုံးကောင်းတယ်နော်"

"သိပ်ကောင်းပါတယ်။ ကျွန်တော် နှာခေါင်း ပလပ်စတိတ်ခွဲစိတ်ခဲ့တာတွေထဲမှာ ဒီတစ်ခါအကောင်းဆုံးပါပဲ"

"နေပါဦး ဒီ အမျိုးသမီးလူနာကို ခင်ဗျားက ဘာကြောင့် ခွဲစိတ်ပေးရတာလဲ။ သူက ဒေါက်တာအာနီးရဲ့ လူနာမဟုတ်လား"

ဒေါက်တာဟဲလ်ဘော့သည် ဒေါက်တာအာနီးအား အားတုံ့အားနာ မျက်နှာအမူအရာဖြင့် တစ်ချက်လှမ်းကြည့်လိုက်သည်။

"အာနီးက တာဝန်ပေးလို့ ကျွန်တော် ခွဲစိတ်ရတာပါ"

"ကဲပါလေ. . . ဒီကိစ္စကို နောက်မှဆွေးနွေးကြတာပေါ့။ စပြီး ခွဲစိတ်ရာမှာ မူလသတ်မှတ်ထားတဲ့ အချိန်အတိုင်းပဲလား"

"မူလသတ်မှတ်ထားတာကတော့ ၈ နာရီပါပဲ။ ဒါပေမယ့် တကယ်ခွဲစိတ်တော့ တစ်မိနစ် နှစ်မိနစ်လောက် နောက်ကျပါတယ်"

"ခွဲစိတ်မှုဟာ ဘယ်လောက်ကြာမယ်လို့ ခင်ဗျားမျှော်လင့်ထားသလဲ"



ခွဲစိတ်ဆရာဝန်ကလေးသည် မျက်မှောင်တစ်ချက် ကြုတ်သွားသည်။

"ဒါတော့ ပြောဖို့မလွယ်ပါဘူး။ အားလုံးအစစအဆင်ပြေသွားမယ်ဆိုရင်တော့ ဒါမျိုးကို မိနစ်နှစ်ဆယ်လောက်နဲ့ ပြီးနိုင်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါပေမယ့် တစ်ခါတလေ တစ်နာရီကျော်ကျော်ကြာတာမျိုးလည်း ရှိခဲ့ပါတယ်"

ရော်ဂျာက ခေါင်းတစ်ချက် ညိတ်လိုက်သည်။

"ဒီလိုဆိုရင် ဒီလူနာဟာ ခွဲစိတ်ပြီးလို့ သတိရလူနာခန်းထဲကို ဘယ်အချိန် ရောက်လာမယ်ဆိုတာ ဘယ်သူမှတိတိကျကျ ကြိုတင်ပြီး မသိနိုင်ဘူးပေါ့။ အဲဒီတော့ ဒေါက်တာဟဲလ်ဘော့ ခင်ဗျားဟာ ခွဲစိတ်ခန်းထဲက အပြင်ဘက်ကို လူနာနဲ့အတူလိုက်သွားသလား"

"မလိုက်ပါဘူး။ သူ့ကို မေ့ဆေးဆရာဝန်က ခေါ်သွားပါတယ်။ ပြီးတော့ ကျွန်တော့်မှာ ၈ နာရီခွဲကျရင် နောက်ထပ်ခွဲစိတ်စရာ လူနာတစ်ယောက်ရှိနေပါသေးတယ်။ ဒါနဲ့ ကျွန်တော် လက်ဆေးခန်းထဲ ဝင်သွားပြီး အဲဒီအခန်းထဲမှာ ဆေးကျောင်းသားတစ်ယောက်ကို နှာခေါင်းခွဲစိတ်မှုနဲ့ ပတ်သက်တဲ့အကြောင်း ပြောနေပါသေးတယ်"သူသည် ခေါင်းပေါ်မှ ဆံပင်များကို လက်ဖြင့်သပ်လိုက်သည်။

"ဒီလိုနဲ့ ခဏနေတော့ အပြင်ခန်းမဆောင်ထဲမှာ ဆူဆူညံညံ အသံတွေကြားနေရတော့တာပါပဲ"

ရော်ဂျာက အလုပ်သင်ဆရာဝန်ဘက် လှည့်လိုက်ပြန်သည်။

"ဒီမယ် ဒေါက်တာသော်မဆင် အခုဖြစ်တဲ့ကိစ္စကို ခင်ဗျားစသိတော့ ဘယ်အချိန်လောက်ရှိပြီလဲ"

"၈ နာရီ ၃၅ မိနစ်လောက် ရှိပါပြီ၊ ရှေ့နဲ့နောက် ကွာလှရင် တစ်မိနစ်နှစ်မိနစ်လောက်ပါပဲ"

"ဒီလိုဆိုရင် လူနာဟာ 'သတိရလူနာခန်းထဲ'မှာ သူနာပြုဆရာမနဲ့ ငါးမိနစ်လောက်ပဲ နေလိုက်ရတာပေါ့၊ အဲဒီတော့ ဆေးထိုးအပ်ကိုင်လာခဲ့တဲ့သူဟာ ဘယ်သူပဲဖြစ်ဖြစ် အဲဒီအချိန်ကလေးအတွင်းမှာ ချက်ချင်းရောက်လာခဲ့သဘောရှိလိမ့်မယ်" စုံထောက်ရော်ဂျာသည် မျက်မှောင်ကြုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . သူနာပြုဆရာမကို ခေါ်လိုက်ပါဦး"

ပက်ထရစ်ရှာသည် တံခါးပေါက်အနီးမှ ကုလားထိုင်ပေါ် ဝင်ထိုင်လိုက်သည်။ သူမ၏ခြေထောက်နှစ်ချောင်းမှာ ကုလားထိုင်အောက်တွင် ပိပိရိရိရှိနေကြသည်။

"မစ္စပက်ထရစ်ရှာဝါရင်း ဟုတ်လား။ ကဲ. . ဒီနေ့မနက်ဖြစ်ခဲ့တဲ့ ကိစ္စနဲ့ပတ်သက်ပြီး ရှင်းရှင်းလင်းလင်းနဲ့ အမှန်အတိုင်း တိတိကျကျသိရအောင် တို့တတွေကြိုးစားဖို့ လိုနေတယ်ဟုတ်လား ပက်ထရစ်ရှာ"

ရော်ဂျာက သူမအား ကရုဏာသက်သည့်အပြုံးတစ်ချက်ဖြင့် လှမ်းကြည့်လိုက်သည်။ ပက်ထရစ်ရှာကလည်း ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

"အဲဒီမှာ ဆေးထိုးပိုက်နဲ့ ဆရာဝန်တစ်ယောက် ဝင်လာတယ်ဆိုတော့ သူဝင်လာတဲ့အချိန်ကို မင်းမှတ်မိရဲ့လား"

"မှတ်မိပါတယ်။ အဲဒီတော့ ၈ နာရီမိနစ် ၃၀ ကျော်ကျော်လေးပဲရှိပါသေးတယ်။ အဲဒီအချိန်မှာ လူနာဟာအခန်းထဲကိုရောက်တာ တစ်မိနစ်လောက်ပဲ ရှိပါသေးတယ်"

"အဲဒီလူရဲ့ ပုံပန်းသဏ္ဌာန်က ဘယ်လိုလဲ ပက်ထရစ်ရှာ"

သူမသည် ပါးစပ်ကို ဟလိုက်ပြီးမှ ရုတ်တရက် အဖြေမပေးနိုင်ဘဲ ခပ်ဆိုင်းဆိုင်း ဖြစ်သွားသည်။

"အဲဒါတော့ ကျွန်မ မသိဘူး။ သူဟာ ဆရာဝန်တွေ လက်ဆေးခန်းထဲကပဲ လာတဲ့ပုံမျိုးပါပဲ။ ခေါင်းပေါ်က ခေါင်းစွပ်နဲ့ မျက်နှာဖုံးစွပ်တောင် မချွတ်သေးပါဘူး"

"မင်း သူ့ကို မမှတ်မိဘူးလား"

"မမှတ်မိပါဘူးရှင်. . . သူ ဘယ်သူဘယ်ဝါဆိုတာ ကျွန်မ လုံးဝမသိပါဘူး။ ကျွန်မ သူ့မျက်လုံးတွေပဲ မြင်ရပါတယ်။ အရပ်အမောင်းကတော့ မနိမ့်မမြင့်ပါပဲ။ ပြီးတော့. . . ပြီးတော့. . ကျွန်မတခြားဘာမှ မပြောတတ်အောင်ပါပဲရှင်"

"သူ့လက်မှာ ရာဘာလက်အိတ် စွပ်ထားသလား"

"ဟုတ်ကဲ့ စွပ်ထားပါတယ်"



"အဲဒီတော့ စဉ်းစားကြည့်ပါဦး ပက်ထရစ်ရှာ၊ ဒီလူနဲ့ပတ်သက်လို့ မင့်စိတ်ထဲမှာ တစ်ခုခု ထူးထူးခြားခြား ဘာများမှတ်မိသလဲဆိုတာ ပြန်စဉ်းစားပါဦး။ သူက တစ္ဆေသရဲမှ မဟုတ်ပဲဟာ"

"ဒီမယ်စုံထောက်အရာရှိခင်ဗျာ. . . "အလုပ်သင်ဆရာဝန်က ရှေ့သို့ အနည်းငယ်ကုန်း၍ ပြောလိုက်သည်။

"ဒီသူနာပြုဆရာမလေးဟာ ခွဲစိတ်ခန်းထဲက ဘယ်သူ့ကိုမှ မသိပါဘူး။ သူဟာ ဒီနေ့မနက်မှ ခွဲစိတ်ခန်းထဲကို ပထမဆုံးရောက်လာတာပါ။ ဒီမှာ တာဝန်ကျနေကြတဲ့ သူနာပြုကျောင်းသားတွေအားလုံးကို မနေ့ညကဘဲ ဂျူတီလဲပေးခဲ့ပါတယ်။ သူ့မျက်စိထဲမှာ မြင်ရုံနဲ့မှတ်မိနိုင်တာဆိုလို့ အောက်ထပ်အဆောင်အက်ဖ်က ဆရာဝန်တွေပဲ ရှိပါတယ်"

ရော်ဂျာက ပက်ထရစ်ရှာကို စိုက်ကြည့်လိုက်သည်။

"သူပြောတာ ဟုတ်သလား"

သူမသည် ခေါင်းကိုညိတ်ပြရင်း မျက်ရည်မကျအောင် အားတင်းထားလိုက်သည်။

"ကျွန်မမျက်စိထဲမှာတော့ သူတို့အားလုံးဟာ အတူတူချည်းပါပဲ။ ပြီးတော့ ကျွန်မအနေနဲ့ ဘာမှတတ်နိုင်တာလည်း မဟုတ်ပါဘူး။ သူက ဆေးထိုးအပ်တိုကိုင်ပြီး အခန်းထဲ ဝင်လာတယ်၊ ပြီးတော့ ဂလူးကို့စ်သွင်းနေတဲ့ ပိုက်ထဲကို ဆေးထိုးထည့်သွားတယ်။ အဲဒါကို ကျွန်မအနေနဲ့ ဆရာဝန်တစ်ယောက်ကို ဆရာဘာလုပ်တာလဲလို့ မေးလို့ဖြစ်ပါ့မလားရှင်။ ဒါနဲ့ ကျွန်မက လူနာမှတ်တမ်းစာရွက်ကို ထိုးပေးတော့ သူကလည်း ရေးပေးသွားတာပါပဲ။ သူ ရေးပေးသွားတဲ့ လက်ရေးကို ဖတ်ရတာကတော့ ဒီမှာ တခြားဆရာဝန်တွေရဲ့လက်ရေးတွေလည်း ဒီလိုပါပဲ၊ ဖတ်လို့မရ" သူမသည် ပြောရင်း စိတ်မထိန်းနိုင်ဘဲ အသံဝင်သွားသည်။

"ကိစ္စမရှိပါဘူး ပက်ထရစ်ရှာ မင်း လုပ်တာ မှားတယ်လို့ တို့က အပြစ်တင်နေတာ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီလူနာအမျိုးသမီးဟာ မင်းရဲ့မျက်စိအောက်မှာတင် အသတ်ခံခဲ့ရပြီး အဲဒီသတ်တဲ့လူကိုလည်း မင်းမျက်စိနဲ့ မြင်လိုက်ရတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ရော်ဂျာသည် ဒေါက်တာအာနိုးအား ရုတ်တရက် လှမ်းကြည့်လိုက်ပြီး. . .

"ဒါ့ထက် အဲဒီငါးမိနစ်လောက် အချိန်အတောအတွင်းမှာ ဆရာဘယ်ရောက်နေသလဲ"

ဒေါက်တာအာနိုးက အသံခပ်ပြတ်ပြတ်ဖြင့် ပြန်ဖြေလိုက်သည်။

"ကျွန်တော် ၇ နာရီ ၄၅မိနစ်မှာ လူနာတစ်ယောက်ကို သည်းခြေအိတ် ခွဲပေးရတယ်။ ၈ နာရီ ၂၅ မိနစ်မှာ ပြီးတယ်။ အဲဒီအချိန်မှာ ကျွန်တော့်လက်ထောက် ဒေါက်တာသော်မဆင်လည်းရှိတယ်။ အဲဒါပြီးတော့ ခန်းမကြီးရဲ့ တစ်ဖက်စွန်းမှာရှိတဲ့ အခန်းထဲသွားပြီး ထုံးစံအတိုင်း ကျွန်တော် ခွဲစိတ်ကုသတဲ့လူနာနဲ့ ပတ်သက်လို့ မှတ်တမ်းသွားရေးတယ်"

"အဲဒါက အချိန်ဘယ်လောက် ကြာသလဲဆရာ"

"သိပ်မကြာပါဘူး၊ တစ်မိနစ်လောက်ပါပဲ။ အဲဒီကပြန်လာပြီး သင်ပုန်းပေါ်က ခွဲစိတ်လူနာဇယားကို ပြန်စစ်ကြည့်တယ်။ ပြီးတော့ ခွဲစိတ်ဝတ်စုံနဲ့ လက်အိတ်တွေ ပြန်ချွတ်တယ်"

"အဲဒီအချိန်မှာ ဆရာ့ဝတ်စုံက ကြိုးဖြည်ထားတယ်နော်"

"ဟုတ်တယ်လေ. . . ဒါကတော့ ခွဲစိတ်ခန်းထဲမှာ လူနာတစ်ယောက်ကို ခွဲစိတ်ပြီးတာနဲ့တပြိုင်နက် သူနာပြုတွေက ကျွန်တော်တို့ဝတ်စုံကို တစ်ခါတည်း ကြိုးဖြည်ပေးလိုက်ကြတာပဲ"

စုံထောက်ရော်ဂျာက သူနာပြုဆရာမလေးဘက်သို့ ရုတ်တရက် လှည့်လိုက်ပြန်သည်။

"သတိရလူနာခန်းထဲ ဝင်လာတဲ့လူကို မင်းဘာတစ်ခုမှ မမှတ်မိဘူးလား"

"မမှတ်မိပါဘူးရှင်"

"အဲဒီလူဟာ အခုဒီအခန်းထဲမှာ ရှိနေတဲ့ လူတွေထဲက တစ်ယောက်ယောက် မဖြစ်နိုင်ဘူးလား"

သူမသည် အခန်းထဲရှိ ဆရာဝန်များကို တစ်ယောက်စီ၊ တစ်လှည့်စီ ခပ်ဖြည်းဖြည်း ကြည့်လိုက်သည်။



"ဒါ အင်မတန်အရေးကြီးတယ်နော်" ရော်ဂျာက ထပ်၍ သတိပေးလိုက်ပြန်သည်။

သူမက ခပ်သွက်သွက် ပြန်ပြောလိုက်သည်။

"သူတို့ထဲက တစ်ယောက်ယောက် ဖြစ်နိုင်ပါတယ်"ထို့နောက် သူမသည် ဒေါက်တာအာနိုး၏ မျက်နှာဖုံးစွပ်ထားသော မျက်နှာကို အတန်ကြာအောင် စိုက်ကြည့်လိုက်ပြီးမှ. . .

"ဒါပေမယ့် ကျွန်မမြင်လိုက်ရတာကတော့ သူ့မျက်လုံးတွေနဲ့ တူတယ်လို့ ထင်တာပဲ"

စုံထောက်ရော်ဂျာသည် ထိုင်ရာမှ ထလိုက်သည်။

"အခု လောလောဆယ်တော့ ဒါလောက်နဲ့ တော်လောက်ပါပြီ။ အဲဒီတော့ ဒီနေ့မနက် ခွဲစိတ်ခန်းကို ရောက်သွားခဲ့တဲ့ ဒီဆေးရုံကလူတွေအားလုံးနဲ့ ဆရာတို့အားလုံး ဒီနေ့မနက်ပိုင်းမှာ မိနစ်တိုင်း မိနစ်တိုင်း ဘယ်နေရာမှာ ဘာလုပ်ခဲ့တယ်ဆိုတဲ့ လှုပ်ရှားမှုတွေကို ကျွန်တော် သိချင်ပါတယ်။ အဲဒီအတွက် စုံထောက်အရာရှိတစ်ယောက်က တာဝန်ယူပြီး ဆရာတို့ကို လာတွေ့ပါလိမ့်မယ်။ ဪ. . . ဒေါက်တာအာနိုး ကျေးဇူးပြုပြီး တဆိတ်လောက် ခဏနေလိုက်ပါဦး"

ကျန်လူများ အခန်းထဲမှ ထွက်သွားကြသောအခါ စုံထောက်ရော်ဂျာသည် ဒေါက်တာအာနိုးအား ကုလားထိုင်တစ်လုံးကို ခေါင်းညိတ်ပြ၍ အထိုင်ခိုင်းလိုက်သည်။

"ဪ. . . ဒေါက်တာ. . . ဒီကိစ္စနဲ့ ပတ်သက်လို့ ဝေါလ်တာပြောတာတွေ ကျွန်တော် ကြားခဲ့ပြီးပါပြီ။ အဲဒီတော့ ဒေါက်တာ့ဆီကလည်း ဘာပြောမလဲလို့ ကျွန်တော်ကြားချင်ပါတယ်"

ဒေါက်တာ၏နဖူးမှာ ချွေးများစို့နေသည်။

"စုံထောက်အရာရှိခင်ဗျာ. . . ဒီအမှုနဲ့ ပတ်သက်လို့ ဝေါလ်တာပြောတာတွေကို မယုံစေချင်ပါဘူး။ သူဟာ ကျွန်တော့်အပေါ်မှာ အရမ်း မနာလိုတဲ့ စိတ်တွေဖြစ်နေတော့ ဒီအမှုကို ကျွန်တော့်အပေါ်မှာ ပုံချဖို့ ဘာတွေပြောသော့မှာပါပဲ။ မနက်ကဆိုရင် သူ့မိန်းမ သေသွားပြီဆိုတာ သူတို့ကျွန်တော်သွားအကြောင်းကြားတော့ ညေ့ခန်းထဲမှာ ကျွန်တော့်ကို ကိုမယ်ကြိတ်စေ

www.burmeseclassic.com



တောင် လုပ်ပါသေးတယ်"

"ဒါထက် နေပါဦး ဒေါက်တာ။ မစ္စက်ဒီလန်စီကို ဒေါက်တာကိုယ်တိုင် ဘာလို့ ခွဲစိတ်မပေးရတာလဲ"

"ကျွန်တော် သူနဲ့မျက်နှာချင်း မဆိုင်ချင်လို့ပါ။ ဒါကြောင့် သူ့ကို ကျွန်တော် ခွဲစိတ်မပေးတာပါ။ ဒီအကြောင်းကို ကျွန်တော် သူ့ကိုလည်း ဖွင့်ပြောထားပါတယ်။ ဒါပေမယ့် သူကစိတ်မပျက်ဘဲ ဘာဖြစ်ဖြစ် ခွဲမယ်ဆိုတာနဲ့ သူ့ကို ခွဲပေးဖို့ ဒေါက်တာတဲလ်ဘော့ကို တာဝန်ပေးလိုက်တာပါ"

"တကယ်တော့ သူ့နှာခေါင်းက မခွဲပဲထားလို့ မဖြစ်ဘူးလား"

"ဒါကတော့ နှာခေါင်းကို ခွဲစိတ်တာမျိုးဟာ လူတိုင်းလုပ်နေကြတာပါပဲ၊ တကယ့် တကယ်ကတော့ သူ့နှာခေါင်း မခွဲဘဲထားရင်လည်းရပါတယ်"

"ဒါဖြင့် ခင်ဗျားဟာ မစ္စက်ဒီလန်စီကိုခွဲဖို့ ဒေါက်တာတဲလ်ဘော့ကို တာဝန်လွှဲပေးလိုက်တယ်ပေါ့ ဟုတ်လား။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ခင်ဗျားဟာ မနေ့ညက ဒီဆေးရုံမှာ မစ္စက်ဒီလန်စီနဲ့ တွေ့ခဲ့သေးတယ် မဟုတ်လား"

ဒေါက်တာအာနိုးမှာ မျက်နှာတစ်ချက် ပျက်သွားသည်။

"ကေနွဲခင်ဗျာ့ကို သူနာပြုဆရာမတွေက ပြောလိုက်ပြီထင်တယ်။ ဟုတ်ပါတယ် ကျွန်တော် သူနဲ့ မနေ့ညက တွေ့ခဲ့ပါတယ်။ ဒါကတော့ မတွေ့မဖြစ်လို့ တွေ့ရတာပါ။ သူ့စိတ်ကို သူ မထိန်းနိုင်အောင် ဖြစ်နေပါတယ်"

"ဘာလဲ ခင်ဗျားနဲ့ လက်ထပ်ဖို့ ကိစ္စလား"

"လက်ထပ်ဖို့. . ဟုတ်လား" ဒေါက်တာအတော်ကလေး စိတ်ရှုပ်သွားဟန်တူသည်။

"အဲဒီအတွက် မဟုတ်ပါဘူး။ ငွေရေးကြေးရေးကိစ္စပါ"

"ဘာရယ် ငွေရေးကြေးရေးကိစ္စ ဟုတ်လား" ယခုတစ်ကြိမ် စိတ်ရှုပ်သွားရသူမှာ စုံထောက်အရာရှိဖြစ်သည်။

"တကယ်တော့ သူဟာ အင်မတန်အသိဉာဏ်နည်းတဲ့ မိန်းမတစ်ယောက်ပါ။ ကျွန်တော့်မှာ သူတောင်းတဲ့ငွေကို ပေးနိုင်တဲ့အနေအထား မရှိပါဘူး။ ဆရာဝန်တွေဟာ ဝင်ငွေကောင်းတယ်ဆိုတာတော့ မှန်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ဟာ သန်းကြွယ်သူဌေးတွေ မဟုတ်ပါဘူး"



ရော်ဂျာသည် ကုလားထိုင်နောက်ကျောသို့ ခပ်ဖြည်းဖြည်း မှီချလိုက်သည်။

"သူက ဒေါက်တာ့ဆီက ငွေ ဘယ်လောက်တောင်းလို့လဲ"

"ဒေါ်လာ နှစ်သိန်းငါးသောင်း တောင်းပါတယ်"

ရော်ဂျာသည် ခေတ္တ စကားမပြောနိုင်ဘဲ ဖြစ်သွားသည်။ ပြီးမှ. . .

"ဘာဖြစ်လို့ တောင်းတာလဲ"

ဒေါက်တာ၏ အသံမှာ နာကျည်းစက်ဆုတ်သည့် အသံမျိုးပေါက်နေသည်။

"ဒီလိုပါ လွန်ခဲ့တဲ့ တစ်နှစ်လောက်က ညစ်ခံပွဲတစ်ခုမှာ ကျွန်တော် သူနဲ့စတွေ့ခဲ့ပါတယ်။ သူ့ယောက်ျား ဝေါလ်တာရဲ့ ကြော်ငြာဌာနက ကျင်းပတဲ့ ညစ်ခံပွဲပါပဲ။ အဲဒီပွဲပြီးတဲ့နောက် ကျွန်တော်တို့တစ်ယောက်နဲ့တစ်ယောက် ထပ်ပြီးတွေ့ကြပါတယ်။ ပထမတော့ မကြာခဏတွေ့ကြပါတယ်။ သူက ဝေါလ်တာကို မုန်းတဲ့အကြောင်း၊ ဝေါလ်တာနဲ့ကွာရှင်းပြတ်စဲမယ့်အကြောင်း ပြောပါတယ်။ ကျွန်တော်ကလည်း သူ့ကိုလိုတဲ့အကူအညီပေးမယ်လို့ ပြောခဲ့ပါတယ်။ တကယ်တော့ ကျွန်တော့်ရဲ့မိုက်မဲမှုပါပဲ။ ဒါပေမယ့် အဲဒီတုန်းကတော့ ကျွန်တော့်စိတ်တွေဟာ မွှန်ထူနေတော့ ကိုယ့်ဟာကိုယ် ဘာတွေပြောမိ၊ လုပ်မိတယ်ဆိုတာ သတိမထားမိပါဘူး။ နောက်တော့ ဟိုကဒီကပြောလာကြတဲ့ စကားတွေ ကြားတော့မှ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ပြီး သတိပြုမိပါတယ်"

သူသည် ခေတ္တနားလိုက်သည်။ ပြီးမှ. . .

"တကယ်တော့ လူတစ်ယောက်ရဲ့ မကောင်းသတင်းကို ကြားရဖန်များလာတော့လည်း စဉ်းစားစရာ ဖြစ်လာတာပါပဲ။ ပြောလာကြတဲ့ စကားတွေကလည်း ပွင့်ပွင့်လင်းလင်းနဲ့ အတင်းပြောတဲ့စကားမျိုးမဟုတ်ဘဲ တီးတိုးတီးတိုးနဲ့ ကြိတ်ပြီးနိမိတ်ဖတ်တဲ့ စကားမျိုးတွေ ဖြစ်နေပါတယ်။ ဒါတွေကို ကြားရများလာတော့ ကျွန်တော်လည်း ကျွန်တော့်ကိုယ်ကျွန်တော် ပြန်သတိရပြီး အဆက်ဖြတ်လိုက်ဖို့ ကြိုးစားပါတယ်။ တကယ်တော့ သူက ဒီအတွက် ချောင်းနေတာပါ။ ကျွန်တော့်ရဲ့ ဂုဏ်သိက္ခာနဲ့ ကျွန်တော့်ရဲ့ နေရာဒေသတာ သတ်ထဲမှာရှိတယ်။ သူ ကြိုက်သလို ဖန်တီးနိုင်တယ်။ ကျွန်တော်တာ သူ ဖ

www.burmeseclassic.com

www.burmeseclassic.com



ခုပ်ထဲက ရေဖြစ်နေပြီဆိုတဲ့ စကားတွေနဲ့ ကျွန်တော့်ကို ခြိမ်းခြောက်ပြီး နောက်ဆုံးတော့ ကျွန်တော့်ကို ငွေညှစ်တာပါပဲ"

"ဒါဖြင့် သူနဲ့လက်ထပ်မယ်ဆိုတဲ့ ပြဿနာ တစ်ခါမှ မပေါ်ခဲ့ဘူးပေါ့"

"မပေါ်ခဲ့ပါဘူး။ ဒါပေမယ့် ဝေါလ်တာကိုတော့ သူ့ဒီအတိုင်း ပြောတောင်း ပြောပါလိမ့်မယ်။ ဝေါလ်တာဟာ သူ့အပေါ် ဘယ်လောက်ချစ်တယ်ဆိုတာ သူ သိနေတာကိုး၊ အဲဒီတော့ ဝေါလ်တာကို အရှုံးလုပ်ရတာသူ့အတွက် အရသာပဲပေါ့"

"ဒါဖြင့် သူက ဒေါက်တာကိုငွေညှစ်တော့ ဒေါက်တာ ဘာပြန်ပြောလိုက်သလဲ"

"ကျွန်တော်ကတော့ မပေးနိုင်ဘူးလို့ ငြင်းလိုက်တာပေါ့။ အဲဒီတော့ သူက ကျွန်တော်နဲ့ပတ်သက်တဲ့ ဇာတ်လမ်းကို အထုပ်ဖြည်ပြလိုက်မယ်ဆိုတဲ့ ခြိမ်းခြောက်သွားတာပါပဲ။ မနေ့ညက ကျွန်တော်နဲ့တွေ့တော့ သူက ဒါအစပဲ ရှိပါသေးတယ်လို့ ပြောပါသေးတယ်။ သူတောင်းတဲ့ငွေ မပေးရင် အကြောင်းသိမယ်လို့ ပြောလိုက်ပါသေးတယ်"

ဒေါက်တာသည် ပြောရင်းကုလားထိုင် လက်ရမ်းပေါ်သို့ လက်သီးဆုပ်၍ တစ်ချက်ထုလိုက်သည်။

"တကယ်တော့ သူဟာ ကျွန်တော့်အပေါ်မှာ စွဲစွဲလန်းလန်း မရှိပါဘူး။ တကယ့်ကို မရှိတာပါ။ ကျွန်တော့်ဆီက တခြားဘာမှလိုချင်ပုံ မရပါဘူး။ ကျွန်တော့်အလုပ်အကိုင်နဲ့ ပတ်သက်လို့လည်း ဘာန်ဖိုးထားပုံမရပါဘူး"

စုံထောက်ရော်ဂျာသည် ပြတင်းပေါက်မှနေ၍ အောက်ဘက်ရှိ ဆေးရုံအဆောက်အဦများကို ငုံ့ကြည့်လိုက်သည်။

"အခု ဒီအမှုမှာ လူသတ်သမားက အတော်ပိပိရိရိရှိတယ် ဒေါက်တာ" သူက ခပ်ဖြည်းဖြည်း ပြောလိုက်သည်။

"နောက်ပြီးတော့ လုပ်သွားပုံကလည်း အတော်ကလေး အရဲစွန့်တဲ့သဘောပါတယ်။ သူနာပြုဆရာမက လူသတ်သမားကို မြင်လိုက်ရတယ်။ ဒီလိုခြင်လိမ့်မယ်ဆိုတာလည်း လူသတ်သမားက ကြိုပြီးတွက်ထားပြီးသားပဲ။ နောက်ပြီးတော့ ခွဲစိတ်ခန်းထဲ ပထမဆုံး ရောက်တဲ့နေ့မှာ အဲဒီသူနာပြုတာ [illegible] တွေအားလုံး တစ်ယောက်နဲ့တစ်ယောက် ကြည့်လိုက်ရင် အတူတူနေ[illegible] တာလည်း သူ ကြိုပြီးသိထားတယ်၊ အဲဒါအပြင် သူဟာ ခွဲစိတ်ခန်းရဲ့ [illegible] အထားနဲ့ လုပ်ထုံးလုပ်နည်းတွေကိုလည်း သိထားပြီးသား ဖြစ်လိမ့်မယ်၊ နောက်ပြီး ရုတ်တရက် လူစိမ်းတစ်ယောက်အနေနဲ့ အင်မတန် အသိရခက်လောက်အောင် ဘယ်နေရာ ဘယ်အချိန်မှာ ဘယ်လိုလုပ်ရမယ်ဆိုတာကိုပါ ကောင်းကောင်းကြီး သိထားတဲ့လူဖြစ်နေတယ်၊ သူဟာ ဘယ်လောက် ပိုင်သလဲဆိုတော့ သူ့ကို ဘယ်သူမှ မရိပ်မိဘဲနဲ့ လိုအပ်ရင် သူ သတ်မယ့်လူကို သတ်နိုင်တဲ့အခွင့်အရေးရတဲ့အထိ နာရီဝက်လောက်ကြာအောင် မယောင်မလည်နဲ့ စောင့်နေဖို့ ကြိုတင်ပြင်ဆင်ထားတဲ့ သဘောရှိနေတယ်" ရော်ဂျာသည် တောင်းပန်သည့်အမူအရာဖြင့် သူ၏လက်နှစ်ဖက်ကို ဆန့်လိုက်ပြီး. . .



"ကျွန်တော်အများကြီး ဝမ်းနည်းပါတယ် ဒေါက်တာအာနီး။ အဲဒီအခြေအနေမျိုးနဲ့ အဲဒီအခွင့်အရေးမျိုးကို သုံးနိုင်တဲ့ လူက အင်မတန်ရှားပါတယ်၊ ဒီဆေးရုံမှာ ဒီလိုလုပ်နိုင်တဲ့လူ အရေအတွက် ပြောပလောက်အောင်မရှိပါဘူး၊ အဲဒီထဲက ဒီလိုလုပ်ဖို့ အကြောင်းရှိတဲ့လူကလည်း တစ်ယောက်ပဲရှိပါတယ်"

ဒေါက်တာအာနီး၏ မျက်နှာမှာ မည်းခနဲ ဖြစ်သွားသည်။

"ဒီမယ် ကျွန်တော်တစ်ခုပြောပါရစေ"

"ဒေါက်တာပြောချင်တာကို မြို့ထဲက ရဲစခန်းကျမှ ပြောတာပေါ့"

□□□

ထိုနေ့ ညနေစောင်းတွင် ဒေါက်တာသော်မဆင်သည် လူနာလက်ခံသည့် ဌာနမှနေ၍ ပစ္စည်းများထားသည့် အခန်းထဲတွင် တစ်ယောက်တည်း အလုပ်လုပ်နေသည့် ပက်ထရစ်ရှာထံ ရောက်လာခဲ့သည်။

ထိုနေ့ ညနေခင်းတစ်ခင်းလုံး ရဲအရာရှိများသည် ခွဲစိတ်ခန်းနှင့်[illegible] [illegible]နှာချင်းဆိုင်မှ လက်ဆေးခန်းများကိုပါ ဝင်ရောက်ကြည့်ရှု စစ်[illegible] [illegible]ည်။ ထို့ပြင် နံနက်စောစောပိုင်းကလည်း ခွဲစိတ်ခန်းများ၊ [illegible]

www.burmeseclassic.com

www.burmeseclassic.com



အဝတ်လဲခန်းများနှင့် အပြင်ဘက်စင်္ကြံတွင် ရှိနေကြသည့် ခွဲစိတ်ခန်းတာဝန်ကျ သူအားလုံးကို စုံစမ်းမေးမြန်းခဲ့ကြသည်။

ထို့မှတစ်ဖန် ဆေးကျောင်းသားများနှင့် သူနာပြုများသာမက လူသတ်မှု ဖြစ်ပွားစဉ်က စင်္ကြံဘက်တွင် လက်တွန်းလှည်းပေါ်၌ ရှိနေခဲ့ကြသည့် လူနာနှစ်ယောက်ကိုပါ စုံစမ်းစစ်ဆေးခဲ့ကြသည်။

သို့သော် ဘာတစ်ခုမျှ သဲလွန်စ မရဘဲ ဖြစ်နေခဲ့သည်။ မှန်သည်။ တာဝန်ကျအမှုထမ်းများသည် ထိုနေ့နံနက် စောစောပိုင်းက ဆရာဝန်တစ်ယောက်ကို အဝတ်လဲခန်းထဲတွင် တွေ့မြင်လိုက်ကြသည်။ အတိအကျ ပြောရလျှင် ထိုသို့ မြင်လိုက်ကြရသည့်ဆရာဝန်များမှာ ၁၂ ယောက်ခန့် ရှိမည် ဖြစ်သည်။ ထို့ပြင် အခြားဆရာဝန် တစ်ဒါဇင်ခန့်ကလည်း ထိုဆရာဝန်ကို လက်ဆေးခန်းထဲတွင် တွေ့မြင်လိုက်ကြသည်။ သို့သော် ထိုဆရာဝန်သည် မည်သူမည်ဝါဆိုသည်ကို မည်သူမျှ အတတ်မပြောနိုင်ဘဲ ရှိနေကြသည်။ မည်သူမျှ မမှတ်မိဘဲ ဖြစ်နေကြသည်။

သူနာပြုဆရာမများ၏အဖြစ်က ပို၍ဆိုးသေးသည်။ ထိုနေ့နံနက်က ခွဲစိတ်ခန်းတွင် တာဝန်ကျသည့် သူနာပြုကျောင်းသားများမှာ အားလုံးလူသစ်များ ဖြစ်နေကြသည်။ သူတို့အားလုံးသည် ဝတ်ရုံများ၊ မျက်နှာဖုံးစွပ်များ၊ ခေါင်းစွပ်များနှင့် ခွဲစိတ်ဝတ်စုံများ ဝတ်ထားကြသည့် ဆရာဝန်များကို တစ်ယောက်မှ မမှတ်မိဘဲ ဖြစ်နေကြသည်။ ဘွဲ့ရကျောင်းသားများသည် ခွဲစိတ်ခန်းထဲတွင် အလုပ်ရှုပ်နေကြသည်။ ထိုနေ့နံနက်က မိမိတို့သွားလာလုပ်ကိုင်ခဲ့သမျှ ပြောပြကြရသည်။ သို့ဖြင့် မေးစရာမြန်းစရာ လူကုန်သွားသောအခါ နောက်တစ်ကြိမ် တစ်ယောက်စီထပ်မေးကြပြန်သည်။ သို့သော် ဘာတစ်ခုမျှ မထူးခြား။

ယခုသော်မူ ရဲအရာရှိများ အားလုံးလိုလို ပြန်သွားကြပြီ ဖြစ်သည်။ ခွဲစိတ်ခန်းများမှာလည်း လူရှင်းနေပြီး အရေးပေါ်ခွဲစိတ်ရန် ရောက်လာမည့် လူနာများအတွက် အခန်းနံပါတ် (၆)တစ်ခန်းသာလျှင် အဝင်အထွက် ရှိနေသည်။ ဒေါက်တာသော်မဆင်သည် လူရှင်းနေသော စင်္ကြံလမ်းအတိုင်း လျှောက်လာခဲ့ပြီး ပစ္စည်းများသိုလှောင်သည့် အခန်းရှေ့တွင် ရပ်လိုက်သည်။

ပက်ထရစ်ရှာက မော့ကြည့်လိုက်သည်။



"သူတို့ ပြန်သွားကြပြီလား"

"ပြန်သွားကြပြီထင်တယ်"

သူမသည် စားပွဲနောက်ကျောမှ နံရံကိုမှီလိုက်ရင်း သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကျွန်မဖြင့် ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ပါဘူး ဆရာရယ်၊ စောစောက ဒီလိုမှန်းသိရရင်"

"ကိုယ့်ကိုယ်ကို စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့လေ"

"သူတို့ ဒေါက်တာအာနီးကို ဘယ်လိုလုပ်ကြဦးမှာလဲ"

ဒေါက်တာသော်မဆင်က မျက်နှာတစ်ချက် ပျက်သွားသည်။

"စုံထောက်အရာရှိ ရော်ဂျာက မြို့ထဲကရဲစခန်းကို ခေါ်သွားတာပဲ၊ ကြည့်ရတာ အခြေအနေတော့ သိပ်ကောင်းပုံမရဘူး"

သူနာပြုဆရာမလေးသည် မျက်နှာကို လွှဲပစ်လိုက်သည်။

"ကျွန်မ အဲဒါကို မပြောချင်ပါဘူး ဆရာရယ်၊ ပြီးတော့ ကျွန်မဆိုလိုတာကလည်း သူဖြစ်နိုင်တယ်လို့ ပြောတာပါ။ ဖြစ်ကောင်းဖြစ်နိုင်တယ်ဆိုတဲ့ သဘောပါ"

"ဒါပေမယ့် တစ်ခုခက်တာက အပြင်မှာ ပြောနေကြတဲ့ သတင်းတွေကို မင်းလည်း ကြားမှာပဲ။ ဒီအမျိုးသမီးကိုက ဖြုတ်မွှေတာပါ" သော်မဆင်သည် ခေါင်းစကားဖြတ်လိုက်ပြီးမှ. . . .

"ဒါထက် နေပါဦး ပက်ထရစ်ရှာ၊ မင်းအနေနဲ့ အဲဒီတုန်းက တစ်ခုခု ထူးထူးခြားခြား သတိမထားလိုက်မိဘူးလား"

သူမ၏မျက်လုံးများမှာ အရောင်ထွက်လာသည်။ "လာပြန်ပြီ ဒီပြဿနာကို အစပြန်မဖော်ပါနဲ့တော့ ဆရာရယ်။ ကျွန်မရင်ထဲက အခံရခက်လွန်းလို့ပါ"

"ဒါပေမယ့် စောစောက မင်းပြောတဲ့အထဲမှာ သူ့မျက်လုံးတွေကို သတိထားလိုက်မိတယ်ဆို။ ပြီးတော့ သူ့အရပ်အမောင်းကလည်း မနိမ့်မမြင့်ဘဲလို့ ပြောခဲ့တယ် မှတ်လား။ အဲဒါအပြင် တခြားမှတ်မိတာ ရှိဦးမှာပေါ့"

"ကျွန်မ ဘာမှမမှတ်မိပါဘူး ဆရာ။ တခြားဘာတစ်ခုမှ ကျွန်မ သတိ

www.burmeseclassic.com

www.burmeseclassic.com



မထားမိပါဘူး"

"သူကြည့်ရတာ ဖျာယီးဖျာယာ ဖြစ်မနေဘူးလား။ သူ့လက်တွေ တုန်တုန်ယင်ယင် ဖြစ်မနေဘူးလား။ သူကြည့်ရတာ တစ်ခုခုထူးခြား မနေဘူးလား"

"ကျွန်မ ကျွန်မ အဲဒါတွေ စဉ်းစားကြည့်နေတာပဲဆရာ။ သူကြည့်ရတာ ဘာမှ ဘာမှ မထူးခြားသလိုပဲ၊ ဒါပေမယ့် ဆရာ၊ သူဟာ တခြားဆရာဝန်တွေထက်တော့ ပိုပြီးသပ်သပ်ရပ်ရပ် ဖြစ်နေသလိုပဲ"

"အဲ ဟုတ်ပြီ။ ဒါဆိုရင် မင်း တဖြည်းဖြည်းနဲ့ စဉ်းစားလို့ရလာပြီ။ ငါပြောတာ အဲဒါမျိုးကို ပြောတာပေါ့။ သူ သပ်သပ်ရပ်ရပ် ဖြစ်နေတယ်ဆိုတာက ဘယ်လောက်အထိ ဘယ်လို သပ်သပ်ရပ်ရပ် ဖြစ်နေတာမျိုးလဲ"

ပက်ထရစ်ရှာသည် အတန်ကြာအောင် စဉ်းစားနေပြန်သည်။

"အဲဒါလည်း ဒုံ့ဒြစရာပဲ ဆရာရဲ့။ ကျွန်မခေါင်းထဲမှာ အဲဒီအချက်က အခုမှ စဉ်းစားမိတာပါ။ ဘာဖြစ်လို့လဲ ဆိုတော့ အရင်က ကျွန်မစိတ်ထဲမှာ ဆရာဝန်တွေဟာ အမြဲတမ်း ပြောင်ပြောင်လက်လက် သပ်သပ်ရပ်ရပ်နဲ့ စမတ်ကျကျရှိနေတယ်လို့ ထင်ထားတာ။ အဲဒီကြားထဲက ကျွန်မ တကယ်လက်တွေ့မြင်ရတွေ့ရတာကတော့ ခွဲစိတ်ခန်းထဲကဆရာဝန်တွေဟာ ပုံမကျပန်းမကျ ဖိုသီဖတ်သီနဲ့ချည်းပဲ။ ပြီးတော့ သူတို့ဝတ်ရုံအကျီတွေနဲ့ ခေါင်းစွပ်ဦးထုပ်တွေဟာလည်း ဆေးရောင်ပျက် တွန့်ကြေနေတာချည်းပဲ"

"ဒါဖြင့် အဲဒီလူရဲ့ဝတ်ရုံအကျီကရော အရောင်တွေ မှိန်နေသလားတင်"

"ဟုတ်တယ်ဆရာ. . . အို ဒီလိုလည်း ကျွန်မသေချာပေါက် မပြောနိုင်ဘူး ဆရာရဲ့"

သူမသည် ခွဲစိတ်ပစ္စည်းကိရိယာများထည့်သည့် ဗန်းကလေးများကို စိုက်ကြည့်နေမိသည်။

ဒေါက်တာ သော်မဆင်သည် စိတ်ပျက်လက်ပျက်ဖြင့် တစ်ဘက်သို့ လှည့်လိုက်သည်။ သို့သော် သူသည် သည့်ထက်ပို၍ ဘာများ မျှော်လင့်နိုင်ပါမည်နည်း။ သူကိုယ်တိုင်လည်း ဤခွဲစိတ်ခန်းများသို့ ပထမဆုံး ရောက်လာသည့်နေ့က ဤသို့ပင် တအံ့တဩ ဖြစ်ခဲ့ရသည် မဟုတ်ပါလော။ ထိုစဉ်က မိမိ



ဗျက်စိအောက်တွင် ခွဲစိတ်ဆရာဝန်များမှာ ပုံပျက်ပန်းပျက်ဖြင့် ဖိုသီဖတ်သီ နိုင်လှပြီး သူတို့၏ရှူးဖိနပ်များမှာလည်း သွေးစက်သွေးကွက်များပေကျံနေ၍ ခွဲစိတ်ခန်းဝတ်စုံများမှာလည်း ဖိုးရိုးဖားရားဖြစ်နေကြသည်ကို သူမှတ်မိနေသည်။

ဒေါက်တာသော်မဆင်သည် လက်ပတ်နာရီကို ကြည့်လိုက်ပြီး သူဝတ်လာသော ရိုးရိုးအဝတ်အစားများကို ပြန်လဲရန် အဝတ်လဲအခန်းထဲသို့ ဝင်လာခဲ့သည်။ အခန်းထဲတွင် မှောင်စပြုနေပြီ ဖြစ်သည်။ သို့ဖြင့် သူသည် မီးခလုတ်ကို ဖွင့်လိုက်သည်။ သူသည် ခုံတန်းလျားပေါ်တွင် ထိုင်လိုက်ပြီး ခွဲစိတ်ခန်းထဲတွင် စီးသည့် ရှူးဖိနပ်ကို ချွတ်၍ ခုံတန်းလျားအောက်မှ ဖိနပ်အဖြူပုံကြီးပေါ်သို့ ခြေထောက်ကိုခါချလိုက်သည်။ တကယ်တော့ ခွဲစိတ်ဆရာဝန်များအနေဖြင့် သည်လို ဖိနပ်ဖြူများကို စီးရသည်မှာ အတော်ကလေး ကိုးရိုးကားရားနိုင်သည်ဟု ဆိုရမည်ဖြစ်သည်။ အဖြူရောင်ဖြစ်နေ၍ ပေစွန်းလွယ်သည်။ သည်ကြားထဲ ညည်သူမျှ ဆေးကြောမွတ်တိုက်ထားခြင်းမပြုသဖြင့် ဖိနပ်ဖြူများမှာ မြင် မကောင်းရှုမကောင်းအောင် ပေကျံနေကြသည်။

သူမျက်စိများသည် ဖိနပ်ပုံကြီးများကို စိုက်ကြည့်နေမိသည်။ ထိုအခိုက်မှာပင် သူသည် ဖိနပ်ပုံကြီး၏အောက်ဘက်မှ ဖိနပ်ဖြူတစ်ရံကို ဆွဲယူလိုက်မိသည်။

ထိုဖိနပ်တစ်ရံမှာ ရုတ်တရက်ကြည့်လိုက်လျှင် အခြားဖိနပ်များလိုပင် အနီရောင် ကြက်ပေါင်အောက်ခံဖြင့် သာမန်ဖိနပ်များပင် ဖြစ်သည်။ သို့သော် သူသည် ဖိနပ်ဦးပိုင်းကို လက်ဖြင့် အမှတ်မထင် စမ်းကြည့်နေမိသည်။ ဖိနပ်တစ်ရံလုံးမှာ ဖြူဖွေးပြီး သန့်ရှင်းနေသည်။ သူသည် ထိုဖိနပ်တစ်ရံကို ခုံတန်းလျားပေါ်သို့ အသာတင်လိုက်ပြီး ခပ်စောစောက သူချွတ်ပစ်လိုက်သော ဖိနပ်နှစ်ဘက်ကိုကောက်၍ ခုံတန်းလျားပေါ်တွင် ဘေးချင်းယှဉ်ထားလိုက်သည်။ သူ့ဖိနပ်နှစ်ဘက်မှာ သူ ခွဲစိတ်ခန်းတွင် တာဝန်ကျသည့် ပထမဆုံးနေ့မှစ၍ ယနေ့အထိ သည်အတိုင်း မဆေးမကြောမတိုက်မချွတ်ဘဲ နေ့စဉ်စီးလာခဲ့သည့် ဖိနပ်များဖြစ်သည်။ သွေးကွက်သွေးစက်များဖြင့် ပေကျံနေပြီး ညစ်ပတ်ပေရေနေကာ ပုံပျက်ပန်းပျက် ဖြစ်နေသည်။

သူသည် ရုတ်တရက် ချက်ချင်းတစ်စုံတစ်ရာကို ဖြန့်ခနဲ တွေးလိုက်

www.burmeseclassic.com



မိသည်။ သူ့ အတွေးသည် အမှန်တရားနှင့် နီးစပ်သည့်အတွေးဖြစ်သည်။

* * * *

နောက် ဆယ်မိနစ်ခန့်ကြာသောအခါ သူသည် ပုဂ္ဂလိက ခွဲစိတ်ခန်းများရှိရာ အပေါ်ထပ်သို့ တက်လာခဲ့သည်။ ညဘက်တွင် တာဝန်ကျသည့် သူနာပြုဆရာမနှင့် အချိန်မီတွေ့လိုသောကြောင့် ဖြစ်သည်။

"အဲဒီအချိန်က လာတဲ့ညွှန့်သည်လား။ ညွှန့်သည်ဆိုလို့ ဆရာတစ်ယောက်ပဲလာတာပဲလေ"

"ဟုတ်ပါတယ်လေ ဒါတော့ဟုတ်ပါတယ်" ဒေါက်တာသော်မဆင်က ပြန်ဟောက်လိုက်သည်။

"ငါလာတာက ထမင်းစားချိန်မှာ လူနာရဲ့ ကိုယ်ရေး ရာဇဝင်နဲ့ လောလောဆယ် အခြေအနေကို လာကြည့်တာပဲ။ ငါ့အပြင် တခြားလူများ လာသေးသလားလို့ပါ"

သူနာပြုဆရာမသည် အတန်ကြာအောင် စဉ်းစားနေမိသည်။ ပြီးမှ. .

"ဟုတ်ပြီ. . ဟုတ်ပြီ ခုမှသတိရတယ်။ သူ့ယောက်ျားလည်း လာသေးတယ်လေ။ အဲဒီတော့ ညကိုးနာရီလောက် ရှိပြီထင်တာပဲ။ သူ့ကြည့်ရတာ သဘောကောင်းပုံရပါတယ်။ ကျွန်မတို့ သူနာပြုတွေအတွက် သကြားလုံးတစ်ဘူးတောင် ဝယ်လာသေးတာပဲ။ ဒါပေမယ့် သူတို့နှစ်ယောက် ရန်ဖြစ်လိုက်ကြတာ မပြောပါနဲ့တော့ ဆရာရယ်"

"ရန်ဖြစ်ကြတယ် ဟုတ်လား"

သူနာပြုဆရာမက သူ့အားမျက်လုံးပြူးပြူးလိုက်သည်။

"သူ့ ယောက်ျားက သူ့ကို အခုလိုခွဲစိတ်တာ သဘောတူပုံမရဘူး။ သူက ဒီမယ် ငါပြောမယ်။ မင်း ဒီလိုလုပ်လို့ မဖြစ်ဘူး လုံးဝ ဒီလိုလုပ်ဖို့ မသင့်ဘူး"ဆိုပြီး တဖွဖွပြောနေတာ ကြားရတာပါပဲ။ အဲဒီနောက် တစ်ယောက်တစ်ခွန်း အော်ကြီးဟစ်ကျယ် ဖြစ်လာကြတာနဲ့ ကျွန်မတို့လည်း သူတို့နှစ်ယောက်ကြေးကို ဝင်တားရပါတယ်။ သူ့ယောက်ျားက ပြောတဲ့အထဲမှာ 'ဒီလိုလုပ်မယ်ဆိုရင် မင်းဘဝဟာ ဒါနောက်ဆုံးပဲ'လို့ ပြောတာ ကြားလိုက်ရပါတယ်"



"အဲဒီတော့ အမျိုးသမီးက ဘာပြန်ပြောသလဲ"

"အို. . သူပြန်ပြောတဲ့ စကားကတော့ ဆရာတို့ယောက်ျားတွေ [illegible] ကြားဖို့တောင် မကောင်းပါဘူး။ တကယ်တော့ ယောက်ျားလုပ်တဲ့လူဟာ အကောင်းသနားစရာကောင်းပါတယ်။ ဒီလို မိန်းမမျိုးနဲ့နေရတာ ဘယ်လောက်များ စိတ်ဆင်းရဲလိုက်မလဲလို့"

ဒေါက်တာသော်မဆင်သည် ရုတ်တရက် တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင်လိုက်သည်။

"ဒေါက်တာ တဲလ်ဘော့လား။ ခင်ဗျား ခဏလောက် အချိန်ရမလား"

သူ့အသံမှာ ကတုန်ကရင် ဖြစ်နေသည်။

"ခင်ဗျားကို ကျွန်တော် မေးစရာ တစ်ခု နှစ်ခုရှိနေလို့ပါ။ မနေ့ညက အဲဒီမိန်းမဟာ ဒီဆေးရုံပေါ်မှာ ဘာတွေလုပ်ခဲ့တယ်ဆိုတာ သိချင်လို့ပါ"

ဒေါက်တာတဲလ်ဘော့နှင့် စကားပြောနေသည်မှာ မိနစ်အနည်းငယ်ကြာသွားခဲ့သည်။ သို့ဖြင့် ဆံပင်နီကြန့်ကြန့်နှင့် ဒေါက်တာတဲလ်ဘော့၏ အခန်းထဲမှ ဒေါက်တာသော်မဆင်ပြန်ထွက်လာသောအခါ ညကိုးနာရီခန့်ပင် ရှိပြီဖြစ်သည်။ သူသည် မှောင်နေပြီဖြစ်သော ခွဲစိတ်ခန်းရှိရာ ကြေဘက်သို့ ဓာတ်လှေကားဖြင့်တက်လာခဲ့သည်။ သူသည် လက်ပတ်နာရီကို တစ်ချက်ငုံ့ကြည့်လိုက်ပြီး ဆရာဝန်များအဝတ်လဲခန်းသို့ သွားရောက်ကာ ခွဲစိတ်ခန်း ဝတ်စုံများကို ပြန်ဝတ်လိုက်သည်။ ထို့နောက် သူသည် တစ်ဘက်မှ လက်ဆေးခန်းရှိရာသို့ လက်များကို ဂရုတစိုက်ဆေးလိုက်သည်။ ထိုအချိန်တွင် တစ်စုံတစ်ခုကို အာရုံစိုက်နေဟန်ဖြင့် သူ့နဖူးကြောများမှာ အစင်းအစင်းဖြစ်နေခဲ့သည်။ နောက်ဆုံး၌ လက်အိတ်များကို စွပ်လိုက်ပြီး သူ၏ဝတ်ရုံကို ပြင်ဝတ်ရင်း လက်ပတ်နာရီကို တစ်ချက်ငုံ့ကြည့်လိုက်သည်။

သူသည် ဤနည်းအတိုင်း ပြုမူလုပ်ကိုင်လာခဲ့သည်မှာ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ရှိခဲ့ပြီဖြစ်သည်။ တစ်ခုပြီးတစ်ခု တစ်ဆင့်ပြီးတစ်ဆင့် အလိုအလျောက် လုပ်ပြီးကိုင်ပြီး ဖြစ်နေသည်။ ဤ အပြုအမူအားလုံးမှာ သူ့အတွက် လုပ်ရိုးလုပ်စဉ်ဖြစ်နေ၍ ကျင့်သားရနေပြီဖြစ်သည်။

ထိုအခိုက် သူသည် ရုတ်တရက် လက်အိတ်များကို ဆွဲချွတ်ပစ်လိုက်

www.burmeseclassic.com



ပြီး ဝတ်ရုံကိုလည်း ပခုံးပေါ်မှ ကမန်းကတန်းခွာချကာ တယ်လီဖုန်းရှိရာသို့ ဒါဟုန်ထိုး ပြေးသွားခဲ့သည်။ ခဏအကြာတွင် သူသည် တယ်လီဖုန်းခန်းထဲမှ နေ၍ စုံထောက်အရာရှိ ရော်ဂျာနှင့် အဆက်အသွယ်ရသွားခဲ့သည်။

"ခင်ဗျား ကျွန်တော်နဲ့ နာရီဝက်အတွင်း မြို့ထဲမှာ လာတွေ့နိုင်ပါ့မလား"

"ဘာကိစ္စလဲ။ ဘာအကြောင်းထူးလို့လဲ"

ဒေါက်တာ သော်မဆင်က စိတ်လှုပ်ရှားစွာဖြင့် ပြန်ပြောလိုက်သည်။

"ဟိုအမှုနဲ့ပတ်သက်လို့ ဘယ်သူတရားခံလဲ၊ ဘယ်လိုလုပ်ပြီး ကျူးလွန်သွားသလဲဆိုတာ ကျွန်တော်ပြောပြမယ်"

□□□

ဒေါက်တာသော်မဆင်သည် နောက်တစ်နေ့ နံနက် ၇ နာရီ ၁၅ မိနစ် တိတိအချိန်တွင် စုံထောက်အရာရှိ ရော်ဂျာနှင့် ဝေါလ်တာဒီလန်စီကို ရဲစခန်း၌ တွေ့ရသည်။ စုံထောက်အရာရှိ၏ မျက်လုံးများမှာနီရဲနေပြီး ပင်ပန်းနေဟန် ရှိသည့်ကြားမှ အလုပ်သင်ဆရာဝန် သော်မဆင်အား ကျေးဇူးတင်သည့် အမူအရာဖြင့် ကြည့်လိုက်သည်။ ဝေါလ်တာမှာမူ တစ်စုံတစ်ရာ ဘာမျှ သိဟန်မတူဘဲ ခပ်ကြောင်ကြောင်ဖြစ်နေသည်။

စုံထောက်ရော်ဂျာက ဒေါက်တာသော်မဆင်အား လှမ်းမေးလိုက်သည်။

"ဒီနေ့မနက် ဒေါက်တာတဲလ်ဘော့ဟာ မြို့နယ်ဆေးရုံက ခွဲစိတ်ခန်းမှာ ရှိနေတယ်ဆိုတာ ခင်ဗျားသေချာတယ်နော်"

ဒေါက်တာ သော်မဆင်က ခေါင်းညိတ်ပြလိုက်သည်။

"သေချာပါတယ်။ သူဟာ ကျွန်တော်တို့နဲ့အတူ ခရစ္စတိုဖာဆေးရုံမှာ လုပ်နေတာပါပဲ။ ဒါပေမယ့် တစ်ပတ်ကိုနှစ်ရက် မနက်ပိုင်းမှာ မြို့နယ်ဆေးရုံက ခွဲစိတ်ခန်းကို သွားရတယ်။ ကဲ. . . ခင်ဗျားဘက်က အစီအစဉ်တွေကော အားလုံးပြည့်စုံပြီလား"

ရော်ဂျာက သူ့အိတ်ထဲမှ စာရွက်များကို ထုတ်ပြလိုက်ပြီး. . .



"အားလုံး အဆင်သင့်ပါပဲ" ဟု ပြောလိုက်သည်။

"ဟောဒီမှာ ခင်ဗျားလိုချင်တဲ့ ဆေးရုံအပေါ်ထပ်က အခန်းဖွဲ့ထားတဲ့ ပုံစံ" သူသည် အလုပ်သင်ဆရာဝန် သော်မဆင်အား မသက်သာသည့် မျက်လုံးများဖြင့် တစ်ချက် လှမ်းကြည့်လိုက်သည်။

"အခုကိစ္စက ခင်ဗျားစိတ်ကူးနဲ့ ရမ်းလုပ်တာတော့ မဟုတ်ပါဘူးနော်။ ဒါထက် ခင်ဗျား အဲဒီမြို့နယ်ဆေးရုံကို တစ်ခေါက်မှ မရောက်ဖူးဘူးဆို"

"ဟုတ်တယ်လေ. . . တစ်ခါမှ မရောက်ဖူးပါဘူး" သော်မဆင်က ပြောပြောဆိုဆိုဖြင့် ပုံစံစာရွက်ကို ဖြန့်လိုက်သည်။

"ကဲ. . ဒီပုံကို သေသေချာချာ လေ့လာကြည့်ရအောင်" သူက လက်ညှိုးဖြင့် ပုံစံစာရွက်ပေါ်သို့ ထောက်ပြရင်း. . . .

"ကျွန်တော်ပြောတာ ဟောဒီနေရာပဲ။ ခွဲစိတ်ခန်းတွေက တတိယထပ်မှာ။ ဟောဒီနောက်ဘက်က အဆောင်မှာ။ ကောင်းပြီ၊ ဟောဒါက ဓာတ်လှေကား။ ဟောဒီ စင်္ကြံကတော့ အကောင်းဆုံးဖြစ်လိမ့်မယ်ထင်တယ်။ ကဲ ဆရာတို့ သေချာကြည့်ထားကြ၊ မှတ်လည်းမှတ်ထားကြ"

"ခင်ဗျားဟာက သိပ်မရေရာဘူးထင်တယ်" ရော်ဂျာက ပြောလိုက်သည်။

"ထားပါလေ၊ ကြည့်ကြသေးတာပေါ့။ ကဲ . . . ခင်ဗျားကား အပြင်မှာ ရှိတယ်မဟုတ်လား"

"ရှိပါတယ်"

"ဒီလိုဆို အတော်ပဲ၊ ကဲ ကျွန်တော်တို့ ကားတစ်ပတ်လောက် စီးလိုက်ကြရအောင်"

□□□

ဒေါက်တာသော်မဆင်၏ အကြံပေးချက်အရ သူတို့တားတို့ မြို့နယ်ဆေးရုံနှင့် နှစ်လမ်းကျော်လောက်တွင် ရပ်ထားခဲ့ကြပြီး ဆေးရုံဝိတ်ဝသို့ လျှောက်လာခဲ့ကြသည်။

"ဒီ မြို့နယ်ဆေးရုံက ခရစ္စတိုဖာဆေးရုံထက် နည်းနည်းသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက ရှင်းပြလိုက်သည်။

"အဲဒီတော့ အခက်အခဲတွေ တွေ့ကောင်းတွေ့လိမ့်မယ်။ ဒါပေမယ့် အရေးကြီးတာက ဣန္ဒြေမပျက်ဖို့ဘဲ။ ကျွန်တော်တို့ စောစောက ကြည့်လာခဲ့တဲ့ အခန်းအနေအထား ပုံစံအတိုင်း၊ အဲဒါကို မှတ်မိဖို့လိုတယ်။ အဲဒီတော့ ဘာပဲဖြစ်ဖြစ် ခပ်တည်တည်နဲ့ ကိုယ် ဘယ်သွားနေတယ်ဆိုတာ သိနေဖို့လိုတယ်။ ဒါဆိုရင်ရပြီ"

နံရံပေါ်မှနာရီသည် ၈ နာရီထိုးရန် ၁၅ မိနစ် လိုနေသေးသည်။ သူတို့သည် ဧည့်ခန်းတစ်ခုကိုဖြတ်၍ အရှေ့ဘက်အဆောင်သို့ သွားသည့် စင်္ကြံလမ်းအတိုင်း ခပ်မြန်မြန်လျှောက်လာခဲ့ကြသည်။ ဒေါက်တာသော်မဆင်သည် ဓာတ်လှေကားအိမ်ကလေးရှေ့တွင်ရပ်ကာ ခလုပ်တစ်ခုကို လှမ်းနှိပ်လိုက်သည်။

ချက်ချင်းဆိုသလိုပင် ဓာတ်လှေကားတစ်ခု တက်လာသည်။ သုံးယောက်သားအထဲသို့ဝင်လိုက်ကြသည်။ ဒေါက်တာသော်မဆင်သည် ဓာတ်လှေကားတံခါးကိုပိတ်သည့် ခလုပ်ကို နှိပ်လိုက်သည်။ ခဏအကြာတွင် သူတို့သည် တတိယအထပ်သို့ ရောက်လာကြပြီး ဓာတ်လှေကားအိမ်ထဲမှနေ၍ လူများ ဥဒဟိုသွားလာနေကြသည့် အပြင်စင်္ကြံဘက်သို့ ထွက်လိုက်ကြသည်။

နံရံတွင်ကပ်လျက် လူနာတင် လက်တွန်းလှည်းကလေးများ စီ၍ ရပ်ထားသည်ကိုမြင်ရသည်။ ဆရာဝန်သုံးယောက်သည် ခွဲစိတ်ခန်းဝတ်ရုံများ၊ မျက်နှာဖုံးစွပ်များဖြင့် ဖြတ်၍လျှောက်သွားကြသည်။ သူနာပြုတစ်ယောက်သည် သူတို့သွားရာတူရူအတိုင်း ခပ်သုတ်သုတ် လျှောက်လာပြီး သူတို့ကိုကျော်တက်သွားသည်။

သူတို့ကို မည်သူမျှ တားဆီးခြင်းမပြုကြ။

သူတို့သည် သူနာပြုများ၏စားပွဲဆီသို့ လျှောက်လာခဲ့ကြသည်။ ဒေါက်တာသော်မဆင်က နံရံတွင်တွဲလောင်းချိတ်ထားသည့် စာရွက်စာရင်းကို ပြလိုက်သည်။

"ဒါ ခွဲစိတ်တာဝန်ကျတဲ့စာရင်း"သူက ခပ်တိုးတိုးပြောလိုက်သည်။

"ကျွန်တော်တို့ဆေးရုံမှာတော့သင်ပုန်းကြီးနဲ့ အကြီးကြီးရေးပြထားတယ်။ ဒီမှာတော့ လက်နှိပ်စက်နဲ့ရိုက်ပြီး ကပ်ထားတာပဲရှိတယ်။ ဒါပေမယ့်



ဒီစာရင်းမျိုးကတော့ ခွဲစိတ်ခန်းတိုင်းမှာ အမြဲရှိရတယ်"

ရော်ဂျာသည် စာရင်းကိုစိုက်ကြည့်လိုက်သည်။ ပြီးမှပြောလိုက်သည်။

"ဒေါက်တာတဲလ်ဘော့က အခန်းခုနစ်မှာ ရှိလိမ့်မယ်"

ဒေါက်သာသော်မဆင်က သူတို့အား စင်္ကြံလမ်းအတိုင်း ပြန်ခေါ်လာခဲ့ပြီး 'ဆရာဝန်များသာ'ဟူ၍ ရေးထားသည့် အခန်းထဲသို့ တံခါးကိုတွန်းဖွင့်၍ ဝင်လိုက်သည်။ အခန်းမှာ ကျဉ်းကျဉ်းကလေးပင်ဖြစ်သည်။ ဗီရိုများ အစီအရီ ရှိနေသည်။ စားပွဲပေါ်တွင် အဖြူရောင်အဝတ်ပုံကြီးတစ်ပုံ တွေ့ရသည်။ ဒေါက်တာသော်မဆင်က ပြုံးလိုက်သည်။

သူတို့သုံးယောက်သား ဝတ်လာကြသော မိုးမိုးအဝတ်အစားများကို ချွတ်၍ ခွဲစိတ်ဝတ်စုံများကို ဝတ်လိုက်ကြသည်။ ဤတွင် ဘုမသိဘမသိဖြင့် ဇဝေဇဝါ ဖြစ်နေသော ဝေါလ်တာက မှုအောင့်နိုင်တော့ဘဲ မေးလိုက်သည်။

"နေပါဦး အခု ကျွန်တော်တို့ ဘာတွေလုပ်နေတယ်ဆိုတာ တစ်ယောက်ယောက် က ကျွန်တော့်ကို ပြောပြရင် ကောင်းမယ်ထင်တယ်"

ဒေါက်တာသော်မဆင်က လက်ဝါးကိုထောင်ပြ၍ တိတ်တိတ်နေရန် သတိပေးလိုက်သည်။ ထိုအခိုက် အခန်းတံခါး ဖြုန်းခနဲ ပွင့်လာပြီး အသံကျယ်လောင်ကျယ်လောင်ဖြင့် ဆရာဝန်နှစ်ယောက် ဝင်လာကြသည်။ သူတို့သည် အခန်းထဲသို့ ရောက်နေကြသော လူစိမ်းများကို လုံးဝဂရုမထားဘဲ ရှိနေကြသည်။ သော်မဆင်တို့လူသိုက်ကို လှည့်၍ပင်မကြည့်ဘဲ နေကြသည်။

စုံထောက်ရော်ဂျာသည် ယခုအခါ အခြေအနေကို စိတ်ဝင်စားစ ပြုလာခဲ့သည်။ သူသည် ညဝတ်အင်္ကျီနှင့် ခပ်ဆင်ဆင်ဖြစ်နေသော ခွဲစိတ်ဝတ်စုံကို ကောက်ဝတ်လိုက်ပြီး သူ့ခေါင်းပေါ်တွင် ခေါင်းစွပ်ဦးထုပ်တစ်လုံးကို ဆောင်း၍ နေသားတကျဖြစ်အောင် ပြုပြင်လိုက်သည်။ ထို့နောက် သုံးယောက်သား မျက်နှာဖုံးများကို မျက်နှာတွင်ပတ်၍ အသင့်ဖြစ်နေသော ကြိုးစများဖြင့် ချည်လိုက်ကြသည်။ ပြီးလျှင် ဒေါက်တာသော်မဆင်ခေါင်းဆောင်၍ လက်ဆေးခန်းထဲသို့ ဝင်လာခဲ့ကြသည်။

အခုအချိန်အထိ သူတို့ကို မည်သူမျှအနှောင့်အယှက် အသံနှင့်အထား မပြုဘဲရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူနာပြုတစ်ယောက်သည် လက်ဆေးခန်းထဲသို့ ဝင်လာသည်။ ဒေါက်တာသော်မဆင်သည် သူနာပြုဆရာမက အသင့်ပြုလုပ်ပေးသော ဝတ်ရုံကြီးကို အင်္ကျီလက်များလျှို၍ ဝတ်လိုက်သည်။ ကျန်နှစ်ယောက်က သူလုပ်ကိုင်သမျှကို စောင့်ကြည့်ကြပြီး သူလုပ်သလို လိုက်လုပ်ကြသည်။ ထို့နောက် သူတို့တတွေ လက်အိတ်များ စွပ်နေခိုက် သူနာပြုက သူတို့ဝတ်ရုံအင်္ကျီများနောက်ကျောမှ ကြိုးစများကို ချည်ပေးလိုက်သည်။ အားလုံး ပြီးသွားကြသောအခါ သော်မဆင်သည် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး တံခါးအရှင်ကို တွန်းဖွင့်ကာ ခွဲစိတ်ခန်းအမှတ် (၇) ထဲသို့ ဝင်လာခဲ့ကြသည်။

အခန်းထဲတွင် လူနာတစ်ယောက်အား ခွဲစိတ်နေသည်ကို တွေ့ကြရသည်။ ထိန်ထိန်လင်းနေသော မီးရောင်အောက်မှ ခွဲစိတ်ခုတင် ပတ်ပတ်လည်တွင် လူသုံးယောက်အလုပ်ရှုပ်နေကြ၍ဘေးနားမှ ခွဲစိတ်ကိရိယာများ ပေးနေသည့် သူနာပြုမှာလည်း လက်မလည်အောင် ရှိနေသည်။ သော်မဆင်သည် ဘေးမှအဆင့်ဆင့် ပြုလုပ်ထားသော ခုံတန်းများပေါ်သို့ ခေါင်းဆောင်၍တက်သွားပြီး ဒေါက်တာတဲလ်ဘော့အား လက်ယာဘက်မှ မြင်သာသည့် တစ်နေရာတွင် ဝင်ထိုင်လိုက်ကြသည်။ သူတို့သည် ဒေါက်တာတဲလ်ဘော့ ခွဲစိတ်ကုသနေသည်ကို စောင့်၍ကြည့်နေကြသည်။

ထိုအခိုက်မှာပင် သူနာပြုဆရာမကလေး ပက်ထရစ်ရှာသည် ခွဲစိတ်ခန်းထဲသို့ ဝင်လာသည်။

စုံထောက်ရော်ဂျာသည် ရုတ်တရက် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ သူ့တစ်ကိုယ်လုံးမှာ အကြောများရပ်ဆိုင်းသွားသလို ခံစားလိုက်ရသည်။ ဒေါက်တာသော်မဆင်မှာလည်း ရုတ်တရက် အံ့အားသင့်သွားသည်။

စိန့်ခရစ်စတိုဖာဆေးရုံမှ ဆရာမလေး ပက်ထရစ်ရှာသည် သူတို့သုံးယောက်ကို စိုက်ကြည့်နေရာမှ သူတို့ရှိရာသို့ ခပ်ဖြည်းဖြည်း လျှောက်လာသည်။ ထို့နောက် သူမသည် လက်အိတ်စွပ်ထားသော လက်တစ်ဘက်ကို အံ့အားအသင့်ကြီးသင့်သွားကာ ရုတ်တရက် လွှတ်ခနဲ မအော်မိစေရန် သူမ၏ပါးစပ်ကို လက်ဝါးတစ်ဘက်ဖြင့် ပိတ်လိုက်မိသည်။ ထုတ်ချင်းပေါက်မြင်ရသော ရာဘာသက်အိတ်၏အောက်မှ အဆိုပါလက်တစ်ဘက်တွင် လက်စွပ်တစ်ခုကို မြင်



လိုက်ရသောကြောင့် ဖြစ်သည်။

သူမသည် ဝေါလ်တာ၏ လက်ကို လက်ညှိုးထိုးပြရင်း **ကျွန်မတွေ့ခဲ့ပြီ** ဟု ရုတ်တရက် ပြောချလိုက်သည်။

"ဟုတ်တယ် ဟိုနေ့က အဲဒီလက်စွပ်ကိုမြင်လိုက်တာ ကျွန်မမှတ်မိပြီ"

□□□

"တကယ်တော့ ဒီအမှုဟာ ပထမဆုံး မသင်္ကာစရာဖြစ်လာရတာတော့ ရှူးဖိနပ်ပါပဲ"

အားလုံးပြီးစီးသွားသောအခါ အလုပ်သင်ဆရာဝန်ဒေါက်တာသော်မဆင်က ရှင်းပြခဲ့သည်။ "ပက်ထရစ်ရှာရဲ့ခေါင်းထဲမှာ မသိမသာ အာရုံစိုက်မိတာက အဲဒီရှူးဖိနပ်တွေပဲ၊ သူဟာ ခွဲစိတ်ဌာနက သူရဲ့ပထမဆုံးနေ့မှာ အားလုံးပြောင်ပြောင်လက်လက်နဲ့သပ်သပ်ရပ်ရပ် တွေ့ရလိမ့်မယ်လို့ မျှော်လင့်ထားမိတာကိုး။ ဒါပေမယ့် တကယ်မြင်တွေ့လိုက်တာက ခွဲစိတ်ခန်းမှာ ဆရာဝန်တွေအားလုံးရဲ့ရှူးဖိနပ်ဟာ ညစ်ပတ်ပေရေနေပြီး သွေးစက်သွေးကွက်တွေနဲ့ မြင်ကောင်းအောင် ဖြစ်နေတယ်၊ အဲ. . . အဲဒီကြားထဲ လူတစ်ယောက်ဟာ ခွဲစိတ်ခန်းထဲကို သန့်သန့်ရှင်းရှင်းနဲ့ အရောင်မပျက်သေးတဲ့ ဖိနပ်ဖြူတစ်ရံစီးပြီး ဝင်လာတာ မြင်လိုက်ရတော့ ဒီလူဟာ သူများတွေအားလုံးထက် ပိုပြီးသပ်ရပ်တဲ့သူတစ်ယောက်လို့ ပက်ထရစ်ရှာစိတ်ထဲမှာ တွေးမိတာပေါ့။ နောက်တော့ အဲဒီဖိနပ်အသစ်ကျပ်ချွတ်တစ်ရံကို အဝတ်လဲခန်းထဲမှာ ကျွန်တော်ကိုယ်တိုင် သွားတွေ့တာပါပဲ၊ ပြီးတော့ ကျွန်တော်ကိုယ်တိုင်ကလည်း ကျွန်တော့်တစ်သက်နဲ့တစ်ကိုယ် အသစ်ကျပ်ချွတ် ဖိနပ်ဖြူကို သန့်သန့်ရှင်းရှင်းစီးလာတဲ့ ခွဲစိတ် ဆရာဝန်ရယ်လို့ တစ်ယောက်မှ မတွေ့ဖူးဘူး"

သော်မဆင်သည် စုံထောက်ရော်ဂျာအား တစ်ချက်ပြုံးပြလိုက်ပြီး စီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။ "ပြီးတော့ ဒီကိစ္စမှာ ပထမဆုံး စဉ်းစားစရာအချက်တစ်ချက်ကို ဖော်ပေးလိုက်တာကတော့ ခင်ဗျားပဲ"သူက ဆက်ပြောလိုက်သည်။ "ခင်ဗျားက ခွဲစိတ်ခန်းထဲကို ရိုးရိုးသာမာန် လူစိမ်းတစ်ယောက်ဝင်ပြီး ခွဲစိတ်ခုလုပ်ဖို့ မလွယ်ဘူးလို့ ပြောခဲ့တယ် မှတ်လား၊ ခင်ဗျားစိတ်ထဲသည်း

www.burmeseclassic.com



ဒီအတိုင်း ယူဆထားမှာပဲ၊ ကျွန်တော်ကိုယ်တိုင်လည်း ဆေးကျောင်းသားဘဝ
တုန်းက ခင်ဗျား အခုတွေးသလိုတွေးခဲ့တာပဲ၊ ခွဲစိတ်ခန်းတွေရှိတဲ့စင်္ကြံလမ်းတစ်
လျှောက်ကို ဖြတ်သွားမိရင် တစ်ယောက်ယောက်ကများ ငါ့ကိုလှမ်းပြီး ခေါ်
လိုက်ငေါက်လိုက်မလားလို့ တွေးပြီးကြောက်လိုက်ရတာ ဇောချွေးများတောင်
ပြန်မိတယ်။ ဒါပေမယ့် တကယ့်တကယ်ကျတော့ ဘာမှမဖြစ်ဘူး၊ ဘယ်သူကမှ
ကိုယ့်ကို စစ်လားဆေးလား၊ မေးလားမြန်းလား မလုပ်ပါဘူး။ သူတို့က ဘာလို့
ဒီလို လုပ်ရမှာလဲ။ ခွဲစိတ်ခန်းမှာ တာဝန်ကျနေတဲ့လူအားလုံးဟာ ကိုယ့်အလုပ်
နဲ့ ကိုယ် ဗျာများပြီး စိတ်မအားလူမအား ဖြစ်နေကြတာပဲ၊ ပြီးတော့ အားလုံးရဲ့
စိတ်ထဲမှာနားလည်ထားတာက ခွဲစိတ်ခန်းတွေရှိတဲ့နေရာကို ဘယ်သူမှ အကြောင်း
ကိစ္စမရှိဘဲ၊ အလုပ်တာဝန်မရှိဘဲ မလာကြဘူးလို့ တထစ်ချ ယူဆထားကြတာပဲ

"ဒါပေမယ့် ခင်ဗျားဟာ ပုံမကျ ပန်းမကျဘဲ ခွဲစိတ်ဝတ်စုံတွေကို ဝတ်
ပြီး ခွဲစိတ်ခန်းထဲ ရောက်သွားတာနဲ့တပြိုင်နက် ဘယ်ဆေးရုံက ခွဲစိတ်ခန်းပဲဖြစ်
ဖြစ် ခင်ဗျားအနေနဲ့ လမ်းထိပ်က အရက်ဆိုင်ထဲရောက်သွားသလို ဘာမှကြောင်
နေစရာမလိုတော့ဘူး။ ဘာမှ အံဝင်ခွင်ကျ မဖြစ်စရာ မလိုတော့ဘူး။ အဲ..
တစ်ခုအရေးကြီးတာကတော့ အဲဒီအချိန်မှာ ခင်ဗျားကိုယ်တိုင်က ကိုယ့်ကိုယ်
ကိုယ် ဒီနေရာဟာ ငါ့နေရာပဲလို့ သဘောထားပြီး လုပ်စရာရှိတာကို ခပ်တည်
တည် လုပ်သွားဖို့ပဲလိုတယ်။ ခင်ဗျား ဘယ်နေရာသွားမယ်၊ ဘယ်ကနေ ဘယ်
သွားမယ်၊ အဲဒီနေရာရောက်ရင် ငါ ဘာလုပ်မယ်ဆိုတာကို ကြိုတင်ပြီး အဆင်
သင့်ဖြစ်နေရမယ်။ ဒါလောက်ကတော့ တတိယနှစ်ဆေးကျောင်းသား တစ်
ယောက်ယောက်က လူတစ်ယောက်ကို ဆယ့်ငါးမိနစ်လောက် ပြောပြလိုက်ရုံနဲ့
အဲဒီလူဟာ ခွဲစိတ်ခန်းထဲကို တံခါးမရှိဓားမရှိ ဝင်နိုင်ထွက်နိုင်ပါတယ်။ ဝေါ်လ်
တာဒီလန်စီဟာ ဒီအတိုင်းလုပ်သွားတာပါပဲ"

ဒေါက်တာသော်မဆင်သည် ပါးစပ်ထဲမှ မီးခိုးများကို တစ်ချက်မှုတ်
ထုတ်လိုက်သည်။

"နောက် ဒုတိယအချက်ကတော့ ဝေါ်လ်တာက သူ့မိန်းမရဲ့အထာ
ကောင်းကောင်းကြီး သိထားတဲ့လူပဲ။ တကယ်တော့ သူ့မိန်းမဟာ ဒီမွေးရာ
နှာခေါင်းနဲ့ပဲ စိတ်ထဲမှာ ဘာမှအနှောင့်အယှက်မဖြစ်ဘဲ နှစ်ပေါင်းသုံးဆယ်တော့



ဒီတိုင်းနေလာခဲ့တာပဲ၊ ဒါပေမယ့် သူ့မိန်းမကို သူက ဒီနှာခေါင်းနဲ့ ပတ်သတ်လို့
ကြည့်ရတာ ဘယ်လိုအရုပ်ဆိုးတယ်၊ ဘယ်လိုပုံပျက်တယ်ဆိုပြီး တစ်ချက်နှစ်
ချက်လောက် ထောင်ပေးလိုက်တာနဲ့ သူ့မိန်းမက သူ့နှာခေါင်းကို ခွဲမယ်စိတ်မယ်
ဖြစ်လာတာပါပဲ၊ တကယ်တော့ သူ့မိန်းမဟာ ဒေါက်တာအာနိုးနဲ့ တွေ့ချင်လို့
ဆေးရုံလာတာတော့မဟုတ်ပါဘူး၊ တကယ်လို့သာ ဒေါက်တာအာနိုးနဲ့ တွေ့ချင်
တယ်ဆိုရင် တစ်နေရာရာက တယ်လီဖုန်းဆက်ပြီး ချောက်သလို လှန့်သလို
စကားတစ်လုံးနှစ်လုံး ပြောလိုက်ရုံနဲ့ ဒေါက်တာဟာ သူ့ဆီကို နေ့မဆိုင်းညမဆိုင်း
ဒုန်းစိုင်းပြီး ရောက်လာမှာပါ။ ဒီနေရာမှာ ကျွန်တော် ဒေါက်တာတဲလ်ဘော့နဲ့
တွေ့ပြီး သေသေချာချာ စုံစမ်းကြည့်ရသလောက် မစ္စက်ကတ်သရင်းဒီလန်စီတာ
စိန့်ခရစ္စတိုဖာဆေးရုံကို သူ့နှာခေါင်းခွဲစိတ်ကုသဖို့ အကြောင်းတစ်ခုတည်း
အတွက် လာတာပါ။ ဒီကိစ္စအတွက် သက်သက်ဆေးရုံကို လာတာပါ
ဒါ့ကြောင့်မို့လို့လည်း ခွဲစိတ်ခံရမယ့်နေ့အထိ လိုအပ်တဲ့ အစီအစဉ်တွေအားလုံး
သူ့ယောက်ျားကို စီစဉ်ခိုင်းတာပေါ့။ ဒါနဲ့ပတ်သက်လို့ ခင်ဗျားတို့ သေသေချာချာ
သိချင်ရင် ဆေးရုံတက်ခွင့်စာရွက်ထဲမှာ အားလုံးတွေ့နိုင်ပါတယ်"

ဒေါက်တာသော်မဆင်သည် ထိုင်ရာမှထ၍ ကုတ်အင်္ကျီနှင့် ဦးထုပ်ကို
လှမ်းယူလိုက်ရင်း ပက်ထရစ်ရှာအား တစ်ချက်ပြုံး၍ ကြည့်လိုက်သည်။ ကျန်
အချက်တွေကတော့ လွယ်ပါတယ်။ ဝေါ်လ်တာဟာ သူ့မိန်းမ [illegible]
အတွက် သူ့နှာမြူတွေ [illegible] ရွေးခဲ့တာပါပဲ၊ အဲဒီနေ့မှာ ဘယ်
သူ့နှာမြူရှိရှိ [illegible] ဘူး။ အရေးကြီးတာက အဲဒီသူ့နှာမြူဟာ အသ
ဖြစ်နေရင် [illegible]

စုံထောက်ရော်ဂျာက ခေါင်းကို ယမ်းလိုက်သည်။ "ဒါပေမယ့် ခက်နေ
ဘာက သက်သေအထောက်အထား မရှိသေးဘူး ဆရာရဲ့"

"မဟုတ်သေးဘူးလေ၊ အထောက်အထားမရှိပေမယ့် အကြောင်း
အကြောင်းကို တွေ့နေပြီမဟုတ်လား၊ ပြီးတော့ ဒါနဲ့ပတ်သက်လို့ အကြောင်း
ချက်လည်းရှိနေပြီပဲ၊ ဒါကြောင့် ကျွန်တော် ဝေါ်လ်တာကို မြို့နယ်ဆေးရုံ
သွားပြီး ဟိုနေ့က သူလုပ်ခဲ့တဲ့အတိုင်း လုပ်ပြတော့ သူလည်း လိုက်လုပ်ခဲ့တာ
ဒါနဲ့ ခွဲစိတ်ဝတ်စုံကို သူ ဒုတိယအကြိမ် ဝတ်လာတော့ ပက်ထရစ်ရှာတာ ခွဲစိတ်

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်တွေနဲ့ပတ်သက်လို့ အတွေ့အကြုံရလာပြီး သူ့လက်က လက်စွပ်ကို ချွတ်ချင်း မှတ်မိသွားတာပေါ့။ ဒီနေရာမှာ ပက်ထရစ်ရှာဟာ ဝေါ်လ်တာ မသိတဲ့ အချက်တစ်ခုကို သွားပြီး သတိပြုလိုက်မိတာပဲ၊ အဲဒါကတော့ ဆရာဝန်တွေဟာ ခွဲစိတ်ခန်းထဲမှာ ဘယ်တော့မှ လက်စွပ်မဝတ်ဘူးဆိုတာပဲ။ ဒီလက်စွပ်ကို ပတ်ထရစ်ရှာ ပထမတစ်ကြိမ်တုန်းက မြင်လိုက်တွေ့လိုက်ပေမယ့် အမှတ်တမဲ့ ဖြစ်ပြီး သတိမထားလိုက်မိဘူး။ ဒုတိယအကြိမ် မြင်ရတော့မှ ခေါင်းထဲမှာ အဲဒီအချက်ဟာ လက်ခနဲ ပြန်ပေါ်လာတာပဲ၊ အဲဒီတော့မှ သူဟာ လူသတ်သမားကို တိတိကျကျ လက်ညှိုးထိုးပြနိုင်တာပါပဲ"

အလုပ်သင်ဆရာဝန် ဒေါက်တာသော်မဆင်သည် သူနာပြုဆရာမလေး ပတ်ထရစ်ရှာနှင့်အတူ တံခါးဝသို့ ရောက်သွားကြသည်။ ဆရာဝန်သည် စုံထောက်ရော်ဂျာအား ပြုံး၍ ကြည့်လိုက်ရင်း နှုတ်ဆက်စကား ပြောသွားခဲ့သည်။ "ဒါထက် စုံထောက်မင်း သည်တမနက်ခင်းလောက်အားရင် ကျွန်တော်တို့ ခွဲစိတ်ခန်းဘက် လျှောက်ခဲ့ပါဦး၊ ကျွန်တော်တို့ ခင်ဗျားကို ဗိုက်ခွဲတဲ့ ညပ်ကို ကိုင်ပုံကိုင်နည်း ပြထားချင်လို့ပါ"

□□□

လင်းယုန်မောင်မောင်

BURMESE CLASSIC

www.burmeseclassic.com